
# ပြောင်းလဲပစ်

## လူ့အခွင့်အရေးချိုးဖောက်မှုများကို အဆုံးသတ်ခြင်း

သင်တန်းလက်စွဲ

Know It | Prove It | Change It

A Rights Curriculum for Grassroots Groups





TTAG THAI AIDS TREATMENT ACTION GROUP มูลนิธิรณรงค์เพื่อการรักษาเอดส์

asia catalyst

Dongjen Centre for Human Rights Education

# လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆည်ပတ်ခြင်း

သင်တန်းလက်စွဲ

# လူ့အခွင့်အရေး ချိုးဖောက်မှုများကို အဆုံးသတ်ခြင်း

## သင်တန်းလက်စွဲ


- စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ ခေါ်ဆစ်များ
- သိရှိခြင်း၊ သက်သေပြခြင်း၊ ပြောင်းလဲခြင်း ‥ လူထုအခြေပြုအဖွဲ့များအတွက် လူ့အခွင့်အရေးဆိုင်ရာ သင်ရိုးညွှန်းတမ်း
- အခန်း (၁) စည်းရုံးလှုံ့ဆော်မှုဆိုသည်မှာ အဘယ်နည်း။
- အခန်း (၂) ပတ်ဝန်းကျင်ကို လေ့လာဆန်းစစ်ခြင်း။
- အခန်း (၃) စည်းရုံးလှုံ့ဆော်မှုဆိုင်ရာမဟာဗျူဟာကို ဖန်တီးခြင်း။
- အခန်း (၄) နည်းလမ်းများ – အစိုးရကို စည်းရုံးခြင်းနှင့် ချဉ်းကပ်စည်းရုံးခြင်း။
- အခန်း (၅) နည်းလမ်းများ – မီဒီယာနှင့်လူထုအား သက်ဝင်လှုပ်ရှားပါဝင်စေခြင်း။
- နောက်ဆက်တွဲ ရင်းမြစ်များ။
- သင်တန်းဆရာအတွက် ဖြည့်စွက်ချက်
- အခန်း (၁) စည်းရုံးလှုံ့ဆော်မှုဆိုသည်မှာ အဘယ်နည်း။
- အခန်း (၂) ပတ်ဝန်းကျင်ကို လေ့လာဆန်းစစ်ခြင်း။
- အခန်း (၃) စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ မဟာဗျူဟာကိုဖန်တီးခြင်း
- အခန်း (၄) နည်းလမ်း– အစိုးရကို စည်းရုံးခြင်းနှင့် ချဉ်းကပ်စည်းရုံးခြင်း
- အခန်း (၅) နည်းလမ်းများ – မီဒီယာနှင့် လူထုအား သက်ဝင်လှုပ်ရှားပါဝင်စေခြင်း

## စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ ခက်ဆစ်များ

**တာဝန်ခံမှု** တစ်စုံတစ်ဦးချင်းသို့မဟုတ် အဖွဲ့အစည်းတစ်ခုအတွက် ဖြေကြားနိုင်ခြင်း။

**စည်းရုံးလှုံ့ဆော်မှု** မူဝါဒ၊ ဥပဒေ၊ နည်းစနစ်များပြောင်းရန်အတွက် အာဏာရှိသူများကို လွှမ်းမိုးနိုင်အောင်ကြိုးစားသော နည်းဗျူဟာများကို စုစည်းထားခြင်း ဖြစ်ပါသည်။ စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ တချို့နည်းလမ်းများမှာ ဥပဒေပြုရေးအတွက် လှုံ့ဆော်ပြောဆိုခြင်း၊ အဆင့်မြင့်သောစံစနစ်တခုဖြစ်လာစေရန်အတွက် – ဥပမာ– နိုင်ငံတကာ ဥပဒေများ ကျင့်ဝတ်များ ပေါ်ပေါက်လာစေရန် ပန်ကြားခြင်း၊ မီဒီယာစွမ်းအားကို အသုံးပြုခြင်းနှင့် လူထုစွမ်းအားကို ရွေ့လျားဖော်ဆောင်ခြင်းတို့ ဖြစ်သည်။

**မိတ်ဖက်များ** သင်နှင့်အတူ တူညီသော ပန်းတိုင်ရှိသောလူများ သို့မဟုတ် အဖွဲ့အစည်းများ။

**လူထုစည်းရုံးလှုံ့ဆော်မှု** လူထုစည်းရုံးလှုံ့ဆော်မှုဆိုင်ရာ လုပ်ဆောင်မှုသည် နည်းလမ်းများစွာကို အသုံးပြုထားသည့် မဟာဗျူဟာတစ်ခုဖြစ်သည်။ ထိုသို့လုပ်ဆောင်ရာတွင် လုပ်ဆောင်မည့်အချိန်ကို သတ်မှတ်ထားရှိပြီး လုပ်ဆောင်သည်။ ဥပမာ ခြောက်လတာ သို့မဟုတ် နှစ်နှစ်တာ စသည့်ဖြင့်၊

**စွမ်းရည်** လုပ်ဆောင်နိုင်မှု၊ သို့မဟုတ် ထုတ်လုပ်မှုစွမ်းရည်၊ လုပ်ကိုင်နိုင်မှု။

**ညွန့်ပေါင်းအဖွဲ့** ပြဿနာတစ်ခုကို အဆုံးသတ်စေရန်အတွက် အတူတကွစုပေါင်း၍ စည်းရုံးလှုံ့ဆော်မှုများကို လုပ်ဆောင်ကြသော လူအုပ်စုတစ်ခုသို့မဟုတ် အဖွဲ့အစည်းများ ပေါင်းထားသည့်အဖွဲ့တစ်ခု၊

**လူထု** လူ့ဘောင်ကြီးအတွင်း ဘုံလက္ခဏာ သို့မဟုတ် ဘုံစိတ်ဝင်စားမှုရှိကြပြီး အတူတကွနေထိုင်ကြသော လူတစ်စု။

**စွမ်းရည်မြှင့်တင်ခြင်း** အစွမ်းအစများနှင့် လုပ်ရည်ကိုင်ရည်များရှိလာအောင် ပံ့ပိုးပေးခြင်း စွမ်းဆောင်နိုင်စေခြင်း။

**အစိုးရကို စည်းရုံးလှုံ့ဆော်ခြင်း** မိမိလိုချင်သော လုပ်ငန်းကိစ္စပြီးမြောက်ရန်အတွက် တစ်စုံတစ်ယောက် (ဥပမာ–အစိုးရအရာရှိ)ကို ကိုယ့်ဘက်ပါစေရန် သို့မဟုတ် လွှမ်းမိုးနိုင်ရန်ကြိုးပမ်းခြင်း။

**ကွန်ယက်** လျော့ရဲစွာ ပူးပေါင်းထားသော အုပ်စုများ၊ တစ်ခါတစ်ရံတွင် ယုံကြည်ချက်တစ်ခုတူညီမှုဖြင့် စုရုံးဖွဲ့စည်းထားကြသည်။ ဥပမာ အာရှပစိဖိတ်ဆိုင်ရာ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရှိသူများအဖွဲ့(အေပီအန်)၊ ကွန်ယက်ကို ရင်းမြစ်များနှင့် သတင်းအချက်အလက်များကို ဝေငှရန်အတွက်ရည်ရွယ်၍ ဖွဲ့စည်းကြသည်။ တစ်ချို့သောကွန်ယက်များက စည်းရုံးလှုံ့ဆော်မှုကို လုပ်ဆောင်ကြသော်လည်း တချို့က မလုပ်ကြပါ။

**ရည်ရွယ်ချက်** တိုင်းတာနိုင်သောအောင်မြင်မှုတစ်ခု– ကြီးမားသောရည်မှန်းချက်ပန်းတိုင်သို့သွားရာ အဆင့်တစ်ဆင့်။

**အတိုက်အခံ** တစ်ပါးသူ သို့မဟုက် အခြားသူများနှင့် သဘောထားမတိုက်ဆိုင်သူ။

**သွေးစည်းညီညွတ်ခြင်း** စိတ်ဝင်စားမှုနှင့် ရည်မှန်းချက်ပန်းတိုင် တူညီထားရှိသူများ အချင်းချင်းအကြားရှိ ညီညွတ်သည်ဟု ခံစားမှုများသို့မဟုတ် ညီညွတ်ခြင်းကိုပြသသော လုပ်ရပ်တစ်ခု။

**ပါဝင်ပတ်သက်သူများ** လှုပ်ရှားမှုတစ်ခု၏ ရလဒ်အပေါ် တိုက်ရိုက်အကျိုးခံစားခွင့်ရှိသည့်သူများ

**မဟာဗျူဟာ** မိမိ၏ရည်မှန်းချက်အတိုင်း လူအများကို မည်သို့အကောင်းဆုံးသြဇာလွှမ်းမိုးနိုင်မည်ဟူသော သီအိုရီ အယူအဆကိုအခြေခံ၍ ကျယ်ကျယ်ပြန့်ပြန့် အစီအစဉ်ချထားသော လုပ်ဆောင်ဖွယ်ရာတစ်ခု။ မဟာဗျူဟာတစ်ခုသည် အခြေအနေများကို သုံးသပ်ခြင်း၊ လွှမ်းမိုးခြယ်လှယ်မည့်လူများ၏ အားသာချက်၊ အားနည်းချက်များကို သုံးသပ်ခြင်း၊

အဖွဲ့အစည်းများ၏ အားသာချက်၊ အားနည်းချက်များကို သုံးသပ်ခြင်းနှင့် မိမိအားပန်းတိုင်ရောက်အောင် ထောက်ပံ့ပေးမည့် မိတ်ဘက်အဖွဲ့များကို သုံးသပ်ခြင်းများအပေါ် အခြေခံပါသည်။ မဟာဗျူဟာတစ်ခုကို နည်းလမ်းပေါင်းများစွာဖြင့် တည်ဆောက်ထားပါသည်။

**နည်းလမ်း** လူတစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုကို သူတို့၏မူဝါဒများ၊ အလေ့အကျင့်များ ပြောင်းလဲလာစေရန် ရည်ရွယ်၍ လွှမ်းမိုးအောင်ပြုလုပ်သော မဟာဗျူဟာမြောက် လုပ်ဆောင်ချက်တစ်ခု။ စည်းရုံးလှုံ့ဆော်မှုဆိုင်ရာလှုပ်ရှားမှုကို ပိုမိုကျယ်ပြန့်သော ရည်မှန်းချက်ရောက်စေရန် နည်းလမ်းများကို တစ်ခုနှင့်တစ်ခု ချိတ်ဆက်ထားပါသည်။

**ပစ်မှတ်** ပြည်သူ့ရေးရာဆိုင်ရာမူဝါဒများ ပြောင်းလဲရန်အတွက် အကြီးဆုံးအာဏာများရှိသည့် ပါဝင်ပတ်သက်သူများကို ဆိုလိုသည်။

စည်းရုံးလှုံ့ဆော်မှုဆိုင်ရာပစ်မှတ်များသည် တစ်စုံတစ်ဦး သို့မဟုတ် အုပ်စုငယ်လေးများ သို့မဟုတ် အဖွဲ့အစည်း တစ်ခုလုံးလည်း ဖြစ်တတ်သည်။

**တန်ဖိုးများ** တစ်စုံတစ်ယောက်က နိုင်မာစွာယုံကြည်ထားသော စည်းမျဉ်းတစ်ခု၊ စံညွှန်းတစ်ခု သို့မဟုတ် အရည်အသွေး။

# သိရှိခြင်း၊ သက်သေပြခြင်း၊ ပြောင်းလဲခြင်း စာစဉ်အကြောင်း - လူထုအခြေပြုအဖွဲ့များအတွက် လူ့အခွင့်အရေးဆိုင်ရာ သင်ရိုးညွှန်းတမ်း

သိရှိခြင်း၊ သက်သေပြခြင်း၊ ပြောင်းလဲခြင်းရန်ဆိုသည့် လူထုအခြေပြုအဖွဲ့များအတွက် လူ့အခွင့်အရေးဆိုင်ရာ သင်ရိုးညွှန်းတမ်းစာစဉ်များကို အိတ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ်ရောဂါ၏ အကျိုးဆက်ကို ခံစားနေရသောလူထုအတွင်း လုပ်ဆောင်နေသော အောက်ခြေအဖွဲ့များအနေဖြင့် အခြေခံလူ့အခွင့်အရေးများကို နားလည်စေရန်၊ လူ့အခွင့်အရေး ချိုးဖောက်ခြင်းများကို မှတ်တမ်းတင်နိုင်ရန်နှင့် လူထုစည်းရုံးလှုံ့ဆော်မှုများကို ပုံစံဖော်ပြီး လုပ်ဆောင်တတ်စေရန်အတွက် အထူးရည်ရွယ်ပြီး ဖန်တီးပြုလုပ်ထားခြင်းဖြစ်ပါသည်။ ဤစာစဉ်တွင် အပိုင်း (၃)ပိုင်းပါရှိပါသည်။

■ **သိခြင်း**– လူ့အခွင့်အရေးဘောင်များအပိုင်းတွင် နိုင်ငံတကာလူ့အခွင့်အရေးများဆိုင်ရာ ဥပဒေများအကြောင်းနှင့် ၄င်းတို့ကို အိတ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ်နှင့်နေထိုင်ကြသူများနှင့် အခြားစွန့်ပစ်ပယ်ခံလူတန်းစားများအတွက် မည်သို့ပြန်လည်အသုံးချရမည်ကို ဆွေးနွေးထားပါသည်။

■ **သက်သေပြခြင်း**– လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ခြင်းအပိုင်းတွင် လူ့အခွင့်အရေးဆိုင်ရာ သုတေသနလုပ်ငန်းများကို မည်သို့မည်ပုံ အစီအစဉ်ဆွဲရမည်၊ လုပ်ဆောင်ရမည်ကို ရှင်းပြထားပါသည်။

■ **ပြောင်းလဲခြင်း**– လူ့အခွင့်အရေးချိုးဖောက်မှုများကို အဆုံးသတ်ခြင်းအပိုင်းတွင် သုတေသနကိုအခြေခံသော ဒေသအဆင့်၊ နိုင်ငံအဆင့်နှင့် နိုင်ငံတကာအဆင့် စည်းရုံးလှုံ့ဆော်မှုများကို မည်သို့မည်ပုံ အစီအစဉ်ဆွဲရမည်၊ လုပ်ဆောင်ရမည်ကို ရှင်းပြထားပါသည်။

စာအုပ်တိုင်းတွင် လုပ်ဆောင်ပုံအဆင့်ဆင့်ကို ရှင်းပြထားသည့် အညွှန်းတစ်ခုစီပါရှိပါသည်။ ထို့အပြင် စာအုပ်တိုင်းတွင် သင်တန်းဆရာအတွက် ဖြည့်စွက်ချက်များကိုလည်း ထည့်သွင်းထားပါသည်။ ၄င်းတွင် သင်ခန်းစာပြင်ဆင်ပုံ သတင်းအချက်အလက်များ၊ နမူနာသင်ခန်းစာများနှင့် သင်တန်း၊ အလုပ်ရုံဆွေးနွေးပွဲများတွင်အသုံးပြုရန် ပုံစံများကိုပါ ထည့်သွင်းထားပါသည်။

သိခြင်း၊ သက်သေပြခြင်း၊ ပြောင်းလဲခြင်းစာစဉ်ကို လူ့အခွင့်အရေးဆိုင်ရာ သင်တန်းများပေးရာတွင် အတွေ့အကြုံရှိသော အဖွဲ့(၃)ဖွဲ့မှ ဖန်တီးခဲ့ပါသည်။ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ အေအိုင်ဒီအက်စ်ရောဂါ ကုသခြင်းဆိုင်ရာ လုပ်ငန်းအုပ်စု (တီတီအေဂျီ)အဖွဲ့ (**Thai AIDS Treatment Action Group (TTAG)**- ထိုအဖွဲ့သည် အေအိုင်ဒီအက်စ်ရောဂါသည်များအားလုံး ဆေးကုသမှုခံယူရာတွင် တန်းတူခံယူမှုရရှိရေးနှင့် ပစ်ပယ်ခံလူတန်းစားများဖြစ်သော ထောင်တွင်းအကျဉ်းကျနေသူများ၊ မူးယစ်ဆေးစွဲသူများဘက်မှ ရပ်တည်ကာ စည်းရုံးလှုံ့ဆော်ခြင်းများကို ကြိုးပမ်းလုပ်ဆောင်နေပါသည်။ တရုတ်နိုင်ငံ၊ ဘေဂျင်း(ပီကင်း)မြို့ရှိ ကော်ရီကာတာ အေအိုင်ဒီအက်စ်ဆိုင်ရာ ဥပဒေဌာန (**Korekata AIDS Law Center**)ကလည်း အေအိုင်ဒီအက်စ်ရောဂါရှိနေသူများ၏ အခွင့်အရေးများကို အဓိပ္ပာယ်ဖွင့်ဆိုသတ်မှတ်ရန် ကြိုးပမ်းခဲ့ပါ

သည်။ အာရှဆိုင်ရာအထောက်အကူအဖွဲ့ **(Asia Catalyst)**သည် အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ အာရှအထောက်အကူအဖွဲ့သည် အာရှတိုက်အတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများအတွက် အရင်းအမြစ်တစ်ခုဖြစ်ပြီး ထိုအဖွဲ့အစည်းအသစ်များအတွက် ကာလရှည်နည်းပြမှုပေးခြင်း၊ ကာလတို နည်းပညာဆိုင်ရာ အကူအညီပေးခြင်းများကို လုပ်ဆောင်ပေးလျက်ရှိပါသည်။ အဖွဲ့အစည်း(၃)ခုလုံးသည် လူ့အခွင့်အရေး ဆိုင်ရာ မှတ်တမ်းပြုခြင်း၊ ဒေသဆိုင်ရာနှင့် နိုင်ငံတကာ စည်းရုံးလှုံ့ဆော်ခြင်းများကို ပုံမှန်လုပ်ဆောင်လျက်ရှိပါသည်။

နေရာဒေသအမျိုးမျိုးတွင် အသုံးဝင်နိုင်မည့် စာစဉ်များကို ဖန်တီးနိုင်ရန်အတွက် ကျွန်ုပ်တို့ဘက်မှ အာရှ-ပစိဖိတ်ဒေသတွင်းရှိ ပညာရှင်များစွာတို့နှင့် ဆွေးနွေးအကြံဉာဏ်ယူခဲ့ပါသည်။ ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတွင် အေအိုင်ဒီအက်စ်နှင့်ဘေးအန္တရာယ်လျော့ချရေးအတွက် လုပ်ဆောင်နေသော လူထုအခြေပြုအဖွဲ့များမှ ကိုယ်စားလှယ်များပါဝင်သော ဦးတည်အုပ်စုဆွေးနွေးပွဲများကို ကျင်းပခဲ့ပါသည်။ လက်စွဲစာအုပ်မူကြမ်းထွက်ရှိပြီးနောက် တရုတ်နှင့်ထိုင်း အန်ဂျီအိုများနှင့် အစမ်းသဘော အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ကာ ထပ်မံဖြည့်စွက်ချက်များကို ရယူခဲ့ပါသည်။ စာစဉ်တိုင်းကို တရုတ်နှင့် ထိုင်းဘာသာများသို့ ပြန်ဆိုခဲ့ပါသည်။

ကျွန်ုပ်တို့၏ပန်းတိုင်မှာ လူအများကသူတို့၏ ကိုယ်တွေ့ဘဝ အတွေ့အကြုံများဖြင့် ဤလမ်းညွှန်ကိုပိုမိုကောင်းမွန်စွာ အသုံးပြုနိုင်ရန်ဖြစ်ပါသည်။ ထိုလမ်းညွှန်များကို အသုံးပြုခြင်းဖြင့် သင်၏အတွေးများ၊ အကြံပြုချက်များအတွက် ကျွန်ုပ်တို့နှင့်ဆက်သွယ်လာလိမ့်မည်ဟု ယုံကြည်မိပါသည်။ ကျွန်ုပ်တို့ထံ အကြံပြုချက်များ၊ မေးခွန်းများပေးပို့လိုပါက info@asiacatalyst.org သို့ အီးမေးလ်ပို့နိုင်ပါသည်။

**ပြောင်းလဲပစ် – လူ့အခွင့်အရေးချိုးဖောက်မှုများကို အဆုံးသတ်ခြင်း ဤစာတွဲတွင်–**

ကျွန်ုပ်တို့အဖွဲ့အစည်းများမှ ယုံကြည်သည်မှာ လူ့အခွင့်အရေးချိုးဖောက်မှုများကို တိုက်ဖျက်ရန်အတွက် အကောင်းဆုံးနည်းလမ်းများမှာ–

၁။ သင်၏ အခြေခံလူ့အခွင့်အရေးများကို နားလည်အောင်လုပ်ပါ။

၂။ လူ့အခွင့်အရေးချိုးဖောက်မှုများ မည်သို့မည်ပုံရှိသည်ကို မှတ်တမ်းပြုရန်အတွက် သုတေသနလုပ်ပါ။

၃။ လူ့အခွင့်အရေးချိုးဖောက်မှုများ အဆုံးသတ်စေရန် လူထုလှုပ်ရှားမှုများကို အစီအစဉ်ချပြီး စည်းရုံးလှုံ့ဆော်မှုများကို လုပ်ဆောင်ပါ။

လက်စွဲစာအုပ်တွင် လူထုအတွင်းနှင့်နိုင်ငံအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို အဆုံးသတ်စေရန်အတွက် စည်းရုံးလှုံ့ဆော်မှုများကို လုပ်ဆောင်ရာတွင် အကူအညီဖြစ်စေမည့် အခြေခံသတင်းအချက်အလက်များနှင့် လုပ်ဆောင်ပုံနည်းများကို ထည့်သွင်းထားပါသည်။

လူ့အခွင့်အရေးချိုးဖောက်ခြင်းဆိုင်ရာ သတင်းအချက်များလက်ဝယ်ရှိနေရုံမျှဖြင့် မူဝါဒကို ပြောင်းလဲပေးနိုင်မည် မဟုတ်ပါ။ ထို့ကြောင့် သင်၏သုတေသနလုပ်ဆောင်မှုသည် လူထုလှုပ်ရှားမှုအတွက် လှုံ့ဆော်သည့်နည်းတစ်ခုဖြစ်ပြီး အောက်ပါအချက်များ ပါဝင်သင့်ပါသည်။

- မိမိလုပ်ငန်းသဘောသဘာဝကို ဆန်းစစ်ခြင်း – သင်နှင့် အခြားသူများတွင် ကျရောက်နိုင်သော ဘေးဥပါဒ်များကို ထည့်သွင်းဆန်းစစ်ခြင်း
- အခွင့်အရေးချိုးဖောက်ခြင်းခံရသော လူထုနှင့် တိုင်ပင်ဆွေးနွေးခြင်း၊
- ရရှိနိုင်သော ကာလတိုနှင့် ကာလရှည်ပန်းတိုင်များချမှတ်ခြင်း၊
- သင်ပစ်မှတ်ထား ဩဇာလွှမ်းမိုးလိုသည့် လူများ၊ အဖွဲ့အစည်းများကို ဆန်းစစ်ခြင်းနှင့် သူတို့အား မည်သို့အကောင်းဆုံးလွှမ်းမိုးနိုင်မည်ကို သတ်မှတ်ခြင်း၊
- အကျိုးတူလုပ်ဆောင်မည့်သူများ၊ အရင်းအမြစ်များကို သက်ဝင်လှုပ်ရှားစေခြင်း
- သင်ကိုယ်တိုင်ပါဝင်ဆောင်ရွက်ပြီး လိုအပ်သလို အစီအစဉ်ကိုညှိနှိုင်းခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

မှတ်တမ်းပြုစုခြင်းမှသည် စည်းရုံးလှုံ့ဆော်ခြင်းအဆင့်သို့ ပြောင်းလာခြင်းသည် အလွန်အရေးပါသော အချက်ဖြစ်သည်။ ထိုသို့ဖြစ်လာစေရန် ၎င်းတွင် တိကျသောအစီအစဉ်ချမှတ်ခြင်းများ လိုအပ်ပါသည်။

ဤစာတွဲတွင် အာရှနှင့်အခြားသောနေရာများမှ လူထုအတွင်း လူ့အခွင့်အရေးလှုပ်ရှားနေသူများ၏ အဆိုအမိန့်များနှင့် လက်တွေ့ဘဝအတွေ့အကြုံများကို ပေါင်းစပ်ထားပါသည်။ အိတ်ချ်အိုင်ဗွီဆိုင်ရာ လူ့အခွင့်အရေး ချိုးဖောက်မှုများ အဆုံးသတ်ခြင်းကို ကာလအတန်ကြာ မိမိတို့လုပ်ဆောင်ခဲ့သည့်အချိန်အတွင်း ထူးခြားရဲရင့်သော သူရဲကောင်းများစွာကို တွေ့ရှိခဲ့ရပါသည်။ ထိုလူများသည် သူတို့၏ အမြော်အမြင်၊ ကတိကဝတ်နှင့်စတေးခံမှုများဖြင့် ကမ္ဘာမြေကြီးကို ပိုမိုကောင်းမွန်အောင် လမ်းခင်းပေးခဲ့ကြသူများဖြစ်ကြပါသည်။

ဤအတွဲကိုပြုစုရာတွင် အသုံးပြုခဲ့သော ကျမ်းကိုးစာရင်း၊ လမ်းညွှန်များနှင့် ဆွေးနွေးခဲ့သော အင်တာနက် စာမျက်နှာများကိုလည်း ထည့်သွင်းထားပါသည်။

ကျွန်ုပ်တို့အနေဖြင့် ဤလမ်းညွှန်အတွက် ဘဝအတွေ့အကြုံများစွာကို ပြောကြားပေးကြသော တရုတ်နှင့် ထိုင်းနိုင်ငံများရှိ တက်ကြွလှုပ်ရှားသူများ၊ ထို့အတူ Andrew Hunter, Chutchai 'Dale' Kongmont, Dhayan Dirgantaraç Sunil Pant, Nathan Geffen, Ann Fordham, Jessica Stern, Daniel Lee, Daniel Wolfe, Loon Gangte, Anya Sarangand VitalyZhumagaliev (အောင်မျိုးမင်း)တို့ကို ကျေးဇူးအထူးတင်ရှိပါသည်။ ဤစာစဉ်များ အားလုံးအတွက် လှူဒါန်းပေးသည့်အလှူရှင်များဖြစ်ကြသော Levi Strauss Foundation နှင့် Open Society Foundation တို့ကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။

ဤစာအုပ်သည် လူ့အခွင့်အရေးချိုးဖောက်ခြင်းခံနေရသောအခါ အခြားသောသူများ မလုပ်ဝံ့သော်လည်း ကိုယ်တိုင်မတ်မတ်ရပ်တည်ပြီး ထုတ်ဖော်ပြောဆိုပေးသူအားလုံးအတွက် ရည်စူးပါသည်။

■ ■ ■

# စည်းရုံးလှုံ့ဆော်ခြင်း ဆိုတာဘာလဲ ?

**ကျွန်တော်မလုပ်ခဲ့ရင်ဘယ်သူလုပ်မှာလဲ**(ဝီအန် – မူးယစ်ဆေးသုံးစွဲသူ၊ တက်ကြွလှုပ်ရှားသူ၊ ထိုင်းနိုင်ငံ)

အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်နဲ့ ပတ်သက်နေတဲ့လူ့အခွင့်အရေးချိုးဖောက်ခံရတဲ့သတင်းတွေကို နေ့စဉ်နေ့တိုင်း ရင်ဆိုင်၊ တွေ့မြင်၊ ကြားနေရပါတယ်။ ဒီလိုချိုးဖောက်ခံနေရတဲ့သူတွေ လူ့အဖွဲ့အစည်းက စွန့်ပစ်ခံထားရတဲ့သော သို့မဟုတ် ပြစ်ဒဏ်ပေးထားတာခံရလေ့ရှိတဲ့ လိင်အင်္ဂါပြောင်းထားသူ၊ မူးယစ်ဆေးသုံးစွဲသူ၊ ရွှေ့ပြောင်းလုပ်သား အမျိုးသမီးတွေဖြစ်ပါတယ်။ ဒီလိုဖြစ်ရပ်တော်တော်များများကို အစီရင်ခံစာတွေထဲမှာ မတွေ့ရှိရပါ။ ဘာကြောင့်လဲဆိုတော့ ရှက်ကြောက်ခြင်း၊ သိမ်ငယ်ခြင်း၊ ခွဲခြားနှိမ့်ချထားသလို ခံစားရခြင်း၊ သူတပါးနဲ့ပတ်သက်ဆက်နွယ်တွေကို ငဲ့ကွက်ခြင်း၊ မျှော်လင့်ချက်ကင်းမဲ့ခြင်း သို့မဟုတ် ဘာမှပြောင်းလဲလာမှာမဟုတ်ပါဘူးလို့ ယုံကြည်ထားခြင်းတွေ ကြောင့်ပဲဖြစ်ပါတယ်။

လူ့အခွင့်အရေးချိုးဖောက်တာကိုမလုပ်အောင်တော့ လုပ်လို့မရနိုင်ပါဘူး။ ဒါပေမဲ့ တချို့သူတွေက အားတင်းပြီး သူတို့ရဲ့အတွေ့အကြုံတွေနဲ့အတူ အခွင့်အရေးချိုးဖောက်မှုအကြောင်းတွေကို အများသိအောင် လုပ်ကြပါတယ်။ သူတို့တွေက တရားမျှတမှုနဲ့အနိုင်ယူဖို့ ပြန်လည်ကုစားနိုင်ဖို့ ဒါမှမဟုတ်ရင် နစ်နာကြေးရစေဖို့ နောင်ဖြစ်လာမယ့် အလွဲသုံးစားပြုမှုတွေကို ကာကွယ်ဖို့အတွက် လှုပ်ရှားကြတာပါ။

လူ့အခွင့်အရေးဆိုင်ရာစည်းရုံးလှုံ့ဆော်တဲ့နေရာမှာ အပြုသဘောဆောင်ဖို့နဲ့ လက်တွေ့ကျဖို့အရေးကြီးပါတယ်။ တရားမျှတမှုကို ဖော်ထုတ်တဲ့နေရာမှာ ခံစားရသူနဲ့ သူရဲ့ရှေ့နေအတွက် နစ်နာမှုများစွာ ရှိနိုင်ပါတယ်။ ဒီလိုစည်းရုံးလှုံ့ဆော်မှုတွေဟာ အောင်ကိုအောင်မြင်ရမယ်လို့ အာမခံချက်လည်းမရှိပါ။ ကမ္ဘာ့လူ့အခွင့်အရေး လှုပ်ရှားမှုဖြစ်စဉ်ဟာ တိုးတက်လုပ်ဆောင်နေရဆဲပါ။ ဒီလိုတိုးတက်လာတာက အခွင့်အရေးချိုးဖောက်ခံရတဲ့ အသက်ရှင်ကျန်နေသူတွေက သူတို့ရဲ့ကြောက်ရွံ့ရင်နာဖွယ်ရာ အဖြစ်အပျက်တွေကို စဉ်ဆက်မပြတ် အများသိအောင် ဖော်ဆောင်ပေးကြလို့ ဖြစ်ပါတယ်။ တချို့လူတွေကတော့ နှုတ်ဆိတ်နေပြီး ဒီအတိုင်းဘေးက ရပ်နေကြတုန်းပဲ ဖြစ်ပါတယ်။

ဒီလက်စွဲစာအုပ်ကို ပိုမိုကောင်းမွန်တဲ့အနာဂတ်ဆီကို ရောက်နိုင်ဖို့ရည်ရွယ်ပါတယ်။ ကမ္ဘာတလွှားရှိ လူ့အဖွဲ့အစည်းအောက်ခြေက တက်ကြွလှုပ်ရှားသူတွေရဲ့ အမြင်တွေကိုဖလှယ်ပြီး ထိခိုက်လွယ်သူတွေဖြစ်တဲ့ အိတ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်နှင့် နေထိုင်သူတွေအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုတွေကို အဆုံးသတ်စေဖို့ရာဖြစ်ပါတယ်။

သတင်းကောင်းအနေဖြင့် လူ့အခွင့်အရေးတောင်းဆိုသည့် နည်းနာကောင်းများကို ကျွန်တော်တို့ ဝေမျှနိုင်ပါတယ်။ သင့်နိုင်ငံနဲ့အခြားနိုင်ငံတွေက လူ့အခွင့်အရေးလှုပ်ရှားသူတွေဆီက သင်ခန်းစာကောင်းတွေကိုလည်း ဝေမျှနိုင်ပါတယ်။

*စည်းရုံးလှုံ့ဆော်ခြင်းကို နားလည်ရန် ပထမအဆင့်များမှာ–*

- *စည်းရုံးလှုံ့ဆော်ခြင်းကို ဘယ်လိုခေါ်တယ်ဆိုတာ အဓိပ္ပာယ်ဖွင့်ရန်*
- *စည်းရုံးလှုံ့ဆော်ခြင်းတဲ့လူထုလှုပ်ရှားမှု နမူနာများကိုလေ့လာရန်*
- *ကမ္ဘာတဝှမ်းရှိ လှုပ်ရှားမှုများမှရရှိသော သင်ခန်းစာများကို ကာလဒေသနှင့်အညီ ပြုပြင်ရန်တို့ဖြစ်ပါတယ်။*

**လေ့လာရန်ဖြစ်ရပ်** တီအန်ဂျင် နက်ပြာအဖွဲ့ (TIANJIN DARK BLUE)

တီအန်ဂျင်နက်ပြာအဖွဲ့ဟာ တရုတ်နိုင်ငံ တီအန်ဂျင်တွင် လိင်တူဆက်ဆံသူအမျိုးသားများအတွက် အိတ်ချ်အိုင်ဗွီ ကာကွယ်ရေးနဲ့ပြုစုရေးလုပ်ငန်းတွေကို လုပ်ဆောင်နေတဲ့လူထုအခြေပြုအဖွဲ့တစ်ဖွဲ့ဖြစ်ပါတယ်။ လူ့အခွင့်အရေး ပြဿနာတွေအတွက်လည်း ဒီအဖွဲ့ကလူထုဘက်မှရပ်တည်ပြီး အသိပေးတောင်းဆိုတာတွေ လုပ်ပါတယ်။

မာဇီဖာက အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ပိုးရှိသူတစ်ယောက်ပါ။ ဒီပိုးရှိတာကြောင့် သူ့ကိုကုမ္ပဏီတွေက (၄)ကြိမ်တိုင်တိုင် အလုပ်ထုတ်ခဲ့ကြပါတယ်။ သူစိတ်ပျက်လက်ပျက်နဲ့ တီအန်ဂျင်နက်ပြာအဖွဲ့ကို လာခဲ့ပါတယ်။ တီအန်ဂျင်အဖွဲ့က သူ့ကိုစိတ်ပိုင်းဆိုင်ရာ အားပေးမှုတွေပေးခဲ့ပြီး လူ့ဘောင်အဖွဲ့အစည်းရဲ့ နှိမ့်ချခွဲခြားမှုဒဏ်ကို ရင်ဆိုင်နိုင်အောင် အားပေးခဲ့ပါတယ်။ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါရှိသူတွေရဲ့ အလုပ်အကိုင်အခွင့်အလမ်းကိစ္စများကို အများပြည်သူသတိပြုမိစေဖို့ မူဝါဒပိုင်းဆိုင်ရာ ပြောင်းလဲမှုတွေအတွက် တီအန်ဂျင်နက်ပြာအဖွဲ့က မာဇီဖာနှင့်အတူ ပြဿနာတွေကို အသိပေးတောင်းဆိုခဲ့ကြပါတယ်။

သူတို့ဟာ နည်းဗျူဟာနှစ်ခုကို တီထွင်ခဲ့ပါတယ်။ (၁) မီဒီယာကိုအသုံးပြုပြီး လက်ရှိပြဿနာကို အများ

ပြည်သူတွေ သိမြင်လာအောင်လုပ်ရန်၊ (၂) လူထုလှုပ်ရှားမှုတွင် ပညာရှင်များ၊ ကျွမ်းကျင်သူများနှင့် အစိုးရဘက်မှပါဝင်လာစေရန်တို့ဖြစ်ပါတယ်။

တီအန်ဂျင်အဖွဲ့ဟာ ဒေသခံသတင်းစာဖြစ်တဲ့ 'နေ့စဉ်သတင်းစာ'က သတင်းထောက်များနဲ့ ကောင်းမွန်တဲ့ဆက်ဆံရေးရှိပါတယ်။ အဖွဲ့ရဲ့ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ဆိုင်ရာ လုပ်ငန်းပိုင်းကျွမ်းကျင်မှုကြောင့် သတင်းထောက်တွေအတွက် အရင်းအမြစ်တစ်ခုဖြစ်လာခဲ့ပါတယ်။ နှစ်စဉ် ကမ္ဘာ့ခုခံအားကျဆင်းရောဂါနေ့တိုင်း သတင်းထောက်တွေက တီအန်ဂျင်အဖွဲ့ကိုဖိတ်ခေါ်ပြီး အင်တာဗျူးလုပ်လေ့ရှိပါတယ်။

မာဇီဖာ၏ခွင့်ပြုချက်နဲ့ တီအန်ဂျင်အဖွဲ့က ၂၀၀၀ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းရောဂါနေ့မှာ အိတ်ချ်အိုင်ဗွီပိုးရှိသူတွေရဲ့ အလုပ်အကိုင်ဆိုင်ရာပြဿနာကိစ္စကိုဖော်ပြဖို့ နေ့စဉ်သတင်းစာကို အကြံပြုခဲ့ပါတယ်။ (၁၀)ရက်အတွင်းမှာဘဲ ဒီပြဿနာကို နေ့စဉ်သတင်းစာထဲမှာ အခန်းဆက်ဖော်ပြနိုင်အောင် တီအန်ဂျင်အဖွဲ့က စည်းရုံးနိုင်ခဲ့ပါတယ်။

သတင်းစာကနေ ပထမဦးဆုံး မာဇီဖာအကြောင်းကို အများသိအောင် နိဒါန်းပျိုးဖော်ပြခဲ့ပါတယ်။ ဒီနောက်တွင် ဥပဒေပညာရှင်တွေကို အင်တာဗျူးပါတယ်။ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရှိတဲ့လူတွေ၊ သူတို့ရဲ့ မိသားစုတွေကိုလည်း အင်တာဗျူးပါတယ်။ ဒါဟာ ဒီပြဿနာပေါ်မှာထားရှိတဲ့ဘက်ပေါင်းစုံက အမြင်တွေကို ခွဲခြမ်းစိတ်ဖြာနိုင်ဖို့အတွက်ပါ။ သတင်းစာက စာဖတ်သူတွေကိုယ်တိုင် သက်ဝင်လှုပ်ရှားပါဝင်လာစေမယ့် နည်းတွေကိုလည်း သုံးခဲ့ပါတယ်။ ဥပမာ– သင်ဟာ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါရှိသူနဲ့အတူတူ အလုပ်လုပ်ချင်စိတ်ရှိပါသလားဆိုတဲ့မေးခွန်းမျိုးတွေကိုမေးပြီး လူအများကို ဖြေဆိုစေခဲ့ပါတယ်။

နောက်ပိုင်းမှာ မာဇီဖာနဲ့ တီအန်ဂျင်အဖွဲ့ကို ဒေသခံရုပ်မြင်သံကြားတွေ၊ နိုင်ငံပိုင်ရုပ်မြင်သံကြားတွေက အင်တာဗျူးလာကြတော့ ဒီပြဿနာကို ဆွေးနွေးဖို့ ပရိတ်သတ်တော်တော်များများရရှိခဲ့ပါတယ်။

မီဒီယာရဲ့စွဲဆောင်မှုနဲ့အတူ တီအန်ဂျင်အဖွဲ့ဟာ တရုတ်နိုင်ငံရဲ့ နိုင်ငံကျော်သရုပ်ဆောင် ပူချင်ဇီနဲ့တွေ့ခဲ့ပါတယ်။ ပူဟာ တရုတ်နိုင်ငံအမျိုးသားလွှတ်တော်ရဲ့ကိုယ်စားလှယ်ဖြစ်ပြီး နိုင်ငံတော်အဆင့် အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် သံတမန်လည်းဖြစ်ပါတယ်။ သူတို့နဲ့ ပူနဲ့တွေ့ကြပြီး ပူဘက်မှ မာဇီဖာကိုထောက်ခံဖို့ ပြောဆိုခဲ့ပြီး အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ကြောင့် အလုပ်ခွင်မှာ ခွဲခြားနှိမ့်ချဆက်ဆံရခြင်းကိုပယ်ဖျက်ဖို့ တိုက်တွန်းခဲ့ပါတယ်။ အဆုံးမှာတော့ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါရှိသူတွေအတွက် လုပ်ငန်းခွင်တွင် နှိမ့်ချခွဲခြား ဆက်ဆံတာကို ပယ်ဖျက်ရန်အတွက် အမျိုးသားပြည်သူ့လွှတ်တော်ကို အဆိုတင်သွင်းတဲ့အထိ ပူကို တီအန်ဂျင်အဖွဲ့က တိုက်တွန်းစည်းရုံးနိုင်ခဲ့ပါတယ်။

တီအန်ဂျင်နဲ့မာဇီဖာတို့ဟာ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ရောဂါဆိုင်ရာ ကျန်းမာရေး ဥပဒေပြုခြင်းနဲ့သက်ဆိုင်တဲ့ တက္ကသိုလ်ညီလာခံမှာ တက်တက်ကြွကြွပါဝင်ခဲ့ကြပါတယ်။ သူတို့ဟာပညာရှင်တွေ၊ ကျွမ်းကျင်သူတွေနဲ့ တွေ့ဆုံခဲ့ကြပြီး ပညာရပ်နယ်ပယ်၊ ဥပဒေပြုရေးနယ်ပယ်တွေမှာ အိတ်ချ်အိုင်ဗွီရှိသူတွေရဲ့ အလုပ်အကိုင်ပြဿနာကို ထည့်သွင်းစဉ်းစားဖို့ တိုက်တွန်းခဲ့ကြပါတယ်။

ဒီလှုပ်ရှားမှုက လူထုရဲ့အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ဆိုင်ရာ ဗဟုသုတတွေကို တိုးစေခဲ့ပြီး လူထုအတွင်းမှာ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါရှိသူတွေဟာ အလုပ်လုပ်ခွင့်ရှိတယ်ဆိုတဲ့ ဆွေးနွေးစရာ မီးစကို အစဖော်ပေးခဲ့ပါတယ်။ နေ့စဉ်သတင်းစာကပြုလုပ်ခဲ့တဲ့ စစ်တမ်းအဖြေများအရ လူတော်တော်များများက အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါရှိသူတွေနဲ့ အလုပ်လုပ်ချင်ကြတယ်လို့ တွေ့ရှိရပါတယ်။ ဒီလှုပ်ရှားမှုက အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါရှိသူတွေအတွက် အလုပ်အကိုင်ဆိုင်ရာ ခွဲခြားနှိမ့်ချခြင်းတွေကို တွန်းလှန်တဲ့နေရာမှာ အခြားအဖွဲ့အစည်းတွေကို ပါဝင်လာစေဖို့အတွက်လည်း အားဖြစ်စေခဲ့ပါတယ်။

**စည်းရုံးလှုံ့ဆော်မှုကို** အဓိပ္ပာယ်ဖွင့်ခြင်း

အကယ်၍ အခန်းတစ်ခန်းထဲမှာ အေအိုင်ဒီအက်စ်အကြောင်းပြောနေသူ (၁၀)ဦးက စည်းရုံးလှုံ့ဆော်မှုကို အဓိပ္ပာယ်ဖွင့်မယ်ဆိုရင် မတူညီတဲ့အဓိပ္ပာယ်ဖွင့်ဆိုချက် (၁၀)ခုကို ရပါလိမ့်မယ်။ အလေ့အကျင့်အရဆိုရင် စည်းရုံးလှုံ့ဆော်မှုဆိုတာဟာ ထူးခြားတဲ့ အကြောင်းအရာတစ်ခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးအတွက် ပြည်သူများရဲ့ထောက်ခံချက် သို့မဟုတ် အကြံပြုချက်တွေကို ရယူခြင်းပဲဖြစ်ပါတယ်။ ဒီစကားဟာ လက်တင်ဘာသာစကားက ဆင်းသက်လာပြီး သူတပါးအကူအညီကိုယူခြင်း သို့မဟုတ် တောင်းခံခြင်းလို့ အဓိပ္ပာယ်ရပါတယ်။

တကယ်တော့ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်နဲ့ ကွင်းဆင်းအလုပ်လုပ်နေကြတဲ့ ကျွန်တော်တို့အားလုံးဟာ နေ့စဉ်လုပ်ငန်းဆောင်တာတွေထဲမှာ စည်းရုံးလှုံ့ဆော်မှုကို လုပ်ဆောင်နေကြပါတယ်။ ကျွန်ုပ်တို့အမြဲ သီးသန့်မစဉ်းစားမိပေမဲ့ **စည်းရုံးလှုံ့ဆော်မှုကိုလုပ်ကြပါတယ်။**

ဥပမာအားဖြင့်–

- ဆေးရုံတက်နေတဲ့ အမျိုးသမီးတစ်ဦးကို သူမလိုအပ်တဲ့ ကုသမှုအတွက် ကူညီပေးခြင်း။
- ကျွန်ုပ်တို့လုပ်ငန်းတွေမှာ တွေ့ကြုံရတဲ့ စိန်ခေါ်မှုအခက်အခဲတွေ၊ အောင်မြင်မှုတွေအကြောင်းတွေကို စာနယ်ဇင်း၊ ဂျာနယ်သမားတွေနဲ့ ပြောဆိုခြင်း။
- မိမိတို့အဖွဲ့နှင့်သက်ဆိုင်သော ပြဿနာကိစ္စရပ်တွေအတွက် အများဆိုင်ရာရပ်တည်ချက်တခု ထွက်ပေါ်လာအောင် ကွန်ယက်ခေါင်းဆောင်တစ်ဦးဦးကို နှိုးဆော်ခြင်း။
- လူထုအခြေပြု အဖွဲ့အစည်းတွေအတွက် ရံပုံငွေပိုမိုထောက်ပံ့ပေးရန် အစိုးရအရာရှိများကို လှုံ့ဆော်ပြောဆိုခြင်း။
- ယေဘုယျအားဖြင့် မျက်ကွယ်ပြုထားခံရတဲ့ကိစ္စရပ်တစ်ခုအတွက်လုပ်ဆောင်ရန် အလှူရှင်တစ်ဦးဦးကို အကြံပြုခြင်း။
- ကြီးမားသော ထိခိုက်နစ်နာမှုတစ်ခုအတွက် အိတ်ဖွင့်ပေးစာတွင် လက်မှတ်ထိုးခြင်း သို့မဟုတ် ပြည်သူ့ဆန္ဒသဘောထားကို ထုတ်ဖော်ကြေညာခြင်းစသည်တို့ဖြစ်ပါတယ်။

ယခုဖော်ပြခဲ့တဲ့ ဥပမာတွေက တစ်ဦးချင်းစီအတွက် စည်းရုံးလှုံ့ဆော်မှု လုပ်ငန်းတွေသို့မဟုတ် နည်းလမ်းတွေဖြစ်ပါတယ်။ ယခုလမ်းညွှန်မှာ ကျွန်ုပ်တို့မည်သို့သောနည်းပရိယာယ်များကို အတူတကွဖော်ထုတ်ကြမည်၊ စီမံကြမည်၊ ပူးပေါင်းကြမည်နှင့် အကျိုးရှိသော လူ့အခွင့်အရေးဆိုင်ရာလှုပ်ရှားမှုတစ်ခုကို မည်သို့မည်ပုံ လုပ်ကြမယ်ဆိုတာကို အလေးထားဖော်ပြထားပါတယ်။

*စည်းရုံးလှုံ့ဆော်မှုကို အဖွဲ့တစ်ခုချင်းဆီက ကွဲပြားစွာ အဓိပ္ပာယ်ဖွင့်ကြပါတယ်။ သင်တို့အဖွဲ့အစည်းအနေဖြင့်လည်း ကိုယ်ပိုင်အဓိပ္ပာယ်သတ်မှတ်ချက်တွေ ရှိနိုင်ပါတယ်။ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်နဲ့ လူ့အခွင့်အရေးအတွက် လုပ်ဆောင်နေကြတဲ့ အဖွဲ့အစည်းအချို့ရဲ့ အဓိပ္ပာယ်သတ်မှတ်ချက်တွေကို ဖော်ပြလိုပါတယ်။*

> *စည်းရုံးလှုံ့ဆော်မှုဆိုတာ အမှန်တရားကိုပြောပြီး လူထုအတွင်းပြောင်းလဲမှုအတွက်၊ သာတူညီမျှရှိမှု ရှာဖွေဖို့အတွက်၊ တရားမျှတမှုရှိဖို့အတွက် တောင်းဆိုတာပါ။ အန်ဒရူးဟန်ကာ၊ အာရှပစိဖိတ် လိင်လုပ်သားများကွန်ယက် (အေပီအန်အက်စ်ဒဗလျူ)*

> *စည်းရုံးလှုံ့ဆော်မှုဆိုတာ လုပ်ဆောင်ချက်တစ်ခု သို့မဟုတ် လုပ်ဆောင်ချက်အဆင့်တွေပါ။ ဒါဟာ အာဏာရှိတဲ့ လူတစ်ယောက်ကို လွှမ်းမိုးနိုင်အောင်လုပ်ပြီး ဥပဒေ သို့မဟုတ် မူဝါဒတွေပြောင်းလဲစေတာပါ။ အဲဒီပြောင်းလဲမှုက အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါ ခံစားနေရသူတွေရဲ့ ဘဝတွေကို မြှင့်တင်ပေးဖို့ပါ။*
> *အာရှပစိဖိတ် အေအိုင်ဒီအက်စ်ဝန်ဆောင်မှုအဖွဲ့အစည်းကောင်စီ(အေပီစီအေအက်စ်အို)*

> *စည်းရုံးလှုံ့ဆော်မှုဆိုတာ ကမ္ဘာတစ်ဝှမ်းမှာရှိတဲ့ အန်ဂျီအိုတွေ တက်ကြွသူတွေနဲ့ နိုင်ငံရေးမူဝါဒသမားတွေကနေ မူဝါဒတွေကို ဩဇာလွှမ်းမိုးနိုင်စေဖို့သုံးတဲ့ နည်းဗျူဟာတစ်ခုပါ။ စည်းရုံးလှုံ့ဆော်မှုဆိုတာ မူဝါဒပြုလုပ်ရေး သို့မဟုတ် ပြင်ဆင်ရေးအတွက်ပါ။ ဒါ့အပြင် မူဝါဒတွေကို အကျိုးရှိရှိ လုပ်ဆောင်ဖို့နဲ့ တွန်းအားပေးဖို့လည်း ပါဝင်တယ်။ ကဲယားအင်တာနေရှင်နယ် CARE International။*

*ဒီအဖွဲ့အစည်းတွေက တဖွဲ့နဲ့တဖွဲ့အနည်းငယ်ခြားနားစွာ အဓိပ္ပာယ်ဖွင့်ဆိုကြပါတယ်။ ကျွန်တော်တို့ရဲ့ ဖွင့်ဆိုမှုကတော့—*

> **လူ့အခွင့်အရေးဆိုင်ရာ စည်းရုံးလှုံ့ဆော်မှုဆိုသည်မှာ မူဝါဒ၊ ဥပဒေ၊ နည်းစနစ်များပြောင်းလာစေရန် အာဏာရှိသူများကို လွှမ်းမိုးနိုင်အောင်ကြိုးစားသော နည်းဗျူဟာစုတစ်ခုသာဖြစ်ပါသည်။ စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ နည်းဗျူဟာအချို့ကတော့ ဥပဒေပြုရေးအတွက် တိုက်တွန်းပြောဆိုခြင်း၊ အဆင့်မြင့် စံချိန်စံနှုန်းများဖြစ်သည့် ဥပမာ– နိုင်ငံတကာဥပဒေများ ကျင့်ဝတ်များကို တင်သွင်းခြင်း။ မီဒီယာစွမ်းအားကို အသုံးပြုခြင်းနှင့် လူထုစွမ်းအားကို အားကောင်းပြီး ပါဝင်လာအောင်လုပ်ခြင်းတို့ဖြစ်ကြပါတယ်။**

ကျွန်ုပ်တို့ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်က အခေါ်အဝေါ်တစ်ချို့ကို ရှင်းပြပါရစေ။ ဒီအဓိပ္ပါယ်တွေက အင်္ဂလိပ်ဝေါဟာရမှာ သိပ်ပြီးမရှင်းလင်းပါဘူး။ ဒါ့အပြင် အခြားဘာသာစကားကို ဘာသာပြန်ဆိုရရင်လည်း သိပ်အဆင်မပြေပါဘူး။

**မူဝါဒ၊ ဥပဒေ၊ နည်းစနစ်များပြောင်းလဲခြင်း** – အထက်မှာဖော်ပြခဲ့တဲ့အတိုင်း အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်နယ်ပယ်မှာ လုပ်ကိုင်နေသူတိုင်းဟာ စည်းရုံးလှုံ့ဆော်မှုကို လုပ်ကြရပါတယ်။ တစ်ချို့လူတွေအတွက် စည်းရုံးလှုံ့ဆော်မှုဆိုတာဟာ နယ်ခံဆေးရုံတွေကို လူထုအတွက် ကုသမှုပေးစေဖို့ ဖိအားပေးခြင်း သို့မဟုတ် အန်ဂျီအိုတစ်ခုအတွက် မှတ်ပုံတင်ဖို့အတွက် အမျိုးမျိုးသော အစိုးရအဖွဲ့အစည်းများနဲ့ တွေ့ဆုံခြင်းလောက်သာဖြစ်ပါတယ်။

ဒီလိုစည်းရုံးလှုံ့ဆော်မှုတွေဟာ အရေးကြီးပါတယ်။ သို့သော် 'ပြောင်းလဲပစ်'စာစဉ်မှာ ဖော်ပြထားတဲ့ စည်းရုံးလှုံ့ဆော်မှုက ပိုပြီးရည်ရွယ်ချက်ကြီးမားပါတယ်။ ဒီရည်ရွယ်ချက်က မူဝါဒ၊ ဥပဒေတွေကို တိုးတက်စေဖို့ပါ။ ဒါ့အပြင် ဒီမူဝါဒတွေ၊ ဥပဒေတွေကို အကောင်အထည်ဖော်တဲ့အခါ ပိုမိုအဆင်ပြေပြီး လူတစ်ဦးတစ်ယောက်၊ အန်ဂျီအိုအဖွဲ့တစ်ဖွဲ့တည်းမဟုတ်ပဲလူအများကို ကူညီပေးနိုင်ဖို့ဖြစ်ပါတယ်။ ဒီလိုပန်းတိုင် ကြီးမားလာတာနဲ့အမျှ ဒီပန်းတိုင်ကိုရောက်စေမဲ့ မဟာဗျူဟာတွေကို နည်းဗျူဟာပေါင်းစုံသုံးပြီး ပြည့်မြောက်အောင်လုပ်ဖို့လိုပါတယ်။

**အာဏာရှိသူများ–** ယခုအဓိပ္ပာယ်ကိုဖွင့်ဆိုတဲ့နေရာမှာ ကျွန်ုပ်တို့ဆွေးနွေးလိုသည့် ကိစ္စတစ်ခုရှိပါတယ်။ ဒါက ဘယ်သူတွေက ကျွန်ုပ်တို့ရဲ့ အသိပေးတောင်းဆိုဆွေးနွေးရမယ့် ပစ်မှတ်ဖြစ်မလဲ။ ဒီမေးခွန်းကိုဖြေဖို့ကတော့ စည်းရုံးလှုံ့ဆော်မှုပန်းတိုင်အပေါ်မှာ မူတည်ပါတယ်။ ပြဿနာတွေကို အဆုံးသတ်ပေးမယ့် အာဏာရှိတဲ့လူတွေ၊ အဖွဲ့အစည်းတွေက ဘယ်သူတွေဖြစ်မလဲ။

တချို့အကြောင်းအရာတွေမှာ ကျွန်ုပ်တို့ လွှမ်းမိုးချင်တဲ့ သူတွေဟာ အစိုးရအရာရှိတွေဖြစ်နိုင်ပြီး တစ်ခါတစ်ရံမှာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကအရာရှိတွေနဲ့ နိုင်ငံတကာအလှူရှင်တွေ (ဥပမာ–ဂလိုဘယ်ဖန် Global Fund အဖွဲ့)နဲ့ ကုမ္ပဏီကြီးတွေဖြစ်နိုင်ပါတယ်။ ဒီလူတွေအားလုံးဟာ အာဏာရှိသူတွေဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ရဲ့အာဏာဟာ အခြားသူများရဲ့ အသက်တာတွေအပေါ် သက်ရောက်မှုရှိတဲ့အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။

**လူထုစည်းရုံးလှုပ်ရှားမှု–** စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ လှုပ်ရှားမှုဟာ နည်းလမ်းပရိယာယ်တွေကို အသုံးပြုထားတဲ့ မဟာဗျူဟာတစ်ခုဖြစ်ပြီး အချိန်အကန့်အသတ်နဲ့ အစီအစဉ်ချထားပါတယ်။ တချို့သော လှုပ်ရှားမှုများက လအနည်းငယ်ကြာပြီး တချို့က နှစ်ပေါင်းများစွာကြာမြင့်တတ်ပါတယ်။

**နည်းလမ်းပရိယာယ်–** နည်းပရိယာယ်တစ်ခုဆိုတာဟာ မူဝါဒတွေ၊ လုပ်ကိုင်ပုံတွေပြောင်းလဲလာစေဖို့အတွက် လူတစ်ဦး သို့မဟုတ် အဖွဲ့တစ်ဖွဲ့ကို သီးသန့်ရည်ရွယ်ပြီး ဘယ်လိုလွှမ်းမိုးရမည်ကိုလုပ်ဆောင်သော မဟာဗျူဟာမြောက်တဲ့လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ နည်းပရိယာယ်များဟာ တစ်ခုနှင့်တစ်ခု ဆက်နွယ်နေပြီး စည်းရုံးလှုံ့ဆော်မှုတစ်ခုရဲ့ ပန်းတိုင်ကိုရောက်စေရန် ပြုလုပ်ထားပါတယ်။

**မဟာဗျူဟာ–** စည်းရုံးလှုံ့ဆော်မှုဆိုင်ရာမဟာဗျူဟာဆိုသည်မှာ မိမိပန်းတိုင်ရောက်အောင် လူတွေကို အကောင်းဆုံးနည်းနဲ့ စည်းရုံးသိမ်းသွင်းမယ့် သင့်ရဲ့သီအိုရီတစ်ခုဖြစ်ပါတယ်။ သင့်အနေနဲ့ဖြစ်ရပ်တွေရဲ့ အားသာချက်၊ အားနည်းချက်၊ လူတွေရဲ့ အားသာချက်၊ အားနည်းချက်၊ အဖွဲ့အစည်းတွေရဲ့ အားသာချက်၊ အားနည်းချက်တွေ (သင့်ကို ထောက်ခံပေးမယ်လို့ သင်ယုံကြည်ထားတဲ့ မဟာမိတ်အဖွဲ့အစည်းတွေ)ကို ခွဲခြမ်းစိတ်ဖြာပြီး မဟာဗျူဟာကို ရေးရပါလိမ့်မယ်။ အခြေအနေတွေကို ဘယ်လိုအကောင်းဆုံး လွှမ်းမိုးနိုင်မလဲဆိုတဲ့ သီအိုရီကိုအခြေခံပြီး နည်းပရိယာယ်တွေကို သင်ရွေးချယ်ပြီးတော့ စည်းရုံးလှုံ့ဆော်မှု မဟာဗျူဟာကို ဖော်ထုတ်ရမှာပါ။

## လူထုစည်းရုံးလှုံ့ဆော်မှု နမူနာအချို့

အောက်ပါဖော်ပြချက်တွေက အနှစ်ချုပ်ဆန်ပြီး တခြားဘာသာတွေကို ပြန်ဆိုရင် သိပ်အဆင်မပြေလှပါဘူး။ လက်တွေ့ဘဝတွင်အစိတ်အပိုင်းတွေ ဘယ်လိုဘယ်နည်း လုပ်ဆောင်ကြသလဲဆိုတာကို သိမြင်စေဖို့အတွက် စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ လှုပ်ရှားမှုနမူနာတချို့ကို ကြည့်ကြပါစို့။

**ပြဿနာ** - နိုင်ငံအတော်များများမှာရှိတဲ့ ဆေးရုံများ၊ ကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်းများမှာ လူနာတွေကိုအိတ်ချ်အိုင်ဗွီပိုးစစ်ဆေးတာတွေကိုလုပ်နေကြပြီး ပိုးရှိသည်ဟု စစ်ဆေးတွေ့ရှိသူများကို ကုသပေးရန်အတွက် ငြင်းဆိုလျက်ရှိပါတယ်။

အောက်တွင် တူညီသောပြဿနာတစ်ခုအတွက် မတူညီသော နိုင်ငံသုံးခုမှာရှိတဲ့လှုပ်ရှားမှု သုံးခုအကြောင်းကို တွေ့ရပါမယ်။

**ဥပမာ (၁) သတင်းမီဒီယာ လှုပ်ရှားမှုတစ်ခု**

**အာဏာရှိသူများ** – (နိုင်ငံတစ်ခုရှိ) ဆေးရုံအရာရှိများ၊ ကျန်းမာရေးအဖွဲ့အရာရှိများ

**နိုင်ငံရေးအခြေအနေ** – ဆေးရုံအရာရှိများဟာ လက်တွေ့ဆန့်ပြီး ပြဿနာတစ်ခုဖြစ်လာရင် ခိုင်လုံသော အထောက်အထားရှိမှသာ သဘောတူလက်ခံတတ်ကြပါတယ်။ သူတို့ဟာ အရေးကြီးတဲ့ မီဒီယာသြဇာကို အလွန်သတိထားကြပါတယ်။ ထိုနိုင်ငံရှိ မီဒီယာလောကဟာ ပုံမှန်အားဖြင့်လွတ်လပ်မှုရှိပြီး ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို တင်ပြဖို့ ဆန္ဒရှိကြပါတယ်။

**အဖွဲ့အစည်း၏အားသာချက်များ–** ယခုဥပမာမှာပါဝင်တဲ့ စည်းရုံးလှုံ့ဆော်တဲ့အဖွဲ့သည် အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါရှိသူများနှင့် လက်ပွန်းတတီးရှိကြပြီး သူတို့အနေဖြင့် သက်သေပြရန် စာစဉ်ကိုဖတ်ထားကြပါတယ်။ သူတို့ဟာ ဆေးရုံတွင်ခွဲခြားနှိမ့်ချခြင်းသည် ပြဿနာကစ်ရပ်ဖြစ်ကြောင်း သက်သေပြရန် သို့မဟုတ် ထွက်ဆိုချက် ထွက်လာစေရန်အတွက် မည်သို့မည်ပုံ အင်တာဗျူးလုပ်ရမည်ကို သိထားကြပါတယ်။ ဒီအဖွဲ့မှာ စာနယ်ဇင်းသမားဟောင်းတချို့ကလည်း စေတနာ့ဝန်ထမ်းအဖြစ် ပါဝင်ကြပါတယ်။ ဒီသတင်းသမားများကလည်း အခြားစာနယ်ဇင်းသမားများနှင့် ဆက်နွယ်မှုရှိပါတယ်။

**စည်းရုံးလှုံ့ဆော်မှုမဟာဗျူဟာ–** ယခုဥပမာရှိ မဟာဗျူဟာမှာ သုတေသနကို အသုံးပြုရန်နှင့် မီဒီယာ၏စွမ်းအားကို အသုံးချရန်ဖြစ်ပြီး ၎င်းနောက်တွင် ဆေးရုံ၏အကြီးတန်းအရာရှိများနှင့် ကျန်းမာရေးအရာရှိများကို လွှမ်းမိုးရန်အတွက် တိုက်တွန်းဆွေးနွေးရန်ဖြစ်ပါတယ်။

**စည်းရုံးလှုံ့ဆော်မှု နည်းလမ်းပရိယာယ်များ–**

၁။ သုတေသန - ဆေးရုံရဲ့ ခွဲခြားနှိမ့်ချမှုအကြောင်းကို အစီရင်ခံစာတစ်စောင်ရေးသားပြီး သုတေသနပြုလုပ်ရန်။

၂။ မီဒီယာ – စာနယ်ဇင်းသမားများနှင့် ရင်းနှီးဆက်နွယ်မှုကို တိုးပွားအောင်လုပ်ရန်။ ဘဝဇာတ်လမ်းများကို ပြောပြချင်သော အိတ်ချ်အိုင်ဗွီပိုးရှိသူအမျိုးကိုရှာဖွေပြီး ထိုလူများကို သတင်းစာဆရာများနှင့်တွေ့စေကာ ဖြစ်ပေါ်နေသော ဇာတ်လမ်းများကို အင်တာဗျူးရန်အတွက် အကူအညီပေးရန်၊ အစီရင်ခံစာကို စာနယ်ဇင်းသမားများ၊ ကျန်းမာရေးအရာရှိများတက်ရောက်သော သတင်းစာဆွေးနွေးပွဲတွင် ဖြန့်ဝေရန်။

၃။ တိုက်တွန်းဆွေးနွေးခြင်း – သတင်းစာရှင်းလင်းပွဲအပြီးတွင် အစီရင်ခံစာထဲပါ ဆောင်းပါးများကို မိတ္တူပွားကူးရန်၊ အခမ်းအနားကိုတက်ရောက်လာတဲ့ ကျန်းမာရေးနဲ့ဆေးရုံအရာရှိတွေကို မိတ္တူတွေပေးပါ။ အခမ်းအနားတက်ရောက်လာတဲ့အတွက် ကျေးဇူးတင်ကြောင်းပြောပါ။ ထိုနောက်သူတို့နဲ့တစ်ဦးချင်းတွေ့ခွင့်ရရင် ကောင်းဆိုပါ။ အစည်းအဝေးတွေမှာ တက်ကြွလှုပ်ရှားသူများက တိကျပြီးလက်တွေ့ကျသော မူဝါဒများဆိုင်ရာမိမိတို့ရဲ့ အကြံပြုချက်များကို ယဉ်ကျေးမှုငှာစွာ အမြင်ဖလှယ်ပြီး ထိုပြဿနာကို ပြေလည်အောင်ပြုလုပ်ပါ။

**ဥပမာ(၂) – စည်းရုံးလှုံ့ဆော်မှုများ** အောင်မြင်စေသော လှုပ်ရှားမှုတစ်ခု

**အာဏာရှိသူများ** – နိုင်ငံတစ်ခုရှိ ရုံးအရာရှိများနှင့် ကျန်းမာရေးအဖွဲ့အရာရှိများ။

**နိုင်ငံရေးအခြေအနေ** – မြို့ရှိ ဆေးရုံအရာရှိများဟာ ၎င်းတို့မြို့မှာအိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါရှိသည့်ဟုပင် မဝန်ခံလိုကြပေ။ သို့သော် နိုင်ငံတွင်းတွင် ဒီမိုကရေစီထွန်းကားပြီး ဆန္ဒဖော်ထုတ်မှုများကို ရဲများက ယေဘုယျအားဖြင့် ခွင့်ပြုကြပါတယ်။

**အဖွဲ့အစည်း၏အားသာချက်များ** – ယခုဥပမာတွင်ပါဝင်တဲ့ စည်းရုံးလှုံ့ဆော်တဲ့အဖွဲ့တွေဟာ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါရှိသူတွေရှိနေတဲ့ လူထုနှင့် လွန်စွာပင်ရင်းနှီးကြပါတယ်။ သူတို့ဟာ ပြည်သူတွေတက်ကြွစွာပါဝင်လှုပ်ရှားလာအောင် လုပ်နိုင်ကြပါတယ်။

**စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ** မဟာဗျူဟာ – လူထုနှင့်မီဒီယာစွမ်းအားကိုအသုံးပြုရန်နှင့် ၎င်းနောက်ဆေးရုံ၏ အကြီးတန်း

အရာရှိများနှင့် ကျန်းမာရေးအရာရှိများကို လွှမ်းမိုးရန်အတွက် လှုံ့ဆော်ဆွေးနွေးရန်ဖြစ်ပါတယ်။

**စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ နည်းလမ်းပရိယာယ်များ**

၁။ **သုတေသန** – ဆေးရုံရဲ့ ခွဲခြားနှိမ့်ချမှုတွေအကြောင်း အထောက်အထား စာတမ်းငယ်တစ်ခု ရေးသား၍ သုတေသနပြုလုပ်ရန်။

၂။ **လူထုအားစည်းရုံးခြင်း** – လက်ရှိပြဿနာနှင့်ပတ်သက်၍ စုစည်းမှု၏ အရေးပါပုံကို ဆွေးနွေးရန်နှင့် ခံစားချက်များကို ကြားသိစေရန်အတွက် အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရှိသူများနှင့် တစ်ဦးချင်းအလိုက်ဖြစ်စေ အဖွဲ့လိုက်ဖြစ်စေတွေ့ဆုံပါ။ တစ်ဦးချင်းတွေ့ဆုံခြင်းမှသည် အဖွဲ့ငယ်ဆွေးနွေးပွဲများထို့နောက် တွေ့ဆုံပွဲကြီးအဆင့်သို့ရောက်အောင်ပြုလုပ်ပြီး ဆေးရုံအရာရှိများကို ဖိအားပေးနိုင်မည့် လုပ်ငန်းစဉ်အစီအစဉ်များကို ချမှတ်ပါ။

၃။ **ပြည်သူ့လှုပ်ရှားမှု** – ဆေးကုသခွင့်မရရှိပဲ သေဆုံးသွားသော ဝေဒနာသည်များအတွက် ရည်စူးပြီး ငြိမ်သက်စွာနှင့်ငြိမ်းချမ်းစွာ ဆီမီးတိုင်များထွန်း၍ မြို့တော်ဥယျာဉ်တစ်ပတ် လှည့်လည်လမ်းလျှောက်ခြင်းပြုလုပ်ပါ။ ပြောဆိုသူများတွင် ဆေးရုံမှခွဲခြားနှိမ့်ချခြင်းခံခဲ့ရသော ဝေဒနာရှင်မိသားစုဝင်များ ပါဝင်စေပါ။

၄။ **ပြည်သူ့လှုပ်ရှားမှု** – ဆေးရုံအား ဆန္ဒပြခြင်း ငြိမ်းချမ်းစွာဆန္ဒပြခြင်းကြောင့် အဖမ်းခံရမည်ကို မကြောက်သော တက်ကြွလှုပ်ရှားသူတစ်စုကို လေ့ကျင့်ပေးပါ။ ဒီအဖွဲ့ထဲတွင် အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရှိသူရော မရှိသူများပါပါဝင်စေပြီး အားလုံးတီရှပ် ဝတ်ဆင်စေပါ။ ထိုအင်္ကျီပေါ်တွင်(အိတ်ချ်အိုင်ဗွီရှိသည်)ဟု စာရေးထားပါ။ သတ်မှတ်ထားသောအချိန်တွင် သူတို့ကို ဆေးရုံ၏ဧည့်ခန်းမနေရာတွင် လဲလျောင်းနိုင်းပြီး သေနေသည့် အသွင်ဟန်ဆောင်နိုင်းပါ။ အဖွဲ့မှ မီဒီယာများကို ဖိတ်ခေါ်ပြီး သူတို့၏ဆန္ဒပြမှုကို မှတ်တမ်းဓာတ်ပုံရိုက်နိုင်းပါ။ ထို့အပြင် ပြည်သူ့အခွင့်အရေးဆိုင်ရာ ရှေ့နေတစ်ဦးကို အဖွဲ့တွင်ပါဝင်ပူးပေါင်းစေပြီး ဆန္ဒပြမှုအတွက် ရဲများနှင့်ညှိနှိုင်းစေ့စပ်နိုင်းပါ။

၅။ **တိုက်တွန်းဆွေးနွေးခြင်း** – ဆန္ဒပြသူများအားလုံး အချုပ်မှလွတ်မြောက်ပြီးနောက် ဆေးရုံအရာရှိများနှင့် တွေ့ဆုံခွင့်တောင်းပါ။ အစည်းအဝေးတွင် တက်ကြွလှုပ်ရှားသူများက တိကျသောမူဝါဒဆိုင်ရာ အကြံပြုချက်များကို ယဉ်ကျေးပျူငှာစွာဖော်ပြပြီး ပြဿနာကိုပြေလည်အောင် လုပ်ဆောင်ပါ။

**ဥပမာ – (၃) ကျွမ်းကျင်သူများအား ပါဝင်စေသောလှုပ်ရှားမှု**

**အာဏာရှိသူများ** – နိုင်ငံတစ်ခုရှိ ကျန်းမာရေးဝန်ကြီးဌာနမှ အရာရှိများ

**နိုင်ငံရေးအခြေအနေပတ်ဝန်းကျင်** – ထိုနိုင်ငံသည် နိုင်ငံရေးရှေးရိုးဆန်သည့် နိုင်ငံတစ်ခုဖြစ်ပြီးဆန္ဒပြပွဲများကို ခွင့်မပြုချေ။ ဆန္ဒပြပါက နှစ်ရှည်လများ ထောင်ချခံရနိုင်ဖွယ်ရှိပါတယ်။ အစိုးရကို ကန့်ကွက်ပြောဆိုတဲ့ အစီရင်ခံစာတွေ ရေးသားနိုင်တဲ့လွတ်လပ်ခွင့်မျိုး ထိုနိုင်ငံ၏ သတင်းမီဒီယာများတွင်မရှိ။ သို့သော် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးနှင့် နိုင်ငံတကာအလှူရှင်တွေက အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများကို အထောက်အပံ့ပေးကြပါတယ်။

**အဖွဲ့၏အားသာချက်များ** – အသိပေးတောင်းဆိုသော အဖွဲ့ဝင်များအနေနဲ့ နိုင်ငံအတွင်းရှိ ကမ္ဘာ့ကုလသမဂ္ဂဆိုင်ရာ အေအိုင်ဒီအက်စ်အဖွဲ့(UNAIDS)၊ ဖွံ့ဖြိုးရေးအဖွဲ့နှင့်လူဦးရေရန်ပုံငွေ(UNFPA)အဖွဲ့များရှိ စာနာထောက်ထားတတ်သည့် အရာရှိများနှင့်ပတ်သက်ဆက်နွယ်မှု ကောင်းကောင်းရှိပါတယ်။ သူတို့ဟာ နိုင်ငံတကာအန်ဂျီအိုများမှာရှိတဲ့ စာနာထောက်ထားတတ်သူတစ်ချို့နဲ့လဲ အဆက်အသွယ်ရှိကြပါတယ်။

စည်းရုံးလှုံ့ဆော်မှုခြင်းဆိုင်ရာ မဟာဗျူဟာ – နိုင်ငံတကာ စံညွှန်းများ၏စွမ်းအားကိုအသုံးချရန်နှင့် နိုင်ငံတကာ အဖွဲ့အစည်းပေါင်းစုံကနေ၍ အစိုးရအား နှိမ့်ချခွဲခြားဆက်ဆံခြင်းပြဿနာကို ပြေလည်စေရန်အတွက် ဖြောင်းဖြပြောဆိုစေရန်

**စည်းရုံးလှုံ့ဆော်မှု နည်းလမ်းပရိယာယ်များ**–

၁။ **သုတေသန** – ဆေးရုံရဲ့ ခွဲခြားနှိမ့်ချဆက်ဆံမှုများကို မှတ်တမ်းတင်ထားသော စာတမ်းငယ်တစ်ခုရေးသားပြီး သုတေသနပြုလုပ်ပါ။

၂။ **ကမ္ဘာ့ကုလသမဂ္ဂနှင့် အန်ဂျီအိုများကို စည်းရုံးလှုံ့ဆော်ခြင်း** – စာတမ်းပြုစုနေစဉ် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အန်ဂျီအိုများရှိ ဒါရိုက်တာများနှင့်တွေ့ဆုံကာ အစီရင်ခံစာအခြေအနေကိုတင်ပြပြီး လက်ရှိကိစ္စရပ်အတွက် အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ဖို့အတွက် ကူညီပံ့ပိုးပေးပါရန် စည်းရုံးပြောဆိုပါ။

၃။ **ကျွမ်းကျင်သူများ၏ အလုပ်ရုံဆွေးနွေးပွဲ** – ကမ္ဘာ့ကုလသမဂ္ဂဆိုင်ရာ အေအိုင်ဒီအက်စ်အဖွဲ့နှင့်အတူ

ကျွမ်းကျင်သူများက လူ့အခွင့်အရေးဆိုင်ရာ အခွင့်အရေးများနှင့် ဆေးကုသခြင်းဆိုင်ရာ နိုင်ငံတကာစံညွှန်းများကို သတင်းဖလှယ်ပေးသော အလုပ်ရုံဆွေးနွေးပွဲတစ်ခုပြုလုပ်ပါ။ အသိပေးတောင်းဆိုသူများဘက်မှလည်း အစီရင်ခံစာပါအချက်များကို တင်ပြပေးပါ။ သုတေသနရလဒ်များကို ဆွေးနွေးပါ။ အစိုးရအရာရှိများကိုလည်း သူတို့ရဲ့အမြင်များကိုဖလှယ်ဖို့ ဆွေးနွေးပွဲတက်ရောက်ရန် ဖိတ်ကြားပါ။ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရှိသူ အနည်းငယ်ကိုလည်း ဖိတ်ကြားပြီး အစည်းအဝေးတွင် သူတို့ရဲ့ခွဲခြားနှိမ့်ချခံရသည့်ခံစားမှုများကို တင်ပြစေပါ။ ထို့နောက် တိကျသော မူဝါဒအကြံပြုချက်များကိုတင်ပြပါ။

**၄။ တိုက်တွန်းဆွေးနွေးခြင်း** – ကမ္ဘာ့ကုလသမဂ္ဂ၏ အကူအညီဖြင့် မိမိတို့ဘက်ကို ထောက်ခံပေးမည့် အစိုးရအရာရှိများကို ဖိတ်ကြား၍ ထပ်ဆင့်အစည်းအဝေးများပြုလုပ်နိုင်ရန်စီစဉ်ပါ။

**ဖြစ်စဉ်လေ့လာချက် – ထိုင်း မူးယစ်ဆေးဝါးသုံးစွဲသူများကွန်ယက်**

၂၀၀၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့မှာ မူးယစ်ဆေးထိုးသွင်းသုံးစွဲသူ(အိတ်ချ်အိုင်ဗွီပိုးရှိသူ) (၅၀)ဦးခန့်ဟာ ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ထိုင်းနိုင်ငံရဲ့ပထမဦးဆုံးသော မူးယစ်ဆေးသုံးစွဲသူများကွန်ယက်ကို စတင်ဖွဲ့စည်းခဲ့ပါတယ်။ သမိုင်းတွင်စေတဲ့ ဒီဇင်ဘာလ အစည်းအဝေးကနေ အသိပေးတောင်းဆိုခြင်းအတွက် ဘယ်လိုရှေ့ဆက်ချီတက်ကြမည်ကို အစီရင်ခံစာတစ်ခုထွက်ပေါ်လာစေပြီးတော့ တီဒီအန် ခေါ် ထိုင်းနိုင်ငံ မူးယစ်ဆေးသုံးသူများကွန်ယက်ကို ရှင်သန်မွေးဖွားစေခဲ့ပါတယ်။

ကွန်ယက်မှ မူးယစ်ဆေးသုံးသူများအနေနဲ့ လူ့ဘောင်အတွင်း သာတူညီမျှစွာ ဂုဏ်သိက္ခာရှိရှိနေနိုင်ဖို့အတွက် အခြေခံလူ့အခွင့်အရေး တိုးမြှင့်ရရှိရေးတို့အတွက် ကြိုးပမ်းသွားမည်လို့ ကတိကဝတ်ပြုခဲ့ပါတယ်။ မူးယစ်ဆေးသုံးသူများအတွင်း (၅၀)မှာ အိတ်ချ်အိုင်ဗွီပိုးကူးစက်နေတဲ့ ကြောက်လန့်ဖွယ်ရာဖြစ်ရပ်ကို အစိုးရဘက်က နှစ်ပေါင်း(၂၀)နီးပါးလုံး မျက်ကွယ်ပြုထားခဲ့ပါတယ်။ လက်တွေ့ကျကျနည်းလမ်းကောင်းတွေဖြစ်တဲ့ မီသာဒုန်းကုထုံးနဲ့ သန့်ရှင်းတဲ့ ဆေးထိုးအပ်ဝေငှတာတွေကို လုံးဝမလုပ်ပဲ ရှောင်ဖယ်နေခဲ့ပါတယ်။

အစိုးရဘက်ကပြည်သူ့ကျန်းမာရေးနည်းလမ်းကောင်းတွေ၊ မဟာဗျူဟာတွေကိုပြုပြင်ဖို့ မကြိုးစားဘဲ မူးယစ်ဆေးဝါးသုံးစွဲခြင်းကို ဥပဒေအရတားမြစ်ခြင်းကိုသာ ပြုလုပ်ခဲ့ပါတယ်။ ထိုင်းမူးယစ်ဆေးသုံးသူအများစုဟာ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါ ဆေးကုသမှုရရှိရေးအတွက် စိန်ခေါ်မှုအခက်အခဲများစွာနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။

မူးယစ်ဆေးသုံးစွဲသူတွေက အိတ်ချ်အိုင်ဗွီနှင့် လူ့အခွင့်အရေးဆက်စပ်ပုံကို ဖော်ထုတ်ခဲ့ပြီး မူးယစ်ဆေးသုံးသူများအပေါ် အကြမ်းဖက်မှုပြဿနာကိုပြေလည်စေဖို့ ဒေသခံနယ်မြေအတွင်းနဲ့နိုင်ငံအတွင်းမှာ နိုင်ငံတကာလူ့အခွင့်အရေး အသိပေးတောင်းဆိုခြင်းတွေကို ပြုလုပ်ခဲ့ကြပါတယ်။

ထိုင်းနိုင်ငံဟာ နိုင်ငံတကာညှိသည်တွေ၊ အပြည်ပြည်ဆိုင်ရာ တွေ့ဆုံပွဲတွေကို လက်ခံကျင်းပလေ့ရှိတာကြောင့် ထိုင်းလှုပ်ရှားသူများက နိုင်ငံတကာမှထောက်ပံ့သူတွေကို အစိုးရအပေါ်ဖိအားပေး လွှမ်းမိုးဖို့ပြောဆိုစေခဲ့ပါတယ်။

တီဒီအန်အဖွဲ့မှ ထိုင်းမူးယစ်ဆေးတိုက်ပွဲအတွက် နိုင်ငံတကာသွေးစည်းညီညွတ်ရေးနေ့ကို ကျင်းပဖို့အတွက် ကမ္ဘာတစ်ဝှမ်းက မိတ်ဘက်အဖွဲ့အစည်းတွေကို အကူအညီတောင်းခံခဲ့ပါတယ်။ တောင်အာဖရိက၊ နီပေါအထိတိုင် နိုင်ငံပေါင်းတစ်ဒါဇင်ခန့်က တက်ကြွလှုပ်ရှားသူတွေကနေ သက်ဆိုင်ရာ ထိုင်းသံရုံးတွေကို ကွန်ယက်ရဲ့တောင်းဆိုချက်တွေကို တောင်းဆိုပေးခဲ့ပါတယ်။ သူတို့ကနေ မူးယစ်ဆေးသုံးစွဲသူများအပေါ် လူ့အခွင့်အရေးချိုးဖောက်တဲ့အကြောင်းကို ပြောကြပြီး မီဒီယာမှတဆင့် ကမ္ဘာတဝှမ်းလုံးကနေ စိတ်ဝင်စားလာအောင် လုပ်ဆောင်ခဲ့ပါတယ်။

တီဒီအန်ကနေ မူးယစ်ဆေးသုံးသူတွေရဲ့ အခွင့်အရေးကို အစိုးရကကာကွယ်ဖို့ လေးစားဖို့ပျက်ကွက်တာတွေကို အပြည်ပြည်ဆိုင်ရာ ညီလာခံနှစ်ခုမှာ မြင်သာအောင် ပြုလုပ်ခဲ့ပါတယ်။ အပြည်ပြည်ဆိုင်ရာ ဘေးအန္တရာယ်လျှော့ချရေး ညီလာခံ(၂၀၀၃)နှင့် အပြည်ပြည်ဆိုင်ရာအေအိုင်ဒီအက်စ်ညီလာခံ(၂၀၀၄)တို့မှာ ထိုင်းအစိုးရမှ လိမ်ညာလုပ်ကြံတင်ပြခဲ့တဲ့ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါသည်များအတွက် ကုသပေးခြင်းဆိုင်ရာအောင်မြင်မှုများအကြောင်းနှင့် လူတိုင်းဆေးကုသခွင့်ရရှိရေးအကြောင်းတို့ကို လွဲမှားနေကြောင်း ဖော်ထုတ်ခဲ့ပါတယ်။

အထက်ပါ ဥပမာသုံးခုမှာ လှုပ်ရှားမှုတစ်ခုချင်းစီတွင် တူညီသောပန်းတိုင်ကို ချဉ်းကပ်ကြပါတယ်။ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါရှိသူများအပေါ် ဆေးရုံရဲ့ ခွဲခြားနှိမ့်ချဆက်ဆံမှုများကို အဆုံးသတ်စေခြင်းဖြစ်ပါတယ်။ မတူညီသော ရေမြေနောက်ခံ အကြောင်းအချင်းရာများအလိုက် စည်းရုံးလှုံ့ဆော်သူအုပ်စုများက မတူညီသော မဟာဗျူဟာများဖြင့် နည်းပရိယာယ်အမျိုးမျိုးကို အသုံးပြုခဲ့ကြပါတယ်။ သူတို့ရဲ့ မဟာဗျူဟာတွေကို သူတို့ရဲ့မတူညီတဲ့ နိုင်ငံရေးပတ်ဝန်းကျင် အခြေအနေအပေါ် မူတည်ပြီးချမှတ်ခဲ့ပါတယ်။

လှုပ်ရှားမှု သုံးခုစလုံးတွင် သုတေသနကို သူတို့ရဲ့ အသိပေးတောင်းဆိုခြင်း ကိရိယာတစ်ခုအဖြစ် အသုံးပြုခဲ့ကြပြီး ဒီအချက်ကလှုပ်ရှားမှုများရဲ့ လက်တွေ့ကျမှုကို အခြေပြုပါတယ်။

လှုပ်ရှားမှုသုံးခုစလုံးတွင် တိကျသော မူဝါဒဆိုင်ရာ အကြံပြုချက်များပြုလုပ်ခဲ့ကြပါတယ်။ တကယ်လို့ အရာရှိတစ်ဦးက ထိုတိကျသော မူဝါဒပြောင်းလဲမှုလုပ်ဆောင်ဖို့ ကတိကဝတ်ပြုပါက သူ၊ သူမ၏ တာဝန်ခံမှုနှင့် ကတိတည်မှုကို ရရှိရန်လွယ်ကူပါတယ်။

လှုပ်ရှားမှုသုံးခုလုံးတွင် အရာရှိများကို တိုက်တွန်းလှုံ့ဆော်ဆွေးနွေးခြင်းကိုပြုလုပ်ပြီး မျက်နှာစုံညီတွေ့ဆုံကြပြီး အကြံပြုချက်များကို ဆွေးနွေးခဲ့ပါတယ်။ စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ လှုပ်ရှားမှုများသည် နိုင်ငံရေးစွမ်းအားများပေါ်ထွက်စေဖို့ ရည်ရွယ်ပါတယ်။ တောင်းဆိုသူများက တာဝန်ရှိသူအရာရှိများနှင့်တွေ့ဆုံကာ တဖက်ကလည်း ပြည်သူတို့၏ဖိအားကို အရာရှိများအနေနှင့် ခံစားမိစေပြီးပြဿနာကို ဖြေလည်စေပါတယ်။ မတူညီသောနည်းပရိယာယ်များစွာ အသုံးပြုခြင်းဟာ မူဝါဒဆိုင်ရာအကြံပြုချက်များအပေါ် ပိုမိုနိုင်မာစေပါတယ်။

## ကမ္ဘာတစ်လွှားလှုပ်ရှားမှုများမှ သင်ခန်းစာများကို အသွင်ပြောင်းရယူခြင်း

သိခြင်း၊ သက်သေပြခြင်း၊ ပြောင်းလဲခြင်းစာအုပ်သည် ကျား၊ မ၊ လူမျိုး၊ အသက်အရွယ် မတူညီမှုများအားလုံးကို ခေါးဖယ်၍ နိုင်ငံအားလုံးရှိ နိုင်ငံသားများအားလုံး သာတူညီမျှလူ့အခွင့်အရေးရရှိရမည်ဟူသော ယုံကြည်ချက်အပေါ် အခြေခံထားပါတယ်။ ထိုနည်းတူစွာ နိုင်ငံတစ်ခုချင်းစီမှ လူ့အခွင့်အရေးလှုပ်ရှားမှု တစ်ခုသည်လည်း ကမ္ဘာ့လူ့အခွင့်အရေး လှုပ်ရှားမှုများ၏ အစိတ်အပိုင်းသာ ဖြစ်ပါတယ်။ တစ်ခါတစ်ရံတွင် တခြားနိုင်ငံများမှာအသုံးပြုခဲ့သော နည်းလမ်းပရိယာယ် များကို ကျွန်ုပ်တို့အားကျအတုယူသုံးစွဲကြပါတယ်။ ဒီနည်းနဲ့ကျွန်ုပ်တို့ရဲ့ရေမြေ၊ ဒေသနဲ့ကိုက်ညီစေမည့် စိတ်ကူးစိတ်သန်း အသစ်အဆန်းများကို ဖော်ထုတ်ခဲ့ကြပါတယ်။ ဥပမာအားဖြင့် –

- ၁၉ရာစုနှောင်းပိုင်းတွင် အိန္ဒိယဥပဒေပညာရှင်မဟတ္တမဂန္ဒီသည် အိန္ဒိယသို့မပြန်ခင် တောင်အာဖရိကသို့သွားခဲ့ပြီး ဗြိတိသျှနယ်ချဲ့စနစ်ကို အဆုံးသတ်စေမည့် အကြမ်းမဖက်ရေးလှုပ်ရှားမှုကို စတင်ခဲ့ပါတယ်။
- ၁၉၅၀ ဝန်းကျင်တွင် အမေရိကန်မှ ပြည်သူ့အခွင့်အရေးခေါင်းဆောင်များသည် အိန္ဒိယသို့သွားခဲ့ပြီး ဂန္ဒီထံတွင်သင်ယူခဲ့ပြီး ဂန္ဒီ၏အယူအဆများကို အသွင်ကူးပြောင်းကာ အမေရိကန်တွင် ပြည်သူ့အခွင့်အရေးတိုက်ပွဲအတွက် နည်းလမ်း များစွာ ပြုလုပ်ခဲ့ပါတယ်။
- ၁၉၈၀ ဝန်းကျင်တွင် တောင်အာဖရိကတွင် လူမျိုးရေးရာမူဝါဒများနှင့် ဥပဒေများအတွက် အမျိုးသားလှုပ်ရှားမှုများ မစတင်မီ အတိုက်အခံခေါင်းဆောင်များသည် အမေရိကသို့သွားရောက်ခဲ့ပြီး အမေရိကန်ပြည်သူ့အခွင့်အရေး ခေါင်းဆောင် များထံမှ သင်ယူခဲ့ပါတယ်။
- ယနေ့တွင်နိုင်ငံတကာရှိ အေအိုင်ဒီအက်စ်အရေး တက်ကြွလှုပ်ရှားသူများသည် တောင်အာဖရိကရှိ အတိုက်အခံများနှင့် အေအိုင်ဒီအက်စ်အရေးလှုပ်ရှားသူများ၏ နည်းလမ်းများကိုသင်ယူနေကြပါတယ်။

ခေါင်းဆောင်တိုင်းသည် သူတို့၏ ယဉ်ကျေးမှုပုံစံများ၊ နိုင်ငံရေးအခြေအနေများနှင့် ဆီလျော်မည့် စည်းရုံးလှုံ့ဆော်မှုဆိုင်ရာလှုပ်ရှားမှု အစီအစဉ်များကိုချရန်အတွက် အခြားနိုင်ငံများရှိ သင်ခန်းစာများကို မည်သည်ကအလုပ်ဖြစ်သည်၊ မည်သည်က အလုပ်မဖြစ်ကြောင်းကို သေသေချာချာလေ့လာလေ့ရှိကြပါတယ်။ ခေါင်းဆောင်တိုင်းသည် ခရီးသွားသည့်အခါတိုင်း အခြားနိုင်ငံများရှိ တက်ကြွလှုပ်ရှားသူများနှင့် ယုံကြည်မှုယူခြင်း၊ မိတ်ဆွေဖြစ်မှုများ တည်ဆောက်လေ့ရှိပြီး နောက်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာပံ့ပိုးမှုများရရန်၊ စည်းလုံးမှုရရန်၊ ၎င်းတို့ရဲ့ အသိပေးတောင်းဆိုခြင်း လှုပ်ရှားမှုများအတွက် ထောက်ခံမှုများရရန် ကြိုးပမ်းကြပါတယ်။

မော်စကိုအခြေစိုက် အိတ်ချ်အိုင်ဗွီအရေးတောင်းဆိုသူ ဗိုက်တယ်လီ–ဇူမာဂလီက သူ၏ ရုရှားမှအတွေ့ အကြုံများကို အောက်ပါအတိုင်းရှင်းပြခဲ့ပါတယ်။

စည်းရုံးလှုံ့ဆော်မှုဆိုတာ ရုရှားမှာ အထူးအဆန်းတစ်ခုပါ။ ရုရှားဘာသာစကားမှာ အဓိပ္ပာယ်တူတဲ့စကား လုံးဝေါဟာရ မရှိပါဘူး။ တစ်ဦးချင်းကို စည်းရုံးပြောဆိုခြင်းက အလုပ်မဖြစ်ပါဘူး။ လက်ရှိလုပ်ငန်းတွေကို ရှေ့ဆက်နိုင်ဖို့ အတွက် အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်နဲ့ပတ်သက်နေတဲ့ လူတိုင်း၊ အဖွဲ့အစည်းတိုင်းက စုစည်းပြီး အားဖြည့်ကြရမှာပါ။ ဒါဟာ စည်းရုံးလှုံ့ဆော်မှုပါဘဲ။ အကယ်၍ ခင်ဗျားတို့ရဲ့ နိုင်ငံသမိုင်းမှာ သို့မဟုတ် ယဉ်ကျေးမှုမှာ စည်းရုံးလှုံ့ဆော်မှုဆိုတာ မရှိခဲ့ရင်တော့ တခြားနေရာတွေ(နိုင်ငံတွေ)ကနေ လမ်းညွှန်မှုတွေကို ရယူရပါလိမ့်မယ်။

မှန်ပါတယ်။ နိုင်ငံတကာမှ စံညွှန်းများ၊ အတွေးအခေါ်ဆန်းများကို တက်ကြွလှုပ်ရှားသူတွေက ရယူနေပေမဲ့ ထိရောက်တဲ့ စည်းရုံးလှုံ့ဆော်မှုဖြစ်ဖို့ရာ ကျွန်ုပ်တို့အသုံးပြုတဲ့ နည်းလမ်းပရိယာယ်တွေဟာ ကျွန်ုပ်တို့ရဲ့ ဒေသခံဘာသာ စကား၊ ဒေသခံယဉ်ကျေးမှု၊ နိုင်ငံရေးပတ်ဝန်းကျင်တွေနဲ့ အံဝင်ခွင်ကျရှိမှ အလုပ်ဖြစ်မှာပါ။

အချုပ်အားဖြင့် စည်းရုံးလှုံ့ဆော်မှုလုပ်ဆောင်တဲ့ အစုအဖွဲ့များဟာ စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ လှုပ်ရှားမှုများကို ဒီဇိုင်းဆွဲတဲ့နေရာတွေမှာနဲ့ လုပ်ဆောင်တဲ့နေရာတွေမှာ အောက်ပါအဆင့်များကို လိုက်နာသင့်ကြောင်း အကြံပြုပါတယ်။

ထိုအချက်များကို အခန်း(၂)နှင့် အခန်း(၃)တွင် ရှင်းပြထားပါတယ်။

- နိုင်ငံရေးအခြေအနေကို သုံးသပ်ပါ။
- လူထုနှင့် တိုင်ပင်ဆွေးနွေးပါ။
- အဖွဲ့၏ အားသာချက်များကို ဖော်ထုတ်ပါ။
- ဖြစ်ပေါ်လာနိုင်သော ဘေးအန္တရာယ်ကို မှန်းဆပါ။
- ဖြစ်နိုင်ချေရှိသော ပန်းတိုင်များကို တိကျစွာ ချမှတ်ပါ။
- ပစ်မှတ်ကို သုံးသပ်ပါ။
- သင်ကြိုတင် စီစဉ်ထားသည်နှင့် ရရှိလာသောရလဒ်အပေါ် အကဲဖြတ်သုံးသပ်ပါ။

သင်၏ စည်းရုံးလှုံ့ဆော်မှုအစီအစဉ်တွင် နည်းလမ်းပရိယာယ်မျိုးစုံပါဝင်သင့်ပါတယ်။ အခန်း(၄)နှင့် အခန်း(၅)တွင် နည်းလမ်းပရိယာယ် တစ်ခုချင်းစီကို ဆွေးနွေးထားပါတယ်။

- ထောက်ခံပေးရန်စည်းရုံးခြင်းနှင့် ချဉ်းကပ်ခြင်း။
- နိုင်ငံတကာအဖွဲ့အစည်းများနှင့် အလုပ်လုပ်ခြင်း၊ ကမ္ဘာ့ကုသလမဂ္ဂအဖွဲ့နှင့်အတူ လုပ်ကိုင်ခြင်း။
- သတင်းမီဒီယာများကို တက်ကြွလှုပ်ရှားစေခြင်း။
- လူထုကို တက်ကြွပါဝင်လှုပ်ရှားစေခြင်း။
- မိတ်ဘက်အဖွဲ့များနှင့် ညွန့်ပေါင်းအသွင် လုပ်ဆောင်ခြင်း။

ဤစာအုပ်၏နောက်ဆုံးပိုင်းတွင် စာအုပ်အတွင်းအသုံးပြုထားသည့် ဝေါဟာရများစာရင်းပါရှိပြီး စည်းရုံးလှုံ့ဆော်မှုဆိုင်ရာရှာဖွေလေ့လာလိုပါက အသုံးဝင်မည့်စာအုပ်များနှင့် အင်တာနက်စာမျက်နှာများ စာရင်းကိုပါ ထည့်သွင်းထားပေးပါတယ်။

■ ■ ■

# ပတ်ဝန်းကျင်ကိုလေ့လာဆန်းစစ်ခြင်း

အသိပေးတောင်းဆိုသူများသည် နည်းဗျူဟာတစ်ခုကို မကျင့်သုံးခင်အရင်ဦးဆုံး လေ့လာဆန်းစစ်ရမည့်နည်းလမ်း(၅)သွယ်မှာ

- ဥပဒေများနှင့်မူဝါဒများအားဆန်းစစ်ခြင်း။
- နိုင်ငံရေးအခင်းအကျင်းအားဆန်းစစ်ခြင်း။
- လူထုနှင့်ဆွေးနွေးတိုင်ပင်ခြင်း၊
- ဖြစ်နိုင်ချေရှိသောအန္တရာယ်များအားဆန်းစစ်ခြင်း။
- သင်၏ အကြောင်းအရာကို ရွေးချယ်ခြင်း။

အသင်းအဖွဲ့များသည် အထက်တွင် ဖော်ပြထားသည့်အချက်များ အားလုံးမပါဝင်လည်း စည်းရုံးလှုံ့ဆော်မှုကိုလုပ်ဆောင်နိုင်ပါတယ်။ လူအများစုကလည်း ထိုကဲ့သို့ပင်လုပ်ဆောင်ကြပါတယ်။ သို့သော်လေ့လာဆန်း စစ်ခြင်း၊ ဆွေးနွေးခြင်းနှင့်သုတေသနပြုခြင်းတို့သည် အသင်းအဖွဲ့တစ်ခုအား မဟာဗျူဟာကြွယ်ဝရန်၊ အကန့်အသတ်ဖြင့်ရသောအရင်းအမြစ်များကို ကောင်းမွန်မှန်ကန်စွာ အသုံးချတတ်ရန်နှင့် ပေါ်ပေါက်လာသော အခွင့်အရေးများကို ကောင်းစွာအသုံးချတတ်ရန် ကူညီပေးပါတယ်။

စည်းရုံးလှုံ့ဆော်မှုလုပ်ဆောင်သူများသည် နိုင်ငံရေးအခင်းအကျင်းအား အစဉ်တစိုက်တွေးတော ဆွေးနွေးသည့်အလေ့အထကို စည်းရုံးလှုံ့ဆော်သည့် လူထုလှုပ်ရှားမှုကို မစတင်မီအချိန်တွင်သာမက လုပ်ဆောင်နေစဉ်နှင့် လုပ်ဆောင်ပြီးချိန်တို့တွင်လည်း ပြုလုပ်လေ့ရှိပါတယ်။ နိုင်ငံရေးအခင်းအကျင်းများမှာ အစဉ်တစိုက်ပြောင်းလဲနေပြီး စည်းရုံးလှုံ့ဆော်မှုကို လုပ်ဆောင်သူများသည်လည်း ထိုပြောင်းလဲမှုများနှင့် လိုက်လျောညီထွေဖြစ်ရန် ပြောင်းလဲရမည်ဖြစ်ပါတယ်။

**ဥပဒေများနှင့်မူဝါဒများအားဆန်းစစ်ခြင်း**

စာစဉ်၏ပထမစာအုပ်ဖြစ်တဲ့ သိခြင်း - လူ့အခွင့်အရေးမူဘောင်များ(Know It : The Rights Framework)ကို တရုတ်၊ အင်္ဂလိပ်နှင့် ထိုင်းဘာသာအဖြစ် http://asiacatalyst.org/nonprofit survival skills/ တွင် ဒေါင်းလုပ်ရယူနိုင်ပါတယ်။ ဒီစာအုပ်သည် အပြည်ပြည်ဆိုင်ရာစံအခွင့်အရေးများနှင့် ၎င်းတို့အားအသုံးပြု၍ ပြည်တွင်းပြဿနာများကို လေ့လာဆန်းစစ်နိုင်ရန် ရှင်းလင်းဖော်ပြထားပါသည်။ ဒုတိယစာအုပ်ဖြစ်သည့် သက်သေပြခြင်း(Prove It)သည် အခွင့်အရေးချိုးဖောက်ခံရမှုများနှင့်ပတ်သက်သော အထောက်အထားများကို မည်ကဲ့သို့စုဆောင်းရမည်ကို ရှင်းလင်းတင်ပြထားပါတယ်။ ၎င်းတို့သည် စည်းရုံးလှုံ့ဆော်မှု လုပ်ဆောင်ဖို့ပြင်ဆင်ခြင်းအတွက် အရေးပါသော ပထမခြေလှမ်းများဖြစ်တယ်။ ထို့အပြင်မြို့ သို့မဟုတ် ရပ်ကွက်၊ နိုင်ငံ၏ ဥပဒေများနှင့် မူဝါဒများအားလုံးကိုသိထားရန် အလွန်အရေးကြီးပါတယ်။ ၎င်းတို့ထဲမှတော်တော်များများကို အွန်လိုင်းပေါ်တွင်ရယူနိုင်ပါတယ်။ အောက်မှာပါတဲ့အရင်းအမြစ်တွေနဲ့လဲ ဆွေးနွေးတိုင်ပင်နိုင်ပါတယ်။

- ပြည်သူ့ရှေ့နေများ
- ဥပဒေအကျိုးဆောင်အဖွဲ့အစည်းများရှိစာကြည့်တိုက်များ (သို့) အချက်အလက်များ သိမ်းဆည်းရာနေရာများ။
- ပြည်တွင်းအစိုးရအဖွဲ့အစည်းများ၏ စာစောင်များနှင့်အင်တာနက်စာမျက်နှာများ။
- ကုလသမဂ္ဂအေအိုင်ဒီအက်(စ်)တိုက်ဖျက်ရေးအဖွဲ့(UNAIDS) (သို့) ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများ၏ အင်တာနက်စာမျက်နှာများ။
- ပြည်သူ့စာကြည့်တိုက်များ
- AIDSLEX နှင့် the Canadran HIV/AIDS Legal Network ၏ အင်တာနက် စာမျက်နှာတွင် ဖော်ပြထားသော စံပြဥပဒေများ။
- Asia Catalyst ရဲ့ အေအိုင်ဒီအက်(စ်)ဥပဒေဆိုင်ရာ အချက်အလက်များ သိမ်းဆည်းရာနေရာတွင် ပုံနှိပ်ထုတ်ဝေထားသော အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်(စ်) HIV/AIDS Oya'rsm;udk http://asiacatalyst.org/laws/တွင်ရယူနိုင်ပါတယ်။ နိုင်ငံတကာအန်ဂျီအိုများဖြစ်တဲ့ အပြည်ပြည်ဆိုင်ရာလိင်တူချစ်သူများ အခွင့်အရေးကော်မရှင် (International Gay and Lasbian Legal rights Commission(LGLHRC)) ESifh Harm Reduction International (odkY) Asia Catalyst တို့ရဲ့အစီရင်ခံစာများ။
- နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများဖြစ်သော လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ Legal Rights Watch သို့မဟုတ် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (Amnesty International)

တို့၏ သင့်နိုင်ငံနှင့်သက်ဆိုင်သော အစီရင်ခံစာများ (၎င်းအင်တာနက်စာမျက်နှာများကို အချို့နိုင်ငံများတွင် ဝင်ရောက်ကြည့်နိုင်မည်မဟုတ်ပေ)

- Universal Periodic Review လုပ်ငန်းစဉ်အတွက် အစိုးရ၏အဆိုတင်သွင်းချက်များကို ဖော်ပြထားသော အင်တာနက် စာမျက်နှာများ (http://www.ohchr.org/EN/HRBodies/UPR/Pages/UPRMain.asp_)
- အိတ်(ချ်)အိုင်ဗွီ၊ အေအိုင်ဒီအက်(စ်)၊ တီဘီနှင့်ငှက်ဖျားရောဂါတို့အား တိုက်ဖျက်ရန်အတွက် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ Global Fund သို့ ပေးပို့သော နိုင်ငံ၏အဆိုပြုလွှာများ။

သင့်အနေနှင့် ထိုသတင်းရင်းမြစ်များကို အွန်လိုင်းပေါ်ရှာဖွေရာမှာ အခက်အခဲရှိပါက ပြည်တွင်းအန်ဂျီအို သို့မဟုတ် နိုင်ငံတကာအန်ဂျီအိုများကို ဆက်သွယ်၍ ထိုသတင်းရင်းမြစ်များအား သင့်ကိုမျှဝေပေးရန် အကူအညီတောင်းနိုင်ပါတယ်။ ဤဥပဒေများနှင့် စံသတ်မှတ်ချက်များသည် စည်းရုံးလှုံ့ဆော်မှုအတွက် မရှိမဖြစ်လိုအပ်သောအရာများဖြစ်တယ်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည်အစိုးရက လေးစားလိုက်နာပါမည်ဟု ကတိပြုထားသည့်အရာများဖြစ်သောကြောင့် ဖြစ်ပါတယ်။ အားစိုက်ထုတ်မှုများဖြစ်သောကြောင့် ဖြစ်ပါတယ်။

## နိုင်ငံရေးအခြေအနေအားဆန်းစစ်ခြင်း

သင့်အနေဖြင့် သင်၏လူ့အခွင့်အရေးများအကြောင်းကို လေ့လာပြီးပြဿနာတွေကို မှတ်တမ်းတင်နေစဉ်မှာပဲ သင်သည် နိုင်ငံရေးအခြေအနေ အခင်းအကျင်းကို တွေးတောပြီး အသိပေးတောင်းဆိုလှုပ်ရှားနိုင်မည့် အခွင့်အရေးအချို့ ကိုလည်း ဖော်ထုတ်နိုင်ပါတယ်။

ဗိုလ်ချုပ်တစ်ဦးဟာ သည်နယ်မြေတစ်ခုကို သိမ်းပိုက်တော့မည်ဆိုရင် ဦးစွာနယ်မြေအနေအထားကို လေ့လာ သုံးသပ်ပါတယ်။ သူဟာ မြေပြင်၊ ရေပြင်၊ သစ်ပင်တွေ၊ တောင်ကုန်းတွေ ဒီတပ်ဖွဲ့ရဲ့အားနည်းချက်များနှင့်အားသာချက် များ၊ ပြိုင်လျှင်မည်သည့် အခွင့်အလမ်းများနှင့်အန္တရာယ်များ ကြုံတွေ့ရနိုင်သလဲဆိုတာကို ထည့်စဉ်းစားပါတယ်။ ထိုဗိုလ် ချုပ်ကဲ့သို့ပင် စည်းရုံးလှုံ့ဆော်သူဟာ နိုင်ငံရေးအနေအထားကို အမြဲတွေးတောပြီး နယ်မြေသစ်တစ်ခုကို ပိုင်ဆိုင်နိုင်မယ့် အခွင့်အရေးများကို ရှာဖွေနေရပါမယ်။ စည်းရုံးလှုံ့ဆော်သူတွေအနေနဲ့ မိမိကိုယ်ကို ပြန်မေးရသည့်မေးခွန်းမှာ နိုင်ငံရေး အနေအထားသည် မိမိတို့ရှာဖွေနေသည့် အခွင့်အရေးစစ်စစ်ကိုရရှိအောင် လုပ်ဆောင်ပေးနိုင်မလားဆိုတာပင် ဖြစ်ပါတယ်။ စည်းရုံးလှုံ့ဆော်သည်မှရရှိလာသော အခွင့်အရေးများကို ကောင်းစွာရယူတတ်သူများဖြစ်ရပါမယ်။ ၎င်းတို့က ၎င်းတို့၏ ပြဿနာအရေးကိစ္စကို ချပြနိုင်မည့် တကယ့်အခွင့်ထူးကြီးကို အမြဲရှာဖွေနေသူများဖြစ်ပါသည်။

ဤသတင်း အချက်အလက်များကို သင်ဘယ်ကရမှာလဲ။ အခွင့်အရေးတွေကိုကော သင်ဘယ်လိုရှာဖွေ တွေ့ရှိနိုင်မလဲ။ ပထမဦးစွာ ပြည်တွင်းပြည်ပသတင်းများကို နေ့စဉ်ဖတ်ပါ။ ထိုသို့ဖတ်ခြင်းကြောင့် နိုင်ငံရေး အခြေအနေ ကို သင်ပို၍ နားလည်လာပါလိမ့်မယ်။ ထိုသို့နားလည်လာသောအခါ သေချာသော စည်းရုံးလှုံ့ဆော်မှု အခွင့်အရေးများကို သင်တွေ့ရှိလာပါလိမ့်မယ်။

ဒုတိယအနေဖြင့် နိုင်ငံရေးအခင်းအကျင်းကို သင်လေ့လာနေစဉ်မှာ သတင်းအချက်အလက်များ ပေးနိုင်သော သူတို့နှင့်ရင်းနှီးကျွမ်းဝင်မှုရယူပါ။ တစ်ချို့လူတို့တွင် မည်သူနှင့်မျှမတူသော သတင်းအချက်အလက်များရှိနေတတ်ပါတယ်။

ထိုလူပုဂ္ဂိုလ်တွေနှင့် အချိန်ပေးပြီးတွေ့ဆုံပါ။ လက်ဖက်ရည် ကော်ဖီသောက်ရင်းဖြစ်စေတွေ့ဆုံပါ။ ၎င်းတို့နှင့် လက်ဖက်ရည်သောက်ရင်းတွေ့ဆုံခြင်းသည် သင့်အတွက်ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်သည်။ အကျိုးဆက်အနေဖြင့် သင်သည် ၎င်းတို့မှတစ်ဆင့် စည်းရုံးလှုံ့ဆော်မှု လှုပ်ရှားမှုအတွက် အခွင့်အရေးများကို လေ့လာသင်ယူနိုင်ပါလိမ့်မယ်။

နိုင်ငံရေးအခင်းအကျင်းများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကိုရှာဖွေရရှိနိုင်မည့် အချို့ဥပမာများမှာ

- တရားရေးဝန်ကြီးဌာန Ministry of Justice (သို့) ပြည်ထဲရေးဝန်ကြီးဌာန Ministry of the Interior တို့ရဲ့အင်တာနက်စာမျက်နှာကိုလေ့လာပါ။ ထိုအထဲမှာဆေးဝါးဆိုင်ရာ မူဝါဒကိုကြီးကြပ်တဲ့ အရာရှိတို့၏ အမည်များကို တွေ့ပါလိမ့်မယ်။ ။
- မိမိနိုင်ငံမှာရှိတဲ့ အိတ်ချ်အိုင်ဗွီနဲ့အသက်ရှင်နေထိုင်သောသူများ(PLWHA) သို့မဟုတ် အေအိုင်ဒီအက်စ် အန်ဂျီအို ကွန်ယက်တွေနဲ့တွေ့ဆုံပြီး မိမိနေရပ်ဒေသတွင် အိတ်ချ်အိုင်ဗွီ (HIV) ကူးစက်မှုအန္တရာယ် လျှော့ချရေးကို တိုးမြှင့်လုပ်ဆောင်နေသည့် အဖွဲ့အစည်းတို့၏အမည်များနှင့် ထိုအဖွဲ့အစည်းများတွင်ရှိသော ဝန်ထမ်းတို့ရဲ့ အီးမေးလိပ်စာကိုရယူပါ။
- အိတ်ချ်အိုင်ဗွီ(HIV) ကူးစက်မှုအန္တရာယ်လျှော့ချရေးဆိုင်ရာ အမျိုးသားမူဝါဒကို မိတ္တူတစ်စောင်ကူးယူထားပါ (အကယ်၍ရှိခဲ့လျှင်)။
- တက္ကသိုလ်ပါမောက္ခတစ်ဦးကိုဆက်သွယ်ပြီး ဆေးဝါးဆိုင်ရာမူဝါဒများနှင့် ဥပဒေများကိုမည်သို့ ရေးဆွဲရမည် ဆိုသည်ကိုမေးမြန်းပါ။

သင်ပို၍ နားလည်သဘောပေါက်လာပြီဆိုလျှင် အောက်ဖော်ပြပါမေးခွန်းများက အခွင့်အရေးများကိုရှာဖွေနိုင်ရန် သင့်အားကူညီပါလိမ့်မယ်။

- သင့်ပတ်ဝန်းကျင်တွင် အဓိကငြင်းခုန်နေကြသည့် နိုင်ငံရေးဆိုင်ရာအကြောင်းအရာတို့က မည်သည့်အရာများဖြစ်သလဲ။ မည်သူတို့ကမည်သည့်ဘက်မှ ပါဝင်ငြင်းခုန်နေကြသလဲ။
- သင့်နိုင်ငံရေးခေါင်းဆောင်မှု၏ တရားဝင်ဖြစ်မှုဆိုင်ရာရင်းမြစ်တွေက ဘာတွေလဲ။ ဘယ်အကြောင်းအရာတွေ သို့မဟုတ် လူတွေကအတိတ်မှာ လူထုကြားပဋိပက္ခကိုဖြစ်ပေါ်အောင် လှုံ့ဆော်ခဲ့သလဲ။
- ဘယ်အကြောင်းအရာတွေ လူတွေကနေ လူမျိုးနွယ်စု၊ လူမှုရေး၊ စီးပွားရေး(သို့)နိုင်ငံရေးကဲ့သို့သော စည်းခြား သတ်မှတ်မှုတွေကို ဖြတ်ကျော်အောင်မြင်ပြီး ဖြစ်သလဲ။
- ဘယ်လိုအဓိကနိုင်ငံရေးကိစ္စများကို လတ်တလောသတင်းများတွင် ဖော်ပြနေသလဲ၊ ဒါတွေက တိုးတက်မှုတွေလား။ ဆုတ်ယုတ်မှုတွေလား။ သို့မဟုတ် နှစ်ခုစလုံးလား။
- မဝေးတော့သည့် နိုင်ငံရေးအနာဂတ်တွင် ဘယ်လိုအဓိကကျသော နိုင်ငံရေးဖြစ်စဉ်တွေဖြစ်ပေါ်လာမလဲ။ ဒီဖြစ်စဉ်တွေက နိုင်ငံရေးအခင်းအကျင်းကို မည်သို့ပြောင်းလဲပေးမလဲ။ လတ်တလောတွင် နိုင်ငံခေါင်းဆောင်အနေဖြင့် ပြည်သူတွေအပေါ် မည်သို့သောကတိတွေပေးထားလဲ၊ ဒီကတိများထဲမှ သင်၏လုပ်ငန်းခွင်တွင် အသုံးချနိုင်မည့် အရာမျိုးရှိပါသလား။
- သင့်ကိစ္စ။ ပြဿနာကိုမည်သူတို့က ကိုင်တွယ်လုပ်ဆောင်ပေးနေသလဲ။ ထိုသူတို့က ဘာတွေကို လုပ်ဆောင်နေသလဲ။ ဥပမာ–အောက်ပါအချက်များသည် အိတ်(ချ်)အိုင်ဗွီ (HIV) ကူးစက်မှုအန္တရာယ် လျှော့ချရေးကို လုပ်ဆောင်နေသည့် လှုံ့ဆော်ဆောင်ရွက်နေသည့်အဖွဲ့အတွက် အခွင့်အရေးအချို့ဖြစ်ပါတယ်။
- ရာထူးကြီးသော ဩစတြေးလျကိုယ်စားလှယ်အဖွဲ့က သင့်နိုင်ငံကိုအလည်လာရောက်ပြီး အရာရှိများနှင့် တွေ့ဆုံကာ မူးယစ်ဆေးဝါးဆိုင်ရာမူဝါဒများအကြောင်း ဆွေးနွေးမည်ဟုကြေငြာလိုက်ပါတယ်။
- နိုင်ငံတကာအလှူရှင်တစ်ဦးမှ သင့်နိုင်ငံတွင်လုပ်ဆောင်နေသည့် အိတ်(ချ်)အိုင်ဗွီ (HIV) ကူးစက်မှုအန္တရာယ် လျှော့ချရေး လုပ်ငန်းအတွက် အလှူငွေထောက်ပံ့ပေးတော့မည်ဟု သတင်းတစ်ခုမှတဆင့် သင်သိရှိလိုက်ပါတယ်။
- ရာထူးကြီးအရာရှိများက မူးယစ်ဆေးဝါးတားဆီးရေးကို စတင်အကောင်အထည်ဖော်ရန်အတွက် ငါးနှစ်စီမံကိန်း ရေးဆွဲရန် အကောင်အထည်ဖော်သည့် အဖွဲ့တစ်ဖွဲ့ကိုဖွဲ့စည်းလိုက်ပါတယ်။
- သတင်းစာတစ်စောင်မှ 'စစ်နှင့်မူးယစ်ဆေးဝါးများ'ဆိုသည့် ဆောင်းပါးရှည်တစ်ပုဒ်ကို ပုံနှိပ်ဖော်ပြလိုက်ပါသည်။ လူအများစုက ထိုအကြောင်းတို့ကိုဖတ်ရှုပြီး ပြောဆိုဆွေးနွေးကြပါတယ်။

အထက်ကအဖြစ်အပျက်တစ်ခုချင်းစီသည် စည်းရုံးလှုံ့ဆော်သူအတွက် အိတ်(ချ်)အိုင်ဗွီ(HIV)ကူးစက်မှုအန္တရာယ် လျှော့ချရေးလုပ်ငန်းကို တိုးတက်လာအောင်လုပ်ပေးမည့် နိုင်ငံရေးအခွင့်အလမ်း တစ်ခုခုတော့ရှိနိုင်သည်ဆိုသည့် လက္ခဏာပဲဖြစ်ပါတယ်။ ၎င်းတို့က မူဝါဒကိုပြောင်းလဲနိုင်မည့် တကယ့်အခွင့်အရေးများကိုလည်း ဖော်ပြထားပါတယ်။ ဥပမာ– အိတ်(ချ်)အိုင်ဗွီ(HIV) ကူးစက်မှုအန္တရာယ်လျှော့ချရေးအတွက် စည်းရုံးလှုံ့ဆော်မှုပြုလုပ်နေသည့်သူတစ်ဦးသည် အောက်ပါအချက်တို့ကို ပြုလုပ်နိုင်ပါတယ်။

- ဩစတြေးလျကိုယ်စားလှယ် အလည်အပတ်ခရီးစဉ် မစတင်မီ၎င်းတို့နှင့် အဆက်အသွယ်ရအောင်လုပ်ပါ။ တစ်ဦးဦးမှမိမိနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်တစ်ဦးတွေ့ဆုံနိုင်အောင် စီစဉ်ပေးနိုင်မလားဆိုတာစုံစမ်းပါ၊ သို့မဟုတ် ၎င်းတို့မလာခင် အိတ်(ချ်)အိုင်ဗွီ (HIV)ကူးစက်မှုအန္တရာယ်လျှော့ချရေးနှင့်ပတ်သက်၍ မည်သည်တို့ကို လုပ်ဆောင်သင့်ကြောင်းကို ၎င်းတို့အား ပြောပြ၍ရနိုင်မလားဆိုတာ စုံစမ်းပါ။
- နိုင်ငံတကာလှူရှင်နှင့်လှူဒါန်းမည့် အစီအစဉ်ရေးဆွဲနေစဉ်အဆင့်တွင် ထိုအလှူရှင်နှင့်တွေ့ဆုံခွင့်ရအောင် တောင်းဆိုပါ။ ပြီးလျှင်ပို၍ကောင်းမွန်သည့် မူဝါဒများထွက်ပေါ်လာအောင် အလှူရှင်အနေဖြင့် မည်သည့်ကဏ္ဍများကို ထောက်ပံ့သင့်ကြောင်း အကြံပြုပါ။
- အရာရှိတို့၏ ငါးနှစ်စီမံကိန်းအပေါ် အကြံပြုစာပေးပို့ပါ။ ၎င်းတို့အနေဖြင့် အိတ်(ချ်)အိုင်ဗွီ (HIV) ကူးစက်မှုအန္တရာယ် လျှော့ချရေးနှင့် သက်ဆိုင်သည့်မူဝါဒများကို ထည့်သွင်းပေးရန် အကြံပြုချက်များနှင့် ယဉ်ကျေးစွာ ရေးသားထားသောစာကိုပေးပို့ပါ။ ထိုစာကို အခြားအိတ်(ချ်)အိုင်ဗွီ၊ အေအိုင်ဒီအက်(စ်)နှင့် အိတ်(ချ်)အိုင်ဗွီ(HIV) ကူးစက်မှုလျှော့ချရေး အဖွဲ့အစည်းများကိုလည်း ပါဝင်ရေးသားစေပါ။
- သတင်းစာအယ်ဒီတာဆီသို့ စာတစ်စောင်ရေးသားပေးပို့ပါ။ စာထဲတွင်ဆောင်းပါးရှည်နှင့်အိတ်(ချ်)အိုင်ဗွီ (HIV) ကူးစက်မှုအန္တရာယ်လျှော့ချရေးအပေါ် မူဝါဒအကြံပြုချက်များ ဖော်ပြပေးသည့်အတွက် သင့်အနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ရေးသားဖော်ပြပါ။

**ဖြစ်ရပ်တစ်ခုကိုလေ့လာခြင်း**

တရုတ်တို့၏ အိတ်(ချ်)အိုင်ဗွီ၊ အေအိုင်ဒီအက်(စ်) ဝေဒနာသည်များအပေါ် ခွဲခြားဆက်ဆံမှုဆန့်ကျင်ရေး လူထုလှုပ်ရှားမှုတစ်ခု (ယုဖန်ကွင်း Yu Fangqiang ၏ တင်ပြမှု)

၂၀၁၁ ခုနှစ်ရဲ့ ကမ္ဘာ့အေအိုင်ဒီအက်(စ်)နေ့ မတိုင်ခင်နှစ်ရက်အလိုတွင် အားလုံးအတွက် တရားမျှတမှု (Justic for All)ဆိုသည့် တရုတ်လူ့အခွင့်ရေးလှုပ်ရှားမှုအဖွဲ့မှ တက်ကြွလှုပ်ရှားသူများသည် ၎င်းတို့နှစ်လကျော်ကြာ စုဆောင်းခဲ့သည့် လူတွေပြုံးပျော်နေပုံကိုရိုက်ကူးထားသော ဓာတ်ပုံပေါင်း ၁၂,၆၂၁ပုံကို တရုတ်ပြည်ရှိ အစိုးရအဖွဲ့အစည်း အတော်များများဆီသို့ အင်တာနက်မှတစ်ဆင့်ပေးပို့ခဲ့ပါတယ်။

ဤလှုပ်ရှားမှုသည် တောင်းဆိုမှုတစ်ခုဆိုတာထက်ကို ပိုပါတယ်။ ၎င်းသည်တရုတ်ပြည်ရှိ အိတ်(ချ်)အိုင်ဗွီ၊ အေအိုင်ဒီအက်(စ်)ဝေဒနာသည်များအပေါ် ခွဲခြားဆက်ဆံမှုပပျောက်ရေးအတွက် အခြေခံလူ့တန်းစားများ ပါဝင်လှုပ်ရှားသည့် အကြီးမားဆုံးသော လူထုလှုပ်ရှားမှုတစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့၏ ဆောင်ပုဒ်မှာ – **"အိတ်(ချ်)အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ဝေဒနာသည်များအပေါ် ခွဲခြားဆက်ဆံမှုကို တိုက်ဖျက်ဖို့အပြုံး တစ်သောင်းစုဆောင်းစို့"** ဖြစ်ပါတယ်။

'အပြုံးတစ်သောင်း' လူထုလှုပ်ရှားမှုအတွက် Justic for All သည် တရုတ်လူသားအရင်းအမြစ်ဌာနနှင့် လူမှုဖူလုံရေးဌာနတို့ကို ပစ်မှတ်ထားလှုပ်ရှားခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ထိုဌာနနှစ်ခုဟာ တရားမျှတမှုမရှိသောမူဝါဒများကို ချမှတ်ခဲ့သောကြောင့်ဖြစ်ပါတယ်။ စစချင်းမှာဘဲ ကျွန်တော်တို့၏လူထုလှုပ်ရှားမှုဟာ အတော်လေးအောင်မြင်ခဲ့ပါတယ်။ ကမ္ဘာ့အေအိုင်ဒီအက်စ်နေ့တွင် ဝန်ကြီးချုပ်ဝမ်ကျားပေါင်က အိတ်(ချ်)အိုင်ဗွီ၊ အေအိုင်ဒီအက်(စ်)ဝေဒနာသည်များအပေါ် ခွဲခြားဆက်ဆံမှုကို ပပျောက်အောင်ကြိုးစားလုပ်ဆောင်မည်ဟု ကတိပြုခဲ့ပါတယ်။ ပြီးလျှင် အစိုးရဌာနတိုင်းကိုဆင့်ခေါ်ပြီး တရားမျှတမှုမရှိသည့် မူဝါဒများကိုဖျက်သိမ်းခိုင်းခဲ့ပါတယ်။ ၎င်းသည် ယခင်ကထိုသို့ပြောခဲ့ဖူးသော်ပြီး ဤတရားမျှတမှုမရှိတဲ့ မူဝါဒများကို ပြည်နယ်ကောင်စီမှာ ဖျက်သိမ်းပေးစေလိုသည့်ပြင်းပြသည့်ဆန္ဒမှာ ၎င်းတွင်အစစ်အမှန်ရှိနေပါတယ်။ လူထုလှုပ်ရှားမှုအကြောင်းကို ပိုမိုလေ့လာချင်ပါက အောက်ပါလိပ်စာတွင် ဝင်ရောက်လေ့လာပါ။
http://asiacatalyst.org/blog/2012/10/commentary-10000-smiles-a-chinese-campaign-against-hivaids-discrimination.html.

**နစ်နာခဲ့ရသောလူထုနှင့် ဆွေးနွေးတိုင်ပင်ခြင်း**

လူထုလှုပ်ရှားမှုတစ်ခု ဖွံ့ဖြိုးတိုးတက်လာချိန်မှာ ရှေးဦးလုပ်ဆောင်ရမည့် အရေးကြီးဆုံး လုပ်ဆောင်ချက်တစ်ခုမှာလူထုဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်ခြင်းပဲ ဖြစ်ပါတယ်။ ၎င်းသည် အစီအစဉ်ရေးဆွဲသည့်ဖြစ်စဉ်အတွက် အရေးကြီးပါတယ်။ ထို့ထက်ပိုအရေးကြီးတာကတော့ သည်မှာ၎င်းသည် အခြေခံလူ့အခွင့်အရေးသဘောတရားတစ်ခုဖြစ်သောကြောင့်ဖြစ်ပါတယ်။ ထိုအခွင့်အရေးမှာ လူတိုင်း၎င်းတို့၏ ဘဝများအပေါ်အကျိုးသက်ရောက်မှုရှိမည့် မူဝါဒများကိုရေးဆွဲရာတွင် ၎င်းတို့ကိုယ်တိုင်လည်း ပါဝင်ရေးဆွဲနိုင်သည့် အခွင့်အရေးမျိုးဖြစ်ပါတယ်။

အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ဝေဒနာသည်များ သို့မဟုတ် အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါကိုခုခံနိုင်စွမ်းမရှိသောသူများသည် ရံဖန်ရံခါတွင် ၎င်းတို့ကိုအကူအညီပေးနေသည့် အဖွဲ့အစည်းများ၏ ပစ်ပယ်ထားခြင်းကို ခံကြရပါတယ်။ ၎င်းတို့သည် မကြာခဏပင် ၎င်းတို့၏ ကောင်းကျိုးအတွက် ရည်မှန်းသည့် မူဝါဒများနှင့် အစီအစဉ်များရေးဆွဲရာတွင် ပါဝင်ကူညီနိုင်ခြင်းမရှိပေ။ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ဝေဒနာသည်များနှင့် ဆွေးနွေးတိုင်ပင်မှု မပြုလုပ်သော မူဝါဒများနှင့် အစီအစဉ်များဟာ မကြာခဏဆိုသလို ဝေဒနာသည်များ၏ လိုအပ်ချက်များကို အပြည့်အဝ ဖြည့်ဆည်းမပေးနိုင်ပေ။ ထို့အပြင် ၎င်းအစီအစဉ်များသည် ဝေဒနာသည်များအား ပစ်ပယ်ထားခြင်းကို ပိုမိုဖြစ်ပေါ်လာနိုင်စေပါတယ်။ ထိုကဲ့သို့ပင် လိင်တူချစ်သူများ(LGBT)များ၊ လိင်လုပ်သားများ၊ မူးယစ်ဆေးသုံးစွဲသူများနှင့် တိုင်းရင်းသားအနည်းစုများ အပေါ်တွင်လည်း အလားတူ အကျိုးသက်ရောက်မှုများရှိပါတယ်။ ဒါကြောင့်မို့လို့ လိင်လုပ်သားတွေက အလွန်ရေပန်းစားသော ဆောင်ပုဒ်တစ်ခုကို ဖန်တီးခဲ့ပါတယ်။ ဒီဆောင်ပုဒ်ကတော့ 'ကျွန်ုပ်တို့မပါဝင်သော မည်သည့်ကိစ္စမဆို ကျွန်ုပ်တို့နှင့် သက်ဆိုင်မှုမရှိပါ' ဖြစ်ပါတယ်။

စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ အစီအစဉ်ရေးဆွဲရာတွင် အကျိုးသက်ရောက်မှုခံခဲ့ရသော လူထု၏ ပါဝင်မှုသည် စည်းရုံးလှုံ့ဆော်မှုလူထုလှုပ်ရှားမှုအား အလွန်သြဇာသက်ရောက်မှုရှိစေမှာ ဖြစ်ပါတယ်။ လူထုသည် ၎င်းတို့၏ ကိုယ်တွေ့အတွေ့အကြုံကို ပြင်ပမှ ကျွမ်းကျင်သူများထက် ပိုမိုကွဲပြားစွာနားလည်နိုင်ကြပါတယ်။ ၎င်းတို့သည် ပြင်ပက ကျွမ်းကျင်သူတွေကို ပိုမိုကောင်းမွန်ထိရောက်သောမူဝါဒ အကြံပြုချက်များကို ဖော်ထုတ်လာနိုင်စေဖို့ ကူညီပေးနိုင်သည့် အရည်အချင်းတွေရှိပါတယ်။ အပစ်ပယ်ခံလူ့တန်းစားများကို ထိုပါဝင်ပတ်သက်ပေးစေမှုက ၎င်းတို့ကို လူထုလှုပ်ရှားပွဲ စီစဉ်ဖန်တီးသူများအဖြစ် ခံစားရစေပါတယ်။ ဤဖြစ်ရပ်သည်လူထု၏ လုပ်နိုင်သည့်စွမ်းရည်များကို မြှင့်တင်ပေးသည့်အတွေ့အကြုံပင်ဖြစ်သည်။

လူထုဆွေးနွေးတိုင်ပင်ခြင်းတွင် ပါဝင်ရမည့် အရေးကြီးသည့် ဆွေးနွေးမှုတစ်ခုမှာ 'ဤပြဿနာအတွက် အသုံးပြုမည့် ဖြေရှင်းနည်းသည် လူသားတို့၏ ဘဝများကို အမှန်တကယ်တိုးတက်ကောင်းမွန်စေနိုင်မလား' ဆိုသည်ပင်ဖြစ်ပါတယ်။ ထိုမေးခွန်းမျိုး၏အဖြေကို လူထုဆွေးနွေးတိုင်ပင်ခြင်းမှသာ ရရှိနိုင်မှာဖြစ်ပါတယ်။ ဥပမာအားဖြင့် စည်းရုံးလှုံ့ဆော်သူများက ကုလသမဂ္ဂကို စင်ပြိုင်အစီရင်ခံစာတစ်စောင်တင်သွင်းရန် တက်ကြွကောင်း တက်ကြွနေပါလိမ့်မယ်။ ဒါပေမဲ့ လူထုကတော့ ဤကိစ္စဟာသူတို့၏ဘဝကို တစ်နည်းနည်းဖြင့် ပြောင်းလဲပေးနိုင်လိမ့်မည်ဟု ထင်မှတ်မှာ မဟုတ်ပေ။

ကျွန်တော်တို့၏ အဓိကရည်မှန်းချက်ပန်းတိုင်သည် အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ဝေဒနာသည်များရဲ့ လူ့အခွင့်အရေးဆုံးရှုံးမှုတွေကို ပပျောက်ရန်ဖြစ်သည်ကို မမေ့ကြပါနှင့်။ ကျွန်တော်တို့ရဲ့ စိတ်နှလုံးထဲတွင် မိမိတို့၏ အဆုံးစွန်သော ရည်မှန်းချက်ပန်းတိုင်ကို အမြဲရှေ့တန်းတင်ပြီး အခြားကိစ္စများကြောင့် အချိန်ကုန်နှောင့်နှေးရမည့်အဖြစ်ကို ရှောင်ရှားကြရမည်ဖြစ်တယ်။ ဥပမာ– ကျွန်တော်တို့အား ရည်မှန်းချက်ပန်းတိုင်နှင့်ပိုမိုနီးကပ်အောင် မလုပ်ဆောင်ပေးနိုင်သည့် အစည်းအဝေးပွဲများနှင့် ညှိနှိုင်းဆွေးနွေးပွဲများတွင်သာ အချိန်ကုန်နေခြင်းမျိုးကို ရှောင်ရှားရမည်ဖြစ်တယ်။ ဒီနေရာတွင် အန္တရာယ်ကတော့ အမြဲရှိနေပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီလုပ်ဆောင်ချက်တွေကြောင့် အချိန်ပေါင်းများစွာနှင့် ရင်းမြစ်များစွာကုန်ဆုံးရပြီး လူ့အခွင့်အရေးချိုးဖောက်မှုတွေကိုလည်း အမှန်တကယ်ပပျောက်အောင် မစွမ်းဆောင်နိုင်တာကြောင့်ဖြစ်ပါတယ်။

ကောင်းမွန်မှန်ကန်သော စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ လူထုလှုပ်ရှားမှုတစ်ခုသည် ဟိုက်ရိုက်အကျိုး သက်ရောက်မှုခံနေရသောသူကို လုပ်ဆောင်မှုဖြစ်စဉ်၏ အဓိကဗဟိုချက်အဖြစ် သတ်မှတ်ပါတယ်။ ထို့ကြောင့် သူတို့နဲ့ဆွေးနွေးတိုင်ပင်ခြင်းကဏ္ဍသည် စီမံကိန်းအစ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်သင့်ပါတယ်။ ထို့အတူ စီမံကိန်းကိုအကောင်အထည်ဖော်နေစဉ် တလျှောက်လုံးလဲ ဖြစ်သင့်ပါတယ်။ စီမံကိန်းအပေါ် ပြန်လည်လေ့လာဆန်းစစ်နေချိန်နဲ့ အောင်မြင်မှုကို ခံစားနေပျော်ချိန်မှာလဲ သူတို့တွေပါဝင်ရမှာပေါ့။

## ဖြစ်ရပ်တစ်ခုအားလေ့လာခြင်း–တရုတ်ပြည်မှ တင်ဆက်မှုအနုပညာ

ဘေဂျင်းတွင် နှစ်စဉ်ကျင်းပသော အစည်းအဝေးနှစ်ခု " Two Meetings "ခေါ် အဆင့်မြင့်အစိုးရညီလာခံမှာ လိင်တူချစ်သူများ အခွင့်အရေးကိုထောက်ခံတဲ့ ထင်ရှားသောတရုတ်ပညာရှင်ဖြစ်သူ ပါမောက္ခလီယင်ဟီး (Prof. Li Yinhe)က ပြည်သူ့အမျိုးသားဥပဒေပြုလွှတ်တော်ကို 'လိင်တူချင်းလက်ထပ်ထိမ်းမြားခွင့်'နဲ့ပတ်သက်တဲ့ အဆိုကိုတင်သွင်းခဲ့ပါတယ်။ လီယင်ဟီးရဲ့ အဆိုတင်သွင်းမှုကို ထောက်ခံသောအားဖြင့် တရုတ်ပြည်အလယ်ပိုင်းတွင်တည်ရှိသော တက္ကသိုလ်ကျောင်းသူစေတနာ့ဝန်ထမ်းများဖြင့် ဖွဲ့စည်းထားသည့် Lesbian အဖွဲ့အစည်းတခုဖြစ်တဲ့ ဝူဟာန်ရိန်းဘိုး (Wuhan Rainbow)က အနုပညာတင်ဆက်မှုတစ်ခုကို မြို့လယ်တွင် ပြုလုပ်ခဲ့ပါတယ်။ ၎င်းတို့၏ တင်ဆက်မှုတွင် စုံတွဲနှစ်တွဲ လိင်တူလက်ထပ်ထိမ်းမြားပုံကိုလည်း တင်ဆက်ခဲ့ပါတယ်။ ၎င်းတို့သည် ထိုတင်ဆက်မှုကို လူသူရှုပ်ထွေးသည့် Wuhan လမ်းတွင်ပြုလုပ်ခဲ့ပါတယ်။ မင်္ဂလာဂါဝန်ရှည်ကိုဝတ်ဆင်ထားသည့် မိန်းမစုံတွဲနှင့်ဖဲပြားပါကုတ်အင်္ကျီကို ဝတ်ဆင်ထားသည့် ယောကျ်ားစုံတွဲနှစ်တွဲစာ လူအုပ်ကြားကနေ မီတာ(၅၀၀)အကွာတွင်ရှိတဲ့ ရေပန်းဆီသို့ လျှောက်လှမ်းခဲ့ကြပါတယ်။ ထိုအချိန်တွင် တေးဂီတအဖွဲ့မှ မင်္ဂလာသီချင်းကို တီးခတ်ပေးခဲ့တယ်။ စုံတွဲနှစ်တွဲ ရေပန်းသို့ရောက်သောအခါ မင်္ဂလာအခမ်းအနားကို စတင်ခဲ့ပါတယ်။ ၎င်းတို့သည် အချစ်ကဗျာများကိုရွတ်ဆိုပြီး လက်ထပ်လက်စွပ်များ လဲလှယ်ခဲ့ကြတယ်။ ပြီးနောက် မင်္ဂလာကျမ်းသစ္စာကျိန်ဆိုခြင်းကို ပြုလုပ်ခဲ့ကြတယ်။ မင်္ဂလာပွဲသည် လူပေါင်းများစွာ၏အာရုံကို ဖမ်းစားနိုင်ခဲ့ပြီး အင်တာနက်ပေါ်တွင်လည်း သတင်းပေးပို့ချက် အများအပြားရရှိခဲ့တယ်။ ပြည်တွင်းသတင်းစာများက ယင်းကိစ္စအပေါ် အလွန်စိတ်ဝင်စားမှုရှိပေမဲ့ဆင်ဆာအဖွဲ့မှ ခွင့်မပြုသောကြောင့် ထုတ်ဝေခွင့်မရရှိခဲ့ပေ။

အိုင်းယွင်းဟုခေါ်သော ပါဝင်လှုပ်ရှားခဲ့သူတစ်ဦး၏ ပြောကြားချက်အရ ဤအဖြစ်အပျက်မှ အောင်မြင်ခဲ့သည့် အဓိကအကြောင်းအရင်းများမှာ–

- လိင်တူလက်ထပ်ထိမ်းမြားခွင့်ဆိုသည့် အကြောင်းအရာသည် တရုတ်ပြည်တွင် အလွန်လေးနက်၍ အမှားမခံနိုင်သော ခေါင်းစဉ်တစ်ခုဖြစ်ပါတယ်။ သို့သော် ပြည်သူလူထုရှေ့မှောက်တွင် လက်ထပ်ပွဲပြုလုပ်ခြင်းဟာ စိတ်ဝင်စားစရာကောင်းပြီး လူအများအနေဖြင့် ဤကိစ္စအား တွေးတောစဉ်းစားလာစေရန် ပြုလုပ်နိုင်ခဲ့ပါတယ်။
- တက်ကြွလှုပ်ရှားသူများသည် ဒီလှုပ်ရှားမှုကို ပြည်သူလူထုရှေ့မှောက်တွင်ပြုလုပ်ရန် ခွင့်ပြုချက်တောင်းခံနိုင်ခဲ့ပြီး လုံခြုံရေးတာဝန်ခံများနှင့်လည်း ဆွေးနွေးညှိနှိုင်းနိုင်ခဲ့ပါတယ်။
- ၎င်းတို့သည် ဒီလှုပ်ရှားမှုနှင့်ပတ်သက်သော သတင်းထုတ်ပြန်ချက်ကိုပြုလုပ်နိုင်ခဲ့ပြီး ဓာတ်ပုံများလည်း ရိုက်ကူးခဲ့တယ်။ ၎င်းတို့ဟာ လှုပ်ရှားမှုနှင့်ပတ်သက်သော သတင်းအချက်အလက်များကို သတင်းထောက်များနှင့် အင်တာနက်စာမျက်နှာ အယ်ဒီတာများဆီသို့ပေးပို့ခဲ့တယ်။ ဒီသတင်းအချက်အလက်များဟာ သတင်းထောက်

များနှင့် အင်တာနက်စာမျက်နှာတည်းဖြတ်သူများအား ဤလှုပ်ရှားမှုအကြောင်းကို ရေးသားထုတ်ဖော်ရန်ပို၍ ဆန္ဒပြင်းပြလာစေခဲ့သည်။

- ပွဲစီစဉ်သူများအနေဖြင့် ဤအချိန်တွင် လူထုပညာပေးခြင်းကိုပြုလုပ်ရန် အခွင့်ကောင်းဖြစ်ကြောင်း သဘော ပေါက်ခဲ့ကြတယ်။ ထို့ကြောင့် ၎င်းတို့သည် LGBT အခွင့်အရေးများအကြောင်း ရေးသားထားသော လက်ကမ်း စာစောင်များကိုပြင်ဆင်ပြီး လှုပ်ရှားမှုပြုလုပ်နေစဉ်တွင် လမ်းပေါ်ရှိလူများအားရှင်းလင်း ပြောပြပေးခဲ့နိုင်ပါတယ်။
- ပွဲစီစဉ်သူများအား အကာအကွယ်ပေးရန်အတွက် လှုပ်ရှားမှုတွင်ပါဝင်သူ အားလုံးဟာနာမည်တုကို အသုံးပြု ခဲ့ကြသည်။ သတင်းစာများတွင်လည်း နာမည်တုကိုသာ အသုံးပြုခဲ့ကြပါတယ်။
- တက်ကြွလှုပ်ရှားသူများသည် ပွဲစီစဉ်နေချိန်အတောအတွင်းတွင် အန္တရာယ်ရှိနိုင်မည့် အခြေအနေများကို ချင့်ချိန် အကဲဖြတ်ခဲ့ကြပါတယ်။ ဥပမာ– လှုပ်ရှားမှုပွဲကျင်းပမည့်နေရာ လုံခြုံမှုရှိ/မရှိ၊ အကယ်၍ ရဲများရောက်လာပါက ၎င်းတို့အနေဖြင့် လုပ်ဆောင်ကြမည့်အရာများနှင့် အခြားအကြောင်းအရာများကို ကြိုတင်ပြင်ဆင်ထားခဲ့ကြ ပါတယ်။

**ဖြစ်ပေါ်လာနိုင်သော အန္တရာယ်ကို လေ့လာဆန်းစစ်ပါ။**

'၂၀၁၀ တွင် တောင်ကိုးရီးယား တက်ကြွလှုပ်ရှားသူများသည် ICAAPတွင် အဖမ်းခံခဲ့ရသည်။'

'မော်စကိုတွင် ကျင်းပသော Millennium Development Goals ဆွေးနွေးပွဲတွင် နိုင်ငံတကာ တက်ကြွလှုပ်ရှားသူများ အဖမ်းခံခဲ့ရသည်။'

'ဖမ်ဘီးယားတွင် အိတ်ချ်အိုင်ဗွီ တက်ကြွလှုပ်ရှားသူများ အဖမ်းခံခဲ့ရသည်။'

'တရုတ်တွင် အိတ်(ချ်)အိုင်ဗွီဝေဒနာသည် တက်ကြွလှုပ်ရှားသူလေးဦးသည် ဟိုင်နန်(Henan)ရှိ အိတ်ချ်အိုင်ဗွီ၊ အေအိုင် ဒီအက်စ်ဝေဒနာသည်များအား ထောက်ပံ့သော ကျန်းမာရေးစောင့်ရှောက်မှုနှင့် အခြားဝန်ဆောင်မှုများ ကောင်းမွန်မှုမရှိ သောကြောင့်ဆန္ဒပြရာ အဖမ်းခံခဲ့ရသည်။'

အထက်က အကြောင်းအရာများနှင့် အခြားခေါင်းစီးသတင်းများသည် တက်ကြွလှုပ်ရှားသူများအနေဖြင့် ၎င်းတို့၏ လူ့အခွင့်အရေးအတွက် လူထုလှုပ်ရှားမှုများကို အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း ဖော်ပြနေပါသည်။ စည်းရုံးလှုံ့ဆော်မှုလုပ်ဆောင်ချက်တိုင်းတွင် ဖမ်းဆီးခံရမှုနှင့် အခြားသော ထိခိုက်နစ်နာမှု အန္တရာယ်များရှိနိုင်ပါသည်။

နည်းဗျူဟာ တစ်ခုစီတိုင်းကို အရင်ဦးစွာ အန္တရာယ်လျှော့ချရေးရှုထောင့်မှ လေ့လာသုံးသပ်သင့်ပါတယ်။ အကယ်၍ ပို၍လုံခြုံစိတ်ချရသည့် နည်းဗျူဟာရှိခဲ့လျှင် ၎င်းကို ထည့်သွင်းစဉ်းစားသင့်ပါတယ်။ ဥပမာ– အကယ်၍ သင့်အနေဖြင့် လမ်းလျှောက်ချီတက်ပွဲမလုပ်နိုင်လျှင် ၎င်းအစား အိမ်တွင်းပါတီပွဲတော့ လုပ်နိုင်ပါလိမ့်မယ်။

ထိုနည်းတူစွာပင် ဥပဒေနှင့်ဆန့်ကျင်သော ဆေးဝါးများကို သုံးစွဲသူများအဖို့ သက်တူရွယ်တူအချင်းချင်း ဘေးအန္တရာယ်လျှော့ချရေးစင်တာ (Peer- run harm reduction center) အကြောင်းဆွေးနွေးမည့် အစည်းအဝေးသို့ ရဲတပ်ဖွဲ့ဝင်များ လာရောက်တက်ရောက်မည်ဆိုသူတို့အတွက် အန္တရာယ်ရှိနိုင်ပါတယ်။ အစည်းအဝေးတွင် ၎င်းတို့ကို စကားပြောကြားစေခြင်းထက် ၎င်းတို့၏အတွင်းရေးကို လို့ဂုက်ကာကွယ်ပေးရန် ပို၍အရေးကြီးလှပါတယ်။ ၎င်းသူတို့ကို ပြောခိုင်းမည့်အစား စည်းရုံးလှုံ့ဆော်မှုကို ဦးဆောင်လှုပ်ရှားနေသည့် မူးယစ်ဆေးဝါးသုံးစွဲသူများအဖွဲ့၏ သဘောအရ ညွှန်ပေါင်းအဖွဲ့အတွင်းမှ တစ်စုံတစ်ဦးအား အန်ဂျီအိုမိတ်ဖက်အဖြစ်ရွေးချယ်ကာ ထိုသူအား အစည်းအဝေးတက်ရောက် စေပြီး လူထု၏သတင်းစကားကို ဝေငှပေးစေနိုင်ပါတယ်။ ရာထူးမြင့်မားတဲ့ အစိုးရအဖွဲ့များ သို့မဟုတ် ကုလသမဂ္ဂ မိတ်ဖက်များကို အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်းဟာ ထင်သာမြင်သာရှိမရှိကို မြှင့်တင်ခြင်းနှင့် ကာကွယ် စောင့်ရှောက်မှုပေးခြင်းတို့အတွက် အထောက်အကူပြုနိုင်ပါတယ်။

စည်းရုံးလှုံ့ဆော်မှုအစီအစဉ်ရဲ့ တစ်စိတ်တစ်ပိုင်းအဖြစ် ကျွန်တော်တို့အကြံပေးလိုတာကတော့ အစီအစဉ်နှင့် သက်ဆိုင်သော လုပ်ဖော်ကိုင်ဖက်များ၊ စေတနာ့ဝန်ထမ်းများ၊ မိသားစုအဖွဲ့ဝင်များနှင့် လူထုအဖွဲ့ဝင်များအားလုံးကို ဖြစ်ပေါ်လာနိုင်သော အန္တရာယ်များနှင့် ထိုအန္တရာယ်များအပေါ် ကိုင်တွယ်ဖြေရှင်းနည်းများအကြောင်းကို ပွင့်ပွင့်လင်းလင်း တိုင်ပင်ပြောကြားသင့်တယ်ဆိုတဲ့ အချက်ဘဲဖြစ်ပါတယ်။

လူတစ်ဦးစီတွင် အန္တရာယ်နှင့် ပတ်သက်၍ ကွဲပြားစွာ ထင်မြင်ယူဆတတ်သည်ကို သတိပြုပါ။ အချို့လူတွေဟာ အန္တရာယ်ကို ရင်ဆိုင်ရသည့် စွန့်စားမှုမျိုးကိုနှစ်သက်ကြပြီး အချို့မှာမူ အန္တရာယ်သည် ၎င်းတို့အတွက် လက်ခံနိုင်စရာ မရှိဟုထင်လျှင် စည်းရုံးလှုံ့ဆော်မှုထဲမှာ ပါဝင်တော့မည်မဟုတ်ပေ။ လူတိုင်းသည် သတင်းအပြည့်အစုံကို သိရှိရမည်ဖြစ်ပြီး အကယ်၍ အန္တရာယ်သည် ၎င်းတို့အတွက် အလွန်ကြီးမားနေလျှင် ၎င်းတို့အနေဖြင့် လှုပ်ရှားမှုတွင်ပါဝင်ဖို့ ငြင်းဆန်နိုင်သည့် အခွင့်အရေးရှိပါတယ်။

**အန္တရာယ်ကိုင်တွယ်ဖြေရှင်းပုံကို တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း။**

အစီအစဉ်၏ တစ်စိတ်တစ်ဒေသအဖြစ် စည်းရုံးလှုံ့ဆော်မှုကို ဆောင်ရွက်မည့် အဖွဲ့အစည်းတစ်ခုဟာ အဆိုးဆုံးအခြေအနေအတွက် ကြိုတင်ပြင်ဆင်သင့်ပြီး ဒီလိုအခြေအနေမျိုးရောက်ရင် မည်ကဲ့သို့လက်တွေ့ကျကျ ကိုင်တွယ်ဖြေရှင်းမည်ကို စဉ်းစားထားသင့်ပါတယ်။ တကယ်လို့ အဆိုးဆုံးအခြေအနေ ဖြစ်ပေါ်လာနိုင်ဖွယ်မရှိလျှင်တောင်မှ ကြိုတင်ပြင်ဆင်သင့်ပါတယ်။ ဘာကြောင့်လဲဆိုတော့ တကယ်ဖြစ်ပေါ်လာခဲ့ရင် ဖြစ်လာတဲ့အကျိုးသက်ရောက်မှုက အတော်လေးပြင်းထန်နိုင်သောကြောင့် ဖြစ်ပါတယ်။

လုံခြုံရေးအစီအစဉ်တစ်ခုမှာ နေ့စဉ်လိုက်နာရမည့်မူဝါဒများနှင့် အထူးအခြေအနေဆိုင်ရာ အစီအစဉ်များ ပါဝင်သင့်ပါတယ်။ အောက်ပါအချက်များလည်း ပါဝင်သင့်ပါတယ်။ ဝန်ထမ်းတိုင်းနှင့် စေတနာ့ဝန်ထမ်းတစ်ယောက်စီတိုင်းအား အရေးပေါ်အခြေအနေတွင် ခေါ်ဆိုဆက်သွယ်နိုင်ရမည့်သူများ၏ လက်ကိုင်ဖုန်းနံပါတ်များ။ သက်သေခံကဒ်ပြား သို့မဟုတ် နိုင်ငံကူးလက်မှတ်မိတ္တူနှင့် ထိုသူ၏မိသားစု သို့မဟုတ် သူငယ်ချင်းလုပ်ဖော်ကိုင်ဖက်စသည့်ဆက်သွယ်ရမည့် လူပုဂ္ဂိုလ်နာမည်များပါဝင်သည့်အကြောင်းအရာများကို ဖြန့်ဝေပါ။ အရေးပေါ်အခြေအနေတွင် ဆက်သွယ်ရမည့် လူပုဂ္ဂိုလ်တို့တွင်လည်း သင့်ထိုဝန်ထမ်းများ၏ အမည်နှင့် ဖုန်းနံပါတ်များရှိရန် လိုအပ်ပါတယ်။ ။

- အကယ်၍ သင့်ဝန်ထမ်းတစ်ယောက် တစ်စုံတစ်ခုဖြစ်ခဲ့မည်ဆိုလျှင် ၎င်း၏ ဆန္ဒကိုအလေးထားပါ။ ဥပမာ– 'ကျေးဇူးပြုပြီး ကျွန်တော့်အကြောင်းကို သတင်းတွေထဲမှာ လူသိရှင်ကြားဘယ်တော့မှ မထည့်ပါနဲ့' သို့မဟုတ် 'ကျွန်တော် ဒီလောက်နာရီပေါင်းများစွာ ပျောက်နေပြီဆိုရင် ကျွန်တော့်မိဘကိုပဲ ဆက်သွယ်ပါ။'
- အချို့အဖွဲ့အစည်းများသည် အဆိုးဆုံးအခြေအနေများအတွက် ကြိုတင်ပြင်ဆင် လေ့ကျင့်ထားသောကြောင့် အခြေအနေဆိုးများဖြစ်ပေါ်လာလျှင် ၎င်းတို့သည် မည်ကဲ့သို့ရင်ဆိုင်ဖြေရှင်းရမည်ကို နားလည်ပြီး တည်ငြိမ်စွာ ရင်ဆိုင်နိုင်ကြပါတယ်။

သင်သည် သင့်ဝန်ထမ်းတစ်ဦးက အလွန်ကြီးမားသောအန္တရာယ်နှင့်ရင်ဆိုင်နေရပြီဟု ခံစားရသောအခါမျိုးတွင် သင်ပြုလုပ်ပေးရမည့် လုပ်ရပ်များနှင့် အရေးပေါ်အစီအစဉ်ကိုလည်း တိုးတက်ကောင်းမွန်အောင် ပြုလုပ်ချင်ပေလိမ့်မည်။ ၎င်းတို့မှာ–

- အန္တရာယ်နှင့် ရင်ဆိုင်နေရသောသူများအနေဖြင့် အဖွဲ့အစည်းရှိ ၎င်းတို့၏လုံခြုံရေးတာဝန်ခံအား ၎င်းတို့သည် ဤနေ့တွင် မည်သည့်နေရာများသို့ သွားရောက်ရန်စီစဉ်ထားကြောင်း ပြောကြားသော နေ့စဉ်သတင်းပို့သည့်စနစ်ကိုဖန်တီးထားခြင်း။ အန္တရာယ်နှင့်ရင်ဆိုင်နေရသောသူများအနေဖြင့် ၎င်းတို့သည် အိမ်တွင် သို့မဟုတ် ဟိုတယ်တွင် လုံခြုံစွာရှိနေကြောင်း လုံခြုံရေးအား ညနေတိုင်းသတင်းပေးပို့သောစနစ်ကို ဖန်တီးထားခြင်း။
- လုံခြုံရေးဝန်ထမ်းတစ်ယောက်အနေဖြင့် ချိန်းဆိုထားသည့် ဖုန်းခေါ်ဆိုမှုကို လက်ခံမရရှိခဲ့လျှင် ထိုအကြောင်းကို အချိန်မည်မျှကြာပြီး ဘယ်လောက်ကြာလျှင် အဖွဲ့အစည်းသို့ တင်ပြရမည်ဆိုသည့် သဘောတူညီမှုတစ်ခုကို ဆုံးဖြတ်ထားခြင်း။
- အန္တရာယ်နှင့် ရင်ဆိုင်နေရသူနှင့် ၎င်း၏ လုံခြုံရေးတာဝန်ခံတို့တွင် အရေးကြီးသည့် ဖုန်းနံပါတ်များရှိရန် သေချာစွာလုပ်ဆောင်ထားခြင်း။ (ဥပမာ– အရေးပါသော မိတ်ဖက်များ၊ ဘုတ်အဖွဲ့ဝင်များ၊ ကုလသမဂ္ဂဝန်ထမ်း သို့မဟုတ် ထောက်ခံသူဂျာနယ်လစ်များ စသူတို့၏ ဖုန်းနံပါတ်များဖြစ်သည်)။
- အန္တရာယ်နှင့် ရင်ဆိုင်နေရသူများသည် စောင့်ကြည့်ခံရမည့် အလားအလာရှိလျှင် ဖုန်းခေါ်ဆိုမှုတွင် အသုံးပြုရန် လျှို့ဝှက်စကားလုံးများကို ဖန်တီးထားခြင်း။ ဥပမာ– 'ယနေ့လေ အခြေအနေကောင်းတယ်'ဟု ဆိုလျှင် အန္တရာယ်နှင့်ရင်ဆိုင်နေရသူသည် လုံခြုံသည်ဟု ခံစားသည့် အဓိပ္ပါယ်ဖြစ်ပြီး 'လေအခြေအနေတကယ့်ကိုဆိုးတယ်'ဟုဆိုလျှင် အန္တရာယ်နှင့်ရင်ဆိုင်နေရသူအနေဖြင့် လုံခြုံရေးအခြေအနေ ပို၍ ဆိုးရွားလာနေပြီဟု အဓိပ္ပါယ်ရှိကြောင်းရပါသည်။

**ဆိုးရွားသော အခြေအနေတစ်ခုနှင့်ကြုံလျှင် အောက်ပါအတိုင်းအဆင့်လိုက် တစ်ဆင့်ချင်း ဆောင်ရွက်ပါ။**

၁။ အရေးပေါ်မတော်တဆမှုနှင့် ပတ်သက်သော သတင်းအချက်အလက်များကို ရနိုင်သမျှစုဆောင်းပါ။ မည်သူလဲ၊ ဘာလဲ၊ ဘယ်နေရာမှာလဲ၊ ဘယ်အချိန်မှာလဲ၊ ဘာကြောင့်လဲနှင့် ဘယ်လိုလဲ။

၂။ ပါဝင်ပတ်သက်သူတိုင်း အန္တရာယ်ကင်းကြောင်းသေချာပါစေ။ ခုခံနိုင်စွမ်းမရှိသောသူတိုင်းကို အခြားလုံခြုံသည့်နေရာတွင် သွားရောက်နေထိုင်ရန် သတိပေးချက်ကို သေချာစွာရရှိအောင်လုပ်ပါ။

၃။ ဘာတွေဖြစ်ပျက်နိုင်သလဲဆိုသည်နှင့် ပတ်သက်၍ အခြားဖြစ်နိုင်ချေရှိသော အချက်များကို ရှာဖွေပါ။ ဥပမာ– အဖမ်းခံရနိုင်သော အန္တရာယ်နှင့်ရင်ဆိုင်နေရသူသည် ဖုန်းအားသွင်းရန် မေ့သွားသောကြောင့် သို့မဟုတ် အိပ်မောကျသွားသောကြောင့် ပုံမှန်ပြုလုပ်နေကျ လုံခြုံရေးစစ်ဆေးသည့် ဖုန်းခေါ်ဆိုမှုကို ပြုလုပ်ရန် ပျက်ကွက်

နိုင်သလားဆိုသည်ကို စဉ်းစားဖော်ထုတ်ပါ။

၄။ လူမှုဆက်သွယ်မှုများကို ထိန်းချုပ်ပါ– ပါဝင်ပတ်သက်သူအားလုံးအား အရေးပေါ်လုပ်ငန်းနှင့်ပတ်သက်ပြီး အဖွဲ့အနေနဲ့ ဘယ်လိုစီစဉ်ထားသည်ကို လျှို့ဝှက်ထားရန် ပြောကြားထားပါ။

၅။ သင့်အဖွဲ့အစည်းတွင်ရှိသောသူအားလုံး (ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ဘုတ်အဖွဲ့ဝင်များ)ကို ဖြစ်ပျက်ခဲ့သမျှအားအသိပေး၍ ဤကိစ္စနှင့်ပတ်သက်၍ မီဒီယာအား မည်သို့ပြောကြားရမည်ကို ပြောပြပါ။

၆။ မီဒီယာနှင့်ပြောဆိုရာတွင် လိုရင်းတိုရှင်းသာပြောပါ။ ဂျာနယ်လစ်များ၏ ဖုန်းခေါ်ဆိုမှုကို မဖြေဆိုခင် ကိုယ်ပြောမည့်အချက်များကို ကြိုတင်ဆုံးဖြတ်ထားပြီး ပြောမည်ဟု ဆုံးဖြတ်ထားသည့် အကြောင်းအရာကိုသာပြောပါ။ ခန့်မှန်းပြောကြားခြင်းမပြုပါနှင့်။ ကောလဟာလများ မဖြန့်ဝေပါနှင့်။ ဖြေကြားရန် ပြင်ဆင်မထားသော မေးခွန်းများကို မဖြေကြားပါနှင့်။

၇။ သင်၏ အခြားစီမံကိန်းများရှိ ခုခံနိုင်စွမ်းမရှိသူတိုင်းကို ကာကွယ်ရန်လုပ်ဆောင်ပါ။ ထိုသို့ကာကွယ်ပေးနိုင်ရန် တချို့အစီအစဉ်များကို ရွှေ့ဆိုင်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း ပြုလုပ်ရနိုင်ပါသည်။

## ဖြစ်ရပ်တစ်ခုအားလေ့လာခြင်း– တိကျသေချာသည့် အန္တရာယ်များကို ကိုင်တွယ်ခြင်း

လူ့အခွင့်အရေးလှုပ်ရှားသည့် အဖွဲ့တစ်ဖွဲ့ခေါင်းဆောင်တစ်ဦးသည် သူ့ကိုထိန်းသိမ်းခံရတော့မည်ဆိုသည့် သတိပေးချက်များကို လက်ခံရရှိခဲ့ပါတယ်။ ယင်းအဖွဲ့သည် အန္တရာယ်များအပေါ် လေ့လာသုံးသပ်မှု ဆန်းစစ်မှုများပြုလုပ်၍ ထိုပြဿနာအား မည်ကဲ့သို့ ကိုင်တွယ်ဖြေရှင်းရမည်ကို အဖြေရှာကြပါတယ်။ အဖွဲ့သည် အောက်ပါလုံခြုံရေး ကာကွယ်မှုများကို အကောင်အထည်ဖော်ရန် ဆုံးဖြတ်လိုက်ပါတယ်။ ၎င်းတို့မှာ– ရုံးတွင် အချက်ပေးခေါင်းလောင်း တပ်ဆင်ပါ။ ရုံးပြတင်းပေါက်များကို ကာကွယ်ရန် သံချောင်းများတပ်ဆင်ပါ။ အန္တရာယ်နှင့်အများဆုံးရင်ဆိုင်နေရသော အဖွဲ့ဝင်များအတွက် လက်ကိုင်ဖုန်းများဝယ်ပေးပါ။ ပြီးလျှင် ဖမ်းဆီးထိန်းသိမ်းခြင်းအပေါ် ဝေဖန်ရှုံ့ချကြောင်း သတင်းထုတ်ပြန်ချက်ပြုလုပ်ပါ။

မေးခွန်း။ ။ အထက်မှ ကာကွယ်မှုတစ်ခုစီတိုင်းသည် တိကျသေချာသော အန္တရာယ်ကို လျော့နည်းအောင် ပြုလုပ်ပေးခဲ့သလား။

ဤကာကွယ်မှုများသည် ခေါင်းဆောင်အပေါ်ကျရောက်မည့် တိကျသေချာသော အန္တရာယ်ကို လျော့ချရန် သင့်လျော်ကောင်းမွန်ပါသလား။

- လူအများအပြားရှိသော ရုံးတွင် ဖမ်းဆီးထိန်းသိမ်းခြင်းပြုလုပ်နိုင်သည့် ဖြစ်နိုင်ခြေမှာ အဘယ်နည်း။
- အန္တရာယ်နှင့်ခြိမ်းခြောက်ခံနေရသည့် ခေါင်းဆောင်သည် အမြဲတမ်းရုံးတွင်ရှိနေမည်မဟုတ်ပေ။ သို့ဆိုလျှင် ဒါရိုက်တာအတွက် မည်သို့သော အန္တရာယ်များရှိသနည်း။
- အချက်ပေးခေါင်းလောင်းတပ်ဆင်ခြင်းနှင့် ပြတင်းပေါက်တွင် သံချောင်းများ တပ်ဆင်ခြင်းသည် အရေးပါသော်လည်း ၎င်းတို့သည် ခေါင်းဆောင်ရင်ဆိုင်နေရသည့် ခြိမ်းခြောက်မှုနှင့် အားနည်းချက်များကို လျော့ချပေးနိုင်ပါသလား။
- လက်ကိုင်ဖုန်းများနှင့် ဆက်နွယ်နေသည့် အန္တရာယ်များမှာ အဘယ်နည်း။

ပိုမိုကောင်းမွန်သော အဖြေများမှာ– ခေါင်းဆောင်အနေဖြင့် အိမ်မှရုံးသို့လာစဉ် သို့မဟုတ် ရုံးပိတ်ရက်များတွင် လူမြင်ခံရခြင်းကို လျှော့ချပါ။ ပြီးလျှင် ဖုန်းဖြင့် လုံခြုံရေးစစ်ဆေးမှုပြုလုပ်ရန် ပုံမှန်အချိန်ကို သတ်မှတ်ပါ။ ဤအရာတို့သည် အရင်ဦးဆုံးဖြေရှင်းလုပ်ဆောင်ရမည့် အားနည်းချက်များဖြစ်ပါတယ်။ အကြောင်းမှာ ၎င်းတို့သည် ထိုကဲ့သို့သော ခြိမ်းခြောက်မှုနှင့်ရင်ဆိုင်ရလျှင် ပြုလုပ်ရန် အသင့်တော်ဆုံးဖြစ်သောကြောင့် ဖြစ်ပါတယ်။

ကုလသမဂ္ဂအေအိုင်ဒီအက်စ်တိုက်ဖျက်ရေးအဖွဲ့၏ သတ်မှတ်ချက်အရ လွတ်လပ်စွာပြောဆိုခွင့်နှင့် လွတ်လပ်စွာဆက်သွယ်ခွင့်များ ထိန်းချုပ်ကန့်သတ်ခံရသောအချိန်တွင် လူ့အဖွဲ့အစည်းအနေဖြင့် အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ကူးစက်ပြန့်ပွားမှုကို တုံ့ပြန်ဖြေရှင်းရန်အတွက် ဆော်ဩစည်းရုံးရန် ခက်ခဲပါသည်။ စည်းရုံးလှုံ့ဆော်သည့်ဖြစ်စဉ်တစ်လျှောက်လုံးတွင် လုံခြုံရေးကို အမြဲမပြတ်စောင့်ကြည့်စစ်ဆေး၍ လေ့လာဆန်းစစ်ရန်လိုအပ်ပြီး အစီအစဉ်ကိုလည်း အခြေအနေအပေါ်မူတည်၍ လိုက်လျောညီထွေရှိအောင် လိုအပ်သလို ပြင်ဆင်သင့်ပါတယ်။

## လူထုလှုပ်ရှားမှု၏ ရည်ရွယ်ချက်ပန်းတိုင်ကို ရွေးချယ်ခြင်း

နိုင်ငံရေးလေ့လာဆန်းစစ်မှုကို ပြုလုပ်ပြီးလျှင် အဓိကကျသော လူထုလှုပ်ရှားမှု၏ ရည်ရွယ်ချက်ပန်းတိုင်ကို သတ်မှတ်ရန် ပိုမိုလွယ်ကူလိမ့်မည်ထင်ပါတယ်။ အကောင်းဆုံးအနေဖြင့် ရည်ရွယ်ချက်ပန်းတိုင်သည်–

- တည်ဆဲ ဥပဒေများနှင့် စံသတ်မှတ်ချက်များအား ဖော်ကားချိုးဖောက်ခြင်းကို အဆုံးသတ်ပေးသည်။
- နိုင်ငံရေးအခွင့်အရေးကို အခွင့်ကောင်းရယူသည်။
- ပြဿနာ၏ အကျိုးသက်ရောက်မှုခံရသော လူထုအတွက် အရေးပါသည်။
- လက်ခံနိုင်လောက်သည့် ပမာဏရှိသောစွန့်စားမှုများ ရှိသည်။

ဤအခန်းတွင်ဖော်ပြထားသော လေ့လာဆန်းစစ်မှုများသည် အသိပေးတောင်းဆိုသူများအနေနှင့် တစ်ကြိမ်သာ ကျင့်သုံး၍ နောက်ပိုင်းတွင် မေ့ပစ်လိုက်သော အရာများမဟုတ်ပါ။ စည်းရုံးလှုံ့ဆော်သူများသည် သတင်းများကို စဉ်ဆက်မပြတ် ဖတ်သင့်ပါတယ်။ လူထုနှင့်အစိုးရင်ခံစာများမှ သတင်းအချက်အလက်များကို စုဆောင်းသင့်ပါတယ်။ အခွင့်အလမ်းများ၊ အန္တရာယ်များ၊ အားသာချက်များနှင့် အားနည်းချက်များကို လေ့လာဆန်းစစ်သင့်ပါတယ်။ လူထုနှင့် ဆွေးနွေးတိုင်ပင်ခြင်းကိုလည်း အမြဲတစေဆက်လက်လုပ်ဆောင်သင့်တယ်။ နောက်အခန်းတစ်ခုတွင် မဟာဗျူဟာကျသော စည်းရုံးလှုံ့ဆော်မှု အစီအစဉ်ကိုရေးဆွဲရန် သင်လုပ်ဆောင်ခဲ့သည့် လေ့လာဆန်းစစ်မှုများအား ဘယ်လိုအသုံးချရမည်ကို ကျွန်တော်တို့ လေ့လာကြမှာဖြစ်ပါတယ်။

### လက်ကိုင်ဖုန်းသုံးခြင်း၏ အန္တရာယ်များ

ယနေ့ခေတ်တွင် လက်ကိုင်ဖုန်းများသည် လူမှုဆက်ဆံရေးအတွက် အရေးအပါဆုံးသော နည်းလမ်းဖြစ်ပါတယ်။ သို့သော် တက်ကြွလှုပ်ရှားသူများအဖို့ လက်ကိုင်ဖုန်းများသည်အန္တရာယ်များရှိကြောင်းကို လူအများ သတိမပြုမိတတ်ကြပေ။

မိုဘိုင်းဝန်ဆောင်မှုအား မိုဘိုင်းကွန်ယက်အော်ပရေတာတစ်ခုမှ စီမံခန့်ခွဲပါတယ်။ သင်၏ လူမှုဆက်ဆံရေးကို ထိုနေရာက စီမံကိုင်တွယ်သောကြောင့် ထိုနေရာကနေ သင်က အခြားသူဆီသို့ပေးပို့သောစာများနှင့် သင်၏ လူမှုဆက်ဆံရေးလုပ်ဆောင်ချက်များ၏ သတင်းအချက်အလက်များကို မှတ်တမ်းတင်ထားနိုင်ပါတယ်။ သင့်ဖုန်းကိုဖွင့်ထားချိန်တွင် မိုဘိုင်းကွန်ယက်မှ သင်၏တည်နေရာကို သိရှိနေပါတယ်။ ထိုသို့သိရခြင်းမှာ သင့်ဖုန်း၏ အချက်ပြခြင်းကို မှတ်တမ်းတင်ထားသော အနီးအနားရှိ ဖုန်းတာဝါတိုင်များ၏ သတင်းပေးမှုကြောင့်ဖြစ်ပါတယ်။ သင်၏တည်နေရာသည် လူသုံးထူထပ်သောနေရာတွင် မီတာပေါင်းအနည်းငယ်လောက်သာကွာသည်အထိ သို့မဟုတ် ဖုန်းတာဝါတိုင်အနည်းငယ်သာရှိသော ကျေးလက်ဒေသတွင် မီတာပေါင်းရာဂဏန်းလောက်ကွာသည်အထိ တိကျသေချာနိုင်ပါတယ်။ အကယ်၍သင်က ဖုန်းခေါ်လျှင် သို့မဟုတ် ခေါ်ဆိုမှုကို လက်ခံလျှင်၊ သို့မဟုတ် စာပို့လျှင် သို့မဟုတ် လက်ခံလျှင် ထိုအချိန်တွင် သင်ရှိနေသောနေရာကို မိုဘိုင်းကွန်ယက်၏မှတ်တမ်းများထဲတွင် မှတ်သားလိုက်ပြီးဖြစ်သည်။ ကျေးဇူးပြု၍ အောက်ပါအချက်များကို မမေ့ပါနှင့်။

- အကယ်၍ သင်သည် သင်၏တည်နေရာအားမှတ်တမ်းတင်ခံရမည်ကို စိုးရိမ်လျှင် သင်သည် သင်မည်သူမည်ဝါဖြစ်သည်ဆိုသည့် အထောက်အထားအား သင်၏ဖုန်းနံပါတ်နှင့် ချိတ်ဆက်ထားခြင်းကို အချို့နိုင်ငံအတော်များများတွင် ရှောင်ရှားနိုင်ပါတယ်။
- ကြိုတင်ငွေပေးချေပြီးသားဖုန်းဆင်းကတ်များကိုဝယ်ကာ မကြာခဏလဲပေးပါ သို့မဟုတ် လိုအပ်လျှင် စွန့်ပစ်ရန်အတွက် ဝန်လေးစရာမလိုသည့် အပေါစားဖုန်းကို ဝယ်သုံးပါ။
- သင့်တည်နေရာအား ခြေရာခံဖော်ထုတ်ခံရခြင်းမှ ရှောင်ရှားရန် သင့်အစည်းအဝေး၏ အသွားအပြန်ခရီးစဉ်တွင် ဖုန်းဘက်ထရီကို ဖုန်းထဲမှဖြုတ်ထားပါ။
- အခြားမည်သည့် အသုံးပြုစရာဆော့ဖ်ဝဲလ်မျှ ထည့်သွင်းထားခြင်းမရှိသော သာမာန်ရိုးရှင်းသည့် ဖုန်းများသည် စမတ်ဖုန်းများထက်ပို၍ လုံခြုံစိတ်ချရနိုင်ပါသည်။
- သင့်အနေဖြင့် စမတ်ဖုန်းကို အသုံးပြုရတော့မည်ဆိုလျှင် အရေးကြီးပြီးလျှို့ဝှက်ထားရမည့် ပြောဆိုမှုများအတွက်
- မိုဘိုင်းကွန်ယက်မှတဆင့် ဖုန်းခေါ်ဆိုခြင်းအစား သတင်းအချက်အလက်များကို လျှို့ဝှက်ကုတ်အဖြစ်သို့ ပြောင်းလဲပေးသည့် VOIP လုပ်ငန်းသုံး ပရိုဂရမ်ကို အသုံးပြုပါ။
- ဖုန်းမှတစ်ဆင့် စာပေးပို့ခြင်းသည် လုံခြုံမှုမရှိကြောင်းကို မမေ့ပါနှင့်။
- အများသုံးဖုန်းများခေါ်ဆိုခြင်းကို ထည့်သွင်းစဉ်းစားပါ။ သင့်အားတစ်ယောက်ယောက်က စောင့်ကြည့်နေသည်ဟုခံစားရလျှင် အခြားတစ်ဦးဦးအား သင့်အစားဖုန်းခေါ်ပေးဖို့ လုပ်ဆောင်နိုင်ပါတယ်။

■ ■ ■

# မဟာဗျူဟာကျသည့် စည်းရုံးလှုံ့ဆော်ခြင်း

လူထုနှင့်သင် ဆွေးနွေးတိုင်ပင်ပြီးနောက်၊ နိုင်ငံလူမှုဖြစ်စဉ်များကိုဆန်းစစ်ပြီးနောက် သင့်ဖြစ်နိုင်ခြေရှိသော အန္တရာယ်များကိုစဉ်းစားပြီးနောက် နောက်ထပ်လုပ်ဆောင်ရမည့်အဆင့်သည် စည်းရုံးလှုံ့ဆော်မှု လုပ်ငန်းအစီအစဉ်ကို ဖန်တီးခြင်းဖြစ်ပါတယ်။ ဤအစီအစဉ်တွင်

- ရရှိနိုင်သော ပန်းတိုင်ကို သတ်မှတ်ခြင်း
- ပစ်မှတ်နေရာကို ဆန်းစစ်ခြင်း
- သင်၏အားသာချက်ကို ရှာဖွေခြင်း
- အစီအစဉ်ကို ပြန်လည် သုံးသပ်ခြင်းနှင့် ထိန်းညှိခြင်း

**ရရှိနိုင်သောပန်းတိုင်ကို သတ်မှတ်ခြင်း**

အသိပေးတောင်းဆိုခြင်းသည် လူထုလှုပ်ရှားမှုမှရရှိနိုင်ရန် မျှော်မှန်းထားသော ရေရှည်ပန်းတိုင်ဖြင့်စရမည်။ လူထုလှုပ်ရှားမှု၏ ရေရှည်ပန်းတိုင် ဥပမာအချို့မှာ–

- အိတ်(ချ်)အိုင်ဗွီ၊အေအိုင်ဒီအက်(စ်)နှင့် ရှင်သန်နေထိုင်သူများအား ခွဲခြားမှုရှိသည့် ကျေးလက်ဆေးရုံမူဝါဒကို အဆုံးသတ်ရန်၊ စစ်တပ်အတွင်း လိင်စိတ်ခံယူမှုအမျိုးအစားကို ခွဲခြားသည့်မူဝါဒကို ပြောင်းလဲရန်၊
- ဒေသခံဆေးရုံတွင် ဆေးစွဲသူများအတွက် မူးယစ်ဆေးဝါးကို ဘိန်းအစားထိုးကုသပေးသော ကုထုံး (Opiate Substitution Therapy)ကို ရရှိလာစေရန်၊

ရေရှည်ပန်းတိုင်မှာ ရည်မှန်းချက်ကြီးကြီးထားရှိရမည်ဖြစ်သော်လည်း နှစ်အနည်းငယ်နှင့်ရရှိနိုင်သော ပန်းတိုင်ဖြစ်ရပါမယ်။ အကယ်၍ ထိုပန်းတိုင်မှာ အလွန်ကျယ်ပြန့်လွန်းလျှင်လည်း အဆင့်ငယ်လေးများအဖြစ် ခွဲချရန်နှင့်တိုးတက်မှုကို တိုင်းတာရန် ခက်ခဲပေလိမ့်မယ်။ အကယ်၍ ပန်းတိုင်သိပ်ကြီးလွန်းလျှင်လည်း လျင်မြန်စွာအကောင်ထည်ဖော်ရန် ခက်ခဲသည့်အတွက် လူတိုင်းအတွက် စိတ်ပျက်စရာဖြစ်သွားနိုင်ပါမယ်။ အားလျော့ပေလိမ့်မည်။

ရေရှည် ရည်မှန်းချက်ကို အလယ်အလတ်ကာလ ဦးတည်ချက်များ သို့မဟုတ် လုပ်ရမည့်ခြေလှမ်းများ (၆လ သို့မဟုတ် တစ်နှစ်အတွင်း တိုးတက်မှုများကို တိုင်းတာနိုင်သောနည်းလမ်း)အဖြစ် ပိုင်းခြားလိုက်ပါ။ ဥပမာ– အကယ်၍ သင့်ပန်းတိုင်သည် မိသားစုတစ်ခုကို စွပ်ပြုတ်တိုက်ကျွေးမည်ဆိုရင် ထိုပန်းတိုင်ရောက်ရန် အဆင့်များစွာလိုအပ်ပါတယ်။ သင်စွပ်ပြုတ်ပြုတ်ဖို့ ဟင်းအမယ်ရှာရပါမယ်။ ဆက်စပ်ပစ္စည်းတွေ ဝယ်ရပါမယ်။ ဒါတွေကို ခုတ်ထစ်ရပါမယ်။ ချက်ပြုတ်ရမယ်။ ပန်းကန်လုံးများနဲ့ ဇွန်းများပြင်ဆင်ရမယ်။ နောက်ဆုံးကျမှ စွပ်ပြုတ်ပြုတ်ရမှာဖြစ်ပါတယ်။

တက်ကြွလှုပ်ရှားသူများသည် ရည်ရွယ်ချက်များကိုပြင်ဆင်ရာတွင် အင်္ဂလိပ်စကားလုံး {SMART} ဆိုတဲ့ နည်းလမ်းကို သုံးကြပါတယ်။

***SMART ၏အဓိပ္ပါယ်မှာ***

*Specific (တိကျခြင်း) – သင်လုပ်မည့်အကြောင်းအရာကို တိတိကျကျဖော်ပြခြင်း။*

*Measurable(တိုင်းတာနိုင်ခြင်း) – သင်လုပ်မည့်အရာကို တိုင်းတာနိုင်မှုရှိခြင်း (စောင့်ကြည့်စစ်ဆေးခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းအားဖြင့်)။*

*Achievable (အောင်မြင်နိုင်မှုရှိခြင်း) – သင်၏ ရည်ရွယ်ချက်သည် ပြဿနာကိုဖော်ထုတ်ရန် သင့်တော်သလား။ အောင်မြင်နိုင်သလား။*

*Realistic (လက်တွေ့ကျခြင်း) – သင့်အဖွဲ့၏အရင်းအမြစ်များနှင့် စွမ်းရည်ကလူထုစည်းရုံးမှုကို အမှန်တကယ် တိုးတက် အောင်လုပ်ဆောင်နိုင်မလား။*

*Time-bound (အချိန်သတ်မှတ်ချက်ရှိခြင်း)– သင်ချမှတ်ထားတဲ့ရည်ရွယ်ချက်တခုစီကို ဘယ်အချိန်မှာရရှိအောင် လုပ်ဆောင်နိုင်မလဲ။ ဒီလိုသတ်မှတ်ထားတဲ့အချိန်တွေဟာ လက်တွေ့ကျပါသလား။*

ဥပမာ–

**SMART မဖြစ်သော ဦးတည်ချက်**

- အစိုးရအရာရှိများသည် လိင်ပြောင်းထားသူများအတွက် တရားဝင်အခွင့်အရေးရရှိရေး ဆောင်ရွက်မှုအပေါ် ပိုမို အာရုံစိုက်လာစေရန်။

## SMART ဖြစ်တဲ့ ဦးတည်ချက်

- ချင်းမိုင်တွင် လိင်ပြောင်းထားတဲ့ အုပ်စု ၃စုကို ၎င်းတို့၏ တရားဝင်အခွင့်အရေးများအကြောင်း သိစေရန်နှင့် အခွင့်အရေးချိုးဖောက်ခံရလျှင် ရဲသို့အကြောင်းကြားနိုင်စေရန်
- လုပ်ဆောင်ရမည့် အဆင့်– လိင်ပြောင်းထားသူ အယောက် ၃၀နှင့် ဥပဒေစိုးမိုးရေးအရာရှိ ၈–ဦး ပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲကို တစ်နှစ်လျှင် ၂–ကြိမ်ပြုလုပ်ရန်၊
- လုပ်ဆောင်ရမည့်အဆင့်–အလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်သူများနှင့် နောက်ဆက်တွဲ တွေ့ဆုံဆွေးနွေးစကားပြောခြင်းများနှင့် ဥပဒေချိုးဖောက်ခံရမှုများကို သတင်းပေးရာတွင် ကြီးကြပ်ကူညီပေးခြင်း၊

ရည်ရွယ်ချက်တစ်ခုနဲ့တစ်ခုအကြား ရည်ရွယ်ထားတဲ့အဆင့်တစ်ခုနဲ့တစ်ခုအကြားမှာ အကြောင်းနဲ့ အကျိုးဆက်စပ်မှုရှိရပါမယ်။ ဒီပြဿနာအကြောင်းကို ကိုယ့်လောက်မသိသူကတောင် ဒီလိုအကျိုးနဲ့အကြောင်း ဆက်စပ်မှုတွေကို ရှင်းရှင်းလင်းလင်းနားလည်နိုင်တဲ့ ပုံစံမျိုးဖြစ်ရပါမယ်။

စည်းရုံးလှုံ့ဆော်မှုလုပ်ဆောင်သူများအနက် အမြင်အမျိုးမျိုးရှိတတ်ပါတယ်။ အချို့လှုပ်ရှားသူများက အဆိုးမြင်ဝါဒ(ဖန်ခွက်ထဲတွင် ရေတစ်ဝက်သာရှိသည်)နှင့် အခြားလှုပ်ရှားသူများကမူ အကောင်းမြင်ဝါဒ (ဖန်ခွက်ထဲတွင် ရေတစ်ဝက်ကြီးများတောင်ရှိသည်)ကို စွဲကိုင်ကြတတ်ပါတယ်။ ပြန်လည်သုံးသပ်သည့် ဖြစ်စဉ်တွင်အမှန်အတိုင်းမြင်တတ်သောသူဖြစ်ရန်အတွက် ဒေသရဲ့နိုင်ငံရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ဘာသာရေးနှင့် စီးပွားရေး အခြေအနေတွေကို နက်နက်နဲနဲနားလည်ထားရန်လိုပါတယ်။ နောက်ပြီးတိုးတက်မှုကို တိုင်းတာနိုင်တဲ့ကောင်းမွန်သော ရည်ရွယ်ချက်တွေရှိဖို့လဲလိုပါတယ်။

ဥပမာ– မိမိ၏ပန်းတိုင်သည် ဆေးရုံတွင် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုလျှင် အကောင်အထည်ဖော်ရန်ပါဝင်ရမည့်အဆင့်များမှာ

- ပန်းတိုင်– အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်နှင့် အသက်ရှင်နေထိုင်သူတွေများ (PLWHA)ကို ဆေးရုံများတွင် ခွဲခြားဆက်ဆံခြင်း မရှိစေရန်။
- ရည်ရွယ်ချက်– ကျန်းမာရေးအခြေအနေကြောင့် ခွဲခြားဆက်ဆံခံရခြင်းအပေါ် ဆန့်ကျင်သော အမျိုးသားဥပဒေကို ပြဋ္ဌာန်းလာစေရန်၊ လုပ်ဆောင်ရမည့်အဆင့်– နိုင်ငံတဝှမ်းရှိ ဆေးရုံများတွင် ခွဲခြားဆက်ဆံခံရမှုနှင့် ပတ်သက်သော အချက်အလက်များစုဆောင်းရန်နှင့် သတင်းပေးပို့ရန် အမျိုးသား ကွန်ယက်နှင့်အတူ အလုပ်လုပ်ခြင်း။
- လုပ်ဆောင်ရမည့်အဆင့်– ဥပဒေကျွမ်းကျင်သူများ၊ ဆေးပညာကျွမ်းကျင်သူနှင့် အိတ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်နှင့် အသက်ရှင်နေထိုင်သူ(PLWHA)တို့ ပါဝင်သော အကောင်အထည်ဖော်သည့် အဖွဲ့ကို ဖွဲ့စည်းပြီး ဥပဒေပြုသူများကို အကြံပြုချက်များ တင်ပြရန်၊
- လုပ်ဆောင်ရမည့်အဆင့်– အကောင်အထည်ဖော်သည့်အဖွဲ့သည် အဆိုတင်သွင်းစာကို မူကြမ်းရေးဆွဲပြီး အဓိကဥပဒေပြုသူများနှင့် အစည်းအဝေးပြုလုပ်ကာ အကြံပြုချက်များကို ၎င်းတို့အားဖလှယ်ခြင်း။
- လုပ်ဆောင်ရမည့်အဆင့်– ကျန်းမာရေးအခြေအနေအရ ခွဲခြားဆက်ဆံခံရမှုနှင့် ပတ်သက်သော ဥပဒေပြုပြင်ပြောင်းလဲမှုကိုလိုလားသော ဥပဒေပြုသူ ၁၀– ဦးနှင့် ရင်းနှီးမှုရယူပြီး ၎င်းတို့အား ဥပဒေပြုပြင်ပြောင်းလဲရေးအတွက် လိုအပ်သော သတင်းအချက်အလက်များပေးပို့ရန်။

ဤအရာကို အခြားနည်းဖြင့်ပုံဖော်ရန်အတွက် စည်းရုံးလှုံ့ဆော်မှု၏ပန်းတိုင်၊ ရည်ရွယ်ချက်များ၊ လုပ်ဆောင်ရမည့် အဆင့်များ၊ လိုအပ်မည့် အရင်းအမြစ်များ၊ လှုပ်ရှားမှုတစ်ခုစီအတွက် တာဝန်ယူကြမည့် လူပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့အစည်းများ၊ လှုပ်ရှားမှုတစ်ခုစီအတွက် နောက်ဆုံးအပြီးသတ်ရမည့်အချိန်၊ လှုပ်ရှားမှုတစ်ခုစီအတွက် မျှော်မှန်းထားသည့်ရလဒ်နှင့် ညွှန်ကိန်းများပါဝင်သည့် ဇယားကွက်တစ်ခုကိုဖန်တီးပါ။

## ပစ်မှတ်များကို ဆန်းစစ်ခြင်း

စည်းရုံးလှုံ့ဆော်ရမည့်ပစ်မှတ်များမှာ အာဏာရှိသူများဖြစ်ကြပါတယ်။ သူတို့ဟာ အခွင့်အရေး ချိုးဖောက်ခံရမှုများကို အဆုံးသတ်ပေးရန် အာဏာရှိသူများဖြစ်တယ်၊ သူတို့ကိုမူဝါဒများနှင့် ကျင့်ထုံးများ ပြောင်းလဲခြင်းပြုလုပ်ပေးလာအောင် ဖိအားပေးနိုင်ဖို့ သင်၏ပစ်မှတ်များကို သိရှိရန်လိုအပ်ပြီး သူတို့ရဲ့အားသာချက် အားနည်းချက်များကို လေ့လာရဖို့လိုပါတယ်။

ဒီလိုလုပ်တာဟာ အားကစား အသင်းတစ်သင်းသည် ပြိုင်ပွဲကြီးတစ်ခုကို ယှဉ်ပြိုင်ဖို့အတွက် သူ့ရဲ့ပြိုင်ဘက်၏

ကစားပုံ ဗွီဒီယိုတွေကို ကြည့်ရှုတာနဲ့တူပါတယ်။ ထိုအသင်းက ၎င်းတို့ပြိုင်ဘက် မည်ကဲ့သို့ လှုပ်ရှားပုံ၊ မည်ကဲ့သို့ ကောင်းအောင်ကြိုးစားပုံနှင့် အားနည်းချက်များကို မည်ကဲ့သို့ ခုခံတွန်းလှန်ပုံတို့ကို လေ့လာပါတယ်။ အခွင့်အရေး တောင်းဆိုလှုပ်ရှားသူများကလည်း ပစ်မှတ်များကို ထိုနည်းတူ စဉ်းစားသုံးသပ်ပြီး ပြင်ဆင်ကြပါတယ်။ အကယ်၍ သင်သည် ပြဿနာနဲ့စည်းရုံးလှုပ်ရှားမယ့်ပန်းတိုင်ကို ရှင်းရှင်းလင်းလင်း သိမြင်လျှင် သင်တောင်းဆိုရမည့် ပစ်မှတ်ဆီသို့ တိုက်ရိုက်သွားသင့်ပြီ ဖြစ်ပါတယ်။ ဥပမာ– အဖွဲ့အစည်းတစ်ခုမှ အစီရင်ခံလိုသော အကြောင်းအရာဟာ မူးယစ်ဆေးစွဲ နေသူများအတွက် မူးယစ်ဆေးဝါးအန္တရာယ်လျော့ချရေး အစီအစဉ်သည် အမျိုးသားအိတ်ချ်အိုင်ဗွီ ကာကွယ်ရေးနည်းလမ်း၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း မှန်ကန်သေချာစေရန် ရည်ရွယ်ပါက ၎င်းတို့လုပ်ဆောင်ရမည့် ပထမအဆင့်မှာ ဤ ပြဿနာသည် –

- အမျိုးသား မူးယစ်ဆေးဝါးအန္တရာယ်လျော့ချရေး မူဝါဒမရှိခြင်းကြောင့်လား။ ရှိနေပြီးသော မူဝါဒမှာ ပြည့်စုံလုံ လောက်မှုမရှိခြင်းကြောင့်လား၊ (သို့မဟုတ်)
- ရှိနေပြီးသော မူဝါဒကို ကောင်းစွာ အကောင်ထည်ဖော်ခြင်း မရှိသောကြောင့်လားဆိုသည်ကို သိရှိဖို့လိုပါမယ်။

အကယ်၍ပြဿနာသည် မူးယစ်အန္တရာယ်လျော့ချရေးမူဝါဒ မရှိခြင်းကြောင့် (သို့မဟုတ်) ပြည့်စုံမှုမရှိခြင်းကြောင့် ဖြစ်လျှင် စည်းရုံးလှုံ့ဆော်မှု၏ရည်ရွယ်ချက်သည် ဥပဒေပြုသူများနှင့် မူဝါဒချမှတ်သူများအား သြဇာသက်ရောက်နိုင်ရန် ကြိုးစားပြီး စည်းရုံးလှုံ့ဆော်မှု၏ ပစ်မှတ်များမှာ အသိပေးတောင်းဆိုလှုပ်ရှားမှု၏ ပစ်မှတ်များမှာ ဥပဒေရေးဆွဲသူများ ဖြစ်ပါလိမ့်မယ်။ တကယ်လို့မူဝါဒကို ကောင်းမွန်စွာအကောင်အထည်ဖော်ခြင်းမရှိရင် တရားစီရင်ရေးဌာနများက ပစ်မှတ် များဖြစ်သွားပါလိမ့်မယ်။

အချို့ဥပမာများမှာ –

- စည်းရုံးလှုံ့ဆော်မှုပန်းတိုင်– အမျိုးသားကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်အောက်တွင် ရွှေ့ပြောင်းလုပ်သား များအတွက် ကျန်းမာရေးစောင့်ရှောက်မှုရရှိစေရန်၊
- ဦးတည်ချက်–ခရိုင်ဆေးရုံများတွင် ရွှေ့ပြောင်းလုပ်သားများအတွက် အိတ်ချ်အိုင်ဗွီကာကွယ်ရေး၊ ကုသရေး နှင့်စောင့်ရှောက်မှုများ ရရှိအောင်ကူညီပေးရန်၊
- ပစ်မှတ်– ခရိုင်ဆေးရုံအုပ်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာနမှအရာရှိများ၊
- စည်းရုံးလှုံ့ဆော်မှုပန်းတိုင်– မြို့တော်ဆေးရုံတွင်မီသာဒုံး(Methadone) ဆေးကိုဆေးစွဲလူနာများ သေချာ စွာရရှိစေရန်၊ ပစ်မှတ်–ဆေးရုံအုပ်ကြီး၊ မီသာဒုံး (Methadone)ဌာန အကြီးအကဲ၊ ကျန်းမာရေးဌာနမှအရာရှိများ၊

သင်၏ပစ်မှတ်ကိုဖော်ထုတ်ပြီးလျှင် ၎င်းတို့၏သတင်းများကိုစုဆောင်းရန်နှင့် ၎င်းတို့အပေါ်သြဇာသက်ရောက် နိုင်မည့်အရာကိုလေ့လာရန် အခြားအဖွဲ့မှ သင်၏မိတ်ဖက်များ၊ အဆက်အသွယ်များနှင့် ပူးပေါင်းပြီး သုတေသန ပြုလုပ်ပါ။ အာဏာရှိသူများထံ မည်သည့်နေရာက မည်သည့်သတင်းများ ရောက်ရှိတတ်သည်ကို တွက်ချက်နိုင်ပါကလဲ အကျိုးရှိနိုင်ပါတယ်။ ဖြေဆိုရမည့်မေးခွန်းအချို့မှာ–

- ပစ်မှတ်မှာ ကျွန်ုပ်တို့၏ပန်းတိုင်ကို ကူညီပေးမှာလား။ ဆန့်ကျင့်မှာလားသို့မဟုတ် ကြားနေမှာလား။
- ပစ်မှတ်၏ နောက်ခံသမိုင်းကြောင်းက ဘယ်လိုလဲ။ ယခင်က ထိုသူသည် မည်သည့် နေရာတွင်အလုပ်လုပ် ခဲ့ဖူးသလဲ။ ထိုအလုပ်က ထိုသူ၏အမြင်ကို မည်သို့လွှမ်းမိုးနေနိုင်လဲ။ ပစ်မှတ်တွင် မည်သည့် ရည်မှန်းချက်မျိုး ရှိနိုင်သလဲ၊ ထိုသူက ရာထူးတိုးချင်သူမျိုးလား။ ဒီလိုဆိုလျှင် သူ၏ အထက်အရာရှိများ သဘောကျအောင် သူဘာတွေလုပ်ရန်လိုမလဲ။
- ပစ်မှတ်ပုဂ္ဂိုလ်က ဘယ်အရာအပေါ်ကို ယုံကြည်မှုရှိသလဲ။ သူဟာလက်တွေ့ကျသည့် ပုဂ္ဂိုလ်လော၊ နိုင်ငံရေးကို ချစ်မြတ်နိုးသူလား သို့မဟုတ် ဘာသာရေးအဖွဲ့ဝင်လား၊ သူက ဘာကိုတန်ဖိုးထားတာပါလဲ။
- ပစ်မှတ်ပုဂ္ဂိုလ်တွင် မိသားစုရှိပါသလား သို့မဟုတ် တခြားသော စိတ်ဝင်စားမှုများရှိပါသလား။ သူ၏ အတွေးအမြင်ကို ထိုသူများက ဘယ်လောက်လွှမ်းမိုးနိုင်ကြသလဲ။
- ပစ်မှတ်ပုဂ္ဂိုလ်၏အတွေးအမြင်များကို မည်သူကလွှမ်းမိုးနေပါသနည်း။ ထိုပုဂ္ဂိုလ်ထံ သင်မည်ကဲ့သို့ ချဉ်းကပ်နိုင် မည်နည်း။ လူထုလှုပ်ရှားမှုတစ်ခုတွင် ကမ္ဘောဒီးယား လိင်လုပ်သားများက ၎င်းတို့အမျိုးသား ခေါင်းဆောင်များ၏ ဇနီးများကိုချဉ်းကပ်ပြီး ခေါင်းဆောင်များကို စည်းရုံးနိုင်ခဲ့ပါတယ်။ လိင်လုပ်သားများ၏ မိတ်ဖက်များဖြစ်သော ဆံပင်အလှပြင်သူများကို မိမိတို့လိုလားသည့်အရာရရှိအောင် လှုံ့ဆော်စည်းရုံးနည်းသင်ကြားပေးပြီး အပတ်စဉ် ဆံပင်အလှလာပြင်ကြသော ခေါင်းဆောင်များ၏ဇနီးများကို စည်းရုံးနိုင်ခဲ့ပါတယ်။

ပစ်မှတ်ပုဂ္ဂိုလ်တစ်ယောက်စီမှာ အားနည်းချက်၊ အားသာချက်၊ အန္တရာယ်နှင့် အခွင့်အလမ်းများရှိကြပါတယ်။

တကယ်လို့ သင်က ထိုပုဂ္ဂိုလ်ကိုစည်းရုံးမည်ဆိုရင် ထိုပုဂ္ဂိုလ်အကြောင်းကို ကောင်းမွန်စွာသိရှိဖို့လိုပါတယ်။

**သင်၏အားသာချက်ကို ရှာဖွေခြင်း**

တိုက်ပွဲမစခင်တွင် စစ်ဗိုလ်ကြီးတစ်ယောက်ဟာ သူ့ဖက်မှာရှိတဲ့တပ်သားတွေရဲ့ စွမ်းရည်၊ အသုံးပြုနိုင်မည့် ကျည်ဆံများနှင့် လက်နက်များ၏ အရေအတွက်တို့ အရည်အသွေးအကြောင်းတို့ကို သိရှိရမှာဖြစ်ပါတယ်။ အခွင့်အရေးတောင်းဆိုလှုပ်ရှားသူများမှာ ငြိမ်းချမ်းရေးကို မြတ်နိုးသူများဖြစ်သောကြောင့် လှုပ်ရှားမှုကို အစီအစဉ်ဆွဲရန်အတွက် အခြားအရင်းအမြစ်များကို ရှာဖွေရပါမယ်။

ပထမအခန်းတွင် ရှင်းပြထားခဲ့သည့်အတိုင်း စည်းရုံးလှုံ့ဆော်သည့်နည်းလမ်းများတွင် ဥပဒေပြုပြင်ရန် တောင်းဆိုခြင်း၊ နိုင်ငံတကာ စံညွှန်းများကိုလိုက်နာရန် တိုက်တွန်းခြင်း၊ မီဒီယာ၏ စွမ်းပကားကို အသုံးချ၍ လှုံ့ဆော်ခြင်းနှင့် ရပ်ရွာလူထုအား ပါဝင်လာအောင်စည်းရုံးခြင်းများ စသည်ဖြင့်အမျိုးမျိုးရှိပါတယ်။ စည်းရုံးလှုံ့ဆော်သူများက ဒီလိုနည်းအားလုံးကိုသုံးကြတာတော့မဟုတ်ပါ။ သင့်အဖွဲ့၏အားသာချက်နှင့် အရင်းအမြစ်များကို ရှာဖွေရာတွင် စဉ်းစားရမည့်အချက်များမှာ—

**ဥပဒေပြုရေး**

- သင်၏အဖွဲ့အနေနဲ့ ဥပဒေအကြောင်းလေ့လာရန် ရင်းမြစ်ကောင်းကောင်းသို့မဟုတ် အတွေ့အကြုံကောင်းကောင်းရှိ ပါသလား။ သင်၏ လုပ်ဆောင်မှုများအား ကူညီလိုသော ရှေ့နေများရှိပါသလား။
- အကောင်းဆုံးနည်းလမ်းကို အကြံပြုနိုင်တဲ့ ဥပဒေပညာရှင်ကြီးများနှင့် အဆက်အသွယ်ရှိပါသလား။

အကယ်၍ဒီမေးခွန်းအားလုံးရဲ့ အဖြေတွေဟာမှမရှိပါလို့ဆိုရင်တော့ ကိုယ်လုပ်မယ့် စည်းရုံးလှုံ့ဆော်မှုအစီအစဉ်မှာ ကိုယ်နဲ့ကိုယ့်လုပ်ဖော်ကိုင်ဖက်တွေအနေနဲ့ ဥပဒေနှင့်ပတ်သက်ပြီး သင်ယူဖို့နဲ့ရှေ့နေများနှင့် ဆက်သွယ်မှုတည်ဆောက်ရန် အချိန်အတန်ကြာယူရအုံးမှာ အသေအချာပါဘဲ၊

ဒီလိုမှမလုပ်ချင်ရင်တော့ ဥပဒေကျွမ်းကျင်သူများရှိသော အခြားအဖွဲ့ကို လိုက်လံဆက်သွယ်ပြီးသူတို့ကို သင်နှင့်အတူ လူထုစည်းရုံးရေးလှုပ်ရှားမှုတွင်ပါဝင်ရန် ဖိတ်ခေါ်ဖို့လိုပါတယ်။

နိုင်ငံတကာ စံချိန်စံညွှန်းများကိုလိုက်နာရန် တိုက်တွန်းခြင်း၊ အချို့ပုဂ္ဂိုလ်များသည် လက်တွေ့ကျကျတွေးခေါ်တတ်ပြီး အကျိုးအကြောင်းဆီလျော်စွာ တင်ပြလာမှုများကို ကောင်းစွာတုန့်ပြန်တတ်ကြလေ့ရှိပါတယ်။ တချို့ကတော့ ဘာသာရေးကိုအားသန်ပြီး ရိုးရာဓလေ့နှင့် ဘာသာရေးကိုအခြေခံပြီး တုန့်ပြန်တတ်ကြတယ်။ အချို့ ပုဂ္ဂိုလ်များကတော့ နိုင်ငံတကာအသိုင်းအဝိုင်းသဘောကို တန်ဖိုးထားပြီး နိုင်ငံတကာ စံနှုန်း၊ ဥပဒေများကို လေးစားလိုက်နာတတ်ကြတယ်။

သင့်ရဲ့ပစ်မှတ်ဆန်းစစ်မှုများက သင့်အား မည်သည့် စံနှုန်းများက မည်သည့်ပစ်မှတ်များအပေါ် လွှမ်းမိုးကြောင်းဖော်ထုတ်ပေးနိုင်ပါတယ်။ သိပ္ပံနည်းကျ သုတေသနပြုလေ့ရှိတဲ့ ကျန်းမာရေး အရာရှိတယောက်ဟာ ဥပဒေသဘောတရားအပေါ် အခြေခံတဲ့သော ပြောဆိုမှုမျိုးကို စိတ်ဝင်စားမှာမဟုတ်ပေ။

စည်းရုံးလှုံ့ဆော်သည့်လုပ်ငန်းအတွက်သင့်တော်သော နည်းလမ်းကို အသုံးပြုရန်မှာ ပစ်မှတ်ပုဂ္ဂိုလ်များရဲ့ အသိဉာဏ်ပညာနှင့် နောက်ခံသမိုင်းကို ကောင်းစွာသိရန် အလွန်အရေးကြီးပါတယ်။ အကယ်၍ ဘာသာရေးကို တန်ဖိုးထားသော အာဏာရှိပုဂ္ဂိုလ်အားစည်းရုံးရာတွင် ဆီလျော်မှုမရှိသော ဘာသာရေးကိုမလိုအပ်ဘဲ ပြောဆိုမိရင် သင်၏ကြိုးပမ်းမှုကို အားယုတ်စေပါလိမ့်မယ်။

နည်းဗျူဟာများကို စတင်ပြင်ဆင်မယ်ဆိုရင် သင့်ကိုသင်မေးရမည့် မေးခွန်းများမှာ—

- သင်၏ ပစ်မှတ် ပုဂ္ဂိုလ်များအားစည်းရုံးရန် နိုင်ငံတကာစံညွှန်းများနှင့် ပတ်သက်သော ဗဟုသုတရှိပါသလား။
- အကယ်၍မရှိလျှင် ထိုဗဟုသုတရှိသောလူပုဂ္ဂိုလ်တစ်ဦးဦးကို သင်သိပါသလား။

အကယ်၍ အဖြေသည် မရှိပါဆိုလျှင် သင်၏ စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းတွင် သင်လိုအပ်သော ဗဟုသုတမျိုးရှိနိုင်မည့် အခြားအဖွဲ့ကိုရှာဖွေပြီး ၎င်းအဖွဲ့ကို သင်နှင့်အတူ လူထုစည်းရုံးမှုလုပ်ငန်းတွင်ပါဝင်ရန် အကူအညီတောင်းပါ။

**မီဒီယာ၏ စွမ်းပကားကို အသုံးချခြင်း**

မီဒီယာသည် စည်းရုံးလှုံ့ဆော်သောလုပ်ငန်းအတွက် အစွမ်းထက်ဆုံးသော လက်နက်ဖြစ်ပါတယ်။ နိုင်ငံတကာ စည်းရုံးလှုံ့ဆော်သူများက 'ထုတ်ဖော်ပြောဆို၍ အရှက်ရစေခြင်း'ဆိုတဲ့နည်းဗျူဟာကို အသုံးပြုပြီး မီဒီယာကို အသုံးပြုလေ့ရှိပါတယ်။ ဒီနည်းကတော့ တာဝန်ရှိပုဂ္ဂိုလ်၏ အမည် သို့မဟုတ် အဖွဲ့အမည်ကို မီဒီယာကို အသိပေးပြီး ထိုပုဂ္ဂိုလ်

သို့မဟုတ် အဖွဲ့ကို အမူအကျင့်များပြောင်းလဲစေဖို့အတွက် ထိုသူတို့အား လူထုအကြားအရှက်ရစေရန် ထုတ်ဖော်ပြောဆိုတာမျိုးဖြစ်ပါတယ်။

သတင်းများကို လွတ်လပ်စွာရေးသားဖော်ပြနိုင်တဲ့ အခြေအနေမျိုးရှိပြီး ထိုသတင်းများထဲတွင်ပါဝင်သော လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတို့က ရှက်တတ်ရင် ဒီနည်းကအသုံးကျပါတယ်။ ဒီလိုမျိုးအခြေအနေမျိုးမဟုတ်ရင်တော့ 'ထုတ်ဖော်ပြောဆို၍ အရှက်ရစေခြင်း' ဆိုတဲ့နည်းဗျူဟာကြောင့် တက်ကြွလှုပ်ရှားသူတွေအပေါ် ဖိအားပေးခံရတာတွေ၊ တုန့်ပြန်ခံရတာတွေ ခံရတတ်ပါတယ်။ တကယ်လို့များ သင်မီဒီယာ၏ စွမ်းအားကိုရယူလိုပါက –

- သင်၏အဖွဲ့တွင် သတင်းသမားများနှင့် ထိရောက်စွာပြောဆိုနိုင်သော သတင်းသမားဟောင်းများ သို့မဟုတ် လက်ရှိလုပ်နေဆဲ သတင်းသမားများရှိပါလား။ သင်၏အဖွဲ့တွင် သတင်းအချက်အလက်များကို လူထုအကြားရောက်ရှိအောင်ကူညီနိုင်သော တတ်ကျွမ်းတဲ့ စာရေးဆရာများ သို့မဟုတ် ဓါတ်ပုံဆရာများ ရှိပါသလား။
- သင်၏ လှုပ်ရှားမှုကို သတင်းပို့ရန် စိတ်ဝင်စားသောသတင်းသမား တော်တော်များများကို သင်သိပါသလား။
- သင်၏အဖွဲ့တွင် သတင်းဖြန့်ဝေရန်အတွက် စာရေးဆရာကောင်းများရှိပါသလား။
- သင်၏တိုင်းပြည်တွင် သင်၏ ပြဿနာအချင်းအရာများကို လွတ်လပ်စွာတင်ပြခွင့်ရနိုင်မည်လား။
- မီဒီယာနှင့် အလုပ်လုပ်ဖို့အတွက် လုံခြုံမှုရှိပါသလား။

အကယ်၍ဤမေးခွန်းများ၏အဖြေမှာ 'မရှိပါ' ဖြစ်ပါက သင်၏ စည်းရုံးလှုံ့ဆော်မှုအစီအစဉ်ထဲတွင် မီဒီယာနှင့် အဆက်အသွယ်ရအောင်လုပ်ဆောင်ရန်ရန် သို့မဟုတ် မီဒီယာအလုပ်တွင် တတ်ကျွမ်းသောအဖွဲ့နှင့် ရင်းနှီးမှု ရရန်တည်ဆောက်ရန်လိုပါမယ်။ သို့မဟုတ်လျှင် အခြားနည်းလမ်းကို ရွေးချယ်ပါ။

## ရပ်ရွာလူထုအား ပါဝင်လာအောင်စည်းရုံးခြင်း

လူထုအင်အားရယူခြင်းဟာ လူထုစည်းရုံးရေးလုပ်ဆောင်ရာမှာ အရေးကြီးတဲ့ အစိတ်အပိုင်းတခုဖြစ်ပါတယ်။ လူထုအင်အားရရှိတာကြောင့် ဤလှုပ်ရှားမှုဟာ လက်တွေ့ခံစားနေရတဲ့ လူထုရဲ့တကယ်လိုအပ်နေသောအရာဖြစ်ကြောင်းကို ပေါ်လွင်စေနိုင်ပါတယ်။ အာဏာရှိသူများကို သို့မဟုတ် မီဒီယာကို ပြောဆိုတဲ့သူတွေဟာ တိုက်ရိုက်ခံစားနေရတဲ့ အုပ်စုထဲကသူဖြစ်ရင် ပိုအာရုံစိုက်ခံရလေ့ရှိပါတယ်။

## လူထုအားကို ရယူလိုပါက

- သင်၏အဖွဲ့တွင် လက်တွေ့ခံစားနေရသော ပတ်ဝန်းကျင်က လူအများအပြားပါဝင်ပါသလား။
- ထိုသူတွေဟာ အဖွဲ့ထဲမှာ တက်ကြွစွာ ပါဝင်ကြပါသလား။ တနည်းအားဖြင့် အစည်းအဝေးတက်ခြင်း၊ အွန်လိုင်းပေါ်တွင် ဆွေးနွေးကြခြင်း ပြုလုပ်ပါသလား။ သို့မဟုတ် အဖွဲ့၏ခေါင်းဆောင်များဖြစ်ပါသလား။
- လူထုရဲ့ထောက်ခံမှုကို ဖော်ပြသည့် ဆန္ဒပြခြင်းတွင်ပါဝင်ခြင်း၊ လက်မှတ်ရေးထိုးခြင်း၊ အင်တာနက်ပေါ်တွင် ၎င်းတို့၏ လူအင်အားနဲ့ စည်းလုံးမှုကိုပြသတဲ့သော အွန်လိုင်းလှုပ်ရှားမှုများတွင်ပါဝင်ခြင်းတို့ကို ပြုလုပ်ရန် လူထုအနေနဲ့ဆန္ဒရှိသလား။
- ညီလာခံတွင် လူထုကိုကိုယ်စားမပြုခင်တွင် သင်၏အဖွဲ့ဟာလူထုရဲ့ အရေးကိစ္စတွေကိုသိရှိနိုင်ဖို့ မကြာခဏတိုင်ပင်ဆွေးနွေးခဲ့ပါသလား။
- ထိုညီလာခံပြီးတဲ့နောက်မှာရော အကြောင်းအရာတွေကို လူထုကို အမြဲမပြတ်ပြန်လည် တင်ပြပါသလား။
- လူထုခေါင်းဆောင်များဟာ သင့်အဖွဲ့ရဲ့ ဦးဆောင်မှုတွင် ပါဝင်ပါသလား။ သူတို့ဟာ လူထုကြားမှာ သင့်အဖွဲ့ကို ကိုယ်စားပြုပါသလား။

လူထုအားကိုရယူရာတွင် အတားအဆီးတွေရှိပါသလား။ သင်နှင့် သင့်လုပ်ဖော်ကိုင်ဖက်များသည် ကြုံတွေ့လာရမည့် အတားအဆီးများကို ခုခံနိုင်ရည်စွမ်းရှိပါသလား။

အကယ်၍ အဖြေဟာ 'မရှိပါ' ဆိုလျှင်သင်၏စည်းရုံးလှုံ့ဆော်ရေး အစီအစဉ်မှာလူထုရဲ့ ထောက်ခံမှု၊ ပါဝင်မှုကို ရဖို့ ဖြည်းဖြည်းချင်းလုပ်ဆောင်သွားရမည်ဖြစ်ပါတယ်။ ဒါ့အပြင် အတားအဆီးများကို ကျော်ကဲခြင်းနှင့်ဆန်းစစ်ခြင်းများကိုလည်း ပြုလုပ်ရပါမယ်။ လူထုထောက်ခံမှုရသော အခြားအဖွဲ့အစည်းများထံ သွားရောက်ပြီး စည်းရုံးလှုံ့ဆော်တဲ့လှုပ်ရှားမှုမှာ အတူတကွပါဝင်ဖို့ နည်းလမ်းရှာဖွေသင့်ပါတယ်။ အရင်းအမြစ်တစ်ခုက သင်၏လှုပ်ရှားမှုကို အောင်မြင်ရန် ကူညီနိုင်ပါလိမ့်မယ်။ ဒါပေမဲ့ လှုပ်ရှားမှုမစခင်မှာ သင့်အဖွဲ့၏ အားနည်းချက် အားသာချက်ကိုဆန်းစစ်ရန် မှန်ကန်တိကျမှုရှိရန် လိုအပ်လှပါတယ်။ ဖြည့်စွက်စာမျက်နှာတွင် အခြားအဖွဲ့များ ပြုလုပ်သော SWOT လေ့လာဆန်းစစ်မှု (SWOT) ၏

အဓိပ္ပါယ်မှာ S (strenghts)= အားသာချက်၊ W (Weaknesses)= အားနည်းချက်၊ O (Opportunities) = အခွင့်အလမ်းများနှင့် T (Threats)= စိန်ခေါ်မှုများတို့ဖြစ်သည့် လေ့ကျင့်ခန်းများပါဝင်ပါတယ်။ ဒီအချက်တွေက သင့်၏ အားနည်းချက်များနဲ့ အားသာချက်များကို ရှင်းလင်းစွာ သိမြင်နိုင်ရန် ကူညီပေးနိုင်ပါလိမ့်မယ်။

**အစီအစဉ်ကို ပြန်လည်သုံးသပ်ခြင်းနှင့် ထိန်းညှိခြင်း**

အခွင့်အရေးကောင်းဆိုလုပ်ရှားသူများ အတော်များများဟာ လုပ်ဆောင်မှုကို စောင့်ကြပ်ခြင်းနှင့်အကဲဖြတ်ခြင်းကို နေ့စဉ်အလုပ်များရှုတ်နေတာကြောင့်ဖြစ်စေ ဒါမှမဟုတ် စောင့်ကြပ်ခြင်းနဲ့ အကဲဖြတ်ခြင်းကို ဘယ်လိုလုပ်ရမှန်းမသိတာကြောင့်ဖြစ်စေ သတိမထားမိဖြစ်တတ်ကြပါတယ်။ တကယ်ဆိုရင် စောင့်ကြပ်ခြင်းနဲ့ အကဲဖြတ်ခြင်းကို လုပ်မယ်ဆိုရင် အချိန်များများမလိုပါဘူး။ ဒီလိုလုပ်ဆောင်တဲ့အတွက် ရေရှည်တွင် ဤလုပ်ရပ်က အကျိုးသက်ရောက်မှုမရှိသော လှုပ်ရှားမှုတွေကိုလုပ်ဆောင်ရင်း ရှားပါးလှတဲ့ ရင်းမြစ်တွေကို အလဟသပ်မဖြစ်အောင် ရှောင်ရှားပေးစေနိုင်ပါတယ်။ စည်းရုံးလှုံ့ဆော်သူတွေက အမှန်တကယ်ရရှိခဲ့တဲ့ အောင်မြင်မှုများကို တိတိကျကျတင်ပြနိုင်မယ်ဆိုရင် အလှူရှင်များနှင့် အကျိုးသက်ရောက်မှုခံခဲ့ရသောလူထုက ဝမ်းမြောက်ကြည်နူးကြမှာဖြစ်ပါတယ်။

အထက်တွင် ဖော်ပြထားသကဲ့သို့လှုပ်ရှားမှုနည်းဗျူဟာတွင် ရှင်းလင်းပြတ်သားပြီး ရလဒ်ကို လွယ်ကူစွာ တိုင်းတာနိုင်မယ့် ရည်မှန်းချက်နှင့်ဦးတည်ချက်ရှိရပါမယ်။ အပြန်လည်သုံးသပ်အကဲဖြတ်တာကို လှုပ်ရှားမှု အစီအစဉ် စကထဲက ထည့်သွင်းထားဖို့လိုပါတယ်။ ၎င်းတွင် ပါဝင်သော အဆင့်များမှာ–

၁။ နည်းဗျူဟာကျသောအစီအစဉ်ကို ဖန်တီးရန်– စည်းရုံးလှုံ့ဆော်မှုရဲ့ပန်းတိုင်၊ ရည်ရွယ်ချက်များနဲ့ လုပ်ရမည့် အဆင့်များကိုသတ်မှတ်ရန်၊

၂။ ခြေလှမ်းတစ်ခုစီနှင့် ရည်ရွယ်ချက်တစ်ခုစီအတွက် အစီအစဉ်များ ပြုလုပ်ခြင်းကို စစ်ဆေးရန်အတွက် တိကျပြတ်သားသော ညွှန်းကိန်းများကိုထားရှိရန်။ ဥပမာ 'အနည်းဆုံး အရာရှိ ၃–ဦးမှ အပြုသဘောဆောင်သော မှတ်ချက်များကိုပေးလာရန်' သို့မဟုတ် 'ပြည်တွင်းသတင်းစာများတွင်ကျွန်ုပ်တို့၏ လူထုစည်းရုံးမှုအကြောင်း ရေးထားသော ဆောင်းပါး ၂ ခု–'စသည်တို့ဖြစ်နိုင်ပါတယ်။

၃။ အထက်ဖော်ပြပါ ညွှန်းကိန်းများနှင့်ပတ်သက်သော သတင်းဆောင်းပါးများ သို့မဟုတ် ပြန်လည်သုံးသပ်သည့် ပုံစံများဆိုင်ရာ သတင်းအချက်အလက်များကို စုဆောင်းရန်။

၄။ သတင်းအချက်အလက်များကို ဆန်းစစ်ပြီးပါကအောက်ပါမေးခွန်းများကို မေးရန်–

(က) ကျွန်ုပ်တို့၏ ပန်းတိုင်ကိုရောက်ခဲ့သလား။

(ခ) အကယ်၍ ပန်းတိုင်ကိုမရောက်ခဲ့လျှင် ထိုပန်းတိုင်သည် မဖြစ်နိုင်တာကြောင့်လား၊ မှန်ကန်စွာ မလုပ်ဆောင်နိုင်တာကြောင့်လား၊ သို့မဟုတ် ကျွန်ုပ်တို့ မထိန်းချုပ်နိုင်သော အဖြစ်အပျက်များ ပေါ်ပေါက်ခဲ့တာကြောင့်လား။

(ဂ) ဤအတွေ့အကြုံကနေကျွန်ုပ်တို့ မည်သည့်သင်ခန်းစာရယူနိုင်သနည်း။ ပန်းတိုင်ကို ပိုမိုဖြစ်နိုင်။ ရရှိနိုင်သော ပန်းတိုင်အဖြစ် ပြောင်းသင့်သလား သိကျွန်ုပ်တို့၏ လုပ်ရပ်ကို ပြောင်းသင့်ပါသလား။

*သတင်းအချက်အလက်ပေါ်မူတည်၍လှုပ်ရှားခြင်း*– သင်၏ သုံးသပ်မှုကို အခြေခံ၍မဟာဗျူဟာကိုအပြောင်းအလဲ ပြုလုပ်ပါ။

အဖွဲ့အစည်းအနေဖြင့် စည်းရုံးလှုံ့ဆော်မှုအစီအစဉ်ကို အနည်းဆုံး သုံးလတစ်ကြိမ်ပြန်လည်ကြည့်ရှု စစ်ဆေးသင့်ပါတယ်။ ဒီလိုလုပ်တာကို ဖြစ်စဉ်အပေါ်သုံးသပ်ခြင်းဟုခေါ်လေ့ရှိပါတယ်။ အဘယ်ကြောင့်ဆိုသော် အသိပေးတောင်းဆိုသည့် စည်းရုံးလှုံ့ဆော်တဲ့ မဟာဗျူဟာအစီအစဉ်ကို ထိန်းညှိနိုင်ဖို့ အစီအစဉ်ပြုလုပ်နေစဉ်အတွင်း သုံးသပ်တာကြောင့် ဖြစ်ပါတယ်။ အကယ်၍ သင့်ပန်းတိုင်ကိုရောက်ခဲ့နိုင်ရင် အောင်ပွဲခံပါ။ ပျော်ပွဲရွှင်ပွဲများပြုလုပ်ပြီး သင်၏လုပ်ဖော်ကိုင်ဖက်များကိုဂုဏ်ပြုပါ။ သို့မဟုတ် စည်းရုံးလှုံ့ဆော်မှုထဲမှာ ကူညီခဲ့သူများကို သတင်းကောင်းတစ်ခုပေးပို့ပါ။

စည်းရုံးလှုံ့ဆော်သည့် လှုပ်ရှားမှုပြီးလျှင် အပြောင်းအလဲကို ဖော်ပြရန်နှင့် လှုပ်ရှားမှု၏ အကျိုးသက်ရောက်မှုကို သုံးသပ်ဖို့အတွက် ရလဒ်သုံးသပ်ခြင်းကို ပြုလုပ်ရန် အကြံပြုလိုပါတယ်။ သင်၏ညွှန်းကိန်းများကို ပြန်လည်ကြည့်ရှုပြီး ဤသို့မေးနိုင်ပါတယ်။

- ကျွန်ုပ်တို့၏ နည်းလမ်းကနေ ဘာတွေရရှိခဲ့သလဲ။ နောက်တစ်ကြိမ်တွင် ဘယ်လိုထိရောက်အောင်လုပ်မလဲ။
- ကျွန်ုပ်တို့၏ လုပ်ဆောင်ခဲ့တဲ့အတွက်ရတဲ့ ရလဒ်က မျှော်မှန်းခဲ့တဲ့ရလဒ်နှင့် ခြားနားမှုရှိခဲ့သလား။
- မမျှော်မှန်းထားသော ရလဒ်များရှိခဲ့သလား၊ ရလဒ်က ကောင်းလားဆိုးလား။
- သုံးသပ်ခြင်းရလဒ်များကို လူထု၊ အလှူရှင်များ၊ မိတ်ဖက်များနှင့် ပြည်သူများအား မည်ကဲ့သို့ဖြန့်ဖြူးပေး

ရမလဲ။

- လုပ်ဆောင်မှုမှာ ရင်းမြစ်များကို ကောင်းစွာအသုံးချခဲ့ပါသလား။ လုပ်ဆောင်မှုက ပန်းတိုင်ကို အမှားနည်းနည်းဖြင့် လျင်မြန်စွာရခဲ့ပါသလား။

လူ့အခွင့်အရေးချိုးဖောက်ခံခဲ့ရသောသူတွေဟာ ဤပြန်လည်သုံးသပ်ခြင်းအစီအစဉ်ရဲ့ အစိတ်အပိုင်း ဖြစ်သင့်ပါတယ်။ သူတို့သည်ဤလှုပ်ရှားမှုကို မည်ကဲ့သို့ကောင်းစွာ အကောင်အထည်ဖော်ခဲ့ကြောင်းကို သူတို့ရဲ့ရှုထောင့်ကနေ ပြောပြပြီးကူညီပေးနိုင်ကြပါတယ်။

လူထုလှုံ့ဆော်မှုတွင် မပါဝင်သောအခြားလူပုဂ္ဂိုလ်တွေကိုလဲ လေ့လာသုံးသပ်ချက်ရလဒ်အချို့ သို့မဟုတ် ရလဒ်အားလုံးကို ဖြန့်ဝေပေးနိုင်မလားကိုလည်း စဉ်းစားပါ။ သို့မှသာ ၎င်းတို့သည်ဤအတွေ့အကြုံကနေ သင်ယူနိုင်မှာဖြစ်ပါတယ်။

■ ■ ■

# နည်းပရိယာယ်များ- တာဝန်ရှိသူများကို စည်းရုံးလှုံ့ဆော်ခြင်းနှင့် ချဉ်းကပ်စည်းရုံးခြင်း

မည်သည့် စည်းရုံးလှုံ့ဆော်တဲ့ လှုပ်ရှားမှုတွင်မဆို အဓိကကျသော အချက်တစ်ချက်မှာ လူတို့၏ အတွေးများကို ပြောင်းလဲခြင်းဖြစ်ပါတယ်။ ဆိုလိုသည်မှာ ပြိုင်ဘက်များကို ကြားနေသူများအဖြစ်သို့လည်းကောင်း၊ ကြားနေသူများကို မိတ်ဖက်များအဖြစ်သို့လည်းကောင်း၊ မိတ်ဖက်များကို စည်းရုံးလှုံ့ဆော်သူများအဖြစ်သို့ လည်းကောင်း ပြောင်းလဲပေးခြင်းဖြစ်ပါတယ်။ ဒီအခန်းမှာတော့ လူပုဂ္ဂိုလ်တစ်ဦးစီအား စည်းရုံးလှုံ့ဆော်မှု အကြောင်းကို ဆွေးနွေးပါမယ်။ နောက်ပြီးတော့ အိတ်ချအိုင်ဗွီ၊ အေအိုင်ဒီအက်စ် တက်ကြွလှုပ်ရှားသူများကနေ လှုံ့ဆော်စည်းရုံးလေ့ရှိတဲ့ နိုင်ငံတကာ အဖွဲ့အစည်းအချို့အကြောင်းကို လေ့လာကြရအောင်။

- တာဝန်ရှိသူတစ်ဦးချင်းကို စည်းရုံးလှုံ့ဆော်ခြင်းနဲ့ ချဉ်းကပ်စည်းရုံးခြင်း။
- အေအိုင်ဒီအက်စ်၊ တီဘီရောဂါနှင့် ငှက်ဖျားရောဂါတို့ကို တိုက်ဖျက်ရန် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (Global Fund)နှင့် လက်တွဲလုပ်ဆောင်ခြင်း။
- နှစ်ဦးနှစ်ဖက်ပါဝင်သော လူ့အခွင့်အရေးဆွေးနွေးမှုများလုပ်ဆောင်ခြင်း။
- ကုလသမဂ္ဂနှင့် လက်တွဲလုပ်ဆောင်ခြင်း။

ကမ္ဘာ့ကုလသမဂ္ဂသည် နိုင်ငံတကာလူ့အခွင့်အရေး အသိပေးတောင်းဆိုလှုပ်ရှားမှုအတွက် အရေးပါဆုံးသောနေရာဖြစ်သောကြောင့် ဒီအခန်းမှာ ၎င်းရဲ့အကြောင်းကို အသေးစိတ်ဆွေးနွေးထားပါတယ်။ ကုလသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံအချင်းချင်းသဘောတူစာချုပ်များနှင့် လုပ်ထုံးလုပ်နည်းများအပေါ် ပိုမိုနားလည်စေနိုင်ဖို့ လူ့အခွင့်အရေးမူဘောင်များ (Know it : The Rights Framework) စာအုပ်ကိုလည်း လေ့လာပါ။

### တာဝန်ရှိသူအား စည်းရုံးလှုံ့ဆော်ခြင်းနဲ့ ချဉ်းကပ်စည်းရုံးခြင်း

မူဝါဒကိုပြောင်းလဲရန် လုပ်ပိုင်ခွင့်ရှိသူတစ်ဦးကို စည်းရုံးဖို့အတွက် သင်၏လုပ်ဆောင်ချက်ကိုထောက်ခံသော ၎င်းကဲ့သို့ လုပ်ပိုင်ခွင့်ရှိသူ၊ ၎င်း၏ လုပ်ဖော်ကိုင်ဖက်များက သင့်ဖက်တွင်ရှိရန် အရေးကြီးပါတယ်။ လုပ်ဖော်ကိုင်ဖက်တွေဟာ အချင်းချင်း နားထောင်တတ်ကြပါတယ်။

ထိုရည်မှန်းချက်နဲ့ စည်းရုံးလှုံ့ဆော်သူတွေဟာ မိမိလုပ်ဆောင်နေတဲ့လုပ်ငန်းအပေါ် ခံစားနားလည်ပေးနိုင်တဲ့ တာဝန်ရှိသူတွေကိုချဉ်းကပ်ပြီး ရင်းနှီးဖော်ရွေပြီး သူ့အတွက်အန္တရာယ်မဖြစ်စေတဲ့ ဆက်ဆံရေးတစ်ခုကို တည်ဆောက်၍လည်းကောင်း၊ မူဝါဒပြောင်းလဲမှုများပြုလုပ်တဲ့နေရာမှာ ဒီလူတွေက စည်းရုံးလှုံ့ဆော်တဲ့လုပ်ငန်းတွေမှာ ပါဝင်စည်းရုံးခြင်းဖြင့်လည်းကောင်း လုပ်ဆောင်လေ့ရှိပါတယ်။

အောက်ပါအချက်တို့ဖြင့်စတင်ရန် ကျွန်ုပ်တို့အကြံပြုပါတယ်။

၁။ အဓိကကျသော စည်းရုံးလှုံ့ဆော်မှုအတွက် အဓိကပစ်မှတ်ထားတဲ့သူတွေအပေါ် ဩဇာသက်ရောက်နိုင်မဲ့ လူပုဂ္ဂိုလ်ငါးဦး၏ အမည်စာရင်းကို ဖန်တီးပါ။ ဒီလူတွေထဲမှာ ဥပဒေပြုလွှတ်တော်အမတ်များ၊ အစိုးရအရာရှိများ၊ နိုင်ငံတကာအလှူရှင်များ၊ တက္ကသိုလ်ဆရာများ၊ ဘာသာရေးခေါင်းဆောင်များ သို့မဟုတ် စီးပွားရေးလုပ်ငန်းရှင်တွေ ပါဝင်နိုင်ပါတယ်။

၂။ ထိုပုဂ္ဂိုလ်ငါးဦးတွင်ပါဝင်သော တစ်ဦးစီနှင့် အဆက်အသွယ်ပြုလုပ်နိုင်မည့် နည်းလမ်းတွေကို သင်၏အဖွဲ့အစည်း သို့မဟုတ် ညွန့်ပေါင်းအဖွဲ့နှင့်အတူ စဉ်းစားကြည့်ပါ။ လူမှုကွန်ယက်တစ်ခုဖြစ်သော ဖေ့ဘွတ်ရဲ့ လေ့လာချက်အရဆိုရင် ကမ္ဘာပေါ်ရှိလူတွေဟာ တစ်ယောက်နဲ့တစ်ယောက်ကြားမှာ အတူတူသိထားတဲ့မိတ်ဆွေ သူတို့နဲ့သိတဲ့ လူလေးယောက် သို့မဟုတ် ငါးယောက်လောက်ရှိနေတယ်လို့ဆိုပါတယ်။ သင်သည် ဤအချက်ကို သဘောပေါက်တယ်ဆိုရင် သင့်အနေဖြင့် လူတိုင်းနီးပါးနဲ့ ဆက်သွယ်ချိတ်ဆက်နိုင်ပုံကို တွေ့ရှိနိုင်ပါလိမ့်မယ်။

(က) သင်၏ အဖွဲ့ထဲမှ တစ်ယောက်ယောက်က ထိုသူကို သိသလား။ သူတို့က ကိုယ့်ကိုမိတ်ဆက်ပေးဖို့ ဆန္ဒရှိသလား။

(ခ) ထိုသူလို တခြားနှစ်လိုဖွယ်ကောင်းသော အကြံပေးပုဂ္ဂိုလ် သို့မဟုတ် အလှူရှင်တစ်ဦးက သင်လုပ်နေသော လူမှုရေးနယ်ပယ်ထဲကို ဝင်ရောက်လာပါသလား။

(ဂ) ထိုသူကို ညီလာခံ သို့မဟုတ် အစည်းအဝေးပွဲတစ်ခုမှာ ချဉ်းကပ်နိုင်မလား။

(ဃ) ပထမဆုံးဆက်သွယ်မှုကိုပြုလုပ်ဖို့ သင့်အဖွဲ့က သို့မဟုတ် ညွန့်ပေါင်းအဖွဲ့က မည်သူသည် အသင့်

တော်ဆုံးဖြစ်မလဲ။

၃။ လူပုဂ္ဂိုလ်ငါးဦးစာရင်းတွင် ပါဝင်သူအယောက်စီတိုင်း၏ စိတ်ပါဝင်စားမှုများနှင့် သမိုင်းကြောင်းကို သိရှိရန် သူတို့၏ နောက်ကြောင်းရာဇဝင်ကို ရှာဖွေဖော်ထုတ်ပါ။ သူတို့အတွက် ဘယ်လိုချဉ်းကပ်မှုပုံစံက ဆွဲဆောင်မှုရှိမလဲ။ သူတို့ စိတ်ဝင်စားတဲ့အရာတွေနဲ့ လိုအပ်ချက်တွေက ဘာတွေလဲ။

၄။ 'ဓာတ်လှေကားစီးစဉ် စည်းရုံးခြင်း' တစ်ခုကို ဖန်တီးပါ။ ဓာတ်လှေကားစီးနေတဲ့အချိန်တိုအတွင်းမှာ သင်လုပ်နေတဲ့ အလုပ်သည် အရေးပါကြောင်းပြောပြနိုင်သလို မိမိလုပ်နေတဲ့အကြောင်းအရာနဲ့ပတ်သက်ပြီး သုံးမိနစ်အတွင်း အနှစ်ချုပ် ပြောပြနိုင်ဖို့ လေ့ကျင့်ပါ။ လူတွေဟာ အလုပ်ရှုပ်နေတတ်ပြီး သူတို့အပေါ်တောင်းဆိုမှုတွေကလဲ အများကြီးရှိတတ်ပါတယ်။ ဒါကြောင့် သင်သည် ထိုစည်းရုံးမှုကို သက်တောင့်သက်သာ ပုံစံမျိုးနဲ့ လျင်လျင်မြန်မြန်လွယ်လွယ်ကူကူလုပ်တတ်ဖို့ လိုပါတယ်။ ဒီလိုလုပ်ဖို့မလွယ်ကူပါ။ သင်၏ စည်းရုံးမှုကို သင့်အပေါင်းအဖော်များနှင့် လေ့ကျင့်ပြီး သူတို့ရဲ့ပြန်လည် အကြံပြုချက်များကို ရယူပါ။ ထိုစည်းရုံးမှုရဲ့ပန်းတိုင်မှာ စည်းရုံးခံရသူသည် နောက်ထပ်တွေ့ဆုံရန် သဘောတူနိုင်လောက်သည့် လုံလောက်သော စိတ်ဝင်စားမှုမျိုးကိုဖြစ်ပေါ်စေရန်လောက်သာဖြစ်ကြောင်း မှတ်ထားပါ။

၅။ ဘာကြောင့် သင်လူထုစည်းရုံးမှု လိုအပ်နေတာလဲ၊ ဘယ်သူတွေပါဝင်သလဲ (ဥပမာ– သင်၏ညွန့်ပေါင်းအဖွဲ့ဝင်များ)နှင့် ဒီစည်းရုံးလှုံ့ဆော်မှုရဲ့ပန်းတိုင်များ။ ရည်ရွယ်ချက်တွေအကြောင်း အနှစ်ချုပ်ရေးသားထားတဲ့ စာမျက်နှာတစ်ရွက် စာမှတ်တမ်းကို ပြင်ဆင်ပါ။

မိမိတွေ့ဆုံရမည့်သူနှင့် တွေ့ဆုံသည့်အခါ ဖော်ရွေစွာပြောဆိုလုပ်ကိုင်ရန် အရေးကြီးပါတယ်။ သင့်အနေဖြင့် ရေရှည်လုပ်ဖော်ကိုင်ဖက်အဖြစ် လက်တွဲလုပ်ဆောင်သွားဖို့ မျှော်လင့်ထားသူနှင့် ပထမဦးဆုံးစကားစမြည် ပြောဆိုခြင်း ဖြစ်ပါတယ်။ သူနဲ့ကိုယ်နဲ့နှစ်ယောက်အကြား တူညီတဲ့အတွေ့အကြုံတွေကိုရှာနိုင်ဖို့နဲ့ သူ့ဖက်ကကူညီလုပ်ဆောင်ပေးနိုင်မဲ့ အခြေအနေမျိုးကို သဲလွန်စထုတ်ရှာနိုင်ဖို့အတွက် နားထောင်တတ်ဖို့လိုပါတယ်။ ထိုသူသည် သင်ပြောပြသည့် သင့်အလုပ် အကြောင်းကို စိတ်ဝင်စားပုံပေါ်လျှင် သူ့ကိုစာမျက်နှာတစ်ရွက်စာမှတ်တမ်းကိုပေးပြီး တိကျတဲ့အကူအညီကိုတောင်းပါ။ ဥပမာ တချို့မှာ–

- ကျွန်တော်တို့ရဲ့ ပန်းတိုင်က သင့်အမြင်မှာ လက်တွေ့ကျရဲ့လား။
- သင့်မှာ ဘယ်လို အကြံဉာဏ်ပေးစရာရှိသလဲ။
- ဒီအကြောင်းကို တခြားဘယ်သူတွေကို ပြောပြသင့်ပါသေးလဲ၊ အဲဒီကိစ္စနဲ့ပတ်သက်ပြီး သင်တို့ အစည်းဝေးတစ်ခု ကျင်းပမယ်ဆိုရင် ကျွန်တော့်ကို ဖိတ်ကြားပေးနိုင်မလား။

တကယ်လို့ထိုသူက စိတ်ဝင်စားပုံမပေါက်လျှင် စည်းရုံးမှုများများလုပ်ဆောင်ခြင်းဖြင့် နှစ်ဦးကြားဆက်ဆံရေးကို ပိုမိုကောင်းမွန်လာစေနိုင်ပါတယ်။ ဒီထက်ပိုစုံလင်တဲ့သတင်းအချက်အလက်များတွေ ထပ်ရလာရင် ထပ်မံပြောပြဖို့အတွက် အတူတွေ့ဆုံနိုင်မလားဟု မေးပါ။ ဥပမာ ဘယ်လိုအချိန်မျိုးတွေမှာလဲဆိုရင်–

သတင်းများတွင်ပါဝင်သည့် သတင်းတပုဒ်ရဲ့နောက်ကွယ်က အကြောင်းရင်းတွေကို သင်သိထားသောအခါ သို့မဟုတ် ကိုယ့်အနေနဲ့တန်ဖိုးရှိသောဗဟုသုတ သို့မဟုတ် ထိုးထွင်းအမြင်တခုခုကိုလေ့လာမိပြီးတဲ့အခါ၊ သင်သည် အရေးပါသော အစည်းအဝေး လုပ်ငန်းရုံဆွေးနွေးပွဲသို့မဟုတ် လေ့လာရေးခရီးတစ်ခုမှ ပြန်ရောက်လာကာ ပြောပြစရာသတင်းကောင်းများသို့မဟုတ် အဖြစ်အပျက်များရှိသောအခါ၊

သင်သည် စီမံကိန်းအသစ်တစ်ခုကို စတင်ပြီးသောအခါ သို့မဟုတ် သင်သည် စီမံကိန်းအသစ်တစ်ခုအကြောင်းကို စဉ်းစားနေပြီး ထိုပုဂ္ဂိုလ်၏ အကြံဉာဏ်ကို ရယူချင်သောအခါ၊

သင့်မှာ ထိုသူအနေနဲ့လုပ်ဆောင်နိုင်မယ့် တိကျပြီးအပမ်းမကြီးတဲ့ အလုပ်တာဝန်တစ်ခုရှိသောအခါ (ဥပမာ– သင့်ကို တခြားတစ်ဦးနှင့် မိတ်ဆက်ပေးခြင်း သို့မဟုတ် အစည်းအဝေးတွင် သင်ဦးတည်လုပ်ဆောင်နေတဲ့ အကြောင်းကိစ္စများကို တင်ပြနိုင်ခြင်း)

ချဉ်းကပ်စည်းရုံးခြင်း၏ ပန်းတိုင်မှာ–

- သင်သည် တန်ဖိုးရှိသော အမြင်များနှင့် သတင်းအချက်အလက်များကို ပိုင်ဆိုင်သော အရင်းအမြစ် တစ်ခု ဖြစ်ကြောင်း သတိပြုစေရန်၊ ခင်မင်မှုရလျှင် အကျိုးရှိမည့်သူတစ်ဦးဖြစ်ကြောင်း ပြသရန်၊
- သင်သည် သင့်ယုံကြည်ချက်များအတိုင်း လုပ်ဆောင်နေစဉ်တွင် သင်စည်းရုံးနေသည့် လူပုဂ္ဂိုလ်အနေနဲ့ ရင်ဆိုင်ရမည့် ဖိအားများနှင့် သူ့အပေါ်တောင်းဆိုမှု မျိုးစုံရှိနေမှုများကိုလဲ နားလည်ကြောင်း၊ ဒီလိုအချက်တွေတို့ကို နားမလည်နိုင် သေးလျှင်လည်း သင်သည် သဘောထားကြီးကြောင်းနှင့် သူတို့ရဲ့ လိုအပ်ချက်တွေကို လေ့လာဖို့ ဆန္ဒရှိကြောင်းကို ပြသရန်၊

- ထိုလူပုဂ္ဂိုလ်အနေနှင့် နောက်ထပ်တွေ့ဆုံ၍ စကားပြောချင်သည့် ဆန္ဒရှိ မရှိဆိုတာကို သိရှိရန်၊ ထိုသူနှင့် တွေ့ဆုံမှုသည် အခြေအနေကောင်းခဲ့လျှင် သူတို့ရဲ့အချိန်ပေး တွေ့ဆုံမှုအတွက် ကျေးဇူးတင်ကြောင်း ယဉ်ယဉ်ကျေးကျေးနှင့် တိုတို တုတ်တုတ် ရေးထားသောစာကို ပေးပို့ပါ။ ပြီးလျှင် သင်ဘယ်အချိန်တွင် နောက်တစ်ခေါက်ပြန်တွေ့မယ်ဆိုတာကို ပြက္ခဒိန်တွင် မှတ်ထားပါ။ စနစ်တကျ လုပ်ဆောင်ရန် အရေးကြီးပါတယ်။ ပြီးလျှင် သင်၏ လူပုဂ္ဂိုလ်ငါးဦးစာရင်းတွင်ပါဝင်သူ အယောက်စီတိုင်းနှင့် လအနည်းငယ်ခြားပြီး ပုံမှန်ပြန်လည်တွေ့ဆုံရန် အရေးကြီးပါတယ်။

တာဝန်ရှိသူကို စည်းရုံးခြင်းနှင့် လူထုကိုစည်းရုံးရာမှာ သတင်းအချက်အလက်သည် တန်ဖိုးကြီးလှပါတယ်။ သင်ဟာတိကျတဲ့ ပြဿနာတစ်ခုကို ရပ်ရွာလူထုတခုအတွင်းမှာ နက်နက်နဲနဲထားလုပ်ဆောင်နေတာကြောင့် သင့်ဆီမှာ ထိုအကြောင်းအရာနဲ့ ပါဝင်နေသောသူတွေအကြောင်းကို အတော်များများသိရှိထားသူဖြစ်ပါတယ်၊ ဒီလိုသတင်းအချက်အလက်တွေကို သင်ဆက်သွယ်နေသည့်သူအနေနဲ့ မသိနိုင်ခြေများပါတယ်။ တကယ်လို့ သင်စည်းရုံးလှုံ့ဆော်နေတဲ့သူက သင့် အဆက်အသွယ်များရှိရာ နေရာကို သွားတော့မည်ဆိုလျှင် သင့်အနေဖြင့် သင်၏ အဆက်အသွယ်များရဲ့ နောက်ကြောင်းရာဇဝင်တွေကို အသိပေးခြင်း သို့မဟုတ် မိတ်ဆက်ပေးခြင်းတို့ကို ပြုလုပ်နိုင်ပါတယ်။ တကယ်လို့ သူတို့ဟာ သင်ကျွမ်းကျင်တဲ့ အကြောင်းအရာတစ်ခုကို လုပ်ဆောင်နေတယ်ဆိုရင် ဒီအကြောင်းနဲ့ပတ်သက်တဲ့ အစီရင်ခံစာတွေ လုပ်ဆောင်ထားပုံတွေကို မျှဝေပေးပါ။

သင်သည် ထိုလူပုဂ္ဂိုလ်တို့အတွက် အရင်းအမြစ်တစ်ခုဖြစ်လာပြီဆိုလျှင် သူတို့ဟာ သင့်ကို စတင်အားထားလာကြပြီး သင်၏ ဩဇာသက်ရောက်မှုလည်း ကြီးမားလာပါလိမ့်မယ်။ သင်အနေနဲ့ စည်းရုံးလှုံ့ဆော်မှုနဲ့ပတ်သက်တဲ့ အခွင့်အရေးတစ်ခုကို သတိပြုမိရင် လျင်မြန်စွာလုပ်ဆောင်ပါ။ ဥပမာ– သင်သည် ကမ္ဘာ့ဘဏ်အပေါ်ဩဇာသက်ရောက်နိုင်ရန် ကြိုးစားနေပြီး သင်စည်းရုံးနေသည့် လူပုဂ္ဂိုလ်သည် ကမ္ဘာ့ဘဏ်၏ခေါင်းဆောင်နှင့်တွေ့ဆုံမည်ဆိုပါက ထိုတွေ့ဆုံရာပွဲတွင် တင်ပြဖို့ သင့်အနေဖြင့် အကြောင်းအရာအချို့ကို ပြောပြရမလားဟုမေးပါ။ ထိုသူက သဘောတူလျှင် ၂၄ နာရီအတွင်း ထိုအကြောင်းအရာတို့ကို ထိုသူဆီပို့ပေးပါ။ ထို့နောက် ဘယ်လိုအခြေအနေရှိသည်ကိုသိရှိရန် တွေ့ဆုံပွဲပြီးသောအခါ ထိုသူနှင့် ပြန်ဆက်သွယ်ပါ။

သင် ထိုပုဂ္ဂိုလ်ကို ပိုမိုသိကျွမ်းလာသည်နှင့်တပြိုင်နက် အတူတကွ လက်တွဲလုပ်ဆောင်နိုင်ရန်ပိုပြီး တိကျသေချာတဲ့ နည်းလမ်းများကို သင်စတင်ရှာဖွေနိုင်ပါပြီ။ တိကျသေချာသော အကြံပြုချက်တစ်ခုဖြင့် သင် သူ့ကို ချဉ်းကပ်နိုင်ပါတယ်။ ဥပမာ– အစိုးရထံတင်သွင်းမဲ့စာတမ်းကို ထိုသူကထောက်ခံကြောင်း ရေးသားစေတာတွေ၊ ထိုသူကို ပြောကြားစေချင်သော အစည်းအဝေးကို တက်ရောက်ပြောကြားစေတာတွေ လုပ်နိုင်ပါတယ်။ ထိုသူကတစ်ခုခုလုပ်ပေးရန် သဘောတူလျှင် နောက်တစ်ခေါက်ပြန်ဆက်သွယ်ရန် မရှက်ပါနှင့်။ လိုအပ်ပါက ထပ်ကာထပ်ကာ ဆက်သွယ်ပါ။

တကယ်လို့ ထိုလူပုဂ္ဂိုလ်တို့ဖက်က စိတ်ဝင်စားမှုမပြလျှင် ထိုသူတို့ကို ဖိအားမပေးပါနဲ့။ နားပူနားဆာ မလုပ်ပါနဲ့။ လုပ်ပိုင်ခွင့်ရှိသူတွေကို အန်ဂျီအိုအများအပြားက ချဉ်းကပ်စည်းရုံးတတ်ကြပြီး ဒီအကြောင်းတွေကို သူတို့အချင်းချင်းကြားမှာလဲ အချိန်ပြည့်ပြောဆိုနေတတ်ကြတယ်ဆိုတာကို မမေ့ပါနဲ့။ သင့်ရဲ့ကောင်းမွန်သည့် ဂုဏ်သတင်းဟာ အရေးပါလှပါတယ်။ သင့်အလုပ်အပေါ် စိတ်ဝင်စားမှုမပြတဲ့သူမျိုးဟာ သင်၏ကောင်းသတင်းများကို လုပ်ငန်းခွင်မှာရှိတဲ့ တခြားသူတွေဆီကနေတဆင့်ကြားပြီး သင့်ဆီပြန်လာနိုင်ချေရှိပါတယ်။ ပြန်မလာနိုင်ချေလည်းရှိပါတယ်။ လတ်တလောမှာ သင့်အဖွဲ့အနေနဲ့ လူသစ်တွေကိုစည်းရုံးပြီး ဩဇာသက်ရောက်မှုပမာဏကိုချဲ့ထွင်ဖို့ အာရုံစိုက်လုပ်ဆောင်နိုင်ပါတယ်။

ဒီအခန်းရဲ့ ကျန်ရှိသော အပိုင်းမှာထိုအရည်အချင်းများထဲမှ တစ်ချို့ကို နိုင်ငံတကာအဖွဲ့အစည်းများနှင့် လက်တွဲလုပ်ဆောင်ရာတွင် ဘယ်လိုအသုံးချနိုင်မလဲဆိုတဲ့အကြောင်းကို ဆွေးနွေးထားပါတယ်။

**အလှူရှင်များနှင့် လက်တွဲလုပ်ဆောင်ခြင်း – အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်၊ တီဘီရောဂါနှင့် ငှက်ဖျားရောဂါတို့ကို တိုက်ဖျက်ရန် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေ (Global Fund)**

အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေ (Global Fund)ဟာ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်၊ အဆုတ်တီဘီရောဂါနှင့် ငှက်ဖျားရောဂါတို့ကို တိုက်ဖျက်ရာမှာ ငွေကြေးထောက်ပံ့ပေးသော အဓိက နိုင်ငံတကာ ငွေကြေးထောက်ပံ့ပေးသူဖြစ်ပါတယ်။ အများအားဖြင့် ၎င်းသည် နိုင်ငံတွင်းညှိနှိုင်းမှုဖြစ်စဉ်များ (Country Coordinating Mechanisms (CCMs) မှ တဆင့်ငွေကြေးကို ထောက်ပံ့ပါတယ်။ CCMs ကို အစိုးရကိုယ်စားလှယ်များ ပုဂ္ဂလိကစီးပွားရေးကဏ္ဍမှ ကိုယ်စားလှယ်များ၊ ထိုရောဂါသုံးမျိုး၏ အကျိုးသက်ရောက်မှုခံရသူများ၏ ကိုယ်စားလှယ်များနှင့် လူမှုအဖွဲ့အစည်းမှ ကိုယ်စားလှယ်များတို့နဲ့ဖွဲ့စည်းထားပါတယ်။ အမြင်ကောင်းရုံလေး ပါဝင်တာမျိုးမဖြစ်စေဖို့အတွက် လူမှုအဖွဲ့အစည်းနဲ့ ရောဂါ၏အကျိုးသက်ရောက်မှုခံရတဲ့ လူထုကိုယ်စားလှယ်များကို ပွင့်လင်းမြင်သာတဲ့ ရွေးကောက်ပွဲများ ပြုလုပ်ပြီး ရွေးချယ်ဖို့လိုပါတယ်။ ပြည်တွင်းမှာ စည်းရုံးလှုံ့ဆော်သူအတော်များများဟာ သူတို့ရဲ့စည်းရုံးလှုံ့ဆော်မှုတွေကို CCMs

ကိုဦးတည်အာရုံထား လုပ်ဆောင်လေ့ရှိပါတယ်။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေ (Global Fund) နှင့်ပြောဆိုဆက်ဆံဖို့နဲ့ အဖွဲ့အပေါ်ဩဇာလွှမ်းမိုးနိုင်ရန် အခြားနည်းလမ်းများရှိပါတယ်။ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေ(Global Fund) ရဲ့ဒါရိုက်တာဘုတ်အဖွဲ့၏ အဖွဲ့ဝင်တွေအတွက် မဲပေးရွေးချယ်ပြီး ဘယ်လိုကဏ္ဍတွေမှာ ငွေကြေးထောက်ပံ့မလဲဆိုတဲ့ မူဝါဒတွေကိုချမှတ်တဲ့ ကိုယ်စားလှယ်များစွာရှိပါတယ်။ ဒီကိုယ်စားလှယ်တွေထဲမှာ ဖွံ့ဖြိုးပြီး ဖွံ့ဖြိုးဆဲနိုင်ငံတွေကအန်ဂျီအိုကိုယ်စားလှယ်တွေလဲ ပါဝင်ပါတယ်။ လူ့အခွင့်အရေးလှုပ်ရှားတောင်းဆိုသူတွေအနေနဲ့ ဒီကိုယ်စားလှယ်တွေကို စည်းရုံးလှုံ့ဆော်သင့်ပြီး ဒီကိုယ်စားလှယ်တွေကလဲ အန်ဂျီအိုတွေရဲ့ အရေးကိစ္စတွေကို အမှန်တကယ် တင်ပြတောင်းဆိုပေးဖို့ လိုပါတယ်။ သင့်အနေနဲ့ ဒီလူတွေက ဘယ်သူတွေလဲဆိုတာသိချင်ရင် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေ (Global Fund)၏ ဝဘ်ဆိုဒ်ဖြစ်သော www.theglobalfund.org တွင်ရှာဖွေနိုင်ပါတယ်။ ထို့အပြင် ဂျီနီဗာမှာအခြေစိုက်တဲ့ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေ(Global Fund) အတွင်းဝန်များရုံးမှာ ဒေသအရေးနဲ့ အကြောင်းအရာကိစ္စများကို တာဝန်ယူရသော ကျွမ်းကျင်သူများစွာရှိပါတယ်။ သူတို့တွေဟာ လူ့အခွင့်အရေးဆိုင်ရာ ကျွမ်းကျင်သူတွေ၊ လူမှုအဖွဲ့အစည်းဆိုင်ရာ ကျွမ်းကျင်သူတွေ လိင်အခြေပြုအမြင်အကြောင်း ကျွမ်းကျင်သူတွေဖြစ်ပါတယ်။ ငွေကြေးထောက်ပံ့မှုလုပ်ငန်း၏ မန်နေဂျာများသည် ၎င်းတို့ရဲ့ ထောက်ပံ့ကြေးများနှင့် အစီအစဉ်များအတွက် နိုင်ငံတစ်နိုင်ငံချင်းစီမှ CCMs နှင့် လက်တွဲလုပ်ဆောင်ကြရပါတယ်။ လူ့အခွင့်အရေးလှုပ်ရှားသူများသည် ထိုလူပုဂ္ဂိုလ် တို့အားဆက်သွယ်ကာ သုတေသန လုပ်ဆောင်ချက်နှင့် သတင်းအချက်အလက်များကို မျှဝေပေးနိုင်ပါတယ်။ ထပ်ပြောရလျှင် သတင်းသည် တန်ဖိုးရှိလှပါတယ်။ ဒီလိုသတင်းပေးဖို့ရာတွင် အထက်တွင်ဖော်ပြထားသည့် နည်းလမ်းများကိုလိုက်နာရန်နှင့် ပြောဆိုဆက်ဆံရာတွင် ရှင်းလင်းပြတ်သားပြီး ယဉ်ကျေးသိမ်မွေ့ရန် အရေးကြီးပါတယ်။

အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေ(Global Fund) သည် အခြားနိုင်ငံတကာ ကူညီထောက်ပံ့မှုအဖွဲ့အစည်းများနှင့်မတူပေ။ ပထမအချက်မှာ ၎င်းကို ၎င်း၏ ရပ်တည်ချက်အတွက် နိုင်ငံတကာတွင် အတူတကွလက်တွဲကာ စည်းရုံးလှုံ့ဆော်နေတဲ့တက်ကြွလှုပ်ရှားသူ အများအပြားဖြင့် တည်ထောင်ထားတာဖြစ်ပါတယ်။ ဒုတိယ အချက်မှာ ၎င်း၏တာဝန်တွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုတို့ကို အလေးထားကျင့်သုံးရမည့် အချက်များပါဝင်တာ ဖြစ်ပါတယ်။ တတိယအချက်မှာ ၎င်းသည် လူထုနှင့်မကြာခဏ ဆွေးနွေးတိုင်ပင်မှုပြုလုပ်ပါတယ်။ ဒါကြောင့် ဒီအဖွဲ့အစည်းသည် လူမှုဆက်ဆံရေးတွင် အခြားအဖွဲ့အစည်းများထက် ပိုမိုပွင့်လင်းမှုရှိပြီး ပြည်သူများကလည်း ပွင့်လင်းစွာ တုန့်ပြန်ကြပါတယ်။ ဒီလိုအချက်တွေရှိတာကြောင့် စည်းရုံးလှုံ့ဆော်သူတွေဟာ သူတို့ နိုင်ငံမှာရှိတဲ့ CMMs သို့မဟုတ် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေ(Global Fund)လုပ်ငန်းရဲ့လည်ပတ်ပုံနှင့် သက်ဆိုင်သူတွေအပေါ်မှာ စိတ်ကျေနပ်မှုမရရှိလျှင်တောင်မှ ထိုအဖွဲ့အစည်းအကြောင်းကို လေ့လာတာတွေ သူတို့ရဲ့အရာရှိသူတွေကို အချိန်ပေးစည်းရုံးတာတွေလုပ်ရင် အကျိုးရှိပါတယ်။

## ဖြစ်စဉ်တစ်ခုကို လေ့လာခြင်း– အလှူရှင်များ၏ စည်းရုံးလှုံ့ဆော်မှုဆိုင်ရာလှုပ်ရှားမှု

ပွင့်လင်းလူ့ဘောင် ဖောင်ဒေးရှင်း (Open Society Foundations (OSF) လိုနိုင်ငံတကာ အလှူရှင်အချို့ဟာ ကျန်းမာရေးနှင့် လူ့အခွင့်အရေးဆိုင်ရာစည်းရုံးလှုံ့ဆော်မှုတွေကို ထောက်ခံအားပေးပြီး ၎င်းတို့ကိုယ်တိုင်လည်း ပါဝင်လုပ်ဆောင်ကြပါတယ်။ OSF မှ ဒန်နီရယ်ဝုဒ်( Daniel Wolfe)က သူ့ရဲ့နည်းလမ်းကို အခုလို ပြောကြားပါတယ်။ 'တက်ကြွလှုပ်ရှားသူများဟာ မူးယစ်ဆေးဝါးသုံးစွဲသူများရဲ့ လူ့အခွင့်အရေး သို့မဟုတ် ရဲတွေရဲ့အကြမ်းဖက်မှုတွေလို အငြင်းပွားဖွယ်ကိစ္စတွေကို ထုတ်ဖော်ပြောကြားရာမှာ အန္တရာယ်တွေရှိတတ်ပါတယ်။ နိုင်ငံတကာ အန်ဂျီအိုတွေအနေနဲ့ ပြည်သူတွေရဲ့အသံတွေကို ပိုမိုကျယ်လောင်လာအောင် ပြုလုပ်ပေးခြင်းဖြင့် ကူညီနိုင်ပါတယ်။ ထိုကဲ့သို့ ပြုလုပ်နိုင်တဲ့ နည်းလမ်းများစွာရှိပါတယ်။ ကျွန်တော်တို့ရဲ့အစီအစဉ်မှာဆိုရင် ချဉ်းကပ်နည်းမျိုးစုံကို ကြိုးစားလုပ်ဆောင်ပါတယ်။ ဘာတွေပါလည်းဆိုတော့ ထောက်ပံ့ကြေး (Grant) လက်ခံရရှိသူတစ်ယောက်က အစီရင်ခံစာ တစ်စောင်ထုတ်ပြန်တဲ့အခါ သို့မဟုတ် စည်းရုံးလှုံ့ဆော်မှုဆိုင်ရာလှုပ်ရှားမှုတစ်ခုမှာ အနိုင်ရသောအခါ ကျွန်တော်တို့ အဖွဲ့အစည်းရဲ့ အင်တာနက်စာမျက်နှာပေါ်မှာ သတင်းတွေတင်ခြင်း၊ ပြည်တွင်းအန်ဂျီအိုတွေကို လူပိုသိလာစေမယ့် နိုင်ငံတကာညီလာခံမှာပါဝင်နိုင်ဖို့ ကုန်ကျစရိတ်ထောက်ပံ့ပေးခြင်း၊ နိုင်ငံငါးနိုင်ငံ ခြောက်နိုင်ငံလောက်က ကိုယ်စားလှယ်များနဲ့ ကုလသမဂ္ဂအရာရှိများကို ပြဿနာအပေါ် သေချာအာရုံစိုက်နားထောင်စေဖို့ ဖိတ်ကြားပေးခြင်းတို့ပါဝင်ပါတယ်။ ဒီလိုဖိတ်ကြားပြောဆိုတဲ့နေရာမှာ ကျွန်တော်တို့နဲ့အတူတူ အခြားလူ့အခွင့်အရေး လှုပ်ရှားတောင်းဆိုသူတွေလည်း အဲ့ဒီမှာရှိနေပြီး အသိသက်သေထွက်ဆိုပေးကြပါတယ်။ '

တခါတလေ ကမ္ဘာ့ကုလသမဂ္ဂအရာရှိ သို့မဟုတ် တက်ကြွလှုပ်ရှားသူတစ်ယောက်ရဲ့တောင်းဆိုမှုအရ သတင်းပေးတာကို သီးသန့်နှစ်ကိုယ်ကြားလုပ်ဆောင်ရနိုင်ပါတယ်။ တစ်ခါတလေမှာတော့ ထိုင်းနိုင်ငံက နိုင်ငံတကာအိတ်ချ်အိုင်ဗွီကူးစက်မှုအန္တရာယ် လျှော့ချရေးညီလာခံရှေ့က စတိတ်စင်ပေါ်တက်ပြီး 'ကုသမှုလိုပါသည်။ ညှင်းပန်းနှိပ်စက်မှု မလိုပါ'

ဆိုတဲ့စာကို ကိုင်မြှောက်ပြထားသလိုမျိုး လူအများပါဝင်တဲ့ စည်းရုံးလှုံ့ဆော်မှုကလဲ အဆင်ပြေနိုင်ပါတယ်။ ဒီပုံစံက အမြဲတမ်းတော့ အလုပ်မဖြစ်နိုင်ပါဘူး။ ဒါပေမယ့် ဖြစ်နိုင်ရင် ကျွန်တော်က ကောင်းမွန်စွာဝတ်စားထားတဲ့ အလုပ်ရှင်တစ်ယောက်ဆိုရင်တောင်မှ အဲလိုမျိုးတိုက်ရိုက်လှုပ်ရှားမှုတွေမှာ ကျွန်တော်လည်း ပါဝင်လှုပ်ရှားမှာပါ။ တစ်ခါတစ်လေ သင်နဲ့အလုပ်ရှင်တစ်ယောက်က သံပြိုင်ကြွေးကြော်အော် ဟစ်ပြီး စာတမ်းတွေ ကိုင်မြှောက်ထားတာတွေ့လို့ ငွေကြေးထောက်ပံ့မှု(Grant)ကို လက်ခံရရှိသူတွေအနေနဲ့ အံ့သြထိတ်လန့်သွားတတ်ပါတယ်။ တစ်ခါက ကျွန်တော့်သူငယ်ချင်းကောင်းတစ်ယောက် ပြောခဲ့တဲ့စကားကို ကိုးကားချင်ပါတယ် – 'တက်ကြွစွာလှုံ့ဆော်မှုဆိုတာ စွန့်စားမှုကိုလုပ်ဆောင်ပြီး တခြားသူတွေကို သင်နဲ့အတူ ပါဝင်လှုပ်ရှားဖို့ ဖိတ်ခေါ်တာဖြစ်ပါတယ်'တဲ့။ သင်ကလူတွေကို ဖိတ်ခေါ်ခဲ့တယ်။ အခု ကျွန်တော်ဒီမှာ ရောက်နေပါပြီ။

## နှစ်ဦးနှစ်ဖက်ပါဝင်သော လူ့အခွင့်အရေးဆွေးနွေးမှုများလုပ်ဆောင်ခြင်း။

လူ့အခွင့်အရေးစည်းရုံးလှုံ့ဆော်ရာမှာ ပါဝင်သောအခြားသူတွေကတော့ နိုင်ငံတွေရဲ့ မြို့တော်ပေါင်းများစွာတွင်တည်ရှိသော သံရုံးများမှဝန်ထမ်းများဖြစ်ကြပါတယ်။ အမေရိက၊ ဥရောပ နိုင်ငံများနှင့် ဂျပန်မှ အစိုးရများသည် ၎င်းတို့ရဲ့သံရုံးများတွင် ၎င်းတို့၏လူများကို ဝန်ထမ်းများအဖြစ်ထားရှိပါတယ်။ သူတို့ဟာ လူ့အခွင့်အရေးတိုးတက်ဖွံ့ဖြိုးမှုများကို စောင့်ကြည့်စစ်ဆေးခြင်း၊ ထိုစစ်ဆေးမှုများကို ၎င်းတို့၏ သံတမန်များသို့ သတင်းပေးပို့ခြင်းနှင့် လွတ်လပ်စွာ ထုတ်ဖော်ခွင့်နှင့် လွတ်လပ်စွာစည်းရုံးဖွဲ့စည်းခွင့်ရရန် လှုပ်ရှားမှုကြောင့် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသော လူပုဂ္ဂိုလ်တို့၏ သတင်းများကို စုဆောင်းခြင်းစသည်တို့ကိုပြုလုပ်ရန် တာဝန်ယူထားသူများဖြစ်ပါတယ်။ ထိုဝန်ထမ်းများသည် သံတမန်တွေနဲ့ အစိုးရခေါင်းဆောင်များနှင့်တွေ့ဆုံသည့် တရားဝင်အစည်းအဝေးပွဲများရဲ့ အစီအစဉ်ကို တိုးတက်ကောင်းမွန်အောင်ပြုလုပ်သူများလဲ ဖြစ်ပါတယ်။ သူတို့ကလည်း သတင်းအချက်အလက်အသစ်များကို လိုအပ်ပါတယ်။ ။

အချို့နိုင်ငံတွေဟာ တခြားနိုင်ငံများနှင့် နှစ်ဦးနှစ်ဖက်ပါဝင်သော လူ့အခွင့်အရေး ဆွေးနွေးမှုများကို လုပ်ဆောင်တတ်ကြပါတယ်။ ။ ဒီလိုဆွေးနွေးရာမှာ လူ့အခွင့်အရေးနှင့်သက်ဆိုင်သော အကြောင်းကိစ္စများကို တိုင်ပင်ကြပြီး အချင်းချင်းလည်း အကြံပြုချက်များပေးကြပါတယ်။ ဤဆွေးနွေးမှုများကို အခါအားလျော်စွာ လုပ်ဆောင်ပါတယ်။ တစ်ခါတစ်ရံ တစ်နှစ်တစ်ကြိမ်ပြုလုပ်ပြီး ထပ်ကာတလဲလဲ ပြုလုပ်တာလဲ ရှိတတ်ပါတယ်။ ထိုဆွေးနွေးမှုမျိုးဟာ နိုင်ငံများအနေဖြင့် တခြားနိုင်ငံများကမှ လူ့အခွင့်အရေးဆိုင်ရာ အကြောင်းကိစ္စများကို သိရှိစေရန် ကူညီပေးစေပြီး ပြောင်းလဲမှုပြုလုပ်ဖို့ရန် ဖိအားပေးမှု၏ အရင်းအမြစ်တစ်ခုလည်းဖြစ်နိုင်ပါတယ်။ ထို့အပြင် တစ်ခါတစ်ရံမှာ ဒီလိုဆွေးနွေးမှုတွေက တခြားတရားဝင် အပြန်အလှန်အကျိုးသက်ရောက်မှုများကိုလဲ ဖြစ်ပေါ်စေပါတယ်။ ဥပမာ– တရားဥပဒေစိုးမိုးရေးအကြောင်းတင်ပြမှုတွေ သို့မဟုတ် နှစ်နိုင်ငံလုံးက တက္ကသိုလ်ဆရာများ၊ ရှေ့နေများ သို့မဟုတ် အန်ဂျီအိုတွေကို အတူတကွစုဝေးတွေ့ဆုံစေသည့် တခြားအစည်းအဝေးပွဲများလဲ ဖြစ်လာစေနိုင်ပါတယ်။

နိုင်ငံရေးသတင်းအချက်အလက်တွေကို တခြားနိုင်ငံက အစိုးရကိုမျှဝေပေးတာဟာ နိုင်ငံရေးအရ ထိလွယ်ရှလွယ်ဖြစ်တာမှန်ပါတယ်။ လူ့အခွင့်အရေး စည်းရုံးလှုံ့ဆော်သူတွေဟာ ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များကို လေ့လာအကဲဖြတ်ရာတွင် ပါဝင်လုပ်ဆောင်သင့်ပါတယ်။ သံရုံးဝန်ထမ်းများကို တိုက်ရိုက်ဆက်သွယ်ခြင်းထက် နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့အစည်းလို နိုင်ငံတကာ မိတ်ဖက်တစ်ဦးကတဆင့် ဆက်သွယ်လျှင် အကျိုးရှိနိုင်ပါတယ်။ ဆက်သွယ်တဲ့အတွက် သူတို့အနေဖြင့် သင်ရဲ့အကြောင်းကိစ္စများကို တင်ပြနိုင်ပါလိမ့်မယ်။

## နိုင်ငံတကာ လူ့အခွင့်အရေးအဖွဲ့များနှင့် လက်တွဲလုပ်ဆောင်ခြင်း

လွန်ခဲ့သောနှစ် နှစ်ဆယ်လောက်ကစပြီး နိုင်ငံတကာ လူ့အခွင့်အရေးအဖွဲ့အစည်းတွေ ဖွံ့ဖြိုးတိုးတက်လာပြီး သတင်းအချက်အလက်များရဲ့ ရင်းမြစ်များအနေနဲ့ရော မူဝါဒရေးဆွဲသူတွေအပေါ် အကြံဉာဏ်ပေးသူတွေအနေနဲ့ရော အင်အားပိုကောင်းလာခဲ့ပါတယ်။ ဒီလိုအဖွဲ့မျိုးတွေကို သင့်ရဲ့စည်းရုံးလှုံ့ဆော်မှုလုပ်နေတဲ့ အကြောင်းကိစ္စကို လုပ်ဆောင်လာဖို့စည်းရုံးနိုင်လျှင် သူတို့တွေဟာ ဩဇာကြီးသော မိတ်ဖက်များဖြစ်နိုင်ပါတယ်။ ဒီနေရာတွင် တခြားနည်းဗျူဟာတွေလိုဘဲ ကောင်းကျိုးများနှင့် ဆိုးကျိုးတွေလဲ ရှိပါတယ်။

အိတ်(ချ်)အိုင်ဗွီ၊ အေအိုင်ဒီအက်(စ်)နှင့် လူ့အခွင့်အရေးတို့ကို စောင့်ကြပ်ရာမှာ ဦးဆောင်နေသည့် နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့အစည်းအချို့ကတော့ လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့ Human Rights Watch (HRW)၊ အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ Amnesty International (AI) နှင့် အပြည်ပြည်ဆိုင်ရာ လိင်တူချစ်သူများဆိုင်ရာ လူ့အခွင့်အရေးကော်မရှင် International Gay and Lesbian Human Rights Commission ( IGLHRC)တို့ဖြစ်ပါတယ်။ ဒို့အပြင် သုတေသနလုပ်ငန်းများကို လုပ်ဆောင်သည့် တက္ကသိုလ် လူ့အခွင့်အရေးများစင်တာ (University Human Rights Center)များကလဲ တစ်ခါတစ်ရံမှာ စည်းရုံးလှုံ့ဆော်မှုတွေကို ပြုလုပ်တတ်ကြပါတယ်။ တချို့နိုင်ငံ

တွေအပေါ် ဦးတည်ထားပြီး လုပ်ဆောင်နေတဲ့ လူ့အခွင့်အရေးအဖွဲ့မျိုးတွေလဲ အများကြီးရှိပါတယ်။ ဒီအဖွဲ့တိုင်းမှာ သူတို့ရဲ့ကိုယ်ပိုင်ချဉ်းကပ်စည်းရုံးနည်းလမ်း ကိုယ်စီရှိကြပါတယ်။ ဘယ်လိုရှိနည်းလမ်းမတူစေအုံးတော့ သူတို့အားလုံးသည် နောက်ဆုံးရသတင်းနဲ့ ယုံကြည်အားထားရသည့် သတင်းများကိုပေးနိုင်သော အခြေခံလူတန်းစား လူ့အခွင့်အရေးလှုံ့ဆော်သူတွေနဲ့ မိတ်ဖက်အဖြစ် ပူးပေါင်းဆောင်ရွက်ရန် လိုပါတယ်။ (သတင်းဟာ တန်ဖိုးရှိပါတယ်)။ နိုင်ငံတကာအဖွဲ့များသည် သတင်းထုတ်ပြန်ချက်များကို ထုတ်ဝေရန်၊ အစီရင်ခံစာများတင်သွင်းရန်နှင့် မူဝါဒရေးဆွဲသူများကို အသိပေးရန် ဒီသတင်းများကို အသုံးပြုကြပါတယ်။ အခြေခံလူထု လူ့အခွင့်အရေးအဖွဲ့များသည် အရေးကြီးသည့် သတိပေးချက်များကို ထိုအဖွဲ့အစည်းများနှင့် မျှဝေနိုင်ပါတယ်။ အကြောင်းကိစ္စများကို တင်ပြပေးရန် သူတို့ကိုစည်းရုံးနိုင်ပါတယ်။ ပြီးလျှင် အစီရင်ခံစာများအတွက် အင်တာဗျူးများကို စီစဉ်ရန် ၎င်းတို့ကို ကူညီပေးနိုင်ပါတယ်။ တချို့ကိစ္စများတွင်နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့ကနေပြီး ဖမ်းဆီးခံရနိုင်သည့် အန္တရာယ်နှင့် ရင်ဆိုင်ရသော တက်ကြွလုပ်ရှားသူများကို ၎င်းအန္တရာယ်မှ လွတ်ကင်းအောင် ကူညီပေးနိုင်ခဲ့ပါတယ်။ နိုင်ငံတကာ လူ့အခွင့်အရေးအဖွဲ့များသည်အစိုးရအရာရှိများ၊ နိုင်ငံတကာအလှူရှင်များနှင့် ကုလသမဂ္ဂအရာရှိများစသူတို့နှင့်ချိတ်ဆက်နိုင်ပြီး ပြည်တွင်းလူ့အခွင့်အရေးအကြောင်းကိစ္စများကို အမြင့်ဆုံးအဆင့်ထိ တင်ပြပေးနိုင်ပါတယ်။ သူတို့ဟာ ပြည်တွင်းအဖွဲ့တစ်ဖွဲ့ကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အခွင့်အလမ်းအကောင်းတွေ၊ ပြည်သူလူထုရှေ့စကားပြောဆိုနည်းတွေနဲ့ ပညာသင်ဆုများအကြောင်းတို့ကို လေ့လာနိုင်စေရန် ကူညီနိုင်ပြီး နိုင်ငံတကာ အစည်းအဝေးပွဲတွေကို တက်နိုင်အောင် ထောက်ခံပေးနိုင်ပါတယ်။ ရှိတဲ့ဒေသခံအဖွဲ့တွေကို ငွေကြေးထောက်ပံ့သင့် မသင့်နှင့်ပတ်သက်ပြီး ဒီအဖွဲ့တွေကို အလှူရှင်တွေကအကြံတောင်းတတ်ကြပါတယ်။တကယ်လို့ နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့အစည်းတစ်ခုက သင့်ရဲ့လုပ်ရပ်ကို သဘောကျလျှင် ၎င်းတို့အနေဖြင့် သင့်လုပ်ရပ်နဲ့ အဖွဲ့အစည်းကို လူပိုသိအောင် မြှင့်တင်ပေးနိုင်မည့် အရေးပါသော ဆုတစ်ခုကိုပင် ချီးမြှင့်နိုင်ပါတယ်။

ဒါပေမဲ့ ဒီလိုရင်းနှီးမှုနဲ့ရရှိတဲ့ လူ့အခွင့်အရေးဆိုင်ရာဆုများကြောင့် ဖြစ်နိုင်ချေရှိသည့် အန္တရာယ်များလဲရှိတတ်ပါတယ်။တချို့နိုင်ငံများတွင် အစိုးရသည် နိုင်ငံတကာ လူ့အခွင့်အရေးအဖွဲ့ အားလုံးဝမနှစ်သက်ပေ။ ဒါကြောင့် ဒီအဖွဲ့များနှင့် သတင်းများမျှဝေခြင်းသည် သင့်အဖွဲ့ကို အစိုးရဖက်က နှောင့်ယှက်တိုက်ခိုက်ခြင်း သို့မဟုတ် အကျဉ်းချခြင်းတို့ကို ဖြစ်ပေါ်စေနိုင်ပါတယ်။

ထို့အတူ အလွန်ကြီးမားသည့် အဖွဲ့များနှင့် လက်တွဲလုပ်ဆောင်နေသည့် အဖွဲ့ငယ်များအနေနှင့်လဲ တစ်ခါတစ်ရံတွင် သူတို့ကိုသူတို့ အားနည်းသော လုပ်ဖော်ကိုင်ဖက်အဖြစ်ခံစားတတ်ကြပါတယ်။ HRW နှင့် AI သည် ရှုပ်ထွေးသော မူဝါဒများနှင့် ဗျူရိုကရေစီနည်းလမ်းများကို ကျင့်သုံးသော ကြီးမားသည့်အဖွဲ့အစည်းကြီးများဖြစ်သောကြောင့် ၎င်းတို့ဝန်ထမ်းများအနေဖြင့် ၎င်းတို့ဆန္ဒရှိလျှင်တောင်မှ အိတ်ဖွင့်ပေးစာတွင် လက်မှတ်ထိုးနိုင် (သို့မဟုတ်) သတင်းထုတ်ပြန်ချက်ကို ထုတ်ဝေနိုင်သည့် ခွင့်ပြုချက်ကိုရရှိရန် မလွယ်ကူပါ။ တစ်ခါတစ်လေတွင် လုံးဝ မဖြစ်နိုင်ပါ။

ဝန်ထမ်းများသည် ခေါင်းစဉ်သစ်များနှင့် ပတ်သက်သည့် သုတေသနလုပ်ဆောင်ချက်ကို ထုတ်ဝေရန် ဖိအားများကို အချိန်တိုင်းခံစားနေရနိုင်ပါတယ်။ သူတို့သည် အချိန်ခဏလောက်တော့ သင်၏ အကြောင်းကိစ္စအပေါ် အလွန်စိတ်ဝင်စားနေပုံပေါက်နေနိုင်ပြီး နောက်ပိုင်းတွင် ထိုကိစ္စကို စွန့်လွှတ်ကာ နောက်တစ်ခုဆီသို့ဆက်သွားရန် အတင်းအကျပ်ခိုင်းစေခံရနိုင်ပါတယ်။ သင့်အဖွဲ့ထက်ပိုမိုကြီးမားသည့် အဖွဲ့တစ်ဖွဲ့သည် သင်တို့နဲ့အတူတူ သုတေသနပြုလုပ်ခဲ့ပေမဲ့ သင့်အဖွဲ့ကသဘောမတူတဲ့ ထုတ်ပြန်ကြေငြာချက်တွေကို ထုတ်ပြန်တာ၊ သင့်အဖွဲ့က လက်မခံတဲ့ အကြံပေးချက်တွေကို တင်ပြတာမျိုးလဲ ရှိတတ်ပါတယ်။ နောက်ဆုံးအနေဖြင့်ပြောရလျှင် နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ ဆုတစ်ခုသည် သင့်အဖွဲ့အစည်းအား ပိုရှုပေါ်လွင်ထင်ရှားပြီး အလေးထားခံရသော အဖွဲ့တစ်ခုဖြစ်လာစေရန် ကူညီပေးနိုင်ပါတယ်။ ဒါပေမဲ့ ကန့်သတ်ထိန်းချုပ်မှုတွေရှိတဲ့နိုင်ငံများမှ တက်ကြွလှုပ်ရှားသူအချို့ဟာ လူ့အခွင့်အရေးဆိုင်ရာဆုတစ်ခုကို လက်ခံရရှိပြီးနောက်တွင် လက်တုံ့ပြန်ခံရခြင်းကို ကြုံတွေ့ခဲ့ကြရပါတယ်။ ထိုဆုကြောင့်ဆုပေးသည့် နိုင်ငံတကာအခွင့်အရေးအဖွဲ့အစည်းကို ပြင်ပပုဂ္ဂိုလ်တွေရဲ့ လှူဒါန်းငွေပမာဏ တိုးမြှင့်လာရန်လည်း ကူညီပေးနိုင်ပါတယ်။ အချို့နိုင်ငံတကာအဖွဲ့များသည် ထိုငွေများကို ဆုလက်ခံရရှိသည့် ပြည်တွင်းအဖွဲ့အား မမျှဝေပေးပါ။ အတွေ့အကြုံရှိပြီး တာဝန်ယူတတ်တဲ့ အဖွဲ့အစည်းဆိုရင် ဆုတစ်ဆုကိုမပေးခင်မှာ ဒီဆုပေးခြင်းကြောင့် ဖြစ်လာနိုင်တဲ့ အန္တရာယ်များ၊ အခွင့်အရေးများနှင့် မျှော်လင့်ချက်များအားလုံးကို ပြည်တွင်းအဖွဲ့နှင့် ပွင့်ပွင့်လင်းလင်း ဆွေးနွေးသင့်ပါတယ်။

နိုင်ငံတကာ လူ့အခွင့်အရေးအဖွဲ့များသည် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အပြောင်းအလဲပြုလုပ်ရန်အတွက် ဖိအားပေးခြင်းအပေါ် လူအများ အာရုံစူးစိုက်လာစေရန် အလွန်အရေးပါသည် အလုပ်ကို လုပ်ကြပါတယ်။ သူတို့သည် လူ့အခွင့်အရေးချိုးဖောက်မှုများကို နိုင်ငံတကာအဆင့် ဆွေးနွေးကြမည့် အကြောင်းအရာများစာရင်းတွင် ပါဝင်အောင် ကူညီခဲ့ပါတယ်။ သူတို့သည် ပြောင်းလဲမှုပြုလုပ်ရန်အတွက် စွမ်းအားကြီးမားသော စည်းရုံးလှုံ့ဆော်သူတွေ ဖြစ်ပါတယ်။ သူတို့ဟာ သင်၏ အခြေခံလူထုအဖွဲ့အတွက် မှန်ကန်သောလက်တွဲဖော်ဟုတ်မဟုတ်နှင့် နှစ်ဖွဲ့ကြားဆက်ဆံရေးအတွက် သင်သည် မည်သို့သော အခြေခံစည်းမျဉ်းများကို ချမှတ်ချင်သလဲဆိုသည့် မေးခွန်းနှစ်ခုသည် အဖွဲ့နှစ်ဖွဲ့အတူလက်တွဲ

မလုပ်ဆောင်ခင်အချိန်တွင် ဆွေးနွေးသင့်သည့် မေးခွန်းများဖြစ်ပါတယ်။

## ကုလသမဂ္ဂနှင့် လက်တွဲလုပ်ဆောင်ခြင်း

ထိုင်းနိုင်ငံသမိုင်းမှာ အစိုးရမှ ကျောထောက်နောက်ခံလုပ်ပြီးပြုလုပ်ခဲ့တဲ့ အဆိုးဝါးဆုံးမူးယစ်ဆေးဝါးနှိမ်နင်းပွဲ စီမံချက်အတွင်းမှာ ဝန်ကြီးချုပ်သက်ဆင်ရှင်နာဝတ် (Thaksin Shinawatra)က သူ့ရဲ့ မူးယစ်ဆေးဝါးဆိုင်ရာနည်းဗျူဟာအပေါ် ဆန့်ကျင်သူများအား ပြင်းပြင်းထန်ထန် ပြန်လည်ချေပတိုက်ခိုက်ပြောဆိုခဲ့ပါတယ်။ မူးယစ်ဆေးဝါးသုံးစွဲသူများအပါအဝင် နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့အစည်းများက တရားလက်လွတ်ဖမ်းဆီးမှု၊ အတင်းအကျပ်မူးယစ်ဆေးကုသမှုခံယူခိုင်းမှုနဲ့ ဒီထက်ဆိုးဝါးတဲ့အမှုတွေအတွက် ဝန်ကြီးချုပ်ကို တာဝန်ယူခိုင်းခဲ့ကြပါတယ်။ ထိုင်းသတင်းစာတစ်စောင်ဖြစ်သည့် သည်နေရှင်းသတင်းစာ (The Nation)က ‘ကုလသမဂ္ဂအထူးသံတမန် တစ်ဦးသည် မူးယစ်ဆေးဝါးစစ်ပွဲတွင် အလွန်လျင်မြန်စွာမြင့်တက်နေသည့် သေဆုံးမှုနှုန်းကိုလေ့လာစုံစမ်းရန် ထိုင်းနိုင်ငံသို့လာရောက်မည်’ဟု ဖော်ပြခဲ့ပြီး ထိုအချက်နှင့်ပတ်သက်၍ ဝန်ကြီးချုပ်အား ၎င်း၏သဘောထားကိုမေးမြန်းရာ ၎င်းက ‘ကုလသမဂ္ဂက ကျွန်တော်ရဲ့ အဖေမဟုတ်ဘူး’ဟု ဟစ်ကြွေးခဲ့ပါတယ်။

ဒီအချက်က ကုလသမဂ္ဂနှင့်အလုပ်လုပ်သောကြောင့် ရရှိလာမည့် စိန်ခေါ်မှုများနဲ့ ကောင်းကျိုးများကို ဖော်ပြနေပါတယ်။ ဝန်ကြီးချုပ်၏ မှတ်ချက်များသည် ၎င်းအနေဖြင့် နိုင်ငံတကာရဲ့ဝေဖန်မှုများကို လျစ်လျူရှုနိုင်သည့် အင်အားအလုံအလောက်ရှိသည်ဟု ရှုမြင်ပုံကို ဖော်ပြနေပါသည်။ သို့သော် တချို့ထိုင်းနိုင်ငံရှိ တက်ကြွလှုပ်ရှားသူတချို့ကတော့ ထိုဖြစ်ရပ်ကို ၎င်းတို့ရဲ့စည်းရုံးလှုံ့ဆော်မှုကြောင့် ရရှိလာတဲ့အပြုသဘောဆောင်သော ရလဒ်အဖြစ်မှတ်ယူကြပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီဖြစ်ရပ်သည် ဝန်ကြီးချုပ်အနေဖြင့် ပြည်ပမှထင်မြင်ချက်များကို ပြန်လည်တုံ့ပြန်ခဲ့ရကြောင်းကို ဖော်ပြနေသောကြောင့်ဖြစ်သည်လို့ ဆိုကြပါတယ်။

တစ်ခါတစ်ရံတွင် ကျွန်တော်တို့သည် ကျွန်တော်တို့၏အစိုးရများကို အရေးကြီးသော လူ့အခွင့်အရေးကိစ္စများအပေါ် လုံလောက်သည့် အာရုံစိုက်မှုရှိလာအောင် မပြုလုပ်နိုင်ကြပါ။ အစိုးရသည် ကျွန်တော်တို့ရဲ့ကိစ္စအပေါ် တမင်သက်သက်မသိချင်ယောင်ဆောင်နေခြင်း သို့မဟုတ် ထိုကိစ္စကို နိုင်ငံဦးစားပေးကိစ္စတစ်ခုအဖြစ် မတင်ပြနိုင်ခဲ့တဲ့ ကျွန်တော်တို့ရဲ့အားနည်းချက်လည်း ဖြစ်နိုင်ပါတယ်။ ဒီလိုအခြေအနေတွင် စည်းရုံးလှုံ့ဆော်သူတွေဟာ ပိုမိုကောင်းမွန်သည့် နိုင်ငံတကာစံနှုန်းများကိုရရှိရန် ကြိုးစားခြင်းဖြင့် ပြည်ပကအထောက်အကူကို ရှာဖွေကြရပါတယ်။

ဒီနည်းလမ်းတွင် ကောင်းကျိုးများစွာရှိပါတယ်။ ပစ်ပယ်ခံလူတန်းစားများအကြားတွင် အိတ်(ချ်)အိုင်ဗွီနှင့် ပတ်သက်၍ လုပ်ဆောင်နေကြသည့် စည်းရုံးလှုံ့ဆော်သူများတွေဟာ သူတို့ရဲ့နိုင်ငံများတွင် သူတို့ကိုယ်တိုင် မကြာခဏ ပစ်ပယ်ခံကြရပြီး ပြည်တွင်းမိတ်ဖက်များလည်း အနည်းငယ်သာရှိနိုင်ပါတယ်။ ပြည်တွင်း သို့မဟုတ် နိုင်ငံတကာ အဆင့်ရှိ လုပ်ဖော်ကိုင်ဖက်အသစ်များကို ရှာဖွေခြင်းနှင့် သင်၏လူ့အခွင့်အရေးကိစ္စအပေါ် အသိပညာနှင့် အာရုံစိုက်မှုကို မြှင့်တင်ပေးမည့် အခြားနည်းလမ်းများအား နားလည်သဘောပေါက်ခြင်းသည် သင့်ရဲ့လုပ်ပိုင်ခွင့်ကို တိုးမြှင့်ပေးနိုင်သလို သင်၏ လူထုစည်းရုံးရေးလုပ်ငန်းကိုလဲ ပိုမိုလုပ်ဆောင်စေပါတယ်။ သို့ရာတွင် ကုလသမဂ္ဂနှင့်တွဲလုပ်ခြင်းသည် အားနည်းချက်များလည်း ရှိနိုင်ပါတယ်။ အလွန်ရှေးရိုးစွဲအမြင်ရှိသော နိုင်ငံအချို့မှာတွင် ကုလသမဂ္ဂထံ လျှို့ဝှက်အစီရင်ခံစာများတင်ခြင်း သို့မဟုတ် ကိုင်ကြားခြင်းသည် အစိုးရကိုအရှက်ရစေပြီး စည်းရုံးလှုံ့ဆော်သူများတွေအပေါ် ပြင်းပြင်းထန်ထန် တုံ့ပြန်မှုများကို ဖြစ်ပေါ်စေနိုင်ပါတယ်။ လူထုအတွက် ပြောင်းလဲမှုကြီးကြီးမားမား မဖြစ်ပေါ်စေနိုင်သည့် ကုလသမဂ္ဂအစည်းအဝေးပွဲများနှင့် ဆွေးနွေးတိုင်ပင်မှုများအတွက် အချိန်များစွာကိုလည်း အသုံးပြုရတာမျိုးလဲ ဖြစ်စေနိုင်ပါတယ်။

ကုလသမဂ္ဂစနစ်မှာ ပါဝင်နိုင်ဖို့အတွက် အင်္ဂလိပ်စကားကျွမ်းကျင်မှု လိုအပ်ပါတယ်။ ကုလသမဂ္ဂတွင် ရုံးသုံးဘာသာစကား ၆ မျိုးရှိပါတယ်။ ဒါတွေကတော့ အာရပ်၊ တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ရုရှားနှင့် စပိန်တို့ဖြစ်ပါတယ်။ ကုလသမဂ္ဂ၏ ရုံးတွင်းစာရွက်စာတမ်းများအားလုံးကို တရားဝင်ဖြန့်ဝေနိုင်ဖို့ ထိုဘာသာစကား ၆ မျိုးလုံးဖြင့် ဘာသာပြန်ကြရပါတယ်။ ကုလသမဂ္ဂသည် မကြာခဏဆိုသလို တောင်းဆိုချက်အပေါ်မူတည်၍ ဘာသာပြန်သင့်သည့် အကြောင်းအရာများကိုသာ တခြားဘာသာစကားအဖြစ်သို့ ပြန်ဆိုကြပါတယ်။ အကယ်၍ မည်သည့်အန်ဂျီအိုကမှ အာရပ် သို့မဟုတ် တရုတ်ဘာသာပြန်ဆိုချက်များကို မတောင်းဆိုလျှင် ကုလသမဂ္ဂအနေဖြင့် ထိုဘာသာစကားများအဖြစ်သို့ ဘာသာပြန်ဆိုရန် ငွေကုန်ခံမည်မဟုတ်ပေ။ အန်ဂျီအိုများသည် ၎င်းတို့အလုပ်အတွက် ဘာသာပြန်ဆိုချက်များကို လိုအပ်သည့်အချိန်တိုင်း ကုလသမဂ္ဂဘာသာစကားများအဖြစ်သို့ ပြန်ဆိုပေးရန် တောင်းဆိုနိုင်ပါတယ်။ တောင်းလည်း တောင်းဆိုသင့်ပါတယ်။

ကုလသမဂ္ဂစနစ်ကို သင်သုံးသည်ဖြစ်စေ မသုံးသည်ဖြစ်စေ ၎င်းနှင့်ရင်းနှီးကျွမ်းဝင်လာမည့်အချက်သည် ကောင်းသောအချက်ဖြစ်ပါတယ်။ ဒီလိုသိထားမယ်ဆိုရင် သင်သည်မည်သည့်အချိန်တွင် ကုလသမဂ္ဂသို့သွားရန်နှင့် မည်သည့်အချိန်တွင် ပါဝင်ပတ်သက်မှု မပြုလုပ်ရန် ရွေးချယ်နိုင်ပါလိမ့်မယ်။ ဒီအခန်းမှာတော့ ကုလသမဂ္ဂသို့ရောက်လျှင် ဆက်သွယ်ပြောဆိုနိုင်ချေရှိသည့် ဌာနအချို့အကြောင်းနှင့် နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

အကြောင်းတို့ကို ဆွေးနွေးထားပြီး ဤမဟာဗျူဟာများကို အသုံးပြုရာတွင် မည်ကဲ့သို့စဉ်းစားရန်နှင့် စဉ်းစားရန် သင့်မသင့် စသည့်အကြောင်းများကို ဖော်ပြထားပေးပါတယ်။

လူ့အခွင့်အရေးဆိုင်ရာစည်းရုံးလှုံ့ဆော်မှုသည် လူထုအခြေပြု လူ့အခွင့်အရေးလှုံ့ဆော်သူတွေဖြစ်တဲ့ စီစဉ်သူတို့ရဲ့ အင်အား၊ တီထွင်ကြံဆနိုင်မှုနှင့် ရဲရင့်ပြတ်သားမှုပေါ်တွင် မူတည်ပါတယ်။ လူ့အခွင့်အရေးချိုးဖောက်မှုများကိုပပျောက်စေရန် အစီအစဉ်ရေးဆွဲရာမှာ ရွေးချယ်နိုင်မယ့်အရာတိုင်းကို ထည့်သွင်းစဉ်းစားရန် လိုပါတယ်။ ကုလသမဂ္ဂဟာ အကောင်းဆုံးမဖြစ်နိုင်ပေမဲ့ ကုလသမဂ္ဂရဲ့ ပဋိညာဉ်စာတမ်းတွင် ပြောသလိုပင် `ကုလသမဂ္ဂသည် အခြေခံကျသော လူ့အခွင့်အရေးများ၊ လူပုဂ္ဂိုလ်တစ်ဦးစီ၏ ဂုဏ်သိက္ခာနှင့် တန်ဖိုးတို့အပေါ် ယုံကြည်ပြီး၊ အမျိုးသား အမျိုးသမီးများနှင့် နိုင်ငံကြီး နိုင်ငံငယ်တို့၏ ညီတူညီမျှ အခွင့်အရေးများအပေါ်လဲ ယုံကြည်ကြောင်း ထပ်လောင်းအတည်ပြုပြောဆိုပါသည်။ နိုင်ငံအချင်းချင်း သဘောတူစာချုပ်များနှင့် နိုင်ငံတကာဥပဒေဆိုင်ရာ အခြားအရင်းအမြစ်များမှ ဖြစ်ပေါ်လာသည့် တာဝန်ဝတ္တရားများအတွက် တရားမျှတမှုနှင့်လေးစားမှုကို အကာအကွယ်ပေးနိုင်မည့် စည်းကမ်းချက်များကို တည်ဆောက်ရာတွင်လည်း ကူညီနိုင်ပါသည်။

**ကုလသမဂ္ဂ၏ရုံးများ** – ဒေသခံလှုံ့ဆော်သူများသည် ကုလသမဂ္ဂနှင့် ဆက်သွယ်မှုပြုလုပ်လိုရင် ၎င်းတို့ နိုင်ငံတွင်ရှိသော ကုလသမဂ္ဂဆိုင်ရာ အေအိုင်ဒီအက်စ်အဖွဲ့ (UNAIDS)နှင့် ကမ္ဘာ့ကလေးများရံပုံငွေအဖွဲ့(UNICEF)နှင့် အခြားကုလသမဂ္ဂရုံးများမှတဆင့် ဆက်သွယ်နိုင်ပါတယ်။ ထိုရုံးများသည် ပုံမှန်အားဖြင့် နိုင်ငံ၏မြို့တော်တွင်အခြေစိုက်ပြီး သင့်တော်သော အစိုးရဌာနများနှင့် အနီးကပ်လက်တွဲလုပ်ဆောင်လေ့ရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ နိုင်ငံအစိုးရ များသည် ကုလသမဂ္ဂအဖွဲ့ဝင်များဖြစ်ကြသောကြောင့်ဖြစ်ပါတယ်။

အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်နှင့် လူ့အခွင့်အရေးအတွက် လှုံ့ဆော်စည်းရုံးသူတွေဟာ တစ်ခါတရံတွင် နိုင်ငံအတွင်းရှိ ကုလသမဂ္ဂရုံးများအား အားမလို အားမရဖြစ်တတ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီရုံးများသည် နိုင်ငံရေးအရအန္တရာယ်ရှိနိုင်သည့် လူ့အခွင့်အရေးကိစ္စများကို လူသိရှင်ကြားဖွင့်ဟပြောဆိုခြင်းကို သိပ်မပြုလုပ်ကြသောကြောင့်ဖြစ်ပါတယ်။ ကျွန်ုပ်တို့အနေနဲ့ကတော့ ဒေသခံကုလသမဂ္ဂရုံးများသည် နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများကို ထိန်းသိမ်းရန် လုပ်ပိုင်ခွင့်ရှိကြောင်း သဘောတူပါတယ်။

ပြည်တွင်းရှိ ကုလသမဂ္ဂရုံးများအနေဖြင့် ဖိအားများစွာအောက်တွင် အလုပ်လုပ်နေကြရကြောင်းကို နားလည်နိုင်ရန်လဲလိုပါတယ်။ သူတို့ဟာ လူမှုအဖွဲ့အစည်းနှင့်အစိုးရထံမှ တောင်းဆိုချက်အမျိုးမျိုးနဲ့အမျိုးမျိုးသော ပြဿနာများတွေ စီမံဆောင်ရွက်နေရတာဖြစ်ပါတယ်။ ထို့အတူ သူတို့ဟာ အခြားကုလသမဂ္ဂရုံးခွဲများ၊ ပြည်တွင်းကုလသမဂ္ဂရုံးများနှင့် ဂျနီဗာရှိကုလသမဂ္ဂရုံးချုပ် စသည်တို့နှင့်လည်း ချိတ်ဆက်လုပ်ဆောင်ကြရပါတယ်။ အာရှရှိ ကုလသမဂ္ဂရုံးများသည် အဓိကအားဖြင့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် တည်ရှိပါတယ်။ ဒီအဖွဲ့အစည်းနှင့် အောဂျင်စီတစ်ခုချင်းစီကိုဒေသခံကုလသမဂ္ဂရုံးတွေစီကို သတင်းအချက်အလက်များ၊ အကြံဉာဏ်များ၊ အစီအစဉ်သွဲပြောင်းမှုများ၊ စာရင်းအင်းများနှင့် အခြားအချက်များ တောင်းခံလေ့ရှိပါတယ်။ နိုင်ငံဆိုင်ရာညှိနှိုင်းရေးမှူးများသည် ကုလသမဂ္ဂရှိ ဝါရင့်ပုဂ္ဂိုလ်များဖြစ်ကြပါတယ်။ ဒါကြောင့် ၎င်းတို့သည် အဖွဲ့တွင် ဩဇာညောင်းပြီး ရည်မှန်းချက်ကြီးမားသည့် ပုဂ္ဂိုလ်များဖြစ်ကြပါတယ်။ ဒါပေမဲ့၎င်းတို့သည် များသောအားဖြင့် အလုပ်လုပ်သောတိုင်းပြည်များနှင့် စိမ်းနေတတ်ပြီး ဒေသခံဝန်ထမ်းများနှင့် ဖော်ရွေမှုရှိသော အစိုးရအရာရှိကြီးများ၏ အကြံဉာဏ်တို့အပေါ်များစွာ မှီခိုနေရတတ်ပါတယ်။ တစ်ခါတစ်ရံ ညှိနှိုင်းရေးမှူးများသည် နှစ်အနည်းငယ်ကြာ တာဝန်ထမ်းဆောင်ပြီးနောက် ရာထူးတိုးမြှင့်ရယူရန် အခြားနိုင်ငံများသို့ ပြောင်းသွားတတ်ပါတယ်။ အကျိုးဆက်အနေဖြင့် ဒေသခံကုလသမဂ္ဂရုံးများတွင် ဖိအားများရှိနေပြီး ထိုပုဂ္ဂိုလ်များတွင် လူ့အခွင့်အရေးပြဿနာများကို ပြောဆိုရန်အင်အားများ မရှိသလောက်ဖြစ်တတ်ကြပါတယ်။ တိုင်းပြည်ရဲ့ လူ့အခွင့်အရေးနှင့်ပတ်သက်၍ ပွင့်ပွင့်လင်းလင်း ဝေဖန်ပြောဆိုတတ်သူများဆိုရင် အစိုးရဘက်မှ အဆက်အသွယ်ဖြတ်တောက်ထားတတ်တဲ့အတွက် ကုလသမဂ္ဂညှိနှိုင်းရေးမှူးများအတွက် အလုပ်လုပ်ဆောင်ရန် အခက်အခဲများကြုံတွေ့ရတတ်ပါတယ်။ ထို့ကြောင့် သင့်အနေဖြင့် ရင်းနှီးမှုတည်ဆောက်ရာတွင် ဌာနေညှိနှိုင်းရေးမှူးအပြင် ၎င်းအား ကူညီသော ဝန်ထမ်းနှင့်ပါ ရင်းနှီးမှုရရန်လိုအပ်ပါတယ်။ သင့်အနေဖြင့် အခွင့်အရေးပြဿနာနဲ့ ချိုးဖောက်မှုများအကြောင်း အသိပေးနိုင်ပါလိမ့်မယ်။ အကယ်၍ သင့်အနေဖြင့် ဒေသခံအဖွဲ့ သို့မဟုတ် ကွန်ယက်ကို ကိုယ်စားပြုပါက ဒေသအဆင့် ကုလသမဂ္ဂအရာရှိများနှင့် ဆက်ဆံရေးတိုးမြှင့်နိုင်ပါလိမ့်မယ်။ အကယ်၍ ကုလသမဂ္ဂ၏ ဌာနေရုံးက လူ့အခွင့်အရေးအကြောင်းကို သင်နဲ့ပြောဆိုရန် စိုးရိမ်နေပါက ဒေသအဆင့် အရာရှိများထံမှ သင်နှင့်ပတ်သက်သောသတင်းကို ကြားလိုက်ပါက ၎င်းတို့ရဲ့ စိုးရိမ်စိတ်ကို ပြောင်းလဲစေနိုင်မှာပါ။ ကုလသမဂ္ဂဌာနေရုံးများက ကူညီပေးနိုင်သော အချို့အချက်များမှာ–

- အခြားတိုင်းပြည်များမှ အကောင်းဆုံးကျင့်ထုံးများနှင့် ကုလသမဂ္ဂ၏ စံနှုန်းများနှင့်ပတ်သက်သော သတင်းအချက်များဝေငှခြင်း။

- အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်နှင့် လူ့အခွင့်အရေးပြဿနာအကြောင်းနှင့် ပတ်သက်၍ အစိုးရ၏ အသေးစိတ်အာဘော်ကို မျှဝေနိုင်ခြင်း၊ စည်းရုံးလှုံ့ဆော်နေသည့် အခွင့်အရေးများအကြောင်းဆိုင်ရာ ဗဟုသုတကိုလည်း မျှဝေနိုင်ခြင်း။
- သင်၏အဖွဲ့ ၊ အခြားသော ကုလသမဂ္ဂအဖွဲ့နှင့် သင်လုပ်ဆောင်နေသော အခွင့်အရေးနှင့်ပတ်သက်သည့် အစိုးရ အရာရှိများနှင့် တွေ့ဆုံရန်ဖိတ်ခေါ်နိုင်ခြင်း။
- သင့်အား အခြားသော ကုလသမဂ္ဂကိုယ်စားလှယ်များနှင့် ဆက်သွယ်နိုင်ရန် မိတ်ဆက်ပေးနိုင်ခြင်း၊
- သင်၏ အသိဖွေးတောင်းဆိုမှု ပြဿနာများအကြောင်းကို ဒေသအတွင်း၊ နိုင်ငံအတွင်း သို့မဟုတ် နိုင်ငံတကာနှင့် ဆွေးနွေးတိုင်ပင်မှုပြုနိုင်ရန်ကူညီနိုင်ခြင်း၊ သင်၏ ပြောဆိုမှုများကို အစိုးရအဖွဲ့ဆီသို့ လက်ဆင့်ကမ်းပေးနိုင်ခြင်း
- သင်၏ အစီရင်ခံစာကို အင်တာနက်စာမျက်နှာတွင် ဖော်ပြပေးခြင်းနှင့် အစိုးရနှင့် အခြားသောကုလသမဂ္ဂအဖွဲ့များထံသို့ ပေးပို့နိုင်ခြင်း၊ အရေးကြီးကိစ္စရပ်များဖြစ်သည့် အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် အရေးတက်ကြွလှုပ်ရှားသူများအား ဖမ်းဆီးချုပ်ချယ်ခြင်း သို့မဟုတ် ဆေးခန်းများနှင့်ရုံးများတွင်ရဲများ၏ နှောင့်ယှက်ဒုက္ခပေးမှုများကို အစိုးရထံသို့ အသိပေးပြီးကြားဝင်ပြန်ဖြေပေးနိုင်ခြင်း ထိုင်းနိုင်ငံရှိ တက်ကြွလှုပ်ရှားသည့် အဖွဲ့များသည် ဒေသနည်းပညာအကူညီပေးရေးရန်ပုံငွေ (Regional Technical Suppport Fund)ကို ကောင်းစွာအသုံးချကြပါတယ်။ (http://www.unaidsrstesa.org/home) ဤကုလသမဂ္ဂ၏ရန်ပုံငွေမှ ငွေကြေးများအား စီမံကိန်းတစ်ခုပေါ်ပေါက်ရန် နည်းစနစ်ကျွမ်းကျင်ပညာရှင်များကို ငှားရမ်းပေးပါတယ်။ ထိုကုန်ကျစရိတ်များမှာ ဒေသခံအဖွဲ့အစည်းများ တတ်နိုင်သည့်ပမာဏထက်ကျော်လွန်နေသောကြောင့် ကူညီပေးခြင်းဖြစ်ပါတယ်။ ထိုင်းအေအိုင်ဒီအက်(စ်)ကုသရေးလှုပ်ရှားမှုအဖွဲ့မှ (TTAG) အိတ်ချ်အိုင်ဗွီ၊ အသည်းရောင်အသားဝါ–စီ(HIV HCV)ရောဂါကူးစက်မှုကုသရေး ပညာရှင်များကိုခေါ်ယူပြီး TTAG သင်တန်းလက်စွဲတစ်ခု ပေါ်ပေါက်လာရန် ရံပုံငွေရှာဖွေပေးနိုင်ပါတယ်။

## ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးနှင့်အလုပ်လုပ်ခြင်း

ကုလသမဂ္ဂအဖွဲ့တွင် လူ့အခွင့်အရေးကို အာရုံစိုက်လုပ်ဆောင်သော လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံးရှိပါတယ်။ အော်ချာ (OHCHR)နှင့် အလုပ်လုပ်ရာတွင် ကောင်းကျိုးနှင့်ဆိုးကျိုးများစွာရှိသည်။ ကောင်းကျိုးတွင် သင်တင်ပြလိုတဲ့အကြောင်းအရာအကြောင်းကို ကုလသမဂ္ဂအဖွဲ့အားပညာပေးခြင်း၊ ကုလသမဂ္ဂထံသို့ပေးပို့မယ့် သင်၏ အကြောင်းအရာကို မီဒီယာမှ အာရုံစိုက်လာခြင်း၊ ကုလသမဂ္ဂအဖွဲ့များနှင့် ဆက်သွယ်ရင်းနှင့် နိုင်ငံရှိသင့်၏ ကြိုးပမ်းမှုကို စာနာထောက်ပံ့ပေးမည့် ကုလသမဂ္ဂအရာရှိများ ပါဝင်လှုပ်ရှားအောင်ဆက်သွယ်ရင်း ပြည်တွင်းပြည်ပမှမိတ်ဖက်အသစ်များ ရရှိလာခြင်းတို့ပါဝင်ပါတယ်။ သို့သော်လည်း ဆိုးကျိုးများလည်းရှိပါတယ်။ အယူသီးပြီး တံခါးပိတ်ထားသောနိုင်ငံများတွင် UNOHCHR ကို တိုင်တန်းခြင်းကြောင့် ထောင်ကျခံရခြင်းနှင့် အဖွဲ့အားဖျက်သိမ်းခံရခြင်းစသည့် ဆိုးကျိုးများကိုလဲဖြစ်စေနိုင်ပါတယ်။

(UNOHCHR)ထံ သတင်းအချက်အလက်များ မျှဝေရန်နှင့် တိုင်တန်းမှုများပြုလုပ်ရာတွင် နည်းလမ်းများစွာရှိသည်။ ၎င်းတို့မှာ–

- နိုင်ငံက လက်မှတ်ထိုးထားသည့် စာချုပ်များမှတဆင့် အထူးလုပ်ထုံးလုပ်နည်းဆိုင်ရာလုပ်ငန်းစဉ်မှ တဆင့် – အထူးစုံစမ်းစစ်ဆေးရေးအရာရှိများ သို့မဟုတ် ကော်မတီများမှတဆင့်၊
- လူ့အခွင့်အရေးကောင်စီမှ ကျင်းပပြုလုပ်သော Universal Periodic Review မှ တဆင့် သို့မဟုတ်
- အော်ချာ (OHCHR)သို့ကိုယ်တိုင်တိုင်တန်းခြင်း သို့မဟုတ် တစ်ဆင့်တိုင်တန်းမှုများတဆင့် တိုင်ကြားနိုင်သည်။

နိုင်ငံကလက်မှတ်ရေးထိုးထားသည့် စာချုပ်နှင့်ကော်မတီများဆိုသည်မှာ အဘယ်နည်း။

- နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာစာချုပ်ကော်မတီ (ICCPR) သည် အပြည်ပြည်ဆိုင်ရာနိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာစာချုပ်ကို အကောင်ထည်ဖော်ရာတွင် ကြီးကြပ်သောကော်မတီဖြစ်သည်။
- စီးပွားရေး၊ လူမှုရေးနှင့် လူမှုရေးအခွင့်အရေးဆိုင်ရာစာချုပ်ကော်မတီ (ICESCR) သည် အပြည်ပြည်ဆိုင်ရာ စီးပွားရေး၊ လူမှုရေးနှင့်လူမှုရေးအခွင့်အရေးဆိုင်ရာစာချုပ်ကို အကောင်ထည်ဖော်ရာတွင် ကြီးကြပ်သောကော်မတီဖြစ်သည်။
- ညှင်းပန်းနှိပ်စက်မှုပပျောက်ရေးစာချုပ်ကော်မတီ (CRT) လူသားမဆန်မှုများ၊ အရှက်ရစေသောဆက်ဆံမှုများနှင့် ညှင်းပန်းနှိပ်စက်မှုဆိုင်ရာစာချုပ်ကို အကောင်အထည်ဖော်ရာတွင် ကြီးကြပ်သည်။
- ကလေးသူငယ်အခွင့်အရေးဆိုင်ရာစာချုပ်ကော်မတီ (CRC) ကလေးသူငယ် အခွင့်အရေးစာချုပ်ကို အကောင်

အထည်ဖော်ခြင်းကို ကြီးကြပ်သည်။

- ရွှေ့ပြောင်းလုပ်သားများအခွင့်အရေးဆိုင်ရာစာချုပ်ကော်မတီ (CMW) သည် ရွှေ့ပြောင်းလုပ်သားများ၏ အခွင့်အရေးနှင့် ၎င်းတို့၏မိသားစုအားကာကွယ်ပေးသည့် အပြည်ပြည်ဆိုင်ရာစာချုပ်ကို အကောင်အထည်ဖော်ရာတွင်ကြီးကြပ်သည်။
- မသန်စွမ်းသူများအခွင့်အရေးစာချုပ်ကော်မတီ(CRPD)သည် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများအခွင့်အရေးစာချုပ်ကို အကောင်အထည်ဖော်ရာတွင် ကြီးကြပ်သည်။
- အတင်းဓမ္မပျောက်ဆုံးစေခြင်း ပပျောက်ရေးဆိုင်ရာစာချုပ်ကော်မတီ (CED)သည် အတင်းဓမ္မပျောက်ဆုံးစေခြင်း ပပျောက်ရေးဆိုင်ရာစာချုပ်ကို အကောင်ထည်ဖော်ရာတွင် ကြီးကြပ်သည်။

သင့်နိုင်ငံက လက်မှတ်ထိုးထားသည့် စာချုပ်များနှင့် စောင့်ကြပ်သည့်ကော်မတီများကို ဒီနေရာမှာ ရှာဖွေနိုင်ပါတယ်။

*http://www1.umn.edu./humanrts/research/ratification-inde_.html*

၁။ **စာချုပ်ကော်မတီများ** – စာချုပ်ကော်မတီများဆိုတာ ကျွမ်းကျင်သူများနဲ့ ပါဝင်ဖွဲ့စည်းထားပြီး နိုင်ငံတကာလူ့အခွင့်အရေးစာချုပ်တွေအပေါ် လေးစားလိုက်နာမှုကို (OHCHR) အောက်ကနေ စောင့်ကြပ်ပေးတဲ့ ကော်မတီတွေဖြစ်ပါတယ်။ စာချုပ်ကော်မတီ(၉)ခုရှိပြီး နောက်တခုကတော့ ညှင်းပန်းနှိပ်စက်မှုဆန့်ကျင်ရေး ဆပ်ကော်မတီတစ်ခုလဲရှိပါတယ်။

အစိုးရအနေနဲ့ သူလက်မှတ်ရေးထိုးထားတဲ့ စာချုပ်ပါအခွင့်အရေးတွေကို ဘယ်လိုအကောင်အထည်ဖော်ဆောင်ရွက်နေတာနဲ့ပတ်သက်ပြီး နှစ်အနည်းငယ်ကြာတခါ ကော်မတီထံကို အစီရင်ခံစာတင်သွင်းရပါတယ်။

အစိုးရမဟုတ်သည့် အဖွဲ့တွေအနေနဲ့ တိုင်းပြည်၏ အစီရင်ခံစာရေးရာတွင် ပါဝင်သင့်ပါတယ်။ ဒီလိုမျိုးအစိုးရရေးသားတဲ့အစီရင်ခံစာမှာ ပါဝင်ရေးသားလို့မဖြစ်နိုင်ရင် သတင်းအချက်အလက်တွေကို နောက်တစ်နည်းနဲ့ ပေးနိုင်ပါသေးတယ်။ ၎င်းကို စင်ပြိုင်အစီရင်ခံစာ ( Shadow Report - အစိုးရ၏ အခြေအနေတစ်ခုအပေါ် အစီရင်ခံစာနှင့်ပတ်သက်ပြီး အန်ဂျီအိုများကသူတို့ရဲ့ရှုထောင့်မှ တင်ပြနိုင်သည့် စင်ပြိုင် အစီရင်ခံစာ) ဖြစ်ပါတယ်။ ဒီအစီရင်ခံစာကို နိုင်ငံ၏တရားဝင်အစီရင်ခံစာကို ကော်မတီကကြည့်ရှုလေ့လာခြင်းမပြုခင် သက်ဆိုင်သော ကော်မတီသို့ပို့ရပါမယ်။ စင်ပြိုင်အစီရင်ခံစာကိုတင်သွင်းရန်အတွက်(OHCHR)ကို တိုက်ရိုက်ဆက်သွယ်ပြီး သတ်မှတ်ထားသော နောက်ဆုံးပေးပို့ရမည့်ရက်ကို ရှာဖွေရမှာဖြစ်ပါတယ်။

ထိုကော်မတီက ၎င်းတို့လက်ခံရရှိသော အစီရင်ခံစာအားလုံးကို ကြည့်ရှုပါတယ်။ (OHCHR)၏ အင်တာနက်စာမျက်နှာအရ နိုင်ငံတကာလူ့အခွင့်အရေးစာချုပ်ကော်မတီများဟာ လူတစ်ဦးချင်းတိုင်တန်းမှုများ – ကော်မတီကိုးခုအနက် ခြောက်ခုက လူတစ်ဦးချင်း သို့မဟုတ် အခွင့်အရေးချိုးဖောက်ခံရသူ ကိုယ်စားပြုသူရဲ့တိုင်ကြားမှုတွေကို လက်ခံစဉ်းစားပါတယ်။ အစိုးရတစ်ခုမှ အခြားအစိုးရအပေါ်တိုင်တန်းမှုများ– အမှန်တကယ် ဒီနည်းလမ်းကို ဘယ်အစိုးရကမှ အသုံးပြုခဲ့ခြင်း မရှိသေးပါ။

- စုံစမ်းစစ်ဆေးမှုများ – ညှင်းပမ်းနှိပ်စက်မှုပပျောက်ရေးကော်မတီနှင့် အမျိုးသမီးများအား ခွဲခြားဆက်ဆံခံရမှုပပျောက်ရေးကော်မတီနှစ်ခုကတော့ စာချုပ်ပါအခွင့်အရေးများကို ဖောက်ဖျက်မှုရှိကြောင်း ခိုင်လုံသော အထောက်အထားများက ထင်ထင်ရှားရှားတင်ပြလာရင် မိမိအစီအစဉ်နဲ့ မိမိစုံစမ်းစစ်ဆေးမှုများ လုပ်ပိုင်ခွင့်ရှိပါတယ်။

ကော်မတီ အဖွဲ့ဝင်များက အစိုးရ၏ အစီရင်ခံစာနှင့်အစိုးရမဟုတ်သော အဖွဲ့၏အစီရင်ခံစာကို ဖတ်ရှုပြီးနောက် အစိုးရကိုယ်စားလှယ်များကို လူ့အခွင့်အရေး အခြေအနေနဲ့ပတ်သက်၍ မေးခွန်းများမေးမြန်းပြီး ကြားနာမှုတစ်ခုပြုလုပ်ပါတယ်။ ကုလသမဂ္ဂရဲ့အတိုင်ပင်ခံအဆင့်ရှိတဲ့ အစိုးရမဟုက်သောအဖွဲ့တွေက ဒီကြားနာမှုကို တက်ရောက်နိုင်ပါတယ်။ အတိုင်ပင်ခံအဆင့်မရှိတဲ့ အစိုးရမဟုတ်သည့်အဖွဲ့တွေ အဆင့်ရှိသောအဖွဲ့တွေကို ၎င်းတို့၏ တံဆိပ်ငှားရမ်းရန် တောင်းခံတတ်ကြပါတယ်။ ထိုမှသာ တက်ရောက်ခွင့်ရနိုင်မည်ဖြစ်ပါတယ်။

ကြားနာမှုပြီးနောက် ကော်မတီမှနိုင်ငံအပေါ် လူ့အခွင့်အရေးပြဿနာများကို မည်ကဲ့သို့ ရင်ဆိုင်ဖြေရှင်းရန်အတွက် အကြံပြုချက်တွေပေးပါတယ်။ နှစ်အနည်းငယ်ကြာ၍ နောက်တစ်ကြိမ် ပြန်လည်စစ်ဆေးသည့်အခါ တိုင်းပြည်အား ညွှန်ကြားထားသည့် အကြံပေးချက်များကို လိုက်နာခြင်းရှိမရှိ ပြန်လည်အစီရင်ခံရပါတယ်။

တိုင်တန်းမှုများနှင့်ပတ်သက်သော လုပ်ထုံးလုပ်နည်းများဆိုင်ရာ သတင်းအချက်လက်များကို အောက်ပါအင်တာနက်စာမျက်နှာတွင်ကြည့်ရှုပါ။

*http://www2.ohchr.org/english/bodies/petitions/inde_.htm*

ဝေဖန်မှုများကိုရှောင်ရှားရန်အတွက် နိုင်ငံများက ဒီလုပ်ထုံးလုပ်နည်းတွေကို အလွဲသုံးစားလုပ်လေ့ရှိတတ်ပါတယ်။ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးအဖွဲ့ (FIDH)က ထိုလုပ်ထုံးလုပ်နည်းနဲ့ပတ်သက်တဲ့ ပြဿနာအနည်းငယ်ကို ဖော်ပြထားပါတယ်။ နိုင်ငံများကသူတို့ရဲ့ အစီရင်ခံစာများကိုတင်ပြရန် နှောင့်နှေးကြန့်ကြာခြင်း။

- စစ်ဆေးသော ကော်မတီမှ တိုင်းပြည်၏ အစီရင်ခံစာကိုကြည့်ရှုရန် နှောင့်နှေးခြင်း၊
- နိုင်ငံများက အစီရင်ခံစာအများအပြားကို ကော်မတီများသို့ပို့ရခြင်း၊
- ကော်မတီနှင့်နိုင်ငံများအတွက် လုံလောက်သော အရင်းအမြစ်များမရှိခြင်း၊
- အချို့နိုင်ငံများရဲ့ အစီရင်ခံစာများမှာ မှန်ကန်မှုမရှိခြင်း အထူးသဖြင့် အန်ဂျီအိုရဲ့ ပါဝင်မှုမရှိခြင်း သို့မဟုတ် စင်ပြိုင် အစီရင်ခံစာများမရှိခြင်း၊
- ကော်မတီမှထိရောက်သော ပြန်လည်စစ်ဆေးမှုမရှိခြင်းတို့ဖြစ်ပါတယ်။

သို့သော် ကျန်းမာရေးအခွင့်အရေးလို တချို့အခွင့်အရေးမျိုးအတွက်ဆိုရင်တော့ စာချုပ်ကော်မတီတွေဟာ သင့်တိုင်းပြည်ရဲ့ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစံနှုန်းတွေကို တိုးတက်အောင် လုပ်ဆောင်ပေးနိုင်တဲ့ နည်းလမ်းကောင်းတွေဖြစ်ပါတယ်။

၂။ **အထူးလုပ်ထုံးလုပ်နည်းများ** – ဒီလုပ်ထုံးလုပ်နည်းမှာ လွတ်လပ်ကျွမ်းကျင်တဲ့ လူ့အခွင့်အရေးစုံစမ်းစစ်ဆေးရေးအရာရှိတွေ သို့မဟုတ် အထူးလုပ်ထုံးလုပ်နည်းတွေပါဝင်ပါတယ်။ လွတ်လပ်ကျွမ်းကျင်တဲ့ လူ့အခွင့်အရေးစုံစမ်းစစ်ဆေးသူတွေဆိုတာ ပညာရှင်များ၊ တရားရေးပညာရှင်များနှင့် ရှေ့နေတွေ အများဆုံးဖြစ်ကြပါတယ်။ သူတို့ကို မြောက်ကိုရီးယားလို နိုင်ငံတစ်ခုအကြောင်း သို့မဟုတ် ပညာရေးအခွင့်အရေးဆိုင်ရာလို အကြောင်းအရာတခုအပေါ် အထူးအာရုံစိုက်ပြီး အစီရင်ခံစာပြုစုတင်သွင်းဖို့အတွက် ယာယီတာဝန်ခန့်အပ်ပေးလေ့ရှိပါတယ်။ တစ်ဦးချင်းစုံစမ်းစစ်ဆေးသူတွေရှိသလို မတရားဖမ်းဆီးခြင်းဆိုင်ရာ အလုပ်အဖွဲ့လို အဖွဲ့မျိုးလဲရှိပါတယ်။ သူတို့တွေဟာ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေရဲ့ ပန်ကြားမှုကိုလဲလက်ခံပြီး ချိုးဖောက်မှုတွေကိုလဲ စုံစမ်းနိုင်ပါတယ်။

အထူးလုပ်ထုံးလုပ်နည်းများ တချို့ကတော့ လူတိုင်းသက်တမ်းစေ့ ကျန်းမာပျော်ရွှင်စွာ နေဆိုင်နိုင်ရေးဆိုင်ရာ အခွင့်အရေးဆိုင်ရာ အထူးစုံစမ်းစစ်ဆေးရေးအရာရှိ၊ ညှင်းပန်းနှိပ်စက်မှုနှင့် လူသားမဆန်စွာဆက်ဆံမှု၊ အရှက်ရစေသော ဆက်ဆံမှု သို့မဟုတ် အပြစ်ပေးမှုဆိုင်ရာ အထူးစုံစမ်းစစ်ဆေးရေးအရာရှိ၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေး ၎င်း၏ အကြောင်းနှင့် အကျိုးဆက်ဆိုင်ရာ အထူးစုံစမ်းစစ်ဆေးရေးအရာရှိ၊ ထိုကဲ့သို့များစွာရှိပါသည်။ စာရင်းအစုံကို အင်္ဂလိပ်ဘာသာဖြင့် အောက်ပါစာမျက်နှာတွင် ရှာဖွေကြည့်ရှုနိုင်သည်။
http://www.ohchr.org/EN/HRBodies/SP/Pages/Welcomepage.asp_

ကျန်းမာရေးဆိုင်ရာ အထူးစုံစမ်းစစ်ဆေးရေးအရာရှိသည် အိန္ဒိယမှ လူ့အခွင့်အရေးတောင်းဆိုသူ အနန်ဂရိုဗာ (Anand Grover)ဖြစ်ပါတယ်။ ၎င်းသည် ကျန်းမာရေးအခွင့်အရေးအပေါ် ချိုးဖောက်မှုနှင့်စပ်လျဉ်း၍ လူတစ်ဦးချင်းစီကဖြစ်စေ၊ အန်ဂျီအိုများထံကဖြစ်စေ အစီရင်ခံစာတွေကို လက်ခံပါတယ်။ အကယ်၍ သတင်းအချက်အလက်များက ခိုင်လုံမှုရှိလျှင် သူ့အနေဖြင့် အစိုးရထံသို့ ၎င်းပြဿနာနဲ့ပတ်သက်ပြီး အစိုးရရဲ့အယူအဆများကို ပြောကြားဖို့ပန်ကြားနိုင်ပါတယ်။ အစိုးရရဲ့ ဖြေရှင်းချက်ကို တောင်းနိုင်ပါတယ်။ အစိုးရအနေနဲ့အပြည်ပြည်ဆိုင်ရာ ဥပဒေကို လေးစားလိုက်နာရန်လိုကြောင်း သတိပေးနိုင်သလို ဒီကိစ္စနဲ့ပတ်သက်ကြီး အစိုးရက ဘယ်လိုကိုင်တွယ်ဖြေရှင်းမလဲဆိုတာကိုလဲ တောင်းခံနိုင်ပါတယ်။

အကယ်၍ အထူးစုံစမ်းစစ်ဆေးသူအရာရှိထံကို တိုင်တန်းမှုတစ်ခုပြုလုပ်မည်ဆိုပါက သင်၏ တိုင်တန်းမှုတွင် အဖြစ်အပျက်အားလုံးကို အသေးစိတ်ဖော်ပြပေးရန်လိုသည်။ သက်သေပြရန် Prove It စာအုပ်တွင် အသေးစိတ်ဖော်ပြသကဲ့သို့ မည်သူ၊ မည်သည်၊ မည်သည့်နေရာ၊ မည်သည့်အချိန်၊ အဘယ်ကြောင့်၊ ဘယ်လိုဖြစ်ပျက်ခဲ့သလဲ ဆိုတဲ့အချက်များ လိုအပ်သည်။ သင်တင်ပြလိုက်သည့်အမည်များကို (ချိုးဖောက်ခံရသူ သို့မဟုတ် စွပ်စွဲထားသော တရားခံ) အစိုးရကလည်း သိရှိမည်ဖြစ်ကြောင်းကို သတိပြုပါ။ ချိုးဖောက်သူများ လုံခြုံမှုရရှိစေရန်အတွက် သူတို့အမည်များကို အမည်ဝှက်နဲ့ပေးနိုင်ပါတယ်။ အထူးစုံစမ်းစစ်ဆေးရေးအရာရှိအနေနဲ့ သင့်အားစာပေးပို့ကြောင်းလောက်သာပြောနိုင်မည်ဖြစ်ပြီး အစိုးရ၏ ပြန်စာကို ပြောပြနိုင်မည်မဟုတ်ပါ။ သို့သော် သူ့ကိုဆက်သွယ်လာသောသူများစာရင်းနှင့် ရရှိသော တုန့်ပြန်မှုများကို လူ့အခွင့်အရေးကောင်စီ၏ နှစ်စဉ်အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြထားပါတယ်။ ဆိုအကြောင်းအရာကို အထူးစုံစမ်းစစ်ဆေးရေးအရာရှိက သတင်းစာရှင်းလင်းမှုပြုလုပ်နိုင်ပေးပါတယ်။ ဒါပေမဲ့ ဤနည်းလမ်းမှာ အသုံးမပြုသလောက်ပါ။ နောက်ဆုံးတွင် ၎င်းအနေဖြင့် ကြီးကြပ်မှုပြုနေသော လူ့အခွင့်အရေးပြဿနာများကို စုံစမ်းရန်အတွက် ၎င်းတို့၏နိုင်ငံသို့ လာရောက်လေ့လာစုံစမ်းခွင့်ကို သက်ဆိုင်ရာ အစိုးရထံတောင်းခံနိုင်ပါတယ်။ သို့သော်

အစိုးရက ဖိတ်ကြားခြင်း မပြုပါက ပြည်ဝင်ခွင့် မရနိုင်ပေ။ အကယ်၍ သွားရောက်ခွင့်ရမည်ဆိုပါက သင့် အဖွဲ့အနေဖြင့် ၎င်းသွားသင့်သောနေရာနှင့် တွေ့ဆုံစကားပြောသင့်သော အချက်အလက်များကို မျှဝေပေးနိုင်သည့် အခွင့်အလမ်းရှိမည်ဖြစ်ပါတယ်။ များသောအားဖြင့် အထူးစုံစမ်းစစ်ဆေးအရာရှိများသည် ၎င်းတွေ့ဆုံရမည့်သူနှင့် တွေ့ဆုံရာတွင်မည်သည့် အကျိုးဆက်များဖြစ်နိုင်မည်ကိုသိလိုပြီး ထိုအကျိုးဆက်များကို ရှောင်ရှားနိုင်ရန်အတွက် အထူးဂရုစိုက်လေ့ရှိပါတယ်။

အန်ဂျီအိုအနေနဲ့ အထူးစုံစမ်းစစ်ဆေးရေးအရာရှိကို အရေးကြီးပါက ပို့နိုင်တဲ့နည်းလမ်းရှိပါသေးတယ်။ တရားဝင်လုပ်ထုံးလုပ်နည်းများကြောင့် နှောင့်နှေးကြန့်ကြာနေသော အခြေအနေတစ်ခုမျိုးဖြစ်ရင် ပြုပြင်၍မရနိုင်သော ဆိုးကျိုးကိုဖြစ်စေနိုင်ပါတယ်။ ၎င်းအခြေအနေမျိုးဆိုရင် အီးမေလ်းလိပ်စာ urgent-actioneohchr.org သို့မဟုတ် ဖက်စ်+41-(0)22-917-9006 သို့ ဆက်သွယ်နိုင်ပါတယ်။ ပစိဖိတ်ဒေသတစ်လျှောက် အကျိုးတူပူးပေါင်းသူများ (Trans Pacific Partnership)သဘောတူညီချက်ကြောင့် ဗီယက်နမ်၊ မလေးရှား၊ ပီရူးနှင့် ချီလီအပါအဝင် တချို့နိုင်ငံတွေမှာ ဆေးဝါးများထောက်ပံ့မှုကိုရယူနိုင်သည့် အခွင့်အလမ်းအပေါ် ဆိုးရွားစွာအကျိုးသက်ရောက်မည့် အကြောင်းကိစ္စများကို အဓိကထား ဖော်ပြသည့် ကျန်းမာရေးအခွင့်အရေးနှင့်ပတ်သက်၍ အထူးစုံစမ်းစစ်ဆေးရေးအရာရှိထံ ပေးပို့တဲ့တိုင်ကြားချက် နမူနာပုံစံတစ်စောင်အား အောက်ပါအင်တာနက်စာမျက်နှာတွင် ကြည့်ရှုနိုင်ပါတယ်။ http://keionline.org/sites/default/files/r2h anand grover tpp 22march2011.pdf

အထူးစုံစမ်းစစ်ဆေးရေးအရာရှိအား တိုင်ကြားခြင်းသည် စာချုပ်ကော်မတီကို တိုင်ကြားခြင်းနှင့်မတူပါ။ အထူးစုံစမ်းစစ်ဆေးရေးအရာရှိအား တိုင်ကြားခြင်းခြင်းဟာ အစိုးရက စာချုပ်တစ်ခုကို လက်မှတ်ထိုးခြင်းမထိုးခြင်းနှင့်မဆိုင်ပါ။ စာချုပ်ကိုလက်မှတ်ထိုးမထိုး လူ့အခွင့်အရေးကို အစိုးရက လေးစားရန်တာဝန်ရှိသည်။ အထူးစုံစမ်းစစ်ဆေးရေး အရာရှိအား တိုင်ကြားခြင်းဖို့အတွက် ပြည်တွင်းတရားစီရင်ရေးများက မစွမ်းသာသည့်အခြေအနေမျိုးအထိ စောင့်ဆိုင်းစရာလဲ မလိုပါ။ (စိတ်ပျက်စရာကောင်းသော ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများအကြောင်းကို အောက်တွင် ဖော်ပြထားပါတယ်)။ ဤနည်းလမ်း၏ ဆိုးကျိုးမှာ အထူးစုံစမ်းစစ်ဆေးရေးအရာရှိက တိုင်းပြည်အတွင်း သွားရောက်စုံစမ်းနိုင်ခြင်းမရှိပါက သက်ရောက်မှုအားနည်းနိုင်ခြင်းဖြစ်ပါတယ်။ အထူးစုံစမ်းစစ်ဆေးရေးအရာရှိရဲ့ တာဝန်ယူဆောင်ရွက်မှုများအပေါ် မီဒီယာ၏ အာရုံစိုက်မှုအများအပြားရနိုင်သော်လည်း လူ့အခွင့်အရေးဆိုးဝါးနေသောနိုင်ငံများက မီဒီယာကိုလည်းခွင့်ပြုလေ့မရှိပါ။

**၃။ လူ့အခွင့်အရေးကောင်စီ** – လူ့အခွင့်အရေးကောင်စီ (Human Rights Council)သည် ကမ္ဘာအနှံ့မှာ လူ့အခွင့်အရေးကိစ္စများကို အကာအကွယ်ပေးရန်နှင့် မြှင့်တင်ပေးရန် တာဝန်ရှိသောကုလသမဂ္ဂ(UN)အတွင်းရှိ အဓိကအစိတ်အပိုင်းတစ်ခုဖြစ်ပါတယ်။ ကောင်စီကိုနိုင်ငံပေါင်း ၄၅ နိုင်ငံဖြင့် ဖွဲ့စည်းထားပါတယ်။ ကောင်စီအဖွဲ့ဝင်များသည် တစ်နှစ်တွင်း သုံးကြိမ် စုစုပေါင်းတစ်နှစ်တွင် ၁၀ပတ်တွေ့ဆုံကြပါတယ်။ တွေ့ဆုံဆွေးနွေးရာမှာ နိုင်ငံတိုင်းအလှည့်ကျ ပြန်လှန်သုံးသပ်ခံရသည့်လုပ်ငန်းစဉ် (Universal Period Review)ကို အသုံးပြုပါတယ်။ ဒီလုပ်ထုံးလုပ်နည်းကတော့ ကုသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအားလုံးမှာရှိတဲ့ လူ့အခွင့်အရေးအခြေအနေတွေကိုသုံးသပ်ပါတယ်။ ကောင်စီအပေါ်အထူးကိစ္စများနှင့်ပတ်သက်၍ နည်းပညာများနှင့် အကြံဉာဏ်များကိုထောက်ပံ့ပေးသော အကြံပေးကော်မတီအဖွဲ့နှင့် လူတစ်ဦးချင်းနဲ့အဖွဲ့အစည်းတွေရဲ့ လူ့အခွင့်အရေးဆိုင်ရာ တိုင်ကြားချက်များကို စိစစ်ပေးပါတယ်။ ဂျီနီဗာတွင်ပြုလုပ်သော နိုင်ငံတိုင်းအလှည့်ကျပြန်လှန်သုံးသပ်ခံရသည့် လုပ်ငန်းစဉ် (UPR)မှ ကောင်စီသည် အဖွဲ့ဝင်နိုင်ငံများအားလုံး၏ လူ့အခွင့်အရေးမှတ်တမ်းများကို လေးနှစ်တစ်ကြိမ်ပြန်လည်စစ်ဆေးပါတယ်။ အဖွဲ့ဝင်နိုင်ငံတိုင်းသည် ထိုစစ်ဆေးချက်ကို လုပ်ဆောင်ရမည်ဖြစ်ပြီး စာချုပ်လက်မှတ်ရေးထိုးခြင်းနဲ့မဆိုင်ပါ။ စာချုပ်လက်မှတ်ရေးထိုးသည့်လုပ်ငန်းစဉ်တွင် အချို့နိုင်ငံများသည် ပူးပေါင်းလုပ်ဆောင်ရန် ပျက်ကွက်တတ်ကြပါတယ်။ နိုင်ငံများကတင်ပြရာမှာ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းကို ကိုးကားလေ့ရှိပါတယ်။ အစိုးရမဟုတ်တဲ့အဖွဲ့တွေအနေနဲ့ ယူပီအာအလုပ်အဖွဲ့မတွေဆုံခင် ဂုလအလိုမှာ အန်ဂျီအိုများသည် စာမျက်နှာငါးမျက်နှာထက်မပိုသော အစီရင်ခံစာကို တင်သွင်းနိုင်ပါတယ်။

အစီရင်ခံစာများကို ဆွေးနွေးတဲ့ အလုပ်အဖွဲ့အစည်းအဝေးမှာ အစိုးရသည် သူရဲ့လူ့အခွင့်အရေး ကိုးတက်မှုအကြောင်းကို တစ်နာရီကြာတင်ပြပါတယ်။ ပြီးလျှင် ကုသမဂ္ဂစနစ်အတွင်းရှိ အခြားအစိုးရများနှင့် ကျွမ်းကျင်သူများက ၎င်းတို့သိချင်သည့် အကြောင်းအရာများအား မေးခွန်းများထုတ်ကာ အစိုးရကိုတိုက်ရိုက်မေးမြန်းတာကို နှစ်နာရီကြာပြုလုပ်ပါတယ်။ ထိုအစိုးရသည် မေးခွန်းများကို ချက်ချင်းပြန်လည်ဖြေကြားပေးရပါတယ်။ အစည်းအဝေးပြီးသွားလျှင် အလုပ်အဖွဲ့က ထိုနိုင်ငံအတွက် အကြံပြုချက်များကို ပြုလုပ်ပေးပါတယ်။ နိုင်ငံတိုင်းအလှည့်ကျ ပြန်လှန်သုံးသပ်ခံရသည့် လုပ်ငန်းစဉ်ကြောင့် တချို့နိုင်ငံများမှာ ရလဒ်များထွက်လာစေပါတယ်။ ဥပမာ – ကာဂျစ်စတန်နိုင်ငံမှာ ခွဲခြားဆက်ဆံမှုမရှိသော ဥပဒေဟာ စံချိန်မှီစွာထွက်ပေါ်လာခဲ့ပါတယ်။ အစိုးရမဟုတ်တဲ့အဖွဲ့တွေအနေနဲ့ကောင်စီတွင် ကိုယ်တိုင်တက်ရောက်ပြီး နှုတ်ဖြင့်ပြောကြားနိုင်သလို ဂျီနီဗာတွင်ရှိနေသော အခြားနိုင်ငံတကာလုပ်ဖော်ကိုင်ဖက်အဖွဲ့တစ်ခုကို ၎င်းတို့

ကိုယ်စားထုတ်ပြန်ချက်ကို တင်ပြပေးရန်တောင်းဆိုနိုင်ပါတယ်။ အချို့အစိုးရမဟုတ်သည့်အဖွဲ့များဟာ တခြားနိုင်ငံ ကိုယ်စားလှယ်များ၏ ထောက်ခံအားပေးမှုရဖို့ ၎င်းတို့ကို စည်းရုံးလေ့ရှိပါတယ်။ မဟုတ်အစည်းအဝေးတွင် ၎င်းတို့မေးချင်သည့် မေးခွန်းများကိုတင်ပြပေးရန် တောင်းဆိုကြပါတယ်။ ဒီလိုလုပ်နိုင်ဖို့အတွက် အဆက်အသွယ်များနှင့် ကျွမ်းကျင်မှုရှိသော ပြည်တွင်း၊ပြည်ပ လုပ်ဖော်ကိုင်ဖက်များနှင့် လက်တွဲလုပ်ဆောင်ဖို့က အရေးကြီးပါတယ်။

အချို့နိုင်ငံတကာ အန်ဂျီအိုအဖွဲ့ကြီးတွေကတော့ ရေးသားထားတဲ့ထုတ်ပြန်ချက်များကို တင်သွင်းရန်၊ နှုတ်ဖြင့် ပြောကြားချက်များပြုလုပ်ရန် သို့မဟုတ် သူတို့ရဲ့ကိစ္စများအတွက် စင်ပြိုင်အစည်းအဝေးများကို စီစဉ်ဖို့အတွက် ကောင်စီ၏ အစည်းအဝေးများကိုလည်း အသုံးချလေ့ရှိပါတယ်။ သင့်အနေနဲ့ အန်ဂျီအိုများနှင့်ချိတ်ဆက်ပြီး ထုတ်ပြန်ချက်များကို အတူတကွ တင်သွင်းနိုင်ပါတယ်။

အင်္ဂလိပ်ဘာသာဖြင့် ရေးထားသော လူ့အခွင့်အရေးကောင်စီအကြောင်း ဤနေရာတွင် ပိုမိုလေ့လာနိုင်ပါတယ်။ http://www.ohchr.org/EN/HRBodies/HRC/Pages/HRCInde_.asp_

ကုလသမဂ္ဂအင်တာနက်စာမျက်နှာသည် အန်ဂျီအိုများအနေနဲ့လူ့အခွင့်အရေးကောင်စီတွင် မည်ကဲ့သို့ပါဝင်နိုင် ကြောင်း၊ အကြံပြုချက်များကို မည်သို့လျှင်ပြန်စွာတင်သွင်းနိုင်ကြောင်း သတင်းများပါဝင်ပါတယ်။ အစီအစဉ်ဇာတ်ခုစုအ တွက် အခန်းများကို ဘယ်လိုကြိုတင်မှာကြားနိုင်ကြောင်းကိုလည်း လေ့လာနိုင်ပါတယ်။ ထိုထက်ပို၍သိချင်လျှင်– http://www.ohchr.org/EN/HRBdies/HRC/Pages/NgoParticipation.asp_

၄။ **တစ်ဦးတစ်ယောက်ချင်းစီ၏ တိုင်ကြားချက်များကို မှတ်တမ်းတင်ခြင်း** – လူတစ်ဦးတစ်ယောက်ချင်းစီ အနေနဲ့လဲ သူတို့ရဲ့လူ့အခွင့်အရေးချိုးဖောက်ခံရမှုများအကြောင်း တိုင်ကြားချက်များကို (OHCHR)သို့ ပေးပို့နိုင်ပါတယ်။ ဒီလိုပေးပို့ တဲ့လုပ်ငန်းစဉ်သည် ရှုပ်ထွေးနိုင်သောကြောင့် တစ်ဦးတစ်ယောက်ချင်းစီအနေဖြင့် ပေးပို့တဲ့နေရာမှာ အတွေ့အကြုံရှိသော လူ့အခွင့်အရေးရှေ့နေများ သို့မဟုတ် (OHCHR)နှင့် ပတ်သက်၍ ကျွမ်းကျင်မှုရှိသူများနှင့် လက်တွဲလုပ်ဆောင်ရန် အလွန်အရေးကြီးပါတယ်။ ဤအင်တာနက်စာမျက်နှာတွင် (OHCHR)မှ ထည့်သွင်းစဉ်းစား ပေးနိုင်လောက်သည့် အကြောင်းကိစ္စများနှင့် တိုင်ကြားချက်တွင် ထည့်သွင်းဖော်ပြသင့်သည့် အရာများနှင့် ပတ်သက်သော သတင်းများကို လေ့လာနိုင်ပါတယ်။ http://www.2.ohchr.org/english/bodies/petitions/individual.htm#procedure

သင်တင်သွင်းမည့် တိုင်ကြားချက်တွင်ဖော်ပြရန် လိုအပ်မည့် အကြောင်းအရာအချို့ကို နားလည်သဘောပေါက်ရန် ဤစာမျက်နှာကို ပြန်လည်သုံးသပ်ရန် အရေးကြီးပါသည်။ အောက်ပါအချက်များလည်း ပါဝင်ပါသည်။

- အခွင့်အရေးချိုးဖောက်မှု တစ်ခုဖြစ်ပျက်ခဲ့ကြောင်းသက်သေပြရန် သင့်မှာရှိနိုင်လုံသည့် အထောက်အထား ရှိသလား။
- သင် သို့မဟုတ် တိုင်ကြားချက်ပြုလုပ်သူဟာ တိုက်ရိုက်အကျိုးသက်ရောက်မှုကို ခံရသူလား။
- တိုင်ကြားချက်သည် ပြဿနာနှင့် သက်ဆိုင်သည့် နိုင်ငံတကာစံနှုန်းကို မကျင့်သုံးချိန်ကတည်းက ဖြစ်ပျက်ခဲ့ သည့်အဖြစ်အပျက်မျိုးဖြစ်သလား။ တိုင်ကြားချက်ကို မတင်ပြပြီး ပြည်တွင်းတရားစီရင်မှုအမြင့်ဆုံး အခြေအနေ ထိတင်ပြပြီးဖြစ်သလား။ တင်ပြသော်လည်း ထိရောက်မှုမရှိဖြစ်သလား။ ဤအချက်သည် သင့်အနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုတစ်ခုကို ပပျောက်စေရန် နိုင်ငံ၏တရားဥပဒေ လုပ်ထုံးလုပ်နည်းအားအသုံးပြုရန် ကြိုးစားခဲ့ကြောင်း (အသေးစိတ်သိချင်လျှင် သိရန်–လူ့အခွင့်အရေးမူဘောင်များစာစဉ်(Know It: the Rights Framework)မှ စာမျက်နှာ(၄၀)ကို ကြည့်ပါ)နှင့် ထိုလုပ်ထုံးလုပ်နည်းကို အသုံးပြုခဲ့သော်လည်း နစ်နာကြေးရရှိ အောင် မစွမ်းဆောင်နိုင်ခဲ့ကြောင်းကို ဖော်ပြရာရောက်ပါတယ်။
- သင့်တိုင်ကြားချက်သည် လုပ်ငန်းစဉ်အပေါ်တာဝန်မဲ့မှု သို့မဟုတ် ချိုးဖောက်မှုအကြောင်းလား
- တခြား လိုအပ်ချက်များ

  အကယ်၍ သင့်၏တိုင်ကြားချက်ကို စစ်ဆေးနေသည့်ကော်မတီက သင်၏ကိစ္စကို ၎င်းတို့ထည့်သွင်းစဉ်းစား ပေးနိုင်သည်ဟု ဆုံးဖြတ်ခဲ့လျှင် ၎င်းတို့သည် သင့်အစိုးရကိုဆက်သွယ်ကာ တုံ့ပြန်ဖြေရှင်းချက်ကို တောင်းပါ လိမ့်မယ်။

  အင်္ဂလိပ်ဘာသာဖြင့် ရေးထားသော OHCHR အင်တာနက်စာမျက်နှာ –
- ttp://www.ohchr.org/EN/Pages/WelcomePage.asp_

  တရုတ်ဘာသာဖြင့် ရေးထားသော OHCHR အင်တာနက်စာမျက်နှာ –

  http://www.ohchr.org/CH/Pages/WelcomePage.asp_

  သင်သည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်တဲ့ သင့်နိုင်ငံ၏ လုပ်ဆောင်ချက်များကို OHCHR အင်တာနက်စာမျက်နှာ

မှတဆင့် လေ့လာနိုင်ပါတယ်။ ဥပမာ – ထိုင်းနိုင်ငံ၏စာမျက်နှာကို ဤနေရာတွင် ကြည့်ရှုနိုင်သည်။
http://www.ohchr.org/EN/countries/AsiaRegion/Pages/THInde_.asp_

- တရုတ်နိုင်ငံ၏ စာမျက်နှာကို ဤနေရာတွင် ကြည့်ရှုနိုင်သည်။
http://www.ohchr.org/EN/countries/AsiaRegion/Pages/CNInde_.asp_

**သင့်နိုင်ငံတွင်း စည်းရုံးလှုံ့ဆော်ရာတွင် (OHCHR )ကိုအသုံးပြုနိုင်မည့်နည်းလမ်းအချို့**

သင့်နိုင်ငံတွင်း စည်းရုံးလှုံ့ဆော်မှုလုပ်ဆောင်ရာတွင် အော်ချာ (OHCHR)နှင့် ကုလသမဂ္ဂ (UN) ကို အသုံးပြုရန် အောက်ပါနည်းလမ်းများကိုသုံးနိုင်ပါတယ်။ ၎င်းတို့ကို ဂျူးဒစ်အက်ရှာ (Judith Asher)၏ ကျန်းမာရေးဆိုင်ရာ အသိပေး တောင်းဆိုလှုပ်ရှားမှုလက်စွဲစာအုပ် (The Right to Health)မှ ထုတ်နုတ်ဖော်ပြထားတာဖြစ်ပါတယ်။ ကုလသမဂ္ဂ (UN) အတည်ပြုပေးသော နေ့တစ်နေ့ ဥပမာ– ကမ္ဘာ့အေအိုင်ဒီအက်စ်နေ့၊ နိုင်ငံတကာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ သို့မဟုတ် ကမ္ဘာ့အသည်းရောင်ရောဂါနေ့မျိုးတွင် ကျန်းမာရေးအခွင့်အရေး သို့မဟုတ် အခြားအခွင့်အရေးများအပေါ် အလေးထားမှု၊ အကာအကွယ်ပေးမှုနှင့်သက်ဆိုင်သော အစိုးရ၏တာဝန်မှုအကြောင်းကို သတင်းတွင် သို့မဟုတ် သင့်လူထုအကြားတွင် စိတ်ဝင်စားမှုမြင့်တင်ရန် အသုံးပြုခြင်းသည် အကျိုးရှိသော စည်းရုံးလှုံ့ဆော်မှု နည်းဗျူဟာတစ်ခု ဖြစ်နိုင်ပါတယ်။ အစိုးရ၏တရားဝင်အစီရင်ခံစာ၊ အခြားစင်ပြိုင် အစီရင်ခံစာများနှင့် ကော်မတီ၏အကြံပြုချက်များကို သတင်းထုတ်ပြန်ချက်တစ်ခု သို့မဟုတ် ဖေ့ဘွတ်နှင့် ယူကျူ့ကဲ့သို့သော လူမှုရေးသတင်းနယ်ပယ်တွင် မျှဝေခြင်းမှ တစ်ဆင့် ပြည်သူလူထုအား သိရှိစေခြင်းဖြင့် ကျန်းမာရေးအခွင့်အရေးအကြောင်း အသိပညာတိုးပွားစေနိုင်ပါတယ်။

- ကျန်းမာရေးနှင့် လူ့အခွင့်အရေးရှုထောင့်မှမြင်သော ကျန်းမာရေးပြဿနာများကို စာရင်းပြုစုပြီး မိတ်ဖက် အန်ဂျီအိုများကို အစိုးရအနေဖြင့် တာဝန်ရှိသည့်အတိုင်း တာဝန်ကျေပွန်သူဖြစ်စေရန်အတွက် ကူညီရန် တိုက်တွန်းပါ။
- အစိုးရအား မိမိတို့ တင်ပြနေသည့် ပြဿနာအကြောင်းအရာများကို ဖြေရှင်းပေးပြီး အကြံပြုချက်များကို အကောင်အထည်ဖော်ဖို့အတွက် တိုက်တွန်းတဲ့နေရာမှာ ကော်မတီ၏အကြံပြုချက်များကို အသုံးပြုပါ။ သို့မဟုတ်
- သဘောတူစာချုပ်တွင် တာဝန်ထမ်းဆောင်မည့်သူအား ကျန်းမာရေးပိုင်းတွင် ကျွမ်းကျင်မှုရှိသောသူကို အမည်စာရင်းတင်သွင်းပေးရန် မဲဆွယ်စည်းရုံးပါ။

■ ■ ■

# နည်းပရိယာယ်များ-လူထုအား သက်ဝင်လှုပ်ရှား ပါဝင်စေခြင်း

ဤအခန်းတွင် စည်းရုံးလှုံ့ဆော်သူများ အသုံးပြုသည့်စည်းရုံးလှုံ့ဆော်မှု အစီအစဉ်နောက်ကွယ်မှစွမ်းအားများနှင့်ပြည်သူ့ထောက်ခံမှုကိုရယူသည့် နည်းပရိယာယ်အချို့ကိုဖော်ပြထားပါသည်။ ၎င်းတို့မှာ–

၁။ အများသုံး သတင်းမီဒီယာ၊

၂။ ဗွီဒီယို၊ ဓာတ်ပုံနှင့် လူမှုသတင်းမီဒီယာ၊

၃။ လူထုအားစည်းရုံးခြင်း၊

၄။ ပြည်သူ့လှုပ်ရှားမှုများ၊

၅။ ညွန့်ပေါင်းအဖွဲ့များထူထောင်ခြင်းတို့ဖြစ်ပါတယ်။

လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူတွေဟာ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကစပြီးတော့ မျက်နှာစုံညီအစည်းအဝေးများကျင်းပခြင်း၊ ခေတ်အလိုက် သတင်းမီဒီယာကို အသုံးချခြင်းနှင့် ပြည်သူ့လှုပ်ရှားမှုများနဲ့ သူတို့ရဲ့ သတင်းအချက်အလက်တွေကို လူထောင်ပေါင်းသန်းပေါင်းများစွာထံရောက်အောင် ကြိုးပမ်းခဲ့ကြပါတယ်။ ယနေ့ခေတ်မှာ ဖေ့ဘွတ်၊ စီနာမီဘို စသော လူမှုသတင်းမီဒီယာများမှတဆင့် ပရိတ်သတ်အသစ်များထံ ရောက်အောင်လုပ်နိုင်ပြီဖြစ်ပါတယ်။ ဒါပေမဲ့အရာရာကို ကိုယ်ကအမြဲတစေမလုပ်နိုင်သည့်အတွက် နည်းပရိယာယ်တစ်ခုကိုမရွေးချယ်မီ ၎င်းရဲ့အားသာချက်များနှင့် အားနည်းချက်များကို ချိန်ထိုးလေ့လာရန် အလွန်အရေးကြီးလှပါတယ်။

**အများသုံး သတင်းမီဒီယာ**

ထူးခြားသော သတင်းမီဒီယာ လှုပ်ရှားမှုတစ်ခုကို အကောင်အထည် ဖော်မယ်ဆိုရင် သတင်းကို ပြင်ဆင်ရာမှာ တင်ပြပုံတင်ပြနည်းနဲ့ သက်ဆိုင်သောပရိသတ်ကို ရွေးချယ်စဉ်းစားခြင်းသည် စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းကို ပိုမိုအားဖြစ်စေပါတယ်။ အာဏာရှင်များအနေနဲ့ နိုင်ငံအတွင်းရှိ ပြည်သူများဆန္ဒနှင့် နိုင်ငံတကာရဲ့ ထင်မြင်သုံးသပ်ချက်များကို ယေဘုယျအားဖြင့် သတိထားလေ့ရှိကြပါတယ်။ ဤအပိုင်းတွင် သင်၏ကိုယ်ပိုင်သတင်းမီဒီယာလှုပ်ရှားမှုတစ်ခုကို အကောင်အထည်ဖော်ရန် နည်းလမ်းအချို့ကို အကျဉ်းချုပ်သဘော ခြုံငုံဖော်ပြထားပါတယ်။

စည်းရုံးလှုံ့ဆော်မှုအားလုံးတွင် သတင်းမီဒီယာကို အကောင်းဆုံးအသုံးချရန်အတွက် လှုံ့ဆော်သူများအနေဖြင့် မဟာဗျူဟာတစ်ခုကို အစီအစဉ်ချရန်လိုအပ်ပါတယ်။ အဲဒီအခါမှာ ထည့်သွင်းစဉ်းစားသင့်တဲ့ မေးခွန်းတွေကတော့ ကျွန်ုပ်တို့၏ ပစ်မှတ်များကို ဘယ်သူက လွှမ်းမိုးနိုင်သလဲ

- ဘယ်နေရာမှ ကျွန်ုပ်တို့ရဲ့ အဆက်အသွယ်ကောင်းတွေရှိမှာလဲ
- ဘယ်နေရာတွေက ကျွန်ုပ်တို့ရဲ့ သတင်းကို စိတ်ဝင်စားမှာလဲ
- ကျွန်ုပ်တို့ရဲ့ အချိန်နဲ့အရင်းအမြစ်တွေကို အကောင်းဆုံးဘယ်လို အသုံးချမှာလဲ

သတင်းမီဒီယာအစီအစဉ်တစ်ခု ဖန်တီးရာတွင် ချမှတ်သင့်သော အဓိကသော့ချက်အဆင့်များမှာ–

- သတင်းအချက်အလက်ပြင်ဆင်ရေးသားခြင်း၊ အယ်ဒီတာများသတင်းထောက်များနှင့်ရင်းနှီးမှုရရှိရန် ချဉ်းကပ်ခြင်း၊
- သတင်းအချက်အလက်များ ဖြန့်ဝေခြင်းနှင့်အပျက်သဘောဆောင်သော သတင်းများကို တုန့်ပြန်ခြင်းတို့ဖြစ်ကြပါတယ်။

**သတင်းအချက်အလက် ပြင်ဆင်ရေးသားခြင်း** – ကျွန်ုပ်တို့အနေနဲ့ဖော်ပြလိုသော သတင်းတစ်ခု၏ လက္ခဏာကို ပေါ်လွင်စေရန်အတွက် ထိရောက်စွာနှင့်သင့်တော်စွာ သတင်းပေးပို့နိုင်သည့် နည်းလမ်းများကိုသေချာအောင် လုပ်ဆောင်ရန်လိုပါတယ်။ မိမိပြောပြချင်သည့် ဖာတ်လမ်းတွင် ပရိတ်သတ်၏အမြင်နှင့် တွေးခေါ်မှုကို လွှမ်းမိုးစေရန်မှာ ဘာကိုထည့်သွင်းမလဲ၊ ဘာကို ဖယ်ထုတ်မလဲဆိုတာတွေကို စဉ်းစားရပါမယ်။

ဥပမာ – သင်က ဂျာနယ်လစ်တစ်ယောက်ကို သင်တို့ရဲ့မူးယစ်ဆေးသုံးသူများအတွက် ဘေးအန္တရာယ်လျော့ချရေးအတွက် ခိုနားရာဂေဟာအကြောင်းနှင့် အိတ်ချ်အိုင်ဗွီနှင့် အသည်းရောင်အသားဝါရောဂါ ကာကွယ်ရေးအတွက် သန့်ရှင်းသော ဆေးထိုးပြွန်၊ အပ်များရရှိရေးအတွက် အတားအဆီးများအကြောင်းကို ဦးစားပေးဖော်ပြရန် ပြောသည်ဆိုပါစို့။ သို့သော် ခေါင်းကြီးပိုင်းတွင် 'မူးယစ်ဆေးသုံးစွဲရန် အသုံးအဆောင်များကို အစိုးရမှပံ့ပိုးပေးရန် ဆေးစွဲသူများမှတောင်းဆို'ဟုရေးထားပါက သင်၏အသိပေးဆွေးနွေးခြင်းအတွက် ၎င်းဆောင်းပါးက ကူညီရာမရောက်ပါ။ ဒီလိုရေးမယ့်အစား 'မူးယစ်ဆေး

သုံးစွဲသူများ၏ အိတ်ချ်အိုင်ဗွီကာကွယ်ရေးအတွက်လိုအပ်သော အသုံးအဆောင်ပစ္စည်းများကို ပံ့ပိုးပေးရန် အစိုးရဘက်မှ ပျက်ကွက်’ဆိုတာ ပိုမိုကောင်းမွန်ပါလိမ့်မယ်။

သိက္ခာမဲ့နားလည်သော စာနယ်ဇင်းသမားများက သူတို့ကိုယ်သူတို့တရားမျှတမှုရှိသည့် ဓမ္မဓိဋ္ဌာန်ကျသည့်ဟု ယုံကြည်ထားကြသော်လည်း ဤတစ်ခုတွင် ထိုသို့မဟုတ်ပေ။ ကျွန်ုပ်တို့ သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ လူတိုင်းတွင် ဘက်လိုက်မှုများရှိတတ်ပါတယ်။ သတင်းထောက်တစ်ဦးအတွက် ကိစ္စတစ်ခုကိုဖော်ပြရာတွင် သူတို့ကို ၎င်းကိစ္စအပေါ် သင်၏ အမြင်အကိုင်း မြင်တတ်လာအောင် နားလည်လာစေရန် ပြောပြဖို့အရေးကြီးပါတယ်။ ထို့အတူစာနယ်ဇင်းသမား၏ အချိန်ပေးနိုင်မှု၊ ဓာတ်လမ်းရေးနိုင်မှု အတိုင်းအတာတို့ကို နားလည်ထားရင် သင့်ကို အားသာချက်တစ်ခုဖြစ်လာစေပါမယ်။ သူတို့အတွက်လုပ်နေကျ ပုံစံဘောင်အတိုင်း အလွယ်ကူဆုံးဘာသာပြန်ဆိုနိုင်ဖို့ သင်ဘက်မှ သတင်းအချက်အလက်တွေကို ပံ့ပိုးပေးရပါလိမ့်မယ်။

သတင်းအချက်အလက်ကို ပြင်ဆင်ရေးသားရာမှာ အောက်ပါအပိုင်း (၄)ခုကို စဉ်းစားပါ။ ဒီအချက်တွေကို အေပီစီအေအက်စ်အိုအဖွဲ့က သူတို့ရဲ့စည်းရုံးလှုံ့ဆော်မှုဆိုင်ရာကိရိယာများစာရင်းထဲမှာ ထည့်သွင်းထားပြီး နောက်ဆက်တွဲ (၁)တွင်လည်း ဖော်ပြထားပါတယ်။

၁။ ***သတင်းထုတ်ပြန်ချက်*** – သတင်းထုတ်ပြန်ချက်ဟာ သတင်းအချက်အလက်၏ အဓိကစိတ်ကူးစိတ်သန်း ဖြစ်ပြီး ၎င်းကိုမှတ်သားရလွယ်၍ အင်အားပြင်းသော စာကြောင်းတစ်ကြောင်း သို့မဟုတ် စာနှစ်ကြောင်းခန့်နဲ့ အရေးပါမှု ပေါ်လွင်အောင်ဖော်ပြပါ။

၂။ ***သက်သေအထောက်အထား*** – သက်သေအထောက်အထားက သတင်းထုတ်ပြန်ချက် သို့မဟုတ် ပင်မ စိတ်ကူးစိတ်သန်းကို အထောက်အပံ့ပေးစေနိုင်ပါတယ်။ ၎င်းသည် အချက်အလက်များ၊ ကိန်းဂဏန်းများဖြစ်ပြီး သတင်းထောက်နှင့် စာဖတ်ပရိတ်သတ်ကို လွယ်ကူစွာနားလည်နိုင်စေသော သတင်းအချက်အလက် တချို့ပါဝင်ပါတယ်။

၃။ ***ဥပမာ*** – အချက်အလက်များနဲ့ဖြည့်စွက်ပြီးနောက် ဓာတ်လမ်းကို လူသားရှုထောင့်ကနေဖြည့်စွက်ပါ။ အချက်အလက်၊ ကိန်းဂဏန်းများ အသက်ဝင်လာစေရန် ကိုယ်တွေ့ဖြစ်ရပ်များ၊ မှတ်တမ်းများဖြင့် ထင်လောင်းပေါင်းစပ်ပါ။

၄။ ***ဖြစ်လိုသောလုပ်ဆောင်ချက်*** – ဖြစ်စေချင်သောလုပ်ဆောင်ချက်မှာ သတင်းကို ကြားရသည်နှင့်စာဖတ်ပရိတ်သတ်က ဘာကိုလုပ်ဆောင်စေချင်သလဲဆိုတာဖြစ်ပါတယ်။ စည်းရုံးလှုံ့ဆော်ခြင်းဆိုင်ရာ ဦးတည်ချက်များသည် လုပ်ဆောင်ချက်များကို ဖိတ်ခေါ်မည့် ရှင်းလင်းပြတ်သားသည့် ဖော်ပြချက်များ ဖြစ်သင့်ပါတယ်။

## သတင်းပြင်ဆင်ရေးသားရာတွင် သတိပြုရမည့်အချက်များ

- ပရိတ်သတ်များစွာထံသို့ရောက်ရှိစေမည့် ဘာသာစကားကိုရွေးချယ်ပါ။ ရှုပ်ထွေးစေသောကိစ္စရပ်များကို ရှောင်ကြဉ်ပြီး လိုတိုရှင်းအချက်အလက်များ၊ ပြောလွယ်ဆိုလွယ်သော အချက်များဖြစ်ပါစေ။ သင်ဖော်ပြသော အချက်များကိုပေါ်လွင်စေရန် အချက်အလက်များ ဥပမာများဖြင့် တန်ဆာဆင်ပါ။ ကိစ္စတစ်ခုလုံးကို အစမှအဆုံးမရှင်းပြပါနဲ့။
- ဥပမာ – အကျဉ်းထောင်ကျန်းမာရေးသည် ပြည်သူ့ကျန်းမာရေးကိစ္စဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံရှိ ထောင်ထဲရှိလူများ၏ ၃၀သည့် ထောင်ထဲတွင် ၎င်းတို့အတွက် ကာကွယ်ရေးပစ္စည်းများ၊ သတင်းအချက်အလက်များ မရရှိသောကြောင့် အိတ်ချ်အိုင်ဗွီပိုးကူးစက်ခံကြရပါတယ်။ ထိုသူများမှ ၈၀သည် နောက် (၂)နှစ်ကြာတွင် ပြန်လွတ်လာပြီး အိတ်ချ်အိုင်ဗွီကူးစက်မှုအတွက် ထောက်ပံ့မှု၊ ညွှန်းပို့မှုများ မရရှိကြပေ။
- ပြဿနာဖြေရှင်းနိုင်မယ့်တာဝန်ရှိမှုကို အာဏာရှိသူတယောက်ကို တာဝန်ယူခိုင်းပါ။ ထိုသို့ထုတ်ဖော်မပြောမချင်း ပြဿနာကိုဖြေရှင်းရန် တာဝန်သည် တစ်ဦးတစ်ယောက်ချင်းအပေါ်တွင်သာ တည်မှီနေပြီး အစိုးရတွင် တာဝန်ရှိကြောင်းကို မမြင်လဲဖြစ်တတ်လေ့ရှိသည်။
- ဥပမာ – ရဲများ၏ အလွဲသုံးစားပြုမှုကို တာဝန်ခံစေသည့် ဥပဒေများကို တရားရေးဝန်ကြီးဌာနက ချမှတ်သင့်သည်။
- ပြဿနာကို တစ်ဦးချင်း၏ ပြဿနာအဖြစ်မဖော်ပြဘဲ လူမှုရေးရာတရားမျှတခြင်း အသွင်ဖြင့် ဖော်ပြပါ။ ထိုသို့လုပ်ခြင်းဖြင့် ဆုံးဖြတ်ချက်ချနိုင်သူများက လူတစ်ဦး သို့မဟုတ် အဖွဲ့တစ်ဖွဲ့ကို ပြစ်တင်ရှုတ်ချခြင်းမျိုး မလုပ်နိုင်တော့ပါ။ ထိုသို့မလုပ်ဆောင်နိုင်တော့သောကြောင့် ဘာမှမလုပ်ဘဲ ရှောင်ဖယ်နေခြင်းလဲ လုပ်နိုင်တော့မှာမဟုတ်ပါ။ ထို့ကြောင့် အများစုက တန်ဖိုးထားသည့်အရာများကို ဦးစားပေးပါ။
- သင်၏မူဝါဒ သို့မဟုတ် ဥပဒေပြုပိုင်းဆိုင်ရာ အဖြေကိုသတ်မှတ်ပါ။ ၎င်းနောက် တိကျသောလုပ်ဆောင်ချက် လုပ်ဆောင်ရန် တောင်းဆိုပါ။

- ဥပမာ – နိုင်ငံသားမဟုတ်သော ရွှေ့ပြောင်းလာသူများကို နိုင်ငံသားများနည်းတူ အစိုးရက အိတ်ချ်အိုင်ဗွီကုထုံးရရှိအောင် အမြန်ဆုံးလုပ်ပေးသင့်သည်။
- သင့်ရဲ့သတင်းကို မှတ်ရလွယ်ကူသော စကားလုံးအနည်းငယ်ကိုသုံးပြီး အခြားသူများကို ဖမ်းစားနိုင်သောနည်းလမ်းများဖြင့် ဖြန့်ဝေပါ။ စကားလုံးတွေကရှင်းလင်းပြီး မှတ်ရလွယ်လျှင်၊ အင်အားရှိလျှင် သတင်းထောက်တွေက အလွယ်တကူကောက်ယူသုံးစွဲပါလိမ့်မယ်။ (တစ်ခါတရံမှာ သင့်ကိုမကိုးကားဘဲ သူတို့သုံးခဲ့ရင်လည်း သည်းခံပေးရပါလိမ့်မယ်)။
- ဥပမာ – အသက်များစွာကို သန့်ရှင်းသော ဆေးထိုးအပ်များက ကယ်သည်။

**အယ်ဒီတာများ၊ သတင်းထောက်များကိုချဉ်းကပ်၍ ပေါင်းသင်းဆက်ဆံခြင်း** – သတင်းမီဒီယာများမှတဆင့် သတင်းမထုတ်ပြန်မီ သို့မဟုတ် သတင်းမပို့ခင်တွင် သင်၏ကိစ္စရပ်အတွက် ခံစားနားလည်ပေးနိုင်မယ့်သတင်း မီဒီယာလောကသားများနှင့် ရင်းနှီးမှုရရှိရန် အလွန်အရေးကြီးပါတယ်။

ဥပမာ – စာနယ်ဇင်းသမားတစ်ဦးက ကျန်းမာရေးကိစ္စတစ်ခုအကြောင်း ဖော်ပြမည်ဆိုပါက ရွှေ့ပြောင်းနေထိုင်သူများအကြား အိတ်ချ်အိုင်ဗွီကူးစက်မှုမြင့်မားနေခြင်းအကြောင်းကို သေသေချာချာမသိသော်လည်း သင့်ဆီကသတင်းကိုယူပြီး ရေးသားကောင်းရေးသားနိုင်ပါတယ်။ ဥပမာ– ပြည်တွင်းနိုင်ငံရေးအကြောင်း ရေးသားချင်တဲ့ စာနယ်ဇင်းသမားက မူးယစ်ဆေးသုံးစွဲသူများကို တရားရုံးမှခွင့်ပြုချက်ရယူကာ မူးယစ်ဆေးဖြတ်ပေးသည့် စခန်းများအသွင်ဆောင်ထားသည့် စစ်တပ်စခန်းများအကြောင်းကို သိချင်မှာ ဖြစ်ပါတယ်။ ဒီအခါမျိုးမှာအခန်း(၂) မှာ အကြံပေးထားသလို သင့်အနေနဲ့ နေ့စဉ်သတင်းစာကို ပုံမှန်ဖတ်ရှုလေ့လာထားရင် သူတို့ကို ကူညီပေးနိုင်မှာဖြစ်ပါတယ်။

သင့်ရဲ့ ပြဿနာနဲ့သက်ဆိုင်တဲ့ သင်နှစ်သက်သော ဆောင်းပါးတွေကို မိတ္တူကူးထားပါ။ ပြီးနောက် သတင်းထောက်များကို အီးမေးလ်ဖြင့် ဂုဏ်ပြုစကားပြောပါ။ အယ်ဒီတာများ၊ စာနယ်ဇင်းသမားများကို ဆက်သွယ်ရန် စာရင်းပြုစုပြီး ပုံမှန်နောက်ဆုံးရသတင်းများပေးပို့ပါ။ ကြီးမားတဲ့အင်န်ဂျီအိုအဖွဲ့တွေကိုဆက်သွယ်ပါ။ ဥပမာ – နိုင်ငံလုံးဆိုင်ရာ အိတ်ချ်အိုင်ဗွီ အေအိုင်ဒီအက်စ်ရှိသူများအဖွဲ့ သို့မဟုတ် အခြားလူ့အခွင့်အရေးလှုပ်ရှားနေသော အဖွဲ့များဆီကနေ စာနယ်ဇင်းသမားများ၏ ဆက်သွယ်ရန် လိပ်စာများကို တောင်းယူပါ။ တချို့အဖွဲ့များက ပေးမည်မဟုတ်ပါ။ တချို့က ပေးကောင်းပေးနိုင်ပါတယ်။ ဒါ့အပြင် တချို့သတင်းသမားတွေကို ဘယ်လိုချဉ်းကပ်သင့်ကြောင်းတို့ မိတ်ဆက်ပေးတာတို့ လုပ်ပေးနိုင်ပါတယ်။

စာနယ်ဇင်းသမားများနဲ့ တစ်ဦးချင်းလိုက်လံတွေ့ဆုံခြင်းက ကောင်းမွန်တဲ့စိတ်ကူးတစ်ခုဖြစ်ပြီး သင့်ရဲ့အလုပ်ကို စိတ်ဝင်စားမှုရရှိစေပါတယ်။ သူတို့ကို လက်ဖက်ရည်သောက်ဖို့ သို့မဟုတ် နေ့လည်စာဖိတ်ကျွေးပြီး သင့်ရဲ့အလုပ်ကဇာတ်လမ်းလေးတွေကို ပြောပြပါ။ ၎င်းနောက် သူတို့ကိုသင့်ဘက်မှရေးစေချင်တဲ့ ဇာတ်လမ်းအကြောင်းကို အကြံဉာဏ်များပေးပါ။ သူတို့က စိတ်ဝင်စားရင် သင့်အနေနဲ့လူတွေ့အင်တာဗျူးဖို့လုပ်ပေးနိုင်ကြောင်း၊ ကွင်းဆင်းလေ့လာဖို့ ကူညီပေးနိုင်ကြောင်းပြောပြပြီး သူတို့အတွက် ဇာတ်လမ်းကောင်းလေးတွေ ရေးစေဖို့ ကူညီနိုင်ပါတယ်။

လှုပ်ရှားမှုတစ်ခုမှာ အပြောင်းအလဲတွေရှိခဲ့ရင် သို့မဟုတ် အရေးကြီးတဲ့ကိစ္စတွေရှိရင် စာနယ်ဇင်းသမားတွေနဲ့အဆက်သွယ်မပြတ်စေဘဲ သူတို့ကို ချဉ်းကပ်ပါ။ ဥပမာ– ရွှေ့ပြောင်းလုပ်သားများအတွက် မူဝါဒကို ပြန်လည်သုံးသပ်ရန်အတွက် အရေးပေါ်အစည်းအဝေးရှိပါက အီးမေးလ် သို့မဟုတ် ဖက်စ်ပို့ပေးပါ။ စာနယ်ဇင်းတို့ကို အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားပါ။ သူတို့မှာ အချိန်အကန့်အသတ်တွေရှိနေတာကိုလည်း သတိပြုပါ။ သူတို့ရဲ့ စိတ်ဝင်စားမှုကိုအပြိုင်ဖြစ်စေမယ့် သတ်မှတ်ရက်ချိန်းတွေ၊ တခြားဇာတ်လမ်းတွေကိုလည်း သတိပြုပါ။ သင်က စာနယ်ဇင်းသမားအတွက်အလွယ်နိုင်သမျှ အလွယ်ဆုံး ပြင်ဆင်ပေးနိုင်ဖို့ကောင်းပါတယ်။ စာနယ်ဇင်းသမားနဲ့ ရင်းနှီးမှုရှိမလာရင် သူတို့ကအလျဉ်းသင့်တဲ့ ဇာတ်လမ်းတွေရှိတဲ့အခါမှာ သင့်ကို အင်တာဗျူးဖို့ရာ ဆက်သွယ်မှာပါ။

ပွင့်လင်းမြင်သာစွာ တိုက်ရိုက်ဆက်သွယ်တာလိုမျိုး ထိရောက်မှုသိပ်မကောင်းနိုင်ပေမဲ့ သင့်အနေဖြင့် သတင်းမီဒီယာများကို အမည်မဖော်ဘဲ ဖုန်းဖြင့်ဆက်သွယ်ပြီး သင်သိထားသော၊ သူတို့ကလည်း စိတ်ဝင်စားနိုင်သော လူ့အခွင့်အရေးချိုးဖောက်မှုများအကြောင်းကို ဆက်သွယ်ပြောဆိုနိုင်ပါတယ်။

**သတင်းဖြန့်ဝေပါ** – သတင်းမီဒီယာကို အသုံးပြုရန် အရေးပါသောစာရွက်စာတမ်းတစ်ခုက သတင်းထုတ်ပြန်ချက်ပဲဖြစ်ပါတယ်။ သတင်းထုတ်ပြန်ချက်က စာနယ်ဇင်းသမားတွေကို ဇာတ်လမ်းတွေ ဖန်တီးတဲ့အခါ အထောက်အကူပြုနိုင်မယ့် အချက်အလက်တွေကိုပေးပြီး စာနယ်ဇင်းသမားတွေကို အဓိကသော့ချက်များနဲ့ အသေးစိတ်ဖြစ်ရပ်များ ပေးပို့တာဖြစ်ပါတယ်။ ဒါဟာ စနစ်ကျတဲ့ဇာတ်လမ်းတစ်ခုကို သတင်းမီဒီယာကတဆင့် ဖြန့်ဝေခြင်းပါ။ သင့်အနေဖြင့် သတင်းထုတ်

ပြန်ချက်ကို အောက်ပါအတိုင်း အသုံးပြုနိုင်ပါတယ်။

- ဖြစ်ရပ်တစ်ခုအတွက် သင့်၏အဖွဲ့ရဲ့တုန့်ပြန်ချက်ရရှိရန်နှင့် သတင်းမီဒီယာမှ အစီရင်ခံမှုကိုရလိုခြင်း။
- ဖြစ်ရပ်တစ်ခုအတွက် ကြိုတင်အသိပေးလိုခြင်း။
- လှုပ်ရှားမှုအသစ်တစ်ခုကို ကြေညာလိုခြင်း။
- လူ့အခွင့်အရေး အစီရင်ခံစာတစ်စောင်ကို ဖြန့်ဝေလိုခြင်း။
- မိန့်ခွန်းစာသားကို ကြိုတင်ဖြန့်ဝေလိုခြင်း။

စာနယ်ဇင်းသမားတွေမှာ နေ့စဉ်နဲ့အမျှရာပေါင်းများစွာသော အီးမေးလ်၊ သတင်းထုတ်ပြန်ချက်တွေ ရရှိနေတဲ့ အတွက် သူတို့ရဲ့စိတ်ဝင်စားမှုကိုရချင်တယ်ဆိုရင် သတင်းထုတ်ပြန်ချက်က ဆန်းသစ်နေရပါမယ်။ ၎င်းထုတ်ပြန်ချက်မှာ တိကျတဲ့ အချက်အလက်တွေ ပါရှိရမှာဖြစ်ပြီး စာနယ်ဇင်းသမားတွေက အပိုအလုပ်ထပ်လုပ်စရာမလိုပဲ လွယ်လင့်တကူ ချက်ချင်းကောက်ယူ အသုံးပြုနိုင်တဲ့ အနေအထားဖြစ်နေရပါမယ်။ ဒီလဖြစ်ဖို့ရာအတွက် သင့်အနေဖြင့် နိုင်ငံအတွင်းရှိ သတင်းဌာနများ၊ သတင်းဖြန့်ချိရေးဌာနများမှ သတင်းဖောတ်လမ်းများကို ဖတ်ရှုထားသင့်ပါတယ်။ ဒီသတင်းတွေဆီက ပုံစံနမူနာတွေကို လေ့လာအတုယူကာ သင့်ရဲ့ သတင်းထုတ်ပြန်ချက်မှာ ကြိုးစားပြုလုပ်ရပါမယ်။ စာနယ်ဇင်းသမားတွေ အတွက် ဇာတ်လမ်းရေးရာတွင် လက်တွေ့နယ်ကိုဖော်ဆောင်နိုင်စေဖို့ရာအတွက် လူထုအတွင်းမှ အဆိုအမိန့်တချို့ကို ပေါင်းစပ်ပြီးထည့်ပေးပါ။ ဤစာအုပ်၏ နောက်ဆက်တွဲဖြည့်စွက်ချက်မှာလည်း သတင်းထုတ်ပြန်ချက် နမူနာကို တွေ့နိုင် ပါတယ်။

အကယ်၍ သင်က သတင်းစာရှင်းလင်းပွဲကို ကျင်းပမည်ဆိုပါက စာနယ်ဇင်းသမားများကို ဖိတ်ကြားပြီး နောက်ခံသတင်းအချက်အလက်များကို ကြိုတင်ပြောပြထားပါ။ ဘဝအတွေ့အကြုံများကို စာနယ်ဇင်းသမားများနှင့် တိုက်ရိုက်ပြောချင်သူများရှိပါက တန်းစီပေးထားပါ။ ဒီလိုပြောကြားသူတွေမှာ နစ်နာမှုရှိနိုင်ကြောင်းကိုလည်း အမှတ်ရပါစေ။ ပြဿနာတစ်ခုကို တကယ့်လက်တွေ့ဆန်စေဖို့ တစ်ဦးချင်း၏ဇာတ်လမ်းတိုတွေအတွက် အများပြည်သူရဲ့ မှတ်ချက်အတို လေးများကို ရယူပါ။

ကိစ္စရပ်တစ်ခုကို လေ့လာဖို့အတွက် စာနယ်ဇင်းသမားများကို ကွင်းဆင်းလေ့လာဖို့ ခရီးစဉ်မျိုးလည်း ဖိတ်ကြား နိုင်ပါတယ်။ အာရှဆိုင်ရာ ဘေးအန္တရာယ်လျော့ချရေးအဖွဲ့ (AHRN)ရဲ့ နည်းဗျူဟာကတော့ အာရှနိုင်ငံများရှိ အစိုးရ အရာရှိများ၊ ပညာရှင်များ၊ အန်ဂျီအိုများ၊ မူးယစ်ဆေးသုံးစွဲသူများနှင့် သတင်းမီဒီယာများကို ကိုယ်စားလှယ်အဖြစ် ဖိတ်ကြားပြီး ဂျာမနီနိုင်ငံနှင့်အခြားနေရာများကိုပို့ဆောင်ကာ အစိုးရက ဘေးအန္တရာယ်လျော့ချရေးအတွက် လုပ်ဆောင် နေသော ချဉ်းကပ်ပုံနည်းလမ်းများကို လေ့လာစေပါတယ်။

ထို့အတူ အစိုးရအရာရှိများကို သတင်းမီဒီယာများတွင် လုပ်ဆောင်မည့်လုပ်ငန်းကတိများ ပြောကြားစေပြီး သူတို့ပြောကြားသောအချက်များကိုအသုံးပြု၍ အခြားပြည်သူများအား အချိန်နှင့်အမျှ သိရှိကြားနာနိုင်အောင်လုပ်ပေး ခြင်းမှာလည်း ကောင်းမွန်သော နည်းလမ်းတစ်ခုဖြစ်ပါတယ်။

**သတင်းဖြန့်ဝေရာတွင် သတိပြုရန် အချက်များ**

- သတင်းထောက်များကို မလိမ်ညာပါနဲ့။ သတင်းထောက်က သင်မသိတဲ့ မေးခွန်းတစ်ခုကိုမေးလျှင် မသိ ကြောင်းဖြေကြားပြီး ထိုမေးခွန်းအတွက် နောင်တွင် ပြန်လည်ဖြေကြားမည့်အကြောင်းပြောပါ။ သတင်း၊ စာ နယ်ဇင်းသမားများအတွက် လိုအပ်သော သတင်းအချက်အလက်ကို သတ်မှတ်ကာလအတွင်း အချိန်မီရရှိရန် သင့်ဘက်က ကူညီရပါမယ်။
- စာနယ်ဇင်းသမားတစ်ဦးက သင့်အား ဇာတ်လမ်းအသစ်တစ်ခုအတွက် ယူဆချက်တောင်းခံလာပါက လိုတိုရှင်း ပြောပါ။ အချက်အလက်နဲ့ ပြောပါ။ စာနယ်ဇင်းသမားမှတ်သားမိလောက်တဲ့ စကားလုံးများကိုသာ ပြောပါ။ ဝေ့လည်ကြောင်ပတ် သို့မဟုတ် ရှုပ်ထွေးသောစာကြောင်းများ (ဥပမာ– တစ်ဖက်ကကြည့်တယ်. . . တခြားတစ် ဖက်ကလည်းရစသဖြင့်)ရှောင်ပါ။ အဘယ့်ကြောင့်ဆိုသော် စာနယ်ဇင်းသမားများက သူတို့နှစ်သက်သော စကားလုံးများကိုသာ ကိုးကားတတ်ပါတယ်။ ထိုအခါ သင့်ဘက်မှတရားမျှတစွာ ဂရုတစိုက်ပြောပါလျှက် ဘက်လိုက်ပြောသလိုမျိုး ဖြစ်သွားတတ်ပါတယ်။ ဒါ့အပြင် သင့်အနာဂတ်ကို ဆန့်ကျင်ဘက်ဖြစ်စေမယ့် စကားမျိုးကို ရှောင်ပါ။ သင်၏ အသိပေးဆွေးနွေးခြင်းအလုပ်ရဲ့ နောက်ဆုံးကိစ္စမှာ သတင်းစာများတဆင့် သင်ပြောခဲ့တဲ့ စကားလုံးတွေကို ဆိုးဆိုးဝါးဝါး အဆိုပြုချက်ပုံစံနဲ့ ကိုးကားဖော်ပြရင် သင်ရော သင့်အဖွဲ့အစည်း အတွက်ပါ ဒုက္ခဖြစ်စေတယ်ဆိုတာပဲ ဖြစ်ပါတယ်။
- သတင်းကိုထိန်းချုပ်ပါ – ဆိုလိုသည်မှာ သင်က သတင်းကို ပြုလုပ်သည်နှင့် ထိုသတင်းအတွက်ပြောရေးဆိုခွင့်

ရှိသူကို သတ်မှတ်ရွေးချယ်ထားရပါမယ်။ သင့်အဖွဲ့အစည်းကို ကိုယ်စားပြုပြီး မီဒီယာသမားတွေနဲ့ ပြောဆိုမယ့်သူကိုရွေးရပါမယ်။ ထိုရွေးချယ်ထားသူကို ရုံးတွင်လည်းကောင်း၊ မိတ်ဆွေသူငယ်ချင်းများ ရှေ့တွင်လည်းကောင်း အကြိမ်ဖန်များစွာ မီဒီယာနှင့်ဖြေကြားခြင်းကို ဖာတ်တိုက်ပေးရပါမယ်။ အမေးခံရနိုင်ချေရှိတဲ့ မေးခွန်းတွေအတွက် ဖာတ်တိုက်ပေးရပါမယ်။ အကယ်၍ တစ်စုံတစ်ခုသော သတင်းမီဒီယာက ဖုန်းခေါ်ဆို မေးမြန်းလာပါက ထိုပြောရေးဆိုခွင့်ရှိသူထံ ဖုန်းလွှဲပေးရပါမယ်။

- မိုက်ခရိုဖုန်း၊ အသံဖမ်းစက်၊ ကင်မရာများကိုင်ထားသူတွေကို သင်တွေ့ပါက ထိုသူများသည် မည်သူများဖြစ်သည်ကို သင့်အနေဖြင့်သိရအောင်လုပ်ရမှာဖြစ်ပြီး သင့်ကိုယ်သင်မိတ်ဆက်ပေးပါ။ ထိုသူများသည် မည်သည့်သတင်းမီဒီယာကို ကိုယ်စားပြုသည်ကို သိအောင်လုပ်ပါ။ သင်ဖြေချင်တဲ့အကြောင်းတွေကိုသာ သူတို့မေးပါစေ။ သူတို့ကို ဆက်သွယ်နိုင်တဲ့ လိပ်စာတွေရယူပါ။ သင့်လိပ်စာကိုလည်း ပေးပါ။ သင့်ရဲ့သတင်းရှင်းလင်းချက်အကြောင်းပြောပြီးတဲ့အခါ သူတို့ရဲ့အမြင်ကို အကျဉ်းမှုမေးပါ။ သူတို့ဖြေပါက လက်ကိုင်ကင်မရာဖြင့်ဖြစ်စေ မှတ်တမ်းယူထားပါ (ဥပမာ– ထိုသူများက ရဲ၏အကာအကွယ်ဖြင့်လှုပ်ရှားနေသူ သို့မဟုတ် သင်၏အတိုက်အခံအဖွဲ့ဖြစ်ပါက)။ ထိုသတင်းသမားများက သင်၏သတင်းကို မည်သည့်အချိန်တင်သည်ကို စောင့်ကြည့်ပါ။ သူတို့တကယ်တမ်း သတင်းဖာတ်လမ်းကို ဘယ်လိုပုံစံတင်သလဲဆိုတာ နောက်ယောင်ခံလိုက်ပါ။ နောက်ဆက်တွဲ သတင်းများကိုလည်း ရယူပါ။
- ပွဲပြီးသွားတဲ့အခါ သတင်းအကြောင်း နောက်ယောင်ခံလိုက်ပြီး စာနယ်ဇင်းများနှင့်ရင်းနှီးမှုကို ဆက်ထိန်းထားပါ။ သူတို့က အပြုသဘောနဲ့သတင်းတင်ပြခဲ့ရင် စာနယ်ဇင်းသမားတွေကို ကျေးဇူးတင်ကြောင်း ဖုန်းဆက်ပြောပါ။

**လေ့လာရန်ဖြစ်ရပ်– ခေါင်းဆောင်များ၏ အဆိုအမိန့်များကို အသုံးပြုခြင်း**

နိုင်ငံတကာဆိုင်ရာ လိင်တူချစ်သူ အမျိုးသားများနှင့် လိင်တူချစ်သူ အမျိုးသမီးများ၏ လူ့အခွင့်အရေးဆိုင်ရာလှုပ်ရှားမှု(IGLHRC)အင်တာနက်စာမျက်နှာတွင် ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေး ကော်မရှင်မင်းကြီး နေဗီပိုင်လေး (Navi Pillay)၏ ဗီဒီယိုတစ်ခုကို တွေ့မြင်နိုင်ပါတယ်။

(http://www.iglhrc.org/cgi-bin/iowa/article/takeaction/resourcecenter/1532.html))

နိုင်ငံတကာဆိုင်ရာ လိင်တူချစ်သူများနှင့်လိင်ပြောင်းလဲသူများကို ကြောက်ရွံ့ခြင်းကို တိုက်ဖျက်ခြင်းနေ့(မေလ ၁၇ရက်) အထိမ်းအမှတ်အဖြစ် သူမက လူသားများကြောင့် ဖြစ်ပေါ်လာရသော လိင်တူချစ်သူများကို ကြောက်ရွံ့ခြင်းနှင့် လိင်ပြောင်းထားသူများကို ကြောက်ရွံ့ခြင်းအကြောင်းကို ပြောကြားခဲ့ပါတယ်။ 'ကမ္ဘာနဲ့အဝှမ်းလူတွေဟာ ချစ်ခြင်းဆိုတဲ့ ဆက်နွယ်မှုတစ်ခုကြောင့် ဖမ်းဆီးခံရခြင်း၊ တိုက်ခိုက်ခံရခြင်း၊ ညှဉ်းပန်းနှိပ်စက်ခံရခြင်းနဲ့ အသတ်ခံရခြင်းတွေကိုကြုံတွေ့ကြပါတယ်'လို့ သူမကပြောပါတယ်။ 'ဒီလိုဖြစ်နေတာတွေကို ကျွန်မတို့ရပ်ကြည့်နေပြီး လက်မခံသင့်ပါဘူး'သူမက ဆက်ပြောပါတယ်။ နိုင်ငံတော်ကနေ့ ဒီလိုခွဲခြားနှိမ်ချတဲ့ ဥပဒေတွေကို ပြန်လည်စဉ်းစားသင့်ပြီး ခွဲခြားနှိမ်ချဆက်ဆံတဲ့ အလေ့အကျင့်တွေကို ပိတ်ပင်တားမြစ်သင့်ပါတယ်။ အကြမ်းဖက်မှုတွေနဲ့ မုန်းတီးမှုတွေအတွက် အပြစ်ပေးသင့်ပါတယ်လို့ သူမက ပြောကြားခဲ့ပါတယ်။

ဒီအဆိုအမိန့်တွေက အလွန်အင်အားရှိပြီး ၄င်းကို လူ့အခွင့်အရေးလှုပ်ရှားမှုများကို ဦးဆောင်ဦးရွက်ပြုဖို့အတွက် သတင်းဖြန့်ဝေတဲ့အခါ ပိုမိုအားကောင်းလာအောင် အသုံးပြုလို့ရပါတယ်။ သူမရဲ့ မိန့်ဆိုချက်အတိုင်း အခြားအစိုးရအရာရှိများကလည်း ပုံစံတူပြောဆိုလာအောင် စည်းရုံးပြောဆိုသင့်ပါတယ်။ ဤနည်းအားဖြင့် တရားဝင်အဆိုအမိန့်တွေဖြစ်လာပြီး သင့်အတွက် ပစ်ပယ်ခံရတဲ့ လူတန်းစားများ၏ အခွင့်အရေးလှုပ်ရှားမှုတွေကို တကယ်ရှေ့ဆက်စေဖို့ အရေးပေးပါတယ်။

အဆိုးမြင်သတင်းကို တုန့်ပြန်ခြင်း– သတင်းစာဖတ်တဲ့အခါ လူထုကို စော်ကားထားသော၊ သတင်းမှားပေး၍ အချက်အလက် မမှန်မကန်နှင့်သတင်းဖြန့်ထားသော ဇာတ်လမ်းများကို တွေ့ရတတ်ပါတယ်။ ဒီအခါတွင် သင့်အနေဖြင့် အဆိုးကိစ္စတစ်ခုကို အပြုသဘောဆောင်သော အသိပေးဆွေးနွေးစရာ အခွင့်အရေးအဖြစ် အသုံးချနိုင်ပါတယ်။

အဆိုးမြင်သတင်းကို တုန့်ပြန်ရန် ပထမဆင့်မှာ သတင်းမီဒီယာများကို ဇာတ်လမ်းအကြောင်း တိုက်ရိုက်ပြောဆိုခြင်း ဖြစ်ပါတယ်။

ဇာတ်လမ်းအကြောင်းကို ကောင်းမွန်စွာရေးသားဖော်ပြပေးရန်အလို့ငှာ သင့်အနေနဲ့သတင်းစာအယ်ဒီတာထံ စာတစ်စောင်ရေးနိုင်ပါတယ်။ အင်တာနက်စာမျက်နှာမှာလည်း ထင်မြင်ချက်တွေရေးနိုင်ပါတယ်။ ပြီးနောက် သင်၏အဖွဲ့ဝင်များ

လူထုအဖွဲ့အတွင်းရှိ မိတ်ဖက်အဖွဲ့များနှင့် အခြားအဖွဲ့အစည်းများကို ထိုသတင်းအကြောင်း စာမျက်နှာတစ်ခုထဲတွင် ထင်မြင်ချက်ရေးပေးရန် တိုက်တွန်းပါ။ အကယ်၍ သင်ကိုယ်တိုင် အင်တာဗျူးခံထားရပြီး သတင်းထောက်က အမှား ပြုလုပ်ခဲ့တဲ့ကိစ္စမျိုးဆိုလျှင် အယ်ဒီတာကိုဖုန်းခေါ်ပြီး သူ/သူမအား အမှားပြင်ဆင်ချက်အဖြစ် သတင်းကို ပြန်ထုတ်ပြန်ပေးရန် ပြောပါ။ (ဒီလိုလုပ်ခြင်းဟာ နောင်မှာ စာနယ်ဇင်းသမားများက သင့်အား အင်တာဗျူးခြင်း နည်းသွားမည်ကို သတိပြုသင့် ပါတယ်။)

သင့်အနေဖြင့် သတင်းမှားဇာတ်လမ်းတွေကို အခွင့်အရေးအဖြစ် အသုံးချပြီး နောက်အနာဂတ်မှာ တွင်တွင် ကျယ်ကျယ် ပိုပြီးပြောလို့ရအောင် လုပ်ယူနိုင်ပါတယ်။ သတင်းစာတစ်ခု သို့မဟုတ် ရုပ်မြင်သံကြားတစ်ခုကို ခေါ်ဆိုပြီး အယ်ဒီတာကို သတင်းဆောင်းပါးအတွက် လူထုရဲ့ စိုးရိမ်ပူပန်မှုများအကြောင်းကို အစည်းအဝေးတစ်ခု ပြုလုပ်ပေးရန် ယဉ်ကျေးစွာတောင်းဆိုဖို့ ပြောခိုင်းပါ။ သင့်အဖွဲ့ဝင်တွေနဲ့ ဘယ်သူက ဘာကိုပြောမယ်၊ ဘယ်လိုပုံစံပြောမယ်ဆိုတာတွေကို တိုင်ပင်ပြီး လူထုထဲက လူအချို့ကိုပါခေါ်ဆောင်ပြီး သူတို့ရဲ့စိုးရိမ်ပူပန်မှုတွေကိုပြောဖို့ အယ်ဒီတာနဲ့ပေးတွေ့ပါ။ (အဲဒီအချိန်မှာ လူတွေဟာ စိတ်လိုက်မာန်ပါဖြစ်တတ်ပါတယ်၊ ဒီအချိန်မှာ စိတ်ထားတည်တည်ငြိမ်ငြိမ်နဲ့ ယထာဘူတကျကျဖြစ်ဖို့ အရေးကြီးပါတယ်။ အချေအတင်အငြင်းအခုံတွေဖြစ်ခဲ့မယ်ဆိုရင် ဆိုးဝါးတဲ့သတင်းတွေဖြစ်လာနိုင်ပါတယ်)။ အယ်ဒီတာနဲ့တွေ့တဲ့အခါ သတင်းဆောင်းပါးက လူထုတွေကို ဘယ်လိုအကျိုးသက်ရောက်မှုရှိသလဲဆိုတာနဲ့ လူထုရဲ့နစ်နာမှုတွေကို ပြောပြပါ။ အဲဒီသတင်းအချက်အလက်တွေနဲ့ အရင်းမြစ်တွေအကြောင်းကို စာနယ်ဇင်းသမားများကိုပါ ဝေငှပါ။

ဒီကိစ္စရပ်အပေါ် စာနယ်ဇင်းသမားတွေကို ဖိတ်ပြီး အကျဉ်းချုပ်ပြောနိုင်ပါတယ်။ ဒါ့အပြင် သူ့အနေနဲ့တခြား လူထုထဲက လူတွေကို သတင်းထောက်တွေကတဆင့် အင်တာဗျူးပြီး သတင်းထောက်တွေအတွက် ဇာတ်လမ်းတွေကို တခြားရှုထောင့်ကနေ ရေးသားဖော်ပြနိုင်အောင် ကူညီပေးနိုင်ပါတယ်။

တချို့ဖြစ်ရပ်တွေမှာ ဒီနည်းပရိယာယ်တွေက အယ်ဒီတာကိုပညာပေးရာရောက်ပြီး သင့်အနေနဲ့ သင့်ပြဿနာအတွက်ဦးဆောင်ပြီး သတင်းကောင်းတွေ ပိုမိုဖော်ပြအောင် အယ်ဒီတာနဲ့မိတ်ဖွဲ့နိုင်ပါတယ်။ သို့သော် သင့်ရဲ့ဆွေးနွေးပြောဆိုရန် ကြိုးပမ်းမှုကအလုပ်မဖြစ်ရင်တော့ ဆက်ဆံရေးမှာ ဖိအားတွေတိုးပွားလာနိုင်ပါတယ်။

သတင်းစာ၊ ရုပ်မြင်သံကြားနဲ့ရေဒီယိုတွေဟာ အမြတ်အစွန်းလုပ်ယူတဲ့ စီးပွားရေးလုပ်ငန်းများဖြစ်ပါတယ်။ သူတို့ဟာ ကြော်ငြာနဲ့ရောင်းအားရဖို့အတွက် ဖောက်သည်တွေနဲ့ပရိတ်သတ်တွေရဲ့ ထောက်ပံ့မှုလိုအပ်ပါတယ်။ သင့်အနေနဲ့ လူထုထဲက အဖွဲ့ဝင်တချို့နဲ့ ထောက်ပံ့ပေးသူတချို့ကို ဖိတ်ခေါ်ပြီး သတင်းစောင်တစ်စောင်ကို ပစ်မှတ်ထားကာ သူတို့ဘက်က မတောင်းပန်မချင်း ဆန့်ကျင်သပိတ်မှောက်တာမျိုးလုပ်နိုင်ပါတယ်။ သင့်အနေနဲ့ ထိုသတင်းစာမှာကြော်ငြာတဲ့ ကုမ္ပဏီတွေကိုလည်း သပိတ်မှောက်ခြင်း၊ အဲဒီရုပ်သံကနေ ကြော်ငြာတဲ့ပစ္စည်းတွေကို ဝယ်ယူတာကို သပိတ်မှောက်ခြင်းနဲ့ သူတို့ဒီလိုကြော်ငြာတာကို မလုပ်အောင်တားဆီးနိုင်ပါတယ်။ သင်နဲ့သင့်အဖွဲ့သားတွေက ဒီကုမ္ပဏီတွေက ထုတ်တဲ့ပစ္စည်းတွေကို မဝယ်ယူဖို့ကိုလည်း တားဆီးနိုင်ပါတယ်။

ကြော်ငြာပစ္စည်းတွေကို သပိတ်မှောက်ခြင်းသည် အလွန်အားပြင်းကောင်းမွန်တဲ့ နည်းပရိယာယ်တစ်ခုဖြစ်ပြီး သတင်းမီဒီယာတွေရဲ့ စိတ်ဝင်စားမှုကိုရရှိစေပါတယ်။ အကယ်၍ အယ်ဒီတာက သပိတ်မတိုင်မီ သင်နဲ့တွေ့ဖို့ အချိန်မပေးနိုင်တဲ့ ပုံစံဖြစ်နေရင် တကယ်တမ်းသူမရဲ့ကြော်ငြာတွေ ရောင်းအားကျသွားတာနဲ့ အံ့သြဖွယ်ကောင်းအောင်တဲ့ မြန်ဆန်တဲ့ တုန့်ပြန်မှုကို သင်ရရှိမှာဖြစ်ပါတယ်။

**လေ့လာရန်ဖြစ်ရပ်– လူမှုရေးမီဒီယာနှင့် လိင်လုပ်ငန်း**

ဖြူပင်းကျန်းမာရေးလှုပ်ရှားမှုအဖွဲ့သည် တရုတ်နိုင်ငံတောင်ပိုင်းတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးရန်နှင့် လိင်လုပ်သားများ၏ လူ့အခွင့်အရေးများကို ကာကွယ်ပေးရန်အတွက် ဖွဲ့စည်းထားသော လူထုအခြေပြု အဖွဲ့တစ်ခုဖြစ်ပါတယ်။ လိင်လုပ်သားများရဲ့ ဖောက်သည်အများစုမှာ ရွှေ့ပြောင်းလုပ်သားများဖြစ်ကြပါတယ်၊ ယီဟိုင်ယန်က ထင်ရှားတက်ကြွတဲ့ လိင်လုပ်သားတစ်ဦးဖြစ်ပြီး ဖြူပင်းအဖွဲ့ကိုဦးဆောင်ပါတယ်။

၂၀၁၁ခုနှစ်တွင် ဖြူပင်းအဖွဲ့မှ ဒေသအတွင်းရှိ လိင်လုပ်သားများတည်ရှိနေမှုကို လေ့လာခဲ့ကြပါတယ်။ အတော်များများသော လိင်လုပ်ငန်းများက ၁၀ယွမ်တန်ဆိုင်လို့ခေါ်ကြတဲ့ ဟိုတယ်အငယ်များမှာရှိကြပါတယ်။ ဘာကြောင့် ဒီလိုခေါ်သလဲဆိုတော့ လိင်လုပ်သားများဟာ အနည်းဆုံးဈေး ၁၀ယွမ်(၁.၅ ဒ အမေရိကန်ဒေါ်လာ)နဲ့ဝန်ဆောင်မှုပေးနိုင်လို့ပါ။ အဲဒီဟိုတယ်လေးတွေမှာရှိတဲ့ လိင်လုပ်သားတွေရဲ့ဘဝအခြေအနေတွေက အလွန်ဆိုးဝါးလှပါတယ်။ သို့သော် အဲဒီလိင်လုပ်သားတွေက ၁၀ယွမ်ထက်ပိုမတောင်းပါဘူး။ သူတို့မှာ ကွန်ဒုံးလည်းမဝယ်နိုင်ကြရှာပါ။ လိင်လုပ်သားတွေဟာ ရဲတွေရဲ့ ခြိမ်းခြောက်မှုကိုလည်း ခံကြရပါသေးတယ်။ ကွင်းဆင်းလေ့လာရေးမှာ ရဲတွေက ဖောက်သည်ဟန်ဆောင်ပြီး လိင်လုပ်သားများကိုဖမ်းဆီးကာ ဒဏ်တပ်လေ့ရှိကြောင်း ရီဟိုင်ယန်က တွေ့ရှိခဲ့ပါတယ်။ အမြင့်ဆုံး ငွေဒဏ်ယွမ်

၃၀၀၀(၄၈၃အမေရိကန်ဒေါ်လာ)အထိရှိပါတယ်။

လိင်လုပ်သားတွေကို ဒဏ်ငွေမြင့်မားစွာတပ်ခြင်းနဲ့ ရဲတွေရဲ့အမူအကျင့်တွေကို ကာကွယ်ဖို့အတွက် ရီဟိုင်ရန်က လှုပ်ရှားမှုတစ်ခုကို စတင်ခဲ့ပါတယ်။ သူမဟာ ၁၀ ယွမ်တန်ဆိုင်ရှိ အခန်းကျဉ်းတစ်ခုမှာ အလုပ်လုပ်ပြီး အခန်းဝမှာ အခမဲ့လိင်ဝန်ဆောင်မှုလို့ ဆိုင်းဘုတ်ရေးထားပါတယ်။ သူမရဲ့ ဝေဘို(တရုတ်တွစ်တာ)စာမျက်နှာမှာလည်း အဲဒီဆိုင်းဘုတ်တပ်ထားတဲ့ အခန်းကျဉ်းလေးထဲက ကုတင်ပေါ်မှာ သူမလှဲနေတဲ့ပုံကိုတင်ထားပါတယ်။ သူမဟာ နေ့တိုင်းဖောက်သည်တွေကို တစ်ရက်တာ အခမဲ့လိင်ဝန်ဆောင်မှုပေးပါတယ်။ တရုတ်ပြည်ရဲ့ ပြည်သူ့တန်ဆာဥပဒေသတ်မှတ်ချက်မှာ လိင်လုပ်ငန်းတွင် ငွေကြေးလက်ခံရရှိမှုဆိုတာပါနေတော့ ရဲတွေက သူမကိုဖမ်းဆီးလို့မရသလို ဒဏ်တပ်လို့လည်းမရ ဖြစ်နေပါတယ်။

ရီဟိုင်ရန်ဟာ သူမရဲ့ ဝေဘိုစာမျက်နှာမှာ သနားစရာကောင်းတဲ့ ငွေမဲ့လိင်လုပ်သားတွေရဲ့ သနားစရာ အခြေအနေတွေနဲ့ ဖောက်သည်တွေဖြစ်တဲ့ ရွှေ့ပြောင်းလုပ်သားတွေအကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒါ့အပြင် လက်ရှိဥပဒေတွေကနေ ထိုသူတွေရဲ့ အသက်တာကို ဘယ်လိုအကျိုးသက်ရောက်မှုရှိသလဲဆိုတာကိုပါ ထောက်ပြခဲ့ပါတယ်။ တရုတ်ပြည်ရှိ အများစုသော သတင်းမီဒီယာများက အလွန်အမင်းဖော်ပြလေ့ရှိတဲ့ သတင်းကတော့ ကြွေးမြင့်မြင့်နဲ့ လိင်ကိစ္စဝယ်ယူတဲ့ လူတန်းစားကိုသုတ်သင်ရေးကိုသာ စောင်းပေးဖော်ပြလေ့ရှိပါတယ်။ ယေဘုယျအားဖြင့် အများပြည်သူမှာ လိင်လုပ်သမားတွေဟာ တကယ်တမ်း အလွန်ဆင်းရဲပြီး ဒီလို ၁၀ယွမ်တန်ဆိုင်တွေနဲ့ ကြေးကြီးတဲ့ ဖျော်ဖြေရေးဆိုင်ကြီးတွေမှာ တရားဥပဒေဟာ မတူညီစွာတည်ရှိနေတယ်ဆိုတာကို မသိကြပါဘူး။ နောက်ပိုင်းမှာ ရီဟာန်ရီကို သတင်းစာတွေနဲ့ ရုပ်မြင်သံကြားအစီအစဉ်တွေမှာ ဒီကိစ္စကိုပြောကြားနေတာကို တွေ့လာရပြီး လူအတော်များများက လိင်လုပ်သားတွေကို စတင်လက်ခံလာကြပါတယ်။

ရီဟာန်ရီရဲ့ လှုပ်ရှားမှုဟာ သတင်းမီဒီယာ လွှမ်းခြုံမှုအတော်ရရှိခဲ့ပြီး အများပြည်သူရဲ့ အာရုံစိုက်မှုများစွာရရှိလိုက်ပါတယ်။ ဒါဟာ လိင်လုပ်သားတွေရဲ့ဆင်းရဲတဲ့ဘဝနဲ့ ရဲတွေရဲ့ချိုးဖောက်မှုရဲ့ အကျိုးဆက်တွေကို အများသိအောင် ဖော်ပြဖို့ ဆန်းသစ်တဲ့ နည်းလမ်းတစ်ခုလည်းဖြစ်ပါတယ်။ သို့သော် ဒါဟာ အသိပေးတောင်းဆို ဆွေးနွေးဖို့အတွက် အလွန်အန္တရာယ်များတဲ့ကိစ္စလည်းဖြစ်ပါတယ်။ လိင်လုပ်ငန်းဟာ တရားမဝင်လို့ သတ်မှတ်ထားတဲ့ နိုင်ငံတစ်ခုမှာ သင်က အခမဲ့လိင်ဝန်ဆောင်မှုပေးမယ်လို့ ကြေညာခဲ့ရင် သင်အဖမ်းခံရနိုင်ပါတယ်။ တရားမဝင်လိင်လုပ်ငန်းလုပ်မှု၊ အများပြည်သူကို နှောက်ယှက်မှုနဲ့ အရေးယူခံရနိုင်ချေရှိပါတယ်။ ဒီအခါ ဘေးအန္တရာယ်ကို ကြိုတင်စီမံကိန်းချဖို့ အရေးကြီးပါတယ်။

## ဗီဒီယို၊ ဓာတ်ပုံနှင့် လူထုသတင်းမီဒီယာ

သမရိုးကျ အများသုံးမီဒီယာဟာ သင်ရဲ့ပစ်မှတ်ပေါ်မူတည်ပြီး လူထုကို ပါဝင်လှုပ်ရှားစေဖို့ အမြဲတမ်းအသုံးတည့်နိုင်မှာတော့မဟုတ်ပါ။ တစ်ခါတစ်လေမှာ သင့်ရဲ့ ဦးတည်ချက်အရ ဗီဒီယို သို့မဟုတ် ဓာတ်ပုံမှတ်တမ်းကိုသုံးပြီး သင့်ရဲ့ပစ်မှတ်ထားသူတွေ၊ ပွဲတွေ၊ အစည်းအဝေးတွေမှာပြနိုင်ပြီး အင်တာနက်ကတဆင့် စာမျက်နှာတင်ပြီး သို့မဟုတ် လူမှုမီဒီယာပေါ်တင်ပြနိုင်ပါတယ်။

အင်တာနက်မှာ ဘာအကြောင်းအရာကိုတင်မယ်ဆိုတဲ့အကြောင်းကို နည်းဗျူဟာချလုပ်ဆောင်တဲ့အခါမှာ သင့်ရဲ့နိုင်ငံရေးဗျူဟာတွေရဲ့အစိတ်အပိုင်းတခုဖြစ်အောင်လုပ်ရပါမယ်။ အင်တာနက်မှာတင်မယ့် ဗီဒီယို၊ ဓာတ်ပုံ သို့မဟုတ် တခြားအကြောင်းအရာတွေဟာ သင့်ရဲ့ပန်းတိုင်ကိုရောက်စေမယ့်အရာတွေဖြစ်ဖို့ လိုအပ်ပါတယ်။ အဲဒီလိုမဟုတ်ဘဲ အချိန်နဲ့ ငွေကို သေသေချာချာမသုံးတတ်ခဲ့ရင် သင့်လုပ်ငန်းအတွက် အလုပ်ပြီးမြောက်မယ့် ပမာဏရရှိမှာ မဟုတ်ပါဘူး။ ပုံမှန်အားဖြင့် သင်အသုံးပြုမယ့် မည်သည့်မီဒီယာမျိုးအတွက်မဆို ကာယကံရှင်ကို အသိပေးအကြောင်းကြားရမှာဖြစ်ပြီး ထိုသူများရဲ့ ကိုယ်ရေးကိုယ်တာလွတ်လပ်မှုနှင့်လျှို့ဝှက်မှုကို အလေးထားကာကွယ်ပေးရမှာဖြစ်ပါတယ်။

သတင်းကို အတည်ပြုဆုံးဖြတ်ပြီးတာနဲ့ သင်ပေးပို့ချင်တဲ့ ပစ်မှတ်တွေဆီရောက်အောင်၊ သင်ပို့ချင်တဲ့ ပရိတ်သတ်တွေဆီရောက်အောင် ဘယ်လိုနည်းလမ်းနဲ့အသုံးပြုပြီး ရောက်အောင်လုပ်ပေးရမယ်ဆိုတာကို စဉ်းစားထားရပါမယ်။ ဗီဒီယိုနဲ့ဓာတ်ပုံတွေက လူအများကြီးထံ အချိန်တိုအတွင်း လူအတော်များများထံ ရောက်စေပါတယ်။ ဒါ့အပြင် ဗီဒီယိုနဲ့ဓာတ်ပုံတွေက လူမှုမီဒီယာကဲ့သို့ အောက်ခံစာတန်းများထည့်သွင်းခြင်း၊ ပြောစကားများလျှော့ချခြင်း လုပ်စရာမလိုဘဲ ဘာသာစကား အခက်အခဲကို ကျော်လွှားနိုင်ပါတယ်။ ထို့အပြင် ဗီဒီယိုနဲ့ဓာတ်ပုံတွေက လူမှုမီဒီယာကဲ့သို့ အင်တာနက်ကို အသုံးပြုစရာလည်း မလိုအပ်ပါ။

## ဖြစ်စဉ်လေ့လာချက် – မီဒီယာများနှင့် အလုပ်လုပ်ခြင်း

စွမ်းရည်မြင့်တင်ခြင်းအဖွဲ့များဖြစ်သော ခရစ်စ်တီးနာမန်းစ်ဖီးလ် (Cristina Mansfield)နှင့် ပက်(PACT)အဖွဲ့တို့ မီဒီယာများနှင့် မည်သို့အလုပ်လုပ်ကြသည်ကို အောက်မှာ အကြံပေးဖော်ပြထားပါတယ်။ ဒါတွေက သူတို့ရဲ့

အသိပေးဆွေးနွေးခြင်းဆိုင်ရာ လက်စွဲစာအုပ် – ကမ္ဘောဒီယားနိုင်ငံတွင် ဒီမိုကရေစီအရှိန်မြှင့်တင်ခြင်း လက်တွေ့လမ်းညွှန်မှ ဖြစ်ပါတယ်။

သတင်းမီဒီယာသို့ သင့်ထံမှ သတင်းအချက်အလက်ကို တင်ပြမည်ဆိုပါက စာနယ်ဇင်းထံမပေးပို့မီ သင်၏ အဖွဲ့အစည်းနှင့်အခြားသော လုပ်ဖော်ကိုင်ဖက်အဖွဲ့အစည်းများ)ကို အားလုံးသဘောတူညီမှု ရယူရပါမယ်။ အသေးစိတ် အချက်အလက်နှင့် အကြောင်းအရာများကို သဘောမတူညီမှု တစ်စုံတစ်ခုရှိပါက သင်၏လှုပ်ရှားမှုအတွက် အဆိုးအဖြစ် သက်ရောက်စေပြီး၊ စာနယ်ဇင်းကို အသုံးပြုမှု၏ ရည်ရွယ်ချက်အားနည်းကြောင်း ပြသပါတယ်။ လှုပ်ရှားမှုတစ်ခုမှာ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးထက်ပိုပြီးရှိတယ်ဆိုရင် ဒွိဟဖြစ်စရာ သို့မဟုတ် စိတ်ရှုပ်ထွေးစရာ အချက်အလက်တွေကို စာနယ်ဇင်းကို မပေးမိအောင်သတိပြုပါ။ ထို့အပြင် သတင်းမီဒီယာတွေက နိုင်ငံရေးဘက်လိုက်မှုလည်း မကင်းကြပါဘူး။ အကယ်၍ သင်က လှုပ်ရှားမှုဆိုင်ရာ အချက်အလက် အမှားတစ်ခု၊ နှစ်ခုကိုပေးလိုက်ပါက သင့်လှုပ်ရှားမှု တစ်ခုလုံးကို အယုံအကြည်မဲ့စေပါတယ်။ အဖွဲ့အတွင်းမှာရှိတဲ့ လှုပ်ရှားသူအားလုံးသည် တူညီသော သတင်းအချက်အလက်ကိုသာ ပေးသင့်ပြီး ဘယ်လိုကိစ္စတွေကို သတင်းစာရှင်းလင်းပွဲမှာ မဆွေးနွေးဘူးဆိုတာကို သိထားရပါမယ်။ အကယ်၍ လှုပ်ရှားမှု တစ်ခုအတွင်းရှိ မတူညီသောအဖွဲ့များမှ မတူညီသော သတင်းအချက်အလက်များကို တင်ပြမည်ဆိုပါက ပြောကြားသူမှ တစ်ဦးချင်းပြောကြားချက်သာဖြစ်ပြီး လှုပ်ရှားမှုတစ်ခုလုံးနှင့်မဆိုင်ဘဲ သီးသန့်အဖွဲ့နှင့်သာ သက်ဆိုင်ကြောင်း ပြောရပါမယ်။

ဖြစ်နိုင်လျှင် ပုံရိပ်များနှင့် သင်္ကေတများကို အသုံးပြုပါ။
ဒီပုံရိပ်တွေ၊ ရုပ်ပုံတွေက သင့်ဇာတ်လမ်းနဲ့ပရိတ်သတ်တို့ကို ဆက်သွယ်ပေးဖို့ အကူအညီပေးပါတယ်။

- ဥပမာ– အေအိုင်ဒီအက်စ်လှုပ်ရှားသူအဖွဲ့များ အသုံးပြုသော ပန်းရောင်တြိဂံနှင့် တက်ကြွဆောင်ရွက်(ACT UP)အဖွဲ့မှအသုံးပြုသော နာဇီအမှတ်အသားက နာဇီခေတ်တွင် ချွေးတပ်များသို့ ဖမ်းဆီးပို့ဆောင်ခံခဲ့ရသော အမျိုးသားများ(လိင်တူချစ်သူအမျိုးသားများ)ကို ကိုယ်စားပြုပါတယ်။ တက်ကြွဆောင်ရွက်ဟူသော ဆောင်ပုဒ်က ပန်းရောင်တြိဂံရဲ့အဖော်ပြုပြီး ဂုဏ်ကျက်သရေနှင့်ငြင်းပယ်ခံရမှု လက္ခဏာတွေရဲ့ ပြန်လည်နေရာပေးထားမှု (ဆိတ်ငြိမ်ခြင်းသည် သေခြင်း)ဟူသော အဓိပ္ပာယ်ကိုဆောင်ပါတယ်။ ထို့ကြောင့် ယနေ့အခါ များစွာသော လိင်တူချစ်သူအမျိုးသားများ ဖသေဆုံးသောအခါ နိုင်ငံရေးနှင့်လူမှုရေး စာနာနားလည်မှုကို လူအများက နားလည် လက်ခံလာကြခြင်းဖြစ်ပေသည်။
- လူမှုမီဒီယာများဖြစ်ကြသော ဖေ့စ်ဘုတ် (Facebook)နှင့် တွစ်တာ (Twitter)တို့ဟာ မိမိကိုထောက်ခံမယ့် သူများကို စုဆောင်းရန်နှင့် မိမိ၏လက်ရှိအခြေအနေများကို တင်ပြဖို့ အခြေခံနေရာ တစ်ခုဖြစ်နေကြပါတယ်။ ဖေ့စ်ဘုတ်တွင် အသုံးပြုသူတဦးနဲ့အဖွဲ့တစ်ခု၏ (Page)သတင်းများကို နောက်လိုက်စောင့်ကြည့်ရန်အတွက် နောက်ယောင်ခံလိုက်သူများဟူ၍ ရှိပါတယ်။။

  တွစ်တာကိုတော့ ဘလော့ဂ်အသေးစားတစ်ခုဟု ရည်ညွှန်းလေ့ရှိပါတယ်။ သမားရိုးကျဘလော့ဂ်များကဲ့သို့ မဟုတ်ဘဲ အသုံးပြုသူမှ စာလုံးအရေအတွက် ၁၄၀နှင့် အောက်ကိုသာ ကန့်သတ်ထားပါတယ်။ ဘာတွေ အတွက်လဲဆိုတော့ –
- သတင်းတစ်ခု သို့မဟုတ် ဖြစ်ရပ်တစ်ခုကို ဆက်သွယ်ရန်၊
- အကြံဥာဏ်နှင့် တုန့်ပြန်မှု တောင်းခံရန်၊
- ခေါင်းစဉ်တစ်ခုအကြောင်း သတင်းအချက်အလက် တောင်းခံရန်တို့ဖြစ်ပါတယ်။

လူမှုမီဒီယာများသည် သင်ရဲ့အလုပ်ကို အများသိစေရန် အရေးကြီးတဲ့နေရာမှ ကူညီပေးပါတယ်။ ပုံတစ်ပုံကို ဖန်တီးရာတွင် နည်းမျိုးစုံသုံးပြီး သင်၏ ပရိတ်သတ်ထံရောက်အောင် ပေးပို့နိုင်ပါတယ်။

**ဖြစ်စဉ်လေ့လာချက်– လိင်လုပ်သားများအတွက် အသိပေးတောင်းဆိုရန် ဗီဒီယိုကိုအသုံးပြုခြင်း**

၂၀၀၇ ခုနှစ် ဇူလိုင်လတွင် အာရှပစိဖိတ်လိင်လုပ်သားများကွန်ယက် (APNSW)၏ မီဒီယာဒါရိုက်တာဖြစ်သူ ကွတ်ချိဒေးကောင်းမွန်မှ မျက်မြင်သက်သေ (WITHNESS)အဖွဲ့နှင့်အတူ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် စည်းရုံးလှုံ့ဆော်ခြင်းဆိုင်ရာ ဗီဒီယိုသင်တန်းကို ပြုလုပ်ခဲ့ပါတယ်။

ကျမရဲ့ APNSW အဖွဲ့ရဲ့အလုပ်ကမီဒီယာကို အသုံးပြုပြီး စည်းရုံးလှုံ့ဆော်မှုတွေအပေါ် ထောက်ခံလာစေဖို့ နဲ့ မဟာဗျူဟာကျတဲ့စီမံကိန်းရေးဆွဲခြင်းနှင့် အခြားလုပ်ငန်းများ လုပ်ဆောင်ခြင်းပဲဖြစ်ပါတယ်။

WITHNESS အဖွဲ့နဲ့နှစ်ပတ်တာ ဗီဒီယိုအသိပေးတောင်းဆိုခြင်းဆိုင်ရာ သင်တန်းက ကျမတို့ကို ဘယ်လို စီမံကိန်းချရမယ် ပရိတ်သတ်နဲ့ ဘယ်လိုကောင်းမွန်တဲ့ ဆက်သွယ်မှုတွေပြုလုပ်ရမယ်ဆိုတာတွေ ပေးအပ်ခဲ့ပါတယ်။

ဒီသင်တန်းမှာ ကမ္ဘာတစ်လွှားရှိ လူ့အခွင့်အရေးလှုပ်ရှားသူ သင်တန်းသား ၃၀နဲ့အတူ တက်ရောက်ခဲ့ပါတယ်။ ဗီဒီယိုကို ကြည့်ပြီးနောက် လူတွေအတော်များများက သတင်းမီဒီယာတွေကနေ လိင်လုပ်ငန်းကို ဘယ်လိုအဓိကထား မြင်ကြတယ် ဆိုတာကို သိလိုက်ရပါတယ်။ 'ကျားနဲ့မိချောင်းနှစ်ကောင်ကြားဖမ်းမိခြင်း' ဆိုတဲ့လို့ ကျမ ၂၀၀၈ခု မက္ကဆီကိုညီလာခံနဲ့ ၂၀၁၂ ခုနှစ် ဗီနာညီလာခံတုန်းက ပြသတဲ့ကားကိုကြည့်ပြီး မတူညီတဲ့အမြင်တွေနဲ့ အခြားတစ်ဖက်မှ ကြည့်သူတွေရဲ့ စိတ်ကူးတွေကို သိခွင့်ရခဲ့ပါတယ်။ အဲဒီရိုက်ကူးစာင်ပြချက်တွေက အောင်မြင်မှုရပြီး ရုပ်ရှင်ကတစ်ဆင့် ပေးပို့လိုတဲ့ သတင်းအချက်အလက်ကို ပရိတ်သတ်ထံရောက်အောင် ပို့နိုင်ခဲ့ပါတယ်။

'One Whore,' 'No Exit News,' and 'Bad Rehab,' ဓာတ်လမ်းတွေမှာ သမားရိုးကျ တင်ဆက်ပုံနဲ့မတူပဲ နာမည်ကျော်ဓာတ်ဝင်သီချင်းတွေကိုထည့်ပြီး သတင်းအချက်အလက်ကို ထည့်ခဲ့ပါတယ်။ ဓာတ်လမ်းကို ရုပ်သံဗီဒီယိုပုံစံ သို့မဟုတ် သတင်းဖတ်ပြတဲ့ ပုံစံတင်ဆက်ခြင်းက ဂီတလမ်းကြောင်းတွေကနေ အပိုင်းလိုက်တင်ဆက်လို့ရပါတယ်။ အောက်တွင်ရည်ညွှန်းချက်အဖြစ် ဗီဒီယိုဖိုင်များကို ဖော်ပြထားပါတယ်။

၂၀၀၆ One Whore http://youtu.be/VIRQwVymeWA

၂၀၀၈ Caught Between the Tiger and the Crocodile , http://youtu.be/7nzaAk30wkk,

No Exit NEWS http://youtu.be/0LA2_-ZMEAA

၂၀၁၀ Caused by Refraction http://youtu.be/YvF6-mKCfRw

Somaly Uh Uh: Bad Rehab extended remix http://youtu.be/GM0r7N1rIMI

တရုတ်ဘာသာနှင့်ခံစားကြည့်ရှုလိုပါက အောက်ပါလင့်တွင် ရှုပါ။ http://u.youku.com/friedpride

သက်သေ (WITNESS) အဖွဲ့သည် အမေရိကန်အခြေစိုက်အဖွဲ့အစည်းဖြစ်ပြီး ကမ္ဘာတစ်လွှားရှိ လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများအတွက် ဗီဒီယိုမှတ်တမ်း မည်သို့ယူမည်၊ အကြမ်းဖက်မှုများအဆုံးသတ်ရန် မည်သို့အသိပေး တောင်းဆိုမည်ကို လေ့ကျင့်ပေးပါတယ်။ သူတို့၏ သင်တန်းများနှင့်နည်းလမ်းများသည် လူ့အခွင့်အရေးနှင့် တရားဥပဒေရေးဆိုင်ရာ ဗီဒီယိုမှတ်တမ်းများအတွက် ကောင်းမွန်သော နမူနာများဖြစ်ပြီး အောက်ပါစာမျက်နှာတွင် ကြည့်နိုင်ပါတယ်။ www.witness.org.

သက်သေ (WITNESS)အဖွဲ့က စည်းရုံးလှုံ့ဆော်မှုအတွက်အောင်မြင်သော ဗီဒီယိုမှတ်တမ်း တစ်ခုဖန်တီးရာတွင် အောက်ပါအချက်များလိုအပ်သည်ဟု ယုံကြည်ထားပါတယ်။ believes the following are essential to creating a successful advocacy video:

- ■ တိကျသော ရည်ရွယ်ချက်ရှိသော ဗီဒီယို - သာမန်အတွက်မဟုတ်ဘဲ ဗီဒီယိုမှတ်တမ်းတွင်တိကျသော ဦးတည်ချက်ရှိ သင့်ပါတယ်။
- ■ သင်၏ ပရိသက်ကိုသိပါ။ ကြည့်ရှုသူများ ဘယ်နှစ်ယောက်ကြည့်မည်ထက် ကြည့်ရှုသော မျက်လုံးများက အရေးကြီးပါတယ်။
- ■ သင်၏ပရိသတ်ကို သင်ဘာလုပ်စေချင်သည်ကို သိအောင်လုပ်ပါ။
- ■ အကောင်းဆုံး သတင်းအချက်၊ လူများ၊ ဓာတ်လမ်းများကို ရွေးချယ်ပြီး ပရိသတ်ကို သက်ဝင်လှုပ်ရှားစေပါ။ သင်၏ ဗီဒီယိုကို ပရိက်သတ်များကြည့်ရှုရန်အတွက် အချိန်ကောင်းနှင့်နေရာကောင်းကို ရွေးချယ်ပါ။

သက်သေအဖွဲ့၏ အလုပ်အမှုဆောင်ဖြစ်သူ ဗွီတီအဲဘာဒင်တင်(Yvette AlberdingkThijm)က ရုပ်ဝတ္ထုပစ္စည်းများကို စုဆောင်းခြင်းက သူတို့ရဲ့အဓိကလုပ်ငန်းမဟုတ် လူ့အခွင့်အရေးချိုးဖောက်မှုများ အဆုံးသတ်စေရန်သာ အဓိကဖြစ်တယ်လို့ ဆိုခဲ့ပါတယ်။

စုဆောင်းရန်ဖို့၊ ရေမြေသဘာဝ ကိုက်ညီစွာအသုံးပြုဖို့ရန်၊ စီစစ်သိမ်းဆည်းဖို့အတွက် လူ့အခွင့်အရေးဆိုင်ရာ ဗီဒီယိုများကို ပရိသတ်က အသုံးတည့်လျှင်တည့်သလောက် စုထားကြမည်ဖြစ်ပါတယ်။ လူ့အခွင့်အရေးချိုးဖောက်သူများအတွက် တရားမျှတမှုဘက်မှမကူညီနိုင်ပါက အွန်လိုင်းမှလမ်းကြောင်းအသစ် ပုံစံပေါင်းစုံထွက်နိုင်ပါတယ်။ နိုင်ငံသားစာနယ်ဇင်းသမားအနေဖြင့် ကျွန်တော်တို့ရဲ့ကင်မရာများကို လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ရန်နှင့် ၄င်းမှတ်တမ်းများကို အခြားသူများ မြင်နိုင်၊ ကြားနိုင်၊ သုံးသပ်နိုင်ရန် ပြုလုပ်သင့်ပါတယ်။ ဒီအကြောင်းတွေကို စိတ်ဝင်စားသူတွေအမြင်နဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဖော်ထုတ်ပြီး တရားမျှတမှုအတွက် တောင်းဆိုနိုင်ပါတယ်။ မူဝါဒချမှတ်သူတွေ နိုင်ငံရေးခေါင်းဆောင်တွေအနေနဲ့လဲ အဲသည်လို လုပ်ဆောင်ချက်တွေအတွက် သူတို့ကိုယ်သူတို့

အပြစ်တင်နှောင့်ယှက်ခံရအောင် ကျနော်တို့က လုပ်ပေးရပါမယ်။

သက်သေအဖွဲ့၏ အင်တာနက်ဘလော့ဂ်တွင် ခရစ်မိုက်ကယ် (Chris Michael)က မီဒီယာရေးအတွက် လှုပ်ရှားသူများအတွက် ဖြစ်ပေါ်နိုင်သော လုံခြုံရေးဆိုင်ရာ စဉ်းစားဖွယ်ရာများကို ပြောကြားခဲ့ပါတယ်။

ထပ်ပေါင်းပြောရလျှင် ကျနော်တို့အနေဖြင့် ရုပ်ရှင်ဖန်တီးသူများ၊ တက်ကြွလှုပ်ရှားသူများအနေဖြင့် ရင်ဆိုင်ကြုံတွေ့နိုင်မည့် လုံခြုံရေးနှင့် ဘေးအန္တရာယ်ဖြစ်နိုင်ချေ၊ ရုပ်သံအပိုင်းအစရိုက်နေစဉ် ချောင်ပိတ်မိနိုင်ချေများကို အထူးအလေးထားသင့်ပါတယ်။ ဥပမာ– ဆီးရီးယားတွင် ကျနော်တို့ ဆန္ဒပြသူများကို ရုပ်သေရိုက်ကူးရာတွင် မျက်နှာကို မသိသာအောင် နောက်မှ ရိုက်ကူးပေးရပါမယ်။ ဖြည်းဖြည်းချင်း နောက်ပြန်ရစ်ပြီး ဓာတ်လမ်းကို ပြန်ကြည့်ရင် မျက်နှာကို မမြင်ရအောင် လုပ်ပေးရပါမယ်။ ရိုက်ကွက်တစ်ကွက်ချင်းစီကို ဒီလိုမျိုးကြည့်ပြီး အီရန်အစိုးရက အစိမ်းရောင်တော်လှန်ရေးမှာ ဆန္ဒပြသူတွေကို သတ်မှတ်ဖော်ထုတ်ခဲ့တာရှိပါတယ်။

ဖေ့ဘွတ်နှင့်တွစ်တာကဲ့သို့ Avaaz.org မှ ဖြန့်ဝေတင်ဆက်သော ပုံစံများသည် နိုင်ငံတကာမှ လူ့အခွင့်အရေးလှုပ်ရှားသူများအတွက် လက်တွေ့စံများဖြစ်လာပါတယ်။ အင်တာနက်က ဆက်သွယ်ရေး တော်လှန်ပြောင်းလဲမှုကို ဖြစ်စေခဲ့ပြီး ၎င်းကြောင့် စည်းရုံးလှုံ့ဆော်ခြင်းအပေါ်အကျိုးသက်ရောက်မှုနှင့် တက်ကြွလှုပ်ရှားသူများအတွက် အသုံးဝင်မှုသည်အံ့မခန်းပင်။ ကမ္ဘာအနှံ့ကွန်ယက်ကို သတင်းလွတ်လပ်ခွင့်နှင့် သတင်းအချက်အလက် လွတ်လပ်စွာဖော်ပြခွင့်မပြုသော အချို့နိုင်ငံများတွင် ပိတ်ပင်ကန့်သတ်ထားကြသော်လည်း တက်ကြွသူများမှ ထိုသတင်းများကို ရရှိစေရန် အစဉ်ကြိုးပမ်းလျက်ရှိကြပါတယ်။

## လူထုအား တက်ကြွလာအောင် စည်းရုံးလှုံ့ဆော်ခြင်း

လူထုအား စည်းရုံးခြင်းသည် သူတို့၏ ဘုံစိတ်ဝင်စားမှုများကိုအတူတကွ လုပ်ဆောင်ရန်အတွက် လူထုကို ခေါ်ဆောင်သည့် ဖြစ်စဉ်တစ်ခုဖြစ်ပါတယ်။ လူထုဆိုသည်မှာ နေရာတစ်ခုတွင် အတူတူနေထိုင်ကြသူများ သို့မဟုတ် တူညီသော သတ်မှတ်ချက်ရှိသူများ၊ အတွေ့အကြုံရှိသူများကို ဆိုလိုပါတယ်။ လူထုစည်းရုံးရေးမှူးဆိုသည်မှာ လူထုအများရဲ့ပြဿနာကို စုပေါင်းအားဖြင့် လုပ်ဆောင်စေသူများ ဖြစ်ကြပါတယ်။

လက်ရှိအချိန်တွင် အမေရိကန်နိုင်ငံရှိ အထင်ရှားဆုံးသော လူထုစည်းရုံးရေးမှူးမှာ ငယ်ရွယ်စဉ်အချိန်မှ စတင်ကာ ဆင်းရဲလွန်းလှသော အာဖရိကန်–အမေရိကန် အိမ်နီးချင်းများကို ချီကာဂိုတွင် လူထုစည်းရုံးရေးမှူးလုပ်ပေးသူ သမ္မတဘာရက်အိုဘားမားဖြစ်ပါတယ်။ အစပိုင်းတွင် သူသည် လူတို့၏ နေထိုင်ပုံများအကြောင်း၊ လိုအပ်ချက်များအကြောင်းကို လေ့လာရန်အတွက် လူများစွာကို တစ်ဦးချင်း လိုက်လံပြောဆိုခဲ့ပါတယ်။ အောက်တွင်ဖော်ပြထားသော နည်းလမ်းများကို အသုံးပြုကာ အိုဘားမားသည် လူထုအဖွဲ့တစ်ခုကို တည်ထောင်ခဲ့ပြီး ဒေသတွင်းရှိ အခြားဘုရားကျောင်းများ၊ အသင်းအဖွဲ့များနှင့် ပူးပေါင်းကာ အစိုးရကို လှုံ့ဆော်ပြောဆိုခဲ့ပါတယ်။ လူအများစုပေါင်းပြီး သူတို့အဖွဲ့မှ ဒေသတွင်းရှိ ပန်းခြံများကို ရန်ပုံငွေချပေးရန်၊ ကလေးများအတွက် ပညာရေး အစီအစဉ်များ ပြုလုပ်ပေးရန်နှင့် အလုပ်လက်မဲ့များအတွက် အလုပ်အကိုင်သင်တန်းများပြုလုပ်ပေးရန် တောင်းဆိုခဲ့ကြပါတယ်။ အိုဘားမား၏ မြို့နယ်အနှံ့အောင်မြင်သော အခြားလုပ်ငန်းတစ်ခုမှာ နေရာသိဆယ်ကျော်သက်များအတွက် အလုပ်သင်တန်းများဖြစ်ပြီး အစိုးရအိမ်ယာများမှ အသက်အန္တရာယ်ရှိသော အဘက်စဘက်တော့ပါဝင်သော မျက်နှာကြက်များဖယ်ရှားရန် တောင်းဆိုတာလဲ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ အဆုံးတွင် သူကထိုကိစ္စရပ်များကို နိုင်ငံတော်အဆင့်အထိတက်ရောက်လှုပ်ရှားရမယ်လို့ ဆုံးဖြတ်ပြီး နိုင်ငံရေးလောကသို့ဝင်ရောက်ခဲ့ပါတယ်။

ယခုအပိုင်းမှ လူထုစည်းရုံးရေးဆိုင်ရာအဆင့်များကို အတိုချုံးဖော်ပြပါမယ်။ ဒီအချက်တွေကို မဟတ္တမဂန္ဒီကလည်း အိန္ဒိယတွင်သုံးခဲ့သလို တောင်အာဖရိကတွင် တက်ကြွလှုပ်ရှားသူများကလဲ အမျိုးသားရေးလှုပ်ရှားမှုများတွင် အသုံးပြုခဲ့ကြပါတယ်။ ဒီအကြောင်းအရာအတွက် အင်္ဂလိပ်စာအုပ်ပေါင်းများစွာရှိကြပြီး ယခုအခန်းတွင် အရင်းအမြစ်အချို့ကို စာရင်းပြုပေးထားပါတယ်။

လူထုကို စည်းရုံးရာတွင် ပါဝင်သောအချက်များမှာ –

- စည်းရုံးရေးကော်မတီတစ်ရပ် ဖွဲ့စည်းခြင်း
- အဓိကမူဝါဒများချမှတ်ခြင်း
- လူထုအတွင်းမှအဖွဲ့ဝင်များကို စုဆောင်းခြင်း
- လူထုပါဝင်လာအောင် ပြုလုပ်ခြင်း

**စည်းရုံးရေး ကော်မတီတစ်ရပ်ဖွဲ့စည်းခြင်း** – အကယ်၍ သင့်အဖွဲ့အစည်းက လူထုအတွင်း ကွန်ဒုံးဝေခြင်းနှင့် အိတ်ချ်အိုင်ဗွီပညာပေးခြင်း၊ သွေးစစ်ပေးခြင်းစသော လုပ်ငန်းလုပ်ဆောင်နေကြသော သက်တူရွယ်တူ ပညာပေးသူများ ရှိထားပါက လူထုကို လူ့အခွင့်အရေးများအကြောင်းပြောရန်အတွက် လူရှိပြီးသားဖြစ်နေပါလိမ့်မယ်။ ဒီလူတွေက စည်းရုံးရေးကော်မတီရဲ့ အဓိကဗဟိုချက်ဖြစ်ပါတယ်။

စည်းရုံးရေးကော်မတီဝင်များသည် သင်၏ စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းအတွက်လုပ်ဆောင်ဖို့ ဆုံးဖြတ်ထားတဲ့ စေတနာ့ဝန်ထမ်းတစ်စုပင်ဖြစ်ပါတယ်။ ထိုသူတွေက သင်အလုပ်လုပ်နေသော အိတ်ချ်အိုင်ဗွီ၏ အကျိုးဆက်ကို သက်ရောက်ခံစားနေရသော လူထုအတွင်းက လူအများစုဖြစ်သင့်ပါတယ်။ ဥပမာ– သင်က အိတ်ချ်အိုင်ဗွီဝေဒနာသည်အမျိုးသမီးများ၏အခွင့်အရေးအတွက် လုပ်ဆောင်နေပါက အိတ်ချ်အိုင်ဗွီပိုးရှိသော အမျိုးသမီးများသည် စည်းရုံးရေးကော်မတီ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်သင့်ပါတယ်။

ထိုသူများကို သင့်အနေဖြင့် ပြဿနာကိစ္စရပ်အတွက် သင်တန်းပေးခြင်း သို့မဟုတ် အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ခြင်းမှတစ်ဆင့် သတ်မှတ်ရှာဖွေနိုင်ပါတယ်။ လူများစွာကို စိတ်ဝင်တစားပါဝင်လာစေဖို့အတွက် သင့်အနေဖြင့် ပွဲများစွာကိုပြုလုပ်ရပါလိမ့်မယ်။ အလုပ်ရုံဆွေးနွေးပွဲအတွင်းမှာ လက်ရှိမူဝါဒတွေကို ဘယ်လိုပြောင်းလဲသင့်သလဲဆိုတာကို သင်တန်းသားတွေ ဘယ်လိုမြင်သလဲဆိုတဲ့ခေါင်းစဉ်ကို အချိန်ပေးဆွေးနွေးခိုင်းပါ။ သင်တန်းသားတွေရဲ့ အကြံပြုချက်တွေကနေ သင့်ရဲ့စည်းရုံးလှုံ့ဆော်မှုစီမံချက်ကို ပိုကောင်းအောင်ကူညီပေးနိုင်သလို သင်တန်းသားတွေထဲက ဘယ်သူက လက်ရှိပြဿနာအတွက် စိတ်ရင်းစေတနာပါတယ်၊ ဘယ်သူက သူတို့ရဲ့အတွေးအမြင်ကို ဖော်ပြတဲ့နေရာမှာတော်တယ် ဆိုတာကိုလည်း ကြည့်နိုင်ပါတယ်။ ဒီလူတွေက သင့်လှုပ်ရှားမှုအတွက် အလားအလာရှိတဲ့ ခေါင်းဆောင်တွေပါ။ အဖွဲ့အစည်း၊ လှုပ်ရှားမှု သို့မဟုတ် ညွန့်ပေါင်းအဖွဲ့အတွင်း ပါဝင်လိုချင်သူများရှိရင် အလုပ်ရုံဆွေးနွေးပွဲမှ ပါဝင်သူများကို ဖိတ်ခေါ်ပါ။ သူတို့နဲ့ဘယ်လိုအတူ စတင်လုပ်ဆောင်ရမယ်ဆိုတာကို နောက်လိုက်ပေးပါ။ ထိုသူများက ခေါင်းဆောင်အဖွဲ့ရဲ့ အဓိကအမာခံလူများဖြစ်ကြပါတယ်။

**အဓိကမူဝါဒများချမှတ်ခြင်း** – အမာခံခေါင်းဆောင်အဖွဲ့တွင် လူ(၅)ဦးခန့် အနည်းဆုံးရရှိလျှင် သူတို့ကိုအဓိကမူဝါဒများ ချမှတ်နိုင်ရန် အတူခေါ်ဆောင်ပါ။ နမူနာ မူဝါဒများမှာ–

- အိတ်ချ်အိုင်ဗွီရှိသော အမျိုးသမီးများသာ ကျွန်ုပ်တို့အဖွဲ့အစည်းကိုယ်စားပြောရေးဆိုခွင့်ရှိသည်။
- အားလုံးသော ဆုံးဖြတ်ချက်များကို မဲစနစ်ဖြင့်သာ ချမှတ်ရမည်။
- အဖွဲ့ဝင်အားလုံးသည် အခြားသူများ၏ စိတ်ကူးအတွေးအခေါ်များကို နားထောင်သင့်သည်။
- အစည်းအဝေးများတွင် ပါဝင်ကူညီခြင်း၊ မှတ်တမ်းရေးခြင်းများကို ကျွန်ုပ်တို့ အလှည့်ကျလုပ်ကြမည်။
- အစည်းအဝေးတိုင်းတွင် ကလေးသူငယ်ပြုစုရေးကို ထည့်သွင်းခြင်းဖြင့် အမျိုးသမီးများကို ပါဝင်လာစေမည်။

အထက်ဖော်ပြပါအချက်များမှာ နမူနာမျှသာဖြစ်ပြီး သင့်အဖွဲ့နှင့်သင့်လျော်သောအချက်များကို ထပ်မံဖြည့်စွက်နိုင်ပါတယ်။ အဖွဲ့နှင့်အတူ ခေါင်းဆောင်အဖွဲ့သည် ပြင်ပလူထုအဖွဲ့ဝင်များထံ ကွင်းဆင်းရေးအတွက် အချိန်တစ်ခု သတ်မှတ်နိုင်ပါတယ်။ သင့်အနေဖြင့် ခေါင်းဆောင်အဖွဲ့အတွက် ပုံမှန်အစည်းအဝေး(အနည်းဆုံးတစ်ပတ်တစ်ခါ)လုပ်နိုင်အောင် ထူထောင်ပေးသင့်ပါတယ်။ ပုံမှန်အစည်းအဝေးရှိစေရန် လိုအပ်ပါတယ်။ သင့်အနေဖြင့် ဆွေးနွေးစရာမရှိဟု ယူဆသော်လည်း တစ်ခုခုဆွေးနွေးရန်ပေါ်လာနိုင်ပါတယ်။ အဖွဲ့ဝင်အချင်းချင်းခိုင်မြဲသော လူမှုရေးဆက်နွယ်မှုတည်ရှိဖြစ်ထွန်းစေရန် အလွန်အရေးကြီးပါတယ်။

**လူထုတွင်းမှအဖွဲ့ဝင်များကို စုဆောင်းခြင်း**– လှုပ်ရှားမှုတစ်ခု၏ အခြေခံမှာ တစ်ဦးတစ်ယောက်ချင်းမှ စတင်ပါတယ်။ သူတို့ဟာ တရုတ်ပြည်တွင် အိတ်ချ်အိုင်ဗွီနှင့်နေသည်ဖြစ်စေ၊ အမေရိကန်တွင် ဆင်းရဲသောနေရာတွင် ပြဿနာဖြင့် တိုက်ရိုက်ဆက်နွယ်နေသည်ဖြစ်စေ အခြေခံမှာပါဝင်ပါတယ်။ လူထုစည်းရုံးခြင်းသည် အဖွဲ့ဝင်သစ်များကို စုဆောင်းခြင်းနှင့် ရှိပြီးသားအဖွဲ့ဝင်များကို ခေါင်းဆောင်များဖြစ်လာအောင် လေ့ကျင့်ပေးခြင်းတို့ပါဝင်သော ပုံသေဖြစ်စဉ်တစ်ခုပင်ဖြစ်ပါတယ်။ လူများစွာ အလုပ်လုပ်သောနေရာ၊ နေထိုင်သောနေရာများသို့ သွားရောက်ပြီး လူစုနိုင်ပါတယ်။ အချို့နေရာများတွင် လူထုစည်းရုံးရေးမှူးများက တစ်အိမ်တက်တစ်အိမ်ဆင်းတံခါးခေါက်ပြီး လူအများကို ပြဿနာရပ်အကြောင်း ပြောပြကြပါတယ်။ အခြားနေရာများတွင် စည်းရုံးရေးမှူးများက ဆံသဆိုင်များ၊ ဈေးများ၊ အရက်ဆိုင်များမှာ စည်းရုံးရေးဆင်းကြပါတယ်။ သင်၏ ခေါင်းဆောင်အဖွဲ့မှ တွေ့ဆုံသူများအနေဖြင့် တစ်ခါတွေ့တိုင်း လူဦးရေမည်မျှပါဝင်လက်မှတ်ထိုးလိမ့်မည်ဟူသော ဖြစ်နိုင်ချေရှိသည့် ဦးတည်ချက်မျိုး ချမှတ်ထားရှိသင့်ပါတယ်။ ဒါဟာ အောင်မြင်မှုကိုတိုင်းတာဖို့ အကူအညီပေးပါတယ်။

စုဆောင်းခြင်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် အောက်ပါတို့ကိုလည်း ပြုလုပ်ထားရှိသင့်ပါတယ်။

- လူတစ်ဦးကို တွေ့သည့်အခါတိုင်း ပြဿနာအကြောင်း နိဒါန်းပြောပြပါ၊ ဘာကြောင့် ဒီပြဿနာအတွက် လူထုကလုပ်ဆောင်ဖို့အတွက် အရေးကြီးကြောင်းပြောပါ။ သူ့ရဲ့ စိတ်ဝင်စားမှုကိုကြည့်ပြီး သူတို့တကယ်တမ်း စိတ်ဝင်စားပါက သင်၏အဖွဲ့နှင့်အတူ ပြဿနာအတွက် ပူးပေါင်းလုပ်ကိုင်နိုင်ကြောင်းပြောပါ။
- ပြဿနာအကြောင်းကို ရိုးရှင်းစွာဖြင့် အချက်အလက်များ၊ ပုံများဖြင့် ဖော်ပြထားသည့် လက်ကမ်းစာစောင်တစ်ခု။
- သင်ဆက်သွယ်ရရှိမည့် လူများ၏ စုပေါင်းလိပ်စာ( အမည်၊ ဖုန်းနံပါတ်၊ အိမ်လိပ်စာနှင့် အီးမေးလ်(ရှိခဲ့လျှင်) စာရွက်။ ထိုစာရွက်တွင် ထိုသူများအတွက် ကုတ်တစ်ခုထည့်သွင်းနိုင်ပါတယ်။ ဥပမာ–
- ပါဝင်နိုင်ချေအလွန်များ– ပြဿနာကို တကယ်စိတ်ဝင်စားပြီး တစ်ခုခုလုပ်ရန်အတွက် စိတ်အားထက်သန်သူများအတွက်
- ပါဝင်နိုင်ချေရှိသည်– ပြဿနာကို တစ်ဦးချင်းအနေဖြင့် စိတ်ဝင်စားသော်လည်း လုပ်ဆောင်ရန် ကတိကဝတ် အားနည်းသူ သို့မဟုတ် စိတ်အားမထက်သန်သူများအတွက်
- ပါဝင်ရန် ဖြစ်နိုင်ချေ မရှိသူတို့၏ လိပ်စာများပေးသော်လည်း စိတ်အားထက်သန်မှု ဖြစ်ပုံမပေါ်သူများအတွက် အစည်းအဝေး သို့မဟုတ် လုပ်ငန်းတွင် လူအများကိုဖိတ်ခေါ်ပြီး သူတို့ကို ပိုမိုသင်ယူပါစေ။

**လူထုပါဝင်လာအောင် ပြုလုပ်ခြင်း–** လူများကို သင်၏အဖွဲ့အစည်းတွင် ပါဝင်စေသည့် အဓိကနည်းလမ်းများနှင့် အရေးပါသည့်ကိစ္စများအတွက် သူတို့ကို ပေးလုပ်ခြင်းပင်ဖြစ်သည်။ ထိုအလုပ်များတွင် ဆုံးဖြတ်ချက်များအတွက် အကူညီတောင်းခံခြင်း (၎င်းသည် အဖွဲ့ဝင်များကို လှုပ်ရှားမှုသည် မိမိနှင့် သက်ဆိုင်သည်ဟူသော ပိုင်ရှင်စိတ်ဓာတ်ဖြစ်ပွားစေသည်)၊ အဖွဲ့ဝင်သစ်များရှာဖွေစေခြင်း ( သူတို့ထံ လက်ကမ်းစာစောင်များကိုစာတိုက်မှ ပေးပို့ခြင်း၊ ဆံသဆိုင်များ အရက်ဆိုင်များတွင် ပွဲများရှိပါက ထိုပွဲများတွင် ပါဝင်ရန်ခေါ်ဆိုခြင်း)၊ ပွဲများတွင် သင်နှင့်အတူပူးပေါင်းရန် ဖိတ်ခေါ်သော အလေ့အထမွေးပေးခြင်းနှင့် အာဏာရှိသူများကို လှုံ့ဆော်ပြောဆိုခြင်း၊ တာဝန်ပေးအပ်ခြင်း (အရိုးဆုံးအနေဖြင့် ပွဲများတွင် လူများကို နှုတ်ဆက်ညှိနှိုင်းခြင်းမှသည် အရေးပါဆုံးသော သတင်းစာရှင်းလင်းပွဲအတွက် မှုအကြမ်းတွင်ပါဝင်ခြင်း) တို့ ပါဝင်ပါတယ်။

လူတစ်ဦးကို သင်အနေဖြင့် တာဝန်အသစ်တစ်ခု မပေးအပ်မီ သူတို့ဘာကို ဘယ်လိုလုပ်မယ်ဆိုတာ မျှော်လင့်ကြောင်းနှင့် ဘယ်လိုလုပ်သင့်တယ်ဆိုတာကို သေချာအောင်ပြောပါ။ အကယ်၍ တစ်ဦးဦးက သင့်လှုပ်ရှားမှုအတွက် အများရှေ့တွင် ကိုယ်စားပြုမည်ဆိုပါက သူ့ကို လေ့ကျင့်ပေးရန်လိုအပ်ပြီး အခြားလူများနှင့် သူဘယ်လို၊ ဘယ်လောက် ပြောဆိုနိုင်စွမ်းရှိတယ်ဆိုတာကို ကြိုတင်သုံးသပ်ပါ။

လူထုစည်းရုံးခြင်း၏ အရေးပါသောကဏ္ဍမှာ ခေါင်းဆောင်များမွေးထုတ်ခြင်း ဖြစ်ပါတယ်။ သင့်အနေဖြင့် အဖွဲ့အစည်းအတွင်း မည်သူကတာဝန်အသစ်တစ်ခုကို လက်ခံယူနိုင်မည်၊ သူ၏ အားသာချက်၊ လုပ်ကိုင်နိုင်မှုများကို သင်ယူနိုင်မည်ကို အမြဲကြည့်နေသင့်ပါတယ်။ လူတစ်ဦးမှ ခေါင်းဆောင်တာဝန်သစ်တစ်ခုကို တာဝန်ယူရာတွင် ထိုသူသည် လေ့ကျင့်မှု(သင်တန်း)လိုအပ်ပြီး ပြင်ဆင်မှုများလည်း လိုအပ်ပါတယ်။ လူတစ်ဦးက ခေါင်းဆောင်နေရာသစ်တစ်ခုကို ယူလိုက်တိုင်း သူ့အနေဖြင့် မည်သည်ကကောင်းကောင်းလုပ်နိုင်ခဲ့ပြီး မည်သည်က ပိုမိုကောင်းမွန်အောင် နောက်အခါ ဘယ်လိုလုပ်သင့်သည်ဟူသော အကြံပြုချက်၊ ဝေဖန်ချက်တွေရရှိဖို့ လိုအပ်ပါတယ်။

လူထုစည်းရုံးရေး၏ အရေးပါသော သော့ချက်တစ်ခုမှာ အများပြည်သူတက်ရောက်နိုင်မဲ့ အခမ်းအနားပွဲများကို စဉ်ဆက်မပြတ် လုပ်ပေးခြင်းဖြစ်ပါတယ်။ ဒီလိုအခမ်းအနားတွေကနေ သင့်အဖွဲ့ကို ပိုမိုခိုင်မာစေပြီး လုပ်နိုင်မှုစွမ်းရည်တွေလဲ တိုးလာမှာဖြစ်ပါတယ်။

**ဖြစ်စဉ်လေ့လာချက်–** လူထုအား တက်ကြွပါဝင်လာအောင် စည်းရုံးခြင်း

ဆန်နီပန့်သည် နီပေါနိုင်ငံရှိ ဗိန်ပြာအဖွဲ့၏ထူထောင်သူနှင့်ဥက္ကဋ္ဌဖြစ်ပြီး လိင်တူချစ်သူအမျိုးသမီးများ၊ အမျိုးသားများ၊ လိင်နှစ်ခုလုံးစိတ်ဝင်စားသူများ၊ လိင်ပြောင်းလဲထားသူများ၊ လိင်ကွဲဆက်ဆံသူများ (လူ ၃သိန်းကျော်) အတွက် မျိုးဆက်ပွားကျန်းမာရေးနှင့် လူ့အခွင့်အရေးလုပ်ငန်းများ လုပ်ကိုင်နေသူဖြစ်ပါတယ်။ သူဟာ လိင်တူဆက်ဆံသူ အမျိုးသားအဖြစ် ပထမဆုံးဖွင့်ဟဝန်ခံခဲ့ပြီး နီပေါနိုင်ငံပါလီမန်နှင့်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးတွင် ပါဝင်ခွင့်ရသောသူလည်း ဖြစ်ပါတယ်။ ၂၀၀၇ ခုနှစ်မှာ နိုင်ငံတကာဆိုင်ရာလိင်တူဆက်ဆံသူအမျိုးသား၊ အမျိုးသမီးများဆိုင်ရာ လူ့အခွင့်အရေး ကော်မရှင်ကပေးအပ်သော ခွန်အားရှင်ဆုကို ရရှိခဲ့ပါတယ်။

ဆန်နီနှင့်သူ့အပေါင်းအပါများသည် စစ်အစိုးရက တိုက်ခိုက်ထိုးနှက်ခြင်းခံရသော လိင်တူချစ်သူများကွန်ယက်

များအတွက် ခြိမ်းခြောက်မှု၊ ထောင်ဒဏ်အမှုများကြားက နိုင်ငံနှင့်တဝှမ်းလုံးမှာ လုပ်ကိုင်ပေးခဲ့ပါတယ်။ ဥပဒေ အကာအကွယ်ကင်းမဲ့ခြင်းနှင့် သမရိုးကျ မိရိုးဖလာယုံကြည်မှုများက လိင်တူချစ်သူများ၏ အခွင့်အရေးကို ချိုးဖောက် စေသော အကြမ်းဖက်မှုတွေကို အစပျိုးစေခဲ့ကြပါတယ်။ အဖွဲ့ဝင်အတော်များများဟာ ဖမ်းဆီးခံကြရပြီး ထောင်ချလည်း ခံကြရပါတယ်။ လိင်ပြောင်းလဲထားသူများမှာ ညှဉ်းပန်းနှိပ်စက်ခြင်း၊ ခြိမ်းခြောက်စာပို့ခံရခြင်း၊ အဓမ္မပြုခံရခြင်းနှင့် အခြားသော အကြမ်းဖက်မှုများစွာ ကြုံကြရပါတယ်။

နီပေါမှာလုပ်ဆောင်ခဲ့တဲ့ အောင်မြင်ခဲ့တဲ့ လှုပ်ရှားမှု အစီအစဉ်တစ်ခုအကြောင်း ဥပမာအနေနဲ့ ပြောပြပေးချင်ပါတယ်။

ကျွန်တော်တို့ဟာ လိင်တူချစ်သူများနှင့် လိင်တူဆက်ဆံသူ အမျိုးသားထုကို သင်တန်းပေးခြင်း၊ စောင့်ကြည့်ပေးခြင်းဖြင့် အားဖြည့်ပေးပါတယ်။ မဟာဗျူဟာမြောက်ခေါင်းဆောင်များ မွေးထုတ်ခြင်းအစီအစဉ်က အလွန်အောင်မြင်ပြီး သူတို့ရဲ့ ယုံကြည်ချက်၊ မိမိကိုယ်မိမိ ရပ်တည်မှု၊ အနာဂတ်အမြင်၊ လူထုအတွင်း စကားပြောခြင်းစွမ်းရည် စတာတွေ တိုးတက်လာပါတယ်။ ကျွန်တော်တို့ရဲ့ မီဒီယာလှုပ်ရှားမှုက ရုပ်မြင်သံကြားကတဆင့် လိင်တူဘဝတွေအကြောင်း ပြောဆိုခြင်း အစီအစဉ်မှတဆင့် လူထုကို လိင်တူချစ်သူများ၏အရေးကိစ္စကို ယဉ်ပါးအောင် လုပ်ဆောင်နိုင်ခဲ့ပါတယ်။ ဥပဒေနှင့် အခြေခံဥပဒေ လှုပ်ရှားမှုများကနေ နီပေါနိုင်ငံအတွက် သမိုင်းတွင်မည့် ဆုံးဖြတ်ချက်အဖြစ် တရားရုံးချုပ်က လိင်တူချစ်သူများအတွက် ပြည့်ဝသောအခွင့်ရစေရန် တာဝန်ခံပေးခဲ့ပါတယ်။

သင့်အနေနဲ့ နိုင်ငံတကာ လူ့အခွင့်အရေး လုပ်ငန်းစဉ်တွေ သို့မဟုတ် လမ်းစဉ်တွေကို လိင်တူချစ်သူတွေအတွက်။ အိတ်ချ်အိုင်ဗွီအလုပ်အတွက် အသုံးပြုခဲ့ပါသလား။ အဲဒီက တန်ဖိုးထားမှုနဲ့ရလဒ်တွေက ဘာတွေလဲ။

ဟုတ်ကဲ့။ နိုင်ငံတကာက လူ့အခွင့်အရေးစောင့်ကြည့်သူများ၊ တက်ကြွလှုပ်ရှားသူများက နီပေါအစိုးရကို စာတွေနဲ့ ကမ်းလှမ်းရေးသားကြပါတယ်။ အချုပ်ခန်းတွေကို လူလွှတ်ပြီးစောင့်ကြည့်နိုင်းပါတယ်။ နီပေါတွင် လိင်တူချစ်သူများအတွက်လေးစားမှုပေးရန် နိုင်ငံတကာကနေ ဖိအားပေးလုပ်ဆောင်ခဲ့ပြီး သူတို့ကိုအချုပ်မှ လွှတ်မြောက်စေရန် ကြိုးပမ်းပေးခဲ့ပါတယ်။ (ဥပမာ– ၂၀၀၃ ဩဂုတ်လတွင် လိင်တူဆက်ဆံသူအမျိုးသား၊ လိင်ပြောင်းထားသူ ၃၉ဦးကို ပြစ်မှုထင်ရှားမရှိဘဲ ၁၃ရက်ကြာဖမ်းဆီးခြင်း)။

ရှေ့တန်းတိုက်ခိုက်ရေးမှူးများ ဆောင်းပါး (http://www.frontlinedefenders.org/node/1991)နှင့် အပြောင်းစိန် အင်တာနက်စာမျက်နှာမှ မှီငြမ်းထားပါသည်။

**ထုတ်ဝေခြင်းများ**

သင်၏ သတင်းကို ထုတ်ပြန်ရန်အတွက် နည်းလမ်းများစွာရှိပါတယ်။ အကောင်းဆုံးနည်းလမ်းကတော့ ဒေသနဲ့ လိုက်လျောညီထွေရှိပြီး လူသိများတဲ့ နည်းလမ်းကိုသုံးကာ မိမိလိုချင်လွှမ်းမိုးချင်တဲ့ စည်းရုံးလှုံ့ဆော်မှု ပစ်မှတ်ထံရောက်ဖို့သာ ဖြစ်ပါတယ်။ သတင်းမီဒီယာများက ဓာတ်ပုံကောင်းကောင်းဖြင့် ခေါင်းကြီးပိုင်းတွင် ကြီးမားသော လှုပ်ရှားမှုမျိုးကို ဖော်ပြလိုကြပါတယ်။ ဒါဟာလည်း သင့်ပြဿနာရပ်ကို လူတွေစိတ်ဝင်စားလာအောင် ဆွဲဆောင်ခြင်း တစ်မျိုးပါ။ သို့သော် နေရာတိုင်းတွင် လူထုစည်းရုံးမှုလုပ်ငန်းတိုင်းဟာ မလုံခြုံနိုင်ပါ။ အချက်အလက်အချို့ကို ဖော်ပြထားပါတယ်။

■ သရုပ်ဖော်တင်ဆင်မှု အနုပညာ– လူအနည်းငယ်ပါဝင်ပြီး လူအများ၊ သတင်းမီဒီယာများ၏ စိတ်ဝင်စားမှု ရရှိလာအောင် မှတ်မိလွယ်သော မြင်ကွင်းတစ်ခုကို အတွေးနှစ်ခွမဖြစ်စေရအောင် သရုပ်ဖော်တင်ဆက်ခြင်း။ ဥပမာ– ဘာလီကျွန်းရှိ မူးယစ်ဆေးသုံးသူများ IKON အဖွဲ့သည် လမ်းမပေါ်တွင် ဖိနပ်တစ်ဒါဇင်ကို ပြသထားပြီး ဆေးမရရှိ၍ သေဆုံးသွားသူများကို ကိုယ်စားပြုကြောင်း သရုပ်ပြခဲ့ကြပါတယ်။

■ လွှတ်လပ်ပေါ့ပါးသော သင်ကြားပို့ချမှုက လူထုအဖွဲ့ဝင်အများကြီးကို တစ်ပါတည်းဆွဲခေါ်ပြီး လေ့လာမှုသင်ယူမှုတွေ ဖလှယ်စေပြီး သက်ဝင်လှုပ်ရှားတဲ့ ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပေးပါတယ်။

■ လမ်းဘေးပြဇာတ် သို့မဟုတ် လှုပ်ရှားမှုပြဇာတ်က လူထုတွင်းက လူသစ်များကိုထိစပ်နိုင်ဖို့အတွက် ခြိမ်းခြောက်မှုမရှိသော နည်းလမ်းတစ်ခု ဖြစ်ပါတယ်။

■ ရိုးရာလက်မှုပစ္စည်းများ– အေအိုင်ဒီအက်စ် ခြုံလွှာစောင်သည် အမေရိကတွင် အိတ်ချ်အိုင်ဗွီနှင့်သေဆုံးသူများကို ရည်စူးပြုလုပ်သော အမြတ်တနိုးအထိမ်းအမှတ်ပစ္စည်းတစ်ခုဖြစ်ပါတယ်။ မိသားစုဝင်များ၊ လုပ်ဖော်ကိုင်ဖက်များ၊ မိတ်ဆွေများက စတုရန်းပုံ ခြုံလွှာစောင်ငယ်များစွာကိုပြုလုပ်ကြပြီး စတုရန်းပုံစံအကြီးကြီးဖြစ်အောင် စုလေ့ရှိကြပါတယ်။ ဒါဟာ အမေရိကန်တွင် ကပ်ရောဂါကြီးကို မဆန့်ကျင်သောနည်းဖြင့် တုန့်ပြန်ခြင်းပင်။ သင့်လူထုအတွင်းမှာလည်း အလားတူ ရိုးရာလက်မှုပစ္စည်းတွေကို အသုံးပြုနိုင်ပါတယ်။

■ ဖယောင်းတိုင်ထွန်းညှိ ဝတ်ပြုဆုတောင်းပွဲသည်လည်း သေဆုံးသွားသူများအတွက် သတိရခြင်းအတွက်ငြိမ်းချမ်း

သောနည်းဖြင့် ပြုလုပ်ခြင်းဖြစ်ပါတယ်။

- ပံ့ပိုးပေးမည့် စီးပွားရေးလုပ်ငန်းများကို စာရင်းပြုခြင်း – ၎င်းသည် လူထုအဖွဲ့ဝင်များအား စနစ်ကျသောလုပ်ဆောင်မှုတစ်ခု ကိုလုပ်စေပြီး လူထုအား ခွဲခြားခြင်းမရှိသော စီးပွားရေး လုပ်ငန်းများကို ဂုဏ်ပြုတဲ့ပုံစံတစ်ခု ဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်း များကို ရွှေရောင်ကြယ်ပွင့်အဆင့်များ သတ်မှတ်ခြင်း၊ အပြုံးမျက်နှာများဖြင့်ဖော်ပြခြင်း သို့မဟုတ် သက်တန့်ရောင် ကပ်ခွာများဖြင့် အိမ်ပြတင်းပေါက်များတွင် ပြသထားခြင်းဖြင့် ထိုစီးပွားရေးလုပ်ငန်းများသည် တရားမျှတသည်၊ အကျင့်သိက္ခာ စောင့်စည်းကြသည်ဟု ဖော်ပြရာရောက်ပါတယ်။
- သပိတ်မှောက်ခြင်းသည် လူထုကို သက်ဝင်လှုပ်ရှားစေသည့် နည်းလမ်းတစ်ခုဖြစ်ပြီး ယင်းသည် နိုင်ငံရေး မဟုတ်ပါ။ မည်သို့ပင် ခွဲခြားဆက်ဆံစေကာမူ လူထုသည်သူတို့၏ငွေများကို မည်သည့်နေရာတွင် အသုံးပြုမည်ကို ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။ သူတို့ရဲ့ အသိမိတ်ဆွေကို ကောင်းမွန်ပျူငှာစွာဆက်ဆံရန် ငြင်းဆိုသောဆိုင်မှ သူတို့ခေါက်ဆွဲတစ်ပွဲဝယ်ချင်ပါ့မလား၊ သို့မဟုတ် အိတ်ချ်အိုင်ဗွီရှိသူကို အလုပ်ထုတ်လိုက်သော ဆေးဆိုင်မှဆေးကို ဝယ်ချင်ပါ့မလား။ သပိတ်မှောက်ခြင်းဟာ သီးသန့်မိတ်ဆွေတွေအတွက်ဖြစ်နိုင်သလိုဖြစ်သော်လည်း သင့်မိတ် ဆွေများ၊ စီးပွားရေးလုပ်ငန်းများကို ဦးတည်သော အများပြည်သူလှုပ်ရှားမှုများလဲ ဖြစ်နိုင်ပါတယ်။ ဒါဟာ လူထုကို အင်အားဖြည့်တင်းပေးရာကျပြီး သင်၏ အစွမ်းပကားကို ပြသရာလည်းရောက်ပါတယ်။ ဥပမာ– ၂၀၀၇တွင် ထိုင်းနိုင်ငံတွင် Abbott Laboratories မှ ဆေးဝါးများတင်သွင်းရာတွင် မှတ်ပုံတင်မတင်ခြင်းနှင့် ဆေးဝါးသစ်များကို တရားဝင်မှတ်ပုံတင်ရန်ငြင်းပယ်ခြင်းအတွက် ၎င်းကုမ္ပဏီမှတင်သွင်းသော ပစ္စည်းများကို တစ်ကမ္ဘာလုံးကသပိတ်မှောက်ရန် ‌ဆောင်းဆိုခဲ့ပါတယ်။ ကုမ္ပဏီက ထိုင်းအစိုးရမှ opinavir/ritonavir (Kaletra) ဆေးကို မဖြစ်မနေလိုင်စင်ထုတ်ပေးခြင်းကိုဒေါသထွက်လို့ ဒီလိုလုပ်ဆောင်တာဖြစ်ပါတယ်။
- နိုင်ငံတကာ စည်းလုံးခြင်းနေ့ အထိမ်းအမှတ်ပွဲသည်လည်း နိုင်ငံတကာမှ သင်၏ပြဿနာကို စိတ်ဝင်စားလာစေမယ့် စုစည်းမှုတစ်ခုဖြစ်ပါတယ်။ ဥပမာ– မြို့များစွာ၊ နိုင်ငံများစွာမှ မဟာမိတ်အဖွဲ့များစွာကို ဖိတ်ကြားပြီး သင့်တိုင်းပြည်ရှိ သံရုံးများကို စာရေးပို့ရန်တောင်းဆိုခြင်း သို့မဟုတ် ဓာတ်ပုံများ၊ ဆောင်းပါးများကို အင်တာနက် စာမျက်နှာတွင်တင်ကြရန် တိုက်တွန်းခြင်းများလုပ်၍ နိုင်ငံတကာမှ စိတ်ဝင်စားမှုကို ရယူနိုင်ပါတယ်။
- ဆန္ဒပြပွဲများ– ဒီလှုပ်ရှားမှုသည် လူအများကို ပြည်သူ့ရေးရာကိစ္စတစ်ခုအတွက် ညီညီညွတ်ညွတ်ဖြင့် တိုက်ရိုက်ဆန္ဒဖော်ထုတ်ခြင်းသာဖြစ်ပါတယ်။ ဥပမာ– အမေရိကန်သမ္မတ၊ ထိုင်းပြည်သူ့ကျန်းမာရေးဝန်ကြီး၊ Pfizer ဆေးကုမ္ပဏီ သို့မဟုတ် ကက်သလစ်ဘုရားကျောင်းတစ်ခု။

မှတ်သားသင့်သည်မှာ ပြည်သူ့လုပ်ဆောင်ချက်တိုင်းတွင် အာဏာပိုင်များနှင့် ညှိနှိုင်းရန် အရေးကြီးပါတယ်။ ဥပမာ– သင်ကတစ်နေရာမှ ယာဉ်သွားယာဉ်လာများသော အခြားနေရာသို့လမ်းလျှောက်ပွဲတစ်ခုလုပ်ခြင်းမျိုး။ ထိုအခါ သင်စဉ်းစားစရာ မေးခွန်းများစွာ ရှိပါတယ်။

- ကျွန်တော်တို့ ပန်းခြံတစ်ခုအတွက် သို့မဟုတ် ပိုင်ဆိုင်မှုတစ်ခုအတွက် ခွင့်ပြုမိန့်တောင်းရန်လိုပါသလား။
- ကျွန်တော်တို့နိုင်ငံတွင် အစည်းအဝေးပွဲများအတွက် လူအရေအတွက်တစ်ခု အကန့်အသတ်ထားသော ဥပဒေများ ရှိပါသလား။
- ကျွန်တော်တို့ လမ်းလျှောက်မည့် လမ်းကြောင်းတစ်လျှောက်တွင် ရဲများ၏ပူးပေါင်းမှုလိုအပ်ပါသလား။
- ဖြစ်နိုင်ခြေရှိသော ဆိုးကျိုးများက ဘာတွေလဲ၊ ၎င်းတို့ကို ဘယ်လိုနည်းနဲ့ အနည်းဆုံးဖြစ်အောင်လုပ်မလဲ။
- အရေးပေါ်အခြေအနေမှာ အကူအညီရယူရန် ရှေ့နေတစ်ယောက်ကို အဆင်သင့်ဘယ်လိုရရှိမလဲ။

ဆန္ဒပြပွဲသည် လူစည်ကားသောနေရာကျင်းပပြီး လူအနည်းငယ်သာပါဝင်ပါက အထင်ကြီးစရာမရှိပါ။ ထိရောက်တဲ့ ဆန္ဒပြပွဲအတွက် နေရာကျဉ်းကျဉ်းတွင်လုပ်ခြင်း သို့မဟုတ် အချိန်လပေါင်းများစွာယူပြီး လူထုကို စည်းရုံးသိမ်းသွင်းခြင်းများ လိုအပ်ပါတယ်။

- တိုက်ရိုက်လုပ်ဆောင်ချက်– တချို့အဖွဲ့များက တရားမဝင်သော်လည်း ပြဿနာကို ရုတ်ချည်းစိတ်ဝင်စားမှု ရရှိအောင် တိုက်ရိုက်လုပ်ဆောင်ချက်တွေ လုပ်ကြပါတယ်။ ဥပမာ– တက်ကြွလှုပ်ရှားအဖွဲ့သည် အဖမ်းခံရမည်ကိုသိသော်လည်း အများပိုင်အဆောက်အဦတွင် သူတို့၏တံဆိပ်အကြီးကြီးတပ်ကာ သတင်းများဖြန့်ထားပါတယ်။ နယူးယောက်မြို့တွင်လည်း ၎င်းအဖွဲ့သည် မြို့တော်၏ အဓိကရထားဘူတာ Grand Central Station တွင် လူစည်ကားချိန်တွင် နေရာယူထားပါတယ်။ သူတို့က ဓာတ်ရထားအချိန်ဇယားကိုကွယ်ပြီး အေအိုင်ဒီအက်စ်အတွက် ရံပုံငွေစုပါ၊ စစ်အတွက်မစုပါနဲ့ဟူသော စာပါသည့်စာတန်းကို နံရံတွင်ကပ်ထားပါတယ်။ သူတို့ဟာ အသံကျယ်တဲ့ခရာကိုသုံးပြီး တက်ကြွသူများက သေနေသည့်ဟန် ကြမ်းပြင်တွင်လှဲချကြပါတယ်။

ဒီလိုနဲ့ လမ်းသွားသူများ လမ်းဆက်လျှောက်လို့မရတော့ဘဲ သူတို့ရဲ့သတင်းကို မကြားကြားအောင် တွန်းအား ပေးသလိုဖြစ်ပါတယ်။ ဤကဲ့သို့ အန္တရာယ်များသောလုပ်ရှားမှုကို လုပ်ဆောင်သူတွေဟာ အထောက်အပံ့ အဖွဲ့တွေ လိုအပ်ပါတယ်။ တခါတရံတွင် အဖမ်းခံရနိုင်သည့် အခြေအနေများအတွက် ရှေ့နေများလိုပါတယ်။

တခါတရံမှာ ပြည်သူ့အရေးလှုပ်ရှားမှု လုပ်တဲ့နေရာမှာ အဖွဲ့အစည်းတစ်ခုအတွင်းမှာလူတွေ ဒါမှမဟုတ် မဟာမိတ်အဖွဲ့တွေက ကဏ္ဍများစွာကို တာဝန်ယူပေးကြရပါတယ်။ တချို့က လူတွေဘယ်ကိုသွားမယ်ဆိုတာသိအောင် ထောက်ပံ့ပို့ဆောင်ရေးကို အာရုံစိုက်ရပြီး၊ တချို့က အစားအသောက်အတွက် ပြင်ဆင်ရပါတယ်။ အချို့က အခြား ထင်ရှားတဲ့လူတွေကို ပါဝင်လာအောင် ဖိတ်ကြားရပါတယ်။ အချို့က မီဒီယာကို အာရုံထားရပြီး သတင်းထုတ်ပြန်ချက် တွေအတွက် ပြင်ဆင်ရပါတယ်။ တပြိုင်နက်ထဲမှာ အချို့က ဆန္ဒပြတဲ့အထဲမှာ အခြားသူများထက် အန္တရာယ်ကို အတင့်ရဲစွာ ရင်ဆိုင်ပါဝင်ကြရပါတယ်။

## ဖြစ်စဉ်လေ့လာချက်– ဆေးကုသမှုရရှိရန်အတွက် ထိုင်းတို့၏ စုရုံးမှု

ထိုင်းနိုင်ငံ အိတ်ချ်အိုင်ဗွီရှိသူများ (TNP+)ကွန်ယက်၏ အစောပိုင်းကာလတွင် ထိုင်းနိုင်ငံက ရောဂါသည် များအတွက် antiretroviral therapy ဆေးဝါးကုသမှု မရှိပါဘူး။ ဒီဆေးဟာ ချမ်းသာသော ကမ္ဘာ့တောင်ဘက်ခြမ်း တိုင်းပြည်များက လူတွေသာရရှိနိုင်ပြီး အသက်များစွာကို ကယ်ဆယ်နိုင်ခဲ့ပါတယ်။ TNP+နှင့် အခြားအန်ဂျီအိုများဟာ ရာပေါင်းများစွာသော ရောဂါသည်များကို စုစည်းပြီးအုပ်စုဖွဲ့ကာ ထိုင်းပြည်သူ့ကျန်းမာရေး ဝန်ကြီးဌာနကို စုရုံးဆန္ဒ ပြခဲ့ကြပါတယ်။

ဝန်ကြီးထံ သူတို့အဓိကတောင်းဆိုတာကတော့ ထိုင်းအစိုးရကနေအာနိသင်ရှိပြီး ဈေးကွက်ထဲမှာ ဝယ်ယူရ ခက်ခဲသော ဒီဆေးအတွက် မဖြစ်မနေလိုင်စင်ထုတ်ပေးရန်ဖြစ်ပါတယ်။ ထိုင်းနိုင်ငံမှာ အိတ်ချ်အိုင်ဗွီအတွက် ဝန်ထုပ်ဝန်ပိုး များစွာရှိနေပြီး လူရာပေါင်းများစွာဟာ ဆေးကုသမှုမရရှိပဲ သေဆုံးနေခဲ့ကြပါတယ်။

သူတို့ဟာ ပေါင်းစည်းညီညွတ်ခြင်းဆိုတဲ့ အဓိပ္ပာယ်ဆောင်သည့် တီရှပ်များကိုဝတ်ဆင်ကြပြီး အဲဒီသတင်း အချက်ကို သင်္ကေတများ၊ အလံများနှင့် ဖော်ပြခဲ့ကြပါတယ်။ သူတို့က စုရုံးဆန္ဒဖော်ထုတ်ပွဲမှာ လူအမျိုးမျိုးကို ပါဝင် ဟောပြောစေပြီး TNP+အဖွဲ့က ဘာကိုအလေးထားတောင်းဆိုတယ်ဆိုတာကို အများပြည်သူကို သိရှိစေခဲ့ပါတယ်။ သူတို့ကသတင်းကို ဝန်ကြီးထံပေးပို့တာဖြစ်ပြီး သူတို့သတင်းကို မကြားနာမချင်းမထွက်ခွာကြဟု ညီညွတ်စွာတိုင်ပင် ထားကြပါတယ်။ ဆောင်းရာသီဖြစ်နေသော်လည်း လူပေါင်းများစွာဟာ ညပေါင်းများစွာ လမ်းပေါ်မှာအိပ်ခဲ့ကြပါတယ်။ အဆုံးတွင် ဝန်ကြီးမှထွက်တွေ့ပြီး ဆန္ဒပြသူလူစုကို သူတို့ကျေနပ်တဲ့အထိ လုပ်ဆောင်ပေးဖို့ အချိန်တစ်ခုပေးခဲ့ပါတယ်။

## ညွန့်ပေါင်းအဖွဲ့များ ဖွဲ့စည်းခြင်း

တရုတ်နိုင်ငံ၏ အလယ်ခေတ် မင်းဆက်သုံးဆက်ခေတ်တွင် ဆယ်စုနှစ်ပေါင်းများစွာ ပြိုင်ဘက်အဖွဲ့များကြား စစ်ပွဲတစ်ခု ဖြစ်ပွားခဲ့ကြပါတယ်။ စစ်ပရိယာယ်ကြွယ်သော ဇွီးလိုင်က သူပုန်ဘက်ကိုဦးဆောင်ပြီး ဝန်ကြီးချုပ် အာဏာ ကြီးစိုးနေသော ဝေတပ်မတော်ကြီးကို တိုက်ခိုက်ခဲ့ကြပါတယ်။ စစ်ပွဲရှည်ကြီး၏ အရေးကြီးသော ကာလတစ်ခုအတွင်း မဟာမိတ်အဖွဲ့များက အကြံပေးသူအနည်းငယ်လောက်သာရှိတဲ့ ဇွီးလိုင်တပ်စွဲထားတဲ့မြို့သို့သွားသော အရေးကြီး လမ်းကြောများကို ပိတ်ဆို့ရန် မလုပ်နိုင်ခဲ့ပါ။ ဝေတပ်မတော်ကြီးက ထိုမြို့ကို ဝိုင်းထားခဲ့ပါတယ်။

ကြောက်လန့်သောစိတ်ဖြင့် ဇွီးလိုင်က သူ့စစ်သားအနည်းငယ်ကို မြို့၏တံခါးများအားလုံးကို ဖွင့်ပေးရန် အမိန့်ပေးခဲ့ပါတယ်။ စစ်သားများကိုလည်း အရပ်သားများကဲ့သို့ ဝတ်ဆင်ထားပြီး မြို့လမ်းမများတွင် တံမျက်စည်းလှဲဟန် နေရန် မှာခဲ့ပါတယ်။ ဇွီးလိုင်ကိုယ်တိုင်က မြို့တံခါးဝနားမှာ ထိုင်နေခဲ့ပြီး ကလေးငယ်နှစ်ဦးနဲ့အတူ ပြုတ်တူနဲ့ ကစားနေပြီး သူပြောသမျှကို ကလေးငယ်တွေက နားထောင်နေခဲ့ပါတယ်။ ဝေတပ်မတော်ကြီးက မြို့ထဲရောက်လာတော့ စစ်သူကြီး ဆီမရီက အဲဒီလိုအေးဆေးတဲ့ မြင်ကွင်းကိုတွေ့ခဲ့ပါတယ်။ ဇွီးလိုင်က မြို့ရိုးတစ်လျှောက် လက်နက်အပြည့်နဲ့နေရာစုံကနေ ခုခံမယ်လို့ ထင်မှတ်လိုက်တဲ့အတွက် စစ်သူကြီးက ဝေစစ်တပ်ကြီးကို နောက်ဆုတ်ရန် အမိန့်ပေးခဲ့ပါတယ်။

ဒီပုံပြင်က ရရှိလိုက်တဲ့သင်ခန်းစာကတော့ အင်အားသေးငယ်တဲ့ လူတချို့ဟာ သူတို့ကိုပိုအင်အားကြီးမားပုံ ပေါက်အောင် လုပ်တဲ့နည်းတွေရှာနိုင်တယ်ဆိုတာပါပဲ။ တကယ်တော့ ဇွီးလိုင်အတွက် ယုံကြည်စိတ်ချရတဲ့မဟာမိတ် ကောင်းတွေသာ အစကတည်းကရှိခဲ့ရင် ဒီလိုအဖြစ်မျိုးတောင်ရောက်မှာ မဟုတ်ပါဘူး။

မဟာမိတ်တွေဆိုတာ တစ်ဦးချင်း သို့မဟုတ် အဖွဲ့လိုက်စုပေါင်းပြီး သင်ရဲ့စည်းရုံးလှုံ့ဆော်မှုပန်းတိုင်ကိုရောက် အောင် စုပေါင်းလုပ်ဆောင်ကြသူတွေပါ။ သူတို့က

- အန်ဂျီအို၊ ဒေသတွင်း လူမှုရေးအဖွဲ့အစည်းများ

- အစိုးရ ရုံးအရာရှိများ
- အလှူရှင်များ
- ကမ္ဘာ့ကုလသမဂ္ဂအရာရှိများ
- ပညာရှင်များ
- ကျောင်းသားအဖွဲ့များ
- သတင်းမီဒီယာများနှင့် အခြားအဖွဲ့များ ဖြစ်နိုင်ပါတယ်။

လူ့အခွင့်အရေးတောင်းဆိုသူများဟာ ဒေသတွင်း၊ နိုင်ငံတွင်းနှင့်နိုင်ငံတကာအဆင့်ရှိ မဟာမိတ်အဖွဲ့ပေါင်းများစွာကို မှီခိုအားထားကြရပါတယ်။ ဘာကြောင့်လဲဆိုတော့ အခွင့်အရေးတောင်းဆိုသော အလုပ်သည် ရေရှည်လုပ်ငန်းဖြစ်ခြင်း၊ တစ်ခါတရံ အငြင်းပွားစရာများရှိခြင်း၊ တစ်ဦးတစ်ယောက် တစ်ဖွဲ့တည်းဖြင့်မပြီးတဲ့ ကျွမ်းကျင်မှုနည်းပေါင်းစုံလိုအပ်ခြင်းတို့ကြောင့်ဖြစ်ပါတယ်။ အောက်ခြေတွင် စွန့်ပယ်ခံထားရသော၊ ဥပဒေနှင့်ညီစွန်းနေသော လူများနှင့် ပတ်သက်လုပ်ဆောင်နေပြီး ရံပုံငွေနှင့်နိုင်ငံရေးအထောက်အပံ့ရရှိမှုမရှိသော အဖွဲ့အစည်းများတွေအနေနဲ့အောင်မြင်သော စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းတွေလုပ်ဖို့အတွက် မဟာမိတ်အဖွဲ့များသည် အလွန်ပင်အရေးပါပါတယ်။ မဟာမိတ်အဖွဲ့များ ထပ်ပေါင်းခြင်းဖြင့် အင်အားရှိသောအရင်းအမြစ်(အားရှိသောလူထု)တစ်ခုကို ထူထောင်ရာရောက်ပါတယ်။ စုံလင်သော အဖွဲ့များပါဝင်သော မဟာမိတ်အဖွဲ့များ အတူတကွစုပေါင်းလုပ်ဆောင်ခြင်းသည် လူထုလှုပ်ရှားမှု၏ ရည်မှန်းသော ပန်းတိုင်သို့ ရောက်မှုအတွက် အရေးပါတဲ့အချက်တစ်ခုပင် ဖြစ်ပါတယ်။

မဟာမိတ်အဖွဲ့များဟာ တခြားအဖွဲ့ရဲ့ အားနည်းချက်များကို မိမိအဖွဲ့၏ အားသာချက်များဖြင့် ဖြည့်တင်းပေးနိုင်ပါတယ်။ သူတို့အချင်းချင်း လိုအပ်သော နည်းပညာ၊ ဘဏ္ဍာရေး၊ နိုင်ငံရေးနှံ့စပ်မှုတွေ၊ အရေးကြီးသော အတွေးအမြင်တွေနဲ့ အဖွဲ့၏လိုအပ်ချက်များကို ဖြည့်ဆည်းကာ သင်ဖြစ်လိုသော လှုံ့ဆော်မှုပစ်မှတ်ကိုရောက်အောင် ကူညီပေးနိုင်ပါတယ်။

အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက် ရောဂါသည်များ၏ ကွန်ယက်နှင့် သူတို့၏ လူထုက ညွန့်ပေါင်းအဖွဲ့များဖြစ်ထွန်းရေးအတွက် အရေးကြီးတဲ့ အခန်းမှာ ပါဝင်ပါတယ်။ သူတို့ဟာ ရင်းမြစ်များကို ဝေငှခြင်း၊ သတင်းများဝေငှခြင်းများကို ကူညီနိုင်ပြီး အမျိုးသားရေးရာ၊ ဒေသတွင်းရေးရာနှင့် ကမ္ဘာ့ရေးရာမူဝါဒတွေအတွက်ပါ ပါဝင်နိုင်ပါတယ်။

သို့သော် စည်းရုံးလှုံ့ဆော်မှုအတွက် ကျွန်ုပ်တို့အနေဖြင့် ကွန်ယက်တစ်ခုထက် ညွန့်ပေါင်းအဖွဲ့တစ်ခု ဖွဲ့စည်းရန်အကြံပြုလိုပါတယ်။ ကွန်ယက်တစ်ခုက သတ်မှတ်ချက်တစ်ခုအတွက်ဖြစ်ပေါ်ပြီး ပါဝင်သော လူများကလည်း ထိုသတ်မှတ်ချက်တစ်ခုအတွက်သာ ဝေငှကြပါတယ်။ ထိုအခါမှ အချင်းချင်း မည်သူကဘယ်သတ်မှတ်ချက်အတွက် ကိုယ်စားပြုသည်ကို အငြင်းပွားဖွယ်ဖြစ်နိုင်ပါတယ်။ သို့သော် ညွန့်ပေါင်းအဖွဲ့တစ်ခုတွင် မတူညီသောအဖွဲ့များ၊ ကွန်ယက်များစွာပါဝင်ပြီး ဘုံရည်မှန်းချက်တစ်ခုအတွက်သာ အလုပ်လုပ်ကြပါတယ်။

ကွန်ယက်တစ်ခုအတွက် ရံပုံငွေရှာဖွေခြင်း၊ စာရင်းထိန်းသိမ်းခြင်း၊ ရုံးခန်းနှင့် အခြားအရင်းအမြစ်များ လိုအပ်ပြီး ၎င်းတို့ကို ရှာဖွေရခက်ပါတယ်။ အချို့သောကွန်ယက်များသည် ရံပုံငွေရှာဖွေခြင်းနှင့်အချိန်ကုန်ကြပြီး သူတို့ရဲ့ ကွန်ယက်ကို အားဖြည့်တည်ဆောက်ရန် အချိန်မရှိကြတော့ပါ။ သို့သော် ညွန့်ပေါင်းအဖွဲ့သည် သူ၏အဖွဲ့ဝင်များဖြင့် လုပ်ဆောင်နိုင်ပြီး စည်းရုံးလှုံ့ဆော်မှုပန်းတိုင်ကိုရောက်ရှိပါက ပြန်လည်ခွဲထွက်၍ အဆုံးသတ်နိုင်ပါတယ်။

ညွန့်ပေါင်းအဖွဲ့ (၂)မျိုးရှိပါတယ်–

- အချိန်တိုအတွင်းတိကျသောလုပ်ငန်းရပ်တစ်ခုအတွက် ဥပမာ– လူထု လက်မှတ်ထိုးပွဲ၊ အများပြည်သူပွဲတစ်ခုခုအတွက်အတူတကွ လုပ်ဆောင်ကြသောညွန့်ပေါင်းအဖွဲ့များ၊ လိင်တူချစ်သူများအတွက် မြို့ကြီးများတွင် စီတန်းလှည့်လည်ပွဲများလုပ်ဆောင်တဲ့အဖွဲ့မျိုးဖြစ်ပါတယ်။ ကြီးမားသော ပြောင်းလဲမှုအတွက် မဟာဗျူဟာချ၍ နှစ်ပေါင်းများစွာ (ဆယ်စုနှစ်ပေါင်းများစွာ) အတူတကွအလုပ်လုပ်ကြသောညွန့်ပေါင်းအဖွဲ့များ၊ ဥပမာပြရသော် အိန္ဒိယနိုင်ငံတွင်လူ ရာဇဝတ်မှုနှစ်ပေါင်းများစွာဇာတ်နိမ့်ဇာတ်မြင့်ခွဲခြားခြင်းကို အဆုံးသတ်စေရန် လှုပ်ရှားခဲ့သော ဒါလစ်အမျိုးသားရေး လှုပ်ရှားမှုဖြစ်ပါတယ်။

**အောင်မြင်သောညွန့်ပေါင်းအဖွဲ့စတင်ရန် လိုအပ်သောအချက်များမှာ–**

- ရှင်းလင်းသော ပန်းတိုင်၊ ရည်မှန်းချက်များ အချင်းချင်းဝေငှထားရှိခြင်း
- ညွန့်ပေါင်းအဖွဲ့ဝင်များအကြား ယုံကြည်မှုနှင့်တူညီသော ကတိကဝတ်ရှိခြင်း
- မတူညီသော ဘာသာစကား၊ စီမံခန့်ခွဲမှုပုံစံ၊ နည်းပရိယာယ်နှင့်ယဉ်ကျေးမှုကိစ္စများကို ညွန့်ပေါင်းအဖွဲ့များအ

ကြား စီမံခန့်ခွဲခြင်းကို နားလည်လက်ခံသည့် အခြေခံစည်းမျဉ်းထားရှိခြင်း
- ရံပုံငွေကို မည်သို့ရှာဖွေကြမည်၊ မည်သို့အသုံးပြုကြမည်ကိုအဖွဲ့ဝင်များအကြား ကူညီသော အခြေခံစည်းမျဉ်း ထားရှိခြင်းတို့ ဖြစ်ပါတယ်။

နောက်ဆုံးအချက်မှာ အလွန်အင်မတန်ပင် အရေးကြီးပါတယ်။ ရံပုံငွေကို အလွဲသုံးစားပြုခြင်းက ညွန့်ပေါင်းအဖွဲ့များအကြား သဘောထားကွဲလွဲမှုကို ဖြစ်ပေါ်စေပါတယ်။ ဒါကြောင့် သင်၏ညွန့်ပေါင်းအဖွဲ့သည် ပွင့်ပွင့်လင်းလင်းပြောကြရန်လိုပါတယ်။ အထူးသဖြင့် ဘတ်ဂျက်နှင့်ပက်သက်ပြီး မည်သူကတာဝန်ယူမည်၊ မည်သည့်အဖွဲ့မှ အသုံးစရိတ်များအတွက် တင်ပြနိုင်သည်၊ မည်သို့ အသုံးစရိတ်အတွက် အစီရင်ခံမည်၊ မည်သူက မည်သို့လိုက်နာကြရမည်ရ စသည်တို့ကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးကြရန် လိုပါတယ်။

ညွန့်ပေါင်းအဖွဲ့တစ်ခုဖွဲ့ရာတွင် ပါဝင်ရမည့်အချက်များမှာ–

၁။ မဟာမိတ်များကို သတ်မှတ်ခြင်း

၂။ မဟာမိတ်များကို ရှာဖွေခြင်းနှင့်

၃။ တာဝန်ဝတ္တရားများ ခွဲဝေယူခြင်းတို့ဖြစ်ကြပါတယ်။

**မဟာမိတ်များကို သတ်မှတ်ခြင်း– ကောင်းမွန်တဲ့ မဟာမိတ်ဆိုတာ ဘယ်လိုအဖွဲ့တွေလဲ**

- သူတို့ဟာ ရှင်းလင်းစွာ၊ ယုံကြည်ထိုက်စွာ သင်နဲ့အတူတူ အလုပ်ကို ကောင်းကောင်းမွန်မွန်လုပ်ကြတယ်
- သူတို့မှာ သင်၏ လူထုလှုပ်ရှားမှုအတွက် လိုအပ်တဲ့ တိကျတဲ့ အားသာချက်တွေရှိတယ်။ ဥပမာ–
- သတင်းမီဒီယာများ၏ နောက်ဆုံးလိပ်စာ၊ စာရင်းများ
- ဥပဒေ ကျွမ်းကျင်သူများ
- စည်းရုံးလှုံ့ဆော်မှုလုပ်ဖူးသော အတွေ့အကြုံများ
- အစိုးရ၏ အတွင်းရေးအမြင်ကို သိသူများ
- သင်ကိုယ်တိုင်မရောက်နိုင်သော လူထု သို့မဟုတ် အခြားအဖွဲ့များကို တက်ကြွစွာပါဝင်အောင် လှုံ့ဆော်နိုင်ခြင်း စတာတွေဖြစ်ပါတယ်။

သင့်အဖွဲ့ကိုယ်စားပြုသောလူထုထက် မဟာမိတ်အဖွဲ့များက မတူညီသော လူထုများကို ပေါ်ထွက်နိုင်ပါတယ်။ ဒါဟာ ကောင်းတဲ့အချက်ဖြစ်ပြီး မဟာမိတ်အဖွဲ့များမှတဆင့် သင့်ကိုများစွာသော လူထုပရိတ်သတ်ထံရောက်အောင် ကူညီနိုင်မှာဖြစ်ပါတယ်။ ဥပမာ– အမေရိကန်ပြည်သူ့အခွင့်အရေးလှုပ်ရှားမှု အစောပိုင်းကာလတွင် တက်ကြွသော ကျောင်းသားများက မိခင်များအရေးနှင့်အရွယ်ရောက်အမျိုးသမီးများအရေးကို လုပ်ဆောင်ကြသောအခါ သူတို့သည် (ကျောင်းသားအရေးမဟုတ်သော်လည်း) မီဒီယာနှင့်ပြည်သူလူထု၏ ထောက်ခံမှုကိုရယူနိုင်ခဲ့ပါတယ်။ မိခင်များနှင့်အမျိုးသမီးများကို ပြည်သူ့အခွင့်အရေးကိစ္စတွင် ပါဝင်စေခြင်းဖြင့် ကျောင်းသားများသည် အမျိုးသမီးများကို ထောက်ခံသော အာဖရိကန်–အမေရိကန်ဘုရားကျောင်းများ၏ ထောက်ခံမှုကိုပါ ရရှိကြပါတယ်။ ကျောင်းသားများသက်သက် ဖာတ်လမ်းသစ်များလုပ်ခြင်းထက် စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ ရည်မှန်းချက်ပန်းတိုင်နှင့် မိတ်ဖက်အဖွဲ့များကို အသေအချာဂရုတစိုက် ရွေးချယ်ခြင်းဖြင့် ပြည်သူ့အခွင့်အရေးလှုပ်ရှားမှုသည် ဂရုဏာသက်ဖွယ်ကိစ္စအဖြစ် သတင်းစာများ၊ စာစောင်များတွင် ဖော်ပြပါရှိခဲ့ပါတယ်။

ညွန့်ပေါင်းအဖွဲ့အနေဖြင့် သတင်းထောက်များအတွက်၊ ပြည်သူ့ပွဲများအတွက် အသိပေးတောင်းဆိုသူ ပစ်မှတ်များအတွက်၊ အခြားမဟာမိတ်များအတွက် မည်သူကကိုယ်စားပြုပြောဆိုမည့်ကို ရွေးချယ်ပါ။ ဥပမာ–သင်၏ ညွန့်ပေါင်းအဖွဲ့က ဘေးအန္တရာယ်လျော့ချရေးအတွက်လုပ်ဆောင်ပါက သင်မှ ဆေးသုံးသူတစ်ဦးကို အစည်းဝေးတစ်ခု သို့မဟုတ် ပွဲတစ်ခုတွင်ဆေးသုံးစွဲပုံအကြောင်း သရုပ်ပြရန်လိုအပ်သော အခြေအနေတစ်ခုရှိနိုင်ပေမည်။ တက္ကသိုလ် သင်ကြားပွဲတစ်ခု သို့မဟုတ် ဆရာဝန်များနှင့် တွေ့ဆုံပွဲရှိပါက သင့်ကိုကူညီရန် ဘွဲ့ရတစ်ယောက်လိုအပ်ပေမည်။ အကယ်၍ သင်၏ညွန့်ပေါင်းအဖွဲ့တွင် ဆေးသုံးသူရော၊ ပညာရှင်များပါရှိခဲ့လျှင် သင့်တော်သူတစ်ဦးကို သက်ဆိုင်ရာ အခြေအနေအတွက် ရွေးချယ်နိုင်ပါတယ်။

ကောင်းမွန်တဲ့အချက်များရှိသော်လည်း တခြားအဖွဲ့မှ စည်းရုံးလှုံ့ဆော်သူများနှင့် လုပ်ဆောင်ရသည်မှာ အမြဲတမ်းတော့မလွယ်ကူပါ။ အဖွဲ့တိုင်းမှာ ကိုယ်ပိုင်ချဉ်းကပ်ပုံ၊ ဆုံးဖြတ်ချက်ချပုံ၊ အချိန်နှင့်ငွေကို စီမံခန့်ခွဲပုံ မတူညီကြပါ။ တစ်ခါတရံတွင် သင့်အနေဖြင့် ယခင်က အဆင်မပြေဖြစ်ဖူးသော လူများ၊ အဖွဲ့များနှင့်အလုပ်အတူတူပြန်လုပ်ကြရလျှင် လူမှုရေးအခက်အခဲတွေကိုလဲ ကြုံတွေ့ရနိုင်ပါတယ်။

ညွန့်ပေါင်းအဖွဲ့နှင့်လုပ်သည်ဆိုသော်လည်း တစ်ကိုယ်ရည်ကိစ္စရပ်များ သို့မဟုတ် ပညာရပ်ဆိုင်ရာ အဟန့်အတားများ (ဥပမာ– အချင်းချင်းယုံကြည်မှုဖျက်ဆီးခြင်း)ကို မကျော်လွှားနိုင်ပါက ထိုအဖွဲ့နှင့်လုပ်ဆောင်ရန် မလွယ်ကူပါ။ သင်၏ ရည်မှန်းချက်ရောက်ရန်အတွက် အရေးပါသော ပတ်သက်သူအနည်းငယ်၊ တစ်ဦးတစ်ယောက်နှင့်မှ သင့်မြတ်အောင် မလုပ်ဆောင်နိုင်ပါက သင်၏ စည်းရုံးလှုံ့ဆော်မှုအပေါ် အဟန့်အတားတစ်ခု ဖြစ်လာနိုင်ပါတယ်။ ထက်မြက်တဲ့ စည်းရုံးလှုံ့ဆော်သူတွေဟာ ရန်သူကို သာမန်လူဖြစ်အောင်၊ သာမန်လူကိုမဟာမိတ်ဖြစ်အောင် ပြောင်းလဲနိုင်စွမ်းရှိကြပါတယ်။ မအောင်မြင်တဲ့ စည်းရုံးလှုံ့ဆော်သူတွေ ကျွန်တော့်မဟာမိတ်ကို ရန်သူဖြစ်သွားအောင် လုပ်လေ့ရှိပါတယ်။

သင့်အနေဖြင့် စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ ဘုံ ရည်မှန်းချက်ကို ဝေမျှပြီး အခြားအဖွဲ့တွေ သိမြင်အောင် လုပ်နိုင်ပါတယ်။ ရည်မှန်းချက်ကို အပြုသဘောဆောင်သွားဖို့အတွက် အရင်ပြဿနာတွေရှိခဲ့ပေမဲ့လဲ အခြားသူတွေကို ဆွဲခေါ်ရမှာဖြစ်ပါတယ်။

**ဖြစ်စဉ်လေ့လာချက်– အလုပ်သမားသမဂ္ဂများနှင့်ညွန့်ပေါင်းအဖွဲ့ပြုလုပ်ခြင်း**

နတ်သန်ဂက်ဖင် – တောင်အာဖရိက ဆေးကုသမှုလုပ်ဆောင်ချက်လှုပ်ရှားမှု(Treatment Action Campaign- TAC)ရဲ့ရလဒ်

ဆင်းရဲသားများအတွက် ဆေးဝါးစရိတ်သက်သာစေရန် သို့မဟုတ် မူဝါဒပြောင်းရန်အတွက် ဆန္ဒပြမှုတွေဟာ အောင်မြင်တာ ရှားပါတယ်။ တက်ကြွလှုပ်ရှားသူတွေဟာ တစ်ဦးချင်း သို့မဟုတ် တစ်ဖွဲ့ချင်း ဒီလိုလှုပ်ရှားမှုမျိုးကိုလုပ်တာ အလွန်နည်းပါတယ်။ တောင်အာဖရိက ဆေးကုသမှု လှုပ်ရှားမှုက နမူနာ (၂)ခုကို တင်ပြထားပါတယ်။

၁၉၉၀ နှောင်းပိုင်းတွင် ဆေးဝါးကုမ္ပဏီ (၄၀)ခန့်က တောင်အာဖရိကအစိုးရကို ဆေးဝါးများ ဈေးသက်သာစေရန် ဥပဒေပြုမှု ကြိုးပမ်းခြင်းအတွက် တရားစွဲဆိုကြပါတယ်။ ၂၀၀၁ ခုနှစ်တွင် တရားရုံးမှာ ဘယ်တော့မှဆုံးမည်မဟုတ်သော ထိုအမှုအတွင်း ဆေးကုသမှုလုပ်ဆောင်ချက် လှုပ်ရှားမှုပါဝင်ခဲ့ပါတယ်။ ထိုလှုပ်ရှားမှုမှ ကမ္ဘာတစ်လွှားရှိ အဖွဲ့အစည်းများအား ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းများကို ဆန္ဒပြရန် တိုက်တွန်းခဲ့ပါတယ်။ ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းများဟာ ဒီလို တစ်ကမ္ဘာလုံးပါဝင်တဲ့ကိစ္စမျိုး တစ်ခါမှကြုံဖူးမယ် မထင်ပါဘူး။ ဆန္ဒပြတဲ့တစ်ပတ်အတွင်းမှာ ဆေးဝါးကုမ္ပဏီတွေက တရားစွဲတဲ့အမှုကို ရုတ်သိမ်းလိုက်ကြပါတယ်။ ဘာကြောင့်လဲဆိုတော့ ဥရောပ၊ အာရှ၊ အာဖရိကနဲ့အမေရိကန်မှာရှိတဲ့ သူတို့ရဲ့ နာမည်ဆိုးကျော်ကြားမှာနဲ့ ဒီအမှုနဲ့ယှဉ်လိုက်ရင် မထိုက်တန်တော့လို့ပါပဲ။ အကယ်၍ ကမ္ဘာတစ်ဝှမ်းလုံးရှိ အဖွဲ့အစည်းများကသာ စည်းစည်းလုံးလုံးနဲ့မပါဝင်ခဲ့ရင် ဒီလှုပ်ရှားမှုမှာ TAC က အောင်မြင်နိုင်မှာ မဟုတ်ပါဘူး။

၂၀၀၁ခုနှစ်အကုန်နဲ့ ၂၀၀၂ ခုနှစ်ထဲမှာ TAC ကနေ တောင်အာဖရိကအစိုးရကို ကလေးသူငယ်တွေအကြား အိတ်ချ်အိုင်ဗွီဖြစ်ပွားမှု လျော့ချရန်အတွက် ပိုးရှိသူကိုယ်ဝန်သည်များကို ဆေးဝါးကုသပေးဖို့ တရားရုံးက လျှောက်ထားခဲ့ပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့ TACဟာ အဖွဲ့ငယ်လေးဖြစ်သော်လည်း ဂျွန်ဟမ်းဘာ့မြို့မှာ နိုင်ငံရဲ့အကြီးမားဆုံး ကုန်သည်အဖွဲ့ဖြစ်တဲ့ COSATU အဖွဲ့ကိုပါဝင်စေပြီး ဆန္ဒထုတ်ဖော်ပွဲကြီးကိုလုပ်နိုင်ခဲ့ပါတယ်။ COSATU အဖွဲ့ခေါင်းဆောင်က သူတို့အဖွဲ့ဝင်အားလုံးဟာ TAC အဖွဲ့ဝင်များဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။ အစိုးရနှင့် TACအဖွဲ့တို့ဆက်ဆံရေး တင်းမာလာချိန်တွင် COSATU အဖွဲ့က ကျနော်တို့ကို အစိုးရကတိုက်ခိုက်ရင် ဘယ်လို အသက်ဆက်ရမလဲဆိုတာကို နိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်မှုများဖြင့် ကူညီပါတယ်။

**မဟာမိတ်များရှာဖွေခြင်း** – အကယ်၍ သင့်ကို ကူညီပေးမယ့် သို့မဟုတ် သင်သွားလိုရာကို ကိုယ်စားပြုပါဝင်ပေးမယ့် အခြားအဖွဲ့တွေ၊ အဖွဲ့အစည်းတွေနဲ့အားကောင်းတဲ့ ဆက်သွယ်ချက်တွေမရှိဘူးဆိုရင် သင့်လှုပ်ရှားမှုစစချင်းမှာ ဒီလိုအဖွဲ့တွေနဲ့ ချိတ်ဆက်ဖို့ စတင်ပြင်ဆင်ရပါမယ်။

အခြားအဖွဲ့အစည်းတွေ၊ လူတွေက သင့်ကိစ္စထဲမပါဝင်လာခင် သင့်အနေနဲ့ လှုပ်ရှားမှုရဲ့ နောက်ခံအချက်အလက်တွေကို တင်ပြမှုတွေလုပ်ဖို့ တာဝန်ရှိပါတယ်။ သင့်အနေနဲ့ အခြားအဖွဲ့အစည်း၊ လူတွေရဲ့အချိန်ကိုယူချင်မှာမဟုတ်ပါဘူး။ ဒါပေမယ့် မဟာမိတ်ဖြစ်လာမယ့် တခြားလူတွေအဖွဲ့အစည်းတွေရဲ့ စိတ်ဝင်စားမှု၊ ဦးတည်ချက်စတာတွေကို သေသေချာချာသိထားတဲ့အခါ ကိုယ့်ရဲ့လှုပ်ရှားမှုကို ပိုမိုအောင်မြင်စေပါတယ်။ ဒီအဖွဲ့တွေဆီကနေယူမယ့် အထောက်အပံ့တွေ၊ ကျွမ်းကျင်မှုတွေ၊ ထည့်ဝင်မှုတွေအတွက် သင်က ရှင်းလင်းစွာတောင်းဆို တင်ပြထားဖို့ လိုပါတယ်။

လူ့အခွင့်အရေးချိုးဖောက်ခြင်းကိစ္စများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ ပန်းတိုင်၊ ဦးတည်ချက်၊ စည်းရုံးလှုံ့ဆော်မှုအတွက် လုပ်ဆောင်ဖွယ်ရာအဆင့်များ စတာကို တစ်မျက်နှာစာ အနှစ်ချုပ်အနေဖြင့် ပြင်ဆင်ထားပါက ပိုကောင်းပါတယ်။ မဟာမိတ်အသစ်များနဲ့ဆွေးနွေးခြင်း၊ သူတို့ထံမှ အကြံဉာဏ်များတောင်းယူခြင်း၊ သင်၏ စီမံကိန်းကို ပြင်ဆင်ခြင်းတို့ဖြင့်လည်း သင်နှင့်မဟာမိတ်တို့အတွက် လိုအပ်ချက်တွေ အဆင်ပြေစေပါတယ်။

**တာဝန်ဝတ္တရားများ ခွဲဝေယူခြင်း** – ညွန့်ပေါင်းအဖွဲ့သည် အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည်ဖြစ်ရာ ကွန်ယက်ကဲ့သို့ ရုံးခန်း၊ ဝန်ထမ်းများများ မလိုအပ်ပါ။ သို့သော် ညွန့်ပေါင်းအဖွဲ့တွင် မည်သူက မည်သည့်တာဝန်ကိုယူမည်ကို ဆုံးဖြတ်ထားရန် အရေးကြီးပါတယ်။

- အုပ်ချုပ်ရေး – စာပို့ခြင်း၊ အစည်းအဝေးမှတ်တမ်းများ အခမ်းအနားအစီအစဉ်များ စာရိုက်ခြင်း၊ သတိပေးစာများ၊ အီးမေးလ်များ ပို့ခြင်း၊ မိတ္တူကူးခြင်း။
- အစည်းအဝေးများ– အခမ်းအနားအစီအစဉ်များ ချမှတ်ခြင်း၊ အစည်းအဝေးမှတ်တမ်းတင်ခြင်း၊ အစည်းအဝေးကျင်းပရန် နေရာသတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ အစည်းအဝေးကို မြန်ဆန်အောင်ကူညီခြင်း၊ အခြား အလုပ်အဖွဲ့များနှင့်ပူးပေါင်းခြင်း၊ အစားအသောက်များ ပံ့ပိုးခြင်း၊ ချမှတ်ထားသော လုပ်ငန်းစဉ်များအတွက် နောက်လိုက်ကြည့်ခြင်း။
- အဖွဲ့ဝင်လက်ခံခြင်း– လူသစ်များ စုဆောင်းခြင်း၊ ရှင်းလင်းပြခြင်း၊ လက်ရှိအဖွဲ့ဝင်များကို ဆက်သွယ်ခြင်း၊ ထောက်ပံ့ပေးခြင်း၊ အားပေးခြင်း။
- သုတေသနနှင့်အချက်အလက်စုဆောင်းခြင်း– အချက်အလက်များ ကောက်ယူခြင်း၊ လုပ်ငန်းများအား သုံးသပ်ခြင်း။
- ပြည်သူ့ရေးရာ ဆက်သွယ်သတင်းပေးခြင်း– ညွန့်ပေါင်းအဖွဲ့ကိုယ်စား မည်သူတွေက သတင်းစာတိုက်နှင့် ဆက်သွယ်ပြောဆိုမည်ကို ဆုံးဖြတ်ခြင်း၊ သတင်းထုတ်ပြန်ရန် ပစ္စည်းများပြုလုပ်ခြင်း၊ အယ်ဒီတာများ၊ သတင်းထောက်များနှင့် ဆက်သွယ်ခြင်း။
- လုပ်ငန်းများကို ညှိနှိုင်းခြင်း– အထူးလက်တွဲလုပ်ဆောင်မှုများ၊ ပေါင်းစပ်လုပ်ငန်းများအတွက်ပြင်ဆင်ခြင်း၊
- ရံပုံငွေရှာဖွေခြင်း– ညွန့်ပေါင်းလုပ်ဆောင်ရန်အတွက် ငွေရှာခြင်းနှင့်အခြားလိုအပ်သော ရင်းမြစ်များရှာဖွေခြင်း၊ ရရှိလာသော ငွေများကို စီမံခန့်ခွဲခြင်း၊ အလှူရှင်များကို အစီရင်ခံစာပို့ပေးခြင်း။

**ဖြစ်စဉ် လေ့လာချက်– အောင်မြင်သော ညွန့်ပေါင်းတစ်ခု**

ထိုင်းနိုင်ငံတွင် လိုအပ်သော ဆေးဝါးကုသမှုရရှိရေးလှုပ်ရှားမှုကို အောင်မြင်စေသော မဟာမိတ်အဖွဲ့များမှာ –

- ထိုင်းနိုင်ငံ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်ကွန်ယက် (TNP+) နှင့် အခြားအိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ဆိုင်ရာ အန်ဂျီအိုများ၊
- ပညာရှင်များ၏ တိုးတက်အောင်မြင်မှု၊
- ဖောက်သည်များ၏ ကွန်ယက်၊
- FTA စောင့်ကြည့်အဖွဲ့ (အန်ဂျီအိုမဟာမိတ်များ)၊
- မဟာမိတ်အဖွဲ့များဖြစ်ကြသော အမျိုးသားကျန်းမာရေးဆိုင်ရာလုံခြုံရေးအဖွဲ့၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် အစိုးရ၏ ဆေးဝါးဆိုင်ရာ အဖွဲ့အစည်းများ၊
- သတင်းမီဒီယာ မဟာမိတ်များ၊
- နိုင်ငံတကာမဟာမိတ်များ– ဥပမာ နယ်စည်းမခြားအဖွဲ့ (MSF), Oxfam အဖွဲ့၊ ဥပဒေပညာရှင်များ စုပေါင်းအဖွဲ့ (India)နှင့် ကမ္ဘာ့ကျောင်းသားအေအိုင်ဒီအက်စ် လှုပ်ရှားမှုအဖွဲ့စသဖြင့်။

■ ■ ■

# အရင်းအမြစ်များ

အောက်တွင် ယခုလမ်းညွှန်ကို ရေးသားရာတွင် ကိုးကားထားသော အရင်းအမြစ်များ စာရင်းကို ဖော်ပြထားပါတယ်။ ၎င်းတို့ကို အသုံးပြုရန် အကြံပြုပါတယ်။

အချို့သော အရင်းမြစ်များက အင်္ဂလိပ်ဘာသာနဲ့သာရနိုင်ပါတယ်။ ယေဘုယျအားဖြင့် အဖွဲ့အစည်းများက ဒေသခံအဖွဲ့များက တောင်းဆိုမှသာ ဘာသာပြန်ဆိုကြပါတယ်။ ထိုလမ်းညွှန်ကိုအသုံးပြုရန် တကယ်စိတ်ဝင်စားပါက ထိုအဖွဲ့အစည်းများသို့ တောင်းဆို၍ သူတို့ကို သင်၏ဘာသာစကားသို့ ပြန်ဆိုပြီး သင့်အဖွဲ့ သို့မဟုတ် သင့်လူထုအတွင်းမှာ အသုံးပြုနိုင်ပါတယ်။

**အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ဆိုင်ရာ စည်းရုံးလှုံ့ဆော်မှုလမ်းညွှန်များ**

- အေအိုင်ဒီအက်စ် ကာကွယ်ထိန်းချုပ်ရေးစီမံချက်(AIDSCAP). အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်တားဆီးရေးဆိုင်ရာမူဝါဒနှင့် စည်းရုံးလှုံ့ဆော်ခြင်းကို အင်တာနက်တွင် ရယူနိုင်ပါတယ်။ http://www.fhi360.org/NR/rdonlyres/ez77c2w6ilk7wgzli3tyu6gg4qrhtgripatbnwnngd7vi3a62o7zs5f7cn 7yqaphag 4gtehsuaia2a/BCCPolicyandAdvocacy.pdf.

  ဤစာအုပ်က မူဝါဒဖြစ်ထွန်းရေးအတွက် ခေါင်းပေးထားပြီး အရေးကြီးသော အဓိပ္ပာယ်သတ်မှတ်ချက်များ ပါဝင်ပါတယ်။
- အာရှ–ပစိဖိတ် အေအိုင်ဒီအက်စ် ဝန်ဆောင်မှုအဖွဲ့များကောင်စီ Asia Pacific Council of AIDS Service Organizations (APCASO), အိတ်ချ်အိုင်ဗွီဆိုင်ရာ အောက်ခြေအဆင့် စည်းရုံးလှုံ့ဆော်ခြင်း– ဒေသခံများမှ တုန့်ပြန်ခြင်းကို အားဖြည့်ရန် စည်းရုံးလှုံ့ဆော်ခြင်းဆိုင်ရာလုပ်ဆောင်ချက်နည်းလမ်းများ http://www.apcaso.org/v2/pdf/Advocacy-toolkit-4.pdf .
- ဂျူဒစ်အက်ရှာ (Judith Asher). ကျန်းမာရေးဆိုင်ရာ လူ့အခွင့်အရေး– အန်ဂျီအိုများအတွက် အရင်းမြစ်လမ်းညွှန်။ နေသဟာယဆေးပညာဆိုင်ရာ ယုံကြည်မှုအဖွဲ့၊ ၂၀၀၄။ http://shr.aaas.org/manuals/health/RTH.pdf
- ကမ္ဘာလုံးဆိုင်ရာ လိင်တူချစ်သူအမျိုးသားများနှင့် အိတ်ချ်အိုင်ဗွီဆွေးနွေးပွဲ (MSMGF). စည်းရုံးလှုံ့ဆော်ခြင်းဆိုင်ရာနည်းလမ်းများ– လိင်တူချစ်သူအမျိုးသားများ ဦးဆောင်သော အိတ်ချ်အိုင်ဗွီဆိုင်ရာ စည်းရုံးလှုံ့ဆော်ခြင်းနည်းလမ်းများ–၂၀၁၁

  http://www.msmgf.org/inde_.cfm/id/262/.

  ထိုစာအုပ်ကို ဒေါင်းလုပ်ဆွဲရန်အတွက် အင်တာနက်စာမျက်နှာတွင် သင်အမည်ပေးစာရင်းသွင်းရပါမည်။
- နိုင်ငံတကာ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် မဟာမိတ်အဖွဲ့နှင့် နိုင်ငံတကာ အေအိုင်ဒီအက်စ်ဝန်ဆောင်မှုအဖွဲ့များကောင်စီ။ လက်တွေ့စည်းရုံးလှုံ့ဆော်ခြင်း– အန်ဂျီအိုများ၊ အရပ်ဘက်အဖွဲ့အစည်းများအတွက် အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ဆိုင်ရာ စည်းရုံးလှုံ့ဆော်ခြင်းနည်းများ။ ၂၀၀၃။ http://www.wsscc.org/sites/default/files/publications/the_alliance_advocacy_in_action_2002.pdf.
- ကြာရုံကာပလန် (Karyn Kaplan) လူ့အခွင့်အရေးဆိုင်ရာ မှတ်တမ်းပြုခြင်းနှင့် စည်းရုံးလှုံ့ဆော်ခြင်း၊ မူးယစ်ဆေးသုံးစွဲသူအရေးလုပ်ဆောင်သော အဖွဲ့အစည်းများအတွက် လမ်းညွှန်။ ဖေဖော်ဝါရီ ၂၀၀၉။ Open Society Foundations၄ http://www.opensocietyfoundations.org/publications/human-rights-documentation-and-advocacy-guide-organizations-people-who-use-drugs .

ဤလမ်းညွှန်ကို သိရန်၊ မှတ်ရန်၊ လေ့လာရန် လမ်းညွှန်တွင်ပါဝင်ရေးသားသည့် စာရေးဆရာပါဝင်ပြီး တက်ကြွလှုပ်ရှားသူများအတွက် စည်းရုံးလှုံ့ဆော်ခြင်းဆိုင်ရာ စီမံကိန်းချမှတ်ခြင်း၊ မှတ်တမ်းပြုခြင်းများအကြောင်း မူးယစ်ဆေးသုံးသူများအတွက် ခေါင်းပေးဖော်ပြထားပါတယ်။

- ခရစ်တီးနားမန်းဖီး (Cristina Mansfield, with Kurt MacLeod, Maron Greenleaf, and Poppy Alexander.) စည်းရုံးလှုံ့ဆော်ခြင်းဆိုင်ရာ လက်စွဲ– ကမ္ဘောဒီးယားတွင် ဒီမိုကရေစီစနစ် တိုးတက်လာခြင်း လက်တွေ့လမ်းညွှန်။ ဇန်နဝါရီ ၂၀၀၃။

  PACT http://www.pactworld.org/galleries/resource-center/advocacy_handbook.pdf .

- ဂျွန်မိနာရီ (Joan Minieri, with Paul Getsos and Kim Klein.) ဒီမိုကရေစီအရင်းအမြစ် နည်းလမ်းများ– လူထုအတွင်း အင်အားရရှိအောင်စည်းရုံးခြင်း။ ဇူလိုင် ၂၀၀၇။ Jossey-Bass: ဒီစာအုပ်ဟာ မဲရွေးသောအခါ လူထုကိုစည်းရုံးသော ဒီမိုကရေစီစနစ်များကို ရေးသားထားပါတယ်။ ၎င်းတွင် အသုံးကျသော နည်းလမ်းများ။ လုပ်ဆောင်ရန် အချက်များပါဝင်ပြီး နေရာတိုင်းတွင် အသုံးတည့်နိုင်ပါတယ်။ သိမြင်လွယ်ကူသော ရေးသားနည်းဖြင့် ဖော်ပြထားပါတယ်။
- လူ့အခွင့်အရေးဆိုင်ရာ နည်းပရိယာယ်သစ်များ။ လက်တွေ့ကျင့်သုံးသူများအတွက် အရင်းအမြစ်။ http://www.newtactics.org/en/tools/new-tactics-workbook.

  ဤလမ်းညွှန်သည် လူ့အခွင့်အရေးတောင်းဆိုရန်အတွက် လူထုအတွင်းမှ ယဉ်ကျေးမှု အနုပညာများကို ထူးထူးခြားခြား နည်းလမ်းများဖြင့် တီထွင်အသုံးပြုထားသော နည်းများပါဝင်ပါတယ်။ အင်တာနက်စာမျက်နှာတွင် ဖြစ်ရပ်လေ့လာချက်များပါရှိပြီး ကမ္ဘာတစ်ဝှမ်းက တိကျသောနည်းပရိယာယ်များကို ဖော်ပြထားပါတယ်။ အင်တာနက်စာမျက်နှာအောက်ခြေမှာ ဘာသာပေါင်းများစွာသို့ ဘာသာပြန်ထားသည့် လမ်းညွှန်ကိုတွေ့ရပါမယ်။
- ယူနက်စကိုအဖွဲ့နှင့် ကမ္ဘာ့ကုလသမဂ္ဂ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ဖွဲ့ (UNESCO and Joint United Nations Program on HIV/AIDS (UNAIDS)). အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်နှင့် လူ့အခွင့်အရေးများ– လူငယ်များနှင့် လှုပ်ရှားမှုများ– http://unesdoc.unesco.org/images/0012/001264/126403e.pdf.
- လီဇာဗီနီကလန်စန်နှင့် ဗယ်လရီမီလာ (Lisa VeneKlasen and Valerie Miller.) အာဏာ၊ လူများနှင့်မူဝါဒ လှိုင်းသစ်တစ်ခု– နိုင်ငံသားများပါဝင်ခြင်းနှင့် စည်းရုံးလှုံ့ဆော်ခြင်းဆိုင်ရာ လက်တွေ့လမ်းညွှန် ဖေဖော်ဝါရီ ၂၀၀၇။

**မီဒီယာဆိုင်ရာ စည်းရုံးလှုံ့ဆော်ခြင်းလမ်းညွှန်များ**

- သက်သေအဖွဲ့အစည်း (WITNESS)တွင် ပြောင်းလဲခြင်းဆိုင်ရာ ဗီဒီယိုပြုလုပ်ခြင်း နည်းလမ်းရှိပြီး ၎င်းသည် တက်ကြွလှုပ်ရှားသူများကို ပြီးပြည့်စုံသော စည်းရုံးလှုံ့ဆော်ခြင်းဆိုင်ရာ ဗီဒီယို၊ ဓာတ်ပုံနှင့် လူမှုမီဒီယာပြုလုပ်ခြင်းများကို ဖော်ပြပါရှိပါတယ်။ နည်းလမ်းများကို အင်္ဂလိပ်ဘာသာဖြင့် အင်တာနက်တွင်ရနိုင်ပြီး အခြားဘာသာများသို့လည်း ပြန်ဆိုထားပါတယ်။ http://toolkit.witness.org/en

အခြားအဖွဲ့အစည်းများမှသုံးသော ဗီဒီယို၊ ဓာတ်ပုံနှင့် လူမှုမီဒီယာများကို သက်သေအဖွဲ့၏ အင်တာနက်ဘလော့ဂ်တွင် ကြည့်နိုင်ပါတယ်။ http://blog.witness.org

ကျွန်ုပ်တို့ လမ်းညွှန်တွင် ကိုးကားထားသော ဆောင်းပါး (၂)ခုကိုလည်း အောက်ပါအတိုင်း တွေ့နိုင်ပါတယ်။ See also these two articles, quoted in our manual:

Yvette AlberdingkThijm, 'WITNESS Launches Human Rights Channel on Youtube.' Blog, Bigthink, June 11, 2012. Available online at http://bigthink.com/e_perts-corner/youtube-launches-human-rights-channel.

Chris Michael, How to Film Protests: Video Tip Series for Activists at Occupy Wall Street, in Syria and Beyond. Blog, WITNESS, April 30, 2012. Available online at http://blog.witness.org/2012/04/how-to-film-protests-video-tip-series-for-activists-at-occupy-wall-street-in-syria-and-beyond/.

- အမ်မလန်(M. Malan.) အန်ဂျီအိုများ၊ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်နှင့် အသက်ရှင်နေထိုင်သူများနှင့် အစိုးရဆက်သွယ်ရေးအရာရှိများကို မီဒီယာများနှင့်ဆက်ဆံရေး ထိရောက်ကောင်းမွန်အောင် သင်ကြားခြင်း။ သင်တန်း ဆရာများအတွက် လမ်းညွှန်။ ၂၀၀၈။ အင်တာနယူးအဖွဲ့။ ttp://www.eldis.org/go/topics/resource-guides/hiv-and-aids/aids-communication-training-and-advocacy&id=41275 &type=Document.

ဤလမ်းညွှန်သည် အိတ်ချ်အိုင်ဗွီဆိုင်ရာ လက်တွေ့ကွင်းဆင်းလုပ်နေသူများအတွက် မီဒီယာများနှင့် မည်သို့ထိရောက်စွာ အလုပ်လုပ်ရမည်ကို လေ့ကျင့်ပေးရန် ရေးထားပါတယ်။ ၎င်းတွင် ငါးရက်စာ သင်ကြားပုံအဆင့်ဆင့်ပါရှိပါတယ်။ သင်တန်းနောက်ဆုံးရက်တွင် သင်တန်းသားများက မီဒီယာများနှင့် လက်တွေ့ပွဲလုပ်ပြရခြင်း ပါဝင်ပါတယ်။ အင်တာနယူးအဖွဲ့က ပစ်ပယ်ခံနေရသော လူထုအတွက် ဆက်သွယ်ရေး ကျွမ်းကျင်မှုရရှိရန် ကူညီပေးပါတယ်။ သူတို့က စာနယ်ဇင်းသမားများကို ဒွိဟဖြစ်စေသော၊ သတိထားသော၊ အန္တရာယ်ရှိသောကိစ္စရပ်များ (ဥပမာ အိတ်ချ်အိုင်ဗွီ သို့မဟုတ် စစ်ပွဲအတွင်း ပဋိပက္ခများအကြား အလုပ်လုပ်ခြင်း)တွင် မည်သို့သတင်းယူရမည်ကို လေ့ကျင့်ပေးပါတယ်။ သင့်အနေဖြင့် သူတို့ကို info@internews.org. တွင် ဆက်သွယ်ပြီး အလုပ်ရုံဆွေးနွေးပွဲအတွက် တောင်းခံနိုင်ပါတယ်။

**နိုင်ငံရေး ဖြစ်စဉ်များဆိုင်ရာ လမ်းညွှန်များ**

- နိုင်ငံတကာသောအန္တရာယ်လျော့ချရေး။ ကမ္ဘာ့ကုလသမဂ္ဂ၏ လူ့အခွင့်အရေးစနစ်ဆိုင်ရာ လမ်းညွှန်အကျဉ်း။
  http://www.ihra.net/files/2011/03/29/A_brief_guide_to_the_UN_human_rights_system.pdf
- နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာဖယ်ဒရေးရှင်း (FIDH). အရင်းအမြစ်ဖြစ်စဉ်များအတွက် လမ်းညွှန်။ အပိုင်း (၁) အစိုးများအကြားဖြစ်စဉ်များ။ http://www.fidh.org/IMG//pdf/guide_entreprises_uk-sectioni.pdf.
- ဒွန်နာစူလဗင်(Donna Sullivan.) အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့်ခွဲခြားနှိမ့်ချခြင်းများ အားလုံးပပျောက်ရေးအတွက် လိုအပ်သောတရားဥပဒေသများကို လွှမ်းခြုံကြည့်ခြင်း။
  IWRAW Asia Pacific/ 2009? twGJ (12)/
  http://www.iwraw-ap.org/publications/doc/DonnaE_ haustionWeb _corrected_version_march% 2031.pdf.
- ကမ္ဘာ့ကုလသမ္ဂဆိုင်ရာ အေအိုင်ဒီအက်စ်အဖွဲ့ (UNAIDS) ကမ္ဘာ့ကုလသမဂ္ဂဆိုင်ရာလူ့အခွင့်အရေးဖြစ်စဉ်လမ်းညွှန်။
  http://data.unaids.org/Publications/IRC-pub01/jc12À-hrmachinery_en.pdf.

**အန္တရာယ်ကိုစိန်ခေါ်၍ တစ်ဦးချင်းတက်ကြွလှုပ်ရှားသူများအတွက် အရင်းအမြစ်များ**

လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများအတွက် တွေ့ကြုံနိုင်သောခြိမ်းခြောက်မှုများကို အသိမှတ်ပြုလျက် ၂၀၀၀ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကနေ လူ့အခွင့်အရေးကာကွယ်လှုပ်ရှားသူများဆိုင်ရာ အထူးစုံစမ်းစစ်ဆေးရေးအရာရှိတို့ခန့်အပ် ခဲ့ပါတယ်။ သူမက ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးထံ လူ့အခွင့်အရေး ကာကွယ်လှုပ်ရှားသူများရဲ့ လူ့အခွင့်အရေးကာကွယ်ရေး နှင့် တိုးမြှင့်ခြင်းလုပ်ငန်းများအကြောင်းကို အစီရင်ခံရပါတယ်။ နိုင်ငံများသို့ သွားရောက်စုံစမ်းခြင်း၊ တစ်ဦးချင်း ကိစ္စရပ်များ အတွက် အစိုးရများနှင့်တွေ့ဆုံခြင်းများကို ပြုလုပ်ပါတယ်။

အချို့သော လူ့အခွင့်အရေး ကာကွယ်ပေးသူတွေဟာ တရားဥပဒေပညာရှင်များ၊ လူ့အခွင့်အရေး လှုပ်ရှားနေသော ရှေ့နေများ၊ စာနယ်ဇင်းသမားများ၊ အလုပ်သမားသမဂ္ဂများ သို့မဟုတ် ဖွံ့ဖြိုးရေး လုပ်သားများ ဖြစ်ကြပါတယ်။ ဒေသအစိုးရအရာရှိ၊ ရဲအရာရှိ သို့မဟုတ် ထင်ရှားကျော်ကြားသူ တစ်ဦးမှလည်း လူ့အခွင့်အရေးကို လေးစားမြှင့်တင်ပါက လူ့အခွင့်အရေး ကာကွယ်သူဖြစ်လာပါတယ်။ ကုလသမဂ္ဂအဖွဲ့၏ လူ့အခွင့်အရေးကာကွယ်သူ အဓိပ္ပါယ်မှာ လူအများ သို့မဟုတ် တစ်ဦးတစ်ယောက်က တစ်ဦးချင်း သို့မဟုတ် အခြားသူများနှင့်အတူ တရားဥပဒေဘောင်အတွင်းကနေ လူ့အခွင့်အရေးများကို ကာကွယ်သူ တိုးမြှင့်သူဟု သတ်မှတ်ပါတယ်။

အောက်ပါ အင်တာနက်စာမျက်နှာတွင် လူ့အခွင့်အရေး လှုပ်ရှားသူတစ်ဦးချင်းအတွက် ခြိမ်းခြောက်ခံရမှုများ၊ အကြမ်းဖက်မှုများနှင့်ပတ်သက်ပြီး တိုင်ကြားလွှာပို့ခြင်း ဖြစ်စဉ်ကို ဖော်ပြထားပါတယ်။
http://www.ohchr.org/EN/Issues/SRHRDefenders/Pages/Complaints.asp

- ရှေ့တန်း ကာကွယ်သူများအဖွဲ့ (Frontline Defenders)သည် နိုင်ငံတကာအဖွဲ့အစည်းဖြစ်ပြီး လူ့အခွင့်အရေးတက်ကြွသူများ၏ လိုအပ်ချက်များကို စောင်းပေးလုပ်ဆောင်ပါတယ်။ သူတို့အဖွဲ့ရဲ့ အင်တာနက်စာမျက်နှာ (www. frontlinedefenders.org)တွင် ကမ္ဘာတစ်ဝှမ်းရှိ လူ့အခွင့်အရေးလှုပ်ရှားသူများ၏ နောက်ဆုံးရသတင်းများနှင့် အကူအညီပေးနိုင်မည့် နည်းလမ်းများကို ဖော်ပြထားပါတယ်။ ထိုအဖွဲ့မှ လူ့အခွင့်အရေးတက်ကြွသူများအတွက် အရေးပေါ်အခြေအနေဖြစ်လာရင် အကူအညီထောက်ပံ့မှုများပေးပြီး လုံခြုံရေးနှင့်ခြိမ်းခြောက်မှုများအတွက် မည်သို့လုပ်ဆောင်ရမည်ကို လေ့ကျင့်ပေးပါတယ်။

  သူတို့၏ လက်တွေ့စာအုပ်- လုံခြုံရေးအတွက် အလုပ်စာအုပ်– လူ့အခွင့်အရေးလှုပ်ရှားသူများအတွက် လက်တွေ့အချက်များကို ဒေါင်းလုပ်ဆွဲယူနိုင်ပါတယ်။

  http://www.frontlinedefenders.org/files/Workbook_ENG.pdf.
- ပညာသင်သူ ကယ်ဆယ်ရေး ရန်ပုံငွေအဖွဲ့ (Scholar Rescue Fund)သည် နိုင်ငံတကာ အန်ဂျီအိုတစ်ခုဖြစ်ပြီး လူ့အခွင့်အရေးလှုပ်ရှားသော ဆရာများ၊ စာရေးဆရာများ၊ ပညာရှင်များအတွက် လုံခြုံရေးနှင့် အကြမ်းဖက်ခံရမှုမှ ကာကွယ်ရန်အတွက် ခေတ္တတည်းခိုရန်နှင့် အလုပ်ဆက်လုပ်နိုင်ရန် ကူညီပေးပါတယ်။ ပုံမှန်အားဖြင့် ပညာသင်ကျောင်းသားကို အမေရိကရှိ တက္ကသိုလ်တစ်ခုတွင်ထားရှိပြီး သူတို့နေထိုင်စရိတ်ကို ထောက်ပံ့ပေးပါတယ်။ အောက်ပါလိပ်စာတွင် တစ်ဦးချင်းမှလျှောက်ထားနိုင်ပါတယ်။
  www.scholarrescuefund.org.

- အာရှအထောက်အကူအဖွဲ့ (Asia Catalyst)ကလည်း တရုတ်နှင့် အရှေ့တောင်အာရှဒေသ လူ့အခွင့်အရေးနှင့် ကျန်းမာရေးလုပ်ဆောင်နေသူများကို တစ်ခါတစ်ရံတွင် အာရှရှိ အိတ်ချ်အိုင်ဗွီလုပ်ငန်းလုပ်နေသော အဖွဲ့အစည်းများ၊ ဥပဒေအဖွဲ့များ သို့မဟုတ် တက္ကသိုလ်များသို့ ကာလတိုလေ့လာရေးခရီးများ ပြုလုပ်ပေးပါတယ်။ အောက်ပါအတိုင်း ဆက်သွယ်ပါ။ info@asiacatalyst.org.
- နိုင်ငံတကာ ကာကွယ်ရေးအဖွဲ့ (Protection International )၏ လမ်းညွှန်–လူ့အခွင့်အရေးဥပဒေ ကာကွယ်သူများအတွက် အကာအကွယ်ပေးခြင်းဆိုင်ရာ နည်းပရိယာယ်များနှင့် နည်းလမ်းများ။ http://protectionline.org/IMG/pdf/3-3_Manual_English_3rdEd.pdf.

ငင်းတွင် အခြေအနေတစ်ခုချင်းစီတွင် ဘေးအန္တရာယ်ကို မည်သို့မှန်းဆမည်၊ လုံခြုံမှုစည်းမျဉ်းများကို မည်သို့ ရယူမည် စသည့် လုပ်ဆောင်ရန်အချက်များ ပါဝင်ပါတယ်။ အာရှဆိုင်ရာ ဘာသာစကားများအတွက် အာရှဆိုင်ရာ ဘာသာပြန်ဖြစ်သူ တီစာဒီရပ် (Tessa de Ryck) (tessa_deryck@protectioninternational.org)ထံသို့ဖြစ်စေ အဖွဲ့အစည်း၏ အင်တာနက်လိပ်စာ (www.protectioninternational.org.)သို့ဖြစ်စေ ဆက်သွယ်နိုင်ပါတယ်။

ထိုအဖွဲ့မှ လိင်တူချစ်သူများ အခွင့်အရေးကာကွယ်ရေး လမ်းညွှန်ကိုလည်း ထုတ်ဝေထားပါတယ်။ http://protectioninternational.org/wp-content/uploads/2012/04/LGBTI_PMD_2nd_Ed_English.pdf

**နောက်ဆက်တွဲများကို ဘယ်လိုကို အသုံးပြုနိုင်မလဲ၊**

သိရန်၊ သက်သေပြရန်၊ ပြောင်းလဲရန် စာတွဲတစ်ခုချင်းစီတွင် လမ်းညွှန်တစ်ခုစီ ဖန်တီးထားပြီး ငင်းသည် အောက်ခြေလူထုထဲတွင် အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်နှင့်ပက်သက်၍ လုပ်ကိုင်နေသော အဖွဲ့များ၊ လူများကို လူ့အခွင့်အရေးများအကြောင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုကို မှတ်တမ်းတင်ပုံများအကြောင်း၊ လူထုလှုပ်ရှားမှုများ ပြုလုပ်မှုအကြောင်းကို နားလည်သိရှိအောင် ကူညီရန်အတွက် ဖြစ်ပါသည်။ စာတွဲတစ်ခုစီတွင် သင်တန်းဆရာအတွက် ဖြည့်စွက်ချက်တစ်ခုစီပါရှိပြီး ငင်းတွင် သင်ခန်းစာပြင်ဆင်ပုံ၊ နမူနာလေ့ကျင့်ခန်းများနှင့် သင်တန်း(သို့မဟုတ်) အလုပ်ရုံဆွေးနွေးပွဲတွင် အသုံးပြုရန် ပုံစံများပါရှိပါတယ်။

**လူ့အခွင့်အရေးချိုးဖောက်မှုများကို အဆုံးသတ်စေခြင်း စာစဉ်ရဲ့ နောက်ဆက်တွဲမှာ–**

- သင်ခန်းစာပြင်ဆင်ပုံများ– သင်ခန်းစာတစ်ခုချင်းအတွက် သီးသန့်ကျွမ်းကျင်မှုများနှင့် သက်ဆိုင်ရာ အခန်းများရှိ ဘာသာရပ်များကို လိုက်လျောညီထွေမှုရှိရန် ရှင်းပြထားပါတယ်။
- လုပ်ကိုင်ပုံဇယားများမှ သင်ခန်းစာပြင်ဆင်ပုံစံများကို စာမျက်နှာ ပရင့်ထုတ်နိုင်ပါတယ်။ စာမျက်နှာတိုင်းကို သင်တန်းစာတစ်ဦးချင်းစီအတွက် အလုပ်ရုံဆွေးနွေးပွဲများအတွက်လည်း ထုတ်နိုင်ပါတယ်။
- ဇယားပုံစံများကို ပရင့်ထုတ်ပြီး သင်၏ ကိုယ်ပိုင်လူ့အခွင့်အရေး သင်တန်းတွင်လည်း အသုံးပြုနိုင်ပါတယ်။

သင်ခန်းစာပြင်ဆင်မှုဆိုတာ ဘာလဲ၊ သင်ခန်းစာပြင်ဆင်မှုများက လမ်းညွှန်ရှိ အဓိကခေါင်းစဉ်ကြီးများကို လွှမ်းခြုံပြီး အခန်းတစ်ခုချင်းစီအလိုက် စီစဉ်တင်ပြထားပါတယ်။

သင်ခန်းစာပြင်ဆင်မှု တစ်ခုချင်းစီတွင် အောက်ပါအပိုင်းများ ပါဝင်ပါတယ်။

| | |
|---|---|
| နိဒါန်း | သင်ခန်းစာအကြောင်း အတိုချုပ်ပြောပြခြင်း။ |
| သဘောတရားများ | ဖော်ထုတ်ဆွေးနွေးမည့် အခြေခံသဘောတရားများ။ |
| အချိန်လိုအပ်ချက် | သင်ခန်းစာပြီးမြောက်ရန် လိုအပ်သောအချိန်၊ အကယ်၍ ဘာသာပြန်ရန် လိုအပ်ပါက အချိန်နှစ်ဆ ယူရန် လိုအပ်သည်။ |
| ရည်ရွယ်ချက် | အလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်သူများ ရရှိနိုင်မည့်တိကျသော ကျွမ်းကျင်မှုများ |
| လိုအပ်သောရင်းမြစ်များ | သင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်ရန် လိုအပ်သော ပစ္စည်းတန်ဆာပလာများ၊ နည်းလမ်းများ |
| လုပ်ဆောင်ပုံအဆင့်များ | သင်တန်းဆရာမှ သင်ခန်းစာအတွင်းလုပ်ဆောင်ရမည့်အဆင့်များ– လေ့ကျင့်ခန်းများ၊ သင်တန်းသားများကိုပြောရန် စကားများပါဝင်သည်။ ထိုသင်ခန်းစာကိုပြင်ဆင်ရာတွင်(လိုအပ်ပါက) အဖွင့်စကား၊ လုပ်ဆောင်ချက်နှင့် ဆွေးနွေးချက် စသည်တို့ ပါဝင်သင့်သည်။ |
| အကျဉ်းချုပ် | သင်ခန်းစာတွင် သင်ယူခဲ့သော အဓိကအချက်များကို ပြန်လည်ပေါင်းစုခြင်း |
| အကဲဖြတ်သုံးသပ်ခြင်း | သင်တန်းသားများအတွက် ငင်းတို့သင်ယူလိုသော အရာများရရှိသည်။ မရရှိသည်ကို သုံးသပ်သော လုပ်ဆောင်ချက်။ |

စည်းရုံးလှုံ့ဆော်မှုရဲ့ အောင်မြင်မှုအတိုင်းအဆသည် လှုံ့ဆော်သူများက မည်သို့ကောင်းမွန်စွာ ပြောဆိုနိုင်မှု၊ အတွေ့အကြုံများရှိမှု၊ အသိပညာရှိမှုနှင့် လူထု သို့မဟုတ် အဖွဲ့၏ စွမ်းအားရှိမှုများအပေါ် မူတည်ပါတယ်။ ယခု သင်ခန်းစာပြင်ဆင်ခြင်းအပိုင်းတွင် မည်သို့မည်ပုံ ပြင်ဆင်စီမံရမည်ကိုလည်း ထည့်သွင်းထားပါတယ်။ ၎င်းတို့ကို လမ်းညွှန်စာအုပ်ရှိ အခန်းအလိုက် စီစဉ်ထားသော်လည်း အသုံးပြုသူအနေဖြင့် အသင့်တော်ဆုံးသော သင်ခန်းစာကို ရွေးချယ်ကောက်ယူ အသုံးပြုနိုင်ပါတယ်။ တချို့သော လုပ်ဆောင်ချက်များက ပြဿနာတစ်ခုအတွက် ချဉ်းကပ်ပုံမျိုးစုံကို ပြသထားပြီး အဖွဲ့မှ မေးခွန်းများပေါ်ထွက်လာအောင် လုပ်ပေးထားပါတယ်။

ဤဖြည့်စွက်ချက်ကို သင်ဘယ်လိုအသုံးပြုမလဲ။ ဖော်ပြထားသော သင်ခန်းစာများကို အခြေအနေမျိုးစုံမှာ အသုံးပြုနိုင်ပါတယ်။ တစ်နေ့တာ အလုပ်ရုံဆွေးနွေးပွဲအတွင်း များစွာသောသင်ခန်းစာထဲမှ ဖြည့်စွက်ချက်တွေကို သင်အသုံးပြုနိုင်ပါလိမ့်မယ်။ သို့မဟုတ် တစ်နေ့တာ ဆွေးနွေးပွဲအတွင်း အားလုံးသော သင်ခန်းစာထဲမှ အဖွဲ့အစည်းရဲ့ သီးသန့်လိုအပ်ချက်အရ သင်ခန်းစာအချို့ကိုသာ အသုံးပြုတာမျိုးလည်း ဖြစ်နိုင်ပါတယ်။ ဖြည့်စွက်သင်ခန်းစာတွေကို သင်ရဲ့ အလုပ်အတွက် အကောင်းဆုံးဖြစ်အောင် အသုံးပြုပါ။

### အုပ်စုဖွဲ့ လုပ်ဆောင်ခြင်းအတွက် အခြေခံအချက်များမှာ

**Here are some basic tips for group work:**

- ဖြစ်နိုင်လျှင် အဖွဲ့ခေါင်းဆောင် သို့မဟုတ် ကူညီသူသည် သင်တန်းတက်ဖူးသော အတွေ့အကြုံ အနည်းငယ် ရှိသင့်ပါတယ်။
- စာသင်ခန်းပုံစံ ထိုင်ခုံများချထားခြင်းကို ရှောင်ပါ။ စက်ဝိုင်းပုံစံအတိုင်း ထိုင်ခုံများချထားခြင်းက ပိုအလုပ်ဖြစ် ပါတယ်။
- ဖြစ်နိုင်ပါက သင်တန်းမစတင်မီ ကစားနည်းတိုတစ်ခုကို အသုံးပြုပါ။ ဒါက သီချင်းတစ်ပုဒ် သို့မဟုတ် ပျော် စရာတစ်ခုနဲ့ သင်တန်းသားများကို သက်တောင့်သက်သာရှိစေပြီး စိတ်သက်သက်သာသာဖြစ်စေအောင် လုပ်တာမျိုးပါ။
- အုပ်စုဖွဲ့လုပ်ဆောင်ခြင်းအတွက် အစုငယ်(၆ ဦးမှ ၂၀ ဦးအတွင်း) ဖွဲ့ပြီးလုပ်ခြင်းက ပိုကောင်းပါတယ်။
- သင်တန်းသားများကို သင်ခန်းစာများနှင့် သူတို့၏လက်တွေ့ဘဝ အတွေ့အကြုံများနှင့် ပေါင်းစပ်တွေးခေါ် တတ်စေရန် အားပေးပါ။

သင်ခန်းစာပြင်ဆင်ခြင်းထဲတွင် သင်တန်းဆရာမှ သင်တန်းသားများ မည်မျှသင်ယူ ရရှိသွားသည်ကို ဆန်းစစ် သော အကြောင်းအရာပါရှိပါတယ်။ လုပ်ဆောင်မှုတစ်ခု ပြီးဆုံးသွားတိုင်း သင်တန်းသားများကို သင်ခန်းစာကမည်မျှ အလုပ်ဖြစ်ကြောင်း မေးမြန်းစမ်းစစ်ပါ။

# စည်းရုံးလှုံ့ဆော်မှုဆိုတာဘာလဲ?

**သင်ခန်းစာ (၁–၁) အတွေးအမြင်ပုံရိပ် သစ်ပင်**

| | |
|---|---|
| နိဒါန်း | ယခုသင်ခန်းစာသည် သင်တန်းသားများကို ပြဿနာတစ်ခုကို နားလည်စေပါတယ် (ဥပမာ– မကောင်းသော ဥပဒေ၊ မူဝါဒ သို့မဟုတ် အစီအစဉ်)။<br>ပြဿနာ၏ အရင်းဖစ်မြစ်အကြောင်းရင်းနှင့် နောက်ဆက်တွဲများကိုပါ နားလည်စေပါတယ်။ ယခုလေ့ကျင့်ခန်းမှ စည်းရုံးလှုံ့ဆော်မှု လှုပ်ရှားမှုတစ်ခုကို အစီအစဉ်ချမှတ်ပုံ အခြေခံတစ်ခုကို ဖော်ပြထားပါတယ်။ |
| သဘောတရားများ | အတွေးအမြင်<br>ပြဿနာ အရင်းဖစ်မြစ်အကြောင်းတရားများ<br>နောက်ဆက်တွဲများ<br>အပြုသဘော ပြောင်းလဲခြင်း |
| အချိန်လိုအပ်ချက် | ၄၅ မိနစ် |
| ရည်ရွယ်ချက် | ပြဿနာတစ်ခု၏ ရင်းဖစ်မြစ်အကြောင်းများကို နားလည်သိရှိရန်<br>ပြဿနာတစ်ခု၏ နောက်ဆက်တွဲများကို နားလည်သိရှိရန်<br>ဥပဒေ၊ မူဝါဒ၊ အစီအစဉ်တစ်ခုကို ပြုပြင်ခြင်းမှ ပေါ်ထွက်လာသော အပြုသဘောဆောင်သည့် အပြောင်းအလဲကို မြင်တတ်စေရန် |
| လိုအပ်သောအရင်းမြစ်များ | သစ်သီးသုံးမျိုး( လိမ္မော်သီး (၃)၊ ပန်းသီး (၃)၊ ငှက်ပျော်သီး (၃) ပုံစီပါသော ပုံ (၉)ပုံ ကို အဖွဲ့ငယ်တစ်ခုစီအတွက် ကြိုတင်ညှပ်ထားပေးပါ။<br>အဖြူရောင် စက္ကူချပ်ကပ်ရန် တိပ်၊ မာကာပန် (၄) ချောင်းမှ (၁၀) ချောင်း (သင်တန်းသားရော ဆရာအတွက်ပါ လုံလောက်ပါသည်) |
| အကျဉ်းချုပ် | ပြဿနာ၏ အရင်းဖစ်မြစ်ကိုအဖွဲ့ငယ်များက ဖော်ထုတ်ပြီး နောက်ဆက်တွဲ ဆိုးကျိုးများကို သိမြင်ပါစေ။ အကယ်၍ အကောင်းဘက် လုပ်ဆောင်ဖွယ်ရာများကို ဖော်ထုတ်ခဲ့ပါကလည်း အပြုသဘောဆောင်သော ပြောင်းလဲမှုအတွက် ချိတ်ဆက်တွေးခေါ်စေကာ မူဝါဒ သို့မဟုတ် ဥပဒေပြောင်းလဲစေမည့် အလားအလာကောင်းများကို ဆွေးနွေးနိုင်းပါ။ |
| အကဲဖြတ်သုံးသပ်ခြင်း | အဖွဲ့မှ ဆွေးနွေးသည်များကို အချက်များထုတ်ပြီး သင်ခန်းစာမှသည် ယက်တွေ့တွင် မည်သို့အသုံးချနိုင်မည်ကို ဆွဲထုတ်စေပါ။ |

ယခုသင်ခန်းစာတွင် ချဉ်းကပ်နည်း (၂)မျိုးရှိပါတယ်။ သင့်အဖွဲ့မှ ပြဿနာတစ်ခု၏ အကျိုးဆက်များကို ဖော်ထုတ်နိုင်ခြင်း (ပုံစံ–အေ)နှင့် အဖွဲ့မှ ဥပဒေ၊ မူဝါဒ သို့မဟုတ် အစီအစဉ်တစ်ခုအတွက် အပြုသဘောဆောင် ရရှိနိုင်သော အပြုသဘောဆောင် ပြောင်းလဲခြင်းကို ကြိုတင်မြင်ထားခြင်း (ပုံစံ–ဘီ)။ သင်ကြိုက်နှစ်သက်ရာ ချဉ်းကပ်နည်းကို သင်ရွေးချယ်နိုင်ပါတယ်။

**ပုံစံ–အေ– အတွက် လုပ်ဆောင်ဖွယ်ရာ အဆင့်များ– ပြဿနာသစ်ပင်**

**ပြင်ဆင်ခြင်း**

၁။ သင်တန်းဆရာမှ အဖွဲ့ငယ်တစ်ခုချင်းစီအတွက် ပစ္စည်းများအစုံလိုက် ပြင်ဆင်ထားသင့်ပါတယ်။ ပြင်ထားရမယ့် အစုံကတော့ အသီးပုံ (၉)ပုံပါ (ဥပမာ– လိမ္မော်သီး (၃ ပုံ)၊ ပန်းသီး (၃ ပုံ)၊ ငှက်ပျော်သီး (၃ ပုံ) သို့မဟုတ် သင်၏ ပတ်ဝန်းကျင်တွင် တွေ့ရများသော အသီးများပုံ)။

၂။

**လုပ်ဆောင်ချက်**

၃။ သင်တန်းသားဦးရေပေါ် မူတည်ပြီး လူ (၃) ဦးမှ (၆)ဦးပါသော အဖွဲ့ငယ်များဖွဲ့ပါ။

၄။ စာရေးရန် စက္ကူဖြူများ ဝေပေးပါ။ အနည်းဆုံး ရောင်စုံမာကာ ၃ ချောင်း (ဥပမာ–အနီ၊ အပြာ၊ အနက်)နှင့် ကပ်ရန် တိပ်ကိုလည်းပေးပါ။ ထို့နောက် သစ်သီးပုံ (၉)ပုံကို အဖွဲ့တစ်ခုချင်းကို ပေးပါ။ (ဥပမာ– လိမ္မော်သီး

(၃ ပုံ)၊ မာလကာသီး (၃ ပုံ)၊ ငှက်ပျောသီး (၃ ပုံ)။

၅။ စက္ကူဖြူပေါ်တွင် တစ်ဖွဲ့ချင်းစီမှ သစ်ပင်တစ်ပင်ပုံကို ဆွဲပါစေ။ ပင်စည်ထူပြီး အကိုင်း (၄) ကိုင်းနှင့် အမြစ်(၄)ခု အနည်းဆုံးပါအောင် ဆွဲနိုင်းပါ။

၆။ အဖွဲ့တစ်ခုချင်းစီမှ သူတို့ရဲ့သစ်ပင်ကို အိတ်ချ်အိုင်ဗွီနှင့် လူ့အခွင့်အရေးလှုပ်ရှားမှုတွေနဲ့ ဆက်စပ်တဲ့ နာမည်တွေ ပေးပါစေ၊ ဥပမာ– ဖိနှိပ်တဲ့ မူးယစ်ဆေးဝါးမူဝါဒသစ်ပင်၊ မူးယစ်ဆေးသုံးသူတွေအား အေအာတီဆေးကုသခြင်းကိုငြင်းပယ်ခြင်း သစ်ပင်၊ အိတ်ချ်အိုင်ဗွီပိုးရှိသော မိဘ၏ကလေးများကို ကျောင်းထုတ်ခြင်းသစ်ပင်၊ လိင်လုပ်သမလေးများကို ရဲများမှ မဖွယ်မရာလိင်ပိုင်းဆိုင်ရာပြုခြင်း သစ်ပင်စသဖြင့်။ ပြဿနာရဲ့အမည်ကို သစ်ပင်ရဲ့ ပင်စည်မှာ ချရေးနိုင်းပါ။

၇။ အမြစ်များကိုရေးနိုင်းပါ။ အဲဒီမှာ ပြဿနာကိုဖြစ်စေတဲ့ အကြောင်းအရာတွေကို စကားလုံးတစ်လုံး သို့မဟုတ် စာတိုတစ်ပိုဒ် ပုံစံဖြင့်ရေးနိုင်းပါ။ ဥပမာ– လျစ်လျူရှုခြင်း၊ တရားဥပဒေအကာအကွယ်မရှိခြင်း၊ အိတ်ချ်အိုင်ဗွီပိုးရှိသူများအပေါ် သတင်းမီဒီယာက အဆိုးမြင်တင်ပြမှုစသဖြင့်။ အမြစ်တစ်ခုစီသည် အကြောင်းအရာတစ်ချက်ဖြစ်ပါစေ။

၈။ အသီးတွေမှာ ရေးနိုင်းပါ။ အဲဒီမှာ စကားလုံးတစ်လုံး သို့မဟုတ် စာစုတစ်စုရေးပုံစံနဲ့ ပြဿနာ၏ နောက်ဆက်တွဲအကျိုးဆက်များကို ရေးနိုင်းပါ။ ဥပမာ– မူးယစ်ဆေးထိုးသွင်းသုံးစွဲသူများအကြား အိတ်ချ်အိုင်ဗွီကူးစက်မှုမြင့်တက်လာခြင်း၊ သေဆုံးခြင်း၊ နှိမ့်ချခွဲခြားဆက်ဆံခြင်း၊ မိမိကိုယ်ကို ယုံကြည်မှုနည်းခြင်း၊ လိင်လုပ်သားများကို ထောင်သွင်းအကျဉ်းချခြင်းစသဖြင့်။ အသီးတစ်ခုသည် နောက်ဆက်တွဲအကျိုးဆက်တစ်ခုဖြစ်ပါစေ၊

၉။ အဖွဲ့အနေဖြင့် အမြစ်နဲ့အသီးတွေကို ထပ်ပြီးကြိုက်သလောက် ပေါင်းထည့်လို့ရပါတယ်။ ပုံမပျက်စေပဲ အကိုင်းခွဲတွေ၊ အမြစ်ခွဲတွေလည်း ဆွဲနိုင်ပါတယ်။ (ပုံမှန်လုပ်ရန် မလိုအပ်ပါ)

၁၀။ အချိန် (၂၅) မိနစ်ခန့် အဖွဲ့အား ဆွဲထားသောသစ်ပင်အကြောင်းကို ဆွေးနွေးနိုင်းပါ။ ထို့နောက် တစ်ဖွဲ့ချင်းစီကို သူတို့ရဲ့သစ်ပင်ပုံကို နံရံမှာကပ်နိုင်းပါ။

၁၁။ အဖွဲ့တစ်ခုမှ ကိုယ်စားလှယ် တစ်ဦးကိုရွေးစေပြီး အဖွဲ့ရဲ့ပုံနှင့်ဖြစ်စဉ်ကို ဘေးအဖွဲ့ရှိအခြားသူများကို ရှင်းပြနိုင်းပါ။

၁၂။ အဖွဲ့ဝင်အားလုံး လှည့်လည်၍ တခြားအဖွဲ့၏ သစ်ပင်ပုံများကို ကြည့်နိုင်းပါ။ အဖွဲ့ကိုယ်စားလှယ်ထံ မေးခွန်းများ မေးနိုင်းပါ။

၁၃။ အဖွဲ့အားလုံးပြန်စုပြီး အုပ်စုကြီးတစ်ခုလုံး ပြန်ဆွေးနွေးပါ။

<u>အကူညီပေးသူ (သင်တန်းဆရာ)မှ အဖွဲ့သို့မေးနိုင်သော အကြံပြုမေးခွန်းအချို့–</u>

- သစ်ပင်ပုံကို ပြင်ဆင်တဲ့အခါမှ ခက်ခဲတာ၊ မရှင်းမလင်းဖြစ်နေတာမျိုး ရှိပါသလား။
- ထပ်ပြီး ပေါင်းထည့်ချင်တာမျိုး ရှိပါသလား။
- သစ်ပင်တစ်ပင်ချင်းစီကို ဘယ်လိုထင်ပါသလဲ။
- ဒီသင်ခန်းစာကနေ အိတ်ချ်အိုင်ဗွီဆိုင်ရာ စည်းရုံးလှုံ့ဆော်မှုအတွက် အစီအစဉ်ချခြင်း၊ အကောင်အထည်ဖော်လုပ်ကိုင်ခြင်းတွေအတွက် ဘယ်လိုအကူအညီပေးနိုင်ပါသလဲ။

## အကျဉ်းချုပ်နှင့် ပြန်လည်အကဲဖြတ်သုံးသပ်ခြင်း

၁။ သင်တန်းဆရာမှ အဖွဲ့မှတင်ပြလာသော အကြံဉာဏ်များ (စည်းရုံးလှုံ့ဆော်မှုအတွက် အစီအစဉ်ချခြင်း၊ အကောင်အထည်ဖော်လုပ်ကိုင်ခြင်းတွေမှာ ဘယ်လိုအသုံးပြုရမှာကို သင်ယူရတယ်ဆိုတာ ပါတဲ့အချက်များ) ကို အကျဉ်းချုပ်ပါ။

၂။ အဖွဲ့လိုက်ဆွေးနွေးခြင်းက သင်တန်းဆရာအား သင်တန်းသားအဖွဲ့မှ ဘယ်လောက်သင်ယူရရှိလိုက်သည်ကို အကဲဖြတ်ရန် အခွင့်အရေးပေးပါတယ်။

## ပုံစံ–ဘီ လေ့ကျင့်ခန်းအတွက် လုပ်ဆောင်ပုံ (လုပ်ထုံး) အဆင့်များ– အပြုသောဆောင်သော သစ်ပင်ပြင်ဆင်ခြင်း

၁။ သင်တန်းဆရာမှ အဖွဲ့ငယ်တစ်ခုချင်းစီအတွက် ပစ္စည်းတစ်စုံစီပြင်ဆင်ပေးပါ။ ပစ္စည်းတစ်စုံတွင် အသီး (၉)မျိုးပုံဖြတ်ထားသော ဖြတ်စများ (လိမ္မော်–၃၊ မာလကာ–၃၊ ငှက်ပျောသီး–၃) ပါပါတယ်။

၂။ အဖွဲ့ရှိလူအနေအထားပေါ်မူတည်ပြီး လူ(၃)ဦးမှ (၆)ဦးအထိပါဝင်သော အဖွဲ့ငယ်များ ခွဲ၍ဖွဲ့ပါ။

၃။ တစ်ဖွဲ့ချင်းစီကို ကူညီသူမှ စာရွက်ဖြူကြီး တစ်ရွက်၊ ရောင်စုံစက္ကူအထူ (၃)ခု (အနီ၊ အပြာ၊ အနက် စသဖြင့်) နှင့် မကပ်ညှိနိုင်သော တိတ်ခွေတစ်ခုစီပေးပါ။ အသီး (၉)မျိုးပုံ ဖြတ်စများကိုလည်းပေးပါ။
(လိမ္မော်–၃၊ မာလကာ–၃။ ငှက်ပျောသီး–၃)။

၄။ စက္ကူဖြူအကြီးပေါ်တွင် အဖွဲ့တစ်ခုစီမှ ပင်စည်ထူထူနှင့် အကိုင်း (၄)ကိုင်း၊ အမြစ် (၄) ခု အနည်းဆုံးပါရှိသော သစ်ပင်တစ်ပင်ပုံကို ဆွဲနိုင်းပါ။

၅။ အဖွဲ့တစ်ခုစီမှ သူတို့၏ သစ်ပင်အမည်ကို အိတ်ချ်အိုင်ဗွီ သို့မဟုတ် လူ့အခွင့်အရေးဆိုင်ရာ တောင်းဆိုခြင်း ဥပဒေ၊ မူဝါဒ၊ အစီအစဉ်များနှင့် ပတ်သက်သော အောင်မြင်နိုင်သည့် အခြေအနေများအမည်ကို တပ်နိုင်းပါ။ ဥပမာ– အေအာတီဆေးကို လူတိုင်းရရှိခြင်း၊ အမျိုးသား ဘေးအန္တရာယ်လျော့ချရေးမူဝါဒ။ အကျဉ်းသားများအတွက် ပြီးပြည့်စုံသော အိတ်ချ်အိုင်ဗွီကုသစောင့်ရှောက်မှု၊ လိင်တူ–လိင်နှစ်မျိုးချစ်သူများအတွက် မခွဲခြားသောဥပဒေတစ်ရပ် စသည်ဖြင့်။ ဥပဒေ၊ မူဝါဒ၊ အစီအစဉ်အမည်ကို ပင်စည်တွင်ရေးနိုင်းပါ။

၆။ အမြစ်တွင် ဥပဒေ၊ မူဝါဒများ လက်တွေ့ကျစေရန် လိုအပ်ချက်၊ ဖြည့်စည်းရန် လိုအပ်ချက်များကို စာလုံးတစ်လုံး သို့မဟုတ် စကားစုတစ်ခုအသွင်ဖြင့် ရေးနိုင်းပါ။ ဥပမာ– မူဝါဒချမှတ်သူများကို သတင်းပို့အသိပေးပွဲ၊ သင်–သိ–ကျင့် ပညာပေးပစ္စည်းများ၊ လူထုထောက်ခံချက်၊ လူထုပါဝင်မှု၊ အသိပညာပေးပစ္စည်းများ။ အမြစ်တစ်ခုသည် လိုအပ်ချက် တစ်ခုဖြစ်ရပါမယ်။

၇။ အသီးများတွင် ဥပဒေ၊ မူဝါဒ၊ အစီအစဉ်ကိုရရှိပါက ဖြစ်ပေါ်လာနိုင်သော အကျိုးတရားများကို စကားလုံးတစ်လုံး သို့မဟုတ် စကားစုတိုပုံစံဖြင့်ရေးနိုင်းပါ။ ဥပမာ– မူးယစ်ဆေးသုံးစွဲသူများအကြား အိတ်ချ်အိုင်ဗွီဖြစ်ပွားမှု လျော့ကျခြင်း၊ ဆေးထိုးအပ်များ ၁၀၀ ပေးဝေနိုင်ခြင်း၊ ဖျားနာမှုမရှိသောကြောင့် သေဆုံးသူနည်းခြင်း၊ ရွှေ့ပြောင်းလုပ်သားများအပေါ် ခွဲခြားနှိပ်ချဆက်ဆံမှု နည်းပါလာခြင်း၊ ပိုမိုပျော်ရွှင်သော၊ ပိုမိုတရားမျှတသော လူ့အဖွဲ့အစည်း စသဖြင့်။ အသီးတစ်လုံးသည် ရလဒ်တစ်ခုဖြစ်ရပါမယ်။

၈။ အဖွဲ့အနေနဲ့ထပ်ပြီး အမြစ်များ၊ အသီးများ၊ အကိုင်းများကို ပုံကိုမရှုပ်ထွေးစေပဲ ဖြည့်စွက်ကာ ထပ်တိုးဆွဲလို့ရပါတယ်။

၉။ အဖွဲ့တစ်ခုချင်းစီအတွက် အပင်အကြောင်းကို ဆွေးနွေးနိုင်ရန် အချိန်(၂၅)မိနစ်ခန့် သုံးပါ။ ထို့နောက် အဖွဲ့တိုင်းမှ သစ်ပင်ပုံကို နံရံတွင် တိတ်ဖြင့်ကပ်နိုင်းပါ။

၁၀။ တစ်ဖွဲ့ချင်းစီမှ ကိုယ်စားလှယ်တစ်ဦးကို ပုံအနီးတွင် နေစေပြီး သူတို့ရဲ့ သစ်ပင်ပုံဘယ်လို ဆွဲခဲ့သလဲဆိုတာကို ရှင်းပြနိုင်းပါ။

၁၁။ အဖွဲ့ဝင်အားလုံးမှ သင်တန်းခန်းမအတွင်းရှိ ပုံများအားလုံးကို လှည့်ပတ်ကြည့်ရှုစေပြီး သိလို၊ မေးလိုသည်များကို သက်ဆိုင်ရာ အဖွဲ့ကိုယ်စားလှယ်နှင့် ဆွေးနွေးနိုင်းပါ။

၁၂။ ထို့နောက် အားလုံးပြန်ထိုင်ပြီး အုပ်စုကြီးဆွေးနွေးခြင်း စပါ။

**<u>သင်တန်းဆရာမှ သင်တန်းသားများအားမေးရန် အကြံပြုမေးခွန်းများ–</u>**

- သစ်ပင်ပုံကို ပြင်ဆင်တဲ့အခါမှ ခက်ခဲတာ၊ မရှင်းလင်းတာမျိုး ရှိပါသလား။
- ထပ်ပြီး ပေါင်းထည့်ချင်တာမျိုး ရှိပါသလား။
- သစ်ပင်တစ်ပင်ချင်းစီကို ဘယ်လိုထင်ပါသလဲ။
- ဒီသင်ခန်းစာကနေ အိတ်ချ်အိုင်ဗွီဆိုင်ရာ စည်းရုံးလှုံ့ဆော်မှုအတွက် အစီအစဉ်ချခြင်း၊ အကောင်အထည်ဖော်လုပ်ကိုင်ခြင်းတွေအတွက် ဘယ်လို အကူအညီပေးနိုင်ပါသလဲ။

**အကျဉ်းချုပ်နှင့် ပြန်လည်အကဲဖြတ်သုံးသပ်ခြင်း**

၁၃။ သင်တန်းဆရာမှ အဖွဲ့မှတင်ပြလာသော အကြံဉာဏ်များ (စည်းရုံးလှုံ့ဆော်ဆိုခြင်းအတွက် အစီအစဉ်ချခြင်း၊ အကောင်အထည်ဖော်လုပ်ကိုင်ခြင်းတွေမှာ ဘယ်လို အသုံးပြုရမှာကို သင်ယူရတယ်ဆိုတာ ပါတဲ့အချက်များ)ကို အကျဉ်းချုပ်ပါ။

၁၄။ အဖွဲ့လိုက်ဆွေးနွေးခြင်းက သင်တန်းဆရာအား သင်တန်းသားအဖွဲ့မှ ဘယ်လောက်သင်ယူရရှိလိုက်သည်ကို အကဲဖြတ်ရန် အခွင့်အရေးပေးပါတယ်။

**သင်ခန်းစာ (၁–၂) စည်းရုံးလှုံ့ဆော်မှုဆိုတာ ဘာလဲ**

| | |
|---|---|
| နိဒါန်း | ယခုသင်ခန်းစာမှ အဖွဲ့အား အများသဘောတူသော စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုကို ရရှိအောင် ကူညီပေးပါလိမ့်မယ်။ |
| သဘောတရားများ | စည်းရုံးလှုံ့ဆော်မှု တာဝန်ခံခြင်း |
| အချိန်လိုအပ်ချက် | ၄၅ မိနစ် |
| ရည်ရွယ်ချက် | စည်းရုံးလှုံ့ဆော်မှု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို နားလည်သဘောပေါက်စေရန်<br>စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ ဝေါဟာရများကို နားလည်သဘောပေါက်စေရန် |
| လိုအပ်သောအရင်းမြစ်များ | စက္ကူအဖြူစာရွက်ကြီး<br>မာကာပင်များ |
| အကျဉ်းချုပ် | သင်တန်းသားများသည် သူတို့၏ စည်းရုံးလှုံ့ဆော်မှုဆိုင်ရာအတွေ့အကြုံများကို ဖလှယ်ကြပြီး စည်းရုံးလှုံ့ဆော်မှုရဲ့အဓိပ္ပာယ်ကို ဆွေးနွေးကြရန်နှင့် ၎င်းအဓိပ္ပာယ်ဖွင့်ဆိုချက်သည် သူတို့၏ လိုအပ်ချက်များအတွက် အံဝင်ခွင်ကျဖြစ်မဖြစ် ဖော်ထုတ်ရန် |
| အကဲဖြတ်သုံးသပ်ခြင်း | သင်တန်းသားတစ်ဦးချင်း၊ အဖွဲ့အားလုံးမှ ပြောဆိုဆွေးနွေးသော စည်းရုံးလှုံ့ဆော်မှုရဲ့ အဓိပ္ပာယ်၏ အသုံးဝင်မှုနှင့် အသုံးကျမှုကို ဆန်းစစ်ရန် |

**လုပ်ထုံး**

**အဖွင့်**

၁။ သင်တန်းဆရာမှ လုပ်ဆောင်ချက်၏ ရည်ရွယ်ချက်ကိုရှင်းပြပါ။ စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ အဓိပ္ပာယ် ဖွင့်ဆိုချက်ပေါင်းများစွာရှိပြီး ကျွန်ုပ်တို့သည် မိမိတို့အတွေ့အကြုံကို အခြေခံ၍ စည်းရုံးလှုံ့ဆော်မှုရဲ့ အဓိပ္ပာယ်တစ်ခုကို ဖော်ထုတ်ကြမည်ကို ရှင်းပြပါ။

၂။ အုပ်စုနှင့် စည်းရုံးလှုံ့ဆော်မှုအကြောင်း ပြောသောအခါ ထားရှိရမည့် အဓိကသော့ချက် ရည်ရွယ်ချက်မှာ– မူဝါဒချမှတ်သူများက သူတို့၏တာဝန်ဝတ္တရားများကို ဖြည့်ဆည်းရန် ပျက်ကွက်သောအခါ ထိုသူများကို တာဝန်ခံရန် သို့မဟုတ် ပြန်လည်ဖြေကြားစေရန်အတွက် စည်းရုံးလှုံ့ဆော်မှုကို ပြုလုပ်နိုင်ပါတယ်။ စည်းရုံးလှုံ့ဆော်ခြင်းဆိုသည်မှာ အပစ်ပယ်ခံထားရသောသူများနှင့် လူနည်းစုများ၏ အခွင့်အရေးကို ပိုမိုရရှိစေခြင်း သို့မဟုတ် အကာအကွယ်ပေးခြင်းသာဖြစ်သည်။ မူဝါဒများသည် လူများအတွက် ခွဲခြားနှိမ့်ချဆက်ဆံခြင်းကို အားပေးဖြစ်ပေါ်စေပါက စည်းရုံးလှုံ့ဆော်ခြင်းဖြင့် မူဝါဒချမှတ်သူများကို ကောင်းမွန်သော ဖြေရှင်းနည်းများဖြင့် အကြံပြုနိုင်ပါတယ်။

**လုပ်ဆောင်ချက်**

၃။ လူနှစ်ဦး တစ်တွဲစီနေ၍ သူတို့အချင်းချင်း အိတ်ချ်အိုင်ဗွီနှင့် ပတ်သက်သော စည်းရုံးလှုံ့ဆော်ခြင်းဆိုင်ရာ ဒေသတွင်း၊ နိုင်ငံတွင်း အတွေ့အကြုံများကို တစ်ခုချင်းစီ ဖလှယ်နိုင်းပါ။ ဥပမာတစ်ခုစီပြောနိုင်းပါ။

ဥပမာ–

- တိုင်းဒေသကြီးရှိ ဆေးရုံအား ကွန်ဒုံးများ အခမဲ့ဝေးဝေစေခြင်း။
- နယ်ဆေးရုံမှ နယ်အကျဉ်းထောင်ရှိ အကျဉ်းသားများအတွက် အေအာတီဆေးကုသမှုပေးစေခြင်း။
- နိုင်ငံတော်အစိုးရအား ဘိန်းဖြူထိုးသွင်းသုံးစွဲသူများအတွက် ဘိန်းအစားထိုးကုသမှုကုထုံး သို့မဟုတ် မီသာဒုံး ကုထုံးကို ပြုလုပ်ပေးစေခြင်း။

၄။ အတွဲတစ်တွဲချင်းစီ သူတို့၏ ဥပမာများကို အဖွဲ့ကြီးအတွင်း ပြန်လည်ဝေငှနိုင်းပါ။

၅။ ဖြစ်နိုင်လျှင် အဖွဲ့အတွင်း နိုင်ငံတကာဆိုင်ရာ အိတ်ချ်အိုင်ဗွီ စည်းရုံးလှုံ့ဆော်ခြင်း ဥပမာများကို ဖော်ထုတ်နိုင်းပါ။

ဥပမာ–

- ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးအား လိင်တူချစ်သူ–လိင်နှစ်မျိုးချစ်သူများ၏ အခွင့်အရေးများကို အသိအမှတ်ပြုစေခြင်း။

- အမေရိကန်အစိုးရအား ပြည်ဝင်ခွင့်တွင် အိတ်ချ်အိုင်ဗွီရှိသူများကို တားမြစ်ချက်ထားချက်အား ရုတ်သိမ်းစေခြင်း။

၆။ အခြားအဖွဲ့အစည်းများရှိ စည်းရုံးလှုံ့ဆော်ခြင်းဆိုင်ရာ အဓိပ္ပာယ်သတ်မှတ်ချက်များကို တင်ပြပါ။

**''စည်းရုံးလှုံ့ဆော်ခြင်းဆိုတာ အမှန်တရားကိုပြောပြီး လူထုအတွင်းပြောင်းလဲမှုအတွက်၊ သာတူညီမျှရှိမှုရှာဖွေဖို့ အတွက်၊ တရားမျှတမှုရှိဖို့အတွက် တောင်းဆိုတာပါ။''**

***အန်ဒရူးဟန်တာ၊ အာရှပစိဖိတ် လိင်လုပ်သားများကွန်ယက်(အေပီအန်အက်စ်ဒဗလျူ)***

**''စည်းရုံးလှုံ့ဆော်ခြင်းဆိုတာ လုပ်ဆောင်ချက်တစ်ခု သို့မဟုတ်လုပ်ဆောင်ချက်အဆင့်တွေပါ။ ဒါဟာအာဏာရှိတဲ့ လူတစ်ယောက်ကိုအပိုင်ပေါင်းပြီး ဥပဒေ သို့မဟုတ် မူဝါဒတွေပြောင်းလဲစေတာပါ။အဲဒီ ပြောင်းလဲမှုက အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါခံစားနေရသူတွေရဲ့ဘဝတွေကို မြှင့်တင်ပေးဖို့ပါ။''**

***အာရှပစိဖိတ် အေအိုင်ဒီအက်စ်ဝန်ဆောင်မှုအဖွဲ့အစည်းကောင်စီ(အေပီစီအေအက်စ်အို)***

ရှေးဦးစွာ စည်းရုံးလှုံ့ဆော်ခြင်းဆိုတာ ကမ္ဘာတစ်ဝှမ်းမှာရှိတဲ့ အန်ဂျီအိုတွေ တက်ကြွသူတွေနဲ့ နိုင်ငံရေးမူဝါဒသားတွေ ကိုယ်ကိုင်မူဝါဒတွေကို ချယ်လှယ်နိုင်ဖို့သုံးတဲ့ နည်းဗျူဟာတစ်ခုပါ။ စည်းရုံးလှုံ့ဆော်တယ်ဆိုတာ မူဝါဒပြုလုပ်ရေး သို့မဟုတ် ပြင်ဆင်ရေးအတွက်ပါ။ ဒ့ါအပြင် မူဝါဒတွေကို အကျိုးရှိရှိလုပ်ဆောင်ဖို့နဲ့ တွန်းအားပေးဖို့လည်း ပါဝင်တယ်။ ကဲယားအင်တာနေရှင်နယ် CARE International /

၇။ ပြောင်းလဲရန်– လူ့အခွင့်အရေးချိုးဖောက်မှုများကို အဆုံးသတ်စေခြင်း စာစဉ်၏ စည်းရုံးလှုံ့ဆော်ခြင်း အဓိပ္ပာယ်ကိုလည်း ဖော်ပြပါ။

လူ့အခွင့်ရေးဆိုင်ရာ စည်းရုံးလှုံ့ဆော်ခြင်းဆိုသည်မှာ မူဝါဒ၊ ဥပဒေ၊ နည်းစနစ်များပြောင်းလာစေရန် အာဏာရှိသူများကို လွှမ်းမိုးနိုင်အောင်ကြိုးစားသော နည်းဗျူဟာအစုတစ်ခုသာဖြစ်ပါတယ်။ စည်းရုံးလှုံ့ဆော်တဲ့ နည်းဗျူဟာအချို့ကတော့ ဥပဒေပြုရေးအတွက် စည်းရုံးပြောဆိုခြင်း။ အဆင့်မြင့်စံစနစ် – ဥပမာ– နိုင်ငံတကာ ဥပဒေများ ကျင့်ဝတ်များကို တင်ပြခြင်း၊ မီဒီယာစွမ်းအားကို အသုံးပြုခြင်းနှင့် လူထုစွမ်းအားကို ရွေ့လျားဖော်ဆောင်ခြင်းတို့ ဖြစ်ကြပါတယ်။

၈။ ပြောင်းလဲရန်စာစဉ်မှ အသုံးပြုတဲ့ အဓိက ဝေါဟာရများကိုလည်း ရှင်းပြပါ။

မူဝါဒ၊ ဥပဒေ၊ နည်းစနစ်များပြောင်းလဲခြင်း– အထက်မှာဖော်ပြခဲ့တဲ့အတိုင်း အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်နယ်ပယ်မှာ လုပ်ကိုင်နေသူတိုင်းဟာ စည်းရုံးလှုံ့ဆော်ခြင်းကို လုပ်ကြရပါတယ်။ တချို့လူတွေအတွက် စည်းရုံးလှုံ့ဆော်ခြင်းဆိုသည်မှာ နယ်ခံဆေးရုံတွေကို လူထုအတွက် ကုသမှုတွေရရှိစေရန် ဖိအားပေးခြင်း သို့မဟုတ် အန်ဂျီအို တစ်ခုအတွက် မှတ်ပုံတင်ရန်အတွက် အမျိုးမျိုးသော အစိုးရအဖွဲ့အစည်းအမျိုးမျိုးနှင့် တွေ့ဆုံခြင်းဖြစ်ပါတယ်။

ဒီလို စည်းရုံးလှုံ့ဆော်ခြင်းက အရေးကြီးပါတယ်။ သို့သော် 'ပြောင်းလဲရန်' စာစဉ်မှာ ဖော်ပြထားတဲ့ စည်းရုံးလှုံ့ဆော်ခြင်းက ပိုပြီး ရည်ရွယ်ချက်ကြီးမားပါတယ်။ ထိုရည်ရွယ်ချက်ကတော့ မူဝါဒ၊ ဥပဒေတွေကို တိုးတက်စေဖို့ပါ။ ဒ့ါအပြင် ထိုမူဝါဒများ၊ ဥပဒေများကို အကောင်အထည်ဖော်တဲ့အခါ ပိုမိုအဆင်ပြေပြီး လူတစ်ဦးတစ်ယောက်၊ အန်ဂျီအိုအဖွဲ့တစ်ဖွဲ့တည်းမဟုတ်ပဲ လူအများကို ကူညီပေးနိုင်ဖို့ ဖြစ်ပါတယ်။ ဒီလို ပန်းတိုင်က ကြီးမားလာတာနဲ့အမျှ ဒီပန်းတိုင်ကိုရောက်စေမယ့် မဟာဗျူဟာတွေကို နည်းဗျူဟာပေါင်းစုံသုံးပြီး ပြည့်မြောက်အောင် လုပ်ဖို့လိုပါတယ်။

အာဏာရှိသူများ – ယခုအဓိပ္ပာယ်ကိုဖွင့်ဆိုသည့်အခါ ကျွန်ုပ်တို့ ဆွေးနွေးလိုသည့်ကိစ္စတစ်ခုရှိပါတယ်။ ဒါက ဘယ်သူတွေက ကျွန်ုပ်တို့ရဲ့စည်းရုံးလှုံ့ဆော်ရမယ့် ပစ်မှတ်ဖြစ်မလဲ။ ဒီမေးခွန်းကို ဖြေဖို့အတွက်က စည်းရုံးလှုံ့ဆော်မှုပန်းတိုင်အပေါ်မှာ မူတည်ပါတယ်။ ပြဿနာတွေကို အဆုံးသတ်ပေးမယ့် အာဏာရှိတဲ့လူတွေ၊ အဖွဲ့အစည်းတွေက ဘယ်သူတွေ ဖြစ်မလဲ။

တချို့အကြောင်းအရာတွေမှာ ကျွန်ုပ်တို့ လွှမ်းမိုးချင်တဲ့သူတွေဟာ အစိုးရအရာရှိတွေဖြစ်နိုင်ပြီး တစ်ခါတစ်ရံမှာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့က အရာရှိတွေနဲ့ နိုင်ငံတကာ အလှူရှင်တွေ (ဥပမာ– ဂလိုဘယ်ဖန် Global Fund အဖွဲ့)နဲ့ ကုမ္ပဏီကြီးတွေဖြစ်နိုင်ပါတယ်။ ဒီလူတွေအားလုံးဟာ အာဏာရှိသူတွေဖြစ်ပါတယ်။ အဘယ်ကြောင့်ဆိုသော် သူတို့ရဲ့ အာဏာဟာ အခြားသူများရဲ့ အသက်တာတွေအပေါ် သက်ရောက်မှုရှိတဲ့အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။

လူထုလှုပ်ရှားမှု – စည်းရုံးလှုံ့ဆော်ခြင်းဆိုင်ရာလှုပ်ရှားမှုသည် နည်းပရိယာယ်များကို အသုံးပြုထားသည့် မဟာဗျူဟာတစ်ခုဖြစ်ပြီး အချိန်အကန့်အသတ်ဖြင့် အစီအစဉ်ချထားပါတယ်။ တချို့လှုပ်ရှားမှုများက လအနည်းငယ်ကြာပြီး တချို့က နှစ်ပေါင်းများစွာကြာမြင့်ပါတယ်။

နည်းပရိယာယ်– နည်းပရိယာယ်တစ်ခုဆိုသည်မှာ မူဝါဒများ၊ အလေ့အထများ ပြောင်းလဲလာစေရန်အတွက်

လူတစ်ဦး သို့မဟုတ် အဖွဲ့တစ်ဖွဲ့ကို သီးသန့်ရည်ရွယ်ပြီး ဘယ်လိုလွှမ်းမိုးရမည်ကို လုပ်ဆောင်သော မဟာဗျူဟာ မြောက်သည့် လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ နည်းပရိယာယ်များက တစ်ခုနှင့်တစ်ခု ဆက်နွယ်ထားပြီး စည်းရုံးလှုံ့ဆော်မှု လှုပ်ရှားမှုတစ်ခုရဲ့ ပန်းတိုင်ကိုရောက်စေရန် ပြုလုပ်ထားပါတယ်။

မဟာဗျူဟာ– စည်းရုံးလှုံ့ဆော်ခြင်းဆိုင်ရာ မဟာဗျူဟာဆိုသည်မှာ မိမိပန်းတိုင်ရောက်အောင် လူတွေကို အကောင်းဆုံးနည်းနဲ့ စည်းရုံးသိမ်းသွင်းမယ့် သင်၏ သီအိုရီတစ်ခုဖြစ်ပါတယ်။ သင့်အနေနဲ့ ဖြစ်ရပ်တွေရဲ့ အားသာချက်၊ အားနည်းချက်၊ လူတွေရဲ့ အားသာချက်၊ အားနည်းချက်၊ အဖွဲ့အစည်းတွေရဲ့ အားသာချက်၊ အားနည်းချက်တွေ၊ သင့်ကို ထောက်ခံပေးမယ်လို့ သင်ယုံကြည်ထားတဲ့ မဟာမိတ်အဖွဲ့အစည်းတွေကို ခွဲခြမ်းစိတ်ဖြာပြီး မဟာဗျူဟာကို ရေးရပါလိမ့်မယ်။ အခြေအနေတွေကို ဘယ်လိုအကောင်းဆုံး လွှမ်းမိုးနိုင်မလဲဆိုတဲ့ သီအိုရီကို အခြေခံပြီး နည်းပရိယာယ်တွေကို သင်ရွေးချယ်ကာ စည်းရုံးလှုံ့ဆော်ခြင်းမဟာဗျူဟာကို ဖော်ထုတ်ရမှာပါ။

၉။ လေ့လာသူအုပ်စုနှင့် ထိုအဓိပ္ပာယ်သတ်မှတ်ချက်ကို သဘောတူ၊ မတူ ဆွေးနွေးပါ။ တစ်ဖွဲ့ချင်းစီကို သူတို့ ကိုယ်ပိုင် အဓိပ္ပာယ်သတ်မှတ်ချက်တစ်ခုစီ ဖန်တီးခိုင်းပါ။ ဖော်ပြထားသော အဓိပ္ပာယ်သတ်မှတ်ချက်သည် အဖွဲ့များ၏ လိုအပ်ချက်နှင့် ကိုက်ညီရန်အတွက် ပြုပြင်ပေးရန်လိုပါသလား၊ လိုလျှင် မည်သို့ပြောင်းလဲမလဲ။

**သင်တန်းဆရာအတွက် မှတ်ချက်–**

- စည်းရုံးလှုံ့ဆော်ခြင်းဆိုသည်မှာ မူဝါဒများပြောင်းလဲခြင်းနှင့် ၎င်းမူဝါဒများ၊ ဥပဒေများ၊ အလေ့အထများကို အကောင်အထည်ဖော်ခြင်းကို ဦးတည်သည်။
- စည်းရုံးလှုံ့ဆော်ခြင်းသည် ဆုံးဖြတ်ချက်ချသူများ၊ ခေါင်းဆောင်များ၊ မူဝါချမှတ်သူများနှင့် မိမိတို့ လွှမ်းမိုးရန် ရာထူးရှိသည့် လူများကို ပစ်မှတ်ထားသည်။
- အိတ်ချ်အိုင်ဗွီဆိုင်ရာ စည်းရုံးလှုံ့ဆော်ခြင်းသည် အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ဆိုင်ရာ ကာကွယ်ရေး၊ ကုသရေးနှင့် စောင့်ရှောက်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် အောင်မြင်သော မူဝါဒများ၊ ဥပဒေများ၊ အလေ့အထများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို ဆိုလိုသည်။

**အကျဉ်းချုပ်နှင့် ပြန်လည်အကဲဖြတ်သုံးသပ်ခြင်း**

၁၀။ သင်တန်းတစ်လျှောက်တွင် သင်ယူမှုကို သုံးသပ်ပါ။ နှစ်ဦးတစ်တွဲ ဆွေးနွေးနေချိန်တွင် သင်တန်းဆရာမှ သင်တန်းအတွင်း လှည့်လည်လမ်းလျှောက်ကာ လိုအပ်ချက်ရှိပါက ကူညီပါ။ သင်တန်းဆရာမှ သတင်းအချက်အလက်များကို ပံ့ပိုးပေးနိုင်ပြီး အဖွဲ့လိုက်ဆွေးနွေးရာမှာလည်း ကူညီနိုင်ပါတယ်။ အဖွဲ့အတွင်း တကယ်လက်တွေ့ဆန်သော စည်းရုံးလှုံ့ဆော်ခြင်းဆိုင်ရာ နမူနာကောင်းများ ပေါ်ထွက်လာလျှင် ရေးမှတ်ထားပါ။ စည်းရုံးလှုံ့ဆော်ခြင်းနှင့် လူထု ပညာပေးခြင်း၊ ဝန်ဆောင်မှုပေးခြင်းတို့ကို သင်တန်းသားများက မကွဲပြားမှုတွေ နားမလည်တာတွေရှိပါက ရှင်းပြပါ။ အကယ်၍ လူအတော်များများက ၎င်းတို့၏ ခြားနားမှုကို မသဲကွဲပါက ထပ်ဆင့်သင်ခန်းစာဖြင့် ၎င်းအဓိပ္ပာယ်များကို ရှင်းလင်းအောင် လုပ်ပေးရန်ဖြစ်ပါတယ်။

**သင်ခန်းစာ (၁-၃) စည်းရုံးလှုံ့ဆော်ခြင်းဆိုတာ ဒါမျိုးလား။**

| | |
|---|---|
| နိဒါန်း | ဒုသင်ခန်းစာတွင် စည်းရုံးလှုံ့ဆော်ခြင်းနှင့်ဝန်ဆောင်မှုများပေးခြင်း၊ သုတေသနပြုခြင်း၊ သတင်းအချက်အလက်များဝေငှခြင်းတို့နှင့် မည်သို့မည်ပုံ ပတ်သက်သည်၊ မည်သို့မည်ပုံ ကွဲပြားခြားနားသည်ကို ဖော်ပြပါမည်။ |
| သဘောတရားများ | စည်းရုံးလှုံ့ဆော်ခြင်း<br>သုတေသနပြုခြင်း<br>ဝန်ဆောင်မှုများပေးခြင်း<br>သတင်းအချက်အလက်များဝေငှခြင်း |
| အချိန်လိုအပ်ချက် | ၄၅ မိနစ် |
| ရည်ရွယ်ချက် | စည်းရုံးလှုံ့ဆော်ခြင်းကို ဝန်ဆောင်မှုများပေးခြင်း၊ သုတေသနပြုခြင်း၊ သတင်းအချက်အလက်များဝေငှခြင်းတို့နှင့် ခွဲခြား နားလည်တတ်စေရန်<br>စည်းရုံးလှုံ့ဆော်ခြင်းသည် အခြားလုပ်ငန်းများဆက်စပ်ပုံကို နားလည်တတ်စေရန်၊<br>စည်းရုံးလှုံ့ဆော်ခြင်းအကြောင်း ပိုမိုအဓိပ္ပာယ်ဖွင့်ဆိုတတ်လာစေရန်၊ |
| လိုအပ်သောအရင်းမြစ်များ | စည်းရုံးလှုံ့ဆော်ခြင်းဆိုင်ရာ ဖြစ်ရပ် (၄)ခု၏ လက်ကမ်းစာရွက်များ<br>အခန်းအတွင်း စာရွက်ကြီးတစ်ရွက် သို့မဟုတ် ဆလိုက်ထိုးပြစရာ ပုံတစ်ပုံ<br>ဘောလ်ပင်များနှင့် ခဲတံများ |
| အကျဉ်းချုပ် | အဆုံးသတ် ဆွေးနွေးရာတွင် စည်းရုံးလှုံ့ဆော်ခြင်းသည် မူဝါဒ သို့မဟုတ် ဥပဒေကို အကျိုးသက်ရောက်စေသည့် ရည်ရွယ်ချက်ရှိကြောင်း စောင်းပေးပြောပါ။ ဝန်ဆောင်မှုများပေးခြင်း၊ သုတေသနပြုခြင်း၊ သတင်းအချက်အလက်များ ဝေငှခြင်းတို့သည် စည်းရုံးလှုံ့ဆော်ခြင်းကို ပံ့ပိုးသော်လည်း ၎င်းတို့သည် စည်းရုံးလှုံ့ဆော်ခြင်း စင်စစ်မဟုတ်ကြောင်း ပြောပါ။ |
| အကဲဖြတ်သုံးသပ်ခြင်း | စည်းရုံးလှုံ့ဆော်ခြင်းနှင့် အခြားလုပ်ငန်းများ ကွဲပြားကြောင်းကို သင်တန်းသားများ ပြုလုပ်ထားသော လေ့ကျင့်ခန်းစာရွက်များအား ကြည့်ရှုပြီး ပြည့်စုံမှု ရှိ၊ မရှိ အကဲဖြတ်ပါ။ |

**လုပ်ဆောင်ရန်အဆင့်များ။ လုပ်ထုံးများ**

သင်တန်းဆရာအတွက် မှတ်ချက်-
ဤသင်ခန်းစာသည် တစ်ဦးချင်းအတွက် ဖြစ်ပါသည်။

**ပြင်ဆင်ခြင်း**

၁။ ဖြစ်ရပ်များပါသော လေ့ကျင့်ခန်းစာရွက်များကို ကြိုတင် ပရင့်ထုတ်ထားပါ။

**အဖွင့်**

၂။ ယခုသင်ခန်းစာသည် သင်တန်းသား တစ်ဦးချင်းကို စည်းရုံးလှုံ့ဆော်မှု အဓိပ္ပာယ်အကြောင်းကို ပိုမိုလေးနက်စွာ နားလည်စေရန်အတွက် ရည်ရွယ်ပြုလုပ်ထားပါတယ်။ ၎င်းတွင် စည်းရုံးလှုံ့ဆော်ခြင်းဆိုင်ရာ အဓိပ္ပာယ်အချို့ကို ဖော်ပြထားပြီး စည်းရုံးလှုံ့ဆော်သောလုပ်ဆောင်ချက်များကိုလည်း နမူနာဖော်ပြထားပါတယ်။


**လုပ်ဆောင်ချက်**

၃။ ဖြစ်ရပ် (၄)ခုကို သင်တန်းသား တစ်ဦးချင်းစီကိုဖြန့်ဝေပြီး မေးခွန်းများကို ဖြေခိုင်းပါ။ ဖြစ်ရပ်များကို ဖတ်ရန်၊ မေးခွန်းများဖြေရန်အတွက် အချိန်(၁၅)မိနစ်မှ (၂၀) မိနစ်ခန့်ပေးပါ။

၄။ တစ်ဦးချင်း ဖြေပြီးသောအခါ စည်းရုံးလှုံ့ဆော်ခြင်းတွင် မည်သည်က ပါဝင်သည် မည်သည်က မပါဝင်သည်ကို သင်က ဦးဆောင်ဆွေးနွေးပါ။
၅။ အကျဉ်းချုပ်နှင့် အကဲဖြတ်သုံးသပ်ခြင်း
၆။ လူ့အခွင့်အရေး စည်းရုံးလှုံ့ဆော်ခြင်းသည် အာဏာပိုင်များကို မူဝါဒများ၊ ဥပဒေများ၊ အလေ့အထများ ပြောင်းလဲလာစေရန်အတွက် ရွှေ့လျားစေကြောင်း သင်တန်းသားများကို ပြောပြပါ။
၇။ ဖြေထားသော လေ့ကျင့်ခန်းအဖြေများ၊ ဆွေးနွေးချက်များကို မူတည်၍ သင်တန်းသားများ၏ သင်ယူမှုကို အကဲဖြတ်ပါ။

ပုံစံ၊ သင်ခန်းစာ ၁-၃

ပုံ- စည်းရုံးလှုံ့ဆော်ခြင်းသည် အခြားပြောင်းလဲခြင်း လှုပ်ရှားမှုများနှင့် ပက်သက်သည်ကိုပြခြင်း




လေ့ကျင့်ခန်းစာရွက်၊ သင်ခန်းစာ ၁-၃
စည်းရုံးလှုံ့ဆော်မှုဆိုတာ ဒါမျိုးလား။

ယခုသင်ခန်းစာသည် တစ်ဦးချင်းလုပ်ဆောင်ရန်ဖြစ်ပါတယ်။ အောက်ပါ ဖြစ်ရပ်များကို တစ်ခုချင်းဖတ်ပါ။ တစ်ခုချင်းစီကို စည်းရုံးလှုံ့ဆော်မှုနှင့် သက်ဆိုင်သည် မသက်ဆိုင်သည်ကို စဉ်းစားပါ။ အကယ်၍ သက်ဆိုင်ပါက အဘယ့်ကြောင့်နည်း၊ မသက်ဆိုင်ပါက အဘယ့်ကြောင့်နည်း။

**ဖြစ်ရပ် (၁)**

သင်၏ အဖွဲ့အစည်းသည် မိခင်များနှင့် ကလေးများ၏ ကျန်းမာရေးကို မြှင့်တင်ပေးသောအဖွဲ့ဖြစ်ပါတယ်။ ကလေးငယ်များအကြား အဟာရချို့တဲ့ခြင်းသည် အဓိကပြဿနာ တစ်ခုဖြစ်ပြီး နှစ်စဉ် ကလေးများသေဆုံးရခြင်း၏ အဓိက အကြောင်းရင်းတစ်ခုဖြစ်ပါတယ်။ များစွာသော ကလေးငယ်များနှင့် အသက် (၅)နှစ်အောက် ကလေးငယ်များတွင် လုံလောက်သောအာဟာရ မရှိကြပေ။ ထိုပြဿနာကို ဖြေရှင်းရန်အတွက် သင့်အဖွဲ့အစည်းက မိခင်နှင့်ကလေးငယ်များ

အတွက် ဆေးပညာကုသမှုဆိုင်ရာ ဝန်ဆောင်မှုများ (ဥပမာ– ကိုယ်အလေးချိန်တိုင်းခြင်း၊ အာဟာရပညာပေးခြင်း၊ ကျန်းမာရေး စစ်ဆေးပေးခြင်းနှင့် အစားအသောက်များ ဖြည့်စွက်ကျွေးမွေးခြင်း) ပြုလုပ်ပေးပါသည်။

စည်းရုံးလှုံ့ဆော်ခြင်းဆိုတာ ဒါမျိုးလား။ ဟုတ်တယ်ဆိုရင် ဘာကြောင့်လဲ။
စည်းရုံးလှုံ့ဆော်ခြင်းဆိုတာမဟုတ်ဘူးဆိုရင် ဒါဟာစည်းရုံးလှုံ့ဆော်ခြင်းနဲ့ ဘယ်လို ဆက်နွယ်သလဲ၊

**ဖြစ်ရပ် (၂)**

တက္ကသိုလ်ကြီးတစ်ခုက သင့်အား သုတေသနလုပ်ငန်းတစ်ခုတွင် အကျိုးတူပါဝင်စေရန် ဖိတ်ခေါ်လာသည်။ သူတို့က လတ်တလောအခြေအနေတွင် မူးယစ်ဆေးထိုးသွင်းသုံးစွဲသူများနဲ့ အိတ်ချ်အိုင်ဗွီရှိသူများကို လုပ်ငန်းခွင်ဆိုင်ရာမှာ ခွဲခြားနှိမ့်ချဆက်ဆံမှုနေတဲ့အကြောင်းကို သုတေသနပြုနေကြသည်။ သင်၏အဖွဲ့အစည်းမှာ မူးယစ်ဆေးသုံးသူများ၊ အိတ်ချ်အိုင်ဗွီရှိသူများနှင့်နီးကပ်စွာလုပ်ဆောင်နေသဖြင့် ထိုသုတေသီများက ခွဲခြားနှိမ်ချမှုနှင့်ပတ်သက်သော စစ်တမ်းများ၊ ဖြစ်ရပ်များကို ကူညီမှုဝေပေးရန် သင့်အားတောင်းဆိုကြသည်။ ထိုအချက်အလက်များကိုအသုံးပြုပြီး ထိုသုတေသီများက အင်္ဂလိပ်ဘာသာဖြင့် ပညာရပ်ဆိုင်ရာ ဆောင်းပါးတစ်ခုကို ထုတ်ဝေရန် စီစဉ်နေကြပါတယ်။

စည်းရုံးလှုံ့ဆော်ခြင်းဆိုတာ ဒါမျိုးလား။ ဟုတ်တယ်ဆိုရင် ဘာကြောင့်လဲ။
စည်းရုံးလှုံ့ဆော်ခြင်းမဟုတ်ဘူးဆိုရင် ဒါကို အသိပေးတောင်းဆိုခြင်းနဲ့ ဘယ်လိုဆက်နွယ်သလဲ။

**ဖြစ်ရပ် (၃)**

လူထုအတွင်းရှိ ဝင်ငွေနည်းမိသားစုများတွင် တီဘီဆေးများကို ဈေးကြီးပေးဝယ်ရသဖြင့် အကြွေးတင်နေကြသည်ကို သင်၏အဖွဲ့အစည်းမှ ရှာဖွေတွေ့ရှိခဲ့ပါတယ်။ ဆေးဝါးကုသစရိတ် ကာမိစေရန်အတွက် မိသားစုများမှ အိမ်များကို ပေါင်နှံခြင်း၊ အိမ်နီးချင်းများထံမှ ငွေအတိုးချေးငှားခြင်း၊ တန်ဖိုးရှိသော ကိုယ်ပိုင်လက်ဝတ်တန်ဆာများကို ရောင်းချခြင်းများ ပြုလုပ်နေကြရပါတယ်။ ထိုကိစ္စကို လူအများသိစေရန်အတွက် သင်၏အဖွဲ့အစည်းမှ တီဘီဆေးများ၏ ဈေးမြင့်မားပုံ၊ ဆေးဈေးကြီးတဲ့အတွက် ဆင်းရဲသောမိသားစုများ ပိုမိုဆင်းရဲတွင်းနက်လာခြင်းသည် တရားမျှတမှုမရှိပုံတို့ကို အများပြည်သူသိရှိလာအောင် ပညာပေးလှုပ်ရှားမှုတစ်ခု စတင်ခဲ့ပါတယ်။

စည်းရုံးလှုံ့ဆော်ခြင်းဆိုတာ ဒါမျိုးလား။ ဟုတ်တယ်ဆိုရင် ဘာကြောင့်လဲ။
စည်းရုံးလှုံ့ဆော်ခြင်းမဟုတ်ဘူးဆိုရင် ဒါဟာ စည်းရုံးလှုံ့ဆော်ခြင်းနဲ့ ဘယ်လို ဆက်နွယ်သလဲ၊

ဖြစ်ရပ် (၄)

သင်သည် တရုတ်နိုင်ငံရှိ မြို့ကြီးတစ်မြို့တွင် အမျိုးသမီးလိင်လုပ်သားများအတွက် လုပ်ဆောင်ပေးနေသော အဖွဲ့တစ်ခုကို တည်ထောင်ထားပါတယ်။ လပေါင်းများစွာ ကွင်းဆင်းလေ့လာခြင်းနှင့် အုပ်စုဖွဲ့ဆွေးနွေးခြင်းလုပ်ခဲ့ပြီးနောက် ထိုမြို့တွင်ရှိသော လိင်လုပ်မများဟာ အခြားနေရာများရှိ လိင်လုပ်သားများထက် ရဲများနှင့် ဖောက်သည်များ၏ အကြမ်းဖက်မှုကို ပိုမိုခံစားကြရသည်ကို သင်တို့အဖွဲ့မှ လေ့လာတွေ့ရှိခဲ့ပါတယ်။ ထိုပြဿနာကို ဖြေရှင်းစေရန်အတွက် သင့်အဖွဲ့ကနေပြီး လိင်အလုပ်သမများကို သူတို့ရသင့်ရထိုက်သော လူ့အခွင့်အရေးများအကြောင်း သင်တန်းပေးကာ အကယ်၍ အကြမ်းဖက်မှုများ ရင်ဆိုင်လာရပါက ဥပဒေဆိုင်ရာ အရင်းအမြစ်များ (ဥပမာ–ရှေ့နေများ)ကို သုံးပြုရန် ပြောကြားခဲ့သည်။

စည်းရုံးလှုံ့ဆော်ခြင်းဆိုတာ ဒါမျိုးလား။ ဟုတ်တယ်ဆိုရင် ဘာကြောင့်လဲ။
စည်းရုံးလှုံ့ဆော်ခြင်းဆိုတာမဟုတ်ဘူးဆိုရင် ဒါကို စည်းရုံးလှုံ့ဆော်ခြင်းနဲ့ ဘယ်လိုဆက်နွယ်ပြီးတယ်လို ရှင်းပြမလဲ။

## ပတ်ဝန်းကျင်အပေါ်လေ့လာဆန်းစစ်ခြင်း

**သင်ခန်းစာ ၂-၁၊ လူထုနဲ့ ဆွေးနွေးတိုင်ပင်ခြင်းကို မည်သို့ဆောင်ရွက်မည်နည်း။**

| | |
|---|---|
| နိဒါန်း | သင်ခန်းစာတွင် သတင်းအချက်အလက်များနှင့် ထင်မြင်ချက်များကို<br>စုဆောင်းရန်အတွက် လူထုနှင့် အစည်းအဝေးပြုလုပ်ခြင်းကို<br>မည်သို့လုပ်ဆောင်သင့်ကြောင်းလမ်းညွှန်ချက်ကို ဖော်ပြထားပါသည်။ |
| အယူအဆနည်းလမ်းများ | လူထုနှင့် ဆွေးနွေးတိုင်ပင်ခြင်း။<br>အစည်းအဝေးများ စီစဉ်ခြင်း။<br>ခေါင်းဆောင်မှုတာဝန် ခွဲဝေပေးခြင်း။ |
| လိုအပ်သောအချိန် | ၂ နာရီ |
| ဦးတည်ချက်များ | လူထုနှင့်ဆွေးနွေးတိုင်ပင်ခြင်း အစီအစဉ် သို့မဟုတ်<br>အစည်းအဝေးတစ်ခုကို မည်သို့စီစဉ်မည်ကို လေ့လာသင်ယူရန်<br>လူထုအဖွဲ့များပါဝင်လာအောင် စည်းရုံးလုပ်ဆောင်ရမည့် အဆင့်များကို<br>လက်တွေ့လေ့ကျင့်ရန်<br>လူထုလိုအပ်ချက်များကိုလေ့လာရန် |
| လိုအပ်သောအရင်းအမြစ်<br>များ | စက္ကူချပ်ကြီး<br>သာဓကကို လေ့လာဆန်းစစ်ပြီး အဖွဲ့နှင့်ကိုက်ညီမှုရှိအောင် ပြင်ဆင်ပါ။ |
| အနှစ်ချုပ် | လူထုနှင့် ဆွေးနွေးတိုင်ပင်ခြင်းသည် အဖိုးမဖြတ်နိုင်သော<br>အားစိုက်ထုတ်မှု ဖြစ်ပါသည်။ အစည်းအဝေး၏<br>ဖွဲ့စည်းတည်ဆောက်ပုံနှင့် စီမံထောက်ပံ့ပုံကိုအစီအစဉ်ဆွဲရန် လိုပါသည်။ |
| ပြန်လည်သုံးသပ်ခြင်း | လုပ်ဆောင်ချက် တစ်ခုစီတိုင်းတွင်ပြုလုပ်သော ပြန်လည်သုံးသပ်<br>အကြံပေးသည့်ကဏ္ဍများ သည် လူအုပ်စုအနေဖြင့် မည်မျှနားလည်<br>သဘောပေါက်သွားကြောင်းကို တိုင်းတာပေးပါလိမ့်မည်။ လူထုဆွေးနွေး<br>တိုင်ပင်ခြင်းပြုလုပ်ပြီးနောက် လုပ်ဆောင်သည့်ပြန်လည်သုံးသပ်<br>အကြံပေးသည့်ကဏ္ဍ သို့မဟုတ် ဆန်းစစ်လေ့လာချက်သည်<br>တွေ့ဆုံစည်းဝေးပွဲ၏ အောင်မြင်မှုအတိုင်းအတာကို အကဲဖြတ်ပေးနိုင်ပါသည်။ |

**လုပ်ထုံးလုပ်နည်း**

**သင်တန်းဆရာအတွက် မှတ်ချက်-**

ဤလေ့ကျင့်ခန်းသည် သင့်အုပ်စုအား တကယ်စစ်စစ် လူထုဆွေးနွေးတိုင်ပင်မှုတစ်ခုကို လုပ်ဆောင်ဖို့အတွက် ကူညီပါလိမ့်မယ်။ ယခုလုပ်ဆောင်ချက်သည် မစ်ဆန်ပန်(Mitsanpan) လူထုသုတေသနစီမံကိန်း၏ တကယ့်ဘဝကို အခြေခံထားသော ဥပမာတစ်ခုအား ပြန်လည်ထုတ်နုတ် အသုံးပြုထားတာဖြစ်ပါတယ်။ ထိုစီမံကိန်းသည် ဘန်ကောက်မြို့ရှိ မူးယစ်ဆေးဝါးသုံးစွဲသူများ၏ အိတ်ချအိုင်ဗွီကူးစက်ခံရနိုင်သော အပြုအမူများနှင့် ၎င်းတို့အနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အချက်အလက်ရယူရာတွင် ကြုံတွေ့ရသည့်အခက်အခဲများကို စုဆောင်းခဲ့ပါတယ်။ စီမံကိန်း၏ ရည်မှန်းချက်သည် မူးယစ်ဆေးသုံးစွဲသူများအနေနဲ့ ၎င်းတို့၏ အိတ်ချအိုင်ဗွီ ကူးစက်ခံရနိုင်သော အပြုအမူများကို လျှော့ချရာတွင် အထောက်အကူပြုသောဝန်ဆောင်မှုများရရှိနိုင်သည့် အခွင့်အရေးကို တိုးမြှင့်ပေးရန်ဖြစ်သည်။ အောက်ပါအဆင့်များသည် အဖွဲ့အနေဖြင့် အောင်မြင်သည့် လူထုဆွေးနွေးတိုင်ပင်ခြင်းတစ်ခုကို ပြုလုပ်ခဲ့ပုံဖြစ်သည်။ အစီအစဉ်ဖြစ်မြောက်အောင် ဆောင်ရွက်ပေးသူသည် အဖွဲ့အတွက် စီစဉ်ထားသော အစည်းအဝေးတစ်ခုအား ပြုလုပ်ရန် ဤမေးခွန်းများကို သုံးကောင်းသုံးနိုင်ပါသည်။ ဤအဆင့်များအားလုံးကို တစ်ကြိမ်တည်းဖြင့် လုပ်ဆောင်ရန် မဖြစ်နိုင်ပါ။ အဖွဲ့၏ အခြေအနေအပေါ် မူတည်၍ ဤအဆင့်များကို ပြန်လည်ဆန်းသစ် ပြင်ဆင်ရန်လိုအပ်ပါတယ်။

## လူထုဆွေးနွေး တိုင်ပင်ခြင်းအတွက် ပြင်ဆင်ခြင်း

၁။ အစည်းအဝေးအတွက် အစီအစဉ်တစ်ခုကို ပြင်ဆင်ပါ။ ထိုအစီအစဉ်တွင် မည်သူက အစီအစဉ် ဖြစ်မြောက်အောင် ဆောင်ရွက်ပေးသူအဖြစ် ပါဝင်မည်ဖြစ်ကြောင်း၊ မည်သူကမှတ်စုတိုများကို မှတ်သားပေးမည်ဖြစ်ကြောင်းနှင့် မျှော်လင့်ထားသည့် အကျိုးရလဒ်မှာမည်သို့ဖြစ်ကြောင်းကို ထည့်သွင်းဖော်ပြပါ။ သင်သည် Powerpointဖြင့် တင်ပြခြင်းကို လုပ်ဆောင်မှာလား။ လက်ကမ်းစာစောင်များ ဝေငှပေးမှာလား။

၂။ လူထုခေါင်းဆောင်များကို ဆက်သွယ်၍ အစည်းအဝေးပြုလုပ်ရန် သင့်တော်မည့်အချိန်နှင့် နေရာ၊ အစည်းအဝေး တက်ရောက်ရန် ဖိတ်ကြားမည့်သူများကို ရွေးချယ်ရန် ကောင်းမွန်သည့် စံသတ်မှတ်ချက်များနှင့် တာဝန်များကို မည်ကဲ့သို့ ခွဲဝေထမ်းဆောင်ကြမည် ဆိုသည်ကို စဉ်းစားဆုံးဖြတ်ပါ။ (နေ့လည်စာနှင့် အဆာပြေစားစရာများကို မည်သူဝယ်မည်နည်း။ မည်သူတို့ကို ဖိတ်ကြားရန် မည်သူကဆုံးဖြတ်မည်နည်း။ တက်ရောက်သူများကို ၎င်းတို့၏ ခရီးစရိတ်၊ အချိန်အတွက် ငွေကြေးထောက်ပံ့မှုပေးမည်လော။ လက်ခံရရှိကြောင်းပြေစာများကို ပြရန်လိုသလော)။

## လူထုဆွေးနွေး တိုင်ပင်ခြင်း

၃။ ဆွေးနွေးတိုင်ပင်ခြင်းကို သတ်မှတ်ထားသောနေရာတွင် ကျင်းပ၍ပြင်ဆင်ထားသော အကြောင်းအရာ ခေါင်းစဉ်များကို ဆွေးနွေးတိုင်ပင်ပါ။ ဤတွေ့ဆုံဆွေးနွေးပွဲ၏ အစီအစဉ်ကို ပြင်ဆင်တဲ့အခါမှာ 'လူထုအတွက် အဓိကကျတဲ့ မေးခွန်းတွေက ဘာတွေလဲ' ဆိုသည့် မေးခွန်းကိုထည့်သွင်း စဉ်းစားပါ။ အောက်ပါတို့ဟာ လူထုတွေ့ဆုံမှုအတွက် ထည့်သွင်းစဉ်းစားဖို့ ဖြစ်နိုင်ချေရှိသည့် အစီအစဉ်တစ်ခု၏ အကြောင်းအရာများ သို့မဟုတ် ခေါင်းစဉ်များဖြစ်ပါတယ်။

(၁) စည်းရုံးလှုံ့ဆော်မှုကို မိတ်ဆက်ပေးခြင်း သို့မဟုတ် စီမံကိန်း၏ မူလအစကို ပြောပြခြင်း၊ ပူးပေါင်းလုပ်ဆောင်မှုအပေါ် စိတ်ပါဝင်စားမှုအားတိုင်းတာခြင်း – လူထုအနေဖြင့် စည်းရုံးလှုံ့ဆော်မှုကိစ္စအား မည်ကဲ့သို့စိတ်ပါဝင်စားမှုရှိပုံကို တိုင်းတာပါ။
ဥပမာ – ပိုမိုကောင်းမွန်သည့် အိတ်(ချ်)အိုင်ဗွီ အစီအစဉ်များနှင့် အိတ်(ချ်)အိုင်ဗွီနှင့်ပူးယှဉ်ဆေးဝါးကုသမှုကိုရယူရာတွင် ကြုံတွေ့ရသည့် အတားအဆီးများအပေါ် စိတ်ပါဝင်စားခြင်းလား။

(၂) သင်သည် ကျွန်တော်တို့၏ စည်းရုံးလှုံ့ဆော်မှုတွင် အသုံးပြုရန်လိုအပ်သောသတင်းအချက်အလက်များကို ကူညီစုဆောင်းပေးရန် စိတ်ပါဝင်စားမှုရှိသလား။

(၃) သတင်းစုဆောင်းရာတွင် ဘယ်လိုမေးခွန်းတွေကို အဓိကမေးသင့်သလဲ။

(၄) နောက်ဆုံးထုတ်ထားတဲ့ မေးခွန်းတွေကို ပြန်လည်စစ်ဆေးပေးဖို့ သင်စိတ်ပါသလား။

(၅) သင်သည် သတင်းစုဆောင်းရန် ကူညီခြင်းနှင့် လေ့ကျင့်ပေးတာမျိုးကို စိတ်ပါသလား။

(၆) အချိန်ဇယားနှင့် ရရှိနိုင်သော အရင်းအမြစ်များ။

(၇) လူ့ကျင့်ဝတ်ပိုင်းဆိုင်ရာ ထည့်သွင်းစဉ်းစားရမည့် အချက်များ။ ၎င်းတို့မှာ –
ပုဂ္ဂိုလိကအချက်အလက်တွေ အတွင်းရေးကိစ္စတွေကိုဘယ်လိုကာကွယ်ထိန်းသိမ်းပေးမလဲ၊ လူ့ကျင့်ဝတ်ပိုင်းဆိုင်ရာကို လေ့လာစစ်ဆေးပေးသည့် ကြီးကြပ်ကွပ်ကဲရေးအဖွဲ့က ဒီစီမံကိန်းကို ခွင့်ပြုပေးဖို့လိုသလား၊ လုံခြုံစိတ်ချရသည့် လုပ်ထုံးလုပ်နည်းက ဘာလဲ။ ရဲသားများ ဝင်ရောက်စွက်ဖက်မှုနှင့် ဆက်နွယ်နေသည့် အန္တရာယ်များရှိသလား။

(၈) နောက်အဆင့်တွေက ဘာလဲ။ ဘယ်သူကဘာလုပ်မှာလဲ။

(၉) ဒုတိယအကြိမ်တွေ့ဆုံ ဆွေးနွေးပွဲကို ပြုလုပ်ရန် ရက်၊ အချိန်ကို အားလုံးသဘောတူသတ်မှတ်ခြင်း။

## အနှစ်ချုပ်နှင့်ပြန်လည်သုံးသပ်ခြင်း

၄။ ဤလေ့ကျင့်ခန်းသည် လူထုဆွေးနွေးတိုင်ပင်ခြင်းတစ်ခုကို အစီအစဉ်ဆွဲခြင်းမှအစ အကောင်အထည်ဖော်လုပ်ဆောင်သည့်အထိ အဆင့်ပေါင်းများစွာ လိုအပ်ပါတယ်။ အဖွဲ့အနေဖြင့် အဆင့်တစ်ဆင့်ချင်းစီတိုင်းတွင် အောင်မြင်မှုနှင့် စိန်ခေါ်မှုများအပေါ် ပြန်လည်အကြံပေးခြင်းသည် အထောက်အကူပြုကြောင်းတွေ့ရှိနိုင်ပါတယ်။

၅။ စိတ်ကြိုက်ရွေးချယ်စရာ – စည်းဝေးပွဲအပေါ် ပြန်လည်သုံးသပ်ရန်နှင့် လူထုအဖွဲ့ဝင်များအနေဖြင့် မည်သည့်အရာတို့ကို ကြိုက်နှစ်သက်၍ မည်သည်တို့ကို မကြိုက်နှစ်သက်ကြောင်းကို သိရှိရန် ၎င်းတို့အား မေးခွန်းများမေးခြင်းကို ပြုလုပ်နိုင်ပါတယ်။ သင့်အနေဖြင့် အုပ်စုဖွဲ့ပြန်လည်အကြံပေးခြင်းကဏ္ဍတစ်ခု သို့မဟုတ် လွတ်လွတ်လပ်လပ်နဲ့ ပြောကြားနိုင်တဲ့စစ်တမ်းတခုကို လုပ်ဆောင်နိုင်ပါတယ်။

**အခန်း ၂-၂ ။ အားသာချက်များ၊ အားနည်းချက်များ၊ အခွင့်အရေးများနှင့် ခြိမ်းခြောက်မှုများ(SWOT)**

| | |
|---|---|
| နိဒါန်း | ဤလေ့ကျင့်ခန်းသည် အဖွဲ့၏ စည်းရုံးလှုံ့ဆော်မှု မဟာဗျူဟာတစ်ခုကို နောက်ယုက်မည် သို့မဟုတ် ဖြစ်မြောက်အောင် ဆောင်ရွက်ပေးမည့် အတွင်းအပြင် အကြောင်းရင်းများကို အကဲဖြတ်ပေးပါတယ်။ |
| အယူအဆနည်းလမ်းများ | စည်းရုံးလှုံ့ဆော်မှု မဟာဗျူဟာ( SWOT )အား လေ့လာဆန်းစစ်ခြင်း (အားသာချက်များ၊ အားနည်းချက်များ၊ အခွင့်အရေးများ၊ ခြိမ်းခြောက်မှုများ) |
| လိုအပ်သောအချိန် | ၆၀ – ၉၀ မိနစ် |
| ဦးတည်ချက်များ | စည်းရုံးလှုံ့ဆော်မှုကို အကျိုးသက်ရောက်စေမည့်အတွင်းအပြင် အကြောင်းရင်းများကို ဖော်ထုတ်ရန်။<br>တိကျသောအဖွဲ့အစည်း၏ အားသာချက်များနှင့် အားနည်းချက်များကိုဖော်ထုတ်ရန် |
| လိုအပ်သောအရင်းအမြစ်များ | လက်ကမ်းစာရွက် – အခွင့်အရေးများကို ဖော်ပြသည့်ဇယားကွက်<br>လက်ကမ်းစာရွက် – ခြိမ်းခြောက်မှုများကို ဖော်ပြသည့် ဇယားကွက်<br>လက်ကမ်းစာရွက် – အဖွဲ့အစည်း၏ အားသာချက်များကို ဖော်ပြသည့်ဇယားကွက်<br>လက်ကမ်းစာရွက် – အားနည်းချက်များကို ဖော်ပြသည့်ဇယားကွက် |
| အနှစ်ချုပ် | အဖွဲ့အစည်း၏ အတွင်းအပြင် အကြောင်းရင်းများအပေါ် လေ့လာဆန်းစစ်မှုသည် စည်းရုံးလှုံ့ဆော်မှုကို စီစဉ်ရာတွင် ပါဝင်သောအရေးပါသည့် အပိုင်းတစ်ပိုင်းဖြစ်ပါတယ်။ SWOTသည် ရည်မှန်းချက်ပန်းတိုင်များ၊ ဦးတည် ချက်များနှင့် လုပ်ဆောင်ချက်များကို မွမ်းမံရန် အသုံးပြုသော နည်းလမ်းတစ်ခုဖြစ်ပါတယ်။ |
| ပြန်လည်သုံးသပ်ခြင်း | သင်ခန်းစာပြီးဆုံးလျှင် အဖွဲ့အနေဖြင့် စည်းရုံးလှုံ့ဆော်သည့် လှုထုလှုပ်ရှားမှုတစ်ခုအပေါ် အကျိုးသက်ရောက်မည့် အဖွဲ့အစည်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ရှုထောင့်များစာရင်းကို ဖန်တီးလုပ်ဆောင်ပြီးသား ဖြစ်ပေလိမ့် မည်။ အဖွဲ့၏ အယူအဆနည်းလမ်းများအပေါ် နားလည်မှုနှင့် ၎င်းတို့၏ လက်တွေ့ဘဝတွင် ထိုအယူအဆနည်းလမ်းများကို ပြန်လည်အသုံးချနိုင်သည့် ၎င်းတို့၏ အရည်အချင်းများကို ဆန်းစစ်ပါ။ |

## လုပ်ထုံးလုပ်နည်း

### အဖွင့်နိဒါန်း

၁။ တက်ရောက်လာသူများသည် အားသာချက်များ၊ အားနည်းချက်များ၊ အခွင့်အရေးများ၊ ခြိမ်းခြောက်မှုများ (SWOT)အား လေ့လာဆန်းစစ်ခြင်းအပေါ် အပြည့်အဝ နားလည်သဘောပေါက်ကြောင်း သေချာစေရန် လေ့ကျင့်ခန်း၏ ရည်ရွယ်ချက်ကို ပြန်လည်စစ်ဆေးပါ။ လေ့ကျင့်ခန်း ရည်ရွယ်ချက်သည် သင်၏ရည်မှန်းချက်ပန်းတိုင်များ ဦးတည်ချက်များနှင့် လုပ်ဆောင်ချက်များကို မွမ်းမံရာတွင် အသုံးပြုမည့်အဖွဲ့၏ စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ မဟာဗျူဟာအား နှောင့်ယှက်နိုင်သည့်မဟုတ် ဖြစ်မြောက်အောင် ဆောင်ရွက်ပေးနိုင်သည့် အတွင်းအပြင် အကြောင်းရင်းများကို အကဲဖြတ်ရန်ဖြစ်သည်။ SWOT သည် ဆယ်စုနှစ်ပေါင်းများစွာကတည်းက အဖွဲ့အစည်းများကအသုံးပြုခဲ့ကြသော ပြန်လည်သုံးသပ်ဆန်းစစ်သည့် ပုံစံတစ်ခုဖြစ်ပါတယ်။ SWOT၏ ဆိုလိုရင်းအဓိပ္ပာယ်မှာ–

**အားသာချက်များ** – အဖွဲ့ သို့မဟုတ် အဖွဲ့အစည်းတစ်ခုအနေဖြင့် အားသာချက်တစ်ခု သို့မဟုတ် အခွင့်ကောင်းကို ဖန်တီးပေးသည့်အရာအဖြစ် သတ်မှတ်ထားသော ရှုထောင့်များ။ ၎င်းတို့သည် အတွင်းပိုင်းနှင့်ဆိုင်သော အကြောင်းအရင်း တစ်ခုဖြစ်ပါတယ်။

**အားနည်းချက်များ** – အဖွဲ့ သို့မဟုတ် အဖွဲ့အစည်းတစ်ခုအနေဖြင့် အားနည်းချက်တစ်ခု သို့မဟုတ် ဆိုးကျိုးအဖြစ် သတ်မှတ်ထားသော ရှုထောင့်များ။ ၎င်းသည် အတွင်းပိုင်းနှင့်ဆိုင်သော အကြောင်းအရင်းတစ်ခုဖြစ်သည်။

**အခွင့်အရေးများ** – အဖွဲ့ သို့မဟုတ် အဖွဲ့အစည်းတစ်ခုအား အခွင့်ကောင်းတစ်ခု သို့မဟုတ် ကောင်းကျိုးကို ဖန်တီးပေးသော အပြင်ပိုင်းနှင့်ဆိုင်သော အကြောင်းအရင်းများ။

**ခြိမ်းခြောက်မှုများ** – အဖွဲ့ သို့မဟုတ် အဖွဲ့အစည်းတစ်ခုအား ပြဿနာပေါ်ပေါက်စေနိုင်သည့် အပြင်ပိုင်းနှင့်ဆိုင်သော

အကြောင်းရင်းများ။
သင့်အနေဖြင့် လေ့လာသူများအားပေးမဲ့ သတင်းအချက်အလက်များကိုသရုပ်ပြ ရှင်းလင်းရန် ဥပမာများကို အသုံးပြုနိုင်ပါတယ်။

၂။ အဖွဲ့ဝင်အားလုံးမြင်ရန် စက္ကူချပ်ကြီးပေါ်တွင် သင့်အဖွဲ့ရဲ့စည်းရုံးလှုံ့ဆော်မှုများရဲ့ ပန်းတိုင်နှင့် ဦးတည်ချက်များကို ရေးချပြပါ။

**လုပ်ဆောင်ရန်**

သင်တန်းပို့ချသူက မှတ်ထားရန်၊ အခွင့်အရေးများနှင့် ခြိမ်းခြောက်မှုများ ဆိုသည်မှာအပြင်ပိုင်း အကြောင်းအရင်းများဖြင့်စတင်ပါ။ ပြီးနောက် အတွင်းပိုင်း အကြောင်းအရင်းများဖြစ်သည့် အားသာချက်များနှင့် အားနည်းချက်များ အကြောင်းကိုဆက်လက်ပြောပြပါ။ တက်ရောက်ပါဝင်သူများကို အဖွဲ့ငယ်လေးများဖွဲ့ပြီး တာဝန်နှစ်ခုကိုခွဲဝေပေးကာ မျက်နှာစုံညီ လုပ်ဆောင်စေပါ။

၃။ သင်၏ မဟာဗျူဟာအပေါ် အကျိုးသက်ရောက်နိုင်သည့် အပြင်ပိုင်းစွမ်းအားများ (အခွင့်အရေးများနှင့်ခြိမ်းခြောက်မှုများ) အကြောင်းအဖွဲ့လိုက် စဉ်းစားပါ။ ထည့်သွင်းစဉ်းစားရန်မှာ–

- မဟာဗျူဟာအားဖြင့်ရင်ဆိုင်ရမည့် အကြောင်းကိစ္စနှင့် သက်ဆိုင်သောအဖွဲ့များနှင့် ဖွဲ့စည်းတည်ဆောက်ပုံ
- အရင်းအမြစ်များကို ထောက်ပံ့ပေးနိုင်သောအဖွဲ့အစည်းများ( ငွေကြေးအရ ၊ နည်းပညာပိုင်းအရ၊ နိုင်ငံရေးအရ)
- သင် စည်းရုံးလှုံ့ဆော်မဲ့ နိုင်ငံရေးနှင့် မူဝါဒနယ်ပယ် အပေါ်ဩဇာသက်ရောက်နိုင်ဖို့အလားအလာရှိသော အဖွဲ့များ။ အကြောင်းကိစ္စသည် အမျိုးသမီးတို့၏ အခွင့်အရေးများနှင့်ပတ်သက်နေလျှင် အများပြည်သူနှင့်ဆိုင်သော နယ်ပယ်နှင့် ပုဂ္ဂလိကနယ်ပယ် နှစ်ခုစလုံးတွင် ယဉ်ကျေးမှု၊ ယုံကြည်မှု အတွေးအမြင်နှင့် ဘာသာရေး စွမ်းအားများကို ထည့်သွင်းပါ။ အကယ်၍ သက်ဆိုင်မှုရှိလျှင် အဓိကကျသောဖြစ်ရပ်များကို ထည့်သွင်းပါ။
- သင်၏ မဟာဗျူဟာအပေါ် အကျိုးသက်ရောက်နိုင်သည့် အခြားအဖွဲ့များနှင့်စွမ်းအားများ။

အပြုသဘောဆောင်သည့် စွမ်းအား(အခွင့်အရေး)နှင့် အဖျက်သဘောဆောင်သောစွမ်းအား (ခြိမ်းခြောက်မှုများ) နှစ်မျိုးစလုံးကို ထည့်သွင်းပါ။ သင်တွေးတောစဉ်းစားပြီး ရရှိလာသည့်စွမ်းအားများကို အောက်တွင်ဖော်ပြထားသည့် အခွင့်အရေးများနှင့် ခြိမ်းခြောက်မှုများ၏ ဇယားကွက်များထဲသို့ စုစည်းထည့်သွင်းပါ။ အချို့ကိစ္စများတွင် အဖွဲ့အနေဖြင့် သီးခြားစွမ်းအားတစ်ခုအား ခြိမ်းခြောက်မှုတစ်ခုအဖြစ်နဲ့သာမက အခွင့်အရေးတစ်ခုအဖြစ်နဲ့ပါ တွေ့မြင်နိုင်ခြေရှိပါတယ်။ ထိုသို့သော အခြေအနေတွင် ထိုစွမ်းအားကို ဇယားကွက်နှစ်ခုလုံးတွင် ထည့်သွင်းပါ။

၄။ အရေးအပါဆုံး အခွင့်အရေးနှစ်ခု သို့မဟုတ် သုံးခုနှင့် အရေးပါဆုံး ခြိမ်းခြောက်မှုနှစ်ခု သို့မဟုတ် သုံးခု တို့ကိုမဲပေးကြပါ။ ၎င်းတို့ကို ++ ဟူ၍ မှတ်သားထားပါ။ နောက်ထပ် အရေးအပါဆုံး အခွင့်အရေးနှင့် ခြိမ်းခြောက်မှုနှစ်ခု သို့မဟုတ် သုံးခုတို့ကို ဒုတိယအကြိမ် မဲပေးကြပါ။ ၎င်းတို့ကို + ဟူ၍ မှတ်သားထားပါ။

၅။ ထို့နောက် အဖွဲ့အစည်း၏ အားသာချက်များနှင့် အားနည်းချက်များဖြစ်သော အတွင်းပိုင်းအကြောင်းရင်းများ အကြောင်းတွေးတော စဉ်းစားကာ အကြံဉာဏ်များရယူပါ။
၆။ အောက်မှဇယားကွက်များကို အသုံးပြု၍ အဖွဲ့အစည်း၏ အားသာချက်များနှင့် အားနည်းချက်များကို ရွေးထုတ်ပါ။ ပြီးနောက် သင့်မဟာဗျူဟာအတွက် အားသာချက်နှင့် အားနည်းချက် တစ်ခုစီကိုင်းသည် မည်မျှအရေးပါကြောင်းကို ++ နှင့် + သင်္ကေတတို့ဖြင့် သက်မှတ်ပါ။

သင်တန်းပို့ချသူအတွက် မှတ်ချက်အောက်ပါတို့သည် SWOT လေ့လာဆန်းစစ်မှု ပြုလုပ်စဉ်တွင် သင်ဖော်ထုတ်နိုင်ချေရှိသည့် အရာများဖြစ်သည်။

**အတွင်းပိုင်း**

အားသာချက်များ – ဝန်ထမ်းများ၏ အရည်အချင်းများ၊ လူထုနှင့်ဆက်သွယ်မှုများ၊ ငွေကြေးထောက်ပံ့မှုစခန်း၊ (အလုပ်၌) နှစ်မြှုပ်ထားမှု၊ ဘုံရည်မှန်းချက်၊ နိုင်ငံရေးအရ အများယုံကြည်လက်ခံနိုင်မှု

အားနည်းချက်များ – ဝန်ထမ်းများ၏ အရည်အချင်း မပြည့်ဝခြင်း၊ မသေချာသော ငွေကြေးထောက်ပံ့မှု၊ အဖွဲ့တွင်း စကားများရန်စောင်ခြင်း၊ ကိုယ်ကျင့်တရားနိမ့်ကျခြင်း၊ အကန့်အသတ်ရှိသော လူထုထောက်ခံမှု၊ စည်းရုံးလှုံ့ဆော်မှုနဲ့ အဖွဲ့အစည်း၏ ရည်မှန်းချက်တို့နှင့် ပတ်သက်၍ ဘုံစိတ်ကူးအမြင်မရှိခြင်း။

**အပြင်ပိုင်း**

အခွင့်အလမ်းများ – ရွေးကောက်ပွဲများ၊ ပြုပြင်ပြောင်းလဲရေး ဖြစ်စဉ်တစ်ခု၊ မူဝါဒသစ် စတင်အကောင်အထည်ဖော်မှုများ၊ နိုင်ငံတကာညီလာခံများ၊ အရေးပါသည့် ညှိသည်တော်များ၊ ပြည်သူလူထု၏အာရုံကို ဖမ်းစားနိုင်ခဲ့သည့် အဖြစ်အပျက်များ။
ခြိမ်းခြောက်မှုများ – NGOများအချင်းချင်းပူးပေါင်း ဆောင်ရွက်မှုမရှိခြင်း၊ လူမှုပြောင်းလဲမှုအား ဆန့်ကျင်သည့် သာသာရေးနှင့် နိုင်ငံရေး စွမ်းအားများ၊ အကန့်အသတ်ရှိသော နိုင်ငံရေးလွတ်လပ်မှု၊ နိုင်ငံရေးဖြစ်စဉ်တွင် ပွင့်လင်းမြင်သာမှု မရှိခြင်း၊ အခန်းကဏ္ဍများ အပေါ်ရှေးရိုးစွဲအမြင်များရှိခြင်း၊ သြဇာသက်ရောက်မှုရှိရန် တကယ့်အခွင့်အရေးများကို ဖန်တီးပေးခြင်း မရှိဘဲ သင့်အဖွဲ့အစည်းအား လမ်းလွှဲစေနိုင်သည့် မူဝါဒအခွင့်အရေးများ။

၎။ ဆွေးနွေးခြင်း – သင်၏ စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ မဟာဗျူဟာအတွက် SWOT လေ့လာဆန်းစစ်မှုမှ ရရှိလာသည့် အကြံပြုချက်များကို စာရင်းပြုစုပါ။ အောက်ပါမေးခွန်းတို့သည် အဖွဲ့အနေဖြင့် အကြံပြုချက်များ အကြောင်း စဉ်းစားရာတွင် အကူအညီပြုလိမ့်မည် ထင်ပါသည်။

ကျွန်ုပ်တို့ရဲ့ မဟာဗျူဟာကို တိုးတက်ကောင်းမွန်စေရန် ကျွန်ုပ်တို့ရဲ့ အားသာချက်များကို ဘယ်လိုတိုးချဲ့ တည်ဆောက် ကြမလဲ။

ကျွန်ုပ်တို့ရဲ့အားနည်းချက်များကို နည်းနိုင်သမျှနည်းစေဖို့ ကျွန်ုပ်တို့ရဲ့မဟာဗျူဟာမှာ ဘာတွေကို ထည့်သွင်းရမလဲ။
အခွင့်အရေးများကို အပြည့်အဝရယူဖို့ ကျွန်ုပ်တို့ရဲ့ မဟာဗျူဟာမှာ ဘာတွေကို ထည့်သွင်းရမလဲ။
ခြိမ်းခြောက်မှုများရဲ့ အကျိုးဆက်ကို လျှော့ချရန် ကျွန်ုပ်တို့ ဘာတွေကိုလုပ်ရမလဲ။

**အနှစ်ချုပ်နှင့် ပြန်လည်သုံးသပ်ခြင်း**

၈။ ပို့ချသူသည် အဖွဲ့မှတင်ပြလာသည့် ထင်မြင်ချက်များကို အတိုချုံးပြောကြားပေးပါ။ အဖွဲ့သည် လူ့အခွင့်အရေး လှုပ်ရှားမှု သို့မဟုတ် စည်းရုံးလှုံ့ဆော်သည့် လူထုလှုပ်ရှားမှုတစ်ခုကို အစီအစဉ်ဆွဲရာတွင် ၎င်းတို့လေ့လာသင်ယူထားသမျှကို မည်သို့ပြန်လည် အသုံးချနိုင်သည်ကိုလည်း ထည့်သွင်းပြောကြားပါ။

၉။ ဖြည့်စွက်ပြီးသော ဇယားကွက်များနှင့် ဆွေးနွေးခြင်းတို့သည် သင်တန်းပို့ချသူအတွက် အဖွဲ့အနေဖြင့် မည်မျှ အတိုင်းအတာထိ သင်ယူရရှိခဲ့သလဲဆိုသည်ကို ပြန်လည်သုံးသပ်ရန် အခွင့်ကောင်းတစ်ခုဖြစ်ပါတယ်။ သင်တန်းသားများ အနေဖြင့် ၎င်းတို့၏ စည်းရုံးလှုံ့ဆော်မှုအပေါ် အကျိုးသက်ရောက်မည့် အတွင်းပိုင်း အကြောင်းအရင်းများ (အားသာချက်များ၊ အားနည်းချက်များ)နှင့် အပြင်ပိုင်း အကြောင်းအရင်းများ (အခွင့်အလမ်းများ၊ ခြိမ်းခြောက်မှုများ)ကို ဖော်ထုတ်နိုင်ခဲ့ကြပြီလား။ ၎င်းတို့အနေနဲ့ မည်သည့် အတွင်းပိုင်းနှင့် အပြင်ပိုင်း အကြောင်းအရင်းများသည် ၎င်းတို့အလုပ်အတွက် အရေးပါဆုံးလဲဆိုတာ ကို ဆွေးနွေးနိုင်ခဲ့ကြပြီလား။

**သင်ခန်းစာ ၂-၂**

## အခွင့်အလမ်းများနှင့် ခြိမ်းခြောက်မှုများပြ ဇယားကွက်များ

### အခွင့်အလမ်းများ

အပြုသဘောဆောင်သော
အပြင်ပိုင်းစွမ်းအားများ၏

| အကျိုးသက်ရောက်မှုကိုခံရသော အကြောင်းကိစ္စ | အရင်းအမြစ်များ | နိုင်ငံရေးမူဝါဒနယ်ပယ် | အခြား |
|---|---|---|---|
| | | | |
| | | | |

### ခြိမ်းခြောက်မှုများ

အဖျက် သဘောဆောင်သော
အပြင်ပိုင်းစွမ်းအားများ၏

| အကျိုးသက်ရောက်မှုကိုခံရသော အကြောင်းကိစ္စ | အရင်းအမြစ်များ | နိုင်ငံရေးမူဝါဒနယ်ပယ် | အခြား |
|---|---|---|---|
| | | | |
| | | | |

**လေ့ကျင့်ခန်း စာရွက်၊ သင်ခန်းစာ ၂-၂**

**အတွင်းပိုင်းအကြောင်းရင်းများ – အဖွဲ့အစည်း၏ အားသာချက်များနှင့် အားနည်းချက်များကို အကဲဖြတ်ခြင်း**

အောက်ပါဇယားကွက်များကို အသုံးပြု၍ အဖွဲ့အစည်း၏ အားသာချက်နှင့် အားနည်းချက်များကို စာရင်းပြုစုပါ။ ပြီးနောက်သင်၏ မဟာဗျူဟာအတွက် အားသာချက်နှင့် အားနည်းချက် တစ်ခုစီတိုင်းသည် မည်မျှအရေးပါပုံကို ++ နှင့် + သင်္ကေတတို့ဖြင့်မှတ်သားပါ။

| အားသာချက်များ | မဟာဗျူဟာအတွက် ဘယ်လောက် အရေးပါသလဲ။ |
|---|---|
| | |

| | |
|---|---|
| အားနည်းချက်များ | မဟာဗျူဟာအတွက် ဘယ်လောက် အရေးပါသလဲ။ |

**သင်ခန်းစာ ၂.၃ ။ လူထုလှုပ်ရှားမှုဆိုင်ရာ ဦးစားပေးသတ်မှတ်ချက်များအကြောင်း ငြင်းခုံဆွေးနွေးခြင်း**

အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်၊ ကုလသမဂ္ဂအေအိုင်ဒီအက်စ်ရောဂါတိုက်ဖျက်ရေးအဖွဲ့ ၂၀၀၁က လုပ်ဆောင်ခဲ့သည့် UNESCO/Joint United Nations Programme \} HIV/AIDS and Human Rights : Young People in Action} ၊ စာမျက်နှာ ၇ – ၈ မှ ထုတ်နုတ်ဖော်ပြသည်။

| | |
|---|---|
| နိဒါန်း | ဆွေးနွေးပွဲတွင် အဖွဲ့ဝင်များအားလုံးပါဝင်လျှင် အဖွဲ့အနေဖြင့် ပိုမိုကောင်းမွန်သည့် ဆုံးဖြတ်ခြင်းများကို ချမှတ်နိုင်ပါသည်။ ဤလုပ်ဆောင်ချက်အား အဖွဲ့၏ စဉ်းစားတွေးခေါ်မှုများကို ရှင်းလင်းစေရန်၊ သဘောထားကွဲလွဲမှုနှင့် ဆန့်ကျင်ဘက် အတွေးအမြင်များကို လက်ခံနိုင်သည့် အခြေအနေတစ်ခုကို တည်ဆောက်ရန်နှင့် လှုပ်ရှားမှုအတွက် ဖြစ်နိုင်ချေရှိသည့် ဦးစားပေးအချက်များကို ဖော်ထုတ်ရန်အတွက် အသုံးပြုနိုင်ပါသည်။ |
| အယူအဆနည်းလမ်းများ<br><br>လိုအပ်သောအချိန် | အကြောင်းအရာများကို ဦးစားပေး သတ်မှတ်ခြင်းအဖွဲ့ဝင် တစ်ဦးချင်းစီ၏ အားစိုက်ထုတ်မှု အုပ်စုဖွဲ့၍ ဆုံးဖြတ်ချက်ချမှတ်ခြင်း<br>၄၅ မိနစ် |
| ဦးတည်ချက်များ | အဖွဲ့တစ်ခုတွင် ဆုံးဖြတ်ချက်များအား မည်သို့ချမှတ်ပုံကိုလေ့ကျင့်ရန် တစ်ဦးချင်းစီ၏ အားစိုက်ထုတ်မှုရယူပုံကို လေ့ကျင့်ရန် အကြောင်းအရာများကို မည်သို့ဦးစားပေး သတ်မှတ်ပုံကို နားလည်သဘောပေါက်ရန် ပြဿနာ၏ အကျိုးဆက်ကိုခံခဲ့ရသော လူပုဂ္ဂိုလ်တို့၏ အတွေးအမြင်များကို ထည့်သွင်းစဉ်းစားရန်<br>(ဥပမာ – အိတ်ချ်အိုင်ဗွီ ဝေဒနာသည်များ) |
| လိုအပ်သော အရင်းအမြစ်များ | စက္ကူချပ်ကြီး၊ မာကာဘောပင်များ<br>စာရွက်အပိုများနှင့် ဘောပင်များ |
| အနှစ်ချုပ် | အဖွဲ့တစ်ခုအတွက် ဦးစားပေးသတ်မှတ်ချက်များ ရွေးထုတ်ရာတွင် တိကျသောအဖြေများ ဟူ၍မရှိပါ။ အဖွဲ့ဝင်တစ်ယောက်စီတိုင်းတွင် အကြောင်းအရင်းတစ်ခုအပေါ် မတူညီသည့် ကိုယ်ပိုင်အမြင်များရှိကြသည်။ စည်းရုံးလှုံ့ဆော်မှု မဟာဗျူဟာတွင် ပြဿနာ၏ အကျိုးဆက်ကိုခံခဲ့ရသော လူပုဂ္ဂိုလ်များကို ပါဝင်စေခြင်းသည် အရေးကြီးပါသည်။ |
| ပြန်လည်သုံးသပ်ခြင်း | အဖွဲ့ဝင်များ၏ ဦးစားပေးသတ်မှတ်ချက်များကို အကဲဖြတ်ပေးပါ။<br>မတူညီသည့်အမြင် သဘောထားများ ပါဝင်ပါသလား။ ၎င်းတို့သည် လေးလေးစားစား အသိအမှတ်ပြုခံရပါသလား။ |

## လုပ်ထုံးလုပ်နည်း

**အဖွင့်နိဒါန်း**

၁။ အဖွဲ့အား လုပ်ဆောင်ချက် အကြောင်းရှင်းပြပါ။

**လုပ်ဆောင်ရန်**

ပို့ချသူသည် သင်ခန်းစာ ပို့ချနေစဉ်တွင် ပါဝင်သူများအား 'တိကျသော အဖြေများ' ဆိုတာမရှိကြောင်း သတိပေးပါ။ လူတို့၏ ဦးစားပေး သတ်မှတ်ချက်များသည် ၎င်းတို့၏ နိုင်ငံရေး၊ တရားရေး၊ လူမှုရေးနှင့် စီးပွားရေး စသည်တို့နှင့် ဆက်နွယ်နေသည့် ရာထူးဂုဏ်၊ အတွေ့အကြုံများနှင့် တန်ဖိုးထားမှုများ အပေါ်တွင် မူတည်၍ ကွဲပြားပါလိမ့်မယ်။

၂။ အဖွဲ့အား ၎င်းတို့လုပ်ခဲ့ဖူးသည့် အိတ်(ချ်)အိုင်ဗွီ(သို့) လူ့အခွင့်အရေး ပြဿနာများကို ငါးခုမှ ဆယ်ခုအထိစာရင်း ပြုလုပ်နိုင်းပါ။

၃။ အဖွဲ့အား ပြဿနာများထဲမှ တစ်ခုချင်းစီအား ဖြစ်နိုင်ချေရှိသည့် ဦးစားပေးသတ်မှတ်မှုဖြင့် ဖော်ပြသော ပုံစံကို ဖန်တီးစေပါ။ ဥပမာ –

'ကျွန်ုပ်တို့အနေနဲ့ မူးယစ်ဆေးထိုးသူများအတွက် အပ်နှင့်ဆေးထိုးပြွန်အစီအစဉ်များ တရားဝင်ဖြစ်စေဖို့ လူထုလှုပ်ရှားမှု ပြုလုပ်သင့်တယ်။'

'ကျွန်ုပ်တို့အနေနဲ့ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ဆေးခန်းတိုင်းက မူးယစ်ဆေးထိုးသူများအတွက် နှစ်သိမ့်ဆွေးနွေးပြီး သွေးစစ်ခြင်း (VCT) ကို ထောက်ပံ့ပေးတာကို သေချာအောင် လုပ်ဖို့လိုတယ်။'

"ကျွန်ုပ်တို့အနေနဲ့ မူးယစ်ဆေးဝါးသုံးစွဲသူများအပေါ် ရဲသားများရဲ့ အနိုင်ကျင့်မှုပပျောက်အောင် လူထုလှုပ်ရှားမှု ပြုလုပ်သင့်တယ်"

"ကျွန်ုပ်တို့အနေနဲ့ ပိုမိုကောင်းမွန်တဲ့ အိတ်ချ်အိုင်ဗွီကုသမှုစနစ်များကို လက်ခံရရှိနိုင်တဲ့ နည်းလမ်းကို သေချာအောင် ပြုလုပ်ဖို့လိုတယ်"

"ကျွန်ုပ်တို့အနေနဲ့ လိင်အင်္ဂါပြောင်းထားသူများအား အဓိကဦးတည်သည့် အိတ်ချ်အိုင်ဗွီ ကြိုတင်ကာကွယ်ရေး အစီအစဉ်များအတွက် လူထုလှုပ်ရှားမှု ပြုလုပ်သင့်တယ်"

"ကျွန်ုပ်တို့အနေနဲ့ လိင်ကျန်းမာရေး အကြောင်းအရာများကို လူငယ်တွေ ကျောင်းတွင်းရောမက ကျောင်းပြင်မှာပါ ပွင့်ပွင့်လင်းလင်း ဆွေးနွေးတိုင်ပင်နိုင်ဖို့ အခွင့်အရေးတွေကို ဖန်တီးပေးဖို့လိုပါတယ်"

"ကျွန်ုပ်တို့အနေနဲ့ အိတ်ချ်အိုင်ဗွီပိုးရှိတဲ့ကလေးငယ်များသည် ကျောင်းမှထုတ်ပယ်မခံရအောင် သေချာစွာ ပြုလုပ်သင့်တယ်"

၄။ အဖွဲ့ကို အတွဲလိုက်အဖြစ်ခွဲပေးပါ။ အတွဲတစ်တွဲချင်းစီကို သင်ပြုလုပ်စေချင်သော အကြောင်းအရာများ၏ စာရင်းအပြည့်အစုံကိုပေးပြီး အဆင့်လိုက်ဦးစားပေးသတ်မှတ်နိုင်းပါ။

၅။ ပြီးနောက် အတွဲများကို အုပ်စုလေးစုအဖြစ်ဖွဲ့လိုက်ပြီး ၎င်းတို့၏ အဆင့်သတ်မှတ်ချက်များကို နှိုင်းယှဉ်ပါ။ ဤအဆင့်တွင် အယောက်စီတိုင်းသည် ၎င်းတို့၏ အတွေးအမြင်များကို တိုးတက်ကောင်းမွန်အောင် ပြုလုပ်ရန်နှင့် ရှင်းလင်းစွာနားလည်လာအောင် ပြုလုပ်ရန်အခွင့်အရေးရရှိမည်။

၆။ လူများကိုပြန်စုပြီး ယခင်အတိုင်း ကိုယ့်အတွဲနှင့်ပြန်တွဲပြီး အတွဲလိုက် ၎င်းတို့၏ ပထမနှင့် နောက်ဆုံး အဆင့်တွင်သတ်မှတ်ထားသော အကြောင်းအရာများကို တင်ပြနိုင်းပါ။ ထိုအကြောင်းအရာများကို စက္ကူချပ်ကြီး သို့မဟုတ် ကျောက်သင်ပုန်းပေါ်တွင် မှတ်သားထားပါ။

၇။ ရလဒ်များကို ဆွေးနွေးပါ။ ထိုအထဲတွင် အားလုံးရဲ့ဆုံးဖြတ်ချက်နှင့်ကိုက်ညီသော ရှင်းလင်းသည့် ' ပထမများ' နှင့် 'နောက်ဆုံးများ' ပါဝင်နိုင်ပါတယ်။ အချို့အဖွဲ့က ပထမအဆင့်တွင်ချထားသော အကြောင်းအရာများဟာ တချို့အဖွဲ့ရဲ့ နောက်ဆုံးမှာပါနေတာမျိုးလည်း ဖြစ်နိုင်ပါတယ်။ ထိုအကြောင်းအရာများကို ဆွေးနွေးခြင်းသည်လည်း အကျိုးရှိနိုင်ပါသည်။

လုပ်ဆောင်ချက်ပြီးဆုံး၍ ဆွေးနွေးမှုပြုလုပ်နေစဉ်နှင့် နိဂုံးမချုပ်ခင်တွင် ပို့ချသူအနေဖြင့် စည်းရုံးလှုပ်ရှားသည့် လူထုလှုပ်ရှားမှုအတွက် အကြောင်းအရာများကို ထည့်သွင်းစဉ်းစားရာမှာ အောက်ပါအဓိကအချက်များအား စဉ်းစားဖို့ လိုကြောင်း ရှင်းပြပါ။

**လူထုအမြင် – ပြဿနာ၏အကျိုးဆက်ကိုခံခဲ့ရသော လူပုဂ္ဂိုလ်တို့၏ အမြင်များ**

(ဥပမာ – အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ဝေဒနာသည်များ၊ မူးယစ်ဆေးသုံးစွဲသူများ၊ လိင်အင်္ဂါပြောင်းလဲထားသူများ)

- ကွာဟချက်များ – ဘယ်ဟာတွေကို တခြားလူတွေက မမြင်ကြဘူးလဲ။
- ပူးပေါင်းဆောင်ရွက်ခြင်း – တခြားအဖွဲ့များနှင့် အလုပ်လုပ်နိုင်သည့် အခွင့်အရေးများ။

- သင့်မှာအချိန်နဲ့ အရင်းအမြစ်တွေ ဘယ်လောက်ရှိသလဲ။
- သင့်အဖွဲ့မှာ ဘယ်လိုစွမ်းရည်အရည်အချင်းတွေရှိသလဲ။

၈။ မည်သည့်အဖွဲ့ကမှ ' ပထမ ' သို့မဟုတ် ' နောက်ဆုံး ' အဆင့်များတွင် ထည့်မထားသောအကြောင်းများ ရှိပါက ထိုအချက်များကို ဆွေးနွေးပါ။

## အနှစ်ချုပ်နှင့် ပြန်လည်သုံးသပ်ခြင်း

သင်ခန်းစာပို့ချနေစဉ်အတွင်း အဖွဲ့၏ ဆွေးနွေးမှုကို အနှစ်ချုပ်ပါ။ အဖွဲ့အား အချိန်ပေး၍ ၎င်းတို့ လေ့ကျင့်ခန်းမှ သင်ယူနိုင်ခဲ့ကြသည့်အရာများကို ဆွေးနွေးခိုင်းပါ။ အဖွဲ့၏ အယူအဆများအပေါ် နားလည်သဘောပေါက်ရန်အတွက် သင်ယူမှုနှင့် မတူညီသည့် အမြင်သဘောထားများကို မည်ကဲ့သို့ နားထောင်ပေးနိုင်ခဲ့ကြသလဲ ဆိုသည်ကိုအကဲဖြတ်ပါ။

**သင်ခန်းစာ ၂ – ၄ ၊ မူဝါဒလေ့လာဆန်းစစ်မှုဇယားကွက် ( နမူနာပုံစံ )**

| | |
|---|---|
| နိဒါန်း | လူ့အခွင့်အရေးစည်းရုံးလှုံ့ဆော်မှု၏ ရည်ရွယ်ချက်မှာ မူဝါဒများကို ပြောင်းလဲရန် ဖြစ်ပါတယ်။ ထို့ကြောင့် စည်းရုံးလှုံ့ဆော်မှုအစီအစဉ် ရေးဆွဲချိန်တွင် မူဝါဒကိုလေ့လာဆန်းစစ်ရန် အရေးကြီးပါတယ်။ ဤလုပ်ဆောင်ချက်သည် မူဝါဒလေ့လာဆန်းစစ်မှု နမူနာဇယားကွက်ကို စစ်ဆေးရန်ဖြစ်ပါတယ်။ သို့မှသာအဖွဲ့သည် ၎င်းကို့အလုပ်အတွက် မူဝါဒလေ့လာဆန်းစစ်မှု ပြုလုပ်ရန် သင်ယူနိုင်ပေလိမ့်မည်။ |
| အယူအဆနည်းလမ်းများ | မူဝါဒလေ့လာဆန်းစစ်မှု၊ မူဝါဒ (အထောက်အကူပေးသော မူဝါဒနှင့် ကန့်သတ်ထိန်းချုပ်သော မူဝါဒ)၊ မူဝါဒပြဋ္ဌာန်းခြင်း |
| လိုအပ်သောအချိန် | ၁ နာရီ |
| ဦးတည်ချက်များ | အဖွဲ့၏ အကြောင်းကိစ္စများအပေါ် အကျိုးသက်ရောက်မည့် မူဝါဒများကို ဖော်ထုတ်ရန် |
| လိုအပ်သောအရင်းအမြစ်များ | လက်ကမ်းစာရွက် – မူဝါဒလေ့လာဆန်းစစ်မှုဇယားကွက်(နမူနာပုံစံ)စက္ကူချပ်ကြီးများ |
| အနှစ်ချုပ် | မူဝါဒသည် စည်းရုံးလှုံ့ဆော်မှုကို အထောက်အကူပြုနိုင်သလို အနှောက်အယှက် လည်းပြုနိုင်သောကြောင့် မဟာဗျူဟာရေးဆွဲခြင်းတွင် မူဝါဒလေ့လာဆန်းစစ်မှုကို ထည့်သွင်းလျှင် အကျိုးရှိပါလိမ့်မယ်။ |
| ပြန်လည်သုံးသပ်ခြင်း | မူဝါဒလေ့လာဆန်းစစ်ခြင်း၏ ရည်ရွယ်ချက်အပေါ် အဖွဲ့၏ နားလည်သဘောပေါက်မှုကို အကဲဖြတ်ပါ။ အဖွဲ့သည် ဤသင်ခန်းစာကို ၎င်းတို့အလုပ်တွင် မည်ကဲ့သို့အသုံးပြုမလဲ |

## လုပ်ထုံးလုပ်နည်း

### အဖွင့်နိဒါန်း

၁။ မူဝါဒ လေ့လာဆန်းစစ်မှု အကြောင်းရှင်းပြပြီး အထောက်အကူပေးသော မူဝါဒများနှင့် ကန့်သတ်ထိန်းချုပ်သော မူဝါဒများ အကြောင်းကို ဥပမာများပေးပါ။

### လုပ်ဆောင်ရန်

၂။ အဖွဲ့ဝင်များအား မူဝါဒဇယားကွက်နမူနာပုံစံမိတ္တူကို ဝေငှပေးပါ (အောက်တွင်ကြည့်ပါ)။ ဇယားကွက်တွင် ပါဝင်သည့် အောက်ပါအပိုင်းများကို ရှင်းလင်းပါ။

- ပြဿနာကဘာလဲ – အဖွဲ့ သို့မဟုတ် စည်းရုံးလှုံ့ဆော်မှုက ရင်ဆိုင်ရန် ကြိုးစားနေသည့် ပိုမိုကြီးမားသော ပြဿနာ၊
- ဘယ်သူတွေအပေါ် အကျိုးသက်ရောက်မှုရှိသလဲ၊ဘယ်နေရာမှာလဲ– ပြဿနာ၏ အကျိုးသက်ရောက်မှု ခံရသူသည် မည်သူဖြစ်ကြောင်း တတ်နိုင်သမျှ တိကျသေချာအောင် ကြိုးစားပါ။
- အထောက်အကူပေးသောမူဝါဒများ – မကြာခဏဆိုသလိုပင် အပြုသဘောဆောင်သော အချို့ဥပမာများနှင့် မူဝါဒများကို အဆင်သင့်တွေ့မြင်နိုင်ပါတယ်။ ကန့်သတ်ထိန်းချုပ်သောမူဝါဒများ – သင့်လူထု၏ စိတ်ဝင်စားမှု အပေါ် အဖျက်သဘောဆောင်သည့် အကျိုးသက်ရောက်စေသော မူဝါဒများ။

■ မူဝါဒပြဋ္ဌာန်းခြင်း – မိမိ၏ဒေသ သို့မဟုတ် နိုင်ငံတွင်မူဝါဒများကို ဘယ်လိုပြဋ္ဌာန်းသလဲ။

၃။ မူဝါဒ လေ့လာဆန်းစစ်မှုဇယားကွက်နှင့် ပတ်သက်သည့် အဖွဲ့၏ မေးခွန်းများနှင့် ဆွေးနွေးမှုဖြစ်လာအောင် အားပေးပါ။ သင့်အနေဖြင့် နောက်ထပ်ဥပမာများကို ချပြနိုင်ပါသည်။ သို့မဟုတ် ပါဝင်သူများကို မူဝါဒများနှင့် ဆိုင်သော ၎င်းတို့၏ကိုယ်ပိုင် ဥပမာများကို ချပြနိုင်းပါ။

၄။ စက္ကူချပ်ကြီးပေါ်တွင် ဇလာကွက်များပါသော မူဝါဒဇယားကွက်တစ်ခုကို ချပြပါ။ နမူနာပုံစံအား အောက်တွင် ကြည့်ပါ။

၅။ ပို့ချသူသည် ဇယားကွက်ကို ဖြည့်စွက်ရန် အဖွဲ့ဝင်အားလုံးနှင့်အတူ လုပ်ဆောင်နိုင်ပါသည်။ သို့မဟုတ် အကယ်၍လူများနေပါက အဖွဲ့ကယ်များခွဲပြီး ဇယားကွက်ကို ဖြည့်စွက်နိုင်ပါသည်။

၆။ အဖွဲ့အား ၎င်းတို့၏ မူဝါဒဇယားကွက်များအကြောင်း ဆွေးနွေးခိုင်းပါ။ ထိုသို့လုပ်ခြင်းဟာ မူဝါဒဇယားကွက်ကို ပြောင်းလဲခြင်း သို့မဟုတ် ပြင်ဆင်ဖြည့်စွက်ခြင်းလုပ်ဖို့ အပြန်အလှန် ဆွေးနွေးခိုင်းတာဖြစ်ပါတယ်။

**အနှစ်ချုပ်နှင့် ပြန်လည်သုံးသပ်ခြင်း**

၇။ သင်ခန်းစာလုပ်နေစဉ် အဖွဲ့၏ဆွေးနွေးမှုကို အနှစ်ချုပ်ပါ။ စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ မဟာဗျူဟာကို တိုးတက်ကောင်းမွန်အောင် ပြုလုပ်ရာတွင် မူဝါဒများကို နားလည်သဘောပေါက်ခြင်းက အရေးပါကြောင်း ထပ်လောင်းပြောကြားပါ။

၈။ နောက်ဆုံးဆွေးနွေးပွဲတွင် ပါဝင်သူတို့၏ လေ့လာသင်ယူမှုနှင့် အားစိုက်ထုတ်မှုများကို အကဲဖြတ်ပါ။

**နမူနာပုံစံ ၊ သင်ခန်းစာ ၂–၄**

**မူဝါဒလေ့လာဆန်းစစ်မှုဇယားကွက်**

| | |
|---|---|
| ပြဿနာကဘာလဲ | |
| ဘယ်သူတွေအပေါ် အကျိုးသက်ရောက်မှု ရှိသလဲ၊ဘယ်နေရာမှာလဲ | |
| အထောက်အကူပေးသော မူဝါဒများ | |
| ကန့်သတ်ထိန်းချုပ်သော မူဝါဒများ | |
| မူဝါဒ သက်ရောက်မှုရှိစေခြင်း | |

မူဝါဒများ လေ့လာဆန်းစစ်မှု ဖယောင်းကွက် ( နမူနာပုံစံ )

| | |
|---|---|
| ပြဿနာကဘာလဲ | (x) နိုင်ငံတွင်ရှိသော မှတ်ပုံတင်ထားခြင်းမရှိသည့် ရွှေ့ပြောင်းလုပ်သားများအား ထောက်ပံ့ ပေးသည့် အိတ်(ချ်)အိုင်ဗွီစောင့်ရှောက်မှုကို အကဲဖြတ်ပါ။ |
| ဘယ်သူတွေအပေါ် အကျိုးသက်ရောက်မှုရှိသလဲ၊ဘယ်နေရာမှာလဲ | ( x )နိုင်ငံတွင်ရှိသော မှတ်ပုံတင်ထားခြင်း မရှိသည့်ရွှေ့ပြောင်းလုပ်သားများ |
| **အထောက်အကူပေးသောမူဝါဒများ** ကျန်းမာရေးစောင့်ရှောက်မှု၊ အိတ်ချ်အိုင်ဗွီ စောင့်ရှောက်မှုကို အသေအချာရရှိနိုင်မဲ့ မူဝါဒများ ရှိသလား။ ရွှေ့ပြောင်းလုပ်သားများ အတွက်လား။ မှတ်ပုံတင်ထားခြင်း မရှိသောရွှေ့ပြောင်း လုပ်သားများ အတွက်လား။ | (x )နိုင်ငံတွင် ပြည်သူများအတွက် အိတ်ချ်အိုင်ဗွီကုသမှုနှင့် စောင့်ရှောက်မှုတို့ပါဝင်သည့် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှု စံနစ်တစ်ခု ရှိပါတယ်။ မှတ်ပုံတင်ထားသော ရွှေ့ပြောင်းလုပ်သားများသည် အစိုးရအစီအစဉ်တစ်ခုမှ တစ်ဆင့် ကျန်းမာရေး စောင့်ရှောက်မှုကို လက်ခံရယူနိုင်ပါတယ် |
| ကန့်သတ်ထိန်းချုပ်ထားသောမူဝါဒများ ဆိုးဆိုးရွားရွားအကျိုးသက်ရောက်မှုကို ဖြစ်ပေါ်စေသည့် မူဝါဒများရှိသလား (ရွှေ့ပြောင်းလုပ်သားများ၏ ကျန်းမာရေး စောင့်ရှောက်မှုကို လက်ခံရယူနိုင်မှု) | လက်ရှိမူဝါဒအရ မှတ်ပုံတင်ထားခြင်းမရှိသော ရွှေ့ပြောင်းလုပ်သားများသည် ကျန်းမာရေးစောင့်ရှောက်မှုကို လက်ခံရယူနိုင်သည့် အခွင့်အရေးမရှိပေ။ အိတ်ချ်အိုင်ဗွီ ကုသမှုကို မှတ်ပုံတင်ထားသော ရွှေ့ပြောင်းလုပ်သားများသာ အကန့်အသတ်ဖြင့် ရရှိနိုင်ပါတယ်။ |
| မူဝါဒအား သက်ရောက်မှုရှိစေခြင်း ဘယ်အစီအစဉ်တွေက မြှင့်တင်ပေးသလဲ သို့မဟုတ် ကန့်သတ်ထိန်းချုပ်သလဲ (ရွှေ့ပြောင်းလုပ်သားများ၏ ကျန်းမာရေး စောင့်ရှောက်မှုကို လက်ခံရယူနိုင်မှု) | မှတ်ပုံတင်ထားခြင်းမရှိသော ရွှေ့ပြောင်း လုပ်သားများအတွက် ကျန်းမာရေးစောင့်ရှောက်မှု သို့မဟုတ် အိတ်ချ်အိုင်ဗွီ စောင့်ရှောက်မှုကို ထောက်ပံ့ပေးမည့် မူဝါဒများ မရှိသောကြောင့် မူဝါဒအား သက်ရောက်မှုရှိစေခြင်းဟာ ပြဿနာတစ်ခုမဟုတ်ပေ။ |

■ ■ ■

# စည်းရုံးလှုံ့ဆော်သည့် နည်းဗျူဟာကိုဖန်တီးခြင်း

သင်ခန်းစာ ၃–၁၊ အစီအစဉ်တစ်ခုရေးဆွဲခြင်း– စည်းရုံးလှုံ့ဆော်သည့် အစီအစဉ်ကိုရေးဆွဲခြင်း။

| | |
|---|---|
| **နိဒါန်း** | ဤသင်ခန်းစာသည် အုပ်စု။ အဖွဲ့တစ်ခုကို စည်းရုံးလှုံ့ဆော်သည့် အစီအစဉ်ကို ရေးဆွဲနိုင်ရန် ကူညီပေးလိမ့်မယ်။ |
| အယူအဆနည်းလမ်းများ | စည်းရုံးလှုံ့ဆော်သည့် အစီအစဉ်ပုံစံ။ |
| လိုအပ်သည့် အချိန် | မိနစ် ၉၀ |
| ဦးတည်ချက်များ | စည်းရုံးလှုံ့ဆော်မှုအစီအစဉ်ကို မည်ကဲ့သို့ရေးဆွဲရမည်ကို အဆင့်များဖြည့်စွက်ခြင်းဖြင့် သင်ယူရန်။ ပြဿနာ အကြောင်းအရင်းကို အခြေပြုပြီး စည်းရုံးလှုံ့ဆော်မှုအစီအစဉ်ရေးဆွဲရန်။ |
| လိုအပ်သောအရင်းအမြစ်များ | စည်းရုံးလှုံ့ဆော်သည့် အစီအစဉ်လက်ကမ်းစာရွက် စည်းရုံးလှုံ့ဆော်သည့် အစီအစဉ်အကြောင်းရေးထားသည့် စာရွက်ကိုမိတ္တူပွားရန်။<br>စက္ကူဖြူ၊ မာကာဘောပင်များ။ |
| အနှစ်ချုပ် | အဖွဲ့တစ်ဖွဲ့သည် ၎င်းတို့၏ ပြဿနာကို ရွေးချယ်ပြီးလျှင် လှုပ်ရှားမှုစတင်ရန် အဆင့်များစွာလိုပေမည်။ |
| ပြန်လည်သုံးသပ်ခြင်း | သင်ခန်းစာအပြီး အဖွဲ့၏တုံ့ပြန်မှုသည် စည်းရုံးလှုံ့ဆော်သည့် အစီအစဉ်ရေးဆွဲရာတွင် ပေါင်းစည်းထည့်သွင်းနိုင်စွမ်းကို ညွှန်ပြပေးပါသည်။ |

## လုပ်ထုံးလုပ်နည်း

### အဖွင့်နိဒါန်း

၁။ တက်ရောက်သူများအား စည်းရုံးလှုံ့ဆော်မှုပြုလုပ်ရန်အတွက် မဟာဗျူဟာချမှတ်နိုင်စေရန် အကူအညီပေးမည့် သင်ခန်းစာ၏ ရည်ရွယ်ချက်ကို ရှင်းပြပါ။

ဤသင်ခန်းစာက လှုပ်ရှားမှုအစီအစဉ်တခုကို နည်းလမ်းတကျ ပြုလုပ်နိုင်ရန်သင်ကြားပေးပါလိမ့်မယ်။ ဤနည်းလမ်းကို တက်ရောက်သူများအနေဖြင့် ဒေသ၊ နိုင်ငံ သို့မဟုတ် နိုင်ငံတကာအဆင့်များအထိ အသုံးချနိုင်ပါမယ်။ သင်ခန်းစာပို့ချနေစဉ်အတွင်း တက်ရောက်သူများသည် ထိုအဖွဲ့သည် ၎င်းတို့အာရုံစိုက်လှုပ်ရှားသွားမည့် အဆင့် သို့မဟုတ် အဆင့်များကို ရွေးချယ်ရမှာဖြစ်ပါတယ်။

### လုပ်ဆောင်ရန်

၂။ အပြည်ပြည်ဆိုင်ရာ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်မဟာမိတ်အဖွဲ့မှ ဖန်တီးထားသော အသိပေးဆိုသည့် အစီအစဉ်ကို ခင်းကျင်းပြသပါ။ ဤလေ့ကျင့်ခန်းပြီးနောက် ယင်းကို မိတ္တူပွားရမည်။ စည်းရုံးလှုံ့ဆော်မှု ပြုလုပ်ရန် ပထမဆုံးအဆင့်မှာ အထက်ကဖော်ပြခဲ့သော အစီအစဉ်ကို ကြည့်ရှုပြီး ရင်းနှီးကျွမ်းဝင်အောင် ပြုလုပ်ရမည်ဖြစ်ကြောင်းကို အဖွဲ့အားရှင်းပြပါ။

၃။ သင်၏အဖွဲ့ကို အဖွဲ့ငယ်သုံးလေးဖွဲ့ ခွဲလိုက်ပါ။ ပြီးနောက် အုပ်စုတစ်ခုစီ၏ ဦးတည်လုပ်ဆောင်ရမည့် အဆင့် (ဒေသ၊ နိုင်ငံသို့မဟုတ် အပြည်ပြည်ဆိုင်ရာအဆင့်)တို့ကို ခွဲခြားသတ်မှတ်ပေးပါ။

၄။ သင်တန်း သို့မဟုတ် အစည်းအဝေးမတိုင်မီက တက်ရောက်သူများအကြား ဆွေးနွေးခဲ့ကြသော စည်းရုံးလှုံ့ဆော်ခြင်းဆိုင်ရာ ဦးစားပေးပြဿနာတစ်ခုကိုယူပါ။ အုပ်စုတစ်ခုစီအား အစီအစဉ်ရှစ်ချက်(အောက်တွင်ကြည့်ပါ) နှင့် ၎င်းရှစ်ချက်သည် တက်ရောက်သူများ၏ ပြဿနာအခက်အခဲနှင့် မည်သို့ဆက်နွယ်ပုံကို ဆွေးနွေးခိုင်းပါ။

အဖွဲ့ငယ်များအားလမ်းကြောင်းပေးရန် ပို့ချသူအတွက်မေးခွန်းများ – အဓိကကျသော အဆင့်များ လိုအပ်နေသေးသလား။ ဘယ်အဆင့်က သင့်အဖွဲ့ လှုပ်ရှားရန်အတွက် ပိုမိုလွယ်ကူမလဲ။ ဘယ်အရာက ပိုမို စိန်ခေါ်မှုဖြစ်လိမ့်မလဲ။ အစီအစဉ်၏ အဆင့်တစ်ခုစီအတွက် သင်၏အကြောင်းအရာနှင့် ပတ်သက်သောအဆင့်များ။ အဓိကအားဖြင့် ၃ ၊ ၆နှင့် ၈ ကို အကောင်ထည်ဖော်နိုင်ရန် အဖွဲ့လိုက်စဉ်းစားတိုင်ပင်ပါ။

ဥပမာ– ပြဿနာက အိတ်ချ်အိုင်ဗွီပိုး မစစ်မနေရ စနစ်ကို ဖျက်သိမ်းရန် သို့မဟုတ် အိတ်ချ်အိုင်ဗွီပိုးရှိနေသော ရွှေ့ပြောင်းလုပ်သားများအား ပြည်နှင်ဒဏ်ပေးခြင်းကို အဆုံးသတ်ပေးရန်ဆိုပါက သင်၏အသေးစိတ်ဦးတည်ချက်များက

အဘယ်အရာဖြစ်မည်၊ သင်၏ ပစ်မှတ်လူပုဂ္ဂိုလ်များက မည်သူဖြစ်မည်၊ သင်၏ အရင်းအမြစ်များကို မည်သည့်နေရာမှ ရမည်၊ သင်၏ မိတ်ဖက်များက မည်သူဖြစ်မည်နှင့် သင်၏လှုပ်ရှားမှုကို မည်ကဲ့သို့စောင့်ကြပ်ပြီး ပြန်လည်သုံးသပ်မည်ဆိုသည်ကို စဉ်းစားရပါမယ်။

၅။ အဖွဲ့ငယ်များအား ၎င်းတို့၏ဆွေးနွေးမှုများကို အများရှေ့တွင် ပြန်လည်သတင်းပို့နိုင်းပါ။ ပို့ချသူက အဖွဲ့တစ်ဖွဲ့လုံးမြင်နိုင်စေရန် အရေးကြီးသောအချက်များကို စက္ကူချပ်ပေါ်တွင် ရေးမှတ်ထားနိုင်ပါတယ်။

**အနှစ်ချုပ်နှင့် ပြန်လည် သုံးသပ်ခြင်း**

၆။ ဆွေးနွေးခဲ့သော အကြောင်းအရာများကို ပို့ချသူကအနှစ်ချုပ်ပေးသင့်ပါတယ်။ သို့မှသာ စည်းရုံးလှုံ့ဆော်တဲ့အစီအစဉ်ကို အဖွဲ့ငယ်အတွင်းနဲ့ အများရှေ့မှာ ဆွေးနွေးမှုများအားရှင်းလင်းပြရာတွင် သင်ထောက်ကူတစ်ခုအဖြစ်အသုံးပြုနိုင်မှာပါ။

၇။ အဖွဲ့ကို ၎င်းတို့ဘာတွေ သင်ယူခဲ့သည်ကို ဖော်ပြရန်နှင့် သင်ယူခဲ့သည်များကို မည်ကဲ့သို့ အသုံးချနိုင်မည်နည်းတို့ကိုမေးမြန်းပါ။ အဖွဲ့မှ ၎င်းတို့တွေ့ကြုံရမည့် ပြဿနာများကို ဖြေရှင်းရန်မေးလိုသည့် အရာများအားမေးမြန်းနိုင်းပါ။

**နမူနာပုံစံ၊ သင်ခန်းစာ ၃–၁**
**စည်းရုံးလှုံ့ဆော်သည့် အစီအစဉ်ပုံစံအား ပိုမိုကောင်းမွန်အောင် ပြုလုပ်ရန်**

နိုင်ငံတကာ အိတ်(ချ်)အိုင်ဗွီ၊ အေအိုင်ဒီအက်(စ်)မဟာမိတ်မှ ထုတ်နှုတ်ဖော်ပြသည်။
အဆင့် (၈) အကောင်ထည်ဖော်ရန်၊ စောင့်ကြပ်စစ်ဆေးရန်နှင့် ပြန်လည်သုံးသပ်ရန်
အဆင့် (၇) လှုပ်ရှားမည့် အစီအစဉ်အားဖန်တီးရန်
အဆင့် (၆) သင်၏ မိတ်ဖက်များအားဖော်ထုတ်ရန်
အဆင့် (၅) သင်၏အရင်းအမြစ်များအားဖော်ထုတ်ရန်
အဆင့် (၄) သင်၏ပစ်မှတ်လူပုဂ္ဂိုလ်များအားဖော်ထုတ်ရန်
အဆင့် (၃) တိကျသော ဦးတည်ချက်များအား ရေးဆွဲရန်
အဆင့် (၂) ပြဿနာကို ဆန်းစစ်ပြီးသုသေသနပြုလုပ်ရန်
အဆင့် (၁) စည်းရုံးလှုံ့ဆော်မှုမှတဆင့် သင်ပြောပြလိုသည့် အကြောင်းအရာ၊ ပြဿနာကို ရွေးချယ်ရန်

**လေ့ကျင့်ခန်း ၃–၂**
**စည်းရုံးလှုံ့ဆော်မှုအစီအစဉ်**

ပက်အဖွဲ့ (Pact)၏ 'စည်းရုံးလှုံ့ဆော်မှုဆိုင်ရာစီမံခန့်ခွဲမှု' ၊ စာမျက်နှာ ၁၅မှ ထုတ်နှုတ်ဖော်ပြထားတာဖြစ်ပါတယ်။ ထိုစာမျက်နှာကို http://www.packworld.org/galleries/resource-center/advocacyseriesmodule1.pdf တွင်ရှာဖွေနိုင်ပါတယ်။

| | |
|---|---|
| နိဒါန်း | စည်းရုံးလှုံ့ဆော်သည့် အစီအစဉ်ချမှတ်ရာတွင် မည်သည့်နည်းလမ်းကို အသုံးပြုရန်နှင့် မည်သည့်လှုပ်ရှားမှုကို ပြုလုပ်မည်ဟု မဆုံးဖြတ်ခင် သင်၏လုပ်ဖော်ကိုင်ဖက်များနှင့်အတူ ဆွေးနွေးခြင်း၊ စဉ်းစားခြင်းများ ပြုလုပ်ရပါမယ်။ ဤသင်ခန်းစာက လှုပ်ရှားမှုအစီအစဉ်တစ်ခုပြုလုပ်ရာတွင် မည်သည့်လုပ်ငန်းတာဝန်များ ပါဝင်သည်ကို သင့်အဖွဲ့အား စဉ်းစားနိုင်ရန်ကူညီပေးလိမ့်မယ်။ |
| အယူအဆနည်းလမ်းများ | စည်းရုံးလှုံ့ဆော်ခြင်း၊ လူထုလှုပ်ရှားမှု၊ အစီအစဉ်ချခြင်း |
| လိုအပ်သည့် အချိန် | ၄၅မိနစ် |
| ဦးတည်ချက်များ | လူထုလှုပ်ရှားမှုတွင် အစီအစဉ် ခြေလှမ်းအဆင့်များအား လေ့လာသင်ယူရန် လှုပ်ရှားမှု အစီအစဉ် |
| လိုအပ်သောအရင်းမြစ်များ | တက်ရောက်သူများအတွက် လက်ကမ်းစာရွက် |
| အနှစ်ချုပ် | စည်းရုံးလှုံ့ဆော်မှု အစီအစဉ်ချမှတ်ခြင်းသည် လှုပ်ရှားမှုစတင်ပြုလုပ်ရန် အရေးကြီးသော အဆင့် တစ်ခု ဖြစ်ပါတယ်။ အစီအစဉ်ရေးဆွဲရာတွင် ပန်းတိုင်၊ |

| | |
|---|---|
| | လုပ်ရှားမှုများ၊ မိတ်ဖက်များ၊ အချိန်ကာလနှင့် ပြန်လည်သုံးသပ်သည့် နည်းလမ်းများပါဝင်ပါတယ်။ |
| **ပြန်လည်သုံးသပ်ခြင်း** | တက်ရောက်သူများကိုငင်းတို့ သင်ယူခဲ့သည့် သင်ခန်းစာများအား စည်းရုံးလှုံ့ဆော်မှုလုပ်ငန်း တွင် ဘယ်လိုပြန်လည်အသုံးချနိုင်မလဲ မေးပါ။ |

**လုပ်ထုံးလုပ်နည်း**

သင်တန်းပို့ချသူမှတ်သားရန် – အောက်တွင်ဖော်ပြထားသော လက်ကမ်းစာရွက်ဟာ အစီအစဉ်ရေးဆွဲရာတွင် အသုံးပြုရန် နမူနာပြထားသော စည်းရုံးလှုံ့ဆော်မှုအစီအစဉ်ဖြစ်ပါတယ်။ ထိုနမူနာကစည်းရုံးလှုံ့ဆော်မှု အစီအစဉ်တစ်ခု ရေးဆွဲနိုင်ရန် အတွက် အကူအညီပေးပါလိမ့်မယ်။ ဇယားကွက်တွင်ဖော်ပြထားသော အောက်ပါခေါင်းစဉ်များကို မှတ်သားပါ–

**အဖွင့်နိဒါန်း**

၁။ တက်ရောက်သူများအား စည်းရုံးလှုံ့ဆော်မှု အစီအစဉ်တွင်ပါဝင်သော သင်ခန်းစာအား လေ့လာနိုင်ရန် မိတ်ဆက်ပါ။

**လုပ်ဆောင်ရန်**

၂။ နမူနာအစီအစဉ်(အောက်တွင်ကြည့်ပါ)ကို လမ်းညွှန်တစ်ခုအဖြစ် အသုံးပြု၍ စည်းရုံးလှုံ့ဆော်မှုတွင် ပါဝင်သော အချက်များကို ရှင်းပြပါ။ အောက်ဖော်ပြပါ အချက်တစ်ခုစီတိုင်းကို ရှင်းပြပြီး လိုအပ်သလို ဥပမာများပေးပါ။ နမူနာပုံစံကို ဥပမာတစ်ခုနှင့်အတူ ဖော်ပြထားပါတယ်။

**ရည်ရွယ်ချက်များ** ၎င်းတို့ဟာ သင်၏ စည်းရုံးလှုံ့ဆော်မှုအတွက် ပန်းတိုင်များဖြစ်ပါတယ်။

| | | |
|---|---|---|
| ညွှန်းကိန်းများ | – | ၎င်းတို့သည် သင်၏ရည်ရွယ်ချက်များကို ရှိနိုင်ခြင်းရှိမရှိ တိုင်းတာရမည့် အချက်များဖြစ်ပါတယ်။ |
| တိုင်းတာမှုပြုခြင်း | – | သင်၏ ရည်ရွယ်ချက်များကို ရှိနိုင်ခြင်းရှိမရှိ ဘယ်လိုတိုင်းတာမလဲဆိုတဲ့ နည်းလမ်းဖြစ်ပါတယ်။ |
| ပစ်မှတ် | – | သင့်လူထုလှုပ်ရှားမှု၏ ပစ်မှတ်လူပုဂ္ဂိုလ်ဖြစ်ပါတယ်။ ဒီပစ်မှတ်သည် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း ဖြစ်နိုင်ပါတယ်။ |
| မိတ်ဖက်များ | – | သင်၏အလုပ်ကို အကူအညီပေးမည့်သူများဖြစ်ပါတယ်။ |
| လှုပ်ရှားမှုများ | – | လူထုလှုပ်ရှားမှုများပြုလုပ်ရန် တိကျသော လုပ်ငန်းတာဝန်များဖြစ်ပါတယ်။ |
| အချိန်ကာလ | – | ဦးတည်ချက်ပြည့်မီရန်အတွက် သင်မျှော်လင့်ထားသော အချိန်ကာလဖြစ်ပါတယ်။ |

၃။ အဖွဲ့အား လူထုလှုပ်ရှားမှု အစီအစဉ်နမူနာကို ဆွေးနွေးပါစေ။ ပါဝင်သောအချက်များအကြား ဆက်စပ်မှုများကို မြင်နိုင်အောင်ကူညီပါ။ ဥပမာ– ရည်ရွယ်ချက်များသည် တိုင်းတာမှု ပြုနိုင်ရမည်ဖြစ်ပြီး အချိန်ကာလတစ်ခုလည်း သတ်သတ်မှတ်မှတ်ရှိရမှာ ဖြစ်ပါတယ်။ ပစ်မှတ်ထားသည့် ပုဂ္ဂိုလ်ကလဲ ချမှတ်ထားသော ရည်ရွယ်ချက်များကို ပြည့်မီအောင် ဖြည့်ဆည်းပေးနိုင်မည့်သူတွေ ဖြစ်ဖို့လိုပါတယ်။

၄။ အဖွဲ့အား ၎င်းတို့၏ အတွေ့အကြုံပေါ်မူတည်ပြီး မေးခွန်းမေးပါ။ ၎င်းတို့အနေနဲ့ မည်သည့် ရည်ရွယ်ချက်တွေကို ရရှိအောင် ကြိုးစားနေကြသလဲ ၎င်းတို့၏ ရည်ရွယ်ချက်တွေအပေါ်မူတည်ပြီး အစီအစဉ်တွေရေးဆွဲနိုင်ပါတယ်။

**အနှစ်ချုပ်နှင့် ပြန်လည်သုံးသပ်ခြင်း**

၅။ အဓိကကျသော အချက်များကို အနှစ်ချုပ်ပြီး အဖွဲ့ဝင်များအား မေးခွန်းများမေးရန်အားပေးပါ။ ဤနမူနာသည် စတင်သင်ယူရမည့် သင်ခန်းစာသာဖြစ်ပြီး နောက်ပိုင်းတွင် ၎င်းတို့သည် ဒီခေါင်းစဉ်နဲ့ပတ်သက်ပြီး သတင်းအချက်အလက်တွေကို ပိုမိုပြည့်စုံစွာ ဖန်တီးကြရမှာဖြစ်ပါတယ်။

၆။ အစီအစဉ်ရေးဆွဲသည့်အခါ ပါဝင်သောအချက်တစ်ခုစီအား နားလည်မှု ရှိမရှိကို စစ်ဆေးပါ။ ပါဝင်သောအချက်တစ်ခုနှင့်တစ်ခု မည်သို့ဆက်စပ်နေကြောင်းနဲ့ ပတ်သက်ပြီး အဖွဲ့ဝင်များ၏ ပြောကြားချက်များကို နားထောင်ပါ။

**နမူနာပုံစံ ၊သင်ခန်းစာ ၃-၂**
**စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းအစီအစဉ် (နမူနာ)**

| ရည်ရွယ်ချက်များ | ညွှန်းကိန်းများ | တိုင်းတာမှုပြုခြင်း | ပစ်မှတ် | မိတ်ဖက်များ | လှုပ်ရှားမှုများ | အချိန်ကာလ |
|---|---|---|---|---|---|---|
| ပြန်လည်နေရာချထားခြင်းကြောင့် နစ်နာခဲ့ကြသော ပြည်သူများအား ကာကွယ်ပေးသည့် မူဝါဒကို အမျိုးသားညီလာခံမှ ၂နှစ်အတွင်း လက်ခံကျင့်သုံးရန် | ပြန်လည်နေရာချထားရေးမူဝါဒ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် အန်ဂျီအိုက တင်သွင်းတဲ့ အကြံပြုညွှန်ကြားချက်ရဲ့ ၅၀%ကို အမျိုးသားညီလာခံကအတည်ပြုလက်ခံခဲ့သည်။ | အမျိုးသားညီလာခံက မူဝါဒအကြောင်း အသေးစိတ် ရေးသားထားတဲ့ မူဝါဒစာရွက်မိတ္တူ။ မီဒီယာမှ ပေးပို့သော အမျိုးသားညီလာခံရဲ့မူဝါဒ အသေးစိတ်သတင်း။ | အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ။ လူသားချင်းစာနာမှုအဖွဲ့အစည်းများ၊ အလှူရှင်များ။ မီဒီယာ။ | အစိုးရမဟုတ်သော အဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ် | ညွှန့်ပေါင်းအဖွဲ့အစည်းများအကြား မဟာဗျူဟာချမှတ်ရန်။ အမျိုးသားညီလာခံကိုယ်စားလှယ်များအား အစည်းအဝေးများဖိတ်ကြားပြီး မဲဆွယ်ခြင်းနှင့်ပြည်သူများပါဝင် လှုပ်ရှားစေရန် မီဒီယာဖြင့် လူထုလှုပ်ရှားမှု၊ အလုပ်ရုံဆွေးနွေးခြင်း။ | ၁ နှစ်မှ ၂ နှစ် |
| ဒေသခံ အာဏာပိုင်၏ ၅နှစ်စီမံကိန်းတွင် တိကျပြတ်သားသောပြန်လည်နေရာချထားရေး အစီအစဉ်အား ထည့်သွင်းရန် | အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွင် ပြန်လည်နေရာချထားရေး အစီအစဉ် ရှိလာသည်။ | အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွင် ပြန်လည်နေရာချထားရေး အစီအစဉ်ရှိခြင်း။ | အစီအစဉ်ချထားရေးဝန်ကြီးဌာန | အစိုးရမဟုတ်သောအဖွဲ့။ ကွန်ယက်များ။ ဒေသခံအာဏာပိုင်များ။ အမျိုးသားဆင်းရဲနွမ်းပါးမှုလျော့ချရေး မဟာဗျူဟာအစီအစဉ်ဖြစ်မြောက်ရေးအဖွဲ့ (NPRSPWG) | ပြန်လည်နေရာချထားရေး အစီအစဉ်ကို သုတေသနပြုလုပ်ခြင်း။ NPRSPWG နှင့်ဒေသခံအာဏာပိုင်များသို့ တင်ပြခြင်း | ၂နှစ် |
| *ထိခိုက်နစ်နာခဲ့ရသော ပြည်သူများ၏ ရင်ဖွင့်သံများကို သက်ဆိုင်သည့် အာဏာပိုင်သို့ တင်ပြရန် အသိအမှတ်ပြု ခံရရန်နှင့် အရေးတယူ ပြုလာရန်။* | *ပြန်လည်နေရာချထားသောလှုပ်ရှားမှုကွန်ယက်မှ ကိုင်တွယ်သော အခြေအနေများ၏ ၅၀%သည် ပြန်လည်နေရာချထားခြင်းခံရသော လူထု၏ အခြေအနေကိုတိုးတက်စေသည့်အထောက်အထားမှတ်တမ်းများ အဖြစ် ကျန်ရစ်သည်။* | *အစိုးရမှ ပြန်လည်တုံ့ပြန်သော ဖြေရှင်းပြီးသော အမှုကိစ္စအရေအတွက်* | *အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုအဖွဲ့များ။* | အစိုးရမဟုတ်သောအဖွဲ့၊ ကမ္ဘာ့ဘဏ် အာရှဖွံ့ဖြိုးရေးဘဏ်၊ နစ်နာခဲ့ရသော ဒေသခံများ။ | | ၃နှစ် |

**သင်ခန်းစာ ၃–၃၊ စည်းရုံးလှုံ့ဆော်မှု၏ ရည်မှန်းချက်နှင့် ရည်ရွယ်ချက်များ ပေါ်ပေါက်လာစေခြင်း**

| | |
|---|---|
| **နိဒါန်း** | လှုပ်ရှားမှုအတွက် ထိရောက်ကောင်းမွန်သော မဟာဗျူဟာနှင့် နည်းလမ်းများအား ချမှတ်ရာတွင် ရည်မှန်းချက်နှင့် ပန်းတိုင်သတ်မှတ်ခြင်းသည် အရေးကြီးသော အဆင့်တစ်ခုဖြစ်သည်။ ဤလေ့ကျင့်ခန်းက အဖွဲ့တစ်ခုအား ပိုမိုကြီးမား သော ရည်ရွယ်ချက်သို့ဦးတည်ကာ ပန်းတိုင်များကို ချမှတ်နိုင်ရန် ကူညီပါလိမ့်မည်။ |
| အယူအဆနည်းလမ်းများ | ပန်းတိုင်များ၊ ဦးတည်ချက်များ ထိရောက်သော ပန်းတိုင်များ၊ ဦးတည်ချက်များအတွက် စံနှုန်း(SMART) ဦးတည်ချက်များ) |
| လိုအပ်သည့် အချိန် | ၄၅ မိနစ် |
| ဦးတည်ချက်များ | စည်းရုံးလှုံ့ဆော်မှုအတွက် ပန်းတိုင်/ရည်မှန်းချက်ကို ချမှတ်ရန်။ |
| လိုအပ်သောအရင်းအမြစ်များ | မရှိပါ |
| အနှစ်ချုပ် | ကောင်းမွန်သော ဦးတည်ချက်များသည် တိကျရမည်၊ တိုင်းတာမှု ပြုနိုင်ရမည်၊ ရရှိနိုင်လောက်သော အတိုင်းအတာရှိရမည်၊ မှန်ကန်သော အချိန်ကာလရှိရပါမည်။ |
| ပြန်လည်သုံးသပ်ခြင်း | လေ့ကျင့်ခန်းတွင် ချမှတ်ခဲ့သော ဦးတည်ချက်များအား ပြန်လည်သုံးသပ်ခြင်း။ |

## လုပ်ထုံးလုပ်နည်း

### အဖွင့်နိဒါန်း

၁။ တက်ရောက်သူများကို အဖွဲ့၏ပန်းတိုင်များနှင့် ဦးတည်ချက်များကို ချမှတ်နိုင်စေရန် သင်ခန်းစာ၏ ရည်ရွယ်ချက်ကို မိတ်ဆက်ပါ။

### လုပ်ဆောင်ရန်

၂။ တက်ရောက်လာသူအားလုံးကို ၎င်းတို့ဖော်ပြချင်သော ပြဿနာတစ်ခုကို ရွေးချယ်စေရန် ညွှန်ကြားပါ။

ဤပြဿနာသည် ၎င်းတို့၏ ရည်မှန်းချက် (သို့) ပန်းတိုင်ဖြစ်လာနိုင်ပြီး ၎င်းတို့တွေ့မြင်လိုသော ပိုမိုကြီးမားသည့် လူ့အဖွဲ့အစည်းပြောင်းလဲမှုတစ်ခုကို ထင်ဟပ်ပြနိုင်ကြောင်းကိုရှင်းပြပါ။

ဥပမာများမှာ– 'ကျန်းမာရေးစောင့်ရှောက်မှု စနစ်တွင် အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်နှင့် အသက်ရှင်နေထိုင်နေရသော သူများကို ခွဲခြားဆက်ဆံခြင်းအား ပယ်ဖျက်ရန်။ 'သို့မဟုတ်'ရွှေ့ပြောင်းလုပ်သားများအတွက် အေအာတီ(ART) ဆေးဝါးများ တိုးမြှင့်ရရှိနိုင်ရန်'။

အောက်တွင်ဖော်ပြထားသော လမ်းညွှန်မေးခွန်းများအား အသုံးပြု၍ပြဿနာတစ်ခုကို အဖွဲ့က ရွေးချယ်နိုင်ရန်အတွက် ပို့ချသူကကူညီပေးပါ။

- သင် ဘာကိုရအောင် ကြိုးစားနေတာလဲ။
- ၎င်းကို ရရန်ကြိုးစားရာတွင် ရင်ဆိုင်ရမည့် အတားအဆီးများ (သို့) စိန်ခေါ်မှုများက ဘာဖြစ်မလဲ။
- စည်းရုံးလှုံ့ဆော်မှုဒါတွေကို မည်ကဲ့သို့ကျော်လွှားနိုင်မလဲ။
- ထိုပြဿနာကြောင့် နစ်နာခဲ့ရသူများအပေါ် စည်းရုံးလှုပ်ရှားမှုက ဘယ်လိုအကျိုးရှိစေမလဲ။
- ယင်းပြဿနာကို တိုက်ရိုက်ခံစားနေရသောသူများရော ပါဝင်လှုပ်ရှားနိုင်မလား။ ဘယ်လိုပါနိုင်မလဲ။

၃။ အဖွဲ့ငယ်လေးများ ခွဲလိုက်ပါ– အစီအစဉ်အဆုံးတွင် အဖွဲ့ကြီးထံ ပြန်လည်တင်ပြနိုင်ဖို့အတွက် အဖွဲ့တစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးအား ရွေးချယ်ပါ။

၄။ အဖွဲ့ငယ်လေးများသည် ပိုမိုကြီးမားသော ရည်မှန်းချက် သို့မဟုတ် ပန်းတိုင်နှင့် ပတ်သက်သော ဦးတည်ချက်များကို ဆွေးနွေးပါလိမ့်မယ်။ အကယ်၍ ရည်မှန်းချက်မှာ 'အစိုးရကျန်းမာရေး အစီအစဉ်တွင် ဝေဒနာခံစားသူများအတွက် အေအာတီ(ART)ဆေးများရစေရန်' ဖြစ်ပါက သင်ဘာတွေလုပ်ဖို့လိုမလဲ၊ ဖြစ်နိုင်သော ရည်ရွယ်ချက်များများကို ရေးချပါ။ ပို့ချသူက ချမှတ်ထားသော ရည်ရွယ်ချက်သည် တိကျမှုရှိမရှိ ၊တိုင်းတာနိုင်မှုရှိမရှိ ၊ ရရှိနိုင်မှုရှိမရှိ၊ တိကျမှန်ကန်မှု ရှိမရှိနှင့် သတ်မှတ်ချိန်ကာလ ရှိမရှိတို့ကို ဆန်းစစ်ရန် သတိပေးသင့်ပါတယ်။

### ပို့ချသူက မှတ်သားရန်။

SMART သည် ရည်ရွယ်ချက်ကောင်းများတွင် မည်သည့်အချက်များ ပါဝင်ရမည်ကို အမှတ်ရစေပါတယ်။

SMART ကို အကျယ်အားဖြင့် –
[S] Specific – တိကျမှုရှိသလား။
[M] Measurable – တိုင်းတာနိုင်မှုရှိသလား။
[A] Achievable– အောင်မြင်ရနိုင်မှုရှိသလား။
[R] Realistic – လက်တွေ့ကျမှုရှိသလား။
[T] Time-bound အချိန်သတ်မှတ်ချက်ရှိသလား။

**SMART စံနှုန်းကို ပြည့်မီသော နမူနာ ဦးတည်ချက်များမှာ**

- ကျွန်ုပ်တို့၏ အစိုးရမဟုတ်သော အဖွဲ့သည် တိုင်းစာနယ်ဇင်း ပညာရှင်များအသင်းနှင့် မီဒီယာလုပ်ငန်း ကျွမ်းကျင်သော အဖွဲ့ X နှင့် ပူးပေါင်းကာ အိတ်ချအိုင်ဗွီ ကုသရေးအကြောင်းအား ပြည်နယ်ရှိ အဓိကမီဒီယာ ၁၀–ခုမှ ကျန်းမာရေးနှင့် ပြည်တွင်းအယ်ဒီတာများကို ပညာပေးရန်(၁၂လအတွင်း)။
- နိုင်ငံ၏ ဒေသ၄–ခုတွင် လူမှုရေး၊ စီးပွားရေး၊ လူ့အခွင့်အရေး၊ အေအာတီ(ART)၏ အခြားသော အကျိုး ကျေးဇူးများကိုဆွေးနွေး အချေအတင်ပြောသည့် ဖိုရမ်တစ်ခုကျင်းပရန်(၂– နှစ်အတွင်း)။
- ထင်ရှားကျော်ကြားသူ ၄ ဦးအား အေအာတီ(ART)ဆေး၏ အကျိုးသက်ရောက်ပုံကို ၎င်းတို့ သိသလောက် ရေးသားခိုင်းပြီး သတင်းစာတွင် ဖော်ပြရန်(၁၈–လအတွင်း)။
- ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနနှင့် ၆–ကြိမ်တွေ့ဆုံပြီး အေအာတီ (ART)ဆေးရရှိရေးနှင့် ပေးဝေရေးတို့ကို ဆွေးနွေးရန်။
- ပြည်သူ ၅၀၀၀၏ လက်မှတ်များကို ၂ နှစ်အတွင်းရယူပြီး လွှတ်တော်သို့အေအာတီ(ART)ရရှိရေး ဥပဒေ တစ်ရပ်ပေါ်ပေါက်လာအောင် တောင်းဆိုရန်။

  အိန္ဒိယမှ ကျေးလက်အဖွဲ့အစည်းတစ်ခုက ဒေသအဆင့် စည်းရုံးလှုံ့ဆော်မှုအတွက် ချမှတ်သော နမူနာ ရည်မှန်းချက်နှင့် ဦးတည်ချက်များမှာ–

ရည်မှန်းချက်– နိုဝင်ဘာ ၂၀၁၅ တွင် မွန်ဘိုင်းမှပြည်သူအားလုံး ပြည်သူ့ဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှု ရရှိရန် ( ၃ နှစ်အတွင်း)။

**ဦးတည်ချက်များ**

- ဆေးရုံဝန်ထမ်းများအား အစိုးရချမှတ်ထားသောမူဝါဒများကို သိရှိစေရန်နှင့် အကောင်ထည်ဖော်ဖို့အတွက် မြို့တော်ဝန်အား စည်းရုံးရန် (၆– လမှ ၈–လ)။
- ဆုပေးဒဏ်ပေးစနစ်များကျင့်သုံးပြီး ချမှတ်ထားသောစည်းကမ်းအား လိုက်နာခြင်းရှိမရှိကို စစ်ဆေးသည့် နည်းလမ်းများကို ကျင့်သုံးရန်အတွက် မြို့တော်စည်ပင်သာယာရေး အာဏာပိုင်များကို ဖြောင်းဖျစည်းရုံးခြင်း။ (တနှစ်အတွင်း) စည်းကမ်းလိုက်နာခြင်းရှိမရှိ စစ်ဆေးမှု အသက်ဝင်လာပြီးနောက် ပြည်သူ့ဆေးရုံများကို စောင့်ကြည့်စစ်ဆေးရန်အတွက် အစိုးရမဟုတ်သော အဖွဲ့များဖြင့်ဖွဲ့ထားသည့် စောင့်ကြပ်ရေးအဖွဲ့ကိုဖွဲ့ရန်၊

၅။ အဖွဲ့ငယ်များကို ၎င်းတို့၏ ရည်ရွယ်ချက်များဖော်ထုတ်မှုအကြောင်း ဆွေးနွေးမှုများကို အစီရင်ခံခိုင်းပါ။ အဖွဲ့ကချမှတ်ထားတဲ့ ရည်ရွယ်ချက်များရဲ့ အားသာချက်များကို သုံးသပ်ပြီး ဒီအချက်တွေကို ဘယ်လိုပိုအားကောင်းအောင် လုပ်မလဲ ဆွေးနွေးခိုင်းပါ။

**အနှစ်ချုပ်နှင့် ပြန်လည်သုံးသပ်ခြင်း**

၆။ သင်ကြားမှုပြီးပါက အရေးကြီးသော အချက်များနှင့် အဖွဲ့၏ဆွေးနွေးမှုများကို အနှစ်ချုပ်ဖော်ပြပါ။

၇။ တက်ရောက်သူများအနေဖြင့် ၎င်းတို့သင်ကြားခဲ့သည့် အရာများအပေါ် တုံ့ပြန်မှုပေးရန် ဖိတ်ခေါ်ပါ။ သင်ခန်းစာတွင် ပြုလုပ်ခဲ့ကြသော ဦးတည်ချက်များကို အခြေခံ၍ အဖွဲ့၏သင်ယူမှုကို သုံးသပ်ပါ။

## သင်ခန်းစာ ၃-၄၊ စည်းရုံးလှုံ့ဆော်သည့် ပန်းတိုင်များစာရင်း

| | |
|---|---|
| **နိဒါန်း** | ဤသင်ခန်းစာက စည်းရုံးလှုံ့ဆော်သည့် အကြောင်းအရာကို ရွေးချယ်ရန်နှင့် သုံးသပ်တတ်ရန် ကူညီပေးပါ လိမ့်မယ်။ အဖွဲ့က ရွေးချယ်ထားသည့် အကြောင်းအရာသည် အကျိုးသက်ရောက်မှုရှိမရှိကို အဖွဲ့ကတိုင်းတာနိုင်မယ့် စံနှုန်းများစွာ ရှိပါတယ်။ |
| အယူအဆ နည်းလမ်းများ | ပန်းတိုင်များ၊ စည်းရုံးလှုံ့ဆော်သည့်အကြောင်းအရာအားစစ်ဆေးနိုင်မည့်စံနှုန်းများ |
| လိုအပ်ချိန် | ၆၀မိနစ် |
| ရည်ရွယ်ချက်များ | ရည်ရွယ်ချက်စံနှုန်းအပေါ် အခြေခံပြီး ပန်းတိုင်ကို ပြန်လည်သုံးသပ်ရန်။ ပန်းတိုင်တစ်ခုသည် အဖွဲ့နှင့်လူထုအပေါ်မည်သို့အကျိုးပြုမည်ကိုပုံဖော်နိုင်ရန်။ |
| လိုအပ်သောအရင်းအမြစ်များ | ရေးချထားသောစံနှုန်း ၁၁ ခုပါသော လက်ကမ်းစာစောင် |
| အနှစ်ချုပ် | ပန်းတိုင်ကို စံနှုန်းဖြင့်ဆန်းစစ်ပြီး သေချာသော ပန်းတိုင်တစ်ခုကိုရွေးရမည်။ ဤဆန်းစစ်မှုက အဖွဲ့ရဲ့ပန်းတိုင် သို့မဟုတ် လူထုစည်းရုံးလှုံ့ဆော်မှုက အဖွဲ့ရဲ့မူဝါဒနှင့် ကိုက်ညီမှုရှိမရှိကို ကူညီဆန်းစစ် ပေးမှာဖြစ်ပါတယ်။ |
| ပြန်လည်သုံးသပ်ခြင်း | တက်ရောက်သူများအနေဖြင့် သူတို့ ရွေးချယ်ချမှတ်ထားသော စည်းရုံးလှုံ့ဆော်ခြင်း ပန်းတိုင်၏ အားနည်းချက်များနှင့် အားသာချက်များကို ခွဲခြားနိုင်မည့်စွမ်းရည်အပေါ် ဆန်းစစ်ပါ။ စည်းရုံးလှုံ့ဆော်တဲ့ အကြောင်းအရာ ရွေးချယ်ရာတွင် ယခုသင်ခန်းစာကိုအသုံးချနိုင်မှုရှိ မရှိ ပြန်လည်မေးမြန်းကြည့်ပါ။ |

### လုပ်ထုံးလုပ်နည်း

**အဖွင့်နိဒါန်း**

၁။ သင်ခန်းစာကို မိတ်ဆက်ပြီး တက်ရောက်လာသူများအနေနဲ့ စည်းရုံးလှုံ့ဆော်မှုရဲ့ ပန်းတိုင်ကို ပြန်လည်သုံးသပ်မည့်အကြောင်းရှင်းပြပါ။ စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ လူထုလှုပ်ရှားမှုတစ်ခုမှာ ခိုင်မာသောပန်းတိုင်ရှိဖို့ အဘယ်ကြောင့်အရေးကြီးပုံကို ရှင်းပြပါ။

**လုပ်ဆောင်ရန်**

၂။ ပြန်လည်သုံးသပ်မှု ပြုရန် အတွက် တက်ရောက်လာသူများကို ၎င်းတို့၏ အရေးကြီးဆုံးသော စည်းရုံးလှုံ့ဆော်မှု ပန်းတိုင်ကိုတင်ပြခိုင်းပါ။ ထိုပန်းတိုင်အိုကို တက်ရောက်လာသူအားလုံး မြင်သာဖို့အတွက် သင်ခန်းစာပို့ချနေသည့်ကာလအတွင်း စာရွက်ပေါ်တွင် ချရေးထားပါ။

၃။ ပန်းတိုင်ကို သုံးသပ်ခြင်းဆိုတဲ့ လက်ကမ်းစာရွက်ကို ဖြန့်ဝေပါ။ ထိုလက်ကမ်းစာရွက်နှင့် ပို့ချသူအတွက် လမ်းညွှန်ချက်ကို ယခုသင်ခန်းစာအဆုံးတွင် ဖော်ပြထားပါတယ်။

၄။ တက်ရောက်လာသူတွေအနေနဲ့ ၎င်းတို့၏ပန်းတိုင်တို စံနှုန်း၁၁ခုဖြင့် သုံးသပ်နိုင်ဖို့အတွက် ကူညီပေးပါ။ 'သင်၏ လှုပ်ရှားမှုအစီအစဉ် (သို့) ပန်းတိုင်က. . .သလား' ဆိုတဲ့ လမ်းညွှန်မေးခွန်းကို အသုံးပြုပါ။

၅။ ဆွေးနွေးမှုပြုနေစဉ်နှင့် အပြီးတွင် တက်ရောက်လာသူများအနေနဲ့ ၎င်းတို့၏ပန်းတိုင်ကို ပြောင်းလဲမှုပြုကောင်းပြုနိုင်ပါတယ်။ အဆင်ပြေလွယ်ကူစေဖို့အတွက် ဆွေးနွေးမှုတစ်ခုလုံးအတွက် တူညီသော ပန်းတိုင်တစ်ခုသာထားရှိပါ။ အချိန်ရှိလျှင် အဖွဲ့မှ ပြန်ပြင်ထားသော ပန်းတိုင်ကို တင်ပြခိုင်းပြီး စံနှုန်း၁၁ခုဖြင့်စစ်ဆေးပါ။

**အနှစ်ချုပ်နှင့်ပြန်လည်သုံးသပ်ခြင်း**

၆။ အကယ်၍ ၎င်းတို့ချမှတ်ခဲ့သော ပန်းတိုင်တွင် အမှားအယွင်းများကို ပြန်တွေ့ရခဲ့ရင်တောင်မှ တက်ရောက်လာသူများအနေနဲ့ အလုပ်ကောင်းကောင်းလုပ်ခဲ့ကြောင်း မှတ်ချက်ပြုပါ။ ၎င်းတို့၏ ကြိုးပမ်းမှုများကိုချီးကျူးပြီး ၎င်းတို့ဆွေးနွေးခဲ့သည်များကို အနှစ်ချုပ်ပါ။

၇။ ယခုသင်ခန်းစာသင်ကြားခဲ့မှုကနေ ဘာရရှိလိုက်သလဲဆိုတာ တက်ရောက်သူများကို ပြန်လည်အကဲဖြတ်ခိုင်းပါ။ ပြန်လည်သုံးသပ်၍ တုန့်ပြန်ခိုင်းပါ။ တက်ရောက်လာသူများအနေနဲ့ ပန်းတိုင်၏ အားသာချက် အားနည်းချက်များတို စံနှုန်း၁၁ ခု သို့မဟုတ် တချို့စံနှုန်းများနှင့် တိုင်းတာနိုင်စွမ်းရှိရပါမယ်။

### လေ့ကျင့်ခန်းစာရွက်၊ သင်ခန်းစာ ၃–၄
### စည်းရုံးလှုံ့ဆော်တဲ့ပန်းတိုင်အလုပ်မှတ်တမ်းစာရွက်

| စံနှုန်း | မှန်/မှား | ဘယ်လိုနည်းနဲ့ဖြစ်စေလဲ။ |
|---|---|---|
| ၁။ ပြည်သူ၏ ဘဝကိုအမှန်တကယ် တိုးတက်စေသည့် ရလဒ်ကို ဖြစ်စေသလား။ | | |
| ၂။ ပြည်သူများအတွက် အင်အားတစ်ရပ်ကိုပေးသလား။ | | |
| ၃။ အဖွဲ့အစည်းနှင့် မဟာမိတ်များကို ကြာရှည်စွာ တည်ဆောက်နိုင်သလား။ | | |
| ၄။ အပစ်ပယ်ခံ လူပုဂ္ဂိုလ်များကို နိုင်ငံရေးတွင်ပါဝင်လာနိုင်သည့် အခွင့်အရေးများ ဖန်တီးပေးနိုင်သလား။ | | |
| ၅။ ခေါင်းဆောင်သစ်များကို ပေါ်ထွက်လာစေနိုင်သလား။ | | |
| ၆။ ရှင်းလင်းပြတ်သားသော နိုင်ငံရေးနှင့် မူဝါဒဆိုင်ရာ ဖြေရှင်းချက်တစ်ခုရှိသလား။ | | |
| ၇။ တိကျသောပစ်မှတ်နှင့် အချိန်ကာလရှိသလား။ | | |
| ၈။ ပြည်တွင်း ပြဿနာကို နိုင်ငံတကာ ပြဿနာဖြင့် ချိန်ထိုးနိုင်သလား။ | | |
| ၉။ ရန်ပုံငွေရှာနိုင်သော အခွင့်အရေးများရှိသလား။ | | |
| ၁၀။ သင့်ရဲ့မျှော်မှန်းချက်နှင့် တာဝန်ကို ပိုပြီးမြင်နိုင်စေသလား။ | | |
| ၁၁။ အောင်မြင်နိုင်လောက်လား။ | | |

**နမူနာပုံစံ၊ သင်ခန်းစာ ၃–၄**

ပန်းတိုင်ပြန်လည်သုံးသပ်ခြင်း အလုပ်မှတ်တမ်းစာရွက်ကို မည်သို့အသုံးပြုမည်နည်း

လေ့ကျင့်ခန်း၏ ယေဘုယျ ရည်ရွယ်ချက်သည် 'လူထုစည်းရုံးခြင်းနည်းလမ်းက ၎င်း၏အခြေခံမှုနဲ့ ထင်ဟပ်မှုရှိသလား' ဆိုသည့် မေးခွန်းကို အဖြေပေးနိုင်ဖို့ ဖြစ်ပါတယ်။ ဤလမ်းညွှန်ချက်မှာတော့ စံနှုန်း ၁၁–ခုအကြောင်း တစ်ခုစီရှင်းပြထားပြီး ပို့ချသူအတွက် လမ်းညွှန်ချက်တွေကိုလဲ ပေးထားပါတယ်။

၁။ အိမ်ယာစီမံကိန်းတွေဲလုပ်ပေးလာတယ် ဒါမှမဟုတ် လစာကောင်းတဲ့အလုပ်တွေ ပေါ်လာတယ်စတဲ့ နိုင်လုံသောပြောင်းလဲမှုတွေကို မြင်မိရင်းနဲ့ခံစားမိရင် လူတွေရဲ့စိတ်ကို တက်ကြွစေတတ်ပါတယ်။ ကျွန်ုပ်တော်တို့လုပ်ဆောင်တဲ့ စည်းရုံးလှုံ့ဆော်မှုရဲ့အောင်မြင်မှုကြောင့် ဖြစ်ပေါ်လာသော အချို့အရေးကြီးသော ပြောင်းလဲမှုများဟာ မြင်သာမှုမရှိပါ။ ဒါကြောင့်မို့လို့ မီဒီယာ ဆိုင်ရာမဟာဗျူဟာများကို အသုံးပြုပြီး ဒီပေါ်လစီပြောင်းလဲမှုတွေကို တခြားအသွင်ပြောင်းလဲမှုတွေနဲ့ ဘယ်လိုဆက်သွယ်နိုင်မလဲ စဉ်းစားကြည့်ပါ။

၂။ စည်းရုံးလှုံ့ဆော်တဲ့အထဲမှာ နစ်နာခဲ့ရသောသူများ တိုက်ရိုက်ပါဝင်ခြင်းသည် ၎င်းတို့၏ အင်အားအရေးကြီးပုံကို ဖော်ထုတ်ရာရောက်စေပါတယ်။ လူထုနှင့်ဆွေးနွေးတိုင်ပင်သည့် အစည်းအဝေးများ၊ အသိပေးလှုံ့ဆော်သည့် လုပ်ငန်းများကို လုပ်ခြင်းနှင့် ကိုယ့်ကိုထောက်ခံအားပေးသူများကို စုဆောင်းခြင်းဖြင့် လူထုကို၎င်းတို့၏ ပြဿနာများ အဖြေရှာရာတွင် ကိုယ်တိုင်ပါဝင်နိုင်ရန် လုပ်ရာရောက်ပါတယ်။ အစိုးရမဟုတ်တဲ့အဖွဲ့များသည် နစ်နာခဲ့ရသော လူထုကိုယ်စား အမြဲတစေ မပြောဆိုသင့်ပေ။ လူထုသည် ထိုပြဿနာကို လူ့အခွင့်အရေးဆိုင်ရာ ပြဿနာတစ်ခုဖြစ်ကြောင်းကို သဘောပေါက်ပြီလား။ သို့မဟုတ် ထိုသို့သိစေရန် ထပ်မံလုပ်ဆောင်ရအုန်းမလား။

၃။ ပြဿနာကြောင့် နစ်နာခဲ့ရသူများ သို့မဟုတ်ပြဿနာအပေါ် စိတ်ဝင်စားသူများရဲ့ အရည်အတွက်က ထိုပြဿနာအကြောင်း စည်းရုံးလှုံ့ဆော်ဖို့ ကျိုးကြောင်းပြချက်ဖြစ်ပါတယ်။ လူနည်းစုက တောင်းဆိုမှုများပြုလုပ်လျှင် နိုင်ငံရေးသမားများက အလွယ်တကူ ပယ်ချနိုင်ပါတယ်။ ပြဿနာကနေ သင်၏အဖွဲ့ကို အခြားအဖွဲ့အစည်းများနှင့် ချိတ်ဆက်ရန်နှင့် အနာဂါတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်တဲ့ ခိုင်မာသောဆက်ဆံမှုများကို တည်ဆောက်ရန် အခွင့်အရေးပေးနိုင်ပါတယ်။

၄။ ကောင်းမွန်သော စည်းရုံးလှုံ့ဆော်မှုတစ်ခုသည် ခွဲခြားခံ၊ အပစ်ပယ်ခံလူသားတွေကိုသူတို့အသံတွေ

ထွက်လာစေဖို့၊ ပါဝင်နိုင်စေဖို့နဲ့ ရန်နှင့်ခေါင်းဆောင်မှုများတိုးတက်လာစေဖို့ အခွင့်အရေးပေးသင့်ပါတယ်။

၅။ လူထုအပေါ် စည်းရုံးလှုပ်ရှားမှုကနေ လူထုကို ပြောရေးဆိုခွင့်ရှိသူတွေ၊ အစီအစဉ်ကိုဖြစ်မြောက်အောင် ဆောင်ရွက်သူတွေနဲ့ စီစဉ်သူများဖြစ်လာအောင် ဘယ်လိုကောင်ကောင်းလုပ်ဆောင်ပေးပါလဲ၊ နည်းပညာနဲ့ ဆိုင်တဲ့အကြောင်းအရာတွေနဲ့ ရှုတ်ထွေးတတ်တဲ့ကိစ္စတွေက ခေါင်းဆောင်သစ်တွေပေါ်ပေါက်လာဖို့ သိပ်အားမပေးလှပါ။

၆။ သင့်ပြဿနာနဲ့ပတ်သက်တဲ့ဖြေရှင်းချက်သည် မူဝါဒနှင့်သော်လည်းကောင်း လူထုရဲ့ ဆုံးဖြတ်ချက်ချမှတ်တဲ့ နည်းလမ်းနဲ့သော်လည်းကောင်း ဆက်စပ်မှုရှိဖို့လိုပါတယ်။

၇။ သင့်လိုအပ်ချက်များကို မှတ်သားထားပါ။ သင်၏လိုအင်ဆန္ဒများကို တုန့်ပြန်နိုင်သည့် အဓိကအာဏာရှိသူများကို ရှာပါ။ သင်၏ တိုးတက်မှုကို သိရှိနိုင်ဖို့အတွက်အချိန်ကာလ အပိုင်းအခြားတွေ၊ တိုင်းတာနိုင်မဲ့အချက်တွေကို သတ်မှတ်ပါ။

၈။ 'နိုင်ငံရေးသည် နိုင်ငံအတွင်း၌သာဖြစ်သည်'။ သို့သော် တခါတရံတွင် ပြဿနာအကြောင်းအရာများနှင့် ဖြေရှင်းမှုများသည် နိုင်ငံတကာ၏ ဆုံးဖြတ်ချက်ကို ရယူရသည့်မျိုးလဲ ရှိနိုင်ပါတယ်။ သင်၏ပြဿနာကို နိုင်ငံ တကာအမြင်အဆင့်နှင့် ဆက်စပ်တွေးတောပါက အင်အားပိုမိုကြီးမားလာမှာဖြစ်ပါတယ်။ သို့သော် သင့်အလုပ်ကိုတာဝန် ယူရမှုအပိုင်းမှာတော့ စိန်ခေါ်မှုတွေ ပိုကြုံရနိုင်ပါတယ်။

၉။ ငွေမရှိဘဲ သင်များများစားစား မလှုပ်ရှားနိုင်ပါ။ ရန်ပုံငွေကို အပြည်ပြည်ဆိုင်ရာ အလှူရှင်များ သို့မဟုတ် ပြည်တွင်း ထောက်ခံသူများမှ ရရှိနိုင်ပါတယ်။ ပြည်တွင်းကထောက်ပံ့မှုရှိနေခြင်းက ကိုယ့်ကိုထောက်ခံသူတွေ ပြည်တွင်းမှာရှိနေကြောင်း ဖော်ပြနေပါတယ်။ ပြည်တွင်းအဖွဲ့ကို နိုင်ငံတကာမှ ငွေကြေးထောက်ပံ့ပေးတာကို နိုင်ငံရေးသမားတချို့နဲ့ တချို့လူတွေက အပြစ်ပြောတတ်ကြပါတယ်။

၁၀။ သင်ရဲ့သတ်မှတ်ထားတဲ့ အလုပ်နှင့်မသက်ဆိုင်သော ပြင်ပအကြောင်းအရာများ၊ သင်တို့ချမှတ်ထားတဲ့ တန်ဖိုးထားမှုများနဲ့ မကိုက်တဲ့အလုပ်မျိုးကို မကိုင်တွယ်သင့်ပေ။ စည်းရုံးလှုံ့ဆော်မှုဆိုတာ အချိန်ပေး လူအင်အားပေးရတဲ့ လုပ်ငန်းမျိုးပါ။ ဒါကြောင့် ဒီလိုအားစိုက်ထုတ်ရတာတွေက သင်ရဲ့ရည်မှန်းချက်တွေ ရည်ရွယ်ချက်တွေအပေါ် အကျိုးရှိဖို့ အရေးကြီးပါတယ်။ စိတ်လှုပ်ရှားဖွယ်ကောင်းတဲ့ကိစ္စများနှင့် ငွေကြေးထောက်ပံ့မှုရှိပါက လူထုကို ဆွဲဆောင်ရန် လွယ်ကူပါလိမ့်မယ်။

၁၁။ အဖွဲ့၏အောင်မြင်မှုသည် စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းစဉ်ထဲမှာ ရေရှည်တည်တံ့တဲ့ လူထုပါဝင်မှုဖြစ်စေဖို့ အကြီးမားဆုံးသောတွန်းအား ဖြစ်ပါတယ်။ အောင်မြင်မှုဆိုတာ မိမိတို့တောင်းဆိုချက်ရရှိရုံမျှနဲ့ တိုင်းတာတာမဟုတ်ဘဲ အဖွဲ့အစည်းများအား တည်ထောင်ခြင်းနှင့် လူထု၏ထင်မြင်ချက်ကို သက်ဝင်လှုပ်ရှားစေခြင်းတို့နဲ့လည်း တိုင်းတာပါတယ်။ အောင်မြင်မှုဆိုတာ တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်စွာ ကျော်လွှားနိုင်မှုပင်ဖြစ်ပါတယ်။ လူထုဟာ ၎င်းတို့၏ အောင်မြင်မှု များကို လူထုလှုပ်ရှားမှုပြုနေစဉ် ကာလတစ်လျှောက်လုံး ဆင်နွှဲနိုင်ပါတယ်။

## သင်ခန်းစာ ၃-၅၊ စည်းရုံးလှုံ့ဆော်မှုအသိပေးတောင်းဆိုသည့် စီမံကိန်းဇာတ်ကြောင်း

| | |
|---|---|
| နိဒါန်း | ဤလေ့ကျင့်ခန်းသည် လမ်းညွှန်မေးခွန်းများကို အသုံးပြုပြီး အဖွဲ့တစ်ဖွဲ့အား ပန်းတိုင်များသို့မဟုတ်) ဆန္ဒရှိသော ရလဒ်များကိုရရှိအောင် စီမံကိန်းကို ဘယ်လိုရေးဆွဲစေရန် ကူညီပေးပါသည်။ |
| အယူအဆများ | ကျိုးကြောင်းပြ ပုံစံဇယားကွက်၊ ပန်းတိုင်၊ ရလဒ်၊ ထွက်ကုန် လုပ်ဆောင်ချက်။ အစီအစဉ်များ |
| လိုအပ်သည့်အချိန် | ၆၀ မိနစ် |
| ရည်ရွယ်ချက်များ | ကျိုးကြောင်းပြ ပုံစံဇယား သို့မဟုတ် စီမံကိန်းဇာတ်ကြောင်းတွင်ပါဝင်သော အပိုင်းများကို နားလည်ရန်။ အဖွဲ့အတွက် ကျိုးကြောင်းပြပုံစံဇယားတစ်ခု တည်ဆောက်တတ်လာစေရန်။ |
| လိုအပ်သောအရင်းအမြစ်များ | လက်ကမ်းစာရွက်– စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ စီမံကိန်း၏ ဇာတ်ကြောင်း။ လက်ကမ်းစာရွက်– စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ ကျိုးကြောင်းပြပုံစံဇယား။ |
| အနှစ်ချုပ် | အဖွဲ့များအနေဖြင့် ပြန်လည်သုံးသပ်မှုပြုရန် ကျိုးကြောင်းပြ ပုံစံဇယားကဲ့သို့ ပြင်ဆင်မှုကိရိယာများကို ၎င်းတို့၏ စည်းရုံးလှုံ့ဆော်မှုအား ဆန်းစစ်သည့်နေရာတွင် အသုံးပြုတတ်ရန်၊ |
| ပြန်လည်သုံးသပ်ခြင်း | ပြီးဆုံးသွားသော ကျိုးကြောင်းပြပုံစံဇယားနှင့် အလုပ်မှတ်တမ်းစာရွက်ကို ပြန်လည်သုံးသပ် ခြင်းနှင့် လေ့ကျင့်ခန်းအပြီး အဖွဲ့၏တုန့်ပြန်မှု။ |

### လုပ်ထုံးလုပ်နည်း

**အဖွင့်နိဒါန်း**

၁။ စည်းရုံးလှုံ့ဆော်ခြင်းဆိုင်ရာစီမံကိန်းရဲ့ ဇာတ်ကြောင်းသို့မဟုတ် ကျိုးကြောင်းပြဇယား တည်ဆောက်ရန် အယူအဆများနှင့် မိတ်ဆက်ပါ။

၂။ အဖွဲ့အတွင်း၌ ကျိုးကြောင်းပြဇယားရေးဖူးသူရှိက ထိုသူအားဖြစ်စဉ်များကို ရှင်းပြရန် ဖိတ်ခေါ်ပါ။ ပြီးနောက် စီမံကိန်းဇာတ်ကြောင်း သို့မဟုတ် ကျိုးကြောင်းပြဇယားအကြောင်း အကျဉ်းချုပ်ရှင်းပြနိုင်ပါ။

- (က) ရေရှည်ပန်းတိုင်– လှုပ်ရှားမှု၏ ရည်မှန်းချက် သို့မဟုတ် ရည်ရွယ်ချက်ဖြစ်နိုင်ပါတယ်။
- (ခ) ရင်းမြစ်များ – ငွေကြေး၊ လူ၊ ကျွမ်းကျင်မှု၊ ကိရိယာ၊ မိတ်ဖက်များစသည့်တို့ဖြစ်နိုင်ပါတယ်။
- (ဂ) လှုပ်ရှားမှုများ– အဖွဲ့သို့မဟုတ် စီမံကိန်းရဲ့ လုပ်ဆောင်ချက် (ဥပမာ– သတင်းထုတ်ပြန်ချက်ရေးခြင်း)
- (ဃ) ရလဒ်– အကျိုးသက်ရောက်မှု ၎င်းသည် တိုင်းတာနိုင်ပြီး အဖွဲ့အနေနဲ့ ပြောင်းလဲလုပ်ကိုင်နိုင်သော နည်းလမ်းများ ဖြစ်ပါတယ်။
- (င) ထွက်ကုန်များ – လှုပ်ရှားမှုမှရရှိလာသော တိကျသည့်ရလဒ်များ(ဥပမာ–သပိတ်မှောက်ရာတွင် လူ၅၀ ပါဝင်သည်)
- (စ) စွန့်စားရမှုများ – အဖွဲ့အတွက် ပေးဆပ်ရလောက်တဲ့ စွန့်စားရမှုမျိုးစုံကို ဆိုလိုပါတယ်။

**လုပ်ဆောင်ရန်**

၃။ ပို့ချသူက အဖွဲ့ငယ်များခွဲပေးပါ။ အဖွဲ့ငယ်အလိုက် ၎င်းတို့၏ ကိုယ်တွေ့အဖြစ်အပျက်များအပေါ် မူတည်ပြီး စာရွက်တွင် ဖြည့်ရပါမယ်။

၄။ အဖွဲ့ကို နေရာပြန်ချပြီး မေးခွန်းများကိုဆွေးနွေးပါ။ ပြီးနောက် ကျစ်လစ်သော စီမံကိန်းဇာတ်ကြောင်း ခေါင်းစဉ် ၆–ခုကို စာရွက်ကြီးပေါ်တွင်ရေးချပါ။

က။ ရေရှည်ပန်းတိုင်
ခ။ အရင်းအမြစ်များ
ဂ။ လှုံ့ဆော်မှုများ
ဃ။ ရလဒ်
င။ ထွက်ကုန်
စ။ ဆိုးကျိုး

၅။ ရွေးချယ်ရန် – ပို့ချသူအနေနဲ့ စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ အုပ်စုလိုက်ဆိုင်ရာများတွင် ခွဲခြားပေးပြီး တင်ပြလို့လဲ ရပါတယ်။

**အနှစ်ချုပ်နှင့် ပြန်လည်သုံးသပ်ခြင်း**

၆။ အဖွဲ့၏ လုပ်ဆောင်ခဲ့မှုများနဲ့ စွမ်းဆောင်နိုင်မှုများကို အနှစ်ချုပ်ပြောပြပါ။ ပို့ချသူသည် အဖွဲ့၏ ကြိုးစားမှုကို ဂုဏ်ပြုခြင်းနှင့် ကျိုးကြောင်းပြဇယားနှင့် သက်ဆိုင်သော အဓိကအယူအဆများအား ပြောပြခြင်းတို့ကို ပြုလုပ်ပါ။

၇။ ပြန်လည်သုံးသပ်မှုပြုနိုင်ရန် အဖွဲ့၏ တုန့်ပြန်မှုကိုရယူပါ။ ထို့အတူ သင်ကြားချိန်အတွင်း ၎င်းတို့ မည်မျှလေ့လာခဲ့သည်ကိုသိရှိရန် ၎င်းတို့၏ အလုပ်မှတ်တမ်းစာရွက်ကို စစ်ဆေးပါ။

**လေ့ကျင့်ခန်းစာရွက်၊ သင်ခန်းစာ ၃–၅**

**စည်းရုံးလှုံ့ဆော်သည့် စီမံကိန်းဇာတ်ကြောင်း**

အောက်တွင်ဖော်ပြထားသော မေးခွန်းများကို စာ ၃–၄ ကြောင်းဖြင့် ဖြေဆိုပါ။ မေးခွန်းအားဖြေဆိုရန်အတွက် ပူးတွဲပါ။ စီမံကိန်းကျိုးကြောင်းပြဇယားကို အသုံးပြုနိုင်ပါသည်။

၁။ ဤစည်းရုံးလှုံ့ဆော်မှုစီမံကိန်း၏ ရေရှည်ပန်းတိုင်က ဘာလဲ။

၂။ ဤစီမံကိန်း၏ မျှော်လင့်ထားသော ရလဒ်က ဘာလဲ။


၃။ ဤစီမံကိန်းမှ မျှော်လင့်ထားသော ထွက်ကုန်မှာ ဘာလဲ၊

၄။ ဤစီမံကိန်း၏ အစိတ်အပိုင်းအနေဖြင့် သင် ဘာအလုပ်ကိုလုပ်မလဲ။

၅။ ဤစီမံကိန်းအတွက် မည်သည့် အရင်းအမြစ်များ ရနိုင်မည်နည်း။

၆။ စည်းရုံးလှုံ့ဆော်တဲ့စီမံကိန်းတွင်ပါဝင်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များက ဘာတွေလဲ။

**စည်းရုံးလှုံ့ဆော်မှုရဲ့ ကျိုးကြောင်းပြဇယား**



**သင်ခန်းစာ ၃–၆၊ ပစ်မှတ်ဆိုင်ရာသတင်းအချက်အလက်ဇယား**

| | |
|---|---|
| နိဒါန်း | စည်းရုံးလှုံ့ဆော်ရာတွင် ပြုပြင်ပြောင်းလဲမှုကို ပြုလုပ်ပေးရန်အတွက် လွှမ်းမိုးနိုင်သောပစ်မှတ်၊ပုဂ္ဂိုလ်များ ရှိကြပါတယ်။ ဒီသင်ခန်းစာက တက်ရောက်လာသူတွေကို ပစ်မှက်များကို ရွေးချယ်တတ်ရန်နှင့် အကဲဖြတ်တတ်ရန် အကူအညီပေးပါလိမ့်မယ်။ |
| အယူအဆနည်းလမ်းများ | ပစ်မှတ်၊ သွယ်ဝိုက်သောပစ်မှတ် (ပစ်မှတ်အားလွှမ်းမိုးနိုင်မည့်သူ) လွှမ်းမိုးခြင်း |
| လိုအပ်သည့် အချိန် | ၄၅ မိနစ် |
| ရည်ရွယ်ချက်များ | စည်းရုံးလှုံ့ဆော်မှုဆိုင်ရာအကြောင်းအရာနှင့် ပက်သက်သော ပစ်မှတ်ကို ဆန်းစစ်ရန်နှင့် ပစ်မှတ်အပေါ် မဟာဗျူဟာဆန်းစစ်မှုကို ကျင့်သုံးရန်။ |
| လိုအပ်မည့်အရင်းအမြစ်များ | စက္ကူချပ်ကြီးများ၊ မာကာ ဘောပင်များ |
| အနှစ်ချုပ် | ပစ်မှတ်အပေါ်လေ့လာဆန်းစစ်မှုသည် စည်းရုံးလှုံ့ဆော်တဲ့အဖွဲ့ကို ပစ်မှတ်နှင့် ရင်းနှင့် ရင်းနှီးသူတို့အပေါ် လွှမ်းမိုးနိုင်မည့် နည်းဗျူဟာကို ရွေးချယ်နိုင်ရန် ကူညီပေးသည်။ |
| ပြန်လည်သုံးသပ်ခြင်း | လေ့ကျင့်ခန်းလုပ်နေစဉ်နှင့် လေ့ကျင့်ခန်းအပြီးတွင် အဖွဲ့၏တုန့်ပြန်မှုကိုဆန်းစစ်ပါ။ |

**လုပ်ထုံးလုပ်နည်း**

**အဖွင့်နိဒါန်း**

၁။ သင်ခန်းစာကို မိတ်ဆက်ပေးပြီး အဖွဲ့အတွက် အခေါ်အဝေါ်များကို အဓိပ္ပာယ်ဖွင့်ပေးပါ။

- ပစ်မှက် – စည်းရုံးလှုံ့ဆော်တဲ့ အကြောင်းအရာအပေါ် အကျိုးသက်ရောက်စေသော ပုဂ္ဂိုလ်
- ပစ်မှတ်နှင့် ရင်းနှီးသူ – ပစ်မှတ်ပုဂ္ဂိုလ်အား လွှမ်းမိုးနိုင်သည့်ပုဂ္ဂိုလ်

**လုပ်ဆောင်ရန်**

တက်ရောက်သူများအား အဓိကပစ်မှတ်များကို ဖော်ထုတ်စေပါ။ ပစ်မှတ်ကို ဆန်းစစ်နိုင်ရန် ပို့ချသူက ဖန်တီးပေးပါ။ သင်ခန်းစာ၏ အဆုံးတွင် နမူနာပုံစံတစ်ခုကို ပူးတွဲဖော်ပြထားပါတယ်။

၂။ ရွေးချယ်ထားသော ပစ်မှတ်များ ဆန်းစစ်ဖို့နဲ့စေနိုင်းပြီး နောက်ဆက်တွဲ မေးခွန်းများကိုအောက်ပါအတိုင်း မေးမြန်းပါ။

(က) ပစ်မှတ်ကို သင် မည်ကဲ့သို့ ဆက်သွယ်မလဲသို့မဟုတ် ဘယ်လိုချဉ်းကပ်မလဲ။

(ခ) စည်းရုံးလှုံ့ဆော်တဲ့ အကြောင်းအရာကို ပစ်မှတ်က ဘယ်လိုမြင်သလဲ။ ပစ်မှတ်က ဘာကိုယုံကြည်သလဲ ဆိုတာကို ထုတ်ဖော်ပြောဆိုတာမျိုးတွေရှိသလား။

(ဂ) ပစ်မှတ်ကို သင်ဘယ်လို လွှမ်းမိုးမလဲ။ ပစ်မှတ်အတွက် ဘာအရေးကြီးသလဲ။

(ဃ) ပစ်မှတ်အနေနဲ့ ဆုံးဖြတ်ချက်တွေကို ဘယ်လိုချမှတ်သလဲ။

(င) ပစ်မှတ်အပေါ် လွှမ်းမိုးနိုင်သော ပုဂ္ဂိုလ်များရှိပါသလား။

၃။ ပစ်မှတ်များကို သုံးသပ်ရန်အတွက် တက်ရောက်လာသူများကို စေခိုင်းပါ။ ပြီးနောက် ဖြစ်နိုင်ခြေရှိသော လုပ်ဆောင်ချက်များ သို့မဟုတ် နောက်ထပ်ခြေလှမ်းများကို စိတ်ကူးယဉ်တွေးကြည့်ပါ။

၄။ ဤလုပ်ဆောင်မှုသည် ပစ်မှတ်ကို ပြန်လည်သုံးသပ်ရန် ပြုလုပ်သော အခြားနည်းလမ်းတစ်ခုဖြစ်ပါတယ်။ ဤနည်းလမ်းသည် တက်ရောက်လာသူများအား မတူညီသော ရှုထောင့်ကနေပြီး ပစ်မှတ်များအကြောင်းကို တွေးခေါ် စဉ်းစားစေရန် ကူညီပေးပါတယ်။

(က) စက္ကူချပ်ကြီး၏ အလယ်တွင် လေးထောင့်ကွက်တစ်ကွက်ဆွဲပါ။ ထိုလေးထောင့်ကွက်ထဲတွင် အဖွဲ့၏ အမည်နှင့် စည်းရုံးလှုံ့ဆော်တဲ့အကြောင်းအရာကို ရေးပါ၊ ဥပမာ–ထိုင်းနိုင်ငံ၏ အေအိုင်ဒီအက်စ်လှုပ်ရှားမှု။ လိင်တူ ဆက်ဆံခြင်းကို မှုခင်းမြောက်သည်ဟု သတ်မှတ်သော ဥပဒေအားပယ်ဖျက်ရန် စသည်တို့ဖြစ်ပါတယ်။

(ခ) လေးထောင့်ကွက်ပတ်လည်တွင် စက်ဝိုင်းများဆွဲပါ။ စက်ဝိုင်းတစ်ခုစီ၏ အတွင်းတွင် ဤစည်းရုံး လှုံ့ဆော်နေသော ရည်ရွယ်ချက်အတွက် ပစ်မှတ်၏အမည်ကိုရေးပါ။ 'တရားဝင် အေအိုင်ဒီအက်(စ်)တိုက်ဖျက်ရေး လှုပ်ရှားမှုအဖွဲ့' 'အမျိုးသားလူ့အခွင့်အရေးကော်မရှင်' 'အမျိုးသား အိတ်ချ်အိုင်ဗွီရှိသူများ ကွန်ယက်' 'ပြည်သူ့ ကျန်းမာရေး ဝန်ကြီးဌာန' စသည့်တို့ ဖြစ်နိုင်ပါတယ်။

(ဂ) စက်ဝိုင်းတစ်ခုစီကို လေးထောင့်ကွက်ဖြင့် မျဉ်းကြောင်းဆွဲဆက်သွယ်ပါ။ ဦးတည်ချက်ကို မျှားများထောက်ပံ့

ပေးနိုင်လျှင် မျဉ်းကြောင်းထူထူဆွဲပြီး ဦးတည်ချက်ကို များများ မထောက်ပံ့နိုင်လျှင် မျဉ်းကြောင်းပါးပါးသာဆွဲပါ။

(ဃ) ပစ်မှတ်ရေးထားသည့် စက်ဝိုင်းအရွယ်အစားသည် စည်းရုံးလှုံ့ဆော်တဲ့ရည်ရွယ်ချက်ကို မည်မျှလွှမ်းမိုးနိုင်သည့် အပေါ်မူတည်ပြီး အကြီးအသေးရေးဆွဲရမည်။

(င) လေးထောင့်ကွက်နှင့် စက်ဝိုင်း၏အကွာအဝေးသည် သင့်အဖွဲ့နှင့် ပစ်မှတ်တို့၏ ရင်းနှီးမှုအပေါ် မူတည်ပြီး ရေးဆွဲရပါမယ်။

၅။ အဖွဲ့အား ရေးဆွဲထားမှုများကို ဆန်းစစ်နိုင်းပါ။ ပြီးနောက် ပစ်မှတ်အကြောင်းကို ရှင်းပြပြီး စည်းရုံးလှုံ့ဆော်တဲ့ ရည်ရွယ်ချက်အပေါ် ထိုပုဂ္ဂိုလ်၏ ဩဇာရှိမှုကို ဖော်ပြခိုင်းပါ။။

## အနှစ်ချုပ်နှင့် ပြန်လည်သုံးသပ်ခြင်း

၆။ စည်းရုံးလှုံ့ဆော်တဲ့ အကြောင်းအရာအတွက် အဖွဲ့၏ဆွေးနွေးမှုများနှင့် ၎င်း၏ ပစ်မှတ်များအပေါ် ဆန်းစစ်မှုများကို အနှစ်ချုပ်ဖော်ပြပါ။

၇။ အဖွဲ့အား ၎င်းတို့သင်ယူခဲ့သည့်အရာများအကြောင်း ဆွေးနွေးစေပြီး ထိုအရာများကို မည်သို့ပြန်လည်အသုံးချမည်ကို ပြန်လည်မျှဝေပြောပြခိုင်းပါ။

**လေ့ကျင့်ခန်းစာရွက်၊သင်ခန်းစာ ၃–၆**

**ပစ်မှတ်နှင့်သက်ဆိုင်သော သတင်းအချက်အလက်ဇယားကွက်**

| ပစ်မှတ် | ပစ်မှတ်ကိုဘယ်လို ဆက်သွယ်မလဲ | စည်းရုံးလှုံ့ဆော်တဲ့ အကြောင်းအရာအပေါ် ပစ်မှတ်ရဲ့လက်ခံမှု အခြေအနေ | ပစ်မှတ်ကို ဘယ်လို လွှမ်းမိုးမလဲ | ပစ်မှတ်ပုဂ္ဂိုလ်၏ ဆုံးဖြတ်ချက်ချလေ့ရှိတဲ့ နည်းလမ်း | ပစ်မှတ်က မည်သူ့စကားကို နားထောင်ခဲ့သနည်း။ (ပစ်မှတ်ကို လွှမ်းမိုးနိုင်သည့်သူ) |
|---|---|---|---|---|---|
| ဝန်ကြီးချုပ် 'X' | | | | | |
| ဆရာဝန် 'Y' | | | | | |
| ဘုရင်ခံ 'Z' | | | | | |
| ဒေသခံအေအိုင်ဒီအက်စ်အဖွဲ့ကောင်စီဥက္ကဋ္ဌ | | | | | |

## သင်ခန်းစာ ၃-၇။ သင့်တော်သော စည်းရုံးလှုံ့ဆော်မှုနည်းလမ်းတွေကို ဘယ်လိုရွေးချယ်မလဲ

အပြည်ပြည်ဆိုင်ရာ အိတ်ချအိုင်ဗွီ၊ အေအိုင်ဒီအက်စ်မဟာမိတ်နှင့် အပြည်ပြည်ဆိုင်ရာ အေအိုင်ဒီအက်စ်ဝန်ဆောင်မှုအဖွဲ့များ ကောင်စီ (ICASO)၏ Advocacy in Action: A Toolkit to Support NGOs and CBOs Responding to HIV/AIDS စာမျက်နှာ ၆၅ မှ ထုတ်နှုတ်ဖော်ပြထားပါတယ်။

| | |
|---|---|
| နိဒါန်း | ဤသင်ခန်းစာတွင် အဖွဲ့အား စည်းရုံးလှုံ့ဆော်နည်းများကို ရွေးချယ်နိုင်ရန်အတွက် ဖြစ်ရပ်တခုကို ပေးပါမယ်။ နည်းလမ်းများကို ရွေးချယ်ရာတွင် စည်းမျဉ်းများမရှိပါ။ နည်းလမ်းများသည် အဖွဲ့ ပြဿနာ၊ ပစ်မှတ်များနှင့် လူထုစသူတို့နှင့် သက်ဆိုင်သော အချက်များပေါ်တွင် အခြေခံပါတယ်။ |
| အယူအဆနည်းလမ်းများ | စည်းရုံးလှုံ့ဆော်ခြင်း ဦးတည်ချက်၊ ပစ်မှတ်များ၊ မိတ်ဖက်များ |
| လိုအပ်သည့် အချိန် | ၄၅ မိနစ် |
| ရည်ရွယ်ချက်များ | စည်းရုံးလှုံ့ဆော်မှု နည်းလမ်းများရွေးချယ်ခြင်းကို သင်ယူရန်အတွက် ဖြစ်ရပ်လေ့လာမှုတစ်ခုအားဆန်းစစ်ရန်။ |
| လိုအပ်သောအရင်းအမြစ်များ | ဖြစ်ရပ်တစ်ခုအကြောင်း လက်ကမ်းစာရွက် |
| အနှစ်ချုပ် | စည်းရုံးလှုံ့ဆော်မှု နည်းလမ်းရွေးချယ်ခြင်းသည် အခြေအနေပေါ်တွင် များစွာမူတည်ပါတယ်။ ထိုသို့ ရွေးချယ်ရာတွင် စည်းမျဉ်းများမရှိပါ။ သို့သော် အဖွဲ့များသည် ရွေးချယ်မှုများကို ပြုလုပ်ရာတွင် ထည့်သွင်းစဉ်းစားရမဲ့ အချက်တွေ အများကြီးရှိပါတယ်။ |
| ပြန်လည်သုံးသပ်ခြင်း | ဖြစ်ရပ်လေ့လာမှုသည် တစ်ဦးတစ်ယောက်ချင်းစီ သို့မဟုတ် အဖွဲ့အတွက် ၎င်းတို့၏ အခြေအနေအတွက် အကျိုးရှိရှိ အသုံးပြုနိုင်မလား။ |

### လုပ်ထုံးလုပ်နည်း

ပို့ချသူအတွက်မှတ်သားရန်။

ဖြစ်ရပ်တစ်ခုအားလေ့လာခြင်းဖြင့် စည်းရုံးလှုံ့ဆော်သည့် နည်းလမ်းကို အမှန်တကယ် ရွေးချယ်စေနိုင်ပါတယ်။ ဒီဖြစ်ရပ်ကို သီးသန့်ဖြစ်စေ၊ စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းအတွက်ပြင်ဆင်မှုနဲ့ တွဲဖက်ပြီးဖြစ်စေ ဆွေးနွေးနိုင်ပါတယ်။

### အဖွင့်နိဒါန်း

၁။ သင့်အဖွဲ့အတွက် အကောင်းဆုံး စည်းရုံးလှုံ့ဆော်မှု နည်းလမ်းများကို ရွေးချယ်ခြင်းအတွက်လမ်းညွှန်အချို့မှာ-

အကောင်းဆုံး စည်းရုံးလှုံ့ဆော်မှု နည်းလမ်းများရွေးချယ်ရန်အတွက် စည်းမျဉ်းများမရှိပါ။ သင်၏ ရွေးချယ်မှုသည် အချက်များစွာပေါ်တွင် မူတည်ပေလိမ့်မည်။

- ■ ပစ်မှတ်ပုဂ္ဂိုလ်၊ အဖွဲ့ ၊ ဌာန
- ■ စည်းရုံးလှုံ့ကဆော်တဲ့ အကြောင်းအရာ
- ■ သင့်အဖွဲ့၏ စည်းရုံးလှုံ့ဆော်တဲ့ ရည်ရွယ်ချက်
- ■ သင့် ရည်ရွယ်ချက်အတွက် ထောက်ပံ့ပေးမည့် အထောက်အထားများ
- ■ အဓိကအရေးပါသော မိတ်ဖက်များအားပါဝင်လာစေအောင် လုပ်ဆောင်နိုင်မည့် သင်၏အရည်အချင်း
- ■ သင့်မိတ်ဖက်များ၏ အရင်းအမြစ်များနှင့် ကျွမ်းကျင်မှုများ

အချိန်ကာလကိုက်ညီမှု- ဥပမာ- ဥပဒေကို အကြမ်းဆွဲနေချိန်အတွင်း သို့မဟုတ် ဘဏ္ဍာရေး စီစဉ်ရေးဆွဲနေစဉ်အတွင်း ပြင်ပကနိုင်ငံရေးလုပ်ဆောင်မှု အစီအစဉ်များလုပ်ဆောင်ခြင်း၊ စည်းရုံးလှုံ့ဆော်မှုရေချိန်နဲ့ အချိန်ကိုက်မှုလုပ်ဆောင်ရန်

၂။ လက်ကမ်းစာရွက်ထဲမှာ စည်းရုံးလှုံ့ဆော်မှုတခုအတွက်ချမှတ်ထားတဲ့ ဦးတည်ချက်နှင့် ပစ်မှတ်များအတွက် ရွေးချယ်လုပ်ဆောင်ခဲ့တဲ့ နည်းလမ်းအချို့၏ အားနည်းချက်နှင့် အားသာချက်များကို ဖော်ပြထားပါတယ်။ သင့်အနေနဲ့ သတိရထားမှာကတော့ ပြဿနာတိုင်းသည် ကွဲပြားခြားနားတယ်ဆိုတာပါဘဲ။ သင်သည် ဤဖြစ်ရပ်ကို သုံးသပ်ပြီး သင်၏ အစီအစဉ်ရေးဆွဲခြင်းနှင့် စည်းရုံးလှုံ့ဆော်ရာမှာ ဒီဖြစ်ရပ်ကို မည်သို့အသုံးပြုနိုင်မလဲနဲ့ အသုံးပြုနိုင်ခြေ ရှိ မရှိတို့ကိုလည်း ဆွေးနွေးနိုင်ပါတယ်။

၃။ တက်ရောက်လာသူများအနေနဲ့ ၎င်းတို့၏ အလုပ်အပေါ် လေ့လာဆန်းစစ်နိုင်ဖို့ ဒီလက်ကမ်းစာစောင်ကို အသုံးပြုနိုင်ပါတယ်။ သင့်အဖွဲ့၏ အခြေအနေပေါ်မူတည်ပြီး လိုအပ်သလို ပြုပြင်ပြောင်းလဲနိုင်ပါတယ်။

## အနှစ်ချုပ်နှင့် ပြန်လည်သုံးသပ်ခြင်း

၄။ စည်းရုံးလှုံ့ဆော်မှုနည်းလမ်းများကို ရည်ရွယ်ချက်အတိုင်း ထိမိစေအောင် ဖန်တီးဖို့လိုကြောင်း ရှင်းပြပါ။ အဖွဲ့တိုင်းမှာ ၎င်း၏ ရည်ရွယ်ချက်ရောက်အောင် အကောင်ထည်ဖော်တဲ့ နည်းလမ်းမျိုးစွာရှိနိုင်ပါတယ်။ နည်းလမ်းများတွင် အားနည်းချက်နဲ့ အားသာချက်တွေရှိမှာဖြစ်ပြီး အကောင်းဆုံးလုပ်ဆောင်နိုင်ဖို့အတွက် မကြာခဏအပြန်အလှန်သုံးသပ်ရမှာပါ။

၅။ ပြန်လည်သုံးသပ်မှုလုပ်တဲ့နေရာမှာ ဖြစ်စဉ်အပေါ် တက်ရောက်သူတို့က လေ့လာမှုနဲ့ သုံးသပ်မှုတို့ပါဝင်ပါလိမ့်မယ်။ ဒါမှမဟုတ် လူထုစည်းရုံးရေးတခုကိုလုပ်ဖို့ သူတို့ဖာသာသူတို့ အစီအစဉ်ရေးဆွဲတာမျိုးလဲဖြစ်နိုင်ပါတယ်။ ဒီလေ့ကျင့်ခန်းအပေါ် ဘယ်လိုလေ့လာပြီး ဘယ်လိုတိုးတက်အသုံးချသလဲအပေါ် ဆန်းစစ်ပါ။

### ပုံစံ၊သင်ခန်းစာ ၃–၇

ဖြစ်ရပ်တစ်ခုအားလေ့လာခြင်း– အလုပ်ရှင်မှ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်နှင့် အသက်ရှင်နေထိုင်သူများ အပေါ်ခွဲခြားဆက်ဆံခြင်းကို ဆန့်ကျင်ခြင်း

စည်းရုံးလှုံ့ဆော်မှု ဦးတည်ချက်– အလုပ်သမားများအား အိတ်ချ်အိုင်ဗွီ ပိုးစစ်ဆေးခြင်းနှင့် အိတ်ချ်အိုင်ဗွီပိုးရှိသော အလုပ်သမားများအား အလုပ်ရပ်ဆိုင်းခြင်းကို ရပ်တံ့ရန်အတွက် ဒေသအတွင်းရှိ အကြီးဆုံးကုမ္ပဏီ ၁၀ခု၏ မန်နေဂျာများအား စည်းရုံးရန်၊

တိုက်ရိုက်ပစ်မှတ်များ– ကုမ္ပဏီများ၏ အထွေထွေမန်နေဂျာများ

မိတ်ဖက်များ– မီဒီယာ၊ အစိုးရမဟုတ်သော အဖွဲ့များ၊ ဒါရိုက်တာအဖွဲ့များ။

| *နည်းလမ်း* | *အားသာချက်များ* | *အားနည်းချက်များ* |
|---|---|---|
| ကုမ္ပဏီ၏မူဝါဒများ သို့မဟုတ် အကောင်ထည်ဖော်မှုကို ဆန်းစစ်ခြင်းနှင့် လွှမ်းမိုးခြင်း | ကုမ္ပဏီ၏ လက်ရှိကျင့်ထုံးများကငင်းတို့၏ မူဝါဒများကို ချိုးဖောက်နေကြောင်း၊ သို့မဟုတ် ထိုကျင့်ထုံးများသည် ကုမ္ပဏီအားငွေကုန်ကြေးကျများစေကြောင်း သက်သေပြပြီးထောက်ပြသည့်အချက်သည် အစွမ်းထက်သော တင်ပြချက်တခု ဖြစ်နိုင်ပါတယ်။ | ဤအချက်အလက်ကို ရရှိရန် ခက်ခဲနိုင်မည်။ မူဝါဒများကို ဝေဖန်ခြင်းကြောင့် မန်နေဂျာများကို အမျက်ထွက်စေနိုင်ပါတယ်။ |
| ထင်မြင်ချက် ရေးသားထားသောစာရွက် | ဝါရင့်ဒါရိုက်တာများနှင့် မန်နေဂျာများအား တင်ပြရာတွင် အသုံးဝင် နိုင်ပါတယ်။ သတင်းထောက်များ မိုငြမ်းနိုင်ဖို့ အသုံးဝင်ပါတယ်။ ပြဿနာအကြောင်းကို လူထုသိအောင် ပြောဆိုမည့်သူအားပြင်ဆင်မှုပြုလုပ်ဖို့ အကူအညီပေးနိုင်ပါတယ်။ | ပြင်ဆင်ချိန်ကြာမြင့်နိုင်သည်။ မန်နေဂျာအချို့က စာဖတ်တာကို မနှစ်မြို့ပေ။ |
| အတွင်းစည်းက အလုပ်လုပ်ခြင်း | အချို့မန်နေဂျာများသည် ၎င်းတို့နှင့် ရင်းနှီးသူများ၏စကားကို ပိုမိုတတ်ပါတယ်။ | အကယ်၍ ကုမ္ပဏီနှင့် ပုဂ္ဂိုလ်ရေး ရင်းနှီးမှု မရှိရင် ထိုအခွင့်အရေးမရနိုင်ပေ။ |
| မဲဆွယ်ခြင်း သို့မဟုတ် မျက်နှာချင်းဆိုင် တွေ့ဆုံခြင်း | ပြဿနာတစ်ခုကို မျက်နှာချင်းဆိုင်တင်ပြခွင့်ရပြီး ရင်းနှီးမှု တည်ဆောက်နိုင်သည့် အခွင့်အရေးရှိပါတယ် ။ အိတ်ချအိုင်ဗွီ၊ အေအိုင်ဒီအက်စ်နှင့် အသက်ရှင်နေထိုင်သူများသည် ၎င်းတို့၏အခြေအနေကို တိုက်ရိုက်ရှင်းပြနိုင်ပါမယ်။ | မန်နေဂျာများကတွေ့ဆုံဖို့ အချိန်မပေးနိုင်ဖြစ်တတ်ပါတယ်။ ဘုတ် အဖွဲ့ဝင်များသည် အိတ်ချအိုင်ဗွီ၊ အေအိုင်ဒီအက်စ်နှင့် အသက်ရှင်နေထိုင်သူများ၏ အရေးကိစ္စကို စိတ်မဝင်စားပါ။ |

| | | |
|---|---|---|
| တင်ပြခြင်း | ပြဿနာအား ဆုံးဖြတ်ချက်ချသူများ ထံသို့ တိုက်ရိုက်တင်ပြနိုင်သည့် အခွင့်ရေးရနိုင် ပါတယ်။ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် နှင့် အသက်ရှင်နေထိုင်သူများအနေနဲ့ တိုက်ရိုက် စကားပြောဆိုတင်ပြနိုင်ပါတယ်။ | တင်ပြဖို့အတွက် ခွင့်ပြုချက်ရရန် ခက်ခဲနိုင်တယ်။ အာဏာရှိသူများရဲ့ စိတ်ဝင်စားမှုကို ရရှိရန် ခက်ခဲနိုင်ပါတယ်။ |
| တင်ဆက်မှု အနုပညာ | အချို့မန်နေဂျာများ၏ စိတ်ကိုညှို့ယူနိုင်ပါ တယ်။ လူထုအခြေပြုအဖွဲ့တွေကို စုဝေးဖို့ သင့်တော်တယ်။ အိတ်ချ်အိုင်ဗွီ၊ အေအိုင် ဒီအက်စ်နှင့် အသက်ရှင်နေထိုင်သူများကလဲ ဇာတ်ကြောင်းပြောပြခြင်း သို့မဟုတ် တင်ဆက်ခြင်း ပြုနိုင်ပါတယ်။ | အချို့မန်နေဂျာများက တင်ဆက်မှုအနုပညာ (Performance Art)သည် သင့်တော်မှုမရှိ၊ လေးစားမှုမရှိလို့ ခံစားတတ်ကြပါတယ်။ |
| သတင်းထုတ် ပြန်ခြင်း သို့မ ဟုတ် အိတ် ဖွင့်ပေးစာ | လူထုထောက်ခံမှု လိုအပ်နေသည့် အဖွဲ့အစည်းများ အတွက် အသုံးဝင်ပါတယ်။ လူထုစည်းရုံးလှုပ်ရှားမှုစတင်ရန် သို့မဟုတ် ဆန္ဒကျင်မှု သို့မဟုတ် တိုးတက်ပြောင်းလဲမှု သစ်တွေကို လျှင်မြန်စွာတုံ့ပြန်နိုင်ရန် အသုံးဝင်တယ်။ ငွေကုန်ကြေးကျ မများပါ။ | မန်နေဂျာများက ဤအချင်းအရာ သည် အရှက်ရစေသည်။ ထိပ်တိုက်ရင်ဆိုင် သည်ဟု ခံစားရနိုင်ပါတယ်။ |
| မီဒီယာ အင်တာဗျူး | သတင်းထုတ်ပြန်ခြင်းနှင့် သဏ္ဍာန် တူပါတယ်။ လှုံ့ဆော်တဲ့အကြောင်း အရာကို တကယ်ကြုံတွေ့ခဲ့ရတဲ့သူတွေ အသံနဲ့ အားဖြည့်ပေးနိုင်တယ်။ ငွေကုန်ကြေးကျ သက်သာပါတယ်။ | အင်တာဗျူးခံရမည့် သူက ကြိုတင်ပြင်ဆင်မှု မရှိလျှင် လိုချင်သောသတင်းကို ကောင်းစွာ မပေးနိုင်ပါက ဆိုးကျိုးဖြစ်နိုင်ပါတယ်။ သတင်း သမားများက လုပ်ကြံရေးသားနိုင်ပါတယ်။ သတင်းသမားများက ပြဿနာကို ကောင်းစွာ နားမလည်ပဲ သတင်းရေးသားပါက အခြေ အနေကို ပိုမိုဆိုးရွားစေနိုင်ပါတယ်။ လူထုက သိရှိနေသော အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် နှင့်အသက်ရှင်နေထိုင်သူ များအပေါ် မကောင်းမြင်နိုင်ပါတယ်။ |
| သတင်းစာ ရှင်းလင်းမှု ပြုလုပ်ခြင်း | သတင်းထုတ်ပြန်ခြင်းနှင့် အလားသဏ္ဍာန် တူပါတယ်။ ဖြစ်ရပ်ဇာတ်လမ်းများ ဥပမာများ လိုအထောက်အထားများနဲ့ တင်ပြဖို့ကောင်း ပါတယ်။ အထူးသဖြင့် ဖြစ်ရပ်များပြင်း ထန်သော ဆန္ဒကျင်မှုများ သို့မဟုတ် ကြီးမားသော တိုးတက်ပြောင်းလဲမှု များအတွက် လူထုလှုပ်ရှားမှုကြီး တစ်ခုပြုလုပ်ရန် အသုံးဝင်တယ်။ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်နှင့် သက်ရှင် နေထိုင်သူများနှင့် မိတ်ဖက်များ အလွယ်တကူ ပါဝင်နိုင်ပြီး အသိအမှတ် ပြုတာလဲ ခံနိုင်ပါတယ်။ | သတင်းထုတ်ပြန်ခြင်းနဲ့ ဆင်ပါတယ်၊ အဆင့်မြင့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများ လိုအပ်တယ်၊ ငွေကုန်ကြေးကျ များနိုင်တယ်။ လွတ်လပ်စွာ စုရုံးခွင့်မရှိသော တိုင်းပြည်များတွင် နိုင်ငံရေးအရ အန္တရာယ်ရှိနိုင်တယ်။ |

# နည်းပရိယာယ်များ - အာဏာပိုင်များကို စည်းရုံးခြင်းနှင့် ရင်းနှီးအောင်လုပ်ခြင်း

**သင်ခန်းစာ ၄-၁ ၊**

**စည်းရုံးလှုံ့ဆော်မှုရဲ့ မိတ်ဖက်များနှင့် ပစ်မှတ်များ**

| | |
|---|---|
| နိဒါန်း | ဤသင်ခန်းစာတွင် မိတ်ဖက်များနှင့် ပစ်မှတ်များ၏အဓိပ္ပါယ်ကို ဖော်ပြပေးပြီး စည်းရုံးလှုံ့ဆော်တဲ့ လူထုစည်းရုံးရေး လုပ်ငန်းတွေထဲမှာ ပါဝင်တဲ့သူတို့ရဲ့ အခန်းကဏ္ဍကို နားလည်စေဖို့လိုပါတယ်။ |
| အယူအဆနည်းလမ်းများ | မိတ်ဖက်များ၊ ပစ်မှတ်များ |
| လိုအပ်သောအချိန် | ၄၅ မိနစ် |
| ရည်ရွယ်ချက်များ | စည်းရုံးလှုံ့ဆော်မှုရဲ့ မိတ်ဖက်များအကြောင်းနဲ့ ထိုသူတွေက အဖွဲ့။ ပြဿနာအပေါ်မှာ မည်သို့အကျိုး ပြုနိုင်ကြောင်းကို နားလည်သဘောပေါက်ရန်။ စည်းရုံးလှုံ့ဆော်မှု၏ ပစ်မှတ်များနှင့် ၎င်းတို့လုပ်နိုင်သည့် အရာနှင့် မလုပ်နိုင်သည့် အရာကို နားလည်သဘောပေါက်ရန်။ |
| လိုအပ်သောအရင်းအမြစ်များ အနှစ်ချုပ် | မိတ်ဖက်များ ဇယားကွက်ကို နားလည်သဘောပေါက်ခြင်း– လက်ကမ်းစာရွက် ပြဿနာတစ်ခုကို ဖြေရှင်းဖို့အတွက် တူညီသည့်သဘောထားရှိသော မိတ်ဖက်များသည် စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ လူထုလှုပ်ရှားမှုတစ်ခုကို ကူညီပေးနိုင်ပါတယ်။ မိတ်ဖက်များကို ပါဝင်လှုပ်ရှားစေဖို့အတွက်အရင်ဦးစွာ ၎င်းတို့ဟာ မည်သူမည်ဝါတွေလဲ၊ အဖွဲ့အတွက် ဘာလုပ်ပေးနိုင်သလဲဆိုသည်ကို သိရှိနားလည်ရန်လိုပါတယ်။ |
| ပြန်လည်သုံးသပ်ခြင်း | လုပ်ဆောင်ချက် ပြီးဆုံးသွားပါက တက်ရောက်သူများအနေဖြင့် မိတ်ဖက်များနှင့် ပစ်မှတ်များ၏ အဓိပ္ပါယ်တို့ကို ပြန်လည်ပြောပြနိုင်ရပါမယ်။ |

**လုပ်ထုံးလုပ်နည်း**

ဤ သင်ခန်းစာကို မိတ်ဖက်များနှင့် ပစ်မှတ်များအကြောင်း အသိပညာပေးရန် ဒီဇိုင်းဆွဲထားခြင်းဖြစ်ပါတယ်။ ဤလုပ်ဆောင်ချက်ကို နောက်သင်ခန်းစာတစ်ခုဖြစ်သည့် 'ပစ်မှတ်များနှင့် မိတ်ဖက်များကို ဖော်ထုတ်ခြင်း' နှင့် ပေါင်းစပ်၍ အသုံးပြုနိုင်ပါတယ်။

**ဝိုချသူအတွက် မှတ်သားရန်**

■ အောက်ပါသတင်းအချက်အလက်များကို ဆွေးနွေးပွဲနှင့် လက်ကမ်းစာရွက်များတွင် ဖော်ပြပေးနိုင်ပါတယ်။ သင့်အနေဖြင့် ပါဝင်သူများကို ၎င်းတို့၏ လုပ်ဆောင်မှုထဲက ဥပမာများကို ဖော်ပြပေးရန်နှင့် မေးခွန်းများမေးရန် ဖိတ်ခေါ်ပြီး အုပ်စုလိုက်ပါဝင်လုပ်ဆောင်ခြင်းကို အားကောင်းအောင်လုပ်နိုင်ပါတယ်။

**လုပ်ဆောင်ရန်**

၁။ မိတ်ဖက်များက ဘယ်သူတွေလဲဆိုသည့် မေးခွန်းနှင့်ပတ်သက်သော သင်ခန်းစာနှင့် သင်ကြားမှုဥပမာများ။ မိတ်ဖက်များ သို့မဟုတ် ဒုတိယဦးစားပေးအဓိကမကျသော ပစ်မှတ်များသည် တူညီသော ပြဿနာကိုဖြေရှင်းရန် ဆန္ဒရှိသူများဖြစ်ပါတယ်။ ၎င်းတို့ဟာ သင်၏ကိုယ်စား စည်းရုံးလှုံ့ဆော်ပေးသူတွေဖြစ်ပြီး ပြဿနာကို အဆုံးသတ်နိုင်ဖို့အတွက် ပစ်မှတ်များကို စည်းရုံးရာတွင် သင့်ကို ကူညီနိုင်ကြပါတယ်။ ၎င်းတို့ဟာ သင်၏ ပစ်မှတ်များပေါ်မှာ သင့်ထက်ပို၍ ဩဇာသက်ရောက်မှု ရှိနိုင်ပါတယ်။

၂။ မိတ်ဖက်များ၏ အလုပ်နှင့် ၎င်းတို့ဘာလုပ်နိုင်သလဲဆိုသည့် အချက်အပေါ် တက်ရောက်လာသူတွေ ကစဉ်းစားအကြံထုတ်လာနိုင်အောင် ကူညီပေးပါ။ အဖွဲ့အားကူညီပေးနိုင်ရန်အတွက် မိတ်ဖက်များအား လေ့လာ ဆန်းစစ်ခြင်းဇယားကွက်ပါဝင်သော လက်ကမ်းစာရွက်ကို ပေးဝေပါ။ လုပ်ဆောင်ချက် ပြီးဆုံးသွားလျှင် ကျေးဇူးပြု၍ လက်ကမ်းစာရွက်ကို လေ့လာခိုင်းပါ။

၃။ ပစ်မှတ်များက ဘယ်သူတွေလဲဆိုသည့် မေးခွန်းနှင့်ပတ်သက်သော သင်ခန်းစာနှင့် သင်ကြားမှုဥပမာများ။ ပစ်မှတ်များသည် ပြဿနာကို အဆုံးသတ်ပေးနိုင်သည့် အရည်အချင်းရှိသော သူများဖြစ်ပါတယ်။ ကျန်းမာရေး သို့မဟုတ် အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်နှင့် သက်ဆိုင်သည့် လှုံ့ဆော်တဲ့ လူထုလှုပ်ရှားမှုများ ပြုလုပ်ရန်အတွက် နမူနာပစ်မှတ်အချို့က ဘယ်သူတွေလဲ။ လှုံ့ဆော်မှုအတွက် သင့်ထံတွင် ရှင်းလင်းပြတ်သားသည့် တောင်းဆိုမှုတစ်ခု အမြဲရှိရန် အရေးကြီးပြီး

ထိုတောင်းဆိုမှုသည် သင်၏ပစ်မှတ်များက တကယ်လုပ်ဆောင်ပေးနိုင်သည့် အရာဖြစ်ရန် အရေးကြီးပါတယ်။

၄။ တက်ရောက်လာတဲ့သူတွေအနေနဲ့ သူတို့အလုပ်အတွက် ဖြစ်နိုင်ခြေရှိသည့် ပစ်မှတ်များအကြောင်းနှင့် ထိုပစ်မှတ်များက ဘာတွေလုပ်ပေးနိုင်သလဲဆိုသည့် အပေါ် စဉ်းစားအကြံထုတ်နိုင်ဖို့ ဆွေးနွေးနိုင်ဖို့ကူညီပါ။ အဖွဲ့အား ကူညီနိုင်ဖို့အတွက် ပစ်မှတ်များအား လေ့လာဆန်းစစ်ခြင်း ဇယားကွက်ပါဝင်သော လက်ကမ်းစာရွက်ကို ပေးဝေပါ။ လုပ်ဆောင်ချက်ပြီးဆုံးသွားလျှင် ကျေးဇူးပြု၍ လက်ကမ်းစာရွက်ကို လေ့လာခိုင်းပါ။

အနှစ်ချုပ်နှင့် ပြန်လည်သုံးသပ်ခြင်း

၅။ လုပ်ဆောင်ချက် ပြုလုပ်စဉ်အတွင်းတွင် ဖော်ပြခဲ့သော သတင်းအချက်အလက်များနှင့် ဆွေးနွေးမှုများကို ပြန်ပြောပြီး အနှစ်ချုပ်ပါ။

၆။ အဖွဲ့၏ လေ့လာသင်ယူခဲ့မှု ပမာဏကို အကဲဖြတ်ရန် ၎င်းတို့ထံမှ ပြန်လည်အကြံပြုချက်များကို ရယူပါ။

**နမူနာပုံစံ၊ သင်ခန်းစာ ၄–၁**

**မိတ်ဖက်များအား နားလည်သဘောပေါက်ခြင်း ဇယားကွက်**

| **စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ လှုပ်ရှားမှု၏မိတ်ဖက်များ** | **သူတို့ ဘာတွေလုပ်နိုင်သလဲ။** |
|---|---|
| NGOများ ကွန်ယက်၏ ခေါင်းဆောင် | NGOများကို ကွန်ယက်မှတဆင့် အသိပေးတောင်းဆို လှုပ်ရှားမှု၏ ပန်းတိုင်အကြောင်းကို အသိပေးနိုင်ပါတယ်။ သင့်အဖွဲ့၏ တောင်းဆိုချက်များကို ထောက်ခံပေးရန် ကွန်ယက်ကိုယ်စား ထွက်ဆိုချက်များကို ထုတ်ဝေပေး နိုင်ပါတယ်။ ပြည်သူလူထုရှေ့တွင် စကားပြောပေးနိုင်ကြတယ်။ သင်နဲ့အတူ ပစ်မှတ်များကို အကြောင်းကိစ္စတွေ တင်ပြပေးနိုင်ပါတယ်။ |
| သတင်းစာအယ်ဒီတာ | ပြဿနာနှင့်ပတ်သက်သော ဆောင်းပါးများကို ထုတ်ဝေပေးနိုင်ပါတယ်။ |
| တက္ကသိုလ်တစ်ခုမှ ပါရဂူပါမောက္ခ | သင့်လှုံ့ဆော်နေတဲ့အကြောင်းနဲ့ပတ်သက်ပြီး ပစ်မှတ်က ဖတ်မည့် ဆောင်းပါးများကို ရေးပေးနိုင်ပါတယ်။ သင်၏ပစ်မှတ်များကို အကြောင်းကိစ္စများကိုတင်ပြပေးနိုင်တယ်။ ဆွေးနွေးပွဲများမှာ ပါဝင်တက်ရောက်ပေးနိုင်တယ်။ သင်သုတေသနလုပ်ဆောင်ဖို့အတွက် ကူညီမည့် အဖွဲ့သားများကို တာဝန် ခွဲဝေပေးနိုင် ပါတယ်။ |
| နိုင်ငံတကာအလှူရှင် | သင်၏ ပစ်မှတ်များကို အကြောင်းကိစ္စတွေတင်ပြပေးနိုင်ပါတယ်။ ပြဿနာများနှင့် သက်ဆိုင်သည့် တွေ့ဆုံဆွေးနွေးပွဲများကို ကျင်းပပေးနိုင်ပါတယ်။ သင်၏လှုံ့ဆော်မှုကို ထောက်ခံသော အားဖြင့် စာတစ်စောင် ရေးသားပေးနိုင်ပါတယ်။ |

**ပစ်မှတ်များအား နားလည်သဘောပေါက်ခြင်းဇယားကွက်**

| စည်းရုံးလှုံ့ဆော်မှု၏ပစ်မှတ်များ | သူတို့ဘာတွေလုပ်နိုင်သလဲ | သူတို့ဘာတွေမလုပ်နိုင်ဘူးလဲ |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာနမှ အရာရှိများ | ကျန်းမာရေးဝန်ကြီးဌာနမူဝါဒ အသစ်များကို ဖန်တီးပေးနိုင်ပါတယ်။ အကောင်အထည်ဖော်ခြင်းကို စောင့်ကြပ်နိုင်ပါတယ်။ ပြဿနာတစ်ခုပေါ်ပေါက်လာလျှင် ပြည်တွင်းကျန်းမာရေးအဖွဲ့များအား ဆက်သွယ်မေးမြန်းပေးနိုင်ပါတယ်။ | ဥပဒေသစ်များကို မဖန်တီး ပေးနိုင်ပါ။ တရားရုံးများအပေါ် ဩဇာမလွှမ်းမိုးနိုင်ပါ။ တစ်စုံတစ်ဦးကို ဖမ်းဆီးပေးခြင်း မလုပ်ပေးနိုင်ပါ။ |
| လွှတ်တော်ကိုယ်စားလှယ်များ | ဥပဒေရေးဆွဲခြင်းကို အဆိုတင်သွင်းပေး နိုင်သည်။ ၎င်းတို့နှင့်အတူ အကြောင်း ကိစ္စတစ်ခုအပေါ် ထောက်ခံပေးရန် အခြားသော ဥပဒေပြုလွှတ်တော် အမတ်များကို စည်းရုံးပေးနိုင်ပါတယ်။ | ကျန်းမာရေးဝန်ကြီးဌာန မူဝါဒများကို မဖန်တီးပေးနိုင်ပါ။ |
| ရဲဌာနအကြီးအကဲ | ဥပဒေများအတိုင်း ဆောင်ရွက်ပေး နိုင်ပါတယ်။ ရာဇဝတ်မှုများကို စုံစမ်း စစ်ဆေး ပေးနိုင်ပါတယ်။ ရဲအရာရှိများကို ကြီးကြပ်ပေးနိုင်ပါတယ်။ | ဥပဒေများတွင် မပါဝင်သည့် လုပ်ဆောင်မှုအသစ်တစ်ခုကို မဖန်တီးပေးနိုင်ပါ။ |
| ပြည်တွင်းရုံးများရှိ ကုလသမဂ္ဂ အေအိုင်ဒီအက်စ် တိုက်ဖျက်ရေးအဖွဲ့ (UNAIDS)အရာရှိများ | ကျန်းမာရေး ဝန်ကြီးဌာနနှင့်အတူ အကြောင်းကိစ္စများကို တင်ပြပေး နိုင်တယ်။ ကျန်းမာရေးဝန်ကြီးဌာန ကျွမ်းကျင်သူများနှင့် အန်ဂျီအိုများကို အတူတကွတွေ့ဆုံဖို့ တွေ့ဆုံဆွေးနွေးပွဲ များကို ကျင်းပပေးနိုင်ပါတယ်။ | ကျန်းမာရေးဝန်ကြီးဌာန မူဝါဒများကို မဖန်တီးပေးနိုင်ပါ။ |

**သင်ခန်းစာ ၄–၂ ။ ပစ်မှတ်များနှင့် မိတ်ဖက်များကို ဖော်ထုတ်ခြင်း**

| | |
|---|---|
| နိဒါန်း | ဤလုပ်ဆောင်ချက်သည် အဖွဲ့၏ စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ လူထုလှုပ်ရှားမှုအတွက် ပစ်မှတ်များနှင့် မိတ်ဖက်များကို ဖော်ထုတ်နိုင်ဖို့ ရည်ရွယ်ပါတယ်။ |
| အယူအဆနည်းလမ်းများ | မိတ်ဖက်၊ ပစ်မှတ် |
| လိုအပ်သောအချိန် | ၆၀ မိနစ် |
| ရည်ရွယ်ချက်များ | လူထုအပေါ် စည်းရုံးလှုပ်ရှားမှုအတွက် မိတ်ဖက်များကိုဖော်ထုတ်ရန်။ လူထုလှုပ်ရှားမှုတွင် ပစ်မှတ်များကို ဖော်ထုတ်ရန်။ |
| လိုအပ်သောအရင်းအမြစ်များ | လက်ကမ်းစာရွက်– မိတ်ဖက်နှင့် ပစ်မှတ် ပုံစံကားချပ် |
| အနှစ်ချုပ် | မိတ်ဖက်တစ်ဦးနဲ့ အဖွဲ့အကြားမှာ တိကျသော အကြောင်းကိစ္စတစ်ခုနှင့် ပတ်သက်၍ ဘုံပန်းတိုင်တစ်ခုရှိပါတယ်။ ပစ်မှတ်ဆိုသည်မှာ လူထုလှုပ်ရှားမှု၏ ရည်မှန်းချက်တစ်ခုကို ရယူနိုင်ဖို့အတွက် အဖွဲ့ကဩဇာလွှမ်းမိုးချင်နေသော လူပုဂ္ဂိုလ်ဖြစ်ပါတယ်။ မိတ်ဖက်များနှင့် ပစ်မှတ်များကို ဖော်ထုတ်ခြင်း လေ့လာဆန်းစစ်ခြင်းအားဖြင့် အဖွဲ့သည် ၎င်းတို့၏လုပ်ငန်းကို ရှေ့တိုးလုပ်ဆောင် နိုင်မည့် သတင်းများကို ရရှိစေနိုင်ပါတယ်။ |
| ပြန်လည်သုံးသပ်ခြင်း | တက်ရောက်သူများရဲ့ မိတ်ဖက်များနှင့် ပစ်မှတ်များကို ဖော်ပြသည့် ပုံစံကားချပ်ကို အပြီးသတ်စွမ်းနဲ့ နားလည်သဘောပေါက်နိုင်တဲ့ အရည်အချင်းများနဲ့ အကဲဖြတ်ပါ။ |

## လုပ်ထုံးလုပ်နည်း

**ပို့ချသူအတွက် မှတ်သားရန်။**

ဤလုပ်ဆောင်ချက်တွင် လေ့လာဆန်းစစ်မှု ပြုလုပ်ရန်အတွက် မိတ်ဖက်များကိုဖြစ်စေ သို့မဟုတ် ပစ်မှတ်များကို ဖြစ်စေ သင်ရွေးချယ်ရပါမယ်။ အကယ်၍ အချိန်အလုံအလောက်ရလျှင် နှစ်ခုစလုံးကို ရွေးချယ်ကာ လေ့လာဆန်းစစ်နိုင်ပါတယ်။ ဤလေ့ကျင့်ခန်းကို ၎င်းတစ်ခုတည်းသီးသန့်အဖြစ်လဲ အသုံးပြုနိုင်ပါတယ်။ သို့မဟုတ် သင်ခန်းစာ ၄–၁ 'အသိပေးတောင်းဆိုလှုပ်ရှားမှု၏ မိတ်ဖက်များနှင့် ပစ်မှတ်များ' ၏ နောက်ဆက်တွဲအဖြစ်လဲ အသုံးပြုနိုင်ပါတယ်။

**အဖွင့်နိဒါန်း**

၁။ လုပ်ဆောင်ချက်နှင့် မိတ်ဖက်နှင့် ပစ်မှတ်တို့၏ အဓိပ္ပါယ်ကို ရှင်းပြပါ။

မိတ်ဖက်များသည် တူညီသော ပြဿနာကို ဖြေရှင်းရန် ဆန္ဒရှိသူများဖြစ်ပါတယ်။ ၎င်းတို့သည် သင်၏ကိုယ်စား အသိပေးတောင်းဆိုသူများဖြစ်ပြီး ပြဿနာကို အဆုံးသတ်ဖို့ ပစ်မှတ်များကို စည်းရုံးရာတွင် သင့်ကို ကူညီနိုင်ပါတယ်။ ၎င်းတို့သည် သင်၏ပစ်မှတ်များအပေါ်တွင် သင့်ထက်ပို၍ ဩဇာသက်ရောက်မှု ရှိနိုင်ပါတယ်။

ပစ်မှတ်များသည် ပြဿနာကို အဆုံးသတ်ပေးနိုင်သည့် အရည်အချင်းရှိသောသူများဖြစ်ပါတယ်။

**လုပ်ဆောင်ရန်**

၂။ အဖွဲ့ကို နှစ်ယောက်တတွဲ သို့မဟုတ် အဖွဲ့ငယ်များအဖြစ် ခွဲလိုက်ပါ။ အဖွဲ့ငယ် တစ်ဖွဲ့စီတိုင်းကို ဖြစ်နိုင်ချေရှိသည့် စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ လှုပ်ရှားမှု၏ပစ်မှတ်များနှင့် မိတ်ဖက်များကို ငါးဦးစီစာရင်းပြုစုရန်နှင့် ထိုငါးဦးအား ဆက်သွယ်ပြောဆိုနိုင်မည့် နည်းလမ်းတစ်ခုကိုလည်း စဉ်းစားရန်ပန်ကြားပါ။

ဤငါးဦးတွင် တက္ကသိုလ်ဆရာများ၊ အစိုးရဝန်ထမ်းများ ၊ NPCကိုယ်စားလှယ်များ ၊ NGOကြီးများမှ လူပုဂ္ဂိုလ်များနှင့် အခြားကဏ္ဍမှ လူပုဂ္ဂိုလ်များ ပါဝင်နိုင်ပါတယ်။ ဤငါးဦးကို စာရင်းပြုစုရာတွင် ၎င်းတို့၏ ထောက်ခံမှုကို ရရှိရန်အတွက် ၎င်းတို့ကို ဘယ်လိုမျိုးဆက်သွယ်ပြောဆိုနိုင်မလဲဆိုတဲ့ နည်းလမ်းတစ်ခုကိုစဉ်းစားပါ။ ဤသို့ဆက်သွယ်ရာတွင် ထိုငါးဦးအပေါ်တွင် ဩဇာလွှမ်းမိုးနိုင်သည့် ကြားလူ သို့မဟုတ် အဖွဲ့ကို အရင်ဦးဆုံး ဆက်သွယ်ပြောဆိုပါ။

၃။ အဖွဲ့ငယ်များကို ပြန်လည်စုဝေးစေပြီး တစ်ဖွဲ့စီတိုင်းက အစီရင်ခံစာ တင်ပြရန်နှင့် အဖွဲ့အားလုံးနှင့် ဆွေးနွေးတိုင်ပင်မှုကို အဆင်ပြေချောမွေ့အောင် လုပ်ဆောင်ပေးပါ။

၄။ ပစ်မှတ်နှင့် မိတ်ဖက် ပုံစံကားချပ်ကို အသုံးပြု၍ မိတ်ဖက် သို့မဟုတ် ပစ်မှတ်ငါးဦးကို ဖယားကွက်တွင်ဖြည့်ပါ။ ထိုငါးယောက်ထဲက တယောက်ချင်းစီက ဘာတွေလုပ်ပေးနိုင်သလဲဆိုတာကို အဖွဲ့ကိုမေးပါ။


၅။ အပြီးသတ်ပြီးဆုံးသွားသော ပုံစံကားချပ်အပေါ် ၎င်းတို့၏ ထင်မြင်ချက်များကို ပြောကြားခိုင်းပြီး ဆွေးနွေးပါစေ။

အနှစ်ချုပ်နှင့် ပြန်လည်သုံးသပ်ခြင်း

၆။ ဆွေးနွေးတိုင်ပင်မှု၏ အဓိကသတင်းအချက်အလက်များနှင့် ခေါင်းစဉ်များကို အနှစ်ချုပ်ပါ။

၇။ အဖွဲ့အား လုပ်ဆောင်ချက်နှင့် ပတ်သက်သည့် အကဲဖြတ်ချက်များကို ပေးခိုင်းပါ။ အဖွဲ့၏ လုပ်ဆောင်ချတ်အား အပြီးသတ်ပုံနှင့် ၎င်းတို့၏ ပုံစံကားချပ်ကို ပိုမိုကောင်းမွန်အောင် ပြုလုပ်ပုံတို့ကို လေ့လာ၍ အဖွဲ့၏ လေ့လာသင်ယူနိုင်မှုကို အကဲဖြတ်ပါ။ ၎င်းတို့သည် မိတ်ဖက်များနှင့် ပစ်မှတ်များကို ဖော်ထုတ်နိုင်ခဲ့ကြပြီလား။ အဖွဲ့ဝင်များ အနေဖြင့် မိတ်ဖက်များနှင့် ပစ်မှတ်များသည် ၎င်းတို့ အလုပ်နှင့် မည်ကဲ့သို့ ပတ်သက်ဆက်နွယ်မှုရှိသည်ကို ရှင်းပြနိုင်ကြပြီလား။

**လေ့ကျင့်ခန်းစာရွက်  သင်ခန်းစာ ၄–၂**
**မိတ်ဖက်များနှင့် ပစ်မှတ်များ ပုံစံကားချပ်**




| | |
|---|---|
| နိဒါန်း | ဤလုပ်ဆောင်ချက်သည် ပါဝင်သူများအား 'ခေတ်လေ့ကားစီးစဉ်စည်းရုံးခြင်း' တစ်ခုကိုကောင်းမွန်စွာ လုပ်တတ်စေခြင်းမှတဆင့် အလုပ်အား တိုတိုတုတ်တုတ်နဲ့ စိတ်ဝင်စားဖွယ်ကောင်းသည့် ရှင်းလင်းပြောပြချက် တစ်ခုအဖြစ်လုပ်တတ်အောင် အကူအညီပေးပါသည်။ |
| အယူအဆနည်းလမ်းများ | အချိန်တိုအတွင်း သင့် အလုပ်အတွက် ခိုင်မာသည့် အကြောင်းကိစ္စတစ်ခုကို ဖန်တီးပါ။ စည်းရုံးလှုံ့ဆော်မှုအကြောင်း ထုတ်ပြန်ချက် အကျဉ်းချုပ် |
| လိုအပ်သောအချိန် | ၄၅ မိနစ် |
| ရည်ရွယ်ချက်များ | အလုပ်၏ အနှစ်ချုပ်ကို တိုတိုတုတ်တုတ်နှင့် အစွမ်းထက်အောင် ပြုလုပ်နိုင်ရန်။ အလုပ်တွင် အသုံးပြုနိုင်ရန်အတွက် အနှစ်ချုပ်ကို လေ့ကျင့်ရန်။ |
| လိုအပ်သောအရင်းအမြစ်များ | စည်းရုံးမှုပုံစံကို ဖော်ပြသော အလုပ်မှတ်တမ်းစာရွက် |
| အနှစ်ချုပ် | စည်းရုံးမှုတစ်ခုသည် တိုတုတ်ရန်၊ ရိုးရှင်းရန်နှင့် ရှင်းလင်းမှုရှိရန် လိုအပ်ပါတယ်။ စည်းရုံးမှုတစ်ခုမှာ အခြေခံ အကြောင်းအရာများ ပါဝင်ပြီး ဆွဲဆောင်မှုရှိရန် လိုအပ်ပါတယ်။ လုပ်ဆောင်ချက်ပြီးဆုံးသွားလျှင် စည်းရုံးမှုပုံစံကို လေ့ကျင့်ရန် အရေးကြီးပါတယ်။ |
| ပြန်လည်သုံးသပ်ခြင်း | စည်းရုံးမှုပုံစံ ဘယ်လောက်ထိ ကျစ်လျစ်ပြည့်စုံပြီး နားလည်သဘောပေါက်လွယ်သလဲ ဆိုတာကို အကဲဖြတ်ပါ။ တက်ရောက်လာသူများက စည်းရုံးမှုကို လေ့ကျင့်သောအခါ ၎င်းတို့ကြားရှိ သက်သောင့်သက်သာရှိမှု အခြေအနေကို အကဲဖြတ်ပါ။ |

## လုပ်ထုံးလုပ်နည်း

### အဖွင့်နိဒါန်း

ဓာတ်လှေကားစီးစဉ် စည်းရုံးမှုတစ်ခုဆိုတာဟာ ကိုယ်ပြောချင်တဲ့အချက်ကို တိုတုတ်၍ အစွမ်းထက်သော အနှစ်ချုပ်အဖြစ် ပြောခြင်းဖြစ်ပါတယ်။ သင်ဩဇာလွှမ်းမိုးချင်သူတစ်ဦး ဓာတ်လှေကားအတွင်းမှာရှိနေစဉ် စည်းရုံးမှုကို ပြုလုပ်ရာတွင် ၅–မိနစ်ထက် ပိုမကြာသင့်ပါ။ ဒီအချက်ဟာစည်းရုံးလှုံ့ဆော်မှုအတွက် အခြေခံအချက်တစ်ချက်ဖြစ်ပါတယ်။

၁။ ဓာတ်လှေကားစီးစဉ် စည်းရုံးမှုသည် အောက်ပါအချက်များ မဟုတ်ကြောင်းရှင်းပြပါ။

- သင်လုပ်ဆောင်သည့် အရာအားလုံး၏ အနှစ်ချုပ် မဟုတ်ပါ။
- နည်းပညာပိုင်းဆိုင်ရာ အခေါ်အဝေါ်များ သို့မဟုတ် စာရင်းအင်းများကိုထုတ်ဖော်ပြောပြရန် အခွင့်အရေးမဟုတ်ပါ။
- သင်ဘယ်လောက်သိသလဲဆိုတာကို ထိုသူအား ကြွားဝါပြရန် အခွင့်အရေးမဟုတ်ပါ။
- သင်တွေ့ဆုံသည့် လူတိုင်းနှင့် ပြောဆိုနေကျ အကြောင်းအရာ မဟုတ်ပါ။
- လွန်ခဲ့သော နှစ်နှစ်က သင်အသုံးပြုခဲ့သော စည်းရုံးမှုမဟုတ်ပါ။

၂။ ဓာတ်လှေကားစီးစဉ် စည်းရုံးမှုဆိုတာ ဘယ်လိုဖြစ်သင့်ကြောင်းကို ရှင်းပြပါ။

- အခြေခံ သဘောတရားအနည်းငယ်ကို ထည့်သွင်းသင့်သည်။
- ရိုးရှင်းပြီး ရှင်းလင်းမှု ရှိသင့်သည်။
- ဆွဲဆောင်မှုရှိသော မိမိ၏ဇာတ်ကြောင်း သို့မဟုတ် အကြောင်းကိစ္စတစ်ခု ဖြစ်သင့်သည်။
- လတ်တလောနှင့် နောက်ဆုံးပေါ်ဖြစ်သင့်သည်။
- သင်စည်းရုံးမည့်သူနှင့်ပတ်သက်ပြီး သင်သိရှိထားသည့် အကြောင်းများနှင့် အံဝင်ခွင်ကျဖြစ်သင့်သည်။
- ဆိုသူအနေဖြင့် သင့်ပြောဆိုချက်ကို ပို၍ နားထောင်ချင်လာအောင် ပြုလုပ်သင့်သည်။

### လုပ်ဆောင်ရန်

၃။ တက်ရောက်လာသူတိုင်းကို ကိုယ်ပိုင် 'ဓာတ်လှေကားစီးစဉ်စည်းရုံးမှု' တစ်ခုကို ဖန်တီးခိုင်းပါ။ ၎င်းတို့ ပြင်ဆင်ရာတွင် အထောက်အကူဖြစ်စေရန် အောက်ပါလက်ကမ်းစာရွက်ကို ပေးဝေပါ။ ဤလုပ်ဆောင်ချက်အတွက် ၎င်းတို့ကို ၁၀ မိနစ်အချိန်ပေးပြီး အရမ်းပြီးပြည့်စုံရန် မလိုကြောင်း ပြောပြပါ။

၄။ တစ်ယောက်နှင့်တစ်ယောက် လက်တွဲလုပ်ဆောင်ရန်လိုတဲ့အတွက် နှစ်ယောက်တတွဲခွဲပေးပြီး စည်းရုံးမှုကို လေ့ကျင့်စေပါ။ ၎င်းတို့အနေဖြင့် ၎င်းတို့၏အသံများကို ပြင်ဆင်နိုင်ကြောင်း ပြောပြပါ။ လုပ်ဆောင်ချက်အတွက် ၁၅–မိနစ် အချိန်ပေးပါ။

၅။ တစ်ဖွဲ့လုံးအား Role-play လုပ်ခိုင်းပါ။ ကူညီသရုပ်ပြပေးမည့်သူ နှစ်ဦးအား အဖွဲ့ရှေ့တွင် ထွက်ရပ်ခိုင်းပါ။ တစ်ဦးသည် စီစဉ်သူဖြစ်ပြီး အခြားတစ်ဦးသည် စိတ်ပါဝင်စားသူဖြစ်ပါစေ။ သရုပ်ပြပေးမည့်သူနှစ်ဦးအား ပြောကြားရန်မှာ– သင်သည်သင့်ဟိုတယ်တွင် ရှိသည်။ ဓာတ်လှေကားတံခါးပွင့်သွားပြီး လူတစ်ဦးရပ်နေပါသည်။ ထိုသူသည် သင့်လူထုအပေါ် အကျိုးသက်ရောက်နေသည့် အရေးပါသည့် ပြဿနာတစ်ခုကို အဆုံးသတ်အောင် ကူညီပေးနိုင်ပါတယ်။ ဒါဟာ သင့်အတွက် အခွင့်အရေးဖြစ်ပါတယ်ဆိုပြီး သရုပ်ပြခိုင်းပါ။

၆။ အချိန်ရှိလျှင် အခြားအတွဲများကိုလည်း အဖွဲ့ရှေ့တွင် သရုပ်ပြလေ့ကျင့်ခိုင်းနိုင်ပါတယ်။ အနှစ်ချုပ်နှင့် ပြန်လည်သုံးသပ်ခြင်း

၇။ ဤလေ့ကျင့်ခန်းနှင့် ပတ်သက်၍ အဖွဲ့၏ ပြန်လည်အကြံပြုချက်များကို တောင်းယူပါ။

၈။ သင်ခန်းစာအကြောင်းပြောကြားရာမှာ ပါဝင်မှုများ၊ ၎င်းတို့ရဲ့ စည်းရုံးမှုကို ဖော်ပြသောအခါမှာ ဘယ်ဘေးလောက် သက်သောင့်သက်သာရှိသလဲဆိုတဲ့ အချက်တွေကို အကဲဖြတ်ပါ။

### လေ့ကျင့်ခန်းစာရွက် ၊ သင်ခန်းစာ ၄–၂

ဓာတ်လှေကားစီးစဉ် စည်းရုံးမှုတစ်ခုကို ပိုမိုကောင်းမွန်အောင်ပြုလုပ်ပါ။

သင်စည်းရုံးမည့်သူအား ပြောမည့်အကြောင်းအရာကို စီစဉ်ရန်အတွက် ဤအလုပ်မှတ်တမ်းစာရွက်ကို ဖြည့်ပါ။ သင်သည် ဓာက်လှေကားတစ်ခုအတွင်းသို့ ဝင်သွားတဲ့အခါမှာ သင့်အကြောင်းကိစ္စကို စိတ်ဝင်စားသူက သင့်ဘေးတွင် ရှိနေသည်ဟု ပုံဖော်မြင်ယောင်လိုက်ပါ။ သင်သည် ထိုသူအားစည်းရုံးရန် အချိန်နှစ်မိနစ်ကျော် ရှိပါတယ်။

သင်က ဘယ်သူလဲ။ ဘာအလုပ်လုပ်သလဲ။

သည့်အလုပ်နဲ့ ပတ်သတ်ပြီး ဘာကအရေးကြီးသလဲ။

သင်သိသော လူပုဂ္ဂိုလ်တစ်ဦးအပေါ် ဩဇာလွှမ်းမိုးနိုင်မဲ့အစွမ်းထက်သော အကြောင်းကိစ္စ သို့မဟုတ် ဥပမာတစ်ခုက ဘာလဲ။

ထိုသူက ဘာအကူအညီပေးနိုင်သလဲ။ ဒီအချက်ဟာ နိုင်လုံရန်၊ လက်တွေ့ကျရန်နှင့် တိကျသေချာရန် လိုပါတယ်။

ထိုလူပုဂ္ဂိုလ်၏ အချိန်ပေးမှုအတွက် ၎င်းကို ကျေးဇူးတင်ရန် မမေ့ပါနဲ့။ ထပ်ကာတလဲလဲ လေ့ကျင့်ပါ။

**သင်ခန်းစာ ၄–၃၊ စည်းရုံးလှုံ့ဆော်မှု ပစ်မှတ်များကို စည်းရုံးရန် သင့်ကွန်ယက်များကို အသုံးပြုခြင်း**

| | |
|---|---|
| နိဒါန်း | ဤလုပ်ဆောင်ချက်သည် သင့်အား သင်၏ စည်းရုံးလှုံ့ဆော်မှု ပစ်မှတ်များအပေါ် ဩဇာလွှမ်းမိုးနိုင်ရန်အတွက် သင်ရဲ့ လူမှုကွန်ယက်ထဲမှာရှိသော အဆက်အသွယ်များကို မည်ကဲ့သို့ အသုံးပြုနိုင်မလဲဆိုသည်ကို စဉ်းစားစေနိုင်ပါတယ်။ |
| အယူအဆနည်းလမ်းများ | လူမှုရေးကွန်ယက်၊ ကြားနေ လူပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့များ |
| လိုအပ်သောအချိန် | ၂ နာရီ |
| ဦးတည်ချက်များ | ပစ်မှတ်များကို ဆက်သွယ်နိုင်ရန်၊ လူမှုရေး ကွန်ယက်လေ့လာဆန်းစစ်မှုကို ဘယ်လိုအသုံးပြုရမည်ကို လေ့လာသင်ယူရန်၊ စည်းရုံးလှုံ့ဆော်သည့် လူထုလှုပ်ရှားမှုတစ်ခုအတွက် ပစ်မှတ်များအား ဖော်ထုတ်ခြင်းနှင့် လေ့လာဆန်းစစ်ခြင်းကို လေ့ကျင့်ရန်။ |
| လိုအပ်သော အရင်းအမြစ်များ | လူမှုကွန်ယက်ပုံစံကားချပ် ပါဝင်သည့်လက်ကမ်းစာရွက်<br>စည်းရုံးလှုံ့ဆော်၏ ပန်းတိုင်နှင့် သက်ဆိုင်သော မေးခွန်းများ<br>စည်းရုံးလှုံ့ဆော်မှု၏ ပစ်မှတ်အကြောင်းလက်ကမ်းစာရွက်<br>(လေ့လာဆန်းစစ်ခဲ့သည့် ပစ်မှတ်တစ်ဦးကို တစ်ခုစီ)<br>အလုပ်မှတ်တမ်းစာရွက် အနှစ်ချုပ် (ပြန်လည်သုံးသပ်ခြင်းအတွက်) |
| အနှစ်ချုပ် | ပစ်မှတ်၏ လူမှုကွန်ယက်နှင့် ၎င်းအလေးထားသည့် ကိစ္စများအပေါ် လေ့လာဆန်းစစ်မှုသည် ပစ်မှတ်ကို ပိုမိုထိရောက်စွာ ဆက်သွယ်နိုင်မည့် နည်းလမ်းကိုလေ့လာနိုင်ဖို့ အသုံးဝင်ပါတယ်။ |
| ပြန်လည်သုံးသပ်ခြင်း | အလုပ်မှတ်တမ်းစာရွက် အနှစ်ချုပ်အပေါ် ထင်မြင်ချက်များကို ပြန်လည်သုံးသပ်ခြင်း။ |

## လုပ်ထုံးလုပ်နည်း

### အဖွင့်နိဒါန်း

၁။ ဤလုပ်ဆောင်ချက်သည် ပါဝင်သူများအား ၎င်းတို့၏ လူမှုကွန်ယက်အတွင်းရှိ အဆက်အသွယ်များကို အသုံးချနိုင်မည့် နည်းလမ်းများအကြောင်းကို စဉ်းစားရာတွင် အထောက်အကူပေးကြောင်း ရှင်းပြပါ။ ထို အဆက်အသွယ်များသည် သင်၏ လှုံ့ဆော်မှုပစ်မှတ်များအပေါ် ဩဇာလွှမ်းမိုးနိုင်ပါလိမ့်မယ်။ သူတို့ဟာ သင်ကောင်းစွာ သိကျွမ်းပြီးထားသူတွေ ဖြစ်တဲ့အပြင်သင့်ကို တခြားသူများနှင့် ချိတ်ဆက်ပေးနိုင်ပါတယ်။ လုပ်ဆောင်ချက် ပြီးဆုံးသွားသောအခါ ပုံစံကားချပ်ကို အသုံးပြု၍ လေ့ကျင့်ပါ။

### လုပ်ဆောင်ရန်

၂။ ဒီလုပ်ဆောင်ချက်တစ်ခုကို တစ်ယောက်ချင်း သို့မဟုတ် အဖွဲ့ငယ်များအလိုက် ပြုလုပ်နိုင်ပါတယ်။ တစ်ယောက်ချင်းစီ သို့မဟုတ် အဖွဲ့ငယ်များကို အလုပ်မှတ်တမ်းစာရွက်များပေးဝေကာ စည်းရုံးလှုံ့ဆော်မှု ပန်းတိုင်တစ်ခုနဲ့ ပစ်မှတ်သုံးဦးကိုဖော်ထုတ်နိုင်းပါ။ စည်းရုံးလှုံ့ဆော်မှု၏ ပစ်မှတ်များသည် စည်းရုံးလှုံ့ဆော်မှုပန်းတိုင်နှင့် တိုက်ရိုက် သက်ဆိုင်သူများဖြစ်စေရန်တက်ရောက်လာသူများကို သတိပေးပါ။

၃။ အဖွဲ့ငယ်များကို ပြန်လည်စုဝေးစေပြီး ၎င်းတို့၏ ပန်းတိုင်နှင့် ပစ်မှတ်များအကြောင်းဆွေးနွေးခိုင်းပါ။ ပန်းတိုင်များနှင့်ပစ်မှတ်များကို စာရင်းပြုစုရန်အတွက် ကားချပ်အရှင်ကို အသုံးပြုပါ။

၄။ အဖွဲ့အား ပန်းတိုင်တစ်ခုနှင့် ပစ်မှတ်သုံးဦးရရှိရန် ဆွေးနွေးစေပြီး အားလုံးသဘောတူညီတဲ့ အတည်ပြုချက်ရယူပါ။

၅။ အဖွဲ့ငယ် သုံးဖွဲ့ခွဲလိုက်ပါ။ အဖွဲ့တိုင်းကို ပစ်မှတ်တစ်ခုစီ တာဝန်ခွဲဝေပေးပြီး ပစ်မှတ်အလုပ်မှတ်တမ်းစာရွက်ကို ဖြည့်နိုင်းပါ။

၆။ အဖွဲ့များကို ပြန်လည်စုဝေးစေပြီး အဖွဲ့စီတိုင်းကို ၎င်းတို့ထားတဲ့ ကိုယ်ပိုင်ပစ်မှတ်အကြောင်း တင်ပြခိုင်းပါ။ အဖွဲ့များက ပစ်မှတ်အကြောင်းဆွေးနွေးနေစဉ်တွင် ၎င်းတို့၏ အဖြေများကို ကားချပ်အရှင်စာရွက်ပေါ်တွင်လည်း ရေးချထားနိုင်ပါတယ်။ ဒီလိုလုပ်ရင် အချိန်ကုန်သက်သာပါလိမ့်မယ်။


၇။ အဖွဲ့အား ၎င်းတို့ဘာတွေသင်ယူခဲ့သလဲနှင့် မည်သည့်ပစ်မှတ်များနှင့် လုပ်ဆောင်ချက်များကို ဦးစားပေးမလဲဆိုတာကို မေးပါ။

### အနှစ်ချုပ်နှင့် ပြန်လည်သုံးသပ်ခြင်း

၈။ လုပ်ဆောင်ချက်ပြီးဆုံးသွားလျှင် ပစ်မှတ်များနှင့် ဦးစားပေးသတ်မှတ်ချက်များအပေါ် ဆွေးနွေးချက်ဖြင့် အနှစ်ချုပ်ပါ။ ဤလေ့ကျင့်ခန်းနှင့် ပတ်သက်၍ အဖွဲ့၏ ပြန်လည်အကဲဖြတ်သုံးသပ်မှုကို တောင်းပါ။

၉။ လုပ်ဆောင်ချက်ပြီးဆုံးသွားလျှင် အဖွဲ့ဝင်များအား အလုပ်မှတ်တမ်းစာရွက်အနှစ်ချုပ်တွင် ဖော်ပြထားသည့် မေးခွန်းများကို တစ်ဦးချင်းစီ ဖြေကြားခိုင်းပါ။ အလုပ်မှတ်တမ်းစာရွက်များနှင့် သင်ခန်းစာမှ ထွက်ပေါ်လာသည့် တိုးတက်မှုတို့ကို စစ်ဆေးပါ။

**နမူနာပုံစံ၊ သင်ခန်းစာ ၄-၃**
**လူမှု ကွန်ယက်ပြပုံ**




**လေ့ကျင့်ခန်းစာရွက် ၊ သင်ခန်းစာ ၄-၃**
**စည်းရုံးလှုံ့ဆော်မှု၏ ပန်းတိုင်နှင့်ပစ်မှတ်များ**

ပထမဦးစွာ သင်၏ စည်းရုံးလှုံ့ဆော်မှု ပန်းတိုင်ကဘာလဲ။ စည်းရုံးလှုံ့ဆော်မှုကို အသုံးပြု၍ ဖြေရှင်းရန် ကြိုးစားနေသော သင်၏ အခြေခံပြဿနာကို ဖော်ပြပါ။

| |
|---|
| |
| ထို့နောက် စည်းရုံးလှုံ့ဆော်မှုက ပစ်မှတ်ထားတဲ့သူ သုံးဦးဖော်ထုတ်ပြီး ဘာကြောင့်သူတို့ကိုရွေးခဲ့သလဲဆိုတာရှင်းပြပါ။ |
| ၁။ |
| ၂။ |
| ၃။ |

**လေ့ကျင့်ခန်းစာရွက်၊ သင်ခန်းစာ ၄–၃**

**စည်းရုံးလှုံ့ဆော်မှုရဲ့ ပစ်မှတ်အားလေ့လာဆန်းစစ်မှု**
(ပစ်မှတ်တစ်ဦးစီအတွက်အလုပ်မှတ်တမ်းစာရွက်ကို ခွဲခြားအသုံးပြုပါ)

| | |
|---|---|
| ပစ်မှတ်၏ လိုအပ်ချက်က ဘာလဲ။ | |
| ထိုသူအနေဖြင့် မည်သို့သော ဖိအားများကို ရင်ဆိုင်ရသလဲ။ | |
| ဘယ်လို သတင်းမျိုးတွေကို ထိုသူနားထောင်ချင်မလဲ။ | |
| သင်ထံတွင် သင့်အား ထိုသူနှင့် တိုက်ရိုက်ဆက်သွယ်ပေးနိုင်မည့်သူ မရှိသေးလျှင် သင့်လူမှုကွန်ယက်မှ အခြားမည်သူက သင့်အား ထိုသူနှင့် ဆက်သွယ်ပေးနိုင်မလဲ။ ဘယ်လိုနည်းလမ်းနဲ့လဲ။ | |
| ထိုသူအား စည်းရုံးပြီး ၎င်း၏ အထောက်အပံ့ကိုရဖို့ ဘာတွေလုပ်မလဲ၊ ဤလုပ်ဆောင်ချက်ကို အဆင့် ၃– ဆင့်ခွဲပါ။ (ဤနေရာတွင် မိတ်ဖက်များနှင့် လက်တွဲလုပ်ဆောင်ခြင်းနှင့် အခြားလုပ်ဆောင်ချက်များလည်း ပါဝင်နိုင်ပါသည်) | လုပ်ဆောင်ရန်<br>အဆင့် ၁–<br>အဆင့် ၂–<br>အဆင့် ၃– |

**လေ့ကျင့်ခန်းစာရွက်၊ သင်ခန်းစာ ၄–၃**

# နည်းဗျူဟာများ - မီဒီယာနှင့် လူထုအားစည်းရုံးခြင်း

**သင်ခန်းစာ ၅-၁၊ ဘာကြောင့်ညွန့်ပေါင်းအဖွဲ့တွင် အလုပ်လုပ်သလဲ**

နိုင်ငံတကာ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် မဟာမိတ်နှင့် နိုင်ငံတကာ အေအိုင်ဒီအက်(စ်) ဝန်ဆောင်မှုကောင်စီ အဖွဲ့အစည်းများ ICASO၏ Advocacy in Action: A Toolkit to Support NGOs and CBOs Responding to HIV/AIDS စာမျက်နှာ ၄၈-၄၉မှ ထုတ်နုတ်ဖော်ပြပါတယ်။

| | |
|---|---|
| နိဒါန်း | ဤလုပ်ဆောင်ချက်သည် ပါဝင်သူများအား အခြားသူများနှင့် မဟာမိတ်ဖွဲ့၍ အလုပ်လုပ်ခြင်း၏ ကောင်းကျိုး များနှင့် ဆိုးကျိုးများကို လေ့လာဆန်းစစ်ရန် ကူညီပေးပါတယ်။ |
| အယူအဆနည်းလမ်းများ | မိတ်ဖက်များ၊ မဟာမိတ်ဖွဲ့ခြင်း၊ သွယ်ဝိုက်သောပစ်မှတ် |
| လိုအပ်သောအချိန် | ၁ နာရီ |
| ရည်ရွယ်ချက်များ | စည်းရုံးလှုံ့ဆော်မှုပန်းတိုင်ကို ရယူနိုင်ဖို့ မိတ်ဖက်များအနေဖြင့် မည်သို့ကူညီနိုင်ကြောင်းကို နားလည်သဘောပေါက်ရန်။ မဟာမိတ်ဖွဲ့ခြင်း၏ ကောင်းကျိုးနှင့် ဆိုးကျိုးကို လေ့လာဆန်းစစ်ရန်။ |
| လိုအပ်သောအရင်းအမြစ်များ | အဖြူရောင်စာရွက်ကြီး၊ မာကာဘောပင်များ |
| အနှစ်ချုပ် | မိတ်ဖက်များနှင့် သို့မဟုတ် မဟာမိတ်ဖွဲ့၏ အလုပ်လုပ်သောအခါ ဆက်ဆံရေးများ၏ အကျိုးကျေးဇူးများနှင့် အန္တရာယ်များကိုသိရှိရန် အရေးကြီးပါတယ်။ |
| ပြန်လည်သုံးသပ်ခြင်း | မဟာမိတ်ဖွဲ့ရန်အတွက် တစ်ဦးတစ်ယောက်စီ သို့မဟုတ် အဖွဲ့ဝင်များအား ဖော်ထုတ်ရန်နှင့် လေ့လာဆန်းစစ်ရန်အတွက် အဖွဲ့၏ အရည်အချင်း။ |

**လုပ်ထုံးလုပ်နည်း**

**အဖွင့်နိဒါန်း**

၁။ လုပ်ဆောင်မှုအကြောင်းနဲ့ ၎င်း၏ ရည်ရွယ်ချက်ကို မိတ်ဆက်ပါ။ မိတ်ဖက်များဖွဲ့ သို့မဟုတ် မဟာမိတ်ဖွဲ့၍ အလုပ်လုပ်ခြင်းသည် အဖွဲ့ရဲ့စည်းရုံးလှုံ့ဆော်မှု ပန်းတိုင်ကိုရရှိရန် ကူညီပေးကြောင်းရှင်းပြပါ။

**လုပ်ဆောင်ရန်**

၂။ တက်ရောက်လာသူများကို ၎င်းတို့ရဲ့စည်းရုံးလှုံ့ဆော်မှု ပန်းတိုင်ကို မေးမြန်းပါ။ ထိုပန်းတိုင်ကို စက္ကူချပ်ကြီးပေါ်တွင် ရေးချပါ။

၃။ အဖွဲ့အား ထိုပန်းတိုင်ကို ရရှိရန်အတွက် ကူညီပေးနိုင်မည့် ဖြစ်နိုင်ခြေရှိသော မိတ်ဖက်များကို စဉ်းစားစေပါ။ ပန်းတိုင်၏ အောက်တွင် ၎င်းတို့၏ ပြောကြားချက်များ ရေးချပါ။

၄။ စာရင်းပြုလုပ်ထားသည့် မိတ်ဖက်တစ်ဦးစီအကြောင်းကို အဖွဲ့အား ဆွေးနွေးခိုင်းပါ။ အဖွဲ့နှင့် ထို မိတ်ဖက် တစ်ဦးတို့ရဲ့ ဆက်ဆံရေးသည် ရေရှည်လား သို့မဟုတ် ရေတိုလား၊ တိုက်ရိုက်ဆက်သွယ်မှုလား သို့မဟုတ် သွယ်ဝိုက်ဆက်သွယ်မှုလား ဆိုတာကိုမေးပါ။

၅။ မိတ်ဖက်များနှင့် မဟာမိတ်ဖွဲ့ခြင်းနှင့် လူမှုကွန်ယက်တို့ ဘယ်လိုကွာခြားပုံကို အဖွဲ့အား ဆွေးနွေးခိုင်းပါ။ ဘယ်သူတွေက သင်မဟာမိတ်ဖွဲ့သင့်သည့် မိတ်ဖက်များဖြစ်မလဲ။

၆။ အဖွဲ့အား မိတ်ဖက်တစ်ဦးသည် သွယ်ဝိုက်သော ပစ်မှတ်တစ်ဦးလည်းဖြစ်နိုင်ကြောင်းကို ရှင်းပြပါ။ သွယ်ဝိုက်သော ပစ်မှတ်တစ်ဦးဆိုသည်မှာ အဖွဲ့၏ ရည်မှန်းချက်ကိုလိုလားပြီး မူဝါဒချမှတ်သူများကဲ့သို့သော ပစ်မှတ်များအပေါ် ဩဇာလွှမ်းမိုးနိုင်သူဖြစ်ပါတယ်။ ထိုသွယ်ဝိုက်သော ပစ်မှတ်အနေနဲ့ ပြောင်းလဲရန် လိုအပ်သည့် အပြောင်းအလဲများကို ထောက်ပံ့ပေးလာစေရန်အတွက် ၎င်းကို စည်းရုံးဖို့ လိုအပ်ပါတယ်။

၇။ ပါဝင်သူများကို အဖွဲ့ငယ်နှစ်ဖွဲ့အဖြစ် ခွဲလိုက်ပြီး တစ်ဖွဲ့စီကို ဖြစ်နိုင်ချေရှိသော မိတ်ဖက်နှစ်ဦးအား ရွေးချယ်ခိုင်းပါ။ တစ်ဖွဲ့စီတိုင်းသည် မတူညီသည့် မိတ်ဖက်နှစ်ဦးစီကို ရွေးချယ်သင့်ပြီး ဒီလိုရွေးချယ်နိုင်ဖို့သူတို့ကို ကူညီပါ။ သင်သည် အစောပိုင်းကနက စဉ်းစားထားပြီးတဲ့မိတ်ဖက်များကိုလဲ အသုံးပြုရန် ရွေးချယ်နိုင်ပါတယ်။ သို့မဟုတ် မိတ်ဖက်အသစ်များကို

ရွေးချယ်နိုင်ပါတယ်။

၈။ အဖွဲ့အား ၎င်းတို့ ရွေးချယ်ထားသည့် မိတ်ဖက်နှစ်ဦးစီနှင့် အလုပ်လုပ်ခြင်း၏ ကောင်းကျိုးများနှင့် ဆိုးကျိုးများကို စဉ်းစားခိုင်းပါ။ နှစ်ဖွဲ့စလုံးကို ၎င်းတို့၏ဆွေးနွေးမှုကို မှတ်သားထားရန် စာရွက်ကြီးများကို ပေးပါ။ ၎င်းတို့သည် အောက်တွင်ဖော်ပြထားသော ဇယားကွက်ပုံစံအား အသုံးပြု၍ မှတ်သားမှုကို ပြုလုပ်နိုင်ပါတယ်။

**ပို့ချသူအတွက်မှတ်သားရန်။**

အောက်ပါတို့ဟာသည် နှစ်ဖွဲ့စလုံး ထည့်သွင်းစဉ်းစားရမည့် မေးခွန်းများဖြစ်ပါတယ်။
သင်၏နဂိုမိတ်ဖက်များက ဘယ်သူတွေလဲ။
သူတို့ဟာ ဤကိစ္စပေါ်တွင် အလုပ်လုပ်ချင်ကြသလား။
သင့်အဖွဲ့အစည်းသည် မိတ်ဖက်များကိုဖိတ်ခေါ်ခြင်းကြောင့်ဘာတွေကို ရရှိမလဲ သို့မဟုတ် ဘာတွေကို ဆုံးရှုံးမလဲ။
မိတ်ဖက်များသည် သင်နှင့်မဟာမိတ်ဖွဲ့ခြင်းကြောင့် ဘာတွေကိုရရှိမလဲ သို့မဟုတ် ဘာတွေကိုဆုံးရှုံးမလဲ။
မိတ်ဖက်များ၏ ကန့်သတ်ချက်များက ဘာတွေလဲ။

၉။ နှစ်ဖွဲ့စလုံးအား မတူညီသော မိတ်ဖက်များနှင့် ပူးပေါင်းလုပ်ဆောင်ခြင်း၏ ကောင်းကျိုးများနှင့် ဆိုးကျိုးများကို ဆွေးနွေးခိုင်းပါ။ ၎င်းတို့၏ ဆွေးနွေးမှုကို စာရွက်ကြီးပေါ်တွင် မှတ်ထားခိုင်းပါ။ ဤဆွေးနွေးမှု အပိုင်းအတွက် အောက်တွင်ဖော်ပြထားသော ဇယားကွက်ပုံစံအား အသုံးပြုနိုင်ပါသည်။

၁၀။ အဖွဲ့နှစ်ဖွဲ့ကို ပြန်လည်စုဝေးစေပြီး ၎င်းတို့၏ ဆွေးနွေးမှုများကို တင်ပြခိုင်းပါ။ မိတ်ဖက်များနှင့် အလုပ်လုပ်ခြင်းနှင့် မဟာမိတ်ဖွဲ့၍ ပူးပေါင်းလုပ်ဆောင်ခြင်း၏ ကောင်းကျိုးများနှင့် ဆိုးကျိုးများကို ဆွေးနွေးရာတွင် အဆင်ပြေချောမွေ့အောင် ကူညီပေးပါ။

**အနှစ်ချုပ် ပြန်လည်သုံးသပ်ခြင်း**

၁၁။ လုပ်ဆောင်ချက်တွင်ပြုလုပ်ခဲ့သော ဆွေးနွေးမှုများကို အနှစ်ချုပ်ပေးပါ။

၁၂။ အဖွဲ့အားလုပ်ဆောင်ချက်နှင့် ပတ်သက်၍ ပြန်လည်အကြံပြုချက်များ ပေးခိုင်းပါ။

**နမူနာပုံစံ၊ သင်ခန်းစာ ၅–၁**
**ကောင်းကျိုးများနှင့် ဆိုးကျိုးများဇယားကွက်**

| မိတ်ဖက်တစ်ဦးနှင့်အလုပ်လုပ်ခြင်း၏ ကောင်းကျိုးများ သို့မဟုတ် မဟာမိတ်ဖွဲ့ ပူးပေါင်းလုပ်ဆောင်ခြင်း မိတ်ဖက်တစ်ဦးနှင့် အလုပ်လုပ်ခြင်း၏ ကောင်းကျိုးများ | မိတ်ဖက်တစ်ဦးနှင့် အလုပ်လုပ်ခြင်းသို့မဟုတ် မဟာမိတ် ဖွဲ့များ ပူးပေါင်းလုပ်ဆောင်ခြင်း၏ဆိုးကျိုးများ |
|---|---|
| ■ အရေအတွက်များပြီး အစွမ်းထက်မှု<br>■ အကြောင်းကိစ္စတစ်ခုအား ပိုမိုလေးနက်စေမှု<br>■ ကျွန်တော်တို့၏ အရင်းအမြစ်များ ရရှိမှုကို တိုးမြှင့်ပေးမှု<br>■ ကျွန်တော်တို့၏ ရာထူးမြင့် နိုင်ငံရေးအာဏာပိုင်များနှင့် ဆက်သွယ်နိုင်မှုကို တိုးမြှင့်ပေးနိုင်မှု<br>■ ကျွန်တော်တို့ အဖွဲ့အစည်း၏ ပုံရိပ်ကို မြှင့်တင်ပေးနိုင်မှု | ■ ဈေးစပ်ညှိနိုင်းရာတွင် ခက်ခဲမှု<br>■ ခေါင်းဆောင်မှုပိုင်းနှင့် တရားဝင်ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်မှုပိုင်းတို့တွင် ပြိုင်ဆိုင်မှု ပြင်းထန်မှု<br>■ သတင်းအချက်အလက်များနှင့် ရလဒ်များအား ပိုင်ဆိုင်မှုအကြောင်းကိစ္စ<br>■ အစီအစဉ်များ ကွဲလွဲမှု<br>■ အလုပ်တာဝန်မြင့်တက်လာမှု |

**သင်ခန်းစာ ၅-၂၊ လူမှုကွန်ယက်ပြဿနာ**

အမျိုးသားချင်းလိင်တူဆက်ဆံသူများ (MSM) နှင့် အိတ်ချ်အိုင်ဗွီ အတွက် ပြုလုပ်သော တစ်ကမ္ဘာလုံးဆိုင်ရာ ဆွေးနွေးပွဲ၏ Speaking Out စာမျက်နှာ ၉၀-၉၁ မှ ထုတ်နှုတ်ဖော်ပြသည်။

| | |
|---|---|
| နိဒါန်း | ဤလုပ်ဆောင်ချက်သည် အဖွဲ့အား အကျိုးရှိသော လူမှုကွန်ယက်တည်ဆောက်ခြင်းကို အနှောင့်အယှက်ပေး နိုင်သည့် ဖြစ်နိုင်ချေရှိသော စိန်ခေါ်မှုများကို စဉ်းစားရာတွင် ကူညီပေးနိုင်စေပါတယ်။ ဤလုပ်ဆောင်ချက်သည် ကိုယ့်အပိုင်၊ သူ့အပိုင်စိတ်ထားရှိခြင်းနဲ့ အလုပ်တွေထပ်နေခြင်းတို့နှင့် ပတ်သက်ပြီးဖြစ်နိုင်ချေရှိသော စိန်ခေါ်မှုများအပေါ် အလေးထားဖော်ပြထားပါတယ်။ |
| အယူအဆနည်းလမ်းများ | လူမှုကွန်ယက်တည်ဆောက်ခြင်း |
| လိုအပ်သောအချိန် | ၁နာရီ |
| ရည်ရွယ်ချက်များ | လုပ်ငန်းအကျိုးရှိရှိဖြစ်မြောက်မှုကို နှောင့်ယှက်သော အဖွဲ့ အစည်းများနှင့် လူမှုကွန်ယက်များအတွင်းရှိ စိန်ခေါ်မှုများကို ပုံဖော်ပါ။ ထိုစိန်ခေါ်မှုများအား ဖြေရှင်းနိုင်မည့်နည်းများကို စဉ်းစားပါ။ လူမှု ကွန်ယက်တည်ဆောက်ခြင်း အတွက် နောက်ထပ်အဆင့်များကို ဖော်ထုတ်ပါ။ |
| လိုအပ်သောအရင်းအမြစ်များ | လက်ကမ်းစာရွက်- လူမှုကွန်ယက် တည်ဆောက်ခြင်း၏ စိန်ခေါ်မှုများ ဇယားကွက် |
| အနှစ်ချုပ် | တခြားလူ ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်ခြင်းသည် စည်းရုံး လှုံ့ဆော်မှုအတွက် များစွာအကျိုးရှိနိုင်သလို စိန်ခေါ်မှုများလည်း များစွာရှိနိုင်ပါတယ်။ |
| ပြန်လည်သုံးသပ်ခြင်း | ဆွေးနွေးမှုအဆုံးတွင် အဖွဲ့၏ ပြန်လည်အကြံပြုချက် |

**လုပ်ထုံးလုပ်နည်း**

မှတ်ချက်- ဤလုပ်ဆောင်ချက်သည် လုပ်ဆောင်ချက် ၅.၁ 'မိတ်ဖက်များက ဘယ်သူတွေလဲ ဘာကြောင့် မဟာမိတ်ဖွဲ့ပြီး အလုပ်လုပ်သလဲ' ဆိုတာရဲ့အဆက်ဖြစ်သည်။ ထိုလုပ်ဆောင်ချက်မှ အဆင့်များကို အရင်ဆုံးအပြီးသတ်ပြီးမှ အောက်ပါအဆင့်များကို ဆက်လက်လုပ်ဆောင်ပါ။

**လုပ်ဆောင်ရန်**

၁။ တက်ရောက်လာသူများကို အဖွဲ့ငယ်များအဖြစ် ပြန်ဖွဲ့လိုက်ပါ။

၂။ နောက်ဆုံးလေ့ကျင့်ခန်းကို ပြန်လည် သုံးသပ်ခြင်းအားဖြင့် အဖွဲ့အား ၎င်းတို့လေ့လာတွေ့ရှိခဲ့သည့် စိန်ခေါ်မှုများကို စာရင်းပြုစုခိုင်းပါ။ ထိုစိန်ခေါ်မှုများသည် ၎င်းတို့၏ အဖွဲ့အစည်းများအတွင်းမှ ထွက်ပေါ်လာသလား သို့မဟုတ် လူမှုကွန်ယက်အတွင်းမှ ထွက်ပေါ်လာသလားဆိုတာကို မေးပါ (၁၅ မိနစ်)။ အကြောင်းအရာ လေ့လာမှုများ သို့မဟုတ် သရုပ်ပြလေ့ကျင့်မှုများ ပြုလုပ်စဉ်တွင် မတွေ့မြင်ခဲ့သည့် စိန်ခေါ်မှုများ ရှိနေသလား။ ထိုစိန်ခေါ်မှုများကိုလည်း ရေးချခိုင်းပါ။

၃။ ဆွေးနွေးရန် အဖွဲ့များကို ပြန်စုဝေးခိုင်းပါ။

ပို့ချအတွက်မှတ်သားရန်- ဆွေးနွေးမှုတွင် ကိုယ့်အပိုင်၊ သူ့အပိုင်စိတ်ထားအကြောင်းကို ထည့်သွင်း ဆွေးနွေးလာအောင် စေချာအောင်လုပ်ဆောင်ပါ။ ဘာကြောင့်လဲဆိုတော့ ဒီအချက်က လူထုအခြေပြု အဖွဲ့များထဲတွင် အမြဲတွေ့နေရတဲ့ ပြဿနာတစ်ခုဖြစ်သောကြောင့်ပါ။ အဖွဲ့များအတွင်းရှိ ပြိုင်ဆိုင်မှုအချို့ဟာ အကန့်အသတ်ရှိသော ငွေကြေးထောက်ပံ့မှုအရင်းအမြစ်များကြောင့် ဖြစ်ပေါ်လာတာလဲရှိပါတယ်။ ဆွေးနွေးမှုတွင်ပါဝင်ရမည့် အခြားစိန်ခေါ်မှုတစ်ခုမှာ အလုပ်တွေထပ်နေခြင်းဖြစ်ပါတယ်။ အဖွဲ့များသည် အချိန်နှင့်ငွေကြေးထောက်ပံ့မှု အရင်းအမြစ်များကို အကန့်အသတ်ဖြင့်သာ ရရှိသောအချိန်တွင် အလုပ်တွေကို ပုံတူကူးချလေ့ရှိပါတယ်။ ထိုသို့ လုပ်ဆောင်ခြင်းသည် ဖြုန်းတီးမှုတစ်ခုဖြစ်ပြီး အဖွဲ့အစည်းအား လုံးပါးပါးစေပါတယ်။

**အနှစ်ချုပ်နှင့် ပြန်လည်သုံးသပ်ခြင်း**

၄။ ဆွေးနွေးမှုများကို အနှစ်ချုပ်ပြီး အဖွဲ့အစည်း၏ အဖွဲ့ဝင်များအနေနဲ့ မဟာမိတ်ဖွဲ့ ပူးပေါင်းလုပ်ဆောင်ရာတွင် ဤလေ့ကျင့်ခန်းကို အသုံးပြုနိုင်ကြောင်း အလေးထားပြောကြားပါ။

၅။ ဆွေးနွေးမှုအပေါ် ပြန်လည်အကြံပြုချက်များ တောင်းပါ။ သင်ခန်းစာ အဆုံးတွင် တက်ရောက်လာသူများ

အနေဖြင့် မိတ်ဖက်များနှင့် အလုပ်လုပ်ရန် ပြင်ဆင်နိုင်သင့်ပြီး အများနှင့် ဆက်ဆံရေးကနေ ဖြစ်ပေါ်လာနိုင်သည့် စိန်ခေါ်မှုများကို ရှင်းရှင်းလင်းလင်းထုတ်ဖော် ပြောဆိုနိုင်သင့်ပြီဖြစ်ပါတယ်။

**နမူနာပုံစံ၊ သင်ခန်းစာ ၅–၂**

လူမှုကွန်ယက်တည်ဆောက်ခြင်း၏ စိန်ခေါ်မှုများ ဇယားကွက် (နမူနာပုံစံ)

| လူမှုကွန်ယက်တည်ဆောက်ခြင်းကို အနှောင့်အယှက်ပေးနိုင်သည့် သင့်အဖွဲ့အစည်းအတွင်းရှိ စိန်ခေါ်မှုများ။ စဉ်းစား သုံးသပ်မှုများ | အကျိုးရှိသော စည်းရုံးလှုံ့ဆော်မှုမဖြစ်အောင် ဟန့်တားနေသော လူမှုကွန်ယက်အတွင်းရှိ စိန်ခေါ်မှုများ |
|---|---|
| ■ လုံခြုံမှုမရှိခြင်းများ<br>■ ရှင်းလင်းပြတ်သားသော လှုံ့ဆော်မှုရည်မှန်းချက်တစ်ခု မရှိခြင်း<br>■ ကျစ်လျစ်မှုမရှိသော ခေါင်းဆောင်မှု<br>■ အကြောင်းအရာတစ်ခုတည်းအား အာရုံစိုက်မှု<br>■ အရင်းအမြစ်များ မရှိခြင်း | ■ ကိုယ်ပိုင် သူပိုင်အငြင်းပွားခြင်း<br>■ ကျဉ်းမြောင်းသော အလုပ်အာရုံစိုက်မှု<br>■ ကျစ်လျစ်မှုမရှိသော အလုပ်အာရုံစိုက်မှု<br>■ အများဆန္ဒမပါဝင်ခြင်း |

**သင်ခန်းစာ ၅–၃၊**

**အခြေခံအဆင့် အဖွဲ့သားသစ် စုဆောင်းမှု၏ ရည်ရွယ်ချက်ဇယားကွက်**

Tools for Radical Democracy စာမျက်နှာ ၅၁–၅၂ မှ ထုတ်နှုတ်ဖော်ပြပါတယ်။

| | |
|---|---|
| နိဒါန်း | ဤသင်ခန်းစာသည် အဖွဲ့သားသစ် စုဆောင်းမှုအတွက် အသေးစိတ် အစီအစဉ်များ ရေးဆွဲရာတွင် အကျိုးရှိမဲ့ အဖွဲ့သားသစ်စုဆောင်းမှု နည်းလမ်းတစ်ခုကို ဖော်ပြပါတယ်။ ဤလုပ်ဆောင်ချက်ကို တစ်ဦးတစ်ယောက်စီ အနေဖြင့်ဖြစ်စေ သို့မဟုတ် အဖွဲ့တစ်ဖွဲ့အနေဖြင့်ဖြစ်စေ သုံးနိုင်ပါတယ်။ |
| အယူအဆနည်းလမ်းများ | အဖွဲ့သားသစ် စုဆောင်းမှု |
| လိုအပ်သောအချိန် | ၆၀ မိနစ် |
| ရည်ရွယ်ချက်များ | အဖွဲ့သားသစ်စုဆောင်းမှုအတွက် အဆင်ပြေချောမွေ့စေမည့် နည်းလမ်းတစ်ခုကို လေ့လာရန်။ အဖွဲ့သားသစ် စုဆောင်းမှုအတွက် မဲဆန္ဒရှင်များကို သေချာရှာဖွေရန်။ |
| လိုအပ်သောအရင်းအမြစ်များ | လက်ကမ်းစာရွက် – အဖွဲ့သားသစ်စုဆောင်းမှု နည်းလမ်း |
| အနှစ်ချုပ် | အဖွဲ့သားသစ်စုဆောင်းမှု နည်းလမ်းသည် မိမိကိုထောက်ခံမည့်သူများရဲ့ သတင်းများကို စုဆောင်းရန်နှင့် အဖွဲ့သားသစ်စုဆောင်းမှု လုပ်ငန်းစဉ်ကို ပို၍နားလည်သဘောပေါက်စေရန် ကူညီပေးစေပါတယ်။ |
| ပြန်လည်သုံးသပ်ခြင်း | အဖွဲ့သားသစ်စုဆောင်းမှု နည်းလမ်းသည် အဖွဲ့သားသစ်စုဆောင်းရာတွင် အထောက်အကူ ပေးခဲ့သလား။ ဘာကြောင့် အထောက်အကူဖြစ်တာလဲ။ သို့မဟုတ် ဘာကြောင့် မဖြစ်တာလဲ၊ |

**လုပ်ထုံးလုပ်နည်း**

သင်သည် အောက်ပါ အလုပ်မှတ်တမ်းစာရွက်ကို အဖွဲ့လိုက်ဖြစ်စေ သို့မဟုတ် တစ်ဦးတစ်ယောက်ချင်းစီ၏ အစီအစဉ်ရေးဆွဲခြင်း နည်းလမ်းတစ်ခုအဖြစ် လေ့ကျင့်အသုံးပြုနိုင်ပါတယ်။ တစ်ဦးချင်းစီကိုဖြစ်စေ သို့မဟုတ်အဖွဲ့လိုက်ကို ဖြစ်စေ ဒီအလုပ်မှတ်တမ်းစာရွက်က ဘယ်နေရာတွင်၊ ဘယ်အချိန်တွင်နှင့် ဘယ်လိုအဖွဲ့သားသစ်စုဆောင်းမှုတွေကို ပြုလုပ်ဖို့ လမ်းညွှန်ပေးပါလိမ့်မယ်။

**လုပ်ဆောင်ရန်**

တစ်ဦးတစ်ယောက်ချင်းစီနှင့် ဆိုင်သော လုပ်ထုံးလုပ်နည်း–

၁။ တစ်ဦးချင်းစီအနေနဲ့သည် အခြေခံအဆင့် အဖွဲ့သားသစ် စုဆောင်းမှု၏ ရည်ရွယ်ချက်ဇယားကွက်ကို ဖြည့်နိုင်းပါ။ စာတိုင်းကွက် တစ်ခုစီတိုင်းသည် မတူညီသည့် တည်နေရာတစ်ခုကို ရည်ညွှန်းပါတယ်။ အောက်မှာ ဇယားကွက်အတွင်းရှိ အတန်းကွက်များ၏ အဓိပ္ပါယ်တွေကို ရှင်းပြထားပါတယ်။

(က) ကျွန်တော်တို့ ဘယ်ကိုသွားမလဲ – အဖွဲ့သားသစ်စုဆောင်းခြင်းအတွက်တည်နေရာ။

(ခ) ကျွန်တော်တို့ ဘယ်သူနဲ့တွေ့မလဲ – မျှော်လင့်ထားသည့် အဖွဲ့သားသစ် (ဥပမာ– ကျောင်းသားများ၊ သူနာပြု ဆရာမများ)

(ဂ) ကျွန်တော်တို့ ဘယ်လောက်မကြာခဏသွားမလဲ – အဖွဲ့သားသစ်စုဆောင်းမှု အချိန်ဇယား။ တတ်နိုင်သမျှ တိတိကျကျဖော်ပြပါ။

(ဃ) အဲ့ဒီအချိန်မှာ ဘယ်နှစ်ယောက်ကို စုဆောင်းမလဲ – အဖွဲ့သားသစ် အရေအတွက် ပန်းတိုင်။

(င) ဘယ်သူသွားမလဲ – အဖွဲ့သားသစ်စုဆောင်းမှုအဖွဲ့မှာ ဘယ်သူပါသလဲ။

(စ) သူတို့ကို ဘာတွေလုပ်ဖို့ တောင်းဆိုမှာလဲ – အဖွဲ့က စုဆောင်းမည့် အဖွဲ့သားသစ်များဆီကို ဘာအကြောင်း တွေပြောမှာလဲ။

(ဆ) သူတို့ကို ဘာတွေ လုပ်နိုင်းဖို့ရည်ရွယ်ထားလဲ – စုဆောင်းမည့် အဖွဲ့သားသစ်များရဲ့ ပန်းတိုင်ကဘာလဲ (ဥပမာ– အသနားခံစာကို ဝိုင်းလက်မှတ်ထိုးဖို့လား)။

(ဇ) နည်းလမ်းများ – ကျွန်တော်တို့ ဘယ်လိုအချက်အလက်ကုန်ကြမ်းတွေကို ယူဆောင်သွားမလဲ (ဥပမာ– ဆန်းစစ်လေ့လာချက်များ၊ လက်မှတ်ရေးထိုးထားသော စာရွက်များ)

(ဈ) ထိုအဖွဲ့က ဘယ်လိုသတင်းမျိုးကို အသိပေးမှာလဲ။ သတင်းစကားကဘာလဲ။

၂။ တစ်ဦးတစ်ယောက်စီတိုင်းသည် အခြားအဖွဲ့အစည်းမှ အဖွဲ့ဝင်များ သို့မဟုတ် မိတ်ဖက်များ၏ အထောက်အပံ့ကို ရှာဖွေနိုင်ကြောင်း သတိပေးပါ။

အဖွဲ့လိုက်လုပ်ထုံးလုပ်နည်း–

(က) အဖွဲ့အား အသင်းများအဖြစ်ခွဲလိုက်ပါ။ အဖွဲ့သားသစ် စုဆောင်းမှုကိုပြုလုပ်မည့် တကယ့်အသင်းများအဖြစ် ခွဲလိုက်လျှင် ပိုကောင်းပါတယ်။

(ခ) အသင်းတိုင်းသည် ၎င်းတို့၏ ဗဟုသုတအပေါ်အခြေခံပြီးတော့ အခြေခံအဆင့် အဖွဲ့သားသစ်စုဆောင်းမှု၏ ရည်ရွယ်ချက်ဇယားကွက်ကို ဖြည့်ဖို့ စေခိုင်းပါ။

(ဂ) မေးခွန်းများနှင့် ဖြည့်လို့မရတဲ့ သတင်းအချက်အလက်တွေနဲ့ပတ်သက်ပြီး တစ်ဦးနှင့်တစ်ဦး ကူညီစေဖို့ အဖွဲ့အား ပြန်လည်စုဝေးစေပါ။ အသင်းတွေ တစ်သင်းနဲ့တစ်သင်းအချင်းချင်း အပြန်အလှန် ကူညီနိုင်ပါတယ်။

(ဃ) အဖွဲ့သားသစ်စုဆောင်းမှု အစီအစဉ်ကို အဆုံးသတ်ပါ။

အဖွဲ့သားသစ်စုဆောင်းမှု အစီအစဉ်ဟာ အဖွဲ့ဝင်များအား မိမိအပေါ်ထောက်ခံသူများအား ရှာဖွေရမည့် နေရာနှင့် ပတ်သက်သည့် သတင်းများကို ပါဝင်ပြောပြပေးနိုင်ရန်နှင့် အဖွဲ့သားသစ်စုဆောင်းမှု လုပ်ငန်းစဉ်ကို ပို၍ နားလည်သဘောပေါက်လာစေရန် ကူညီပေးပါတယ်။ သို့သော် အဖွဲ့သားသစ်စုဆောင်းမှု မဟာဗျူဟာတစ်ခုသည် ပြောင်းလဲဖြစ်ပေါ်နေသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး သတင်းသစ်များကို စုဆောင်းရရှိသောအခါ အစီအစဉ်ကလဲ ပြောင်းလဲသွားနိုင်ပါတယ်။

**အနှစ်ချုပ်နှင့် ပြန်လည်သုံးသပ်ခြင်း**

၃။ အဖွဲ့သားသစ်စုဆောင်းမှု မဟာဗျူဟာကို ဤရှု့ထောင့်များမှ အကဲဖြတ်ပါ။

(က) အဖွဲ့သားသစ်စုဆောင်းမှုက ပြီးဆုံးသွားပြီးလား။

(ခ) ဆက်သွယ်ခဲ့သည့် အဖွဲ့သားသစ်များ၏ အရေအတွက်

(ဂ) စိတ်ချရသော အလုပ်၌ နှစ်မြှုပ်ထားသူများရဲ့ အရေအတွက်

**လေကျင့်ခန်း စာရွက် ၊ သင်ခန်းစာ ၅-၃**
**အခြေခံအဆင့် အဖွဲ့သားသစ်စုဆောင်းမှု၏ ရည်ရွယ်ချက် ဖယောင်းကွက်**

| တည်နေရာ | ၁ | ၂ | ၃ | ၄ |
|---|---|---|---|---|
| ကျွန်ုပ်တို့ ဘယ်ကိုသွားမလဲ | | | | |
| ကျွန်ုပ်တို့ ဘယ်သူနဲ့တွေ့မလဲ | | | | |
| ကျွန်ုပ်တို့ ဘယ်လောက်မကြာ မကြာသွားမလဲ<br>(ဥပမာ–နေ့စဉ်၊ အပတ်စဉ်) | | | | |
| ဘယ်အချိန်လဲ (ဥပမာ– မနက် ၁၀နာရီ) | | | | |
| အဲဒီအချိန်မှာ ဘယ်နှစ်ယောက်ကို စုဆောင်းမလဲ | | | | |
| ဘယ်သူသွားမလဲ | | | | |
| ဘာတွေ လုပ်ဖို့ပြောမလဲ၊ | | | | |
| ဘယ်လိုအလုပ်မျိုးထဲမှာ နှစ်မြှုပ်ထားစေမလဲ။ | | | | |
| သတင်းစကားက ဘာလဲ | | | | |
| (၁) | | | | |
| (၂) | | | | |
| (၃) | | | | |
| (၄) | | | | |
| ကျွန်ုပ်တို့ ယူသွားမည့် အချက်အလက်<br>ကုန်ကြမ်းများ (ဥပမာ–ဆန်းစစ်လေ့လာချက်များ၊<br>တခြားဘာတွေရှိသေးလဲ) | | | | |

**သင်ခန်းစာ ၅-၄ စိတ်ဝင်စားမှုနှင့် စွမ်းရည်ကို အကဲဖြတ်ခြင်းအတွက် အကြံပြုချက်များ**
Tools for Radical Democracy စာမျက်နှာ ၅၃ မှ ထုတ်နုတ်ဖော်ပြပါတယ်။

| | |
|---|---|
| မိတ်ဆက်ခြင်း | ဤသင်ခန်းစာသည် လူထုစည်းရုံးသူတစ်ဦးအနေဖြင့် လူထုက စိတ်ဝင်စားတဲ့ အကြောင်းအရာတွေနဲ့ လူထုပါဝင်လာစေဖို့ လူအများကို ဘယ်လိုပြောဆိုသလဲဆိုတာနားလည်စေရန် ကူညီပေးစေပါတယ်။ |
| အယူအဆနည်းလမ်းများ | ခေါင်းဆောင်မှုစွမ်းရည်ကို အကဲဖြတ်ခြင်း၊ နားထောင်ခြင်း |
| လိုအပ်သော အချိန် | ၄၅ မိနစ် |
| ရည်ရွယ်ချက်များ | အကြောင်းအရာအပေါ်စိတ်ဝင်စားမှုရှိသူများကို ဖော်ထုတ်ပုံကို လေ့လာရန်<br>ခေါင်းဆောင်မှုစွမ်းရည်ကို အကဲဖြတ်ရန်၊ စိတ်ဝင်စားစွာနားထောင်မှုကိုလေ့ကျင့်ရန် |
| လိုအပ်သောအရင်းအမြစ်များ | မရှိပါ |
| အနှစ်ချုပ် | တစ်စုံတစ်ဦးအား နားထောင်ခြင်းဖြင့် စည်းရုံးသူတစ်ဦးသည် ထိုသူ၏ စိတ်ဝင်စားမှု ပမာဏကို အကဲဖြတ် နိုင်သည်။ |
| ပြန်လည်သုံးသပ်ခြင်း | သင်ခန်းစာပို့ချနေစဉ်တွင် ပါဝင်သူများအား မေးခွန်းများမေးခြင်း၊ ပြန်လည် အကြံပြုချက်များ တောင်းခြင်းနှင့် သရုပ်ပြလေ့ကျင့်စေခြင်းအားဖြင့် ၎င်းတို့၏ နားလည်သဘောပေါက်မှုအပေါ်ကို အကဲဖြတ်ပါ။ |

**လုပ်ထုံးလုပ်နည်း**

**အဖွင့်နိဒါန်း**

၁။ တက်ရောက်လာသူများအား အဖွဲ့သားတစ်ဦးဟာ ဘာကိုစိတ်ဝင်စားသလဲဆိုတာ ခန့်မှန်းနိုင်တဲ့ သဲလွန်စများကို ရှာဖွေသင့်ကြောင်း ပြောပြပါ။ ပါဝင်သူများအား 'ကျွန်တော်တို့' နှင့် 'ကျွန်တော်' ကွဲပြားပုံကို ရှာဖွေရန် ပြောပါ။ သူမသည် စကားပြောဆိုစဉ်တစ်လျှောက်လုံး 'ကျွန်မ' လို့ပြောသလား၊ သို့မဟုတ် 'ကျွန်မတို့ လူထု' ၊ 'ကျွန်မတို့'၊ 'ကျွန်မရဲ့အိမ်နီးနားချင်းများ' သို့မဟုတ် 'အဆောက်အဦ' ဆိုပြီးပြောသလား။ အများကိန်းကို ဖော်ပြသုံးနှုန်းသော စကားအသုံးအနှုန်းသည် သူမတွင်ပါဝင်လှုပ်ရှားရန် စွမ်းရည်ရှိကြောင်းကို ညွှန်ပြနေပါတယ်။ ဘာကြောင့်လဲဆိုတော့ ပြဿနာနှင့် ဖြေရှင်းနည်းတွေဟာ သူမတစ်ဦးတည်းဖြင့် ရင်ဆိုင်နိုင်သည်ထက်ပိုကြီးမားတဲ့အကြောင်းကို သူမနားလည်တာကြောင့်ဖြစ်ပါတယ်။ မျှော်လင့်ချက်အတွက် နားထောင်ပါ။ သူမသည် အခြေအနေ ကောင်းမွန်လာနိုင်တယ်လို့ ပြောပါလား။ ဒီလိုဖြစ်အောင်အတွက် သူမအနေဖြင့် ကဏ္ဍတစ်ခုတွင် ပါဝင်လုပ်ဆောင်လိုကြောင်း ပြောသလား။ ဒါဆိုရင် သူမမှာ စွမ်းရည်ရှိနိုင်ပါတယ်။

စိတ်ဝင်တစား နားထောင်မှုကိုစောင့်ကြည့်ပါ။ စိတ်ဝင်တစားနားထောင်မှုသည် စိတ်ဝင်စားမှုကို ပြသသော အလွန်ကောင်းသည့် အညွှန်းတစ်ခုဖြစ်ပါတယ်။ တစ်စုံတစ်ဦးသည် စိတ်ဝင်တစား နားထောင်နေသလားဆိုသည်ကို သိရှိလိုလျှင် တိုက်ရိုက်မေးခွန်းတစ်ခုကို မေးပြီး ထိုသူပြန်ဖြေနိုင်သလားဟုကြည့်ပါ။ ထိုသူသည် သင့် အမြင်များကို မေးသလား။ ထိုသူသည် သင်ပြောသည့် အကြောင်းအရာကို ပြန်လည်ရည်ညွှန်း ပြောဆိုသလားဆိုတဲ့အပေါ်မူတည်ပြီး သိနိုင်ပါတယ်။

အာရုံပျက်ပြားမှုကို လက်ခံပါ။ သူသည်အခြားတစ်ခုခုကို ကြည့်နေလျှင် စိတ်မဝင်စားလို့ဖြစ်ပါမယ်။ သူ့ဆက်သွယ်နိုင်မဲ့ သတင်းအချက်အလက်များကို ကိုယ့်ကိုပေးတာဟာ သူ့အာရုံပျက်သွားလို့ ဖြစ်နိုင်ပါတယ်။ သင့်အနေနဲ့ ထိုသတင်းအချက်အလက်များကို ယူထားလိုက်ပြီး ဘယ်အချိန်အဆင်ပြေမလဲ မေးခဲ့ပါ။ စကားပြောဆိုမှုမည်သို့ အဆုံးသတ်သွားကြောင်းသတိပြုပါ။ ဆက်သွယ်နိုင်မည့် အချက်အလက်များကို ရသည်နှင့်တပြိုင်နက် စကားပြောဆိုမှု ပြီးဆုံးခြင်းသည် သင့်အနေနဲ့ ထိုသူအား မည်သို့အကဲဖြတ်သလဲအပေါ်မှာ မူတည်ပါတယ်။ အောက်ပါတို့ဟာ ပြောလေ့ပြောထရှိတဲ့ စကားတွေဖြစ်ပြီး သူတို့ရဲ့ ဆိုလိုရင်းတွေကတော့ အခုလိုဖြစ်ပါတယ်။ 'ကျွန်တော်ကို အီးမေးလ် စာရင်းထဲမှာ ထည့်ပေးပါ။'

လူအများက ဒီလိုပြောတတ်ကြပါတယ်။ ဒီလိုပြောဆိုတာဟာ ခိုင်မာစွာလုပ်ဆောင်မှာမျိုးမရှိဘူး။ ထိုပုဂ္ဂိုလ် အနေဖြင့် ပါဝင်ပတ်သက်မည် မဟုတ်ကြောင်းကို ဆိုလိုပါတယ်။ တော်တော်နှင့် ပါဝင်ပတ်သက်လာမည် မဟုတ်သေးပါ။ တစ်ခါတစ်ရံတွင် သူမသည် 'ကျွန်မက အဲ့ဒီနေ့အထိ ပါဝင်ပတ်သက်လို့ မရသေးဘူး။ အဲ့ဒီရက်ကျော်မှ ကျွန်မကို ခေါ်လိုက်ပါ။' ဟုပြောကောင်းပြောနိုင်ပါတယ်၊ သူမပြောသည့်ရက်စွဲကို မှတ်ထားပြီးနောက်မှ သူမကိုဆက်သွယ်ပါ။ 'ကျွန်မ မသေချာဘူး'။ သင့်အနေနဲ့ ဒီလို တုံ့ဆိုင်းဆိုင်းဖြစ်နေတဲ့ သူတစ်ယောက်ကို နောက်ဆက်တွဲမေးခွန်းတွေ ထပ်မေးပြီး သူ့ရဲ့တုန့်ပြန်ပုံကို အကောင်းဆုံးအကဲဖြတ်နိုင်ဖို့ ကြည့်ပြီးလေ့လာပါ။

'ကျွန်မမှာ ကိုယ်ပိုင် အစီအစဉ်ရှိတယ်'

သူမသည် ပါဝင်ပတ်သက်မည် မဟုတ်ပါ။

'ကျွန်တော် ပါဝင်ချင်ပါတယ်။'

တစ်စုံတစ်ခုကိုလုပ်ဖို့ အာသီသတွေပါဝင်တဲ့ ဒီလိုပြောဆိုချက်ဟာ သူ့အနေနဲ့ ပါဝင်မည်ဖြစ်ကြောင်းကို ညွှန်ပြသည့် အကောင်းဆုံးအညွှန်းဖြစ်ပါတယ်။

၂။ နှစ်ဦးနှစ်ဖက်ပါဝင်ဆွေးနွေးမှုတွင် အပြန်အလှန်ပြောကြားပြီးတဲ့အခါမှာ တက်ရောက်လာသူနှစ်ဦးကို စည်းရုံးသူ တစ်ဦးနှင့် ဝင်ရောက်လှုပ်ရှားဖို့အတွက်ဖြစ်နိုင်ချေရှိသော အဖွဲ့သားသစ်တစ်ဦးအဖြစ် သရုပ်ပြလေ့ကျင့်ပြရန် ဖိတ်ခေါ်ပါ။ ဖြစ်နိုင်ချေရှိသော အဖွဲ့သားသစ်အဖြစ် သရုပ်ဆောင်မည့်သူနားကို တိုးတိုးကပ်၍ လက်ခံသူ၊ လက်မခံသူ သို့မဟုတ် ကြားသူအဖြစ် သရုပ်ဆောင်ရမည့်အကြောင်း ပြောပြပါ။

၃။ စိတ်ဝင်စားမှု ပမာဏကွဲပြားသော လူပုဂ္ဂိုလ်အမျိုးမျိုးတို့နှင့် စကားပြောဆိုရာတွင် အသုံးပြုမည့် မဟာဗျူဟာ များကိုရှာဖွေခြင်း အကြောင်းအရာကို တက်ရောက်လာသူအားလုံး ဝိုင်းဆွေးနွေးခိုင်းပါ။

**အနှစ်ချုပ်နှင့် ပြန်လည်သုံးသပ်ခြင်း**

၄။ အဖွဲ့အား ၎င်းတို့၏ လုပ်ဆောင်ခဲ့မှုအပေါ်ချီးကျူးပြီး ၎င်းတို့သည် အလုပ်တစ်ခုကို ကောင်းကောင်းပြုလုပ်နိုင်တာ သေချာကြောင်းအားပေးပါ။ အဖွဲ့သားသစ်စုဆောင်းမှုအပေါ် ထပ်မံလေ့ကျင့်ရန် မှာကြားပါ။

ဆွေးနွေးမှုများနှင့် သရုပ်ပြလေ့ကျင့်မှုများ ပြုလုပ်ခြင်းဖြင့် သူတို့ရဲ့ လေ့လာသင်ယူမှုကို အကဲဖြတ်ပါ။ လုပ်ဆောင်ချက် အပေါ်တွင် အဖွဲ့၏ ပြန်လည်အကြံပြုချက်များကို တောင်းယူပါ။

**သင်ခန်းစာ ၅–၅၊ လူထုစည်းရုံးခြင်းနှင့် အဖွဲ့ဝင်စုဆောင်းခြင်း**

Tools for Radical Democracy စာမျက်နှာ ၅၄ မှ ထုတ်နှုတ်ဖော်ပြပါတယ်။

| | |
|---|---|
| နိဒါန်း | လူထုစည်းရုံးခြင်းကို အဖွဲ့ဝင်သစ်များအား စုဆောင်းပြီး အဖွဲ့ဝင်ဟောင်းများအား ခေါင်းဆောင်များဖြစ်စေရန် လေ့ကျင့်ပေးသည့် စဉ်ဆက်မပြတ် လုပ်ငန်းစဉ်တစ်ခုပေါ်မှာ အခြေခံထားပါတယ်။ ဤသင်ခန်းစာသည် ပါဝင်သူများ ပြောဆိုမည့် အချက်များပြောပုံ သို့မဟုတ် ကရားရေလွှတ်ပြောခြင်းနည်းတစ်ခုကို ပြင်ဆင်ပေးထားပါတယ်။ |
| အယူအဆနည်းလမ်းများ | အဖွဲ့သားသစ်စုဆောင်းခြင်း<br>သင့်အလုပ်အကြောင်း တခြားသူတွေကို ဘယ်လိုမိတ်ဆက်ပေးမလဲ |
| လိုအပ်သောအချိန် | ၄၅ မိနစ် |
| ရည်ရွယ်ချက်များ | ၅ မိနစ်ကြာ မိတ်ဆက်ခြင်း သို့မဟုတ် ကရားရေလွှတ်ပြောဆိုခြင်းကို ဖန်တီးရန်၊<br>မိတ်ဆက်ခြင်းကို လေ့ကျင့်ရန်နှင့် ပြင်ဆင်မှုမ်းမံပေးရန်။<br>တကယ့် အဖွဲ့သားသစ်စုဆောင်းမှုကို ကြုံတွေ့ရသည့် ပုံစံမျိုး<br>သရုပ်ပြလေ့ကျင့်ရန်၊ |
| လိုအပ်သောအရင်းအမြစ်များ | လက်ကမ်းစာရွက် – အဖွဲ့သားသစ်စုဆောင်းမှု အစီအစဉ်ရေးဆွဲမှုနည်းလမ်းနှင့် ကရား ရေလွှတ်ပြောဆိုခြင်း နမူနာပုံစံ။<br>ပါဝင်သူ အယောက်စီတိုင်းအတွက် ဘောပင် သို့မဟုတ် ခဲတံ။ |
| အနှစ်ချုပ် | မိတ်ဆက်ခြင်းကို ကြိုတင်ပြင်ဆင်ထားမည်ဆိုရင် စည်းရုံးသူများကို ဖြစ်နိုင်ချေရှိသော အဖွဲ့သားသစ်များနှင့် စကားပြောဆိုရာမှာ အကူအညီဖြစ်စေပါတယ်။<br>စိတ်ဝင်တစားနားထောင်ခြင်းသည် စည်းရုံးသူများအား ဖြစ်နိုင်ချေရှိသော အဖွဲ့သားသစ်များ၏ စိတ်ဝင်စားမှုအပေါ် အကဲဖြတ်ရာတွင် အကူအညီပေးပါတယ်။ |
| ပြန်လည်သုံးသပ်ခြင်း | ပါဝင်သူများအား ၎င်းတို့ ဘာတွေကို သင်ယူနိုင်ခဲ့ကြောင်းမေးပါ။ ထို့အတူ ၎င်းတို့ရဲ့ သင်ယူမှုကို အကဲဖြတ်ရန်နှင့် အဖွဲ့သားသစ်စုဆောင်းမှု လုပ်ငန်းစဉ်တွင် သက်တောင့်သက်သာရှိမှုကို မြှင့်တင်နိုင်ရန်အတွက် သင်ခန်းစာ ပေးနေစဉ် ၎င်းတို့၏ အပြုအမူများကို စောင့်ကြည့်လေ့လာပါ။ |

**လုပ်ထုံးလုပ်နည်း**

**အဖွင့်နိဒါန်း**

၁။ လူထုစည်းရုံးသူများ အနေဖြင့် လူသစ်တစ်ဦးအား ချဉ်းကပ်ရာတွင်ပြင်ဆင်ထားသော စကားပြော သို့မဟုတ် ကရားရေလွှတ်ပြောရန် စာသားမျိုးရှိလျှင် အထောက်အကူပြုမည်ဟု ယူဆကြောင်းရှင်းပြပါ။ ကရားရေလွှတ် ပြောဆိုမှုတစ်ခုတွင် ပါဝင်နိုင်သည်မှာ–

- လူပုဂ္ဂိုလ်တစ်ဦးစီတိုင်းနှင့် တွေ့ဆုံရာတွင် သင်အသုံးပြုသော အတိုချုပ်မိတ်ဆက်ခြင်းဖြစ်ပါတယ်။ဒီလိုမိတ်ဆက်ခြင်းထဲမှာ သင်အနေနဲ့ အကြောင်းကိစ္စကိုတင်ပြပြီး ဘာကြောင့်လူထုထဲမှာ ဒါကိုလုပ်ဖို့လိုအပ်ကြောင်း ရှင်းပြပါ။ ထို့ပြင် ထိုသူ၏ စိတ်ဝင်စားမှုကို လေ့လာခြင်း၊ ၎င်းတို့အနေဖြင့် ဒီပြဿနာနှင့်ပတ်သက်လို့ သင့်အဖွဲ့နှင့် ပူးပေါင်းပြီး တစ်ခုခုလုပ်ဖို့ရန် စိတ်ဝင်စားမှုရှိ မရှိကို ဆန်းစစ်ခြင်းများလဲ ပါဝင်ပါတယ်။
- ပြဿနာအကြောင်းဆိုင်ရာ သတင်းအချက်အလက်များ၊ ရုပ်ပုံများဖြင့် ဖော်ပြထားသည့် ရိုးရှင်းသော လက်ကမ်းစာရွက်၊
- လူပုဂ္ဂိုလ်တို့၏ နာမည်နှင့် ၎င်းတို့ထံတွင်ဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာများရှိပါက မှတ်သားထားနိုင်မည့် စာရွက်၊

ထိုစာရွက်ထဲမှာ ထိုသူနဲ့ပတ်သက်ပြီး ကိုယ့်ရဲ့မှတ်ချက် ဥပမာ–

ပါဝင်နိုင်ဖို့အလားအလာကောင်းသူ – ကိုယ်ကိစ္စကို နားလည်သဘောပေါက်ပြီး ဒါနဲ့ပတ်သက်ပြီးတခုခုလုပ်ဖို့ အာသီသပြင်းသူ၊

ပါဝင်ကောင်းပါဝင်နိုင်သူ – အကြောင်းကတကယ်တမ်း စိတ်ပါလက်ပါလုပ်ဖို့အင်အားမရှိသူ၊

မပါဝင်မဲ့သူ'ပါဝင်ရန် ဖြစ်နိုင်ချေမရှိသူ' – သူ့ကိုဆက်သွယ်ဖို့ပြောပေမဲ့ ပါဝင်ဖို့အတွက် တက်ကြွပုံ မပေါက်သူ၊

- သင့်အနေဖြင့် လူ ပုဂ္ဂိုလ်များကို တက်ရောက်လေ့လာသင်ယူနိုင်မဲ့ လုပ်ဆောင်မှုအစီအစဉ်တွေ အခမ်းအနား

တွေကို ကျင်းပခြင်း။

— လုပ်ဆောင်ချက်များ

၁။ အောက်တွင်ဖော်ပြထားသည့် အစီအစဉ် ရေးဆွဲခြင်းနည်းလမ်း၏ မိတ္တူကို တက်ရောက်သူအယောက်စီ တိုင်းကိုပေးပါ။ တက်ရောက်သူများအား ထိုနည်းလမ်းသည် ၎င်းတို့အား စည်းရုံးသူတစ်ဦးအဖြစ် အဖွဲ့သားသစ် စုဆောင်းမှုကို ပြုလုပ်ဖို့ပြင်ဆင်ရာတွင် အထောက်အကူပေးသည့် နည်းလမ်းဖြစ်ကြောင်း ပြောပြပါ။

၂။ တက်ရောက်သူများအား အချက်တစ်ချက်စီတိုင်းအတွက် ၎င်းတို့၏ ကိုယ်ပိုင်စကားလုံးများဖြင့် ပြောကြားမည့် စကားလုံးများကို ရေးရန် ညွှန်ကြားပါ။

၃။ ပါဝင်သူများကို နှစ်ယောက်တတွဲတွဲခိုင်းလိုက်ပြီး ၎င်းတို့ပြောမည့် စာသားများကို သရုပ်ပြလေ့ကျင့်ခိုင်းပါ။ အကောင်းဆုံးကတော့ အဖွဲ့သားသစ်စုဆောင်းတဲ့နေရာမှာ တကယ်မသုံးသေးခင် စည်းရုံးသူများသည် ၎င်းတို့ ပြောမည့် စာသားများကို ကြိုတင်လေ့ကျင့်သင့်ပါတယ်။

၄။ ပါဝင်သူများအား လေ့ကျင့်ခန်းမကနေ ဘာတွေကို သင်ယူနိုင်ခဲ့သလဲဆိုတာ ပြန်ပြောခိုင်းပါ။

**အနှစ်ချုပ်နှင့်ပြန်လည်သုံးသပ်ခြင်း**

၅။ ပါဝင်သူများအား အဖွဲ့သားသစ်စုဆောင်းမှုတွင် သက်တောင့်သက်သာရှိစေရန်အတွက် ၎င်းတို့အနေနဲ့ မိတ်ဆက်ခြင်းကို လေ့ကျင့်သင်ကြောင်းသတိပေးပါ။

၆။ ပါဝင်သူများအား ၎င်းတို့ သင်ယူနိုင်ခဲ့သည့် အကြောင်းအရာများကို ပြန်လည်မေးမြန်းပြီး အဖွဲ့သားသစ် စုဆောင်းရာမှာ ဘယ်လောက်သက်တောင့်သက်သာ ရှိသလဲမေးပြီး အကဲဖြတ်ပါ။

**လေ့ကျင့်ခန်း စာရွက်၊ သင်ခန်းစာ ၅–၅**

အဖွဲ့သားသစ်စုဆောင်းခြင်းအစီအစဉ်လက်စွဲ (နမူနာပုံစံ)

သင်၏အမည်

သင်လှုပ်ရှားနေသော အဖွဲ့၏အမည်နှင့် အဘယ်ကြောင့် သင် လူထုကို စကားပြောသနည်း။

သူကိုယ်တိုင် စိတ်ဝင်စားတဲ့အကြောင်းအရာကို စုံစမ်းတဲ့ အဖွင့်မေးခွန်းတစ်ခု

နောက်ဆက်တွဲမေးခွန်း အဖွဲ့အစည်းရဲ့ အောင်မြင်မှုများအကြောင်း။ ပြဿနာအကြောင်းသတင်းအချက်အလက်– နိုင်ငံရေး ပညာပေးခြင်း။ လှုပ်ရှားလှုံ့ဆော်ခြင်း။ အဆိုပြုလိုသော ဖြေရှင်းချက်

ပါဝင်လှုပ်ရှားရန် ဖိတ်ခေါ်ခြင်း

ပါဝင်လှုပ်ရှားစေခြင်း

အမည်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်

ကျေးဇူးတင်စကားပြောခြင်း

ပြန်လည်ဆန်းစစ်မှုပြုခြင်း၊ မှတ်တမ်းချရေးပြီး မှတ်ချက်ပြုခြင်း။

**နမူနာပုံစံ၊ သင်ခန်းစာ ၅–၆**

**အဖွဲ့သားသစ်စုဆောင်းခြင်းအစီအစဉ်လက်စွဲ (နမူနာပုံစံ)**

မိတ်ဆက်ခြင်း– ကျွန်မက ဆန်းရှိုင်းကွန်ယက်မှ မေရီ ဖြစ်ပါတယ်။ ကျွန်မလူထုကို ယနေ့ပြောပြချင်တာကတော့ အချို့ကျောင်းတွေမှာ အိတ်ချအိုင်ဗွီ၊ အေအိုင်ဒီအက်စ်နှင့် နေထိုင်နေသော မိဘ၏ကလေးများကို ကျောင်းအပ်လက်ခံရန် ငြင်းဆိုနေကြပါတယ်။

စိတ်ဝင်စားသောပြဿနာ– ကျွန်မတို့မြို့မှာရှိတဲ့ကျောင်းများတွင် ဒီလိုမိဘမျိုးရဲ့ ကလေးများကို ကျောင်းအပ်လက်ခံခြင်းမရှိပါ။ ဤဖြစ်ရပ်ကို တရားမျှတသည်ဟု သင်ထင်ပါသလား။

ပြီးမြောက်အောင်မြင်မှုများ– ဆန်းရှိုင်းကွန်ယက်မှ အဖွဲ့ဝင်များသည် ကလေးများအားလုံးတန်းတူ ပညာရေး အခွင့်အရေး ရှိကြောင်း သေချာစေဖို့ မိဘများ၊ ကျောင်းများနှင့် လက်တွေ့အလုပ်လုပ်ပါတယ်။ ကျွန်မတို့၏အလုပ်ကို မီဒီယာမှ ချီးမွမ်းခဲ့ပါတယ်။

နိုင်ငံရေး ပညာပေးခြင်း (Political Education) – အထက်အရာရှိများမှ ထိုကိစ္စအား ထုတ်ဖော် ပြောကြား သော်လည်း နိုင်ငံရှိကျောင်းများတွင် ကလေးငယ်များအား ကျောင်းအပ်လက်ခံခြင်း မပြုပါ။ သင်ဘာကြောင့်လို့ထင်ပါသလဲ။

လှို့ဆော်ခြင်း– မိဘနှင့်ကလေးများအနေနဲ့ မှန်ကန်တဲ့ သတင်းအချက်အလက်များရစေရန် အစိုးရနှင့်ကျောင်းက ဘာလုပ်သင့်ပါလဲ။

ပါဝင်လှုပ်ရှားရန် ဖိတ်ခေါ်ခြင်း – ကလေးများအားလုံးပညာသင်ယူခွင့်ရရန် လူထုကို စာရွက်ပေါ်တွင် လက်မှတ်ရေးထိုးနိုင်းပါမယ်။ သင်ကော လက်မှတ်ထိုးပါမည်လော။

ပါဝင်လှုပ်ရှားခြင်း– ဆန်းရှိုင်းကွန်ယက်မှ ထိုအကြောင်းနှင့် ပတ်သက်၍ ဖိုရမ်တစ်ခု ပြုလုပ်ပါမယ်။ HIV/AIDS အခြေခံသတင်းအချက်အလက်များကို မျှဝေမည်ဖြစ်ပြီး ထိုရောဂါက ကျွန်ုပ်တို့၏ လူထုကိုမည်ကဲ့သို့ သက်ရောက်မှုရှိကြောင်း ဆွေးနွေးပါမယ်။ သင်ပါဝင်လာမည်ဟု မျှော်လင့်ပါတယ်။

အချက်အလက်ကောက်ခံခြင်း – သင်နှင့်ဆက်သွယ်နိုင်မဲ့ အဓိကအချက်တွေဖြစ်တဲ့ အမည်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်၊ အီးမေးလ်နှင့် သင့်ထံဆက်သွယ်နိုင်မည့် အကောင်းဆုံးအချိန်ကို ကျွန်ုပ်မဆီမှာ ရေးပေးထားခဲ့ပါလား။

## သင်ခန်းစာ၅–၆၊ ရေးသားခြင်းနှင့် သတင်းထုတ်ပြန်ခြင်း

မင်ကီဝေါ်ဒန် – ကမ္ဘာ့စတင်သူများအဖွဲ့ဒါရိုက်တာမှ ပေးအပ်သော လူ့အခွင့်အရေးစောင့်ကြည့်ရေး သတင်းထုတ်ပြန်ချက်အား ပြင်ဆင်ဖော်ပြထားပါတယ်။

| | |
|---|---|
| နိဒါန်း | ဤသင်ခန်းစာသည် သတင်းထုတ်ပြန်ချက်ရေးသားဖို့အတွက် လမ်းညွှန်မှုပေးထားပြီး မှိုင်းဖြိမ်းရန်နမူနာ ၂ခု ပါဝင်ပါတယ်။ |
| လိုအပ်သည့် အချိန် | ၂နာရီ ၃နာရီ |
| ဦးတည်ချက်များ | မီဒီယာမှ ကြိုက်နှစ်သက်မဲ့ သတင်းထုတ်ပြန်ချက်တစ်စောင်ရေးသားရန်။ သတင်းထုတ်ပြန်ချက်တွင်မည်သည့် အချက်များပါဝင်သင့်သည်ကို ဆွေးနွေးရန်။ သတင်းထုတ်ပြန်ချက်အစစ်အမှန်ကို ပုံစံတစ်ခုအဖြစ်အသုံးပြုပြီး သတင်းထုတ်ပြန်ရေးသားရန်။ |
| လိုအပ်သည့်အရင်းအမြစ်များ | မိုက်ခရိုဆော့ဝေါ့ စာလုံးရိုက် ဆော့ဝဲလ်၊ အင်တာနက် ဆက်သွယ်မှု |
| အနှစ်ချုပ် | သတင်းသမားတွေ သတင်းရေးရာမှာ လွယ်ကူစေရန်အတွက် ဇာတ်ကြောင်းတစ်ပုဒ်ရေးရာတွင် အရေးကြီးသော အချက်များနှင့် ကိုးကားချက်များပါဝင်တဲ့ သတင်းထုတ်ပြန်ချက်ရေးသားနည်းကို အသုံးပြုပါတယ်။ |
| ပြန်လည်သုံးသပ်ခြင်း | သင်၏ သတင်းထုတ်ပြန်ရေးသားချက်အပေါ် တုန့်ပြန်နှုန်းကို လေ့လာပါ။ သင်၏ဇာတ်လမ်းကို မီဒီယာက အာရုံစိုက်ခဲ့ပါသလား။ |

### လုပ်ထုံးလုပ်နည်း

### ပြင်ဆင်မှုပြုခြင်း

သတင်းသမားများသည် တစ်နေ့လျှင် သတင်းများနှင့် အီးမေးလ်များ ရာပေါင်းများစွာ လက်ခံရရှိကြပါတယ်။ အကယ်၍သူတို့ရဲ့ အာရုံစိုက်မှုကိုလိုချင်ပါက သင်၏ သတင်းထုတ်ပြန်ချက်တွင်ပါသော သတင်းမှာ တိကျရမည်ဖြစ်ပြီး သတင်းသမားများအနေနဲ့ အလုပ်နောက်ထပ်လုပ်ရန်မလိုဘဲ ချက်ချင်း အလွယ်တကူ ကူးယူနိုင်သည့် သတင်းမျိုးဖြစ်သင့်ပါတယ်။ ထိုကဲ့သို့ပြုလုပ်နိုင်ဖို့အတွက် သင့်အနေဖြင့် သင့်နိုင်ငံရှိ သတင်းအေဂျင်စီများ အသံလွှင့်ဌာနများက သတင်းကို ဘယ်လိုရေးလဲဆိုတာ ဖတ်ရှုသင့်ပါတယ်။ ၎င်းတို့၏ရေးဟန်ကို အတုယူပြီး သတင်းထုတ်ပြန်ချက်ရေးကြည့်ပါ။ လူထုစိတ်ဝင်စားမှုရှိစေမည့် လူထု၏စကားပြောဆိုမှုများကို ထည့်ပါ။

### လုပ်ဆောင်ရန်

၁။ သတင်းထုတ်ပြန်ချက်ရေးသားခြင်း

သတင်းထုတ်ပြန်ချက်ပုံစံကို လေ့လာသူတစ်ဦးတစ်ယောက်စီ အနေဖြင့်သော်လည်းကောင်း အုပ်စုလိုက်သော်လည်းကောင်း လုပ်ဆောင်နိုင်ပါတယ်။ သတင်းထုတ်ပြန်ချက်ပုံစံတွင် ပါဝင်သော အပိုင်းများကို အောက်တွင်ဖော်ပြထားပါတယ်။

(က) သတင်းထုတ်ပြန်ချက်ရေးသည့် နေ့စွဲ။ အခမ်းအနားတခုကို မလုပ်ဆောင်ပြီး သတင်းရေးသားခြင်း မပြုစေလိုရင်

နောက်ဆုံးအချိန် (Embargo) ကိုဖော်ပြထားပြီး ထိုအချိန်နောက်ပိုင်းမှာ သတင်းရေးသားပေးဖို့ ပန်ကြားနိုင်ပါတယ်။
(ခ) ဆက်သွယ်ရမည့် သူ။ ထိပ်ပိုင်းတွင် မီဃာက ဆက်သွယ်နိုင်မဲ့ အမည်၊ ရာထူး၊ ဖုန်းနံပါတ်နှင့် အီးမေးလ် လိပ်စာကို ရေးပါ။ ထိုသို့ ရေးသားခြင်းသည် အရေးကြီးပြီး သတင်းပေးပို့သူထံ နောက်ဆက်တွဲ မေးခွန်းများ မေးနိုင်ရန်ဖြစ်ပါတယ်။
(ဂ) ခေါင်းစဉ်။ တင်ပြချင်သော အကြောင်းအရာကို ရှင်းလင်း၍တိုတောင်းသော စာကြောင်းတစ်ကြောင်းဖြင့် ဖော်ပြလေ့ရှိပါတယ်။
(ဃ) စစချင်းစာကြောင်း။ ဤအရာသည် 'ဘ' ခြောက်လုံးသတင်းများကို ပထမ စာကြောင်းတစ်ကြောင်းဖြင့် ဖော်ပြခြင်း ဖြစ်ပါတယ်။

- မည်သူပါဝင်သနည်း။
- ဘာတွေဖြစ်ပျက်နေတာလဲ။
- လှုပ်ရှားမှု၊ ဖြစ်စဉ်တစ်ခု၊ ဆန္ဒပြခြင်းက မည်သည့်အချိန်နည်း။
- လှုပ်ရှားမှုက မည်သည့်နေရာမှာနည်း။ အသေးစိတ်ရေးရန် လိုအပ်သည်။ သို့မှသာ သတင်းရေးသူများက သင်မည်သည့်နေရာတွင်ရှိသည်ကို သိနိုင်ပေမည်။
- ဤလှုပ်ရှားမှုက ဘာကြောင့်အရေးကြီးသနည်း။ ဘာကြောင့်ဒီသတင်းက အရေးကြီးတာလဲ။
- ဤလှုပ်ရှားမှု မည်ကဲ့သို့ ဖြစ်သနည်း။ ဖြစ်စဉ်၏ အဓိကဆက်နွယ်မှုအရှိဆုံးကို ဖော်ပြပါ။

(င) အထောက်အပံ့ပေးနိုင်သော စကားများနှင့်သတင်း ။ လာမည့်စာပိုဒ်တွင် ခေါင်းကြီးပိုင်းကို အသေးစိတ်ရှင်းပြထားပါတယ်။ သတင်းရေးမဲ့သူက မေးနိုင်မဲ့ မေးခွန်းများကို ကြိုတင်မျှော်လင့်ထားပါ။ သင့်လျော်မှုရှိတဲ့ သုတေသန အချက်အလက်များကို ဖော်ပြပါ။ သင်၏ ခေါင်းဆောင်မှ ခိုင်မာသော၊ စိတ်ဝင်စားဖွယ်ကောင်းသော စကားကောက်နုတ်ချက်များသည် သတင်းရေးသူတွေ သတင်းရေးရာမှာ အသုံးပြုရလွယ်ကူစေနိုင်ပါတယ်။
(စ) သင်၏ သတင်းထုတ်ပြန်ချက်ကို ခိုင်မာသော အပိတ်စာကြောင်းဖြင့် အဆုံးသတ်ပါ။
(ဆ) သင်၏ သတင်းကို '###' သင်္ကေတ အသုံးပြု၍ အဆုံးသတ်ပါ။ သို့မှသာ သတင်းပေးပို့သူများမှာ အခြားဖတ်စရာ စာမျက်နှာမရှိတော့ကြောင်း သိပါလိမ့်မယ်။

၂။ သတင်းထုတ်ပြန်ချက်ကို အသုံးပြုခြင်း

(က) မီဒီယာစာရင်း တစ်ခုပြုပါ။

သင်၏ အကြောင်းအရာကို ပုံနှိပ်ရန်နှင့် အသံသွင်းရန် စိတ်ဝင်စားသော သတင်းထောက်များနှင့် သတင်းဌာနများကို စာရင်းပြုစုနိုင်ပါတယ်။ ယနေ့ခေတ်တွင် သတင်းမှာ ပုံနှိပ်စာရွက်၊ ရေဒီယို၊ တီဗီနှင့် သင်၏အဖွဲ့မှ အင်တာနက်စာမျက်နှာများမှတစ်ဆင့် ပြန့်နှံ့လေ့ရှိပါတယ်။ အကယ်၍ သင် သတင်းထောက်များနှင့်ရင်းနှီးမှုရှိပါက သင်၏ အကြောင်းအရာကို ဘယ်သူတွေက စိတ်ဝင်စားကြောင်း သိနိုင်ပါတယ်။

(ခ) သင်၏ဓာတ်လမ်းကို လူမှုရေးကွန်ယက်တွင်ဖြန့်ဝေပါ။

တစ်ခါတစ်ရံတွင် သတင်းထောက်များက သင်၏ဓာတ်လမ်းကို ရေးသားနိုင်မှာမဟုတ်တာမျိုး ရှိတတ်ပါတယ်။ ဒါပေမဲ့ ဘလော့ဂါများက သင်၏ဓာတ်လမ်းကို ရေးသားပေးနိုင်ပါသေးတယ်။ သင့်ထံတွင် ဘလော့ဂါရေးတဲ့ လှုံ့ဆော်သူတွေ၊ ဝါသနာအလျောက် ဘလော့ရေးသူတွေ၊ မိတ်ဆွေတွေရှိပါက ၎င်းတို့ထံကိုလဲ သတင်းထုတ်ပြန်ချက်နဲ့အတူ ရင်းနှီးစွာ ရေးထားတဲ့စာတိုလေးကိုလဲ ပေးပို့ပါ။

(ဂ) သင်၏ သတင်းထုတ်ပြန်ချက်ကို ပေးပို့ပြီးရင် နောက်ဆက်တွဲ ထပ်ဆက်သွယ်ပါ။ အစီအစဉ်မစတင်မီ ၂၄နာရီ–၇၂နာရီအတွင်း မီဒီယာများကို ဖုန်း သို့မဟုတ် အီးမေးလ်ဖြင့် ထပ်ဆက်သွယ်ပါ။ ၎င်းတို့ စိတ်ဝင်စားမည့် သတင်းအချက်အလက်များ၏ နောက်ဆုံးအခြေအနေကို ပြောပြပါ။ ဥပမာ- နာမည်ကျော်ခေါင်းဆောင်တစ်ဦးက လာရောက်ပြောကြားမယ်ဆိုပါက ထိုအချက်အလက်ကို မီဒီယာအားပြောပြပါ။
(ဃ) မီဒီယာ၏ ထုတ်ပြန်ချက်နောက်တစ်စောင်ကို အစီအစဉ်လုပ်နေစဉ်နှင့် လုပ်ပြီးနောက် ထပ်မံပေးပို့ပါ။
(င) အစီအစဉ်တစ်ခုပြီးနောက် သတင်းထုတ်ပြန်ချက်နဲ့ပတ်သက်ပြီး ဘယ်လောက်အောင်မြင်မှုရှိမရှိ အောက်ဖော်ပြပါ မေးခွန်းများပြန်မေးပြီး ပြန်သုံးသပ်နိုင်ပါတယ်။ သတင်းထုတ်ပြန်ချက်ကို ကြိုတင်ပြီး ပို့နိုင်ခဲ့ပါသလား။

- သတင်းထောက်ဘယ်နှစ်ယောက်သင်၏ အစီအစဉ်ကို လာခဲ့သလဲ။ ဖုန်းခေါ်ခဲ့သလဲ။ သို့မဟုတ် အီးမေးလ်ပို့ခဲ့သလဲ။
- အစီအစဉ်အကြောင်းကို ဓာတ်လမ်းဘယ်နှစ်ပုဒ်နဲ့ ဖော်ပြခဲ့သလဲ။ အစီအစဉ်ကို မည်သူက သတင်းပို့ခဲ့သနည်း။ (သတင်းစာဆရာ၊ ဘလော့ဂါ)။ ထိုသတင်းသည် လူထုအကြားဘယ်လောက်များများ ရောက်ရှိခဲ့သလဲ။

**နမူနာပုံစံ၊ သင်ခန်းစာ ၅–၆**

**သတင်းထုတ်ပြန်ချက် ဥပမာများ**

အောက်တွင်ဖော်ပြထားသော ဥပမာ ၂–ခုမှာ အနည်းငယ်ကွဲပြားသော ပုံစံများဖြင့်ရေးထားတာဖြစ်ပါတယ်။ သင်လိုအပ်သလို ပြန်ဆက်လက်ရေးသားပါ။

**သတင်းထုတ်ပြန်ချက် နမူနာ(၁)**

ဇွန် ၂၄၊ သောကြာနေ့၊ ညနေ ၅ နာရီမတိုင်မီအထိ မထုတ်ပြန်ရန် ပန်ကြားထားသည်။ သတင်းထုတ်ပြန်ချက် ဇွန် ၂၄၊ ၂၀၁၁

ဆက်သွယ်ရမည့် ပုဂ္ဂိုလ်

မစ္စတာ ပီဆန် သုဝဏ္ဏဝန် (ထိုင်း) TTAG, 01-24-5434

မစ် ကာရင်ကပလင် (အင်္ဂလိပ်) TTAG, 01-À66-123

မစ္စတာ ဂျာဆတ်ဆရီပရာမွန် (ထိုင်း)၊ မစ်ဆန်းပန် အိတ်ချ်အိုင်ဗွီ ကူးစက်မှုအန္တရာယ်လျော့ချရေး, 04-735-5376

ကူးစက်မှုအန္တရာယ်လျော့ချရေး မူဝါဒနှင့်စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက ပိုမိုကောင်းမွန်သော ဦးဆောင်မှုပေးဖို့ မူးယစ်ဆေးဝါးသုံးစွဲသူများက တောင်းဆို

ထိုင်းနိုင်ငံ ၊ ဘန်ကောက်မြို့၊ ဇွန်၂၄ရက် ၂၀၁၁ –။ မူးယစ်ဆေးဝါးနှင့် အိတ်ချ်အိုင်ဗွီ အရေးလှုပ်ရှားနေသော လူမှုကွန်ယက် ၁၂–ခု အပါအဝင် အိတ်ချ်အိုင်ဗွီကူးစက်မှု အန္တရာယ်လျော့ချရေးလှုပ်ရှားသူ ၁၀၀ကျော်ခန့်သည် ထိုင်းနိုင်ငံတွင် အိတ်(ချ်)အိုင်ဗွီကူးစက်မှု အန္တရာယ်လျော့ချရေးနှင့်ပတ်သက်၍ ပိုမိုကောင်းမွန်သောဦးဆောင်မှု ရှိရန်လိုအပ်ကြောင်း တိုက်တွန်းထားတဲ့ အိတ်ဖွင့်ပေးစာကို ပြည်သူ့ကျန်းမာရေးဝန်ကြီး H.E.မစ္စတာ ဂျူရင်လက်ဆနာစီဆစ်ထံသို့ ပေးပို့မည်ဖြစ်သည်။ ‘ဇွန် ၂၆ ရက်မှာကျရောက်မဲ့ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးသုံးစွဲမှု ဆန့်ကျင်ရေးနေ့ အကြိုအနေနဲ့ကျွန်တော်တို့ဟာ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့်ဖြစ်သော အန္တရာယ်များဖြစ်သည့် အိတ်ချ်အိုင်ဗွီ ပိုးကူးစက်ခြင်း၊ အသဲရောင်ခြင်းနှင့် ဆေးအလွန်အကျွံသုံးစွဲခြင်း စသည်တို့ကို အစိုးရကကိုင်တွယ်ရာတွင် ခိုင်လုံသည့် အထောက်အထားမရှိခြင်း၊ သူထုကို အခြေခံမှုမရှိခြင်းနှင့် စေတနာ့ဝန်ထမ်းကို အသုံးပြုသည့် နည်းလမ်းမရှိခြင်းကို ဆန့်ကျင်ဖို့ ရောက်ရှိလာတာဖြစ်တယ်’ဟု ဘန်ကောက်မြို့ရှိ မူးယစ်ဆေးထိုးသူများအတွက် ကျန်းမာရေးမြှင့်တင်မှု ပြုလုပ်နေသော ဂျာဆတ်ဆရီပရာမွန် က ပြောပါတယ်။

ညနေ ၅နာရီမှာဝန်ကြီးနှင့် တွေ့ဆုံခြင်းမပြုမီ ညနေ ၃နာရီခန့်မှာ လှုံ့ဆော်သူများက ပြည်သူ့ကျန်းမာရေး ဝန်ကြီးဌာနရှိ ရောဂါထိန်းချုပ်ရေးဌာန အပြင်ဘက်တွင် စနစ်တကျ စုရုံးဆန္ဒပြကြပါတယ်။ လှုံ့ဆော်သူများ မူးယစ်ဆေးစွဲသူများနှင့် ၎င်းတို့၏ မိတ်ဖက်များ၊ တိုးတက်ကောင်းမွန်သော ဦးဆောင်မှုကိုလိုလားသူများ၊ မူဝါဒ တိုးတက်ပြောင်းလဲမှု လိုချင်သူများ၊ အေဂျင်စီများနှင့် အိတ်ချ်အိုင်ဗွီ ကူးစက်မှုအန္တရာယ်လျော့ချရေးမူဝါဒ တိုးတက်ပြောင်းလဲရေးနှင့် အစီအစဉ်ရေးဆွဲရေးအတွက် လှုပ်ရှားနေသော လက်ရှိမူးယစ်ဆေးစွဲသူများနှင့် ယခင်က မူးယစ်ဆေးသုံးစွဲခဲ့ဖူးသူများ ပါဝင်ပါတယ်။

ထိန်းချုပ်၍မရနိုင်သော၊ ဆိုးရွားမှုများသော အိတ်ချ်အိုင်ဗွီ ကူးစက်မှုနှင့် အသဲရောင်ရောဂါ ပြန့်ပွားမှုများသည် ဆေးထိုးအပ်အသုံးပြုသည့် မူးယစ်ဆေးစွဲသူများအကြား ကူးစက်ပြန့်ပွားမှုကို မစစ်ဆေးခြင်း၊ ဆေးစွဲသူများအား ရဲများက အမြဲနှိပ်စက်နှင်းမှုကြောင့် ဒီအုပ်စုအတွင်း ကျန်းမာရေးတိုးမြှင့်ရေးနှင့် ကာကွယ်ခြင်း ပြုလုပ်နိုင်ရန် မဖြစ်နိုင်ခြင်းကြောင့်ဖြစ်သည်ဟု လှုံ့ဆော်သူများက ဆိုပါတယ်။ ၁၉၈၀ခုနှစ်ကတည်းက ဆေးထိုးအပ်အသုံးပြုသည့် မူးယစ်ဆေးစွဲသူများမှာ အိတ်ချ်အိုင်ဗွီ ရောဂါပိုးနှင့် အသည်းရောင်စီပိုး ကူးစက်မှုများပြားစွာခံခဲ့ရပါတယ်။ ၂၀၀၁ ခုနှစ်တွင် ထွက်ပေါ်လာသော မူဝါဒတွင် မူးယစ်ဆေးစွဲသူများသည် ရာဇဝတ်ကောင်များမဟုတ်ဘဲ လူနာများသာဖြစ်ကြောင်း ပြောဆိုခဲ့သော်လည်း ၎င်းတို့ကို ဝယ်ယူစားသုံးခြင်းနှင့် လက်ဝယ်ထားရှိခြင်း ဥပဒေအရ ဆက်လက်ဖမ်းဆီး အရေးယူခဲ့ကြပါတယ်။ ‘ရဲသားတွေက ကျွန်တော်တို့ရဲ့ စင်တာတွေစီလာပြီး ဖမ်းချင်သူကို ဖမ်းနိုင်ခွင့်ရှိတာကြောင့် အသက်အန္တရာယ်ကာကွယ်ရေး ဝန်ဆောင်မှု တွေဖြစ်တဲ့ အိတ်ချ်အိုင်ဗွီအရေး နှစ်သိမ့်ဆွေးနွေးပညာပေးတာတွေ၊ သန့်ရှင်းသောအပ်အသုံးပြုရေး ပညာပေးတာတွေကို အကောင်အထည်ဖော်ဖို့ အလွန်မှ ခက်ခဲပါတယ်။ ဆေးစွဲသူတွေကို လျှို့ဝှက်ထားပေးမှုနဲ့ လုံခြုံမှုမပေးနိုင်တဲ့နေရာကို ဘယ်သူလာချင်ပါ့မလဲ။ ကျွန်တော်တို့ အကူအညီတွေလိုပါတယ်။ ရဲအရာရှိများမှာ အာဏာရှိကြပေမဲ့ ဘယ်သူကမှ အိတ်(ချ်)အိုင်ဗွီ ကူးစက်မှုပပျောက်ရေးကို အလေးပေးလုပ်တာ မတွေ့ရဘူး’ ဟု ၂၀၀၂ ခုနှစ်ကတည်းက အိတ်(ချ်)အိုင်ဗွီ ကူးစက်မှုလျော့ချရေးအတွက် အသိပေးတောင်းဆိုသော ထိုင်းအေအိုင်ဒီအက်(စ်)ကုသရေး လှုပ်ရှားမှုအဖွဲ့ (TTAG) အဖွဲ့မှ ကာရင်ကပလင် က ပြောဆိုပါတယ်။ တိုင်းသူပြည်သူကျန်းမာရေး ဝန်ဆောင်မှုများသည် ဆေးစွဲသူများအား မကြာခဏခွဲခြားမှုပြုပါတယ်။ ရဲသားများကလည်း ဆေးစွဲသူများ၏ကျန်းမာရေး အခွင့်အရေးအပေါ် အမြဲတမ်း နှောက်ယှက်

တာတွေ လူထုလှုပ်ရှားမှုလုပ်တဲ့သူတွေ မလုပ်နိုင်အောင် နှောင့်ယှက်တာတွေ လုပ်တက်ပါတယ်။ 'မူးယစ်ဆေးဝါးသုံးစွဲမှုဟာ ကျန်းမာရေးပြဿနာဖြစ်ပြီး ဆေးစွဲသူတွေ သန့်ရှင်းသော ဆေးထိုးအပ်ရရှိနိုင်မှု၊ မူးယစ်ဆေးဝါး အစားထိုးကုထုံး မီတာဒုန်း (Methadone)ရရှိနိုင်မှုစသည့် ရောဂါကူးစက်မှု အန္တရာယ်လျှော့ချရေး အစီအစဉ်ဟာ ကျန်းမာရေးတိုးတက်မှုရဲ့ အခြေခံဖြစ်ပါတယ်။ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနမှ ရောဂါကူးစက်မှု အန္တရာယ်လျှော့ချရေးမှာ ထိရောက်တဲ့ အခန်းကဏ္ဍကနေ ဦးဆောင်ပြီး ပြောဆိုဖို့လိုပါတယ်။ နောက်ပြီး ဆေးစွဲသူများနဲ့ လူ့အသိုင်းအဝိုင်းတစ်ခုလုံးကို အန္တရာယ်ဖြစ်စေမဲ့ မူဝါဒနဲ့ ဥပဒေတွေကို ဆန့်ကျင်ရာမှာ ကူညီဖို့လိုအပ်ပါတယ်' လို့ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်နှင့် အသက်ရှင်နေထိုင်သော ထိုင်းလူ့အဖွဲ့အစည်းကွန်ယက်ဥက္ကဋ္ဌနှင့် ထိုင်းမူးယစ်ဆေးဝါး သုံးစွဲသူများကွန်ယက် (TDN)အဖွဲ့ဝင် ပီဆန် သုဝဏ္ဏဝန်က ပြောပါတယ်။

**သတင်းထုတ်ပြန်ချက်** နှမ္မနှာ ပိုမ် -- ၂

သတင်းထုတ်ပြန်ချက်– အာရှဆိုင်ရာ အထောက်အကူအဖွဲ့ (Asia Catalyst)

ဤလတွင် တရုတ်ဥပဒေပြုလွှတ်တော်အမတ်များက သွေးကာကူးစက်တဲ့အတွက် အိတ်ချ်အိုင်ဗွီ အေအိုင်ဒီအက်စ် ကူးစက်ခံရတဲ့ ထောင်ပေါင်းများစွာသော ဘေးဒဏ်ခံစားနေရသူများကို နစ်နာကြေးထောက်ပံ့ပေးမည့် သမိုင်းဝင်အဆိုကြမ်းကို ဝိုင်းဝန်းလေ့လာသုံးသပ်နေပါတယ်။ (Asia Catalyst)က ယနေ့ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာ အသစ်တစ်စောင် http://www.asiacatacyst.org/compensation-report.pdf တွင် ထိုဘေးဒဏ်ခံစားနေရသူများအတွက် မျှတသော နစ်နာကြေးကို ၎င်းတို့ကိုယ်တိုင်ရရှိရန် မတတ်နိုင်ကြသောကြောင့် ထိုနစ်နာကြေးထောက်ပံ့ငွေများကို အလွန်အရေးတကြီး လိုအပ်နေကြောင်း ဖော်ပြထားပါတယ်။

'တရုတ်နိုင်ငံမှာ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ကိစ္စနှင့်ပတ်သက်ပြီး ကမ္ဘာ့အကြီးမားဆုံး သွေးစွန်းခဲ့ရတဲ့ခံစားရသူတွေရဲ့ဘဝကို အကောင်းဆုံးဖြစ်အောင် ပြုလုပ်ပေးနိုင်မယ့် သမိုင်းဝင်အခွင့်အရေးကြီး တစ်ခုရှိနေပါတယ်'ဟု (Asia Catalyst) အဖွဲ့၏ စီမံခန့်ခွဲရေး ဒါရိုက်တာလဲဖြစ် အစီရင်ခံစာကို ပူးတွဲရေးသားသူလဲဖြစ်တဲ့ ဆာရာဒေးဗစ်က ပြောကြားခဲ့ပါတယ်။ 'ကျွန်တော်တို့အနေနဲ့ ဒီဖြစ်ရပ်ကြောင့် နစ်နာခဲ့ရတဲ့ မိသားစုထောင်ပေါင်းများစွာအတွက် အစိုးရကတစ်ခုခုပြုလုပ်ပေးပြီး ထိရောက်တဲ့ နစ်နာကြေးပေးခြင်းဆိုင်ရာ မူဝါဒကို ဖန်တီးပေးမယ်လို့ မျှော်လင့်ပါတယ်'လို့ ဆိုပါတယ်။

'တရုတ်၏ သွေးမြေခံခဲ့ရသော ဘေးဒုက္ခဆိုး– ရှေ့သို့ဆက်ချီတက်ခြင်း'ဟု အမည်ပေးထားသည့် အစီရင်ခံစာကို အမေရိကန်မှ အမြတ်အစွန်းအတွက် မရည်ရွယ်သော အာရှဆိုင်ရာ အထောက်အကူအဖွဲ့ (Asia Catalyst) နှင့်ဘေဂျင်းမှ အမြတ်အစွန်းအတွက်မရည်ရွယ်သော ကိုရီကာတာအေအိုင်ဒီအက်(စ်) (KorekataAIDS) ဥပဒေဌာနတို့ ပူးပေါင်းထုတ်ဝေခဲ့ပါတယ်။ ကိုရီကာတာမှ သုတေသနပြုသူများသည် ခံစားရသူ၃၀ကျော်ကို အင်တာဗျူးရန် ဝေးလံသောရွာများသို့သွားရောက်ပြီး တွေ့ဆုံမေးမြန်းခဲ့ပါတယ်။ ဒါ့အပြင် တရားဝင်ထောက်ပံ့ရေးဌာနက အခြားဒုက္ခသည် ၃၀ အကြောင်းမှတ်သားထားသည့် စာတွဲများကိုလဲ လေ့လာခဲ့ကြပါတယ်။ ထို့အတူ ကျွမ်းကျင်သူများနှင့် ဆွေးနွေးတိုင်ပင်ခြင်းနှင့် မှတ်တမ်းများအား သုတေသန ပြုခြင်းတို့ကိုလည်း ပြုလုပ်ခဲ့ကြပါတယ်။

'ဒီဖြစ်ရပ်ဆိုးကြောင့် နစ်နာခဲ့ရတဲ့ ဆင်းရဲနွမ်းပါးတဲ့ခံစားရသူ အများအပြားဟာ နစ်နာကြေးမရရှိခဲ့ကြဘူးဆိုတာကို ကျွန်တော်တို့ တွေ့မြင်ခဲ့ပါတယ်'ဟု ဒေးဗစ်မှပြောခဲ့ပါတယ်။ 'တရားရုံးတော်တော်များများက အိတ်ချ်အိုင်ဗွီနဲ့ ပတ်သက်တဲ့ ကိစ္စတွေကို ထည့်သွင်းစဉ်းစားဖို့ ငြင်းပယ်ကြတယ်။ အချို့ကိစ္စတွေကို ဆုံးဖြတ်ချက်တစ်ခုမှ ချမပေးဘဲ နှစ်ပေါင်းများစွာ အချိန်ဆွဲထားတယ်။ နစ်နာကြေးပေးရင်လည်း လူအနည်းစုကိုပဲပေးတယ်။ နောက်ဆုံးမှာ အစိုးရက အမျိုးသားရေးမူဝါဒတစ်ခုနဲ့ ဒီလိုခံစားရသူတွေရဲ့ သေရေးရှင်ရေး လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ချေရှိလို့ ကျွန်တော်တို့ စိတ်လှုပ်ရှားနေပါတယ်။'

၁၉၉၀တွင် အစိုးရမှ ငွေကြေးထောက်ပံ့ပေးထားသည့် အမြတ်အစွန်းအတွက် ရည်ရွယ်သော သွေးစုဆောင်းရေးဌာနများသည် ဟဲနန်နှင့် အခြားအဓိကကျသောပြည်နယ်တချို့က လူထောင်ပေါင်းများစွာအား လုံခြုံစိတ်ချရမှုမရှိဘဲ အိတ်ချ်အိုင်ဗွီပိုးပြန့်စေနိုင်တဲ့ လုပ်ဆောင်မှုတွေ လုပ်ဆောင်ခဲ့ပါတယ်။ အိတ်ချ်အိုင်ဗွီပိုးဟာ ဆေးရုံ၏ သွေးထောက်ပံ့မှုဌာနများသို့ ဝင်ရောက်ခဲ့သွားခဲ့ပြီး ၎င်းသည် ဆေးရုံတွင် သွေးသွင်းခြင်းများမှတဆင့် ပို၍ပြန့်နှံ့ခဲ့ပါတယ်။ အန်ဂျီအိုများနှင့် သတင်းစာဆရာများက ထိုအဖြစ်ဆိုးကို အများမြင်သာအောင် ပြုလုပ်လိုက်သည်နှင့် တပြိုင်နက် တရုတ်အစိုးရသည် သွေးရောင်းချမှုကို တားမြစ်လိုက်ပြီး အခြေအနေကို ပိုမိုမဆိုးရွားအောင် ထိန်းသိမ်းခဲ့ပါတယ်။ ဒါပေမဲ့ ခံစားရသူအများစုသည် ၎င်းတို့ခံစားခဲ့ရသော ထိခိုက်နစ်နာမှုများအတွက် ဘယ်တုန်းကမှ နစ်နာကြေးမရရှိခဲ့ကြပါ။

ဒီဇင်ဘာ ၂၀၁၁ တွင် အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်နှင့် လူ့အခွင့်အရေးဆိုင်ရာ အမျိုးသားဆွေးနွေးပွဲတစ်ခုတွင် ထိုအဖြစ်ဆိုးကြောင့် နစ်နာခဲ့ရသည့်သူများက သူတို့ရဲ့ဖြစ်ရပ်များအကြောင်းကို မျှဝေပြောပြခဲ့ကြပါတယ်။ မူဝါဒ

အကြံပေးပုဂ္ဂိုလ်များနှင့် ရှေ့နေများ၏ အလုပ်အသမားအဖွဲ့တစ်ဖွဲ့က နိုင်ငံတော်အဆင့်နစ်နာကြေး ထောက်ပံ့ရေး အစီအစဉ်တစ်ခုကို တည်ထောင်ရန် အဆိုပြုလွှာတစ်စောင်ကို မူကြမ်းရေးခဲ့ကြပါတယ်။ 'အဆိုပြုလွှာဟာ ရဲရင့်တဲ့ လှုပ်ရှားမှုတစ်ခုဖြစ်ပါတယ်။ ဒါပေမယ့် ၎င်းအဆိုပြုချက်ဟာ ဆေးရုံတွေကတဆင့် ကူးစက်ခဲ့တဲ့သူတွေ အတွက်သာ နစ်နာကြေးပေးဖို့သာဖြစ်ပြီး အစိုးရကဖွင့်ထားတဲ့ ဝန်ဆောင်မှုဌာနတွေမှာ သွေးရောင်းခဲ့ကြတဲ့ နစ်နာသူတွေအတွက် နစ်နာကြေးပေးဖို့ မပါဝင်ပါဘူး'ဟု ဒေးဗစ်မှ ပြောကြားခဲ့ပါတယ်။ 'နောင်တစ်ချိန်မှာ ထောက်ပံ့ပေးမယ့် နစ်နာကြေး ထောက်ပံ့မှုတွေမှာ အဲ့ဒီသွေးအလှူရှင်တွေကို ထည့်သွင်းပေးနိုင်လိမ့်မယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်' ဟုဆိုပါတယ်။ ဟူဘိုင်းရပ်ကွက်မှ နစ်နာခံစားရသူတစ်ဦးက 'ကျွန်တော်က အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ဝေဒနာသည်ပါ။ ကျွန်တော့် မိန်းမလည်းတူတူပါပဲ။ ဒါကြောင့် ကျွန်တော်တို့နှစ်ယောက်စလုံး မကျန်းမာကြဘူး။ အဲတော့ ကျွန်တော်တို့ကလေးကို ဘယ်သူကစောင့်ရှောက်ပေးမှာလဲ။ ကျွန်တော်ကသူ့ကိုမစောင့်ရှောက်နိုင်လောက်အောင်အရမ်းအားနည်းနေပြီ'လို့ပြောပါတယ်။ အစီရင်ခံစာတွင်ပါဝင်သည့် အကြံပြုချက်များမှာ–

■ အဖြစ်ဆိုး၏ ရလဒ်ဖြစ်သော အိတ်(ချ်)အိုင်ဗွီ ဝေဒနာသည်များ၏ အရေအတွက်တိတိကျကျ ရရှိရန်အတွက် ဘက်မလိုက်သော လေ့လာစစ်ဆေးမှုတစ်ခုလုပ်ရန်၊

■ ငွေကြေးထောက်ပံ့မှု တည်ထောင်ခြင်းနှင့် လုပ်ငန်းလည်ပတ်မှုအပေါ်သက်ဆိုင်သည့် တိကျ၍အသေးစိတ် ဖော်ပြထားသော အကြံပြုချက်များပြုရန် ဘယ်သူတွေက လျှောက်ထားနိုင်သလဲ၊ နစ်နာကြေး ပမာဏဘယ်လောက်လဲ လူမှုအဖွဲ့အစည်း၏ ပါဝင်လုပ်ဆောင်နိုင်မှုက ဘာလဲဆိုတာ တိတိကျကျဖော်ပြရန်၊ အဖြစ်ဆိုးကြောင့် နစ်နာခံစားရသူများ အားလုံးကို အစိုးရကတရားဝင် ဝန်ချတောင်းပန်စာကို ထုတ်ပြန်ရန်၊

■ ယခုအစီရင်ခံစာကို အင်္ဂလိပ်နှင့် တရုတ်ဘာသာ နှစ်မျိုးစလုံးဖြင့် အောက်ပါအင်တာနက် စာမျက်နှာတွင် ဒေါင်းလုပ်ဒ် ရယူနိုင်ပါသည်။
www.asiacatalyst.org

ဗဟိုမြေပြန့်လွင်ပြင်ဒေသများမှ ရင်ဖွင့်သံများ – တရုတ်၏ သွေးမြေခဲ့သည့်အဖြစ်ဆိုးမှ နစ်နာ **ခံစားခဲ့ရသူ၏ ပြောပြချက်များ**

'ကျွန်တော်က အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ဝေဒနာသည်ပါ။ ကျွန်တော့်မိန်းမလည်း အတူတူပါပဲ။ အဲ့ဒါကြောင့် ကျွန်တော်တို့ နှစ်ယောက်လုံး မကျန်းမာကြဘူး။ အဲတော့ ကျွန်တော်တို့ကလေးကို ဘယ်သူက စောင့်ရှောက်ပေးမှာလဲ။ ကျွန်တော်က မိသားစုမှာတစ်ဦးတည်းသောသားပါ။ အဲတော့ ကျွန်တော့်အမေနဲ့အဖေက ဘာလုပ်ပေးမှာတုန်း။ ကျွန်တော့်ကလေးကို စောင့်ရှောက်ဖို့က ကျွန်တော်တစ်ယောက်ပဲရှိတယ်။ ဒါပေမယ့် ကျွန်တော်ကသူ့ကို မစောင့်ရှောက်နိုင်လောက်အောင် အရမ်းအားနည်းနေပြီ။'

**ဝန်၊ ဟူဘေး**

'ကျွန်တော်တို့ ဆေးရုံတက်တုန်းက သွေးသွင်းခဲ့တဲ့ဖြတ်ပိုင်းလက်မှတ်၊ ဆေးလက်မှတ် ဆေးရုံတင်ခွင့် လက်မှတ်တွေကို ရှာတွေ့ခဲ့တယ်။ ဒါပေမယ့် ပြည်သူ့တရားရုံးက ကျွန်တော်တို့ကိစ္စကို ကြားနာမှာမဟုတ်ဘူး။ အစိုးရက အိတ်ချ်အိုင်ဗွီ ဝေဒနာသည်တွေကို တရားစွဲနိုင်တဲ့အခွင့်အရေးပေးပြီး တရားရုံးတွေက ကျွန်တော်တို့ကိုမျှတတဲ့ နစ်နာကြေးပေး စေချင်ပါတယ်'

***ဇို၊ ဟိုင်နန်***

''ပုဂ္ဂလိက ဆေးရုံတစ်ခုမှာ မသန့်ရှင်းတဲ့ သွေးသွင်းမှုကိုကျွန်တော် လက်ခံခဲ့မိတယ်။ ဒါပေမယ့် တစ်စုံတစ် ယောက်ရဲ့ အမျိုးသမီးက အဲ့ဒီမြို့မှာ ရာထူးအတော်ကြီးတဲ့ အရာရှိတစ်ယောက်ဖြစ်နေပြီး ကျွန်တော်တို့ရဲ့ တရားစွဲဆိုမှုကို သူကအမြဲတမ်းပယ်ဖျက်ပစ်တယ်'

***ချန်၊ ဟူဘေး***

'အစိုးရအဖွဲ့က ကျွန်တော်တို့ ရပ်ကွက်တရားရေးဝန်ထမ်းအဖွဲ့ဆီကို ရောက်လာပြီး ကျွန်တောတို့ရဲ့ရှေ့နေနေတဲ့ ရပ်ကွက်မှာရှိတဲ့သူ့ရဲ့ ကုမ္ပဏီကို ဖုန်းဆက်တယ်။ ပြီးတော့ ရှေ့နေလိုင်စင်ရုပ်သိမ်းလိုက်ပြီလို့ ကုမ္ပဏီကို ပြောတယ်။ ကျွန်တော်တို့ရှေ့နေနဲ့အတူ ကျွန်တော်တို့မြို့ကို ပါလာတဲ့သွေးဌာန ကျွမ်းကျင်သူက အဲ့ဒီညမှာ သူ့ကိုအိမ်ပြန်ဖို့ တောင်းဆိုခဲ့တယ်။ ကျွန်တော်တို့ရှေ့နေသာ အခုချက်ချင်းအိမ်မပြန်ဘူးဆိုရင် သူက အလုပ်ဖြုတ်လိမ့်မယ်လို့ပြောခဲ့တယ်'

***ဝူ၊ ဟူဘေး***

'ကျန်းမာရေးဌာန အကြီးအကဲနဲ့တွေ့ဖို့ ကျွန်တော်တို့သွားခဲ့တယ်။ သူပြောတာက နစ်နာကြေးပေးဖို့ မြို့တော်ဝန်က သဘောမတူဘူး။ အဲ့ဒီတော့ ငါကဘာလုပ်ပေးရမှာလဲ။ ငါဘာမှ မလုပ်ပေးနိုင်ဘူး။ ငါကမြို့တော်ဝန်အတွက် အလုပ်လုပ်နေတာ။ မြို့တော်ဝန်က ငါ့အတွက်အလုပ်လုပ်နေတာ မဟုတ်ဘူး'တဲ့ ။ သူက ထပ်ပြောသေးတယ် 'ခင်ဗျားတစ်ယောက်ယောက်ကို အသနားခံစာတင်ချင်သလား။ သွားတင်လိုက်ပါ။ ခင်ဗျားဆန္ဒရှိရင် မြို့တော်ကောင်စီထိ ကိုသွားပါ။ အဲ့ဒီလောက်လေးကတော့ ငါ့အတွက်မှုစရာမလိုပါဘူး'တဲ့။ အဲ့ဒါက ကျွန်တော် ကျန်းမာရေးဌာနက ရခဲ့တဲ့ အဖြေပဲ'

***ဝန်, ဟွာဘော***

'ကျွန်တော် ခင်ဗျားကို ပြောပြမယ်။ ခင်ဗျားအင်တာနက်ပေါ်မှာ ကြည့်ကြည့်မယ်ဆိုရင် ဒီဟွာဘောမှာရှိတဲ့ အသည်းရောင်ရောဂါ ဘီပိုးရှိတဲ့သူတွေ ၂၀၀,၀၀၀ CNY (အမေရိကန် ဒေါ်လာ ၃၁,၄၅၀ခန့်)ရကြတယ်ဆိုတာတွေ့ လိမ့်မယ်။ ကျွန်တော်တို့စီမှာ အသည်းရောဂါစီပိုးနဲ့ အေအိုင်ဒီအက်စ်နှစ်ခုစလုံးရှိတယ်။ ဒါပေမယ့် ကျွန်တော်တို့ကို သောင်းဂဏန်းအနည်းငယ်ပဲ ရကြတယ်။ အဲ့ဒီတော့ ကျွန်တော် အစိုးရအဖွဲ့ကို မေးခဲ့တယ်။ ခင်ဗျား လူတစ်ယောက်ကို သတ်လိုက်ရင် သေဒဏ်ပေးခံရတယ်။ ဒါပေမယ့် ခင်ဗျား လူများများသတ်လေ အပြစ်ကသေးလေဖြစ်နေတယ်။ အဲ့ဒါက ဘယ်လို အတွေးအခေါ်လဲလို့ ကျွန်တော်ပြောလိုက်တယ်'

***ဖန်, ဟွာဘော***

'အိတ်ချအိုင်ဗွီဝေဒနာသည်ဖြစ်တဲ့ ကျွန်တော့်သူငယ်ချင်းတွေရဲ့ အကြောင်းကတော့ ကျွန်တော့်လိုပါပဲ။ အစိုးရအဖွဲ့ဆီ သူတို့သွားတယ်။ ဒေသတွင်းအစိုးရအဖွဲ့ပြောတယ်။ ဒီရောဂါကို ဘယ်လိုလုပ်ပြီးရလာတာလဲတဲ့။ အဲ့ဒါခင်ဗျားတို့သွေးရောင်းလို့တဲ့။ ခင်ဗျားတို့ သွေးရောင်းပြီး ပိုက်ဆံရှာတယ်။ အဲ့ဒီတော့ ဒါခင်ဗျားတို့ရဲ့ ကံပဲတဲ့။ အစိုးရအဖွဲ့က ဆေးတွေအလကားပေးနေတာပဲ။ ဘာထပ်လိုချင်သေးလို့လဲတဲ့ ။ ဒါပေမယ့် အဲ့ဒါမမှန်ကြောင်းကျွန်တော် ပြောလိုက်တယ်။သွေးရောင်းရတာက လူ့အဖွဲ့အစည်းရဲ့ စည်းရုံးမှုကြောင့်လို့။ အဲ့ဒီအချိန်တုန်းက အဲ့လိုဖြစ်ရတာက မှန်မြတ်တယ်။ ကျန်းမာရေးအတွက်ကောင်းတယ်တဲ့။ ဒါကြောင့်မို့ ကျွန်တော်တို့က ရောင်းခဲ့တာ။ အခု ခင်ဗျားက ကျွန်တော်တို့အပေါ် ထင်မြင်ချက်လေးဘာလေးပေးပါဦး။ ခင်ဗျားမှာ ရှင်းပြရမယ့် ဝတ္တရားရှိတယ်'

***မ, ဟဲနန်***

'သူတို့ပြောတာက ကျွန်တော်က ပြစ်မှုကျူးလွန်တဲ့သူတဲ့။ ဘာကြောင့်လဲဆိုတော့ သွေးရောင်းလို့တဲ့။ ဒါပေမယ့် အဲ့ဒီအချိန်တုန်းကဆိုရင် သွေးရောင်းတာက တကယ့်လုပ်ငန်းတခုလေ။ မိသားစုဝင်တိုင်း သွားကြတယ်။ ခင်ဗျားက ကျွန်တော့်ကို ခေါ်သွားတယ်။ ဒါမှမဟုတ် ကျွန်တော်က ခင်ဗျားကိုခေါ်သွားတယ်။ သူငယ်ချင်းတွေက သူတို့သူငယ်ချင်းတွေကို ခေါ်သွားတယ်။ အဲ့ဒီတုန်းက ၅၀ကျိုင် (အမေရိကန်ဒေါ်လာ ၈ ခန့်)ရဖို့ ခင်ဗျား စိတ်လှုပ်ရှားလိမ့်မယ်။ စာရင်းပေးသွင်းခ ၂ကျိုင် ပေးပြီးရင် ခင်ဗျားမှာ ၄၈ ကျိုင် ကျန်တယ်။ ခင်ဗျားအနေနဲ့ ရမန်ခေါက်ဆွဲ အပုံလိုက်ကြီးကို ၃၀မောင်(ဝိ) ( အမေရိကန်ဒေါ်လာ ၃ဆင့်ခန့်)လောက်နဲ့ ဝယ်နိုင်တယ်။ ခင်ဗျားအဲ့ဒီ ၅၀ကျိုင် ကို အိမ်ကိုယူသွားပြီး ခင်ဗျားကလေးစားဖို့တစ်ခုခု ဝယ်ပေးနိုင်တယ်။ အဲ့ဒီ ခံစားချက်ဟာ အတော်လေးကျေနပ်စရာကောင်းတယ်။ အဲ့ဒီတုန်းက ကျွန်တော်တို့ နေမကောင်းဖြစ်လာခဲ့လိမ့်မယ်လို့ မသိခဲ့ဘူး။ ကျွန်တော်တို့သာသိခဲ့ရင် ဘယ်သူက ဒါကိုလုပ်မှာလဲ။'

***နီယူ, ဟဲနန်***

**အာရှဆိုင်ရာ အထောက်အကူအဖွဲ့ (Asia Catalyst)**

အာရှဆိုင်ရာ အထောက်အကူအဖွဲ့ (Asia Catalyst)သည် ကျန်းမာရေး အခွင့်အရေးကို အားပေးသည့် အရှေ့ပိုင်းနှင့် အရှေ့တောင်အာရှတွင်ရှိသော အပစ်ပယ်ခံ လူထုအဖွဲ့အစည်းများမှ အခြေခံလူတန်းစားအဖွဲ့များနှင့် လက်တွဲလုပ်ဆောင်သည်။ ကျွန်ုပ်တို့သည် ကျွန်တော်တို့၏ လက်တွဲဖော်များကို ထိရောက်၍ ဒီမိုကရေစီကို အခြေခံသော အုပ်ချုပ်မှု၏ အဆင့်မြင့်စံနှုန်းများကို ပြည့်မီရန်၊ အနာဂတ်ဖွံ့ဖြိုးမှုအတွက် ခိုင်ခံ့သော အခြေခံအုတ်မြစ်တစ်ခုကို တည်ဆောက်ရန်နှင့် ဆိုးရွားသော လူ့အခွင့်အရေး သုတေသနနှင့် စည်းရုံးလှုံ့ဆော်မှုကို လုပ်ဆောင်ရန် လေ့ကျင့်ပေးပါသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ လုပ်ဖော်ကိုင်ဖက်များကို ဒေသအဆင့် နိုင်ငံအဆင့်နှင့် နိုင်ငံတကာအဆင့်တွင် ဦးဆောင်နေသော လှုံ့ဆော်သူများဖြစ်လာစေရန် ရည်ရွယ်ပါသည်။ ထိုထက်ပိုသော သတင်းအချက်လက်များနှင့် နည်းပညာ အကူအညီရယူရန် လျှောက်ထားပုံနှင့် ပတ်သက်သော သတင်းအချက်အလက်များကို တောင်းခံရန် ဤအင်တာနက်စာမျက်နှာ http://www.asiacatalyst.org တွင် ဝင်ရောက်လေ့လာပါ။ သို့မဟုတ် ကျွန်ုပ်တို့ကို အင်္ဂလိပ် သို့မဟုတ် တရုတ်ဘာသာဖြင့်ရေးသား၍ ဤလိပ်စာ info@asiacatalyst.org သို့ အီးမေးလ်ပေးပို့ပါ။

■ ■ ■

# Know It | Prove It | Change It

A Rights Curriculum for Grassroots Groups

